ဦးကောင်းဝိုန်း

00 3

အရေးအခင်း

ဗုဒ္ဓဘာသာ၏ သိမ်မွေ့နက်နဲခြင်းများနှင့်
အဖွဲ့နှစ်ဖက်ထွက်နေသော ပြဿနာများ၏ အပြေကို
ကြောင်းကျိုးလျော်ကန် ဖြောင့်မှန်တိကျစွာ
ဆိုညွှန်းဖော်ပြထားသည်။

ဗုဒ္ဓဘာသာ၏ ခက်ခဲနက်နဲသိမ်မွေ့ခြင်းမျာ:စွာတို့ကိုလည်:ကောင်:
ဓမ္မကြောင်: သိကောင်:မှတ်ဖွယ်ရာ မျာ:စုံးတို့ကိုလည်:ကောင်:
မိလိန္ဒမင်:ကြီ:က အမေ:တတ်သလောက်၊ ပါရမီဖြည့်ဘက် အရှင်
ပြန်လည် ဖြေကြာ:အပ်သော၊ သိသင့်မှတ်ထိုက်
လူတိုင်:မရွေ: လွယ်ကူရှင်:လင်:စွာ သိနာ:လည်ရန်အတွက်

မိလိန္ဒမင်:ကြီ:

စံပြုအပ်သည့် မြန်မာစကာ:ဖြင့်

“အရှင်နာဂသေန၊ပရမတ္ထအာ:
ဖြင့် ပဂ္ဂိုလ်ဟူ၍ မရစကောင်:ဆို
ခဲ့သော် အဘယ်သူသည် အရှင်တို့
အာ: ဆွမ်:၊ သင်္ကန်:၊ ကျောင်:၊
ဆေ: ဟူသော ပစ္စည်:လေ:ပါ:ကို
လှူလေသနည်:။ အဘယ် သူသည်
ဤလှူအပ်သော ပစ္စည်:ကို ခံယူ
သုံ:ဆောင်အပ်လေသနည်:။

‘ဗုဒ္ဓဝေတ်ပြဿနာမျာ:’

စာအုပ်မျာ:

ဦ:ကောင်:ထွန်:



မိလိန္ဒ မင်: ကြီ: နှင့်
ရဟန္တာဘရှင်နာဂသေနတို့၏
ပါရမီ ဆုတောင်: နောက်
ကြောင်:အစဉ်။ မိလိန္ဒမင်:
ပညာ ပြည့် ဝ ပုံ နှင့် အရှင်
မြတ်နာဂသေန၏ အဘက်

စဉ်းစားတွေးတောဖွယ်မျှားကိုလည်းကောင်း၊ လောကကြောင်း၊ ကြောင်းကျိုး ဓာတ်ခြင်တို့ တရားနှင့် ပတ်သက်၍ လည်းကောင်း နာဂသေနကလည်း ကြောင်းကျိုးသဘာဝ ကျနလျော်ကန်စွာ သိုက်နာကျင့်သုံးပုံ အကြောင်းခြင်းရာမျှား။

ချောမောပြေပြစ် အဆစ်အပိုင်း မှန်ကန်ဝိကျသော နှင့် ထုတ်ဖော်တင်ပြထားသည်။

'ပုဒ္ဓဝါဒ-ပုဒ္ဓသာသနာ'

- ရေးပြီသူ

ပထမဆုံးစာအုပ်

ဦးကောင်းထွန်း

အစပ်အစ

အရှင်နာဂသေန

"အဘယ်သို့ပါနည်း မင်းကြီး၊ ငါသည် သင်မင်းကြီးကိုရထားနှင့် စပ်လျဉ်း မေးမြန်းသာခဲ့ရာ၌ မည်သည်ကိုမျှ ရထား ဖြစ်သည် ဟူ၍ မသိမမြင်ရပါတကား။

"မြတ်သောမင်းကြီး၊ ရထသဒ္ဒါသည်ပင်လျှင် ရထား ဖြစ်လေသလော။ ရထားဟူသည် အဘယ်မှာ ဖြစ်သနည်း။

ဘက်မှ ကြောင်း ကျိုး လျော်ကန် ယုတ္တိတန် သဘာဝ ကျလှစွာသော အဖြေများ။

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ်(၁၉၁/၉၃)(၆)
မျက်နှာဖုံးပုံနှိပ်ထုတ်ဝေခွင့်ပြုချက်အမှတ် (၃၁/၉၃)(၆)

အကြိမ် စတုတ္ထအကြိမ်
တန်ဖိုး ( )ကျပ်
စီစဉ်သူ စစ်ခိုင်
အုပ်ရေ (၁၀၀၀)

ထုတ်ဝေသည့်လ ၁၉၉၃-ခုနှစ်၊ ဇူလိုင်

ပုံနှိပ်သူ
မျက်နှာဖုံး + ဦးဆန်နီ
တင်ဝင်းပုံနှိပ်တိုက်၊ မှတ်ပုံတင်အမှတ်
(၀၁၀၂၁)၊ ၄၈၇၊ ပြည်လမ်း၊ရန်ကုန်မြို့။

ထုတ်ဝေသူ ဒေါ်သန်းသန်းရီ
(မြ-၀၁၆၁၀)
၃၀၊ ဘိုကံလေးစျေးလမ်း၊ ရန်ကုန်မြို့။



ပြည်လုံးကျွတ်ဖြန့်ချိရေး
ဒေါ်ဒေးတင် နှင့် သားများ
စာပြန်ဒေးဗားပေ
၂၂၄၊ ၃၈ လမ်း၊ ရန်ကုန်မြို့

ဇရ.ရွှေခြင်း....

"ဤစာ-ဆိုမှ၊ ငါ့ကိုလူများ၊ ကြည့်ညို ပွားအံ့။ ပျိုထွားအရွယ်၊သင့်ရုံငယ်က၊ဆန်းကြယ် အထူး၊ ဂုဏ်ကျေးဇူးကို၊ ထိန်မြ။း မနေ၊ ဖေဖော် ထုတ်ပေမှု၊ ညာကြွေလွှဲ ကြား၊ ကျော်ထင်ရှား အံ့၊ နှစ်ပါးဤသို့၊ မကြံမျို့တည့်...."

"ယခုဘဝ၊ ဤကာလဌာ၊ သုခစီးပွား၊ မဖြစ် ငြားလည်း၊ ငါ့အာ-တီမှာ၊ သံသရာဝယ်၊ ယုတ်ပါအံ့နည်း၊ ကြံတိုင်းတီး၍၊ အရည်းရှင်မူ၊ နှလုံးဖြူ၏။ ။လူတို့နားတွင်း၊ မိုက်မလင်းကို၊ ဝင်းဝင်းထွန်းငြိုး၊ ဉာဏ်ဆီမီးဖြင့်၊ မှောင်ကြိုး ကင်းပျောက်၊ ငါ့စာ-ရောက်က၊ ငါ့အောက် ပညာ၊ နုသေးစွာသား၊ သမ္ဘာမပြန့်၊ လူအဝှန့် အား။ စိတ်ပြားပညာ၊ ပွားပါစိမ့်မည်၊ သည်သို့ ရည်၍...."

ရှင်မဟာရဋ္ဌသာရ

(ဘူရိဒတ်ဇာတ်ပေါင်းပျို့နှိုး)

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

အကြောင်းပြ စကားညွှန်း

(၁)

ဗုဒ္ဓဘာသာစာပေကျမ်းဂန်များသည် လောကကြောင်း ခမ္မကြောင်း ကောင်းကျိုးချမ်းသာ နှစ်ရပ်လုံးကိုပင် ပေး စွမ်း ဖြစ်မြောက်စေကြောင်း အများသိကြပြီး ဖြစ်ပေသည်။

သို့ဆုတ္ဝင် ဗုဒ္ဓဘာသာစာပေကျမ်းဂန်များ၌ 'ပေးကား ပေး၏-မရ၊ ကျေးကား ကျေး၏-မဝ' ဆိုသည့်နှယ်၊ များစုံ စာဖတ်သူတို့နှင့် မနီးစပ်နိုင်သည်များ လွယ်လင့်တကူ မသိ နားမလည်သည်များ ရှိနေခဲ့သည်။

နွေစဉ် ဘုရားရှိခိုးရာ၌ပင်လျှင် ရိုးရာစဉ်ဆက် ကျက်စာ သဘောအားဖြင့်သဲ့ ရွတ်ဆိုနေရသည်။ ထိုဘုရားရှိခိုးထဲမှ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးဝါး၊ ရပ်ပြစ်ရွစ်ပါး ဆိုသည်တို့ကို လူတိုင်းလူတိုင်း ကဲ့ပြားသေချာစွာသိနားလည် ကြသည် မဆိုသာချေ။

အကြောင်းမှာကား ပါဠိဝေါဟာရများဖြင့် သုံးနှုန်း ဆိုညွှန်းထားခြင်းကြာင့် ဖြစ်ပေသည်။

ကျွန်ုပ်ရောဌ် ဗုဒ္ဓဘာသာသည် ပါဠိတော်၌ အခြေခံခဲ့သည့် အာဒီလျှော်စွာ ပါဠိကို နာဒီလည် သဘောပေါက်ထိုက်သည် သာ မဟုတ်ပါလောတု စာဒကတက်နိုင်ကောင်း၏။ တက် ထိုက်၏။

ပညာတစ်ရပ်ကို လေ့လာသင်ကြားခြင်းဆိုသည်မှာမိမိက လေ့လာလိုသည့်တိုင်အောင် လုယ်ကူသော နည်းအားဖြင့် သေချာတိကျစွာ ညွှန်ကြား ပြသ ပေးနိုင်သူနှင့်လည်း ကြုံကြိုက် တိုက်ဆိုင်မှ လိုအပ်လှပေသည်။

ခေတ်ကာလအခြေအနေကလည်းအကြောင်းအာဒီလျှော်စွာ ပြောင်းလဲခြောနာဒီလာခဲ့သည်။ ပုဂံပြည်ကြီး ကောင်းစာဒီစည် မိန်းမမျှောပင်လျှင် ပါဠိဘာသာ ကျမ်းကျင်တတ်မြောက်လှသည်ဆိုသော အချိန်အခါနှင့် ယနေ့ ကြုံကြိုက်ရပ်တည်နေဆဲ အချိန်အခါနှင့် မျှောစွဲပင် ဝေးကွာခြောနာဒီခဲ့ချေပြီ။

ယနေ့အချိန်အခါမှာ စကာဒီပြေကိုပင်လျှင် အရှင်းဆုံး အလွယ်ဆုံး အသိပ်သည်းဆုံးဖြစ်လေအောင် ကြုံဆောင် ကြိုးပမ်းနေရသော၊ နေကြသော အချိန်အခါ ဖြစ်ပေသည်။

ပါဠိဆိုသည်မှာ မြန်မာဘာသာပြန်ဖြစ်သည့်တိုင်အောင် (ပါဠိသဒ္ဒါနည်းအတိုင်းဆိုပါက) ရှည်လျား ဝေ့ဝိုက်သော သဘောလည်း ရှိပေသည်။

ကုန်အပ်ပြီးသော ကိလေသာလည်း ရှိထသော အပယ်ပြုအပဲပြီးသော ပဒကောင်းမှုလည်း ရှိထသော စိုး သောရေတို့ပြိုင်ပြည့်အပ်သော မြစ်သို့လည်း ရှိထသော

ဤသို့သောအသုံးအနှုန်းများဖြင့် ယနေ့ခေတ် အနေဖြင့် သော် လိုရင်းကိုမရောက်လွယ်။ ဝေ.ဝိုက်သည်၊ ထွေပြားသည် ဟုယူဆစရာဖြစ်နေသည်။ အမှန်အားဖြင့်လည်းစာပေဟူသည် လွယ်လင့်တကူ သိနားလည်ပါက ပို၍ကောင်းသည်သာ ဖြစ် တော့သည်။

(၂)

ဤစာရေးသူသည်ဆယ့်ခြောက်နှစ်သား:လောက်ကတည်း ကပင် ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များကို ဝါသနာအား လျော်စွာ ဖတ်ရှုခဲ့ဖူးသည်။

မိလိန္ဒပဉ္ဟာ၊ ပဋ္ဌာန်တဝေဒနိယ ဒီပနီ၊ ဂန္ဓဝံသရာဂန္ဓဝံသ မဟာနိဒ္ဒေသ၊ တဒီပနီ၊ သမန္တစက္ခု ဒီပနီ၊ ဥတ္တမ ပုရိသ ဒီပနီ၊ မဟာဝင်ဝတ္ထု၊ မဟာ သုတကာရီ မဃဒေဝလက်ာသစ်၊ စတုဓမ္မသာရ ကိုးခန်းပျို့ စသည်များကို အမိဖြစ်သူ၏အား ပေး တိုက်တွန်းမှုဖြင့်လည်း တစ်ကြောင်း ဖတ်ခဲ့ရဖူးသည်။

ထိုထိုကျမ်းဂန်များမှာ ဆယ့်ခြောက်နှစ်သား အရွယ်မျ နှင့်ကားများစ့ာပင် အလွမ်းကွးခဲ့လေသည်။ ဝါသနာအား လျော်စွာဖတ်ဖြစ်ခဲ့သော်ငြား အတိအကျကဲ့ပြား:သေချာစွာ သိနားလည်ရန် ဉာဏ်မမီ ဖြစ်ခဲ့ပေသည်။

နောက် အသက်နှစ်ဆယ့်ခုနစ်နှစ်အရွယ်တွင် ကျေးဇူးရှင် အဂ္ဂမဟာဝပဏ္ဍိတ ဆရာမြို့၏_သုတ္တန် ပိဋကတ်တော်မြန်မာ ပြန်များကို အကြောင်းအားလျော်စွာ ဖတ်ရှုခွပြန်သည်။ထို ကျမ်းများကိုမူ- သုံးနှစ်တိုင်တိုင်ပင် ဆက်တိုက်ဖတ်ခဲ့ရသည်။

ဘာသာရေးစာအုပ် သုံးအုပ်ကို မိမိ ပကတိသော သဒ္ဓါတရားဖြင့် ရေးသားပြုစုအပ်သော ပုဂ္ဂိုလ်ကြီးတစ်ဦးအား ကူညီရေးသားပေးရခြင်းကြောင့် ဖြစ်ပေသည်။

ထိုသုတ္တန် ပိဋ္ဌကတ်တော် မြန်မာပြန်များကို ဖတ်ရသည့် အခါ 'ဘုရားမကြည်ညိုဖတ် - သုတ်ကျမ်းဖတ်' ဆိုသည့် အတိုင်းပင်ဗုဒ္ဓမြတ်စွာဘုရား၏မဟာကရုဏာတော်နှင့်တကွ။ ထူးမြတ်သော ဂုဏ်တော် ကျေးဇူးတော်များကို ကြက်သီးမွေးညင်းထမိသည့်အထိပင် ကြည်ညိုလေးမြတ်ခြင်း ဖြစ်ခဲ့ရလေသည်။

စင်စစ်မူ သုတ္တန်ပိဋ္ဌကတ်တော်များသည် ဘုရားရှင်၏ဂုဏ်တော် ကျေးဇူးတော်များကို သိနားလည်ရရုံမျမဟုတ်သေး၊ လောကအကြောင်းအားဖြင့် တွေ့ခေါ်မြော်မြင်မှုအားဖြင့် ဥပမာ ပုံခိုင်းနှိုင်းယှဉ် တင်စားမှုအားဖြင့် များမြတ်စွာသော အနှစ်သာရများဖြင့် ပြည့်လျမ်းနေကြောင်းကို ကောင်းစွာပင် သိနားလည်ခဲ့ရလေသည်။

သို့သော် ထိုသုတ္တန်ပိဋ္ဌကတ်မြန်မာပြန်များမှာလည်းပါဠိလျောက်အဓိပ္ပာယ်ဖြစ်နေသည်နှင့်အမျ ဓေတ်သုံးစကားပြေ နှင့်မတူ၊လူငယ်လူရွယ်များ၊ များရာစုစာဖတ်ပရိသတ်များ၊ လွယ်လင့်တကူ မသိနားမလည်နိုင်သည့် အခြေ အနေ ရှိနေကြောင်း သိခဲ့ရပြန်လေသည်။

သို့ဖြင့်ပင် နောင်အကြောင်းညီညွတ် အခြေအနေပေးပါက အဖက်ဖက်မှ အနှစ်သာရ ဂုဏ်ကျေးဇူးများ ပြည့်လျမ်းနေပါလျက် များရာစုစာဖတ်သူတို့နှင့်အလှမ်းကွာနေရသော ဘာသာရေးစာပေများကိုယနေ့ခေတ်စကားပြေရေးဟန်ဖြင့်

အရှင်းလင်းအလွယ်ကူဆုံး ဖြစ်လေအောင် ရေးသားတင်ပြ လိုစိတ် ထက်သန် ပြင်းပြခဲ့လေသည်။

(၃)

စာပေနယ်တွင် ဝတ္ထုဆောင်းပါး ကဗျာမျှားရေးသား ဖြစ်ခဲ့သောအခါထိုစိတ်စေတနာအရပင် မိမိရေးသားဖန်တီး သမျှ စာပေမျှားကို အလွယ်ဆုံး၊အရှင်းလင်းဆုံး၊ အတိုကျဆုံးဖြစ်လေအောင် ကြံဆောင် ကြိုးပမ်းခဲ့လေသည်။

ကိုနှင့်ဒေါ်၊ဖြင့်နှင့်နှင့်၊မှန့်က၊ထက်နှင့်အောက် တို့နှင့် မျှားစသော သဒ္ဒါနည်းကိုလည်း အထူးသတိထားခဲ့သည်။ ဒေသသုံး- အရပ်သုံး- အခမ်းအနားသုံး ဝေါဟာရမျှားကိုလည်းရွေးချယ်ဖိစီသုံးခဲ့သည်။စာစစ်-ပုဒ်စပ်-အနီးအဝေး နေရာချထားမှုကိုလည်းလျော်ကန်ချောမောမှုဖြစ်စေခဲ့သည်

မောင်ဖြူသည် လှမ်း၍ မောင်မဲအား ရိုက်လိုက်သည် ဆို သည်မျိုးအစား....

မောင်ဖြူသည် မောင်မဲအား လှမ်း၍ရိုက်လိုက်သည် ဆို သည်မျိုးကိုသာ သုံးနှုန်းတင်ပြခဲ့သည်။

စာပေယဉ်ကျေးမှုတွင် 'သဒ္ဒါလက်ဝဲရ' ဟူသောအသံ၏ အဆင်တန်ဆာ သဘောရှိနေကြောင်းကို ဆောင်းပါးအဖြစ် ဖြင့် ထုတ်ဖော်ကင်ပြစဉ်ကဆိုလျှင် နိမ့်မြင့် တိုရှည်ဟူသော အခြေခံအသံလေးမျိုး၏ သဘောကိုလည်းကောင်း၊ တို့နှင့် မျှား၏ကွဲပြားခြားနားပုံကို လည်းကောင်း၊ အချြားအခြား သောအဆင့်အလား အခကြောင်းအချက်မျှားကို လည်း ကောင်း အချိန်မျှားဘဲပင် လေ့လာစူးစမ်းခဲ့ရပေသည်။

ရသကိုးပါးနှင့်ပတ်သက်၍လည်းကောင်း၊ ရသစာပေ၏

ခြင်းရာ သင်ပြင်နှင့်ပ်တိသက်၍ လည်းကောင်း၊ ထုတ်ဖော်တင်ပြစဉ်ကဆို့လျှင်လည်းကျေးဇူးရှင်-စံကျောင်းဆရာတော်ဘုရား (ညောင်တုံးရွှေဟသ်ာတောရ)၏ 'အလင်္ကာနိဿယသစ်'ကို အချိန်ပေါင်းများစွာ ဖတ်ရှုလေ့လာခဲ့ရသည်။

အခြာ းသောစာပေဆောင်းပါးများတွင်လည်း ထို့အတူသာ ဖြစ်ပေသည်။

ဤအကြောင်းများကို ယခုကဲ့သို့ထုတ်ဖော်ရခြင်းမှာ မိမိအကြောင်း မိမိကြည်ာ ဝင့်ကြွားနေခြင်းမဟုတ်။ စာပေယဉ်ကျေးမှု အနုပညာဟူသည် အဘက်ဘက်မှ သိမ်မွေ့နက်နဲလှသည်ကို သိသာထင်ရှားစေလို၍သာ ထုတ်ဖော်တင်ပြရခြင်းဖြစ်ပေသည်။

'ရေးကားရေး၏၊ မရှင်း'

'ဖတ်ကားဖတ်၏၊နားမလည်' ဆိုပါက ရေးရကျိုးလည်း မနပ်၊ ဖတ်ရှုရကျိုးလည်း မဖြစ်ထွန်းနိုင်ပေ။

ဦးပုည အစရှိသော ရှေးစာပေပညာရှင်တို့၏စာပေဂုဏ်ရသများကို တစ်ခုချင်းတစ်မျိုးချင်း(အသံသဘော၊ဝေါဟာရသဘောစသည်များ) ခွဲခြမ်းတင်ပြခဲ့ခြင်း များသည် ထို ယုံကြည်ယူဆမှုအရပင် ဖြစ်ပေသည်။

အမှန်အားဖြင့်ကားစာပေဟူသည် အပင်ပန်းခံမှုကောင်းနိုင်သည်။

စာပေတစ်ရပ်တွင်ကြောင်းကျိုးဆက်စပ်မှု၊ချောမောပြေပြစ်မှု၊သဒ္ဒါနည်း မှန်ကန်ကျနမှု၊ ပိုခြင်း-လိုခြင်းမရှိ၊ သိပ်သည်းကျစ်လျစ်မှုဆိုသည်မှာ အပင်ပန်းမခံဘဲနှင့်ကား ဖြစ်မြောက်နိုင်စမ်း မရှိပါပေ။

ယခု မိလိန္ဒပဉ္ဉာကို ဖန်တီးပြုစုရာ၌ဦးစွာဆို့ခဲ့ပြီး ရည်ရွယ်

ရှေးရှုခြင်း စေတနာအားလျော်စွာ ဖန်တီးပြုစုရခြင်းဖြစ်ပေသည်။

ပညာရှင် အများ သိကြပြီးသည့် အတိုင်း ဗုဒ္ဓဘာသာစာပေကျမ်းဂန်များထဲတွင် ထူးမြတ်စွာသော ကျမ်းတစ်ဆူအဖြစ် ထင်ရှားပြီး မိလိန္ဒပဉ္ဟာ(အမေး-အဖြေ)ကို များရာစုစာဖတ်သူတို့ လွယ်လင့်တကူ ဖတ်နိုင်ကြစေရန် ဖန်တီးတင်ပြုရခြင်း ဖြစ်ပေသည်။

ဤနေရာ၌ 'ဖန်တီးရခြင်း' ဟူသော ဝေါဟာရမှာပင်လျှင် အကြောင်းအားလျော်စွာ သုံးနှုန်းရခြင်းဖြစ်ပါသည်။

မိလိန္ဒပဉ္ဟာသည် အကြောင်းခြင်းရာအားဖြင့် အလွန်နက်နဲခက်ခဲစွာသော ကျမ်းတစ်ဆူဖြစ်သည်။ မေးမြန်းသူ မိလိန္ဒမင်းကြီးက စေ့စပ်သေချာသလောက် ဖြေဆိုသူရှင်နာဂသေန မထေရ်မြတ်ကလည်း ခိုင်ကျည်လေးနက်လှပေသည်။

ပြဿနာရပ် များပြားလှသည်နှင့်အမျှ ရှည်လျား ကျယ်ပြန့်လှစွာသော ကျမ်းတစ်ဆူလည်း ဖြစ်ပေသည်။

ထို့ကြောင့်ပင် ကျမ်းရင်းအနက်အဓိပ္ပာယ်လည်း မချုတ်ယှင်း စာရှုသူများတွင်လည်း အတို အကျဉ်းနည်း အားဖြင့် လွယ်လင့်တကူ သိနားလည်နိုင်အောင် စီစဉ်ရခြင်းမှာ ထပ်မံဖန်တီးပြုစုရခြင်းပင် ဖြစ်ပါသည်။

မိလိန္ဒပဉ္ဟာကိုဖန်တီးရခြင်းမှာ စင်စစ်အခက်အခဲပေါင်းများစွာလည်း ရှိနေပေသည်။ ဗုဒ္ဓမြတ်စွာနှင့်ပတ်သက်သော အမေးအဖြေများဖြစ်နေသောအခါ မူရင်းအကြောင်းအရာကို စိုးစဉ်းကလေးမျှ တိမ်းယိမ်း ချုတ်ယှင်းခြင်းမရှိမဖြစ်၊ အလေးအနက် သတိထားနေရပေသည်။

အပြန်အလှန် အမေးအဖြေပြုအပ်သည်များကိုပင် လျော်

ကန်လေအောင် စီစဉ်သုံးနှုန်းထားရသည်။ ခေတ်ဆုံးစကား
မျိုး အသံထွက်အတိုင်းဆိုလျှင် အကြောင်းခြင်းရာနှင့် ပုဂ္ဂိုလ်
နှစ်ဦးလုံး၏ဂုဏ်သိက္ခာကို ဆန့်ကျင်ရာ ရောက်သွားနိုင်သည်။

အကြောင်းခြင်းရာပုဂ္ဂိုလ်တို့ကိုအလေးအနက်ပြုလွှန်းလျှင်
လည်းသိမြင်နားလည်လွယ်စေမှုလျော့ပါးပျက်ပြယ်သွားနိုင်
သည်။ မျှားရာစု စာဖတ်သူတို့နှင့် အလှမ်းကွာသွားသည်။

ထို့ကြောင့်-

အလယ်အလတ်သဘောမျိုး စာဟန်ပေဟန် သုံးနှုန်းသင့်
သည်မျှားၦ သုံးသလို အသံထွက်အတိုင်း သုံးသင့်သည်မျှား
တွင်လည်း လိုက်ဖက်ရာအတိုင်း သုံးနှုန်းထားပါသည်။

အကြောင်းအရာအနေဖြင့်ကား သိမ်မွေ့ နက်နဲလှသော
သဘော အယူအဆမျှားဖြစ်သည့် အားလျော်စွာ မူကဲ့မျှား
ရှိသည့်အားလျော်စွာ အထိုက် အလျောက် တိမ်းယိမ်းမှု
ရှိကောင်းရှိပါလိမ့်မည်။

စာပေအမြင်၊ ဘာသာရေးအမြင်ၦ ကျမ်းကျင် လိမ္မာ
တော်မူကြကုန်သော ပညာရှင်မျှားတို့သည် ထိုတိမ်းယိမ်းမှု
မျိုးကို တွေ့သိခဲ့ပါက သင့်တင့်လျောက်ပတ်စွာ နှုတ်သွင်း
ဆဖ်ခြင်ဟော် မူကြပါရန် အနူးအညွတ် ပန်ကြား အပ်ပါ
ကြောင်း။

သိလွယ်-မြင်လွယ်-ဘာသာရေးစာပေမျှား
တိုးတက်ပြန့်ပွားရေးသို့....
ဦးကောင်းထွန်း

ဦးကောင်းထွန်း

အမှတ် ၂၃၄၊ ဥက္ကလာလမ်းသွယ်(၈)ရှစ်
ဂဇယ်-ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။

အကြောင်းပြု စကားညွှန်း

၁။ မိလိန္ဒမင်းနှင့် ရှင်နာဂဇေသန မထေရ် တို့၏ ဘဝနောက်ကြောင်း၊ မိလိန္ဒမင်း၏ပညာစွမ်း၊ ပုရောဏကဿပနှင့် တွေ့ဆုံခြင်း၊ မကွလိဒေါ သာလနှင့်ဖို့ တွေ့ဆုံခြင်း။ ၂၈

၂။ ရဟန္တာတို့၏ အစည်းအဝေးကြီး၊ ရောဟဏ မထေရ်နှင့် တာဝန်ပိုင်း၊ ရှင်နာဂဇေသန အလောင်းအလျာ၊ နာဂဇေသန သတို့သား ပညာသင်ခြင်း။ ၄၆

၃။ နာဂဇေသန ရှင်သာမဏေဖြစ်လာပြီး၊ ရှင်နာဂဇေသန ရဟန်းဖြစ်လာခြင်း၊ ရှင်နာဂဇေသန ဝတ္တနီယ ကျောင်းတိုက်သို့ပြောင်းရွှေ့ခြင်း၊ ရှင်နာဂဇေသန တရားဟော၊ ဓမ္မရက္ခိတ မထေရ်တံ ဆေလွှတ်ခြင်း။ ၅၈

၄။ ရှင်နာဂဇေသနရဟန္တာဖြစ်မြောက်ခြင်း၊ အာယုပါလမထေရ်နှင့် မိလိန္ဒမင်း၊ ရဟန်းပြုရခြင်း အကျိုး၊ ဓူတင်အကျင့်သည်ဝဋ်ဆင်းရဲခံရခြင်း လော၊ မိလိန္ဒမင်း၏ ကြောက်ရွံတုန်လှုပ်မှု။ ၇၂

၅။ အမည်ပြဿနာ၊ ရထားဟူသည်အဘယ်နည်း။
ဝါအရေအတွက် ဆွေးနွေးရန် ဖိတ်ကြား
ခြင်း၊ စကားပရိယာယ်၊ နာဂသေနဟူသည် ၈၆

ဒုတိယအကြိမ် ဆွေးနွေးခြင်း

၆။ ရဟန်းပြုရခြင်းအကြောင်း၊ ပဋိသန္ဓေဟူသည်၊
နှလုံးသွင်းမှုနှင့် ပဋိသန္ဓေ၊ သီလ၏လက္ခဏာ၊
သဒ္ဓါ၏လက္ခဏာ၊ စီရိယ၏လက္ခဏာ။ ၉၉

၇။ သတိ လက္ခဏာ၊ သမာဓိ လက္ခဏာ၊ ပညာ
လက္ခဏာ၊ တစ်ခုတည်းသော အကျိုးတရား၊
အဆိုကောင်းနှင့် အတီးကောင်း။ ၁၀၇

၈။ ဘဝဟောင်းနှင့် ဘဝသစ်၊ ပဋိသန္ဓေ နေရ
မနေရ၊ ဉာဏ်နှင့်ပညာ၊ ရဟန္တာနှင့် ဝေဒနာ
ခံစားမှု၊ ဝေဒနာ ပြဿနာ၊ ပဋိသန္ဓေ
အကြောင်းဆက်။ ၁၂၆

၉။ ရှင်နာဂသေန ပဋိသန္ဓေ နေ-မနေ၊ နာမ်နှင့်
ရုပ်၊ ကာလ၏အဓိပ္ပာယ်၊ ကာလ၏ ရင်းမြစ်
မူလ၊ အတိတ်ကာလ၏ အစ ရှိ-မရှိ၊ ဖုံးကွယ်
ခြင်း၊ ထင်ရှားခြင်း။ ၁၃၇

၁၀။ ဖြစ်ဆဲ သခ်ါရတရား သခ်ါရတရား၏ ထင်
ရှားသော အဖြစ်၊ ဝေဒဂူဇီဝ အာသက် လိပ်
ပြာကောင်၊ မြင်ခြင်းနှင့် သိခြင်း၊ ဖဿလက္ခ
ဏာ၊ သညာလက္ခဏာ၊ စေတနာ လက္ခဏာ၊
ဝိညာဉ်၏လက္ခဏာ။ ၁၅၇

၁၁။ ဝိတက်လက္ခဏာ၊ဝိစာရလက္ခဏာ၊တစ်ခုချင်း
တစ်မျိုးချင်းခွဲခြားခြင်း ရ-မရ၊ဆင်းပြဿနာ၊
ကြံအကြောင်းတရားချင်း တူ-မတူ၊လူအချင်း
ချင်း ကွဲပြားခြားနားမှု ၁၆၁

၁၂။ ဝီရိယလုံ့လရှိအပ်ခြင်း၊ငရဲမီးနှင့် ငရဲသူ၊မြေ-
ရေ-လေထု တည်နေပုံ၊ ဝင့်ဆင်းရဲတို့ ချုပ်
ငြိမ်းရာ၊လူတိုင်းနှင့်နီဗ္ဗာန်၊ဘုရားရှင် ရှိ-မရှိ ၁၇၁

၁၃။ ဘုရားရှင်သည် အတုမဲ့ပုဂ္ဂိုလ်မှန်ပါသလော၊
ဘုရားရှင်၏အတုမဲ့ခြင်း အဖြစ်ကို သိနိုင်ပါ
သလော၊ တရားတော်ကို မြင်-မမြင်၊ ဘဝ
ဟောင်းနှင့်ဘဝသစ်၊ ကံ၏အကျိုးတရားဖြစ်
ရဦးမည်ဟု သိပါသလော ၁၇၇

၁၄။ ဘုရားစင်စစ် ရှိမရှိ၊ရဟန္တာဝမျှားနှင့် အတွစ်၊
ဘုရားရှင်သည် အလုံးစုံ သိ-မသိ၊ ပုဉ္စဝါပ်
တစ်ရာ ပဒုမ္မာကြာကဲ့သို့၊ ဗြဟ္မစာရီပုဂ္ဂိုလ်။
ဘုရားရှင်နှင့် ပဉ္စင်းအဖြစ် ၁၈၄

၁၅။ မျက်ရည်နှစ်မျိုး၊ ရာဂမကင်းသူနှင့် ကင်းသူ၊
ပညာ၏တည်နေရာ၊သံသရာဟူသည် ပြုန်လည်
ဆင်ခြင်ခြင်း၊သတိ ဟူသည်၊ သတိဖြစ်စေမှု
(၁၇)ပါး ၁၉၅

၁၆။ ကုသိုလ်တဲ့ည်းဟူသော တည်ရာမှီရာ၊ဝင့်ဆင်း
ရဲချုပ်ငြိမ်းမှု၊ဗြဟ္မဝိုပြည်နှင့်လူ့ပြည်၊ဖြစ်ရပ်
နှစ်ခုဖြစ်မှု တူမတူ၊ဗေဝဏ္ဏဟူသည်၊ ကုသိုလ်
နှင့် အကုသိုလ် ၂၀၅

၁၇။ သီသူနှင့်မသီသူ၊ လူ့ကိုယ်ဖြင့် ပြဟ်ဒူးပြည်သို့
သွားနိုင်-မသွားနိုင်၊ အရိုးရှည်-မရှည်၊ ထုက်
ဆက်-ဝင်သက်ကို ချုပ်ထားနိုင်စွမ်း ရှိ-မရှိ ၁၉၅
၁၈။ သမုဒ္ဒရာဟူသည်၊ငန်ခြင်း၏ အကြောင်းရင်း၊
တရား၏ သိမ်မွေ့ခြင်း၊ ဝိညာဉ်- ပညာ-
အာသက်၊ နာမ်တရားတို့၏ သိမ်မွေ့နက်နဲခြင်း ၂၀၅
၁၉။ မိလိန္ဒမင်း၏ သံဒိဋ္ဌတရား၊ သူတော်အချင်း
ချင်း၊ဂုဏ်ကျေးဇူး ရှစ်ပါးရှိသော အကျင့်၊
မတိုင်ပင်အပ်သော အရပ်ရှစ်ပါး၊ တိုင်ပင်မိ
ခြင်း၏အပြစ်၊ မတိုင်ပင်အပ်သူ ရှစ်ဦး ၂၁၇
၂၀။ တိုင်ပင်မှုတွင် စိတ်မချရသူကိုးဦး၊ ပညာရှိ
ဖေကြောင်း ရှစ်ပါး၊ ဆရာကောင်းတို့၏ဂုဏ်
ကျေးဇူး နှစ်ဆယ့်ငါးပါး၊ ဆရာကောင်းနှင့်
တပည့်ကောင်း၊ ဥပသကာဂုဏ်ဆယ်ပါး ၂၃၅

တတိယအကြိမ် ဆွေးနွေးခြင်း

၂၁။ ဗုဒ္ဓမြတ်စွာနှင့်ပူဇော်မှုအကျိုးတရား၊သဗ္ဗညုတ
ဉာဏ်ဟူသည်၊ ဒေဝဒတ်နှင့် ရဟန်းအဖြစ် ၂၆၇
၂၂။ မြေလှုပ်ခြင်း ပြဿနာ၊ သီဝိမင်းနှင့် မျက်စိ
အလှူ၊ ပဋိသန္ဓေတည်နေပုံ အခြင်းအရာ ၃၀၀
၂၃။ သာသနာတော် ခိုင်ကျည် တည်တံ့မှု၊ သာ
သနာကွယ်ခြင်း သုံးမျိုး
၂၄။ မြတ်စွာဘုရားနှင့်အကုသိုလ်တရား၊ ဘုရားရှင်
နှင့် ပြိုဖွယ်ကိစ္စများ၊ ဘုရားရှင်၏ ဂုဏ်ပါဒ်
တန်ခိုး၊ အာပတ်ကို နုတ်ပယ်ခြင်း၊ ဘုရားရှင်
မဖြေကြားသော ပြဿနာ ၃၂၇

၂၅။ သေခြင်းကို ကြောက်လန့်မှု၊ အသက်ဘေးနှင့်
ပရိတ်တော်ဟန်ခိုး၊ ဘုရားနှင့် လာဘ်လာဘ
အန္တရာယ်၊ အာပတ် သင့်ခြင်း မသင့်ခြင်း၊
ပရမတ်စကားနှင့် ပညတ်စကား ၃၅၄

၂၆။ သဲဃာများ ဂိုဏ်းကွဲခြင်း၊လူသေဘာပန်နှင့်
ပုထုဇဉ်ရဟန်း၊ ဘုရားရှင်နှင့် သတ္တဝါတို့
အကျိုးစီးပွား၊လျှိုဝှက်အပ်သည်ကို ပြုရခြင်း
အကြောင်း ၃၇၀

၂၇။ မြတ်စွာဘုရားနှင့် နှုတ်ကြမ်း စကားကြမ်း၊
သစ်ပင်က စကားပြောခြင်း၊အကျိုးပေးကြီး
မြတ်သော ဆွမ်းနှစ်မျိုး၊ မြတ်စွာဘုရားနှင့်
ပူဇော်မှု၊ကျောက်ချပ်လွှာကိုမထီခိုက်သင့်ခြင်း ၃၀၅

၂၈။ သမကာမည်အပ်ခြင်းအကြောင်း မိမိဂုဏ်ကို
ချီးကျူး ထုတ်ဖော်ခြင်း၊ နှိပ်စက်ခြင်း၊ ချီး
မြှောက်ခြင်း ရဟန်းတို့ကို နှင်ထုတ်ရခြင်း
အကြောင်း၊ တန်ခိုးစွမ်းထက်-ကံစွမ်းထက် ၃၆၉

၂၉။ ဖုံးအပ်ခြင်းနှင့် ဖွင့်အပ်ခြင်း၊ မုသားနှစ်မျိုး
အကျိုးချင်းမတူ၊ အလောင်းတော်တို့ အစဉ်
အသ၊ရဟန်းများ မိမိကိုယ်မိမိ သတ်ဖြတ်မှု၊
မေတ္တာတရား၏ အားအစွမ်း၊ ကုသိုလ်နှင့်
အကုသိုလ် အကျိုးပေးချင်း တူမျှသလော ၄၂၉

၃၀။ အမရာဒေဝီနှင့် မကောင်းမှု၊ ရဟန္တာဝများနှင့်
ကြောက်လန့်မှု၊ ဘုရားနှင့် ဥပမာများ၊
ကျောင်းအဆောက်အအုံ၏ ကောင်းခြင်း-
မကောင်းခြင်း၊ အစားလွန်ခြင်း၏မကောင်း
ကျိုး၊ ဘုရားရှင်သာလျှင် အမြတ်ဆုံး

၃၁။ မင်္ဂလာဒီးစဉ်ကို သိမြင်ခြင်း၊ သတ္တဝါတို့ကိုမညှဉ်း
ဆဲခြင်း၊ဇောတိပါလလုလင်နှင့်ဆဒ္ဒန်ဆင်မင်း၊
အမိုးမရှိသော်လည်း မိုးမစို

မိလိန္ဒမင်းနှင့် ရှင်နာဂသေန-မထေရ်တို့၏ ဘဝနောက်ကြောင်း ဖြစ်ဟောင်းအစဉ် ကဿ မြတ်စွာဘုရားလက်ထက်တော်အခါကာလဖြစ်၏။

ဂန်္ဓာမြို့ ခနီးရှိ တစ်ခုသောကျောင်းဆောင်တွင် ရဟန်းအပေါင်းတို့သည် စုဝေးနေထိုင်ကြ၏။ ထိုအခါရဟန်းတို့၏ ကျင့်ဝတ်တရား သိလသမာဓိနှင့် ညီညွတ်ပြည့်စုံကြကုန်သော ရဟန်းတို့သည် နံနက်စောစောအခါတိုင်းမှာပင်လျှင် ကဿပဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို ဆင်ခြင်အောက်မေ့လျက်၊ မိမိတို့သီတင်းသုံးနေထိုင်ရာ ကျောင်းဝင်းတစ်ခုလုံးကို အနှံ့အစပ်တံမြက်စည်းလှည်းကာ ရှင်းလင်းသုတ်သင်ကြကုန်၏။

တံမြက်စည်းလှည်း၍ ထွက်ပေါ် လာအပ်သော အမှိုက်သရိုက်တို့ကိုလည်း ကျောင်းဝင်းအပဖြစ်သော အခြားတစ်နေရာသို့ သွားရောက် စွန့်ပစ်လေ့ရှိကြကုန်၏။

တစ်နေ့တွင်မူ ရဟန်းတစ်ပါးသည် သာမဏေတစ်ဦးကို....
"သာမဏေ....လာလှည့်၊ ဤတံမြက်ခြေး အမိုက်မျှားကို ကျောင်းဝင်းအပြင်ဆို့သွားရောက်စွန့်ပစ်လော့" ဟုခေါင်း ခိုင်းစေခြင်းပြု၏။ သာမဏေကလေးသည်ကိုမကြားယောင်ပြုကာ အခြားနေရာသို့ရှောင်တိမ်းထွက်ခွာသွား၏။ ဆုံးကြိမ်မြောက် ထပ်ဆင့်ခေါင်းဆောင်သည့်တိုင်အောင်ပင် ရဟန်းဖြစ်သူ ခေါရာသို့ မလာ၊ မကြားယောင်ပြု၍သာနေဘိ၏။

ထိုအခါရဟန်းသည် သာမဏေ အပေါ်တွင် မကျေမနပ် ဖြစ်ကာ....

"ဤသာမဏေကလေး ဆိုဆုံးမရခက်သော သာမဏေ ဖြစ်သည်တကား" ဟုဆိုမြည်လျက် မိမိလက်တွင်းမှ တံမြက်စည်း ဖြင့် သာမဏေအား ရိုက်ပုတ်ခြင်းပြု၏။ သာမဏေသည် ရိုက်ပုတ်ခြင်းအတွက် ငိုယိုကာ တံမြက်ခြေးများကို သွားရောက်စွန့်ပစ်ပြီးသော် ဤသို့ဆုတောင်း၏။

"ငါသည် ဤတံမြက်ခြေး အမှိုက်များကို စွန့်ပစ်ရလေသော ကုသိုလ်၏အကျိုးအားကြောင့် နိဗ္ဗာန်သို့မရောက်သေးသမျှသော ဘဝတိုင်း၌ပင်လျှင် ဗုဒ္ဓနှင့်တွေ့နေ၏ အရှိန်အဟုန်ကဲ့သို့ ထက်မြက်လွန်ကဲစွာသော တန်ခိုးအာနုဘော်နှင့် ပြည့်စုံရပါစေသတည်း...."

သာမဏေသည် ထိုသို့ဆုတောင်း ပြီးသော် ဂင်္ဂါမြစ်တွင် ရေချိုးအံ့သောငှာ မြစ်ဆိပ်သို့ဆင်း၏။ ထိုအခါတွင် ဂင်္ဂါ

မြစ်ဝှင်းမှအရှိန်အဟုန် ပြင်းလှစွာသော ရေသွင်းတံပိုးမျှား ကို တွေ့မြင် ကြည့်ရှုရခြင်းကြောင့် ဤသို့ တစ်ဖန် ထပ်မံ ဆုတောင်းပြန်၏။

" "ငါသည် နိဗ္ဗာန်မရောက်သေးမျှ သံသရာတွင်ကျင်လည်ရ သမျှဘဝပင်လျှင် ဤဂင်္ဂါမြစ်၏ပြင်းစွာသောရေသွင်းတံပိုးများ အရှိန်အဟုန်ကဲ့သို့ ထက်မြက်ကြီးမားစွာသော ပညာ မကုန် ခန်းနိုင်သောပညာနှင့် ပြည့်စုံရသည်ဖြစ်ပါစေသတည်း"

သာမဏေ ထိုသို့ဆုတောင်းနေခိုက်တွင် သာမဏေကို ရိုက် ပုတ်ခဲ့သော ရဟန်းသည်လည်း ဂင်္ဂါမြစ်ဆိပ်သို့ ဆင်းလာ ခဲ့၏။ သို့ဖြစ်၍ သာမဏေ၏ ဆုတောင်းကို ကြားသိရကာ ဤသို့ တွေးကြံမိ၏။

"ဤသာမဏေ....ယခုကဲ့သို့ဆုတောင်းဒဠပ်သည်မှာ ငါ၏ နှိုးဆော်တိုက်တွန်းမှုကြောင့်ပင် ဖြစ်ပေသည်။ ငါက သူ့ကို တံမြက်ချေးစွန့်ပစ်ရန်နှိုးဆော်တိုက်တွန်းခဲ့သည်ကိုအကြောင်း ရင်းပြု၍ဤဆုတောင်းကိုသူတောင်းခြင်းသာဖြစ်တော့သည်။ ဤအမှုတွင်ငါသည် အရင်းခံနှိုးဆော်တိုက်တွန်းသူဖြစ်သဖြင့် ငါဆုတောင်းခဲ့လျှင်လည်း အဘယ့်ကြောင့် မပြည့်စုံဘဲ ရှိနိုင် ပါအံ့နည်း။

ရဟန်းသည် ယင်းသို့ တွေးကြံမိသည့်နှင့်အမျှ မိမိကြုံစည် တောင့်တမိသည့်အတိုင်းလည်း ဤသို့လျှင်ဆုတောင်းလိုက်၏။

"ငါသည်အကြင်ရွှေ့လောက် နိုင်ငံသို့မရောက်ရသေး၊ ထိုသို့မရောက်ရသေးမျှသာမက ယင်းသဘောတရားနှင့် ပြည့်စုံရသည်ဖြစ်ပါစေသတည်း။ ဤသာမဏော မေးသမျှသော မေးလေတိုင်းသော ပြဿနာကိုထိုးထွင်းသိမြင်နိုင်စွမ်းသောပညာနှင့်တကွ ကောင်းစွာ ဖြေရှင်းပေးနိုင်သည်သာ ဖြစ်ရပါစေသတည်း..."

ထို့နောက် သာမဏောငယ်သည် လည်းကောင်း၊ ရဟန်းတော်သည်လည်းကောင်း ထိုသို့လျှင် မိမိတို့လိုရာ ဆုတောင်းကြပြီးသော် ထိုဘဝမှသည် လူ့ပြည်နှင်ပြည် ကျင်လည် ဖြစ်မြောက်ကြကုန်၏။

၎င်းတမြတ်စွာဘုရား လက်ထက်တော်သို့ ရောက်လာသောအခါ ဘုရားရှင်သည် ရှင်မောဂ္ဂလိပုတ္တာဘိသမယရှိကို ဗျာဒိတ်ညွှန်ဘိသကဲ့သို့ပင် ထိုမိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့ နှစ်ဦးကိုလည်း "ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီး ဤနှစ်ငါးရာမြောက်လတ်သော် ထိုသူနှစ်ဦးတို့သည်ထင်ရှားစွာဖြစ်ကြကုန်လတ္တံ့။ ငါဘုရားဟာကြားတော်မူအပ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို ထိုသူနှစ်ဦးတို့သည် တစ်ဦးနှင့်ဘစ်ဦး အပြန်အလှန် မေးခြင်း၊ ဖြေခြင်းဖြင့် ဟောင်းစွာ သန့်ရှင်းစင်ကြယ်သည့် တိုင်အောင် ဝေဖန် သန့်စင်ကြကုန်လတ္တံ့" ဟု ဗျာဒိတ်ညွှန်တော်မူခဲ့ပေ၏။

ပိဏ္ဍိန္ဒမင်း၏ ပညာစွမ်း

သာဝတ္ထေကာငယ်သည် ဘုရားရှင် ဗျာဒိတ်ညွှန်ကြားတော်မူခဲ့သည့် အတိုင်းပင် ဇမ္ဗူဒီပါကျွန်း သာဂလမြို့၌ 'မိလိန္ဒမင်း' အဖြစ် ဖြစ်ပြောက်လာခဲ့ပေသောအခါ၌ အသိပညာ အဘတ်ပညာ အမျိုးမျိုးတို့ဖြင့်ပြည့်စုံကျွမ်းကျင်တော်မူလှ၏။ အတတ်ပညာဆိုရာ၌ သဒ္ဒါကျမ်းအတတ်၊ ဓမ္မသတ်ကျမ်းအတတ်၊ ဂဏန်းသင်္ချာအတတ်၊ အဆောက်အအုံ ဗိသုကာအတတ် စသော ယောဂကျိုးဖောင်းကို တက်ကျွမ်းအပ်သော အဘတ်ပညာ တစ်ဆယ့်ခြောက်ပါးတို့တည်း။

အသိပညာဆိုရာ၌ကား ဘုရားရှင်ဟောကြားထားခဲ့သော မူခဲ့အပ်သော သုတ် ဝိနည်းအဘိဓမ္မာ ပိဋကတ် သုံးပုံတို့ကို သိသည်။ မိလိန္ဒမင်းသည် ထို တစ်ဆယ့်ခြောက်ပါးသော အဘတ်ပညာ-ပိဋကတ်သုံးပုံတည်းဟူသော အသိပညာနှင့်ကောင်းစွာ ကျွမ်းကျင် ပြည့်စုံတော်မူခြင်းကြောင့် အခြားတစ်ပါးသော ပညာရှိတို့က လွှမ်းမိုးနှိပ်စက်ခြင်း မပြုနိုင်သောဝိပင် ယုတ်ရုက် ပညာစွမ်း ထင်ရှားကြီးမားလှက် ရှိနေခဲ့၏။

တစ်နေ့တွင်ကား မိလိန္ဒမင်းသည် မိမိစစ်သည်ပုံလိပါခြံးဝန်းအပေါင်းတို့၏ တစ်စုတစ်စည်းတည်းသော စစ်အင်အားကို ကြည့်ရှုလိုသဖြင့် သာဂလမြို့တွင်းမှထွက်၍ စစ်သည်ရဲမက်တို့ကို ကြည့်ရှုစစ်ဆေးတော်မူ၏။ သို့ရာတွင် မိလိန္ဒမင်း၏စိတ်အာရုံ၌

ထိုသို့စဉ်သည်ရဲမက်တို့ထက် ပို၍ပို၍တွေ့ကြုံဆုံစည်းလိုသူများ ရှိနေခဲ့၏။ တစ်ဦးနှင့်တစ်ဦးရင်းနှီးနီးကပ်စွာ ဆက်ဆံပြောဆို လိုချင်စိတ် အလွန်ပင် ထက်သန်ပြင်းပြနေခဲ့၏။

ထိုသူများမှာကား ပညာရှိအခေါ်ခံ အတတ်ပညာ အသိပညာရှင်များပင်ဖြစ်လေသည်။ မိလိန္ဒမင်းသည် ထိုဆိုပညာရှင်များနှင့်တွေ့ဆုံကာ ပွင့်ပွင့်လင်းလင်း ဆွေးနွေး ဟောပြောချင်လှပေသည်။ ပညာရှိများသည် မိမိအား စိုးစဉ်းမျှ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိမူဘဲ မိမိ၏စိတ်နှလုံးကို ယုကျုံးဆဲဆောင်နိုင်သည်အထိပြောဆိုတင်ပြနိုင်စွမ်းရှိစေချင်သည်။ ထိုသူများနှင့်တွေ့ရလျှင် မိမိအဖို့ အလွန်ပင် စိတ်ပါဝင်စားဖွယ် ဖြစ်ချိမ့်မည်ဟုလည်း ကြိုတင်ယုံကြည်နေမိသည်။

သို့ဖြင့်ပင် အချိန်ကာလကိုစူးစမ်းသောအနေဖြင့် နေဝန်းကိုဓမ္မာကြည့်ကာ အနီးတွင် ခစားဝန်းရံနေကြသော အမတ်များကို ဤသို့ မိန့်မြွက် မေးမြန်းတော်မူလိုက်လေသည်။

"အမတ်အပေါင်းတို့ ယခုအချိန်ဟာ အချိန်ကောင်းဖြစ်ကယ်၊ နေရောင်မကွယ်ပျောက်သေးတဲ့အတွက်ဝန်းကျင်အားလုံးမှာပင် ထင်ဆင်လင်းလင်း မြင်သာထင်သာ ဖြစ်တယ်၊ ဒီအချိန်မျိုးမှာ မြို့ထဲပြန်ဝင်လို ဘာမှအကျိုးမရှိဘူး၊ သင့်ညွှာဘုရားရှင်၏ဂုဏ်ကျေးဇူးကိုသိသောသူ၊ ငါနှင့်ယှဉ်ပြိုင် ဆွေးနွေးနိုင်သူ၊ ငါ၏ယုံမှားသံသယတွေကို ပယ်ဖျောက်ရှင်းလင်း

နိုင်သူ ပညာရှိ တစ်စုံတစ်ဦးနှင့်သာ တွေ့ဆုံတော်မူလိုတယ်၊ ထိုပညာရှိမျိုးကို ဘယ်မှာတွေ့နိုင်မလဲ၊ ထိုပညာရှိမျိုးရှိတယ်လို့ကော သင်အမတ်မျာ့ သိထား:ကြသလား:''

မိလိန္ဒမင်းက ထိုသို့မေးမြန်းသောအခါ၌ ယောနကတိုင်းသား ငါးရာသောအမတ်တို့က မင်းကြီးအား ဤသို့ ပြန်လည် လျှောက်ထားကြကုန်သည်။

''မှန်လှပါ-ဖြတ်သောမင်းကြီး၊ ပုရာဏကဿပ၊ မက္ခလိဂေါသာလ၊ နိဂဏ္ဌနာဋပုတ္တ၊ သဉ္စယဗေလဋ္ဌပုတ္တ၊ အဇိတကေသကမ္ဗလ၊ ပကုဒ္ဓကစ္စာယန ဟူသော ဆရာခြောက်ဦးတို့ဟာ တပည့်တပန်းပရိသတ်မျာ့စွာရှိသောဂိုဏ်းဆရာမျာ့ဖြစ်ကြပါတယ်၊ သူတစ်ပါးတို့၏ ကိုးကွယ်ရာမှီခိုရာ သူတော်ကောင်းဟူ၍ ခေါ်ဆိုသတ်မှတ်ခြင်း ခံရသူမျာ့လည်း ဖြစ်ပါတယ်၊ အရှင်မင်းကြီး လိုဆရာမျာ့ထံ ကြွရောက်မေးမြန်းတော်မူပါလျှင် ပြဿနာအားလုံးနှင့်တကွ ယုံမှားသံသယမျာ့ ပျောက်ကင်းနိုင်ပါလိမ့်မည်ဘုရား....''

ပုရာဏကဿပနှင့် တွေ့ဆုံခြင်း

ထိုအခါ မိလိန္ဒမင်းသည် အမတ်မျာ့နှင့် အတူပင်လျှင် ပုရာဏကဿပထံသို့ သွားရောက်တွေ့ဆုံကာပုရာဏကဿပနှင့် အတူ အပြန်အလှန် ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြီးသော် သင့်လျော်ရာနေရာတစ်ခုတွင်နေ၍ ပုရာဏကဿပအား ဤသို့ စတင် မေးမြန်းလေသည်။

မိလိန္ဒမင်းအမေး။ ။''ပုရာဏကဿပ၊ လူအပေါင်းကို

အဘယ်သူ အဘယ်တရားက စောင့်ရှောက်ပါသလဲ''

ပုရာဏကဿပဖြစ်၏။ ။မင်းမြတ်၊ လူအပေါင်းကို မြေ ကြီးက စောင့်ရှောက်ပါတယ်''

မိလိန္ဒမင်းသည် ပုရာဏကဿပ၏ထိုအဖြေကိုမခံကျနပ်နိုင် ပေ။ သူသိထား၊သည်နှင့် ပုရာဏကဿပ၏အဖြေမှာ ဖြောင့် ဖြောင့်ကြီးဆန့်ကျင်နေသည်၊ သို့ဖြင့် ဤသို့ ထပ်မံမေးလိုက် မိ၏။

မိလိန္ဒမင်း။ ။''အရှင် ပုရာဏကဿပ၊ လူအပေါင်းကို မြေကြီးက စောင့်ရှောက်တယ်ဆိုရင် အဝီစိငရဲသို့ ကျရောက် သွားရသူတွေကို မြေကြီးက ဘာကြောင့်စောင့်ရှောက်တား ဆီးမထား၊ပါသလဲ၊ အရှင်ပုရာဏကဿပ၊ အဝီစိငရဲမှာ ကျရောက်ကျပ်လည်ရသူတွေဟာ မြေကြီးကတစ်ဆင့် မြေကြီး ကို ကျော်လွန်ပြီးမှ အဝီစိငရဲမှာ သွားရောက်ပြီး ဒုက္ခခံစား ကြရတာ မဟုတ်လား....''

ပုရာဏကဿပသည် မိလိန္ဒမင်း၏အဓိပ္ပာယ်ကိုမည်သို့မျှမဖြေ နိုင် မဖြေတတ်တော့ပေ။ ဦးခေါင်းငိုက်စိုက်ချကာ မျက်နှာ ညိုးငယ်စွာ တိတ်ဆိတ်ငြိမ်သက်စွာ ဖြစ်သွားရလေသည်။

မိလိန္ဒမင်းကား-အလွန်ပင် စိတ်ပျက် အားလျော့သွားရ တော့သည်။ သူနှင့်တန်းတူရည်တူ ယှဉ်ပြိုင်ဆွေးနွေးနိုင်ရန်ကို အပထား၍ မေးခွန်းတစ်ခုအဖြေကိုပင် လျော်ကန် သင့်မြတ် အောင် မဖြေဆိုနိုင်ခြင်းအတွက် ''ဤဇမ္ဗူဒီပါကျွန်းသည် အချည်းနှီးရှိခဲ့ချေပြီ'' ဟူ၍ပင် မှတ်ထင်မိကာ အမတ်တို့ကို လည်း ဤသို့ ထုတ်ဖော်မိန့်မြွက်လိုက်လေသည်။

"အချင်းအမတ်တို့....ငါနှင့်ဖက်ပြိုင်၍ ဆွေးနွေးနိုင်သော သူ၊ ငါ၏ ယုံမှားသံသယမျှားကို ပယ်ဖျောက် ရှင်းလင်းနိုင်သောသူ၊ ရဟန်း-ပုဏ္ဏား ဂိုဏ်းဆရာ အသီးသီးတို့၏ဆရာကြီးဖြစ်တော်မူသော သဗ္ဗညုဘုရား၌ဂုဏ်ကျေးဇူးကိုသိသော သူ မည်သည်ကား ဤဇမ္ဗူဒီပါကျွန်းဝယ် လုံးဝပင် မရှိသယောင် ဖြစ်ခဲ့လေပြီတကား။ ဤသို့သော တစ်စုံတစ်ဦးသော သူမျှားမရှိသည် မှန်ခဲ့လျှင်လည်း ဤဇမ္ဗူဒီပါတစ်ကျွန်းလုံးသည်ပင်လျှင် မည်သည့်အနှစ်သာရ၊ မည်သည့်ဂုဏ်ကျေးဇူးမျှ မရှိသော အချည်းနှီး အဓိဗြဟ္မဏသို့ ရောက်ရချေတော့မည်တကား:"

မိလိန္ဒမင်းသည် အမတ်တို့ရှေ့တွင်ထိုသို့ပင် ညည်းညူရေရွတ်မိသော်လည်း ပညာရှိတစ်ဦးဦးနှင့်တွေ့ဆုံဆွေးနွေးပြောဟောလိုစိတ်ကား အနည်းငယ်မျှလျော့ပါးသွားခြင်းမရှိပေ။ သူသိချင်သမျှ သိနေသမျှကိုကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ဆွေးနွေးလိုစိတ်သည် အလွန်အလွန်ပင်ထက်သန်ပြင်းပြနေဆဲသာဖြစ်လေသည်။ သို့ဖြင့်- "မကွဲလိဂေါသောလ" ဟူသော ဂိုဏ်းဆရာတစ်ဦးနှင့် တွေ့ဆုံဆွေးနွေးရပြန်၏။

မကွဲလိဂေါသောလနှင့် တွေ့ဆုံခြင်း

မိလိန္ဒမင်း။ ။ "အရှင်မကွဲလိဂေါသောလ၊ ဤလောကဌ်ကုသိုလ်-အကုသိုလ်၊ ကောင်းမှု-မကောင်းမှု ဟူသည် စင်စစ်ရှိပါသလော။ ထိုထိုကောင်းမှု-မကောင်းမှုတို့ကို ပြုလုပ်ခြင်း ဖက်ကြောင့် ကောင်းကျိုး ဖြစ်ထွန်းရမှု-မကောင်းကျိုး ဖြစ်ထွန်းရမှုဆိုသည်တို့မှာလည်း စင်စစ် ဟုတ်မှန်ပါသလော:"

မကွလိုဂေါသလ ဖြေ။ ။"မင်းမြတ်၊ လောကမှာ ကောင်းမှု-မကောင်းမှုရယ်လို့ မရှိဘူး၊ ကောင်းတာလုပ်လို့ ကောင်းကျိုး ဖြစ်ထုန်းတာရယ် မကောင်း တာ လုပ် လို့ မကောင်းကျိုး ဖြစ်ထုန်းရတယ်လို့ လဲ မရှိပေဘူး။ မင်းမြတ် စင်စစ်တော့ ရှင်ဘုရင်တစ်ပါးဟာ ခုဘဝမှာသေဆုံးပြီးဘဝ ပြောင်းသွားရုံ နောက်တစ်ဖန် ဘဝသစ်မှာလဲ ရှင်ဘုရင်ပဲ ဖြစ်ရပြန်တာပဲ။ ဒီ.ပြင် ပုဏ္ဏား သူကြွယ်မျိုး သူဆင်းရဲ၊ ပန်းမိုက်သွန်၊ ဒုန်းစက္ကာဆိုတာတွေလဲ ထို့ အဘူပဲ။ဒီဘဝက သေလွန်ပြီး ဘဝပြောင်းသွားရင် နောက်တစ်ဖန် ဘဝသစ်မှာလဲ ဘဝဟောင်းတုန်းကလို ပုဏ္ဏားမျိုး၊ သူကြွယ်မျိုး၊ သူဆင်းရဲမျိုးပဲ ဖြစ်ကြရပြန်တာပဲ။ ဒီတော့ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာလဲ ဘယ်မှာရှိနိုင်ပါတော့မလဲ"

မိလိန္ဒမင်းသည် မကွလိုဂေါသဒေါလ၏အဖြေကိုလည်းမည်သို့မျှ မကျေနပ်နိုင်ပေ။ ထို့ကြောင့် ချက်ချင်းပင် တုံ့ပြန်မေးလိုက်သည်။

မိလိန္ဒမင်း။ ။"ငါ့ရှင်....မကွလိုဂေါသဒေါလ၊ ငါ့ရှင် ပြောသလို ကောင်းမှုမကောင်းမှုရယ်လို့ မရှိဘူး၊ကောင်းကျိုး မကောင်းကျိုးဖြစ်ထုန်းမှုဆိုတာလဲမရှိဘူး၊ ရှင်ဘုရင်သေရင် ရှင်ဘုရင်ဖြစ်၊ သူကြွယ်သေ-သူကြွယ်ဖြစ်၊ ဆင်းရဲသားသေ ဆင်းရဲသားဖြစ်ဆိုရင် လောကမှာ ကုသိုလ်ကံ-အကုသိုလ်ကံ ဆိုတာ ဘယ်ရှိတော့မလဲ၊ ဒီလို ကုသိုလ်ကံ-အကုသိုလ်ကံ၊ ကောင်းမှုရဲ့အကျိုးဆက်၊ မကောင်းမှုရဲ့အကျိုးဆက် မရှိဘူး၊ မဖြစ်မြောက်ဘူးဆိုရင်လဲ ကောင်းတာတွေကို လုပ်စရာမလို

တော့သလို့ မကောင်းတာတွေကိုလဲ ရှောင်ကြဉ်နေစရာမလို့ တော့ဘူးပေါ့၊ မိမိရဲ့ စိတ်နှလုံးကို ထိန်းချုပ်နေစရာ မလို့ တော့ဘူးပေါ့''

''ငါ့ရှင်မကွာလိုဂေါသာလ၊ ငါ့ရှင်ဆိုတဲ့အတိုင်းသတ္တဝါ မှန်သမျှ ဘဝဟောင်းကနည်းတူ ဘဝသစ်မှာလဲ ထပ်တူထပ်မျှ ဖြစ်ကြရှိုးမှန်ခဲ့ရင် ဒီဘဝက လက်ပြတ် ခြေပြတ် နှာခေါင်းပြတ်တွေ သေခဲ့ရင် နောက်ဘဝမှာလဲ လက်ပြတ် ခြေပြတ် နှာခေါင်းပြတ်တွေပဲ ဖြစ်နေရတော့ မလား၊ တစ်မျိုးတစ်ဖုံ ပြုပြင်ပြောင်းလဲမှု မဖြစ်နိုင်တော့ဘူးလား''

ထိုအခါ မကွာလိုဂေါသာလ သည်လည်း ပုရာဏကဿပနည်းတူပင် မိလိန္ဒမင်းအား မည်သို့မျှ အဖြေ မပေးနိုင်ပေ။ ဦးခေါင်းငိုက်စိုက်ဖြင့် သာလျှင်တွေဝေငေးမိုင်နေလေသည်။

မိလိန္ဒမင်း နှစ်ကြိမ်မြောက် စိတ်ပျက် အားလျော့သွားရသည်။ ရှေးနည်းတူပင် ဤဇမ္ဗူဒီပကျွန်းသည် အချည်းနှီးဖြစ်ခဲ့ချေပြီတကားဟု တွေးမိလိုက်ပြန်သည်။

''အချင်းအမတ်တို့....ညအခါဟာ အင်မတန်ပဲမှောင်လျှက်ဖယ်ကောင်းပေတယ်။ ဒီလိုညအချိန်မျိုးမှာ ငါ့ရဲ့ ယုံမှားသံသယတွေကို ပယ်ဖျောက်နိုင်သူ၊ ငါနဲ့ယှဉ်ပြိုင်ပြောဆိုနိုင်သူ ရဟန်းပုဏ္ဏား တစ်ဦးတစ်ယောက်နဲ့မျှား တွေ့ရရင် အင်မတန်ဝမ်းမြောက်ဖွယ်ဖြစ်ပေတယ်။အချင်းတို့....ထပ်မံပြီး မရှာနိုင်ကြတော့ဘူးလား၊ ငါနဲ့ယှဉ်ပြိုင်ပြီး ဆွေးနွေးပြောဆိုနိုင်သူ တစ်ဦးတစ်လေမျှပင် မရှိတော့ဘူးလား''

အနီးတွင် ခစားလျက်ရှိကြသော အမတ်များကို ထိုကဲ့သို့ ထပ်ဆင့် မေးမြန်းလိုက်သည့်တိုင် အမတ်များထံမှ မည်သို့မျှ အဖြေမထွက်ခဲ့တော့ပေ။ အမတ်များသည် မင်းကြီး၏ ပညာကို သိထားသည့်နှင့်အမျှ ထိုပညာနှင့် တန်းတူရည်တူ ဖြစ်သော ပညာရှိပုဂ္ဂိုလ်ကို မသိရှိ မရှာဖွေနိုင်ကြသဖြင့်တိတ်ဆိတ်သာ နေကြရကုန်၏။

ထိုည ထိုအခါမှစ၍ သာဂလမြို့တွင် ဒုနှင့် တစ်ဆယ့် နှစ်နှစ် ကြာမြင့်သည့်တိုင်အောင်ပင် ပညာနှိုပုဂ္ဂိုလ် ဟူသော သတင်းကို လုံးဝမကြားရတော့ပေ။ သာဂလမြို့တွင် ပဉ္စာရှိ ဟူ၍ တစ်စုံတစ်ယောက်မျှ မရှိသော အခြေအနေမျိုးပင် ဖြစ်သွားရသည်။ မည်သည့်နေရာမည်သည့်အရပ်တွင် ပညာရှိသည် ကြားရ၍ သွားရောက် တွေ့ဆုံသည့်တိုင် မိလိန္ဒမင်းကျေနပ် နှစ်သက်နိုင်သူ၊ ကျေနပ်နှစ်သက်အောင် ဖြေစွမ်းနိုင်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပေ။ ထိုအချိန် ထိုအခါဉ် ပဉ္စာရှိအမည်ခံတို့သည် သာဂလမြို့မှအခြား အရပ်တစ်ပါးသို့ ပြောင်းရွှေ့ ထွက်ခွာမသွားနိုင်ကြလျှင် ဆိတ်ဆိတ်သာနေကြရကုန်၏။ မိမိတို့ပညာနှင့် စပ်လျဉ်း၍ကား စိုးစဉ်းမျှထုတ် ဖော်မြွက်ဟခြင်း မပြုရဲကြတော့ပေ။

မျှားသောအားဖြင့်ကား-ရဟန်းပုဂ္ဂိုလ်တို့သည်မိလိန္ဒမင်း ရှိရာ သာဂလမြို့မှ ရွှေ့ပြောင်တိမ်းထွက်ခွာကာ ဟိမဝန္တာတောင် သို့သာ ပြောင်းရွှေ့နေထိုင်ကြကုန်၏။

ရဟန္တာတို့၏ အာစည်းအဓေဝးကြီး

သာဝကလမ္ဘိုတွင် ပညာရှိမျိုး ဆိတ်သုဉ်းနေချိန် ထိုအခါကာလ၌ ကုဋ္ဌေဝါးရာကျော်မျှလောက်သော ရဟန္တာတို့သည် ဟိမဝန္တာတောင်ရာ၌ တကုန်းပြင်တွင် စုဝေးနေထိုင်လျက်ရှိကြ၏။ ထိုရဟန္တာတို့၏အကြီးအမှူး ပုဂ္ဂိုလ်ကား "အာသဂုတ္တ" အမည်ရှိသော မထေရ်မြတ်ဖြစ်၏။

မထေရ်မြတ် အာသဂုတ္တသည် မိလိန္ဒမင်း၏ မျှော်လင့်တောင့်တမှုနှင့်တကွ ပညာရှိပုဂ္ဂိုလ်မျှားနှင့်စပ်လျဉ်းဖြေဆိုသောစကားကို ဒီပွသောတအံ့ဘိုညာဉ်ဖြင့် ကြားသိလေရကား တစ်နေ့သောအခါတွင် ယုဂန္ဓရတောင်ထိပ်၌ ရဟန်းသံဃာအပေါင်းတို့ကိုစုဝေးကာ ထိုရဟန်းအပေါင်းတို့အား ဤသို့မေးမြန်းစုံစမ်းတော်မူ၏။

"ငါ့ရှင်ကို မိလိန္ဒမင်းဟာ သူ၏ ယုံမှားသံသယမျှားကို ပယ်ဖျောက်ရှင်းလင်းရန်အတွက် လည်းကောင်း၊ သူနှင့်ယှဉ်ပြိုင်ဆွေးနွေးရန်အတွက်လည်းကောင်း ပညာရှိ တစ်ဦးတစ်ယောက်ကို မျှားစ့ဉပဲ လိုလားတောင်းတနေပတယ်။ ထို့ကြောင့်ယခုဆောက်ရှိလာကြတဲ့ငါ့ရှင်တို့အထဲမှာမိလိန္ဒမင်းနှင့်တန်းတူညီမျှဖက်ပြိုင်ခဲ့ပြောဆိုနိုင်စွမ်းသူမျှား ရှိကြပါသလား၊ မိလိန္ဒမင်းမေးသမျှကို ဖြေကြားနိုင်သူမျှားရှိကြပါသလား"

မထေရ်မြတ် အာသဂုတ္တသည် ထိုကဲ့သို့ သုံးကြိမ်မြောက်တိုင်အောင်ပင်ထပ်ဆင့်ဓမေးမြန်းသော်လည်းမည်သည့်ရဟန်း

ထံကမှအဖြေမရခဲ့ပေ။ရဟန်းအပေါင်းတို့သည်မိလိန္ဒမင်းနှင့် မယှဉ်ပြိုင်နိုင်သောကြောင့် ဆိတ်ဆိတ်သာ နေကြကုန်၏။

ထိုအခါ အံ့သဂုတ္တမထေရ်ပင်လျင် ဤသို့တဖ်ဖန်ထပ်မံ မိန့်မြွက်တော်မူ၏။

''ငါ့ရှင်အပေါင်းတို့-တာဝတိံသာနတ်ပြည်ဝေဇယန္တာ နန်းပြာသာဒ်၏အရှေ့မြောက်ထောင့်မှာ ကေတုမတီအမည် ရှိတဲ့ဗိမာန်တစ်ခုရှိတယ်။ထိုကေတုမတီဗိမာန်မှာနေတဲ့''မဟာသေန''နတ်သားဟာ မိလိန္ဒမင်းနဲ့ဖက်ပြိုင်ပြီး ဆွေးနွေးပြောဆိုနိုင်စွမ်းရှိသူဖြစ်ပေတယ်။ထိုမဟာသေနနတ်သားဟာမိလိန္ဒမင်းရဲ့ယုံမှားသံသယတွေကိုလည်း ပယ်ဖျောက်ရှင်းလင်းနိုင်စွမ်းသူဖြစ်တဲ့အတွက် ငါတို့သူ့ထံကို သွားကြရမယ်''

ဆိုဖြင့်ပင် ရဟန်းအပေါင်းတို့သည် ယုဂ်န္ဓရတောင်ထိပ်မှ သည်-တာဝတိံသာနတ်ပြည်သို့ တညီတညွတ်တည်းကြွရောက်ကြကုန်၏။သိကြားမင်းသည် တိုရဟန်းအပေါင်းကို အဝေးကပင် ကြိုတင်မြင်နှင့်လေသောကြောင့် မိမိစံရာ တာဝတိံသာနတ်ပြည်သို့ရောက်လျင် ရောက်ချင်းပင် အသဂုတ္တမထေရ်ရှိရာသို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးပြီးနောက်....

''အရှင်ဘုရား-မျှားစွာသောရဟန်းအပေါင်းတို့နှင့် ယခုကဲ့သို့ ကြွလာရခြင်းသည်ကား အဘယ်အကြောင်းကိုစွရှိပါ၍နည်း။ တပည့်တော်သည် ရဟန်း သံဃာ အပေါင်းတို့၏အစောင့်အရှောက် အလုပ်အဆံကျွး ဖြစ်ပါသည်။ အရှင်ဘုရားတို့ အလိုရှိရာကို မိန့်မြွက်တော်မူပါဘုရား''ဟုလျှောက်ထား တောင်းပန်ခြင်းပြု၏။

အဿဂုတ္တ မထေရ်မြတ်က သိကြားမင်းကို ဤသို့ တုံ့ပြန်ဖြေကြားတော်မူ၏။

“ဒကာတော်သိကြားမင်း.... ငါတို့လာခဲ့သည်ကား လူ့ပြည်မှ မိလိန္ဒမင်းနှင့်စပ်လျဉ်းတဲ့ ကိစ္စအတွက် ဖြစ်ပေတယ်။ ဇမ္ဗူဒီပါကျွန်း၊ သာဂလမြို့မှ မိလိန္ဒမင်းဟာ များစွာသော လောကီပညာမျာ်းကို တတ်ရုံသာမဟုတ်သေးဘူး၊ သုရားဟာ ပိဋ္ဌကတ်ကျမ်းဂန်မျာ်းကိုလဲ အလွန်တရာ ကျမ်းကျင်တတ်မြောက်ပေတယ်။

ထို့ကဲ့သို့ တတ်မြောက်လှသောကြောင့်ပင် သူဆိုသမျှစကားဟာ သူတစ်ပါးအပေါ်မှာ နှိပ်စက်လွှမ်းမိုးနှိုင်စွမ်းရှိနေတယ်။ ရဟန်းသံဃာ အပေါင်းတို့ဟာ သူ့နှုတ်ဖက်ပြိုင်ပြောဆိုခြင်းမပြုဝံ့ကြဘူး။ သူကသာပြဿနာအမျိုးမျိုး မေးမြန်းခြင်းအားဖြင့် ရဟန်းသံဃာအပေါင်းကို နှိပ်စက်ညှဉ်းဆဲသလိုဖြစ်နေတယ်။ လူအများတို့မှိုခိုကိုးကွယ်ရာ ရဟန်းပုဏ္ဏားများထက်ပင် သူကသာလွန်ပိုမိုပြီး မြင့်မြတ်သလိုဖြစ်နေတဲ့အတွက်ကြောင့်လဲ သူ့ကို ဆိုဆုံးမနိုင်သူ ဆုံးမနိုင်တဲ့အဖြစ် မရှိရာရောက်နေပေတယ်”

ထိုအခါသိကြားမင်းက“အရှင်ဘုရား၊အရှင်ဘုရားမိန့်ဆိုတိုင်းပင် မှန်ပါသည်၊ မိလိန္ဒမင်းသည် တပည့်တော်တို့ပြည်မှ စုတေသွားသူဖြစ်ပါသည်”ဟု တုံ့ပြန် လျှောက်ထားကာ ဤကဲ့သို့ တစ်ဖန် ထပ်မံလျှောက်ထားပြန်၏။

“အရှင်ဘုရား၊ ကေတုမတီမည်သော ဗိမာန်တွင် ‘မဟာသေန’ဟူသော နတ်သားတစ်ပါးရှိပါသည်။ ထိုနတ်သား

သည် မိလိန္ဒမင်းနှင့်ဖက်ပြိုင်၍ ဆွေးနွေးပြောဆိုနိုင်စွမ်းရှိသူ ဖြစ်ပါသည်၊ မိလိန္ဒမင်း၏ ယုံမှားသံသယမျှားကိုပယ်ဖျောက် ခြင်းဌာလဲစွမ်းနိုင်ပါလိမ့်မည်၊ တပည့်တော်တို့သည် ထိုမဟာ သေနနတ်သားကို လူ့ပြည်၌ဖြစ်စိမ့်သောဌာ သွားရောက် တောင်းပန်ကြပါကုန့်အံ့''

သိကြားမင်းသည် ထိုသို့ပြောဆို လျှောက်ထားပြီးသော် သူပင်လျှင် ရဟန်းအပေါင်းတို့၏ ရှေ့သွားခေါင်းဆောင် ပြုလျက် မဟာသေနနတ်သားရှိရာ ကေတုမတီဗိမာန်တွင်းသို့ ဝင်လေ၏။ ထိုနောက် မဟာသေနနတ်သားကို ရင်းနှီးကျွမ်း ဝင်စွာ တွဲဖက်လျက်....

''ချမ်းသာစွာဘော မဟာသေနနတ်သား၊သင်နတ်သား ကို ယခုဆောက်လာကြကုန်သော ရဟန်းသံဃာအပေါင်းတို့က ပင် လူ့ပြည်၌ ပဋိသန္ဓေ နေစိမ့်သောဌာ တောင်းပန်ကြကုန် သည်''ဟု စတင် ပြောဆိုလိုက်၏။

ထိုအခါ မဟာသေနနတ်သားက-

''အရှင်ဘုရားတို့-ဘပည့်တော်သည် အမှုကိစ္စ မျှားပြား လှစွာသော လူ့လောကတွင် မနေလိုပါ၊ ယခုတည်ရှိနေဆဲ နတ်ပြည်မှသည် အထက်နတ်ပြည်မျှားသို့ အဆင့်ဆင့်တက်၍ နောက်ဆုံး၌ ပရိနိဗ္ဗာန်ပြုလိုသောစိတ်သာ ရှိပါသည်''ဟု ပြန်လည် လျှောက်ထား၏။

ရဟန်းအပေါင်းတို့က သုံးကြိမ်တိုင်တိုင်ထပ်မံတောင်းပန် သော်လည်း မဟာသေနနတ်သားသည် ပထမဆိုခဲ့ပြီးစကား အတိုင်းသာလျှင် လူ့ပြည်တွင် ပြောင်းရွှေ့ ဖြစ်မြောက်ရန်



အချင်းသူဇောဘ်ကောင်းနတ်သား၊ မိလိန္ဒမင်းကို ဆုံးမရန်နှင့် မြတ်စွာဘုရား သာသနာတော်ကို ချီးမြှောက်ရန် အတွက် လူ့ပြည်သို့ ပြောင်းရွှေ့ ဖြစ်မြောက်စေချင်ပါသည်။

လက်မခံဘဲရှိနေ၏။ သို့ဖြင့် နောက်ဆုံးဝင် အာသဂုတ္တမထေရ် မြတ်ကိုယ်တော်တိုင် မဟာသေန နတ်သားကို ဤသို့လျှင် အလေးအနက် ဘောင်းပန် တိုက်တွန်းရလေ၏။

''အချင်းမဟာသေနနတ်သား၊ ငါတို့သည် မိလိန္ဒမင်း၏ ယုံမှားသံသယကို ပယ်ဖျောက်ရန်အတွက် လည်းကောင်း၊ ပိဋကတ်သုံးပုံအရာတွင် မိလိန္ဒမင်းနှင့် တန်းတူညီမျှဆွေးနွေးပြောဆိုရန်အတွက် လည်းကောင်း၊ မိလိန္ဒမင်း၏ ချတ်ယှင်းသောအယူဝါဒကိုဖျက်ဆီး၍ ဘုရားရှင်၏သာသနာတော်ကို ချီးမြှောက်ရန်အတွက်လည်းကောင်း၊ အဘက်ဘက်မှ စုံမ်းနိုင်သူကိုလိုက်လံရှာဖွေရာ၌နတ်နှင့်တကွသော လောကအား လုံးတွင်သင်နတ်သားမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှမမြင်မတွေ့ရပါ။ သင်နတ်သားသည်သာလျှင် မိလိန္ဒမင်း ထက်သာလွန်ထူးကဲ၍ အယူမှန်ဝါဒမှန်၌ တည်ငြိစွဲနိုင်မည့်သူ ဖြစ်ပါသည်။ သာသနာတော်ကိုလည်း ချီးမြှောက်နိုင်မည့်သူလည်း ဖြစ်ပါသည်။

အချင်းသူတော်ကောင်းနတ်သား၊ ငါအစရှိသောရဟန်းသံဃာတော်အပေါင်းတို့သည်သင်နတ်သားအား အနှူးအညှတ်ဝင်းပန်ပါသည်။ မိလိန္ဒမင်းကိုဆိုဆုံးမရန်သာမဟုတ်သေး ဘုရားရှင်၏ သာသနာတော်ကို ချီးမြှောက်ရန်အတွက်လည်း သင်နတ်သားကို လူ့ပြည်သို့ပြောင်းလဲဖြစ်မြောက်စေချင်လှပါသည်''

မဟာသေန နတ်သားသည် ထိုအခါတွင်ကား အလွန်ပင် စမ်းမြောက် ရှင်လန်းခြင်း ဖြစ်သွားရလေသည်။ အဘယ်ကုတ္တာ မထေရ်မြတ်၏စကားအရ "ငါကား မိလိန္ဒမင်း၏အယူဝါဒကိုဖျက်ဆီးသုတ်သင်၍သာသနာတော်ကိုချီးမြှောက် ထောက်ပံ့ရန်ဖြစ်ပေသည်တကား" ဟုတွေးတောဆင်ခြင်လိုက်မိသောကြောင့် ဖြစ်သည်။ သို့ဆင်ခြင်မိသောကြောင့်ပင် မိမိကိုယ် မိမိအလွန်ပင် အားရနှစ်သက် ကျေနပ်ခြင်း ဖြစ်ရသည်နှင့် အမျှ သံဃာတော် အပေါင်းကိုလည်း ကောင်းစွာပင် ကတိစကား ဆိုလိုက်သည်။

"မှန်လှပါတပည့်တော်သည် အရှင်ဘုရားတို့ အလိုဆန္ဒတောင်းပန်တိုက်တွန်းကြသည့်အတိုင်းပင် လူ့ပြည်တွင် သွားရောက်ဖြစ်တည်ပါတော့မည်ဘုရား"

ရောဟဏမထေရ်နှင့် တာဝန်ပိုင်း

မဟာသေန နတ်သားက ထိုကဲ့သို့ ကောင်းစွာ ကတိပေးလိုက်သောအခါ အဃုတ္တ အမှုးရှိသော ရဟန်းအပေါင်းတို့သည် တာဝတိ သာမှသည် မိမိတို့ သီတင်းသုံး နေထိုင်ရာ ဟိမဝန္တာတောင်ရက္ခ တကုန်းပြင်သို့ ဝမ်းမြောက် ဝမ်းသာ ပြန်လည်ရောက်ရှိလာခဲ့ကြလေသည်။

ထိုနောက် အစည်းအဝေးလုပ်စဉ်က ရောဟဏ မထေရ်သည် ဟိမဝန္တာတောင်ခေါင်းထဲ၌ နိရောဓ သမာပတ်ကို

ဝင်စား:ကာ အစည်း:အဝေး:သို့ မရောက်နိုင်ဟု သိရသဖြင့် အာသဂုတ္တမထေရ်က ရောဟဏထံသို့ တမန်စေလိုက်သည်။

ရောဟဏမထေရ်လည်း သမာပတ်မှထပြီး:နောက် သံဃာတော်အပေါင်း:က မိမိကိုမျှော်လင့် တောင့်တနေကြောင်း သိရသဖြင့် ချက်ခြင်း:ပင် ရက်ခဲတကုန်း:ပြင်ရှိ သံဃာတော်များ ရှေ့.မှောက်သို့ ရောက်ရှိလာခဲ့သည်။

ထို:အခါအာသဂုတ္တမထေရ်က ရောဟဏမထေရ်အား:ဤသို့ မေး:မြန်း:တော်မူ၏။

"ငါ့ရှင် ရောဟဏ၊ ငါ့ရှင်သည် အဘယ်ကြောင့် သာသနာတော် ပျက်စီး:အံ့သည်နှင့် စပ်လျဉ်း၍ သံဃာတော်တို့ ကျင့်ဆောင်ရာသော ဝတ္တရား:ကို ပျက်ကွက်ဘိသနည်း"

"အရှင်ဘုရား၊ တပည့်တော်သည် ထိုအခြင်း:အရာကိုသတိပြု ဆင်ခြင်မိခြင်း:မရှိခဲ့ပါ"

"ကောင်း:ပြီ....ရောဟဏ၊ သို့ဆိုလျှင် ငါတို့အစည်း:အဝေး:လုပ်စဉ်က ငါ့ရှင် မလာရောက်သည့်အပြစ်အတွက် ငါ့ရှင်ကို ဒဏ်ပေး:ရချိမ့်မည်။ ယခု ငါဆိုအံ့သောစကား:ကို ကောင်း:စွာ နာခံမှတ်သား:လော့ ရောဟဏ....ငါ့ရှင် ဒဏ်ထမ်း:ရမည့်အမှုကိစ္စမှာ ဤသို့ဖြစ်သည်။

"ငါ့ရှင်ရောဟဏ ဟိမဝန္တာတောင်၏အနီး:၌ "ဂဇင်္ဂလ" ဟူသော ပုဏ္ဏား:ရွာတစ်ရွာရှိသည်။ထိုရွာ၌ သောဏုတ္တရဟူသော ပုဏ္ဏား:တစ်ဦး:လည်း:ရှိသည်။ ထိုသောဏုတ္တရပုဏ္ဏား:၌

"နာဂသေန" အမည်ရှိသော သားတစ်ယောက်ထွန်းကား ပေါ်ပေါက်လာလိမ့်မည်။

"ငါ့ရှင်သည် ထိုနာဂသေနသူငယ် ပဋိသန္ဓေနေ့သည်မှ စ၍ခုနစ်နှစ်နှင့်ဆယ်လတိုင်အောင်ပင် သောဏုတ္တရ ပုဏ္ဏား အိမ်သို့ ဆွမ်းခံခြင်းကို အကြောင်းပြု၍ သွားလာ ဝင်ထွက် နေရမည်။ နောင်-နာဂသေနသူငယ်မွေးဖွား၍ လူ့ဘောင်သို့ ရောက်လာသောကာလ၊ ထိုသူငယ်ကို ဖခင်ပုဏ္ဏား ကြီးအိမ်မှ ထုတ်ယူဆောင်ကြဉ်း၍ သာမဏေပြုပေးရမည်။ ငါ့ရှင် ဒဏ် ထမ်းမည့်အမှုသည် ထိုသူငယ် နာဂသေန ရှင်သာမဏေဖြစ်ပြီး သည့်အခါမှ လွတ်ချိမ့်မည်။"

ရောဟဏမထေရ်လည်း ရှင်အာသဂုတ္တာ အဆိုအမိန့်ကို ကောင်းစွာနာခံမှတ်သားပြီးသော်၊ "ကောင်းလှပါပြီ-အရှင် ဘုရား ဒဏ်ပေးသည့် အဝိုင်းပင် တပည့်တော် ကောင်းစွာ လိုက်နာဆောင်ရွက်ပါမည်ဘုရား...." ဟု ကတ်ပြုပေ၏။

ရှင်နာဂဇေသန ဘဖလောင်းအလှူ

ဗဟာသေနနတ်သား သည် ရဟန်းတော်များကိုကတိပေး လိုက်ပြီးနောက် နတ်ပြည်မှ စုတေကာ သောဏုတ္တရ ပုဏ္ဏား ကြီးဏိမယားထံ၌ ပဋိသန္ဓေ တည်နေလာခဲ့၏။ ထိုအခါ၌ နာဂသေနအလောင်းအလှူအဖြစ် ပဋိသန္ဓေတည်နေမိသည် နှင့်တစ်ပြိုင်နက်ပင် လက်နက်တို့သည်လည်း တဖြောင်ဖြောင် အဝေးရောင်တောက်ကုန်၏။ မိုးသည်လည်းအခါမဟုတ်ဘဲ ရွာသွန်း၏။ ရွာသည့်အခါ၌လည်း သည်းထန်လှစွာ၏။

ရှင်ရောဟဏမထေရ်လည်းဒါသဲကုတ္တမထေရ်မြတ်အထံဘွဲ့ပေးခဲ့သောကထိစကားအတိုင်းပင် ရှင်နာဂဆေနအလောင်းအလျားပဋိသန္ဓေစတင်တည်ဖန်သည့်အချိန်မှ ခုနစ်နှစ်နှင့်ဆယ်လတိုင်တိုင် ပုဏ္ဏားကြီးအိမ်သို့ ဖန်စည်မပြတ် ဆွမ်းခံဝင်ရောက်လေသည်။သို့သော် ထိုပုဏ္ဏားကြီးအိမ်မှ အနည်းငယ်မျှသော ဆွမ်းကို အပထား၍ဘိုးခြင်း လက်အုပ်ချီခြင်းဟူသော အရိုအသေပြုခြင်းကိုပင် တပ်ခါတစ်ရံမျှ မခံယူဖူးခဲ့ပေ။စင်စစ်မှာကား ဆဲရေးရေရွတ်ခြင်း၊ ကြိမ်းမောင်းဟစ်အော်လွှတ်ခြင်းဖြင့်သာ ကြိုက်ဖွတ်ဆဲဆိုခဲ့ရလေသည်။

ခုနစ်နှစ်ဆယ်လလွန်ပြီးသောတစ်နေ့တွင်ကား သောဏုတ္တရပုဏ္ဏားကြီး၏မယား ဖြစ်သူ ပုဏ္ဏားမသည် ရှင်ရောဟဏာဘွဲ့မ်ား ခံဝင်လာစဉ် ''ကနဲဒဘဝပါ၏'' ဟု ဆိုလိုက်၏။ထိုနေ့မှာပင် သောဏုတ္တရပုဏ္ဏားကြီးနှင့် ရှင်ရောဟဏတို့သည်ခရီးလမ်းမဦးရင်ဆိုင်တွေ့ဆုံမိကြ၏။

ထိုအခါဦး ပုဏ္ဏားကြီးက ''ရှင် ရဟန်း-ငါတို့ အိမ်သို့ ရောက်ခဲ့ဖူးသလော''ဟု မေး၏။

ရှင်ရောဟဏက ''ရောက်ခဲ့၏'' ဆိုသော်-

''တစ်စုံတစ်ရာ ရခဲ့သေးသလော''ဟုထပ်ဆင့်မေးပြန်၏။

ရှင်ရောဟဏက ''ရခဲ့၏''ဆိုပြန်သော် ပုဏ္ဏားကြီးသည် အိမ်သို့ ပြန်ရောက်သည်ဦး မိမိ၏မယားဖြစ်သူကို-

''ရှင်ရဟန်းအား တစ်စုံတစ်ခု ပေးလိုက်သလော-''ဟု မေးပြန်လေသည်။

ပုဏ္ဏားမလည်း ဟုတ်မှန်သည့်အတိုင်းပင် "ပစ္စည်းတစ်စုံတစ်ရာကိုကား မည်သည်မျှ မပေးပါ ကန်တော့ပါ၏ဟူသော စကားကိုသာဆိုလိုက်ပါသည်" ဟု ပြန်ပြောလေ၏။

နောက်တစ်နေ့နံနက်၌ ပုဏ္ဏားကြီးသည်အိမ်ပေါက်ဝတွင် အသင့်စောင့်လင့်၏။ ရှင်ဗိရဟန်းလာလျှင် မဟုတ်မမှန်ပြော သလောဟု ဆီး၍ အပြစ်ဆိုရန် ဖြစ်၏။ ရှင်ရောဟဏလည်း ခါတိုင်းကဲ့သို့ပင် ပုဏ္ဏားကြီးအိမ်သို့ရောက်လာခဲ့၏။ထိုအခါ၌ ပုဏ္ဏားကြီးသည်ရှင်ရောဟဏကိုမြင်လိုက်သည်နှင့်တစ်ပြိုင်နက် မှာပင်....

"ရှင်ရဟန်း-ယမန်နေ့ကကျွန်ုပ်ဟိုအိမ်မှ မည်သည့်ပစ္စည်း တစ်စုံတစ်ရာမျှမရဘဲလျက် အဘယ့်ကြောင့် ရခဲ့သည် ဆိုရ သနည်း။ ရှင်ရဟန်းတို့အား မဟုတ်မမှန် ပြောဆိုခြင်းသည် မပြုကောင်းသော မအပ်စပ်သော အရာ မဟုတ်လော-" ဟု အပြစ်ဆိုခြင်း ပြု၏။

ထိုအခါ၌ ရှင်ရောဟဏက-

"ပုဏ္ဏား-ငါ့စကားသည်မဟုတ်မမှန်ဆိုခြင်းမဟုတ်၊ ဟုတ်မှန်သည့်အတိုင်းသာဆိုခြင်းဖြစ်ပါတယ်၊သင်တို့အိမ်ဝယ် နှစ်ရှည်လများ ဆွမ်းခံလာခဲ့ရာ၌ ငါ့အား သင်တို့သည် ဆွမ်း တစ်ယောက်မ ဟင်းချိုတစ်ဇွန်းမျှ လှူဒါန်းရန်ကိုအံ့ပထား၍ ကန်တော့ပါ၏ဟူ၍ပင် တစ်ခါမှ မဆိုခဲ့စဖူး ဖြစ်တယ်"

''ဒီနေ့တော့ သင်ရဲ့ ပုဏ္ဏားမကြီးက ''ကန်တော့ပါ၏'' ဆိုတဲ့စကားကိုတစ်ခါမျှမဆိုစဖူးဆိုလိုက်ပေတယ်၊ထို့ကြောင့် ပင် သင့်အိမ်မှတစ်စုံတစ်ခုရခဲ့တယ်လို့ ငါပြောရခြင်း ဖြစ်ပေ တယ်'' ဟု ပြန်လည်ရှင်းပြ၏။

သောဏုတ္တရ ပုဏ္ဏားကြီးသည် ထိုအခါ၌ ရှင်ရောဟဏ မထေရ်အား မေတ္တာစိတ်သက်ဝင်သူးမိလေသည်။ထို့နောက် ''ဒိရှင်ရဟန်းကြီဟာကန်တော့ပါ၏ဆိုတဲ့ပါးစပ်လောက်တ် စကားကလေးကိုတောင် ချီးမွမ်းဝမ်းမြောက်ဘတ်ပေတယ်၊ တကယ်လို့မျှ အစားအသောက် အသုံးအဆောင် ပစ္စည်း တစ်ခုခုကို လှူဒါန်းပေးကမ်းလိုက်မယ် ဆိုရင်တော့အင်မတန် ကို ချီးမွမ်းဝမ်းမြောက်ကြပေမှာပဲ''ဟု၍လည်း တွေးလိုက် မိပြန်သည်။

သို့ဖြင့် သူစားမည့် ထမင်းဆဲမှ တစ်ယောက်စာ မျှသော ထမင်းကို သင့်လျော်ရာ ဟင်းအနည်းငယ်နှင့် ရောဖက်ကာ ရှင်ရောဟဏ်အားလှူဒါန်.ပြီးနောက် ဤသို့လည်း ဆက်လက် ပြောလိုက်လေသည်။

''ရှင်ရဟန်း-ကျွန်ုပ်တို့အိမ်မှာ ရှင်ရဟန်းအတွက်နေ့တိုင်း နေ့တိုင်းမှာပဲ အခုလောက်ရှိတဲ့ စားဖွယ်ကိုတော့ ရနိုင်ပါ လိမ့်မည်''

နာဂသေနဘတ္တိသား ပညာသင်ခြင်း

ရှင်ရောဟဏသည် ပုဏ္ဏားကြီးထံမှ ထိုသို့သောဖိတ်ကြား မှုကိုရရှိခဲ့ပြီး နောက်နေ့မျှားတွင် ပုဏ္ဏားကြီးအထံရောက်လာ

သောအခါ ပုဏ္ဏားကြီးသည် မထေရ်မြတ်၏ တည်ကြည်ငြိမ်သက်စွာသော ဣန္ဒြေကိုအတိုင်းထက် အလွန်နှစ်သက်ကြည်ညိုမိပြန်လေသည်။

သို့ဖြင့် နွေစဉ်တိုင်းမှာပင် မိမိအိမ်ထက်၌ ဆွမ်းဘုဉ်းပေးရန် ဖတ်ခင်းပန်သည်။ မထေရ်က ကောင်းစွာပင် လက်ခံသဖြင့် သောဏုတ္တရပုဏ္ဏားကြီးသည်ရောဟဏမထေရ်ကို နွေစဉ်နွေတိုင်းဆွမ်းကပ်ခြင်းပြုရလေသည်။မကြာမီသည် ဆွမ်းစားပြီးသည့်အခါ ပုဏ္ဏားကြီးနှင့်သင့်တန်ရုံဖြစ်သောဟရားတော်ကို ဟောကြားပြီးမှ အခြားသို့ ကြွသွားတော်မူလေ့ ရှိလေသည်။

ပုဏ္ဏားကြီး၏မယားသည် ထိုကာလအတွင်း၌ပင် "နာဂသေန" သတို့သားငယ်ကို မွေးဖွားလေသည်။ နာဂဒေါနတို့သားသည်တဖြည်းဖြည်းကြီးပြင်းလျှင်နှစ်အရွယ်ငယ်ရောက်လာသောအခါ၌ ဖခင်ပုဏ္ဏားကြီးက နာဂသေနကို "ချစ်သား-ငါတို့ပုဏ္ဏားမျိုးမျှသင်ကြားမြဲဖြစ်သော အတတ်ပညာကို သင်ကြားပါလေ့" ဟု ဆို၏။

"ဖခင်-ကျွန်ုပ်တို့ ပုဏ္ဏားမျိုးမျှ သင်ကြားအပ်သော အတတ်ပညာဟူသည် အဘယ်သို့သော အတတ်ပညာဖြစ်ပါသနည်း-"

"ချစ်သား-ငါတို့သင်ကြားအပ်သောအတတ်ပညာကား

ဓမ္မဒင်သုံးပုံအတတ်ပင်ဖြစ်ဖတ္ဝ့သည်။ အခြားသောသင်သင့်သင်ထိုက်ရာ အတတ်ပညာတို့လည်း ရှိလေ၏”

“ဖခင်ဘိုသို့ဆိုသော် ကျွန်ုပ်သည် ဖခင်သင်စေချင်သည့် ဖခင်တိုင်းပင် သင်ပါအံ့”

ထိုအခါ ဖခင်ဖြစ်သူ သောဏုတ္တရပုဏ္ဏားကြီးသည်တစ်ဦး သောဏရပုဏ္ဏားကို အသပြာတစ်ထောင်ပေး၍မိမိသားငယ် နာဂသေနကို ပညာသင်စေ၏။ နာဂသေန သတို့သားသည် ပြာသာဒ်ထက်တွင်နေကာ ဆရာဖြစ်သူအထံမှပညာယူကြား ရာ၌အနည်းငယ်ကလေး စတင်သင်ကြား၍မှုဖြင့်ပင် ဓမ္မဒင် သုံးပုံကိုကောင်းစွာနှလုံးသွင်း ဆင်ခြင်ခြင်းပြုမိ၏။ ထို့နောက် ကျမ်းအသီးသီးတို့ကိုလည်း အကြွင်းမရှိအောင် တတ်မြောက် ကျွမ်းကျင်ပေ၏။

နာဂသေနသည် ဖခင်ကြီးကို ပြန်လည်မေးမြန်း၏။

“ဖခင်-အကျွန်ုပ်တို့ပုဏ္ဏားမျိုးမှာ ဓမ္မဒင်သုံးပုံအတတ် ပညာထက်လွန်သော ပညာရုပ်မျိုး ရှိပါသေးသလော-”

“ချစ်သား-ငါတို့အမျိုးဥစ္စာ ဓမ္မဒင်သုံးပုံထက် လွန်သော ပညာဟူ၍ မရှိပြီ။ ဤအတတ်ပညာသည်သာလျှင် ငါတို့သင် အပ်သော အတတ်ပညာဖြစ်ချေ၏”

နာဂသေနသတို့သားသည် ထိုအခါ၌ဆရာဖြစ်သူအား လိုက် သင့်သော လာဘ်သပ်ယာကိုပေးကာ ပြာသာဒ်ထက်မှဆင်း

ခဲ့၏။ထို့နောက် ဆိတ်ငြိမ်ရာတွင်နေကာ ရှေးရှေးကဝါသနာအထုံပါခဲ့သည့်အတိုင်း မိမိ၏သင်ကြားပြီး အတတ်ပညာကို ပြန်လည်ဆင်ခြင်ကြည့်မိ၏။ သို့ဆင်ခြင်ရာ၌ ဗေဒင်သုံးပုံအတတ်ပညာသည် အစ အလယ် အဆုံး သုံးဖက်လုံးမှာပင် လျှင်ဘာတစ်ခုမျှအနှစ်သာရမရှိသည်ကိုတွေ့မြင်သိရှိလာခဲ့၏။

ထို့ကြောင့်လည်း ဗေဒင်သုံးပုံဟူသော အတတ်ပညာနှင့် ပတ်သက်၍ 'ဘာတစ်ခုမျှအနှစ်သာရမရှိလေတကား၊အချည်းနှီးသာဖြစ်လေစွတကား'' စသည်ဖြင့်ညည်းညူ။ ရေရွတ်ကာ စိတ်မချမ်းမြေ့ခြင်း ဖြစ်မိ၏။

ထိုအခါ၌ ရောဟဏမထေရ်သည် ဝတ္ထုနိယကျောင်းတိုက်ဘုင် သီတင်းသုံးနေထိုင်လျက်ပင်နာဂသေနသတို့သား၏စိတ်မချမ်းမြေ့မှုကို စေတောပရိယအဘိညာဉ်တန်ခိုးဖြင့်သိတော်မူလေရကား ချက်ချင်းပင်လျှင် သင်္ကန်းကိုရုံကာ သပိတ်ကိုလွယ်ကာဖြင့် နာဂသေနသတို့သား၌ရာသို့ ရှေးရှုလာခဲ့၏။

နာဂသေနသတို့သားသည် ရောဟဏမတေရ်အား အဝေးကပင် ကြိုတင်မြင်နှင့်၏။ မထေရ်မြတ်၏ တည်ငြိမ်စွာသော ယွန်ခြေနှင့်အဆင်းအသွင်ကို မြင်ရခြင်းအားဖြင့်လည်း ရှင်လန်းဝမ်းမြောက်ခြင်းဖြစ်မိသည်နှင့်အမျှ ဤသူ့အထံတွင် ''အနှစ်သာရနှင့် ပြည့်စုံသည့်တစ်စုံတစ်ခုသောတရား ရှိတန်ကောင်းသည်၊တရားစကားကို ကြားရတန်ကောင်းသည်'' ဟုကြိုတင်တွေးကြံမိ၏။

သို့ဖြင့် ရှင်ရောဟဏထံပါးချဉ်းကပ်ကာ ဤသို့စတင်မေးမြန်းခြင်း ပြု၏။

"ဖျော့တော့သော ဖန်ရည်စွန်းဝတ်ရုံကို ဆင်မြန်းလျက် လာအပ်သောအိုအချင်း-သင်သည်ကား အဘယ်အမျိုးအနွယ် ပါနည်း"

"သတို့သားငယ် ငါသည်ကား- ရဟန်းအမျိုးအနွယ် တည်း"

"အို....အချင်းရဟန်း၊ သင်သည် အဘယ်ကြောင့်ရဟန်း မည်ပါသနည်း"

"အို-သတို့သားငယ်၊ ငါသည် ယုတ်မာသော အကုသိုလ် တရားတို့ကို နှင်ထုတ် ဖယ်ခွာလိုသောကြောင့် ရဟန်းပြုခြင်း ဖြစ်ပေတယ်၊ ထို့ကြောင့်လည်း 'ရဟန်း' ဟူ၍ မည်တွင်ရခြင်း ဖြစ်ပေတယ်"

"ရှင်ရဟန်းအသင်၏ဦးခေါင်းသည်သူတစ်ပါးနှင့်မတူဘဲ တကား၊ အသင်၏ ဦးခေါင်းထက်တွင် ဆံပင် မရှိခြင်းသည် အဘယ့်ကြောင့်ပါနည်း"

"အို-သတို့သားငယ် ငါ့ဦးခေါင်းထက်၌သူတစ်ပါးကဲ့သို့ ဆံပင်မရှိခြင်းသည်ကား ဆံပင်ကိုအမှီပြု၍ ဖြစ်ပေါ်လာအပ်သောတစ်ဆယ့်ခြောက်ပါးသောအပြစ်တို့ကိုရှောင်ကွင်းလို၍ ပင်ဖြစ်ပေတယ်၊ အချင်း- သတို့သားငယ်- မုတ်ဆိတ် ဆံပင် ထားရှိခြင်းဟူသည် တစ်ဆယ့်ခြောက်ပါးသော အပြစ်တို့ ရှိပေတယ်"

ရောဟဏမထေရ်သည် နာဂဇေနသတို့သားကို သိုလျှင်စကားကြောင်းပြီးနောက် ထို တစ်ဆယ့်ခြောက်ပါးသော အပြစ်တို့ကို တစ်ခုချင်း ရေတွက်ရှင်းလင်းပြလေ၏။

နောက်ဆုံးဌ....

"အချင်းသတို့သားငယ်၊ မုတ်ဆိတ်ဆံပင် ထားရှိခြင်းဌ ထိုသို့သော အပြစ်တစ်ဆယ့်ခြောက်ပါးကြောင့်ပင်လျှင်သည် တွေဝေမိုက်မဲခြင်းဘို့ ရောက်ကုန်ကြ၏။ သိမ်မွေ့နက်နဲသော အတတ်ပညာတို့သည်လည်း ပျက်စီး ပျောက်ကွယ်ကုန်၏" ဟု ဆိုပေ၏။

နာဂဇေသနုသတို့သားကား ထိုအခါဌ ရှင်ရောဟဏဝတ်ရုံ အပ်လေသော်သက်ဦးနှင့် စပ်လျဉ်းဌ ဤသို့ဖြေးမြန်းပြန်၏။

"ရှင်ရဟန်း ရှင်ဇရဟန်း၏ ပုဆိုးတို့သည် သူတစ်ပါးတို့၏ ပုဆိုးကဲ့သို့ မဟုတ်ဒေလ၊ အဘယ်ကြောင့်ပါနည်း"

"အို....သတို့သားငယ်၊ လူတို့ ဝတ်ဆင်အပ်သော ပုဆိုးဟူသည်ကား စွဲလမ်း တပ်မက်ခြင်းနှင့် ယှဉ်စပ်ခြင်းရှိ၏။ ထို့ကြောင့်ပင် တစ်စုံတစ်ခုသော ဖောဟရန်သည်လည်း ကြိုတင်မတွေးမြင်ဘဲလျက်ပင် အမှတ်မထင်ပေါ်လာတတ်၏၊ ငါတို့ ဝတ်အပ်သောပုဆိုးသည်ကား ထိုထို့ဖောဟရန်အနှောင့်အယှက်တို့ကိုမဖြစ်စေကုန်၊ ထို့ကြောင့်လည်း ငါတို့၏ ဖန်ရည်စွန်းသော ဝတ်ရုံပုဆိုးသည်လူတို့၏ပုဆိုးနှင့်မတူသည်သာတည်း"

"ရှင်ရဟန်း....ရှင်ရဟန်းသည် တစ်စုံတစ်ခုသော အတတ်ပညာကို တတ်သိပါသလော...."

"အို....သတို့သားငယ် ငါသည် လောကအတတ်ပညာကိုလည်းတတ်၏၊ ထိုလောကထက် လွန်မြတ်သောအတတ်ပညာကိုလည်း တတ်ပေ၏"

"ရှင်ရဟန်း....အကျွန်ုပ်အား လောကထက်လွန်မြတ်သော အတတ်ပညာကို ပေးခြင်းငှာ တတ်ကောင်းပါ၏လော...."

"အချင်း သတို့သား၊ ငယ်၊ လောကထက် လွန်မြတ်သော အတတ်ပညာ သင့်အား ငါပေးနိုင်၏"

"ရှင်ရဟန်း သို့ဆိုလျှင် ထိုအတတ်ပညာကို ယခုပင်လျှင် အကျွန်ုပ်အား ပေးပါလော့"

"အို-သတို့သား၊ ယခုလောလောဆယ်တွင်မူ အခါအခွင့် မဟုတ်သေး၊ တကား"

ရောဟဏမထေရ်နှင့် နာဂသေန လုလင်တို့သည် ထိုသို့ ပြောဆိုကြပြီး နောက် သောဏုတ္တရ ပုဏ္ဏား ကြီး အိမ်တွင်းသို့ အတူဝင်ရောက်လာကြ၏။ နာဂသေနသည် ကောင်းစွာသော စား သောက်ဖွယ်ဝို့ကို ရှင်ရောဟဏ ကောင်းစွာ တင်းတိမ် ရောင့်ရဲလောက်သည်အထိ သပိတ်တွင်းသို့ ထည့်သွင်းပြင်ဆင် ပေးကာ ရောဟဏမထေရ်အား အနီးစောင့်၍ ကျေးမွေး ဆက်ကပ်လေ၏။ နောက် မထေရ်မြတ် ဆွမ်းစားပြီး တစ်ပြိုင် နက်မှာပင်....

"ရှင်ရဟန်း....လောကထက်လွန်မြတ်သော အတတ်ပညာကို အကျွန်ုပ်အား ပေးပါဘုရော့" ဟု ဆို၏။

မထေရ်မြတ်က ဤသို့ ပြန်လည်မိန့်ဆိုတော်မူ၏။

"အချင်း သတို့သား၊ သင်လိုအပ်သော အတတ်ပညာကို ယခု အခြေအနေအတိုင်း ပေးလို့ မဖြစ်နိုင်ပေဘူး။

ဒီပဲညာကိုလိုချင်ခဲ့ရင် သင်ဟာ စိတ်တည်ငြိမ်မှုလဲ ရှိရမယ်၊ သင့်မိဘမျာ:ကလဲကျေကျေနပ်နပ်ခွင့်ပြုရမယ်၊သင်ကိုယ်တိုင်ကလဲ ငါကဲ့သို့ ရဟန်:အသွင်ကို ယူရပေလိမ့်မယ်''

ထိုအခါဦးနာဂသေနသည် မိဘနှစ်ပါ: အနီ:သို့ ကပ်၍ ချက်ချင်:ပင် ခွင့်တောင်:ပန်ကြာ:ခြင်: ပြုလေ၏။

''အို....မိခင် ဖခင်တို့၊ ဤရဟန်:သည် လောကထက်လွန်မြတ်သော အစာတ်ပညာကို တတ်မြောက်သည်ဟု ဆိုပါသည်၊ ထိုအတတ်ကို သင်ယူရန်မှာလည်: သူကဲ့သို့ပင် ရဟန်:အသွင်ကိုယူမှ ဖြစ်နိုင်မည် ဆိုပါသည်၊ ထို့ကြောင့် ကျွန်ုပ်သည် ရဟန်:အသွင်ကို ခံယူပါရစေ....''

မိဘနှစ်ပါ:တို့သည် သာ:ဖြစ်သူ၏ ခွင့်တောင်:ခြင်: အတွက် ဤသို့ တွေ:တောဆင်ခြင်မိကြ၏။

''ငါတို့သာ:သည် မြတ်သောအတတ်ပညာကိုသင်ယူရန် အတွက် ရဟန်:အသွင်ကို ယူလိုလျှင် ယူပါစေ၊ အကယ်၍ ပုညာတတ်မြောက်ပြီ:လျှင် ငါတို့သာ:သည် ငါတို့ထံပင် ပြန်လာပေလတ္တံ''

သို့ဖြင့်သာ:ဖြစ်သူအာ: ရဟန်:အသွင်ယူရန် အနု:အညွတ်ပင် ခွင့်ပြုလိုက်ကြ၏။

''ကောင်:လှပြီ ချစ်သား....မြတ်သော အတတ်ပညာကို သင်ယူရန်အတွက် ချစ်သား:သည် သူကဲ့သို့ပင် ဖန်ရည်စွန်:သောအဝတ်ကို ဝတ်လိုက ဝတ်ပါလေတော့....။ ငါတို့ကောင်:စွာ ခွင့်ပြုပါ၏''

နာဂသေန ရှင်သာမဏေဖြစ်လာခြင်း

ရောဟဏမထေရ်မြတ်သည်နာဂသေနသတို့သား၊ငယ်အား၊ စတ္တနိယ ကျောင်းတိုက်သို့ ခေါ်လာခဲ့သည်။ နောက်ဝိဇမ္ဘ-ဝတ္ထုကျောင်းတိုက်တွင် တစ်ညမျှ အိပ်ပြီး၊သော် ဟိမဝန္တာတောင် ရက္ခံတလွင်ပြင်သို့ ဆက်လက် ခေါ်ဆောင်လာခဲ့သည်။ရက္ခံတလွင်ပြင်သို့ရောက်သော် မဲ့၊စွဲသော ရဟန္တာတို့အလယ်တွင် နာဂသေန သတို့သား၊ငယ်ကို ရှင်ပြုပေး၊ကာ ရှင်သာမဏေအဖြစ်ကို ရောက်စေ၏။

ထိုအခါ နာဂသေနသည် ရဟန်း၊အသွင်ယူပြီး တစ်ပြိုင်နက်မှာပင် ရောဟဏမထေရ်အား "အရှင်ဘုရား....အကျွန်ုပ်သည် အရှင်ဘုရား၊ဆိုသည့်အတိုင်း၊ပင် ရဟန်း၊အသွင်ကိုယူပြီး၊ပါပြီ။ထို့ကြောင့်လောကထက် လွန်မြတ်သော၊အတတ်ပညာကို သင်ကြား၊ပေး၊ပါလော့...." ဟုအဆော၊တလျင် ပန်ကြား၊ခြင်း၊ပြုပြန်၏။

ရှင်ရောဟဏလည်း၊ နာဂသေနသာမဏေကိုပိဋကတ်သုံး၊ပုံ အနက်မည်သည်ကစ၍ ဦး၊စွာသင်ကြား၊ပေး၊ရပါမည်နည်း၊ဟု တွေး၊တောဆင်ခြင်ကြည့်၏။ထိုအခါ၌ နာဂသေနသည် လျင်သော၊ပညာနှင့်ပြည့်စုံသူဖြစ်သဖြင့်အဘိဓမ္မာကစ၍ သင်ကြား၊ပေး၊ရန် ထင်မြင်တွေး၊ကြံမိလေ၏။

သို့ဖြင့်အဘိဓမ္မာတရား၊တော်ကိုစတင်သင်ကြား၊ပေး၊သည်၊ နာဂသေနသည် အဘိဓမ္မာ ခုနစ်ကျမ်း၊ကို အကျဉ်း၊အား၊ဖြင့်

သင်္ဘောရုံမှုဖြင့်ပင်အကျယ်ခွဲ၍ တိုးတက်ဆင့်ပွားကာ သိန်းလည်းသောဘောပေါက်လေသည်။ထို့ကြောင့်ပင် များစွာသောရဟန်းတို့ထံ ချဉ်းကပ်ကာ-

"အရှင်ဘုရားတို့ တပည့်တော်သည် ကုသလာ ဓမ္မာ-အကုသလာ ဓမ္မာ-အဗျာကတာဓမ္မာဝေသော ဤတရား တို့၌ အလုံးစုံသောပရမတ္ထတရားတို့ကိုထည့်၍အဘိဓမ္မာပိဋကတ်ကို အကျယ် အဋ္ဌကထာနှင့်တကွ ဆုံးဖြတ်နိုင်ပါ၏" ဆိုလေသော် ရဟန်းဘိုလည်း-

"ကောင်းလှပြီ ငါ့ရှင် နာဂဒေသနးသို့ဆိုလျှင် အဘိဓမ္မာ ပိဋကတ်ကိုအကျယ်အားဖြင့် ဆုံးဖြတ်ပါလေလော့" ဟု တို့. ပြန်ဆိုတော်မူကြကုန်၏။

ရှင်နာဂဒေသန သာမဏေလည်း ဓိမိဆိုခဲ့သောအတိုင်းပင် ရဟန်းများစွာတို့၏ဆန္ဒနှင့်အညီအဘိဓမ္မာခုနစ်ကျမ်းကို ခုနစ်လတိုင်တိုင်ပင် အကျယ်အားဖြင့် ဆုံးဖြတ်ခြင်းပြု၏။ ထို အခါဓမ္မကြီးသည်လည်း ပဲ့တင်ထပ်၏။ နာဂ်တို့သည်လည်း ကောင်းချီးပေး၏၊ဗြဟ္မာတို့သည်လည်း လက်ပမ်းပေါက်တီး ကုန်၏။ နတ်၌ဖြစ်သော စန္ဒကူးနံ့ သာမိုး ပန်းမိုးတို့သည် လည်း ကြိုးကျပ်ထင်ရှားစွာ ရွာကုန်၏။

ရှင်နာဂဒေသန ဟုဟန်းဖြစ်လာခြင်း

သာမဏေ ရှင်နာဂဒေသနသည်တစ်နေ့ထက်တစ်ခန့်ဖြင့်အ သက်နှစ်ဆယ်ပြည့်မြောက်လာသောအခါရဟန္တာပေါင်းများ

စဉ်တို့သည် ရှင်နာဂဒေသနကို ရဟန်းပြု ပေးကုန်၏။ သို့ဖြင့် ရဟန်းဖြစ်မြောက်ပြီးနောက် တစ်နေ့တွင် ရဟန်း ရှင်နာဂသေနသည် ဥပဇ္ဈာယ်ဆရာဖြစ်သူ ရှင်ရောဟဏနှင့်အတူတစ်ခု သောရထားတွင်းသို့ ဆွမ်းခံဝင်ရာ၌ ခရီးစပ်ကြားတွင် ဤသို့ တွေးကြံမိ၏။

"ငါဆရာသည် လွဲမှားလေစွတကား၊ ငါ့ကို ပညာသင်ပေးရာ၌ တရားတော်ကို အပထား၍ အဘိဓမ္မာကိုသာ သင်ပေးလေသည်တကား...."

ထိုအခါ၌ ရောဟဏမထေရ်သည် ရှင်နာဂသေန၏ တွေးကြံပုံကိုသိ၍ "ငါ့ရှင်နာဂသေန....သင်သည် မလျော်ကန်သောအကြံကို ကြံလေစွတကား" ဟု ဆို၏။

ရှင်နာဂသေနသည်မျှားစွာပင် အံ့သြသွားမိ၏။

"ဩော်....အံ့ဖွယ်ရှိစွတကား၊ မဖြစ်ဖူး မြဲထူးကဲပေစွတကား၊ ငါ့ဆရာသည် ပညာရှိစင်စစ် ဖြစ်ပေဘကား၊ ငါသည် ငါ၏ ဥပဇ္ဈာယ်ဆရာကို ကန်တော့ရာမူ ကောင်းလေစွတကား...."

သို့လျှင် တွေးကြံမိသည်နှင့်အမျှ ဆရာဖြစ်သူကို ဖွင့်ဟ၍ လည်းအနှုးအညွတ် ဝန်ချတောင်းပန်ခြင်း ပြု၏။

"အရှင်ဘုရား....သည်းခံတော်မူပါ၊ တပည့်တော် ကန်တော့ပါမည်။ နောင်တစ်ဖန်၌ ဤသို့သော အပြောအဆိုမျိုးကိုတပည့်တော် မတွေးဝံ့-မထင်ဝံ့တော့ပါ"

ရောဟဏမထေရ်က ဤသို့ပြန်လည်မိန့်တော်မူ၏။

"ငါ့ရှင် နာဂသေန၊ငါသည် ဤမျှဖြင့် ငါ့ရှင်ကိုသည်း မခံနိုင်၊ ငါ့ရှင်သည် ငါဆိုအံ့သော စကားကို ကောင်းစွာ နားထောင်လော့။ ငါ့ရှင်နာဂသေန.... ဆာဂလ အမည်ရှိသောမြို့၌ မိလိန္ဒအမည်ရှိသော မင်းတစ်ပါး ရှိပေတယ်။ ထိုမင်းသည်မိမိ၏ အယူဝါဒဖြင့် ရဟန်းတို့ကို အမျိုးမျိုးသော အမေးပုစ္ဆာများမေးမြန်းကာနှိပ်စက်လျှင်းဆဲနေပေတယ်....

"ငါ့ရှင်သည် ထိုသာဂလမြို့သို့သွား၍မိလိန္ဒမင်းကိုဆုံးမပဲ့ပြင်ပေးစေချင်တယ်။ငါ့ရှင်ဆုံးမပဲ့ပြင်ပေးခြင်းအားဖြင့် မိလိန္ဒမင်းသည် ဘုရားသခင်သာသနာတော်မှာ သက်ဝင်ယုံကြည်လာမယ် ကြည်ညိုလာမယ်ဆိုရင် ငါ့ရှင်ရဲ့ တောင်းပန်စန်ချမှုကိုလည်း ငါကောင်းစွာ သည်းခံမယ်....

ရှင်နာဂသေနသည် ရောဟဏမထေရ်၏စကားကို ကြားရပြီးသည့်အခါ ဤသို့လျှင် ခိုင်ကျည်လေးနက်စွာ တုံ့ပြန်ကြားပေးလိုက်သည်။

"အရှင်ဘုရား-တပည့်တော်သည် မိလိန္ဒမင်းတစ်ဦးတည်းကို မဆိုထားဘိ၊ ဤဇမ္ဗူဒီပါတစ်ကျွန်းလုံးမှ မင်းအာသီးသီးကပင် ပြဿနာ မေးမြန်းလာကြသည်ဖြင့်စေ၊ တစ်စမကျွန်ပြေလည် ရှင်းလင်းသွားသည်အထိ ဖြေရှင်းဆုံးဖြတ်ပေးလိုက်ပါမည်ဘုရား"

ရွင်နာဂသေန ဝတ္ထုနိယ ကျောင်းတော်သို့ပြောင်းရွှေ့ခြင်း

ရွှင်နာဂသေနသည် ဥပဇ္ဈာယ်ဆရာဖြစ်သူကိုမိလိန္ဒမင်းနှင့် စပ်လျဉ်း၍ ထိုကဲ့သို့ကတိပေးပြီးသောအခါ ''အရှင်ဘုရား.... တပည့်တော်သည် ဝါတွင်းသုံးလပတ်လုံးအာဘယ်ဆရာ၏အထံတွင် နည်းခံရပါမည်နည်း'' ဟုဆက်လက်ဖေးလျောက်၏။

ထိုအခါ ရွှင်ရောဟာဏမထေရ်က....

''ငါ့ရွှင်နာဂသေန၊အာဿဂုတ္တ အမည်ရှိသော အရှင်မြတ်သည် ဝတ္ထုနိယကျောင်းတိုက်မှာ သီတင်းသုံး နေထိုင်လျက်ရှိတယ်၊ ထိုအာဿဂုတ္တ အရှင်မြတ်ထံသို့ သင် သွားလော၊ အာဿဂုတ္တအရှင်မြတ်အား ငါက အသက်ရှည်စွာ အနာကင်းကြောင်း စုံစမ်းမေးမြန်းသည် ဟူ၍လည်း တစ်ဆင့်လျောက်ထားလော၊ငါသည်လည်းကျန်းခန္ဓာကြောင်းနှင့်တကွအာဿဂုတ္တအရှင်မြတ်၏ခြေတော်အစုံကို ရှိခိုး ဦးတိုက်ပါကြောင်း တစ်ဆင့် လျောက်ထားလော''

''ထို့နောက် ဤဝါတွင်းသုံးလပတ်လုံးတွင်လည်း အရှင်ဘုရားတို့၏အထံတော်၌ တပည့်တော်ကို နေစိမ့်သောဥာဏ်လွှတ်လိုက်ပါသည်ဟုလျောက်ထားလော။ သင့်ဥပဇ္ဈာယ် ဆရာသည် အာဘယ်အမည်ရှိသနည်းဟု မေးလျှင် ရောဟဏမထေရ်ဖြစ်ပေကြောင်းလျောက်ထားလော၊ထိုအရှင်မြတ်က ငါကားအာဘယ်အမည်ရှိသနည်းမေးလျှင်ကား အရှင်ဘုရား၏အမည်တော်ကို

တပည့်တော် ဆရာ သိပဲါသည်ဟု လျှောက်ထားလေ''ဟုံ ဧ့စုံစုဝ သွန်သင် မှာကြားတော်မူ၏။

ရှင်နာဂသေနသည် ''ကောင်းပါပြီ'' ဟုဝန်ခံ၍ ဆရာဖြစ်သူ ရောဟဏမထေရ်ကို လက်ယာရစ်လှည့်ကာရိုသေစွာ ရှိခိုးလေ၏။ထို့နောက်သပိတ်သင်္ကန်းကို ယူလျက် အစဉ်အတိုင်း သွားလေသော် ဝတ္ထနိယကျောင်းတိုက် အာသဂုတ္တာအရှင်မြတ် ရှိရာသို့ ချဉ်းကပ်မိလေ၏။

ထိုအခါ ရှင်နာဂသေနသည် ဆရာဖြစ်သူ မှာလိုက်သည့် အတိုင်းပင် အာသဂုတ္တမထေရ်ကိုရိုသေစွာရှိခိုး၍ ''အရှင်ဘုရား တပည့်တော်၏ဆရာသည် အရှင်ဘုရား၏ ခြေတော် အစုံကို ရှိသေစွာ ဦးခိုက်လိုက်ပါကြောင်း'' စသည်တို့ကို စုံလင်စွာ ပြန်လည်လျှောက်ထားလေ၏။

အာသဂုတ္တမထေရ်လည်း ရောဟဏမထေရ်ကြီးတင်မှာထား လိုက်သည့်အတိုင်းပင် ရှင်နာဂသေန၏အမည်၊ဥပဇ္ဈာယ်ဆရာ ဖြစ်သူ၏အမည်၊ မိမိကိုယ်တော်တိုင်၏ အမည်တို့ကို ရှင်နာဂ သေနအား စေ့စေ့ငါကျစွာပင် စုံစမ်းမေးမြန်းတော်မူ၏။

ပြီးမှ-''ကောင်းပြီနာဂသေန၊ သင်၏သပိတ်သင်္ကန်းတို့ကို နေရာချထားလော့'' ဆိုတော်မူ၏။

ရှင်နာဂသေနသည် နောက်တစ်နေ့ မိုးသောက်သော် ကျောင်းဝင်းတစ်ခုလုံးကိုတံမြက်လှည်းခြင်း၊အာသဂုတ္တမထေရ် အားမျက်နှာသစ်ရေဆက်ကပ်ခြင်း၊သွားတိုက်တံ(ဒန်ပူ)ဆက် ကပ်ခြင်းများကိုပြုလုပ်၏၊သို့သော်အာသဂုတ္တမထေရ်သည်နာဂ

သေန တံမြက်လှည်းပြီးနေရာများကိုပင် တစ်ဖန်ထပ်၍လှည်းပြန်၏။ နာဂသေနအဿတ်ထား၌အပ်သောမျက်နှာသစ်ရေကို စွန့်ပစ်၍ အသစ်ဖြစ်သော မျက်နှာသစ်ရေကို အသုံးပြု၏။ အသစ်ဖြစ်သောဒန်ပူကိုအသုံးပြု၏။၌ငါနာဂသေနအား လည်း တစ်စုံတစ်ရာသောစကား ကိုမျှမဆို၊ ခုနစ်ရက်တိုင်တိုင်ပင်လျှင် ဤသို့သာ ပြုကျင့်နေထိုင်တော်မူ၏။

ခုနစ်ရက် လွန်မြောက်ပြီးသောအခါ၌ငါနာဂသေနအား ရှေးနည်းအတူမေးမြန်း၏။ ၌ငါနာဂသေနကလည်း ရှေးနည်းအတူဖြေကြား၏။ထို့ဝင်မှ-"ဝါဆိုတော့" ဟုခွင့်ပေးပေ၏။

၌ငါနာဂသေန တရားဟောပုံ

အာဿဂုတ္တာမထေရ်၏ ကျောင်းတိုက်တွင် အ၌ငါနာဂသေန ရောက်ရှိပြီးတစ်နေ့သောအခါ၌ ဒါယိကာမကြီးတစ်ဦးသည် ဝတ္တာနိယကျောင်းတိုက်သို့ ရောက်လာ၏။

ထိုဒါယိကာမကြီးသည် သရဏကုံသုံးပါးနှင့်ပြည့်စုံကာ အ၌ငါအာဿဂုတ္တာမထေရ်ကို နှစ်ပေါင်းသုံးဆယ် တိုင်တိုင်ကိုးကွယ်ဆည်းကပ်လာခဲ့သူဖြစ်၏။ ဒါယိကာမကြီးသည် အာဿဂုတ္တာမထေရ်ထံပါးချဉ်းကပ်၍ "အ၌ငါဘုရားတို့အထံ၌အခြားတစ်ပါးသောရဟန်းရှိပါသေးသလော" ဟုမေးလျှောက်၏။

"ဒါယိကာမ....ငါ၏အထံ၌ နာဂသေန အမည်ရှိသောရဟန်းတစ်ပါးရှိသေး၏" ဆိုသော်ဒါယိကာမကြီးက "အ၌ငါ

အာဃာဂုတ္တာ....သို့ဆိုလျှင် နက်ဖြန်ခါဥ္ဒ ရှင်နာဂဟောသနှင့်အတူ ဆွမ်းစားကြွတော်မူပါ''ဟု ဖိတ်ကြားခြင်းပြု၏။

နောက်တစ်နေ့ဥ်အာဃာဂုတ္တာမထေရ်သည်ရှင်နာဂဟောသနှင့် အတူ ဒါယိကာမကြီးအိမ်သို့ ဆွမ်းစား ကြွရောက်လေသော် ဒါယိကာမကြီးသည် ကောင်းမှုနှစ်ဖွာသော စားသောက်ဖွယ်တို့ကို ရဟန်းနှစ်ပါးစလုံး အာဃာတင်းတိမ်စွာ သုံးဆောင်နိုင်သည်ထိပင် လှူဒါန်းဆက်ကပ်ခြင်းပြု၏။

ဆွမ်းစားပြီးသောအခါ အရှင်အာဃာဂုတ္တာ မထေရ်သည်-

''ငါ့ရှင်နာဂဟောသန၊ ဒါယိကာမကြီးကို ဆွမ်းလှူရခြင်းအကျိုး၊ လျှော်ကန်ဆုရတရားကို ဟောကြားရစ်ပါလေ....''

ဆိုကာ ကျောင်းတိုက်သို့ ဘုလျင်ပြန်နှင့်၏။ ထိုအခါဥ္ဒ ဒါယိကာမကြီးက ရှင်နာဂဟောသနအား-

''အရှင်....တပည့်တော်မသည် အာသက်အရွယ် ကြီးပါပြီ၊ ထို့ကြောင့်အလေးအနက် သိမှတ်ဆင်ခြင်ဖွယ်ရာ ထူးခြားသော တရားကိုသာ ဟောကြားတော်မူပါ''ဟု ကြိုတင်တောင်းပန်ခြင်း ပြု၏။

ရှင်နာဂဟောသနလည်း နက်နဲစွာသော တရားဒေသနာဖြစ်သည့်မဂ်ဖိုလ်နိဗ္ဗာန်နှင့်စပ်လျဉ်းရာတရားဖြင့်ကောင်းစွာအနှံ့မေတ္တာဒေသနာပြု၏။တိုအခါဥ္ဒဒါယိကာမကြီးသည်တစ်ထိုင်တည်း ဥ္ဒပင်လျှင် ကိလေသာဟူသော မြူဆွေးမြူနှောင်အကြိုး ကင်းစင်လျက် ခပ်သိမ်းသောတရားအဓေပါင်းတို့သည်နိဗ္ဗာန်သို့ဆောက်သော် ချုပ်ငြိမ်းကြကုန်သည်သဘောတည်းဟူ၍ သောတာပတ်ိမဂ်ဉာဏ်ဖိုလ်ဉာဏ် တရားမျက်စိသည်ထင်ရှားစွာ ဖြစ်လေ၏။

ရှင်နာဂသေနကိုယ်တိုင်လည်းမိမိဟောအပ်သောတရားကို ပြန်လည်ဆင်ခြင်ကာ ဝိပဿနာပွားခြင်းအားဖြင့် ထိုနေ့၌ပင် လျှင် သောတာပတ္တိဖိုလ်၌တည်လေ၏။ ထိုအခါ၌ အာသဂုတ္တ မထေရ်သည် ကျောင်းသလင်းအပြင်တွင်နေလျက်ပင် ဒါယိကာမကြီးနှင့် ရှင်နာဂသေနတို့၏ တရားရပုံကို သိမြင်ခြင်း အားဖြင့်....

"အချင်းနာဂသေန.... သင်၏ တရားဟောခြင်းသည် ကား ကောင်းလေစွတကား၊ တစ်ချောင်းတည်းသော တုတ် နှင့် ရိုက်ခြင်းဖြင့် နှစ်ခုသောအရာဝတ္ထုကို ထိခိုက်နိုင်ပေစွ တကား" ဟု ကောင်းချီးပေးတော်မူ၏။

ဓမ္မရက္ခိတမထေရ်ထံ စေလွှတ်ခြင်း

ရှင်နာဂသေနသည် ကျောင်းတိုက်သို့ပြန်ရောက်ပြီး အရှင် အာသဂုတ္တမထေရ်အား ရိုသေစွာ ရှိခိုးအပ်လေသောအခါ အာသဂုတ္တမထေရ်က ရှင်နာဂသေနအား ဤသို့ မိန့်ဆိုမေတော် မူ၏။

"ငါ့ရှင် နာဂသေန....သင်သည် ပါဠိလိပုတ်ပြည်သို့သွား လော၊ ပါဠိလိပုတ်ပြည် အာသောကာရုံးကျောင်း၌ အရှင်ဓမ္မ ရက္ခိတမထေရ်သည် သီတင်းသုံး နေတော်မူ၏။ သင်သည် ထိုမထေရ်၏အထံ၌ ဘုရားဟောတော်မူအပ်သော ပိဋကတ်ကို သင်ယူလေဦးလော့...."

"အရှင်ဘုရား....ဤဝတ္ထုနိယကျောင်းတိုက်နှင့်ပါဠိလိပုတ် သည် ခရီးအဘယ်မျှလောက် ဝေးပါသနည်း"

"ငါ့ရှင်နှာဂသေန၊ ပါဠလိပုံတ်မြို့သည် ယူဇနာ တစ်ရာ ဝေးပေ၏။"

"အရှင်ဘုရား... ခရီးသည်ဝေးစွဲတကား၊ခရီးအကြာဥ္ဒ် ဆုံးရခဲသည်ဖြစ်အံ့၊ တပည့်တော် အဘယ်သို့ ရောက်နိုင်ပါအုံနည်း"

"ငါ့ရှင်နှာဂသေန၊ ဤအတွက် မစိုးရိမ်လင့်၊ ခရီးအကြာဥ္ဒ် ဆုံးနှင့် ဆုံးဟင်းလျာတို့ကို ကောင်းစွာရပေ်လတ္တံ့...."

"အရှင်ဘုရား ကောင်းလှပါပြီ"

သို့နှင့် နှာဂသေနသည် အရှင် အာသဂုဘ မထေရ်ကို ရိုသေစွာရိုခိုးခြင်း၊ လက်ယာရစ်လှည့်ခြင်းပြုပြီးသော် သပိတ် သင်္ကန်းတို့ကိုယူကာ ပါဠလိပုတ်ပြည်သို့ ရွေးရွှတ်ခွာလာခဲ့လေ၏။

ထိုအခါ ပါဠလိပုတ်မြို့မှသူဌေးတစ်ဦး သည်လည်း ပါဠလိပုတ်မြို့သို့လှည်းပေါင်းငါးရာဖြင့်ပြန်လည်ထွက်ခွာလျက်ရှိ၏။

သူဌေးဖြစ်သူသည်တစ်ပါးတည်းသာကြွလာလျက်ရှိသော ရှင်နှာဂသေနကိုမြင်လျှင်ရှင်နှာဂသေနအပါးသို့ချဉ်းကပ်ပြီး ရှိသေဖွဲ့ဝရှိခိုးလျှ....

"ဒုံ....ချစ်ရှင် အဘယ်အရပ်သို့ ကြွတော်မူပါမည်နည်း" ဟု မေးလျှောက်၏။

"အချင်းသူကြွယ်၊ ငါသည် ပါဠလိပုတ်မြို့သို့ ကြွမည်ဖြစ်သည်...."

"အိုး ချစ်ရှင်....ကောင်းလှပြီ၊ ကျွန်မတို့လဲ ပါဠိလိပုတ်မြို့သို့ပင် သွားရပါမည်၊ အကျွန်ုပ်တို့နှင့်အတူ ချမ်းသာစွာကြွတော်မူပါလော့"

ပါဠိလိပုတ်သူဌေးသည်သို့လျင်ဖိတ်ခေါ်သည်သာမဟုတ်သေး၊ ရှင်နာဂဆေနု၏ ဂုဏ်ဒြေသိကာကို ကြည်ညိုနှစ်သက်သဖြင့် ကောင်းမြတ်စွာသော ဆွမ်း၊ ဟင်းလျာဘို့ဖြင့်လည်း ဆွမ်းကပ်ပြုန်လေသည်။ထို့နောက် ရှင်နာဂဆေနကို-

"ချစ်ရှင်၏အမည်သည် အဘယ်သို့ရှိပါသနည်း" ဟုမေးလျှောက်၏။

"သူကြွယ်....ငါ့အမည်ကား နာဂဆေနဖြစ်သည်"

"ချစ်ရှင် နာဂဆေန၊ ချစ်ရှင်သည် မြတ်စွာဘုရား ဟောကြားအပ်သောတရားတော်ကို သိတော်မူပါသလော"

"သူကြွယ်... ငါသည် အဘိဓမ္မာပိဋကတ်ကို တတ်ဖေ၏"

ထိုအခါ၌ ပါဠိလိပုတ်သူဌေးသည် ငါကားအရဟတ်ပေစွဟု ဝမ်းမြောက်ခြင်း ရှိလှသည်နှင့်အမျှ-

"ချစ်ရှင်....အကျွန်ုပ်သည်အဘိဓမ္မာပိဋကတ်ကိုသင်ကြားဖူးသူဖြစ်ပါသည်၊ ချစ်ရှင်သည်လည်း အဘိဓမ္မာကိုသင်ကြားထားသူဖြစ်သဖြင့် အကျွန်ုပ်အား အဘိဓမ္မာတရားကို ဟောကြားတော်မူပါလော့" ဟု တောင်းပန်ခြင်းပြု၏။

ရှင်နာဂဆေနလည်း သူဌေးဖြစ်သူတောင်းပန်အပ်သည့်အတိုင်းပင် အဘိဓမ္မာတရားတော်ကိုဟောကြားတော်မူ၍ သူဌေးသည် ပါရမီအခံရှိသူဖြစ်လေရကား သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်သို့တိုင် ဆိုက်ဒရောက်သွားခဲ့ပေ၏။

သူပြေးသည် လှည်းပေါင်းငါးရာတို့ကို ရွှေမှသွားစေကာ မိမိကမူ ရှင်နာဂသေနနှင့်အတူ ပါဠိလိပုတ်မြို့၏ အနီး ခရိုးလမ်းဆုံတွင်ရပ်လျက်....

"အရှင်နာဂသေန၊ ဤခရိုးလမ်းကြောင်း သည်ကား အိုသောကာရုံကျောင်းတော်သို့ သွားရာလမ်းကြောင်းပါတည်း"ဟု တစ်ခုသောလမ်းကြောင်းကို လက်ညှိုးညွှန်ပြ၏။ ထို့နောက် "ခွင့်ရှင် နာဂသေန၊ အကျွန်ုပ်၏ ဤကမ္မလာပုဆိုးသည် အလွန် ဆယ့်ခြောက်တောင်၊ အနံ ရှစ်တောင်ရှိပါသည့် အရှင်သည် အကျွန်ုပ်ကို အစဉ်သနားသောအားဖြင့် ဤကမ္မလာပုဆိုးကို အလှူခံတော်မူပါ"ဆိုကာ မိမိ၏ကမ္မလာပုဆိုးကို ရှင်နာဂသေနအား လှူဒါန်း၏။ ရှင်နာဂသေနကား လှူသည်ကား ကောင်းစွာပင် အလှူခံတော်မူ၏။

ထိုအခါ၌ သူပြေးသည်အလွန်ပင်နှစ်သက်ဝမ်းမြောက်လှသည်ဖြစ်၍ ရှင်နာဂသေနကိုရှိသေစွာရှိခိုးလျက်လက်ယာရစ်လှည့်ပြီးမှ မိမိလိုရာသို့ လမ်းခွဲ၍သွားလေ၏။

ရှင်နာဂသေနသည် အာဠသောကာရုံကျောင်းတော်တွင် ရှင်ဓမ္မရက္ခိတနှင့်တွေ့သောအခါရှိသေစွာရှိခိုးလျက် မိမိလာခဲ့ရင်းအကြောင်းရင်းကို လျှောက်ထားလေ၏။ ထို့နောက် အရှင်ဓမ္မရက္ခိတအထံတွင် ပိဋကတ်သုံးပုံကို အကျဉ်းနည်းအားဖြင့် သုံ လတိုဝ်တိုင်သင်ကြားကာ နောက်တစ်ဖန်သုံးလတိုင်တိုင် အဋ္ဌကထာနည်းအားဖြင့် နှုံလုံးသွင်း ဆင်ခြင်လေ၏။

ရှင်နာဂသေန ။ ။ ပြစ်မြောက်ခြင်း

တစ်ခန့်သောအခါတွင်ကား ရှင်ဓမ္မရက္ခိတသည်ရှင်နာဂသေနကို ဤသို့ ဆိုတော်မူ၏။

"ငါ့ရှင်နာဂသေန၊ နွားကျောင်းသားသည် နွားကိုသာကျောင်းပြီး နွားနို့ကို မသုံးဆောင်ရဘီသကဲ့သို့ ငါ့ရှင်သည်လည်း ပိဋကတ်သုံးပုံကိုပဲင့်ဆောင်သော်လည်း ပုထုဇဉ်ရဟန်းမျှသာဖြစ်၍ လောကုတ္တရာ တရားအရသာကိုမူ မခံစားရလေသေးတကား...."

ထိုအခါ၌ ရှင်နာဂသေနသည် ထိုစကားကို ကောင်းစွာဆင်ခြင်မိသောအားဖြင့် ရှင်ဓမ္မရက္ခိတအား "အရှင်ဘုရား.... ဤစကားမျှဖြင့်ပင် သည်းခံတော်မူပါ" ဆိုကာ တရားကိုကြိုးစားပြီးအားထုတ်လေရာ ထိုနေ့ ထိုည အဖို့တွင်ပင်လျှင်လေးပါးသော ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ဆိုက်ရောက်တော်မူပေ၏။

ရှင်နာဂသေန ထိုကဲ့သို့ သစ္စာလေးပါးကို ထိုးထွင်းသိတော်မူလျှင် ဓပ်သိမ်းသော နတ်တို့သည် အလွန် ဝမ်းမြောက်စွာ ကောင်းချီးပေးကြကုန်၏။ မြေကြီးသည်လည်း ပဲ့တင်ထပ်၏။ ငြဟ္မာတို့သည်လည်း လက်ပမ်းပေါက်ခတ်ကြကုန်၏။နတ်၌ဖြစ်သောစန္ဒကူးနံ့သာမိုးပန်းမိုးတို့သည်လည်း ထင်ရှားစွာ ရွာသွန်းကုန်၏။

ရက္ခိတကုန်းပြင်ရှိ ရဟန္တာတို့သည် ထိုအချိန်၌ပင်လျှင် အစည်းအဝေးလုပ်၍ ရှင်နာဂသေနထံသို့တမန်စေလွှတ်လိုက်

ကြကုန်၏။ထိုတမန်ဖြစ်သူ၏စကား အရ ရက္ခိတ ကုန်းဖြင်မှ ရဟန္တာများ ရှေ့မှောက်ရောက်သောအခါ မျာ်းစ့ဉသော ရဟန္တာတို့သည် ရှင်နာဂသေနကို ဤသို့ဝိုင်းဝန်းတောင်းပန် ကြကုန်၏။

"ငါ့ရှင်နာဂသေန၊ မိလိန္ဒမင်းသည် ငါတို့ ရဟန်းမျာ်း အား အဓမ်းပုစ္ဆာပြဿနာ အမျိုးမျိုးတို့ဖြင့် နှိပ်စက်သည်း ဆဲ နေပါသည်။ငါ့ရှင်အား တောင်းပန်ပါရစေ၊ ငါ့ရှင်သည် မိလိန္ဒမင်းအား သွားရောက် ဆုံးမပါလေလော"

ရှင်နာဂသေနသည် ဘိုလျှင်ဝိုင်းဝန်း တောင်းပန်ကြကုန် သောရဟန္တာအဖေါင်းအား ကုံ့ပြန်ကတိစကားဆိုခြင်းဖြင့် ကောင်းစ့ဉပင် နှစ်သိမ့်ရှင်လန်းစေလေ၏။

"ကောင်းလှပါပြီအရှင်ဘုရားတို့၊ကပ္ပလ္ဒတော်သည်မိလိန္ဒ မင်းတစ်ဦးသည်းကိုထား ဘီဒိုး၊ကျွန်မမှု။ဒီပါကျွန်းမှ အားလုံး သောမင်းမျာ်းပြဿနာ မေးလာသည့်တိုင်အောင်ပင် အလုံးစုံ ပြေလည်အောင် ဖြေရှင်း ပင့်ပြလိုက်ပါမည်။အရှင်ဘုရားတို့ သည် ယဇ်နေ့မှစ၍ စိုးစဉ်းမျှခြေက်ချာ်းခြင်းမရှိဘဲ သာဂလမြို့ တွင်းသို့ ချမ်းသာစွာလျှင် ကြွဝင်တော်မူကြပါကုန်ဘုရား"

ထိုအခါ၌ မထေရ်ကြီးတို့သည် သာဂလ မြို့တွင်းသို့ ကြွေးကြွကြင်းစ့ဉကြွဝင်တော်မူကြကုန်လေရကား၊သာဂလ မြို့အလုံးပင် သက်ုန်းရောင် တပြောင်ပြောင်ဝင်းပလျက် ထိုထို သက်ုန်းတို့မှ စုန်လေ ဆန်လေတို့သည် သာဂလမြို့ အလုံးကို အမွှေးအထုံပျံ့နှံ့စေသည်သို့ပင်ရှိပေ၏။

အာယုပါလမထေရ်နှင့် မိလိန္ဒမင်း

မြို့တိမ်ကင်း၌ ဝင်းပကြည်လင်စွာဖေသာ ညတစ်ညဉ့်မိလိန္ဒမင်းသည် အမတ်တို့ကို ဤသို့ မေးတော်မူ၏။

"အမတ်အပေါင်းတို့ မြို့တိမ်ကင်း၌ ဝင်းပစွာသော ဤညချမ်းအခါကာ အလှူနှင်ပင်နွယ်သက်မွေ့လျော်ပျော်ရွှင်ဖွယ်ဖြစ်ပေတယ်။ ဒီလိုညမျိုးမှာ ရဟန်း-ပုဏ္ဏား တစ်ဦးဦးနှင့် တွေ့ဆုံပြီး ဆွေးနွေးမေးမြန်းရလျှင် အင်မတန်စိတ်ဝင်စားစရာဖြစ်ပေမယ်။ ငါရဲ့ယုံမှားသံသယတွေ ဘယ်သူခြင်ဘာတွေသိနေတာတွေကို ဆွေးနွေးမေးမြန်းနိုင်မယ့် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ဘယ်ဒေသ ဘယ်နေရာမှာမျှား တွေ့နိုင်ပါ့မလဲ"

ထိုအခါ ယောနကတိုင်းသား အမတ်ငါးရာတို့ ဤသို့ တုံ့ပြန်လျောက်ထားကြ၏။

"မြတ်သောမင်းကြီး....အရှင်မင်းကြီးအမေးပုံအရ ပြဿနာဆွေးနွေးရန်အတွက် အာယုပါလ ဟူသော မထေရ်ကြီး တစ်ပါးရှိပါသည်။ ထိုမထေရ်ကြီးသည် ပိဋကတ်သုံးပုံလည်း တတ်သည်၊ မျှားသော အကြောင်းအမြင်လည်းရှိသည်။ ပါဠိတို့လည်း နှုတ်ရအာဂုံဆောင်နိုင်သည်။ ယခုအခါ သင်္ချိုင်းပရိဝုဏ်မှာ သီတင်းသုံးနေထိုင်လျက်ရှိသဖြင့် အရှင်မင်းကြီးသည် ထိုမထေရ်ကြီးအထံ သွားရောက်မေးမြန်းတော်မူပါဘုရား...."

"ဒကာဒကာမတို့အစုဝင်းတို့ ထိုသို့ဆိုလျှင် အရှင်ကောင်းအား ကြိုတင်ဖိတ်ကြား ကြိုးကြလော့"

သို့ဖြင့် နေမိတ္တဟူသော အမတ်တစ်ဦးသည် အရှင်အာယုပါလထံသွားရောက်လျောက်ထားသောအခါ မထေရ်ကြီးကလည်း.... "ငါ့ကို ဖူးမြင်လိုက လာပါစေ" ဟုခွင့်ပြုလိုက်၏။ မိလိန္ဒမင်းသည် ထိုခွင့်ပြုချက်ကို ကြားသိလျှင် ချက်ချင်းပင် အမတ်အပေါင်း ခြံရုံလျက် ရထားစီးကာအာယုပါလမထေရ်ကြီးအထံသို့ သွားရောက်၏။မထေရ်ကြီးနှင့်တွေ့ဆုံသည်အခါ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သခြင်း၊ ကျန်းခန့်သာခြင်း ရှိမရှိ မေးမြန်းပြီးနောက် လျှောက်ကန်လျောက်ပတ်ရာမှ နေကာ အာယုပါလမထေရ်ကြီးအား ဤသို့လျှင် စတင်မေးမြန်းလေ၏။

ရဟန်းပြုရခြင်းအကျိုး

မိလိန္ဒမင်း။ ။"အရှင်ဘုရား-အရှင်ဘုရားတို့သည်အဘယ်အကျိုးကို အလိုရှိ၍ ရဟန်းပြုကြကုန်ပါသနည်း။ ရဟန်းပြုခြင်းအားဖြင့် အဘယ်သို့လျှင် မြတ်ပါသနည်းဘုရား"

အာယုပါလ။ ။"မြတ်သောမင်းကြီး.... ငါတို့သည်တရားကို ကျင့်အံ့သောငှာ၊ ငြိမ်သက်သောအကျင့်ကို ကျင့်အံ့သောငှာ ရဟန်းပြုကြပါကုန်၏"

မိလိန္ဒမင်း။ "အရှင်ဘုရား....အိမ်ရာဆောင်သောလူတို့သည်လည်း ပရောဘော်ကိုကျင့်ကြသည်ပင်မဟုတ်ပါဘုရား"

အာယုပါလ။ ။"မြတ်သောမင်းကြီး....လူဖြစ်သောသူတို့သည် ယခုလည်းတရားကျင့်ပေ၏။ ရှေးကလည်း ကျင့်ကြ

ပေ၏။ ဘုရားရှင်လက်ထက်တော်တွင်ကဲ့ ဓမ္မစကြာတရား ဝေဿကိုဟောတော်မူသောအခါ ငြဟ္မာပေါင်းတစ်ဆယ့်ရှစ်ကုဋေ၊ နတ်အပေါင်းကဲ့ မရေမတွက်နိုင်။ တရားရကြကုန်သည်။ ထိုနတ်ငြဟ္မာတို့သည် ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်၍ ရဟန်းပြုကြသည်မဟုတ်၊ လူပင် ဖြစ်ကုန်သည်။

"ထို့နောက် မဟာသမယသုတ်၊ မင်္ဂလသုတ်၊ ရာဟုလောဝါဒသုတ်၊ ပရာဘဝသုတ်တို့ကို ဟောတော်မူသည်တွင်လည်း နတ်အပေါင်းတို့အရေအတွက်မရှိတရားရကြကုန်သည်။ ထိုသူအပေါင်းတို့သည်လည်း ရဟန်းမဟုတ်မူဘဲ လူသာလျှင် ဖြစ်ကြကုန်ပေသည် ဒကာတော်မင်းမြတ်...."

အရှင်အာယုပါလမထေရ်ကြီးသည်မိလိန္ဒမင်း၏အမေးကို တရားသဘော အရင်းခံအတိုင်းသာလျှင် ဖြောင့်မှန်စွာ ဖြေလိုက်ခြင်းဖြစ်လေသည်။ စကဲ့း၏ အရိပ်အခြေအား လျော်စွာ သူတစ်ပါးကို ဆန့်ကျင်ဘက်ပြု၍ နှိပ်စက်လွှမ်းမိုးတတ်သော မိလိန္ဒမင်း၏သဘောထားကိုကား လုံးဝပင်သတိမပြုမိခဲ့ပေ။

သို့ဖြင့်ပင် မထေရ်ကြီး၏ သူတော်ကောင်းပီသစွာသော အရိုးခံစကားသည် မိလိန္ဒမင်းအတွက် ဆန့်ကျင်ဘက်နည်းအားဖြင့် တုံ့ပြန်လွှမ်းမိုးစရာ ဖြစ်သွားရပေ၏။

မိလိန္ဒမင်း။ ။အရှင်ဘုရား....အရှင်ဘုရား ယခု ဆိုခဲ့ပြီးအတိုင်း ရဟန်းမဟုတ်သော လူဝတ်ကြောင်တို့ သည်လည်း တရားကျင့်ကြကုန်သည်၊ မရေမတွက်နိုင်လောက်အောင်ပင် အကျွတ်တရားရကြကုန်သည်ဆိုသော်အရှင်ဘုရားတို့၏ရဟန်း

အဖြစ်သည်၊ ရဟန်းပြုရခြင်းသည် အဘယ်သို့လျှင်ကောင်းကျိုး ရှိပါလေသနည်း၊ အဘယ်သို့လျှင် မြင့်မြတ်ပါသေးသနည်း၊ သာကီဝင်မင်းသားတို့ ရဟန်းပြုခဲ့ကြခြင်းသည်ပင်လျှင် မကောင်းမှုကံ၏ အကျိုးဆက်ခံကြောင့် ရဟန်းအဖြစ်သို့ ရောက်ရသည့်နှယ်ရှိတော့သည်မဟုတ်ပါလော၊ ဓူတင်ဆောင်ရခြင်းသည်လည်း ထို့အတူသာ မဟုတ်ပါလော”

ဓူတင်အကျင့်သည် ဝဋ်ဆင်းရဲခံရခြင်းလော

“အရှင်အာယုပါလ၊ ဧကာသနိတ်ဓူဓောင်ကိုဆောက်တည်သောရဟန်းတို့သည် ရှေးရှေးဘဝသံသရာတို့၌ သူတစ်ပါး တို့၏ ဥစ္စာပစ္စည်းကို ခိုးယူလုယက်ဖျက်ဆီးပစ်ခဲ့ကြဟန်ရှိ၏၊ ထိုမကောင်းမှု၏အကျိုးဆက်ကြောင့်သာလျှင်ယခုကဲ့သို့သော ရဟန်းဘဝ၌ အချို့ရှိသမျှတွင် မိမိတို့ စားသောက်ချင်တိုင်း မစားသောက်ရလေသည် ဖြစ်တန်ရာ၏၊ ထိုရဟန်းတို့၌ မြတ်သော အကျင့်သီတင်းသည်လဲ မရှိသည်သာ ဖြစ်ရာ၏”

“အရှင်အာယုပါလ၊ အဇ္ဈောကာသိကဓူတင်ကိုဆောက်တည်သော ရဟန်းတို့သည်လဲ ထို့အတူသာ ဖြစ်ကုန်၏၊ ထိုသူတို့သည် ရှေးသောအခါ သူတစ်ပါးတို့၏နေအိမ်ရပ်ရွာများကို ဖျက်ဆီးခဲ့ကြသောကြောင့်သာ ယခုရဟန်းဘဝတွင် ဒုန်မိုးအကာမရှိသော လွင်တီးခေါင်လဟာပြင်၌နေကြရကုန်သည် ဖြစ်ရာ၏၊ ထိုရဟန်းသည် ကျောင်း အိပ်ရာနေရာတို့ကို မရသည်သာ မဟုတ်သေး၊ မြတ်သော အကျင့်သီတင်းလဲ ရှိကြကုန်မည်မဟုတ်”

"ထို့နောက် နိဿင်္ဓုတင်္ဂိုကို ဆောက်တည်သောရဟန်း တို့သည်လည်း ရှေးသောအခါကာလ၌ ခရီးလမ်းဝလမ်းဆုံ လမ်းမမှ စောင့်လင့်လျက် လူအပေါင်းမျှားစွာတို့ကိုဖမ်းဆီး ချည်နှောင်ကာ ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်းရှိ၏။ ထိုထို မကောင်းမှု၏ အကျိုးဆက်ကြောင့်သာလျှင် ယခုရဟန်းဘဝ၌ နိဿင်္ဓုတင်ဟူသော ငုတ်တုတ်ထိုင်နေရခြင်း ဆင်းရဲကို ခံစားနေရသည် ဖြစ်ရာ၏။ ဟိုရဟန်းသည် အိပ်ခြင်းကိုမျှ လည်းမပြုရကုန်၊ မြတ်သောအကျင့်သီတင်းလည်း ရှိကြမည် မဟုတ်သည်သာတည်း...."

အာယုပါလမထေရ်ကြီးသည် ထိုအခါ၌ တစ်စုံတစ်ရာမျှ မဆို၊ ဆိတ်ဆိတ်သာ နေခဲတော်မူ၏။

ငါးရာကုန်သော ယောနကဲအမတ်မျှားကမူ မိလိန္ဒမင်း ကြီးအား....

"အရှင်မင်းကြီး....ဤမထေရ်ကြီးသည် ပညာကားရှိ၏။ ရဲရင့်ခြင်းမရှိ၍သာ အရှင်မင်းကြီးအား တုံ့ပြန်မဆိုမူဘဲဆိတ် ဆိတ်နေခြင်းဖြစ်ပေသည်" ဟု လျှောက်တင်ကြကုန်၏။

မိလိန္ဒမင်းသည် အာယုပါလမထေရ်ကြီးသို့လျှင် ပကတိ ဆိတ်ငြိမ်နေသည့်အခါ လက်ပမ်းပေါက် ပြင်းစွာခတ်လိုက် ရုံသာ မဟုတ်သေး၊ ဤသို့လည်း ကြွေးကြော်လိုက်ပြန်၏။

"သြော်....ဤဇမ္ဗူဒီပါကျွန်းသည် အချည်းနှီးရှိခဲ့ချေပြီ တကား၊ အလင်းရောင် ဆိတ်သုန်းခဲ့ချေပြီတကား၊ ငါနှင့် စကားပြောဟော်အံ့သောဌာ လည်းကောင်း၊ ငါ၏ယုံမှား

တွေးတောမှုကို ဝေဖန် ချင်းလင်းရန်လည်းကောင်းစွမ်းနိုင်သည် လူပုဂ္ဂိုလ်ရဟန်းပုဂ္ဂိုလ်ဟူ၍လည်းတစ်ဦးတစ်ယောက်မျှပင် မရှိခဲ့ချေပြီတကား"

မိလိန္ဒမင်းသည် ထိုသို့ကြွေးကြော်ပြီးနောက်မိမိ၏ယောနက အမျိုးသားအမတ်ငါးရာတို့ကို လှည့်လည်ကြည့်လိုက်၏။ အမတ်တို့၏မျက်နှာသည် စိတ်စုံတစ်ရာတုန်လှုပ်ခြောက်ချားဟန်မရှိ၊ ပကတိ တည်ငြိမ်နေသည်ကို တွေ့မြင်အံ့ဖွယ်မိ၏။ ထိုအခါ ငါနှင့်ဖက်ပြိုင်နိုင်သူတစ်စုံတစ်ယောက်ရှိသေး၍သာ အမတ်များ မျက်နှာမပျက်တည်ကြည်ငြိမ်သက်ခြင်းရှိနေဟန်တူသည် ထင်မှတ်မိ၏။ သို့ဖြင့်မိလိန္ဒမင်းသည် အမတ်အပေါင်းအား မေးတော်မူလိုက်၏။

"အချင်းအမတ်တို့.... ငါနှင့် စကားပြောခြင်းငှာ ငါ၏ တွေးတောယုံမှားမှုကို ဖျောက်ခြင်းငှာ စွမ်းနိုင်သူ တစ်ပါးသော ပညာရှိရဟန်း ရှိချေသေးသလော"

ထိုစဉ်၌ ဒေဝမန္တီယ တူသောအမတ်က-

"အရှင်မင်းကြီး ငံ့လင့်တော်မူပါဦး၊ ယခုအခါ နာဂသေန အမည်ရှိသောရဟန်းတစ်ပါးသည် သခ္ခေါယျပရိဝုဏ်၌ သီတင်းသုံးနေထိုင်လျက်ရှိပါသည်။ မြတ်သောမင်းကြီးသည် ထိုအရှင်ထံသို့ ကြွတော်မူပါလော့၊ ထိုနာဂသေနမည်သော မထေရ်သည်ကား အရှင်မင်းကြီးနှင့် စကားပြောဟောခြင်းငှာလည်းကောင်း၊ ယုံမှားသက်သာကိုပယ်ဖျောက်ခြင်းငှာလည်းကောင်း၊ ကောဇိုးစွာ စွမ်းနိုင်ပါလတ္တံ့"ဟု လျှောက်တင်လေ၏။

မိလိန္ဒမင်းသည် "နာဂသေန" ဟူသော စကားကိုကြား လျှင် ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ချောက်ချားခြင်း၊ ကြက်သီး မွေးညှင်းထခြင်းများဖြစ်မိ၏။ သို့သော်မိမိကိုယ်မိမိသတိဖြင့် ထိန်းချုပ်လျက်....

"အချင်း ဒေဝမန္တိယအမတ်၊ နာဂသေန မထရ်သည် ငါနှင့် စကားပြောဟောခြင်းငှာ စွမ်းနိုင်ပါအံ့လော...." ဟု မေးတော်မူ၏။

"မြတ်သောမင်းကြီး၊ ရှင်နာဂသေနဟုသည်သိကြား၊ ဝရုဏ၊ ကုဋေဝရု၊ ပဇာပတိ၊ သုယောမ၊ သန္တုသိတ- အစရှိသော လောကပါလနတ်တို့နှင့် လည်းကောင်း၊ ဗြဟ္မာနှင့် လည်း ကောင်း၊ စကားဟောပြောခြင်းငှာ စွမ်းနိုင်သသူဖြစ်ပေ၏၊ လူဖြစ်သောသူနှင့်ကား ဘယ်ဆိုဖွယ် ရှိပါအံ့တော့နည်း"

"ကောင်းလှပြီ ဒေဝမန္တိယအမတ်၊ သို့ဆိုသော် သင်ပင် လျှင်အရှင်ကောင်းအံ့သို့တမန်အဖြစ်သွားရောက်လျှောက် တင်လော့..."

ဒေဝမန္တိယအမတ်သည် မိလိန္ဒမင်းစေအပ်သည့် အတိုင်း ပင် ရှင်နာဂဒသနထံ သွားရောက်ကာ....

"မိလိန္ဒမင်းကြီးက အရှင်ဘုရားကို ဖူးမြင်လိုပါသည်" ဟု လျှောက်ထားခြင်းပြု၏။ အရှင်မြတ်ကလည်း ကောင်းစွာပင် ခွင့်ပြုတော်မူလိုက်ပေ၏။

ဤနေရာ၌ "ရှင်နာဂသေန" သာဂလမြို့သို့ ရောက်ရှိလာ ပုံကို စပ်လျဉ်း ပေါ်ပြုရပေဦးမည်။

မထေရ်မြတ် ရှင်နာဂသေနသည် မိလိန္ဒမင်းနှင့် အာယုပါလမထေရ် မတွေ့ဆုံရသေးမီကပင် မိလိန္ဒမင်းစံရာသာဂလမြို့တွင်ရောက်ရှိသီတင်းသုံးနေခဲ့ပြီဖြစ်၏။ သာဂလမြို့သို့ရောက်ရှိလာခဲ့သည်မှာ ဒေသစာရီခရီး၏ နောက်ဆုံးနေရာဌာနဖြစ်သော်လည်း ထိုနေရာဌာန 'သာဂလ' မြို့သို့မရောက်ရသေးမီကတည်းကပင် ရှင်နာဂသေနသည်ရဟန်းအပေါင်းခြံရံလျက် မျှားစွာသော ဂိုဏ်းတို့၏ ဆရာအဖြစ် ကျော်စော ထင်ရှားတော်မူခဲ့ပြီးဖြစ်၏။

ရှင်နာဂသေနမထေရ်သည် သူတော်ကောင်းဖြစ်သည်။ ဗဟုသုတရှိလည်းဖြစ်သည်။ မိုးကြိုးစက်ကဲ့သို့ထိုးထွင်းသောပညာရှိသည်။ သိမ်မွေ့နူးညံ့သည်၊ ရဲရင့်သည်၊ မျှားသောအကြားအမြင်ရှိသည်၊ ပိဋကတ်သုံးပုံတတ်သည်၊ ရဟန္တာဖြစ်သည်။

အင်္ဂါကိုးပါးနှင့်ပြည့်စုံသောသာသနာတော်၌ပရိယတ္တိကို ဆောင်ရွက်သည်ဖြစ်၍ အဆုံးသို့ရောက်သည်။ တရားတော်အရာ၌အနက်အဓိပ္ပာယ်၏ နက်နဲခြင်း၊ ပဋိဘာဏာဏ်၏နက်နဲခြင်း၌ လိမ္မာသည်။

သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့ကို၊ နှိမ်နင်းနိုင်သည်။ရဟန်း၊ ပုဏ္ဏား၊ ယောကျ်ား၊ မိန်းမ သူဌေးသိမ်းတို့ကြည်ညိုလေးမြတ် လှူဒါန်းအပ်သည်။

သိကြားမင်း၏ ကြုံဝါးခြင်းကဲ့သို့မှန်မြတ်သောကြုံဝါးခြင်းရှိသည်ဖြစ်၍မြတ်သောဉာဏ်ကွန်ရက်ဖြင့် လည်းကောင်း သနားခြင်းကရုဏာတည်းဟူသော ဉာဏ်ကွန်ရက်ဖြင့် လည်းကောင်း၊ ဖြန့်ကြက် လှမ်းခြုံအပ်သည်ဖြစ်၍ လူအပေါင်းကို

တရားတည်းဟူသော အယ်ိုက်အရသာမိုးဖြင့် စိုစွတ် ပျံ့နှံ့စေသည် ဟူသော ဂုဏ်သတင်း ကျော်စောထင်ရှားခြင်းဖြင့်သာလျှင် တစ်ရွာမှသည်-တစ်ရွာ၊ တစ်မြို့မှသည်-တစ်မြို့၊ အစဉ်အစိုက် ရောက်တော်မူခဲ့ရခြင်း ဖြစ်ပေ၏။

သို့ဖြင့်ပင် ဒေဝမန္တိယ အမတ်က ရှင်နာဂသေန၏ ဂုဏ်သတင်းနှင့်ဆက်စပ်၍ မိလိန္ဒမင်းကိုအမှန်အတိုင်းပင်လျှောက်တင်ခဲ့ခြင်းဖြစ်သည်။ မထေရ်မြတ်ကလည်း ခွင့်ပြုတော်မူပြီးသောအခါ မိလိန္ဒမင်းသည် ယောနကတိုင်းသား ငါးရာသော အခြံအရံတို့ဖြင့် သခ္ဓေယျ ပရိဝုဏ်၌ ရှင်နာဂသေန မထေရ်အထံ ရထားစီးကာ ကြွတော်မူလေသည်။

မိလိန္ဒမင်း၏ ကြောက်ရွံ့တုန်လှုပ်မှု

မိလိန္ဒမင်း ကြွလာသောအခါတွင် ရှင်နာဂသေနသည် ရှစ်သောင်းသော ရဟန်းတို့နှင့်အတူ ကျယ်စွာသော တလင်းပြင်၌ သီတင်းသုံးနေတော်မူနှင့်၏။ မိလိန္ဒမင်းသည် ထိုပရိသတ်ကို အဝေးမှပင် လှမ်းမျှော်ပြီး မြင်ရသောအခါ ဒေဝမန္တိယကို....

"အချင်းဒေဝမန္တိယ၊ ဤမျှားစွာသော ပရိသတ်သည် အဘယ်သူ၏ ပရိသတ်ဖြစ်သနည်း" ဟု မေးတော်မူ၏။

"မြတ်သောမင်းကြီး၊ ဤပရိသတ်ကား ရှင်နာဂသေန၏ ပရိသတ်ပါတည်း" ဆိုလေသော်မိလိန္ဒမင်းကြီးသည်ကြောက်ရွံ့ခြင်း၊ တုန်လှုပ် ချောက်ချားခြင်း၊ ကြက်သီးမွေးညင်းထခြင်း ဖြစ်မိလေ၏။

ဥပမာအားဖြင့်ကား-ကြံ့ ဆင်အပေါင်းတို့ဝန်းရံခံရလေသော ဆင်ပြောင်ကဲ့သို့ လည်းကောင်း၊ ဂဠုန် အပေါင်းတို့ဝန်းရံခံရလေသော နဂါးကဲ့သို့လည်းကောင်း၊ စပါးကြီးမြေ အပတ်ခံရသော ခွေးကဲ့သို့လည်းကောင်း၊ ကျဲရိုင်းများဝန်းရံခံရလေဖသော ဝံကဲ့သို့လည်းဖကောင်း၊ မိမိနောက်ပါးမှ ထက်ကြပ်မကွာ နဂါးလိုက်လာခြင်း ခံရသော ဖားကဲ့သို့လည်းကောင်းပြင်းစွာသောကြောက်ရွံတုန်လှုပ်ခြင်းရှိသဖြင့် ''ဤပရိသတ် အပေါင်းသည် ငါ့ကို မနှိပ်စက်နိုင်ပါစေသတည်း....'' ဟူ၍ပင် အောက်မေ့တောင့်တမိလေ၏။

သို့သော် မိမိကိုယ်မိမိ ဟန်ဆောင်ကာ-

''အချင်း ဒေဝမန္တိယ၊ ရှင်နာဂသေနကို ငါ့အား သင်မပြလင့်၊ ငါ့အလိုအလျောက်ပင် သိအောင်ပြုဒဲ့'' ဆိုသော် ဒေဝမန္တိယ အမတ်လည်း-

''အရှင်မင်းကြီး-ကောင်းပါပြီ၊ အရှင်မင်းကြီး တစ်ဦးတည်းပင်လျှင် ရှင်နာဂသေနကို သိအောင်ပြုပါလော့'' ဟုပြန်လည်လျှောက်တင်၏။

ရှင်နာဂသေနသည် ရဟန်းအပေါင်း ရွှစ်သောင်းတို့အလယ်တွင်ရှိဖူးရာ၌ရှေ့တွင်ရှိသောရဟန်းသည်ကား ရှင်နာဂသေနထက် ကြီးကြကုန်၏။ နောက်တွင်ရှိသော ရဟန်းတို့ကား ရှင်နာဂသေနအောက် ငယ်ကြကုန်၏။

ထိုအခါ မိလိန္ဒမင်းသည် အားလုံးသော ရဟန်းပရိသတ်များအလယ်တွင် မကြောက်မရွံ့ ရဲမြဲတည်ငြိမ်စွာ ထိုင်နေတော်မူသော ရှင်နာဂသေနကို တွေ့မြင်ကာမျှဖြင့် ဤရဟန်း

သည်ပင် ရှင်နာဂသေန ဖြစ်ပေလတ္တံ့ဟု ဓဝဖန် ပိုင်းခြားမိ၏။ သို့ဖြင့် ဒေဝမန္တိယ အမတ်ကို-

"အချင်း ဒေဝမန္တိယ၊ ဤရဟန်းသည် ရှင်နာဂသေန တည်း" ဟု ညွှန်ပြလေသော် ဒေဝမန္တိယက "အရှင်မင်းကြီး ဟုတ်ပေ၏၊ အရှင်မင်းကြီးသည် မိမိ အလိုအလျောက်ပင် ရှင်နာဂသေနကို သိဒတော်မူတတ်ပေသည်" ဆို၏။

မိလိန္ဒမင်းသည်း "ငါကား သူတစ်ပါး မညွှန်ပြဘဲလျက် ပင်ရှင်နာဂသေနကိုမိမိအလိုအလျောက်သိပေသည်တကား" ဟု နှစ်သက် ဝမ်းမြောက်မိ၏။ သို့သော် ရှင်နာဂသေနကို ထိုကဲ့သို့ တပ်အပ်သေချာ သိသိုက်ခဲခြင်းဇာတ်ပင် ပြင်းစွာသော တုန်လှုပ်ချောက်ချားမှုကို ဆပ်မံခံစားရပြန်လေသည်။

နေးတော်ဆုံးဦးကား မိလိန္ဒမင်းသည်ကြောက်ရွံ့ခြင်းပြင်းလှသဖြင့် မိမိဘာစ်ကိုယ်တည်း ဤသို့ပင် ကိတ်တဆိတ် ရေရွတ်ညည်းညူလိုက်လေသည်။

"ငါသည် စကားပြောတတ်ကုန်သော၊ များစွာလည်း ပြောနိုင်သော ရဟန်းပုဏ္ဏား တို့နှင့် အကြိမ်ကြိမ် တွေ့ခဲ့ဖူးလှလေပြီ၊ ထို့ထိုပုဂ္ဂိုလ်များသည် ငါနှင့် ယှဉ်ပြိုင်ပြောဆိုရသည့် အခါ ငါ့ကို ရှုံးခြင်းကြီး ရှုံးရသည်ချည်းသာ ဖြစ်တော့သည်"

"ထို့သို့ရှုံးရသဖြင့် သိမ်ငယ်စွာသော မျက်နှာ၊ ငိုက်စိုက်ကျအောပ်လေသော ဦးခေါင်းဖြင့် ငါ့အား အကြောက်ကြီး ကြောက်လန့်သွားကြသည်ကိုလည်း ငါတွေ့ခဲ့ရဖူးလှလေပြီ"

"ယခုအခါတွင်ကား ငါကိုယ်တိုင်ပင်လျှင် ထို့သူများ

နည်းတူ ဖြစ်ရချေတော့မည်၊ ရှင်နာဂသေနကို ကြိုတင်ကြောက်ရွံ့နေမိခြင်းသည်ပင်လျှင် ငါ့အပေါ်တွင် ရှင်နာဂသေန အောင်နိုင်ရန် ဖြစ်လေတော့သည်တကား....”

ပထမဆုံး ဆွေးနွေးခြင်း

မိလိန္ဒမင်းသည် ရှင်နာဂသေနအား ချဉ်းကပ်မိသောအခါ အသက်ထက်ဆုံး အောက်မေ့အပ်သော စကားဖြင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကာ သင့်လျော်ရာတွင် နေလေ၏။ ထိုနောက်-

“အရှင်ဘုရား....အရှင်ဘုရား၏အမည်တော်သည် အဘယ်သို့ ဖြစ်ပါသနည်း”ဟု စတင် မေးလျှောက်၏။ ထိုအခါ ရှင်နာဂသေနက ဤသို့ ဖြေတော်မူ၏။

အမည်ပြဿနာ

“မင်းကြီး....ငါ၏အမည်ကို သိတင်းသုံးဖော် အရှင်မြတ်တို့က“နာဂသေန”ဟု ခေါ်ဝေါ်ကြကုန်၏၊ မိဘတို့ကမူကား နာဂသေန ဟူ၍လည်းကောင်း၊ သူရသေန ဟူ၍လည်းကောင်း၊ ဝီရသေန ဟူ၍လည်းကောင်း၊ သီဟသေန ဟူ၍လည်းကောင်း အမှတ်ပြုကြကုန်၏၊ မင်းကြီး.... စင်စစ်သော်ဆား‘နာဂသေန’ဟူသော အမည်သည် ပညတ်ဝေါဟာရမျှ

သာတည်း၊ ဤနာဂသေနဟူသော အမည်၌ ပရမတ္ထအားဖြင့် ထင်ရှားသော ပုဂ္ဂိုလ်ဟူ၍ကား မရအပ်သည်သာတည်း”

ထိုအခါ၌ မိလိန္ဒမင်းသည် ဓါးရာသောအမတ်တို့ကိုလည်း ကောင်း၊ ရွှမ်းသောင်းသောရဟန်းတို့ကို လည်းကောင်း တစ်လှည့်စီ ကြည့်လိုက်ပြီးသော် ကျယ်စွာသောအသံဖြင့်-

“အို-အမတ်အပေါင်းနှင့် ရွှမ်းသောင်းသောအရှင်ကောင်းတို့....ဤရှင်နာဂသေန ဆိုအပ်သော စကားကိုနားထောင်ကြပါကုန်။ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ဟူ၍ မရအပ်ဟူသော ရှင်နာဂသေန၏စကားသည် စင်စစ် နှစ်သက်ထိုက်ပါသလော” ဟု သက်သေထားကာ တိုင်တည်သည့်သဘောမျိုးဆိုလိုက်၏၊ ထို့နောက်အရှင်နာဂသေနကို ဤသို့ ဆက်လက်မေးလျှောက်ပြန်၏။

မိလိန္ဒမင်း။ “အရှင်နာဂသေန၊ပရမတ္ထအားဖြင့်ပုဂ္ဂိုလ်ဟူ၍ မရစေကောင်းဆိုခဲ့သော် အဘယ်သူသည် အရှင်တို့အား၊ဆွမ်းသင်္ကန်း၊ကျောင်း၊ဆေးဟူသောပစ္စည်းလေးပါး ကို လူလေသနည်း၊ အဘယ်သူသည် ထိုလူအပ်သောပစ္စည်း ကို ခံယူသုံးဆောင်လေသနည်း၊အဘယ်သူသည်သီလဆောက် တည်ခဲလေသနည်း။အဘယ်သူသည် ကမ္မဋ္ဌာန်းဘာဝနာ၌ယှဉ် လေသနည်း။အဘယ်သူသည် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုလေသနည်း။အဘယ်သူသည် အာကုသိုလ်ကံ ဓါးပါးဟူသော မကောင်းမှုတို့ကိုပြုလေသနည်း။ အဘယ်သူသည် အနန္တရိယကံကို ပြုပါသနည်း”

"အရှင်နာဂဇေသန၊ အရှင့်စကားအတိုင်း ဆိုချေသော် ကုသိုလ်ကံ-အကုသိုလ်ကံဟူ၍လည်း မရှိကောင်းပြီ၊ ကုသိုလ် အကုသိုလ်တို့ကို ပြုတတ်သောသူ၊ တားမြစ်တတ်သောသူဟူ၍ လည်းမရှိကောင်းပြီ။ကောင်းသောအမှု-မကောင်းသောအမှု တို့၏အကျိုးဆက်တရားသည်လည်း မရှိကောင်းပြီ။

"အရှင် နာဂဇေသန။ အရှင်တို့အား အကြင်သူသည်သေ အောင်သတ်အုံ၊ ဆိုသတ်သောသူအား ပါဏာတိပါတကံမရှိ ကောင်းပြီ၊ အရှင်ဘုရားတို့အားလည်း ဆရာဟူ၍ လည်း ကောင်း၊ ဥပဇ္ဈာယ်ဟူ၍လည်းကောင်း၊ ပဉ္စင်းဟူ၍လည်း ကောင်း မရှိကောင်းပြီ။

"အရှင်နာဂဇေသန၏ နာမသည်ကိုမေးသော်၊ မင်းကြီး ငါ၏အမည်ကို နာဂဇေသနဟုသိတင်းသုံးဖော်တို့ခေါ်ဆိုသည် ဟူ၍လည်း အကျန်ဥပဒါန်းပြောခဲ့ပြီးလေပြီ။ သို့လျှင် 'နာဂ သေန' ဆိုရာ၌ အဘယ်သည်လျှင် နာဂသေနတည်း။ အရှင် ဘုရား၏ဆံပင်သည်ပင် နာဂသေနမည်ပါသလော"

ရှင်နာဂဇေသန။ ။"မင်းကြီး....ဆံပင်လည်း နာဂသေန မဟုတ်"

မိလိန္ဒမင်း။ ။"အရှင်ဘုရား....သို့ဆိုလျှင်မွေးညင်းသည် ပင် နာဂသေနလော...."

ရှင်နာဂဇေသန။ "မင်းကြီး.... မွေးညင်း သည်လည်း နာဂသေန မဟုတ်"

မိလိန္ဒမင်းသည် ဤသို့လျှင် ဒဋ္ဌိသကာယကို အစဉ် အတိုင်းမေးလာခဲ့ပြီးနောက်....

"အရွင်ဘုရား....ရူပကွာသည် နာဂသေနမည်သလော"
ဟု မေးပြန်၏။

"မင်းကြီး....ရူပကွန္ဓာလည်း နာဂသေနမဟုတ်" ဆိုပြန်သော် ဝေဒနာ၊သညာ၊ သင်္ခါရသို့ဘိုင်းအောင် တစ်ဆင့်တစ်ဆင့်တက်၍ မေးလာခဲ့ပြီးသည် အဆုံးဌ်....

"အရွင်ဘုရား....အရွင်ဘုရားကိုအဆင့်ဆင့်မေးလာခဲ့ရာဌ်မည်သည်ကိုမျှ "နာဂဒသန" ဟုမမြင်မသိရပါ။စင်စစ်မူအရွင်ဘုရားသည် မုဆာဝဓါဒစကားကို ဆိုနေခြင်းသာဖြစ်လေသာည် တကား...." ဟု စွပ်စွဲပြောဆိုလိုက်၏။

ထိုအခါ ရှင်နာဂသေနသည် မိလိန္ဒမင်းကို သို့လျှင်ဘုံ.ပြန်ဆိုတော်မူ၏။

"မြတ်သောမင်းကြီး၊သင်မင်းကြီးသည် မင်းစည်းစိမ်နှင့်လျော်စွာ ငြိမ်းဒေးချမ်းသာစွာနေရသဖြင့်သိမ်မွေ့နူးညံ့၏။ သင် မင်းကြီးလာခဲ့သည်မှာလည်း အပူရှိန်ပြင်းစွာသော နေမွန်းတည့်ချိန်ဖြစ်၍ အကယ်တည့်ခြေလျင်လာခဲ့လျှင် သင်မင်းကြီး၏ခြေတို့သည် နာကျင်ပေါက်ကွဲခြင်း ဖြစ်ရာ၏။

"ယခု-သင်မင်းကြီးလာခဲ့သည်ကား၊ ခြေလျင်ပင်ဖြစ်လေသဖြလော၊ ဆင်ယာဉ်.... မြင်းယာဉ်.... တစ်ခုခုဖြင့် လာခဲ့လေသလော...."

ရထားဟူသည် အဘယ်နည်း

"အရွင်ဘုရား....တပည့်တော်ရထားစီး၍လာခဲ့ပါသည်"

"ကောင်းလှပြီ မင်းမြတ်၊သို့ဆိုလျှင် ရထား၏ သဘော သရုပ်ကို ငါ့အား ပြောပြစမ်း။ ဒါလှ၊ရထား၏ ဝင်ရိုး သည် ရထားလော...."

"အရှင်ဘုရား....ဝင်ရိုးသည် ရထားမဟုတ်ပါ"

"သို့ဖြစ်လျှင် ရထားဘီးသည်ပင် ရထားလော...."

"အရှင်ဘုရား....ရထားဘီးသည်လည်း ရထားမဟုတ်ပါ"

"သို့ဆိုလျှင်ရထားဘီးလက်တင်သည်ပင်ရထားလော...."

ရှင်နာဂသေနသည် ဤသို့လျှင် ရထား၏ အစိတ်အပိုင်း အဆင်တန်ဆာများ နှင့်စပ်လျဉ်း၍ ရထားမောင်းသောနှင်တံ တိုင်အောင့် အစဉ်အတိုင်းဝေဖန် ဆစ်ပိုင်းကာမေးလာပြီး သည်၏ အဆုံး၌-

"အဘယ်သို့ပါနည်းမင်းကြီး၊ ငါသည် သင်မင်းကြီးကို ရထားနှင့်စပ်လျဉ်းမေးမြန်းလာခဲ့ရာ၌ မည်သည်ကိုမျှ 'ရထား ဖြစ်သည်ဟူ၍' မသိမမြင်ရပါတကား၊ မြတ်သောမင်းကြီး.... ရထသဒ္ဒါသည်ပင်လျှင် ရထားဖြစ်လေသောလော၊ ရထားဟူ သည် အဘယ်မှာ ဖြစ်လေသနည်း။

"မင်းကြီး....သင်မင်းကြီးသည်မဟုတ်မမှန်သောစကားကို ဆိုနေဘိသည်တကား....၊သင်မင်းကြီးသည်အလုံးစုံသောငမ္မ။ ဒီပါကျွန်းတွင် မြတ်သောမင်းဖြစ်ပါလျက်မရှိသောရထားကို ရှိသည်ဟူ၍ မုသာဝါဒစကားဆိုနေဘိသည်တကား။

"အို-ငါးရှူသော ယောနကအမျိုးသားနှင့်ရှစ်သောင်း သောရဟန်းအပေါင်းတို့....မိလိန္ဒမင်းကြီးမဟုတ်မမှန်ဆိုအပ်

လေသောစကားကို သင်တို့ နားထောင်ကြပါ၊ ကုန်လေ့....
ကြားကြပါကုန်လေ့....။

"မိလိန္ဒမင်းကြီးသည် ငါမေးသောကာလ၌ ရထားဖြင့်
လာခဲ့သည်ဟု ဆိုအပ်သည်ဖြစ်ပါလျက် ယခုအခါရထားမည်
သည်ကို တပ်အပ်သေချာပြည့်စုံစွာ မဖော်နိုင်သည်တကား၊
မိလိန္ဒမင်းကြီး၏စကားကို အသင်တို့ နှစ်သက်ခြင်းငှာ သင့်
ကောင်းပါအံ့လော။ သင်တို့သည် သက်သေအဖြစ်ဖြင့် နား
ထောင်ကြပါကုန်လေ့"

ရှင်နာဂသေနက ဤသို့ ဆိုလိုက်သောအခါ ငါးရာသော
ယောနကတိုင်းသားတို့သည် ရှင်နာဂသေနအား တစ်ပြိုင်
တည်းပင် ဝိုင်း၍ ကောင်းချီးပေးကြကုန်၏။ မိလိန္ဒမင်းကြီး
ကိုလည်း "အရှင်မင်းကြီး ယခုအခါ တတ်ဝှမ်းနိုင်သမျှပြော
ဆိုတော်မူပါလေ့...." ဟု ဆိုကြကုန်၏။

မိလိန္ဒမင်းလည်း ရှင်နာဂသေနအား ဤသို့လျှင် တုံပြန်
ဆိုပေ၏။

"အရှင်ဘုရား-တပည့်တော်သည်မုသာဝါဒဆိုသည်မဟုတ်
ပါ။ "ရထား" ဟု ခေါ်ဆိုသိမှတ်ရာ၌ ရထားဝင်ရိုးကို စွဲ၍
လည်းကောင်း၊ ရထားဘီး၊ လက်တင်၊ ရထားဆောက်တို့ကို
စွဲ၍သည်းကောင်း 'ရထား' ဟူ၍ ခြုံလွှမ်းခေါ်ဆိုအပ်သော
ဓဝါဟာရနာမပညတ်သာ ဖြစ်ပါသည်"

"ကောင်းလှပြီမင်းကြီး၊ သင်မင်းကြီး ယခုဆိုအပ်သည်ကို
ပင် နာဂသေနဆိုအပ်သောငါသည်လည်း ဆံပင်ကိုစွဲ၍လည်း

ကောင်းပေမဲ့ညှင်း၊ ခြေသည်းပလက်သည်း စသည်တို့ကို စုံ၍ လည်းကောင်း နာဂသေနဟူသော ဓေါဟာရနာမပညတ်မျှသာ ဖြစ်တော့သည်”

“ထို့ကြောင့်ပင် ပရမတ္ထနည်းအားဖြင့် ထင်ရှားမရှိသည့် အားလျော်စွာ ပုဂ္ဂိုလ်ကိုမရအပ်ဟု ငါဆိုသည်။ မင်းကြီး.... နာမပညတ် ဓေါဟာရအဖြစ်ကိုငါသာလျှင်ပြောသည်မဟုတ် ဘုရားရှင် ထင်ရှားရှိတော်မူသော ကဿပစသည်း ဝဇီရာအမည်ရှိသော ဘိက္ခုနီမ တစ်ဦးကို ဤသို့ ဟောခဲ့ဖူးသည်။

“အင်္ဂါကြီးငယ်အဆောက်အဦ ရှိသောကြောင့် ရထားဟူ၍ခေါ်ဝေါ်သောဓေါဟာရသည် ဖြစ်သကဲ့သို့၊ ထို့အတူ ခန္ဓာငါးပါးတို့သည် ထင်ရှားရှိကုန်သော် သတ္တဝါပုဂ္ဂိုလ်ဟူ၍ နာမပညတ်ဓေါဟာရကို သမုတ်ခြင်းသည်ဖြစ်၏။ ဤသို့ ဟောအပ်၏”

ထိုအခါ၌ ရှင်နာဂသေနဆိုအပ်သောစကားကို မိလိန္ဒမင်းသည် အလွန်ပင်နှစ်သက် ဝမ်းမြောက်လေရကား-

“အရှင်ဘုရားအံ့ဘွယ် ရှိစွဲဘကား....မဖြစ်စဖူး ထူးစွဲတကား၊ အရှင်ဘုရားသည် အမေးနှင့် အညီဆန်းကြယ်စွာပင် ဖြေတတ်ပေ၏တကား.... အကယ်ဟူဘုရားရှင်သာ သက်တော်မူတင်ရှားရှိခဲ့ခြေသော် အရှင်ဘုရားကို ကောင်းချီးပေးတော်မူလေရာ၏” ဆိုကာ သာဓုခေါ်ပေ၏။

ဝါအရေအတွက်

မိလိန္ဒမင်းသည် ရှင်နာဂသေန၏အမည်ပြဿနာ ပြီးသည့် အခါ ဝါအစဉ်ကို မေးပြန်၏။

"အရှင်ဘုရား၊အရှင်ဘုရားသည်ဝါစဉ်အဘယ်မျှလောက် ရှိပါသနည်း"

"မင်းမြတ် ငါသည် ခုနစ်ဝါရှိခဲ့ပြီ"

"အရှင်ဘုရား....အဘယ်သည်လျှင် ခုနစ်ဝါရှိပေသနည်း။ အရှင်ဘုရားပင်လျှင် ခုနစ်ဝါလော၊ ရေတွက်ခြင်း သင်္ချာပင် လျှင် ခုနစ်ဝါပါလော"

ထိုစဉ်၌မိလိန္ဒမင်း၏ကိုယ်၌ဆင်မြန်းထားအပ်သောအဝတ် တန်ဆာတို့နှင့်တကွသော မိလိန္ဒမင်း၏အရိပ်သည်မြေအပြင်၌ ထင်ရှိ၏။ပတ္တာမြားသောက်ရေခွက်၌လည်းထင်ဟပ်လျက်ရှိ၏။

ရှင်နာဂသေနသည်ထိုအရိပ်ကိုမင်းကြီးအားညွှန်ပြလျက်-

"မြတ်သောမင်းကြီး၊သင်မင်းကြီး၏အရိပ်သည်မြေအပြင် ၌လည်းကောင်း၊ပတ္တာမြားသောက်ရေခွက်၌ လည်းကောင်း၊ ထင်ဟပ်လျက်ရှိ၏။မင်းကြီး.... အဘယ်သို့ပါနည်း၊ သင်မင်း ကြီးသည်ပင်လျှင် မင်းလော.... အရိပ်သဏ္ဌာန်သည်ပင်လျှင် မင်းဖြစ်လေသလော"

"အရှင်ဘုရား၊အရိပ်သည်"မင်း"မဟုတ်ပါ၊အရိပ်သည် တပည့်တော်ကိုမှီ၍သာလျှင် ဖေါ်လာရခြင်းဖြစ်ပါသည်"

"မင်းမြတ်....ငါ၏ဝါအစဉ်သည်လည်း ထို့အတူသာဖြစ် တော့သည်။ဝါအစဉ်ကို ရေတွက်ပိုင်းခြားခြင်း သင်္ချာသည်

သာလျှင်''သတ္တ''မည်အပ်သည်။ငါသည်ကား သတ္တမဟုတ်။ သတ္တဟူသောအရေအတွက်သည် ငါ၏ကိုယ်ခ္ဍန္ဓာမျှသာ ဖြစ်ရသည်။ မင်းကြီး စင်စစ်သော်ကား ခုနစ်ဝါဟူသော အရေအတွက်သည် အရိပ်ပမာပင် ဖြစ်ချေ၏။

ထိုအခါခ္ဍိလည်း မိလိန္ဒမင်းသည် ''အရှင်ဘုရား....အံ့ဖွယ်ရှိစွဲတကား....အရှင်ဘုရားသည် အလွန်လျှင် ဆန်းကြယ်စွာဖြေအပ်ပေသည်တကား....''ဟုလိုက်လဲဝမ်းသာဆိုပြန်ပေ၏။

ဆွေးနွေးပုန် ဖိတ်ကြားခြင်း

မိလိန္ဒမင်းသည်ရှင်နာဂသေနအား''အရှင်ဘုရား....အရှင်ဘုရားသည်တပည့်တော်နှင့်အတူ စကားဆွေးနွေးတော်မူပါလော့-''ဟုတစ်သီးတစ်သန့် ထပ်ဆင့်ပြီး ဖိတ်ခေါ်ပန်ကြားခြင်းပြု၏။

''မြတ်သောမင်းကြီး....သင် မင်းကြီးဆွေးနွေး လိုသည်ကား ပညာရှိတို့၏ဆွေးနွေးခြင်းမျိုးပင် ဖြစ်လေသလော၊ မင်းတို့၏ဆွေးနွေးခြင်းမျိုးပင် ဖြစ်လေသလော''

''အရှင်ဘုရား.... ပညာရှိတို့၏ ဆွေးနွေးခြင်း ဟူသည် အဘယ်သို့ပါနည်း''

''မင်းမြတ်....ပညာရှိတို့၏ ဆွေးနွေးခြင်းသည်ကား သွယ်ဝိုက်တင်စား၍ဆိုသည်လည်းရှိ၏။ တိုက်ရိုက် တဲ့တိုးဆိုသည်လည်းရှိ၏။နှိမ်သင့်သည်ကို နှိမ်ချသကဲ့သို့ ချီးမြှောက်သင့်သည်ကိုလည်း ချီးမြှောက်၏။ ထူးသည်ကိုလည်း ထူးသည့်

အလျောက် မထူးသည်ကိုလည်း မထူးသည့် အလျောက် အဖြောင့် ဆိုကြကုန်၏။

''စင်စစ်သော်ကား- ပညာရှိတို့၏ ဆွေးနွေးခြင်းသည် ပညာတိုးပွားရေး အယူဝါဒဖြောင့်မှန်ရေးသည်သာအဖြစ် အကြောင်းရင်း ဖြစ်၏။ ဆရာပြစ်ရခြင်း၊ တပည့်ဖြစ်ရခြင်း၊ ရှုံးခြင်း- နိုင်ခြင်းဃည် အကြောင်း မဟုတ်လော၊ ထို့ပြင် တစ်ဦးနှင့်တစ်ဦးလဲ အမျက်မထွက် မေတ္တာမပျက် ကုန်သည်သာတည်း''

''အရှင်ဘုရား.... မင်းတို့၏ ဆွေးနွေးခြင်းကို ဆိုတော်မူပါဦး''

''မြတ်သောမင်းကြီး.... မင်းတို့၏ဆွေးနွေးခြင်း ဟူသည်ကား မင်းဖြစ်သူနှင့် အယူအဆ တူမျှခြင်းသည် သာလျှင် အကြောင်းရင်း ဖြစ်၏၊ မှား၊ခြင်း- မှန်ခြင်း သည်ကား အကြောင်းမဟုတ်လော၊ ထိုမှတစ်ပါး မင်း၏အထံတွင် ထုတ်ဖော်ဝန်ခံအပ်လေပြီးသော အကြင်အကြောင်းခြင်းတို့သည် တစ်စုံတစ်ရာ ချွတ်ယွင်းပျက်ကွက်သည်ဖြစ်အံ့၊ မင်းပြစ်မှင်း ဒဏ်နှင့် မလွတ်ကင်းနိုင်သည်သာတည်း''

''အရှင်ဘုရား....ကောင်းလှပါပြီ၊ တပည့်တော်သည်ပညာရှိတို့၏ ဆွေးနွေးဝံ့ပင်ခြင်းကိုပင် ကျေနှံသုံးပါမည်၊ အရှင်ဘုရားသည် တပည့်တော်နှင့်ဆွေးနွေးရာ၌ ဖြောင့်မှန်ခြင်းကို

သာလျှင် အခြေခံအကြောင်းရင်းပြု၍ ကြောင့်ကြ ကင်းစွာ ဝေဖန်ပိုင်းခြားတော်မူပါဘုရား....''

စကားပရိယာယ်

မိလိန္ဒမင်းသည်သို့လျှင်အတုံ့ အပြန်ဆိုပြီးနောက်ရှင်နာဂ သေနကို စကားပရိယာယ်သဘော စူးစမ်းပြန်လေ၏။

''အရှင်ဘုရား....တပည့်တော် မေးပါရစေ''

''ကောင်းပြီ....မေးလော့ သင်မင်းမြတ်''

''အရှင်ဘုရား....တပည့်တော် မေးပြီးပါပြီ''

''သင်မင်းကြီး....ငါလဲဖြေပြီးပြီ''

''အရှင်ဘုရား....အဘယ်ကို ဖြေပါသနည်း''

''သင်မင်းကြီး....အဘယ်ကိုမေးသနည်း''

ထိုအခါ မိလိန္ဒမင်းသည် ဤသို့ ဟူး၏။

''ဤရဟန်းကား ငါနှင့်ဆွေးနွေးပြောဆိုခြင်းဌာနစွမ်းနိုင် သူဖြစ်ပေ၏၊ ငါ့တွင်လဲ မျှားစွာသော မေးမြန်းဖွယ်တို့ သည်လည်းကောင်း၊ မမေးရသေးသော အကြောင်းခြင်းရာ တို့သည်လည်းကောင်း မြောက်မြားစွာ ရှိနေ၏၊ သို့သော် ယနေ့အဖို့ကား နေဝင်ပြီ၊ မေးမြန်းရန် အချိန်မရှိတော့ပြီ၊ ထို့ကြောင့် နန်းတွင်းသို့ပင်ဖိတ်၍ ဆွေးနွေးမေးမြန်းရသော် ကောင်းပေလတ္တံ့''

သို့ဖြင့်ပင် မိလိန္ဒမင်းကြီးသည် ဒေဝမန္တိယ အမတ်ကို ဤသို့မှာထား၏။

"အချင်းဒေဝမန္တိယအမတ်၊ သင်သည် ရှင်နာဂသေနကို ဤသို့လျှောက်ထားလေ၊ 'အကျွန်ုပ်တို့၏မင်းကြီးသည်အရှင်ဘုရားအား နက်ဖြန်မိုးသောက်ဖျိန်တွင်နန်းတော်သို့ကြွရောက်တော်မူရန် ဖိတ်ကြားသွားပါသည်'ဟု ငါ့ကိုယ်စားတစ်ဆင့် လျှောက်ထားပင့်ဖိတ်လေ့"

ထို့နောက် မိလိန္ဒမင်းသည်နေ့ချမ်းတကာ ရှင်နာဂသေနကို ခွင့်ပန်ကြားလျက် ရထားစီးကာ နန်းတော်သို့ ပြန်နှင့်တော်မူ၏။ ခရီးစပ်ကြားတွင်ကား ရှင်နာဂသေန၏ ပဲ့သွားဆံလည်းကောင်း၊ ရဲရင့် ထက်မြက်ပုံကိုလည်းကောင်း နှစ်သက်ဝမ်းမြောက်လှသောအားဖြင့် "နာဂသေန-နာဂသေန" ဟူ၍ သာလျှင် အစဉ်တစိုက် ဆိုမြွှာနေတော်မူမိပေ၏။

ဒေဝမန္တိယအမတ်လည်းမင်းကြီးမှာတော်မူသည့်အတိုင်း ပင် ရှင်နာဂသေနကို လျှောက်ထားပင့်ဖိတ်ခဲ့လေသော် အရှင်မြတ်ကလည်း "ကောင်းပြီ" ဟု လက်ခံတော်မူလိုက်၏။

နောက်တစ်နေ့မိုးသောက်လင်းသော် ဒေဝ" ကမတ်၊ အနန္တကာယအမတ်၊ မကုံရအမတ်၊ သဗ္ဗဒိန္ဒအမတ်တို့သည် မိလိန္ဒမင်းထံပါး ချဉ်းကပ်ခစားကာ....

"မြတ်သောမင်းကြီး၊ ရှင်နာဂဒေသနကြွလာသော်အဘယ် ဗျလောက်သော ရဟန်းတို့နှင့် ကြွလာစေရပါမည်နည်း" ဟု မေးကြကုန်၏။

မိလိန္ဒမင်းကြီးက "အချင်းတို့....အရှင်မြတ် အလိုရှိသမျှသော ရဟန်းတို့နှင့်ပင် ကြွလာပါစေ" ဆို၏။

သို့သော် သဗ္ဗဒိန္နအမည်ရှိသော အမတ်သည် ထပ်ဆင့်မေးပြန်၏။

"အရှင်မင်းကြီး....တစ်ကျိပ်သော ရာဇဒန်းတို့နှင့်အတူ ကြွလာစေရပါမည်လော"

"အချင်း သဗ္ဗဒိန္န....အရှင်မြတ်အလိုရှိသမျှနှင့်ပဲင်ကြွလာပါစေ"

"အရှင်မင်းကြီး.... အလိုရှိသမျှဆိုလျှင် တစ်ကျိပ်သော ရာဇဟန်းတို့နှင့် ကြွလာစေရပါမည်လော"

ထိုအခါ၌ မိလိန္ဒမင်းကြီးသည် သဗ္ဗဒိန္နအမတ်ကိုအမျက်ထွက်လျက်....

"သဗ္ဗဒိန္နိ....သင် အဘယ်သို့ဖြစ်နေသနည်း အလုံးစုံသော ပူဇော်သက္ကာရကိုလဲ ငါစီရင်ပေးပြီ၊ အလိုရှိတိုင်းသော ရာဇဟန်းတို့နှင့်လဲ ကြွလာပါစေ ဆိုပြီးပြီ၊ သို့ပါလျက် အဘယ့်ကြောင့် သင် ထပ်ကာထပ်ကာ မေးနေသနည်း" ဆိုသော်မူ၏။ သဗ္ဗဒိန္နအမတ်သည် မင်းကြီး၏ ယုတ်မာတော်မူခြင်းကိုခံရသဖြင့် နှလုံးမသာရှိချေ၏။

သို့ဖြင့် ဒေဝမန္တိယ၊ အနုရုဒ္ဓ၊ မဟိုရဂအမတ်တို့သည် ရှင်နာဂဇနထံ သွားရောက်ကာ....

"အရှင်ဘုရား....အကျွန်ုပ်တို့၏ မင်းကြီးသည် အရှင်ဘုရား အလိုရှိသမျှသော ရာဟန်းတို့နှင့်အတူကြွလာတော်မူစေချင်ပါသည်၊ သို့ဖြစ်၍ အရှင်ဘုရားအားပိုရှိသမျှသော ရာဟန်းတို့နှင့် အတူပင် ကြွလာတော်မူပါဘုရား...." ဟု လျှောက်ထား ပတ်ဖိတ်ကြွကုန်၏။

နာဂသေနဟူသည်

မိုးသောက်လတ်သော် ရှင်နာဂသေနသည်သပိတ်သက်န်း တို့ကို ပြင်ဆင်တတ်ရုံလောက် ရှစ်သောင်းသော ရဟန်းတို့နှင့် အတူ သာဂလမြို့တွင်းသို့ ကြွချီတော်မူ၏။ ထိုစဉ်၌ အနုန္တ ကာယအမက်သည် ရှင်နာဂဇသန နောက်ပါးမှ လိုက်လျက်....

"အရှင်ဘုရား....အရှင်ဘုရား၏အမည်ကို 'နာဂဇသန' ဟု ဆိုရာ၌ အဘယ်တရားသည် နာဂဇသန မည်ပါသနည်း" ဟု မေးလျှောက်၏။

"ဒါယကာ....သင်သည် နာဂသေနဆိုရာ၌ အဘယ်တရား သည် နာဂသေနဟူ၍ အမှတ်ရှိသနည်း"

"အရှင်ဘုရား ကိုယ်ဇင်းမှ ထွက်သက် ဝင်သက်ကိုပင် နာဂသေနဟု အမှတ်ရှိပါသည်ဘုရား"

"အချင်း....အမတ်၊ အကြင် ထွက်သက် ဝင်သက်သည် ထွက်ဖေသော်မဝင် ဝင်သော်မထွက် ရှိခဲ့ဖူးသော် ထိုသူသည် အသက်ရှင်နိုင်ပါအံ့လော"

"အရှင်ဘုရား....ထိုသို့ဖြစ်မူကား အသက်မရှင်နိုင်ပါ"

"အချင်းအမတ်၊ ခရုသင်းမှုတ်သူ၊ နဲ့ပြွန်မှုတ်သူ၊ တံပိုး မှုတ်သူတို့၏လေသည် တစ်ဖန်ပြန်၍ ဝင်လာဖေးသလော"

"အရှင်ဘုရား....ထိုသူတို့၏လေသည် တစ်ဖန်ပြန်ဝင်ခြင်း မရှိပါ"

"အိုး....အမတ်၊ သို့ဖြစ်လျက်ပင် ထိုသူတို့သည် အာဘယ်ကြောင့် မသေကြကုန်သနည်း၊ သင်ကဲ့သို့အယူရှိသောသူနှင့် ငါစကားပြောရန် မစွမ်းနိုင်ပါတကား"

"အရှင်ဘုရား- အရှင်ဘုရား သိစေချင်သည့် အနက် အဓိပ္ပာယ်အတိုင်းသာ အဆိုးသတ်ခေတ်မူပါလော့"

ထိုအခါ ရှင်နာဂသေနသည်....

"အချင်းအမတ်၊ ထွက်လေဝင်လေသည် အသက်မဟုတ် ကာလသခ်ါရသာတည်း" ဟုဖြေရှင်းတော်မူ၏။ အနန္တကာယ အမတ်လည်း ထိုအချိန်မှစ၍ ရတနာသုံးပါးကိုယုံကြည်ဆည်းကပ်သော ဗုဒ္ဓဘာသာဥပါသကာအဖြစ်သို့ရောက်ပေ၏။

ဒုတိယအကြိမ် ဆွေးနွေးခြင်း

ရှင်နာဂသေနနှင့် ရဟန်းအဝေါင်းတို့အား မိလိန္ဒမင်းကြီးသည် ကောင်းမြတ် စုံလင်စွာသော စားသောက်ဖွယ်တို့ဖြင့် ကိုယ်တော်တိုင်ပင်လျှင် လှူဒါန်း ဆက်ကပ်ခြင်း ပြုပေ၏။ ရဟန်းတစ်ပါးလျှင် သင်္ကန်း တစ်စုံစီလည်း လှူတော်မူ၏။ ထိုနောက် ရဟန်းအားလုံး ဆွမ်းစားပြီးသည့်အခါ ရှင်နာဂသေနအား ဤသို့ လျှောက်ထား၏။

"အရှင်ဘုရား....အရှင်ဘုရားနှင့် တစ်ကျိပ်သောရဟန်းတို့ကား သိတင်းသုံးတော်မူကြပါဦး၊ အခြားသော ရဟန်းတို့ကား ကျောင်းသို့ ပြန်လည် ကြွစေပါကုန်လော့"

သို့ဖြင့် အခြားဓသာဝရဟန်းတို့ ပြန်လည်ကြွသွားပြီးဓသာ အခါ မိလိန္ဒမင်းကြီး သည်ရှင်နာဂဓသေနအား ဤသို့လျှောက်ထားအပ်ပေ၏။

"အရှင်ဘုရား ...တပည့်တော်တို့သည် အဘယ်ကိုရည်ရွယ်၍ ဆွေးဓွေးပြောဆိုကြကုန် ပါအံ့နည်း"

"မင်းကြီး....ငါတို့သည် ကောင်းကျိုး ဖြစ်ထွန်းစေမှုကို ရည်ရွယ်၍ ပြောဆိုကုန်အံ့"

မိလိန္ဒမင်းသည် ထိုအခါ၌ ရဟန်းပြုရခြင်း အကျိုးနှင့် စပ်လျဉ်း၍ ပထမဦးစွာ မေးမြန်း လျှောက်ထားအပ်သည် ကား=

ရဟန်းပြုရခြင်း အကြောင်း

"အရှင်ဘုရား...အရှင်ဘုရားတို့သည် အဘယ်အကျိုးကို ရည်ရွယ်၍ ရဟန်းပြုကြပါသနည်း။ ရဟန်းပြုရခြင်းအတွက် အရှင်ဘုရားတို့တွင် အဘယ်သို့လျှင် မြတ်ပါကုန်သနည်း"

"မြတ်ဓသာမင်းကြီး၊ သင်အဘယ်သို့ ဆိုသနည်း၊ အကြင် ဝဋ်ဆင်းရဲသည် ချုပ်ငြိမ်းအံ့၊အသစ်သော ဝဋ်ဆင်းရဲမဖြစ် သည်သာဖြည်း။ ငါတို့သည် အကျိုးကို လိုသောကြောင့်ပင် ရဟန်းပြုကြခြင်း ဖြစ်ကုန်၏။ မင်းကြီး စင်စစ်သော်ကား ဥပါဒါန်တရားတို့ဖြင့် စွဲလမ်းခြင်းမရှိမူဘဲ ပရိနိဗ္ဗာန်ပြုရခြင်း သည် အလွန်မြတ်လှစွာဓသာ အကျိုးသာတည်း"

"အမျှင်ဘုရား....ရဟန်းတို့အား လုံးသည်ပင်လျှင်ဝဋ်ဆင်းရဲချုပ်ငြိမ်းရာနိဗ္ဗာန်ကို ရည်ရွယ်၍ ရဟန်းပြုကြခြင်း ဖြစ်ပါသလော"

"မင်းကြီး အချို့သောရဟန်းသည် နိဗ္ဗာန်ကိုလို၍ ရဟန်းပြု၏။ အချို့ရဟန်းတို့ကား မင်းနှိပ်စက်သောကြောင့် ရဟန်းပြုကြ၏။ ခိုးသူနှိပ်စက်သောကြောင့်လည်းကောင်း ကြွေးမြီတင်ရှိသောကြောင့်လည်းကောင်း၊ ရဟန်းအဖြစ်ဖြင့်ဆင်းသက်မွေးမြူသောကြောင့်လည်းကောင်းပြုကြကုန်သည်လည်းရှိ၏။ အကြင်ရဟန်းတို့သည်ကား ထိုသို့မဟုတ်မူဘဲ ကောင်းစွာလျှင် ရဟန်းပြုကြ၏။ ထိုသူတို့သည်နိဗ္ဗာန်အလိုငှာရဟန်းပြုကြသည်မည်ကုန်၏"

"ဒေမျှင်ဘုရား....အရှင်ဘုရားသည်လည်း နိဗ္ဗာန်အလိုငှာ ရဟန်းပြုခြင်း ဖြစ်ပါသလော"

"မင်းကြီး....ငါသည် သူ့ယောကျ်ားတစ်ယောက် ရဟန်းပြုခဲ့၏။ ထို့ကြောင့် နိဗ္ဗာန်အလိုငှာ ရဟန်းပြုသည်ဟု မသိခဲ့လေ။ စင်စစ်သော်ကား သာကီဝင်မင်းသားရဟန်းအများတို့သည် ငါ့အား ရဟန်းအဖြစ်ဖြင့် ကျွံ့ကြဲအားထုတ်အပ်သမျှတို့ကို လွတ်ကျင်သင်ကြားပေးကြကုန်၏။ သို့သင်ကြားပေးကြသဖြင့် လည်း ဤမျှမည်သော အကျိုးငှာ ရဟန်းပြု၏ဟု သိသည်းသိ၏။ မြင်လည်း မြင်ခဲ့၏။"

"မှန်ပါ...အရှင်ဘုရား၏စကားသည်ဒလျှာကန်သင့်မြတ်လှပါပေ၏"

ပဋိသန္ဓေ ဟူသည်

မိလိန္ဒမင်းကြီးသံည် ရဟန်းပြုမှုခြင်း အကျိုးကို သိရပြီး နောက် ပဋိသန္ဓေနေခြင်းနှင့်စပ်လျဉ်း၍ ဒမေးလျှောက်ပြန်၏။

"အရှင်ဘုရား....အခု၌ သူသည်သေပြီးသည့်နောက် ပဋိသန္ဓေမနေတော့ပြီ ဖြစ်ပါသလော"

"မြတ်သောမင်းကြီး ပဋိသန္ဓေ တစ်ခုခုပြုနေသူလည်း ရှိ၏။ မနေသူလည်း ရှိပေ၏"

'အရှင်ဘုရား....အဘယ်သူသည် ပဋိသန္ဓေ တစ်ဖန်နေ၍ အဘယ်သူသည် ပြန်မနေရတော့ပါသနည်း'

"မင်းမြတ်ကိုလေသာရှိသောသူသည်ပဋိသန္ဓေနေ၍ကိုလေသာမရှိသောသူကား ပဋိသန္ဓေမနေရတော့သည်သာတည်း"

"အရှင်ဘုရား.... အရှင်ဘုရားသည် ပဋိသန္ဓေနေရဦးပါမည်လော"

"မင်းမြတ်....ငါသည် ဥပါဒါန်ရှိသေးသည်ဖြစ်အံ့။ ပဋိသန္ဓေနရပါဦးမည်၊ အကယ်၍ ဥပါဒါန် မရှိသည်ဖြစ်အံ့၊ တစ်ဖန် ပဋိသန္ဓေ မနေရတော့ပြီတည်း"

"အရှင်ဘုရား....ကောင်းလှပါပေ၏"

ရှင်းလင်းချက်။ ။ဤနေရာ၌ ရှင်နာဂသေနသည် အတိအကျမဆိုသည်မှာ ဝိနည်းတော်အရတိုက်ရိုက်မဆိုသာသော်ကြောင့် စကားပရိယာယ်သုံးခြင်းဖြစ်လေ

သည်။သို့သော်မိလိန္ဒမင်းသည် တရားသဘောကို သိသူဖြစ်၍ ရှင်နာဂသေနသည် ''နိဗ္ဗာန်ကိုရပြီ'' ဟု တိုက်ရိုက်မဆိုမူဘဲ သဉ်ယ်ဝိုက်ဆိုခြင်း ဖြစ်ကြောင်းကောင်းစွာ သိနားလည်ပြီးဖြစ်ပေ၏။

နှလုံးသွင်းမှုနှင့် ပဋိသန္ဓေ

''အရှင်ဘုရား....ယောနိသော မနသိကာရဖြင့် ပဋိသန္ဓေနေသူ ရှိပါသလော;''

''မင်းမြတ်....ယောနိသောမနသိကာရဖြင့်ပဋိသန္ဓေနေသူလည်းရှိ၏။ ပညာဖြင့် ပဋိသန္ဓေနေသူလည်းရှိ၏။ပညာကင်းသည့်တစ်ပါးသောကုသိုလ်ဖြင့်ပဋိသန္ဓေနေသူလည်းရှိပေ၏''

''အရှင်ဘုရား.... ယောနိသော မနသိကာရ (သင့်တဖို့လျောက်ပတ်စွာ နှလုံးသွင်းတတ်မှု) သည်ပင် ပညာမဟုတ်ပါလော''

''မင်းမြတ်....ယောနိသောမနသိကာရသည်ပညာမဟုတ်၊ ယောနိသောမနသိကာရသည် တစ်ပါးသောတရား၊ ပညာသည်တစ်ပါးသော တရားသာတည်း။မင်းမြတ်....ဆိတ်၊ ကျွဲ၊ နွား၊ကုလားအုပ်၊ မြည်းစသောသတ္တဝါတို့သည်လည်းယောနိသောမနသိကာရ ရှိကြကုန်၏။သို့သော် ထိုထိုသတ္တဝါတို့တွင် ပညာမရှိသည်သာတည်း''

''အရှင်ဘုရား....သင့်မြတ်ပါပေ၏''

နာလိုးသွင်းဆင်ခြင်ချနှင့်ပညာ၏သဘော

မိလိန္ဒမင်းသည်ယောနိသောမနသိကာရ(သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းတတ်မှု) သဘောကိုသိလျှင် မေးမြန်းပြီးနောက် နှလုံးသွင်းတတ်မှုနှင့် ပညာတို့၏ကွဲပြားခြားနားပုံကို ဆက်လက် ဆွေးနွေးပြန်၏။

"အရှင်ဘုရား....ယောနိသောမနသိကာရသည်အဘယ်သို့သောလက္ခဏာ ရှိပါသနည်း။ ပညာသည် အဘယ်သို့သောလက္ခဏာရှိပါသနည်း။

"မြတ်သောမင်းကြီး....မနသိကာရသည်စုစည်းခြင်းလက္ခဏာရှိ၏။ပညာသည်ကားပိုင်းခြားခြင်းလက္ခဏာရှိပေ၏"

စပါးရိက်သည့် ပမာ

"အရှင်မြတ်နာဂသေန-မနသိကာရ၏ စုစည်းခြင်းလက္ခဏာ၊ ပညာ၏ပိုင်းခြားခြင်း လက္ခဏာကို ဥပမာဖြင့်ပြတော်မူပါဦးလော့"

"ကောင်းလှပြီ မင်းမြတ်၊ သင် မင်းမြတ်သည် စပါးရိတ်သည်ကို မြင်ဖူးပါ၏လော"

"အရှင်ဘုရား .. တပည့်တော် မြင်ဖူးပါ၏။"

"သို့ဆိုလျှင် စပါးရိတ်သူသည် စပါးကို အဘယ်သို့ရိတ်အပ်ပါသနည်း မင်းမြတ်"

"အရှင်ဘုရား.... စပါရိတ်သူသည် စပါးပင်ကိုလက်ဝဲလက်ဖြင့်ကိုင်ကာ လုံးက်ယာသက်မှ တံစဉ်ဖြင့် ရိတ်ဖြတ်အပ်ပါသည်"

"မှန်ပေသည်မင်းမြတ်၊ စပါးရိတ်သူသည်လက်ဝဲလက်ဖြင့် စပါးပင်ကိုစုစည်းကိုင်ကွယ်ကာ လက်ယာလက်ဖြင့် တံစဉ်ကို ကိုင်လျက် စိတ်ဖြင့်သက်သို့ပင် ကမ္မဋ္ဌာန်းဘာဝနာဌာန် ယှဉ်သော ယောဂီပုဂ္ဂိုလ်သည်လည်း နှလုံးသွင်းကတ်မှုဖြင့် မမေ့စိတ်ကို စုစည်းပေါင်းရုံးကာ ပညာဖြင့် ကိလေသာတို့ကို ဖြတ်အပ်ပေ၏"

"မင်းမြတ် ...မနုသိတ္တဝရ၏ စုစည်းခြင်းသဘောကိုလည်း ကောင်း၊ ပညာ၏ ပိုင်းခြားခြင်း သဘောကိုလည်းကောင်း ထို့ကဲ့သို့လျှင် သိမှတ်အပ်ပေ၏"

"အရှင်မြတ်ဘုရား ..ကောင်းလှပါပေ၏"

သီလ၏လေ့ကျင့်ပုံ

ထို့နောက် မိလိန္ဒမင်းကြီးသည်သီလသမ္ဘာရကိုမေးပြန်ပေလေ၏။

"အရှင်နာဂသေန၊ သီလသည် အဘယ်လက္ခဏာ ရှိပါသနည်း"

"ဒကာတော်မင်းကြီး.... သီလသည် ခပ်သိမ်းကုန်သော ကုသိုလ်တရားတို့ကို ဘည်ပေတတ်၏။ ကုဋ္ဌန်း၊ ဗိုလ်၊ ဇေဝတ္တာင်။ မဂ္ဂင်၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်တို့ကိုတည်ဖစတတ်၏။ သီလမဲ့ဘည်သော

ပုဂ္ဂိုလ်သည် ထိုသီလကို အမှီပြု၍ဆောက်တည်၍ ပင်လျှင် သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဟူသော ငါးပါး သောတရားတို့ကို ပွားစေတတ်၏။ အလုံးစုံသော ကုသိုလ် တရားတို့ကို မမေ့မလျော့သည် ဖြစ်ပေ၏။

ဖြကြီးဌိတည်အပ်သောဆွမ်းပမာ

"အရှင်ဘုရား-ဥပမာဆောင်တော်မူပါဦး"

"မင်းမြတ်-သစ္စံပင်ပေါင်းမြက်တို့သည် ဖြကြီးကို မှီရာတည်ရာပြု၍ဖြစ်ထွန်းပေါက်ရောက် စည်ပင်ကြွကုန်သကဲ့သို့ပင် ယောဂီပုဂ္ဂိုလ်တို့သည်လည်း သီလကိုအမှီပြု၍ သီလဌိတည်၍ သာလျှင် သဒ္ဓိန္ဒြေအစရှိသော တရားငါးပါးကို ပွားများစေ အပ်ပေ၏"

အရှင်ဘုရား-ထို့ထက်ထင်ရှားသော ဥပမာကို ပြတော်မူ ပါဦးလော့"

"ကောင်းလှပြီမင်းမြတ်၊ ထို့ဥပမာသော်ကား ဖြကြီးကို မှီ၍ အသက်မွေးသူတို့သည် ဖြကြီး၌ မိမိအလိုရှိသလို လုပ်ကိုင်အား ထုတ်ကြသကဲ့သို့ပင် ယောဂီပုဂ္ဂိုလ်သည်လည်း သီလကိုမှီရာတည်ရာပြု၍သာလျှင် သဒ္ဓိန္ဒြေအစရှိသော တရားငါးပါးကို တိုးတက်ပွားများစေအပ်သည်သာတည်း"

"အရှင်ဘုရား-ထို့ထက်ထင်ရှားသော ဥပမာကို ပြတော်မူစေချင်ပါသေးသည်။

"ဒကာတော်မင်းမြတ်-လွန်စွာသော ဥပမာသော်ကား အကြင်ကျွမ်းပစ်သမား၊ကဲ့သို့တည်း။ ခုနှစ်ကျော်ပစ် ပျံလွှား ခြင်းအတတ်ဖြင့် အသက်မွေးအပ်သော အကြင်ကျွမ်းသမား သည် မိမိအတတ်ကိုပြအံ့သောအခါမြကြီးမှကျောက်စရစ်ခဲ အိုးခြမ်းကဲ့စသည်တို့ကိုဖယ်ရှားစွန့်ပစ်ကာ မြကြီးကိုညီညွတ် ချောမောစေပြီးမှသာလျှင်မိမိအတတ်ကိုပြဘိသကဲ့သို့ယောဂီ ပုဂ္ဂိုလ်တို့သည်လည်း သီလကိုမြဲ၍သာလျှင် ငါးပါးသော ဣန္ဒြေတို့ကို ပွားများစေအပ်သည်ဟုဘုရားသခင်ဘုရားဟောတော်မူ၏။

"မြတ်သောမင်းကြီး-သီလသည် ငါးပါးသောဣန္ဒြေတို့၏ တည်ရာပွားရာဖြစ်ကြောင်းကို ငါသာလျှင် ငါ၏စွမ်းအင် ပညာဖြင့်ယခုကဲ့သို့ ဥပမာဆောင်အပ်သည် မဟုတ်လေသေး၊ ဘုရားရှင် ကိုယ်တော်တိုင်လည်း ဤသို့ ဟောတော် မူအပ်ပေ၏"

"ပညာနှင့် ပြည့်စုံသော ပုထုဇဉ် ဖြစ်သော အကြင်ရဟန်းသည် သီလ၌တည်၍ သမာဓိနှင့် ယှဉ်သောစိတ်ကို လည်းကောင်း၊ ပညာကို လည်းကောင်း၊ ပွားစေသော ကိလေသာကို ပယ်ပန်းစေတတ်သော လုံ့လနှင့် ပြည့်စုံစေတတ် သောပညာနှင့်ပြည့်စုံသော ထိုပုထုဇဉ်ရဟန်းသည် ဤကိလေသာတည်းဟူသော အနှောင့်အယှက်ကို ဖြေနိုင် ဖြတ်နိုင် ပေရာ၏"

ထို့ပြင်လည်း-

"ဤမြကြီးသည် သတ္တဝါတို့၏ တည်ရာ ဖြစ်၏။ ဤသီလသည်ကား ကုသိုလ်ပွားများခြင်း၏ အရင်း အမြစ်

သည်လည်းဖြစ်၏။ အကြောင်း သည်လည်းဖြစ်၏။ မြတ်စွာဘုရားသာသနာတော်၌ မြတ်သော ပါတိမောက္ခ သံဝရသီလသည် သီလကွန်မည်၏။ ဤအလုံးစုံသော သီလသည် ကုသိုလ်ပွားခြင်း၏ အကြောင်းရင်းတည်း''

ထိုအခါမိလိန္ဒမင်းကြီးသည် ''အရှင်ဘုရား ဖေလျှင်ကန် သင့်မြတ်လှပါ၏''ဟု အနှုးအညွတ် ဆိုဖေတော်မူ၏။

သဒ္ဓါ၏လက္ခဏာ

''အရှင်မြတ် နာဂဒူသေန....သဒ္ဓါတရားသည် အဘယ်သို့သော လက္ခဏာ ရှိပေသနည်း''

''ဒကာဖေတော်မင်းမြတ်.... သဒ္ဓါသည် တည်ကြည်ခြင်း၊ ယုံမှားပျောက်ခြင်း လက္ခဏာရှိပေ၏''

''အရှင်ဘုရား....သဒ္ဓါသည် အဘယ်သို့လျှင် ကြည်လင်စေပါသနည်း''

''မင်းမြတ်.... သဒ္ဓါဖြစ်သည်ရှိသော် နိဝရဏတရားကို ပယ်ခွာလေရကား နိဝရဏကင်းသော စိတ်သည်အထူးကြည်လင်ပေ၏''

''အရှင်မြတ်ဘုရား ထိုသဒ္ဓါ၏ ကြည်လင်ခြင်းကို ဥပမာဆောင်တော်မူပါဦး''

"ခကောင်းလှပြီမင်းကြီး၊ စကြဝဇေးမင်းသည် စစ်အင်္ဂါလေးပါးနှင့်တကွခရီးရှည်သွားစဉ် ဆင်၊ မြင်းရထားစသည်တို့သည် ရေနည်းသောချောင်းဘစ်ခုကို ပထမဦးစွာဖြတ်ကူးကြ၏။ စကြာဇေးမင်းကူးပြီးဒသာအခါတွင်ကား ရေသည် နောက်ကျိုလျက်ရှိ၏။ ထိုအခါမှစ်တွင် စကြဝဇေးမင်းက ငါ ရေသောက်လိုသည် ဆိုခဲ့သောအခါရေခပ်သောသူတို့သည် ထိုနောက်ကျိုလျက်ရှိသော ရေထဲသို့ မင်းကြီး၏ ပတ္တမြားရတနာကိုထည့်၍ ကြည်လင်သန့်စင်စေကုန်သကဲ့သို့တည်း။

"မြတ်သောမင်းကြီး- နိဝရဏကင်းသော ကုသိုလ်စိတ်သည် ပတ္တမြားရတနာ ထည့်အပ်ခြင်းကြောင့် ကြည်လင်သွားသောရေနှင့်ဘူပေ၏ယောဂီပုဂ္ဂိုလ်သည်ကား ဒုနောက်သောရေထဲသို့ ပတ္တမြားရတနာထည့်အပ်သူနှင့် တူပေ၏။ သင်္ခါရတရားသည်ကားရေကို ကြည်လင်စေတတ်သော ပတ္တမြားရတနာနှင့်တူပေ၏။ ထို့ကြောင့်သင်္ခါသည် ကြည်လင်ခြင်းလက္ခဏာရှိပေ၏"

ယုံမှားဖယ်ကင်းစေခြင်း

"အရှင်ဘုရား.... သင်္ခါသည်အဘယ်သို့လျှင်ယုံမှားပျောက်ခြင်း လက္ခဏာရှိပါသနည်း"

"ဒကောဝေါမင်းမြတ်.... အကြင်သူ၏ကိလေသာမှုန်သောစိတ်ရှိသည်ကိုမြင်၍ သောတာပတ္တိဖိုလ်၌လည်း၊ ဣသာ၊ သကဒါဂါမိ ဖိုလ်၌လည်း၊ အနာဂါမိဖိုလ်၌လည်း

ကောင်း၊ အရဟာတ္တဖိုလ်၌လည်းကောင်း၊ ယုံမှားကင်းလျက် ယောဂီပုဂ္ဂိုလ်သည် မိမိမရောက်သေးသည်ကိုရောက်စိမ့်သောငှာ၊ မရသေးသည်ကို ရအောင်ခြင်းငှါ၊ မျက်မှောက်မပြုရသေးသည်ကို ပြုရအောင်ခြင်းငှါ ကြိုးပမ်းအားထုတ်၏။ ထို့ကြောင့် ပင်လျှင် သဒ္ဓါဟူသည် ယုံမှားပျောက်ခြင်းလက္ခဏာရှိပေ၏။

မြစ်ကိုဖြတ်ကူးသည့် ဥပမာ

"အရှင်ဘုရား....ဥပမာပြုတော်မူပါဦးလော့"

"မြတ်သောမင်းကြီး....တောင်ထိပ်၌မိုးသည်းထန်စွာမှာ သွန်းသည်ဖြစ်အံ့၊ ထိုမိုးရေသည်ချိုင့်ဝှမ်းရှိရာသို့ စီးဝင်ကာ မြစ်ကိုပြည့်စေ၏။ ထိုမြစ်ကို ဖြတ်ကူးလိုသူတို့သည် မြစ်ရေတိမ်သည်ကို မသိသောကြောင့် မကူးဝံ့ရှိနေကြဆဲတွင် တစ်ဦးသူသည် မြစ်ကိုဖြတ်၍ ကူးလေ၏။ ထိုအခါတွင်မှ အခြားသူတို့သည် မြစ်ကိုဖြတ်၍ ကူးရကြလေ၏"

"မင်းမြတ်၊ ယောဂီပုဂ္ဂိုလ်သည်လည်း ထို့အတူပင်ဖြစ်သည်သာတည်း။ သူတစ်ပါး ကိလေသာမှ လွတ်သောစိတ်ရှိသည်ကိုမြင်ရခြင်းအားဖြင့်သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟာတ္တဖိုလ်တို့ဥ ယုံမှားပျောက်ကာ မိမိမရောက်ရသေးသည်ကိုရောက်စေခြင်းငှာ၊ မရသေးသည်ကို ရစေခြင်းငှါ၊ မျက်မှောက်မပြုရသေးသည်ကိုပြုရစေခြင်းငှာ

ကြိုးစားအားထုတ်လေ၏။ ထို့ကြောင့်ပင်သခ္ဓါသည်ယုံမှားပျောက်ခြင်းလက္ခဏာ ရှိပေ၏''

''မြတ်သောမင်းကြီး....ဤအကြောင်းကိုငါတစ်ဦးတည်းသာဆိုသည်မဟုတ်၊ ဘုရားရှင်ကိုယ်တော်တိုင်လည်း သံယုတ္တနိကာယ်၌ ဤသို့ဟောတော်မူခဲ့ပေ၏''

''သဒ္ဓါတရားဖြင့် သံသရာတည်းဟူသော ဝဲဩဃကို ကူးမြောက်နိုင်၏။ကုသိုလ် ကမ္မပထကို မမေ့မလျော့ခြင်းတည်းဟူသောဝီရိယဖြင့် ဆင်းရဲစွာသော သံသရာတည်းဟူသောသမုဒ္ဒရာကိုလွန်နိုင်၏။ ပညာဖြင့် ကိလေသာမှစင်ကြယ်၏''

ဝီရိယလက္ခဏာ

''အရှင်နာဂသေန၊ ဝီရိယ၏ လက္ခဏာကို ဆိုတော်မူပါဦး''

''မင်းကြီး....ဝီရိယသည် မြဲစွာ ဆောက်ပံ့ခြင်းလက္ခဏာရှိ၏။ဝီရိယဖြင့် ပြည့်စုံသည်ရှိသော် အလုံးစုံသော ကုသိုလ်တရားတို့သည် မယုတ်လျော့ ကုန်သည်သာတည်း''

''အရှင်ဘုရား.... ဥပမာဆောင်စေချင်ပါသေးသည်''

''ကောင်းပြီ မင်းမြတ်.... ဥပမာသော်ကား အကြင်ယောကျ်ားတစ်ဦးသည် ယိုင်လဲ ပြိုကျအုံဆဲဆဲအိမ်ကို သင့်ရာသစ်ဝါးတို့ဖြင့် ကျားကန် ထောက်မ ပေးသိုက်သကဲ့သို့သာတည်း။ ထို့အကျုပင် ဝီရိယတည်းဟူသောကျားကန်ထေားအပ်

သည့် အိမ်နှင့်တူသော ကုသိုလ်တရားဟုဘဲသည့် မယုတ်လျော့
မယိမ်းယိုင်၊ မြဲခိုင်စေတောင့်တင်းလှစေသည်သာတည်း''

''မင်းမြတ်....ငါသာလျှင် ဤသို့သိသည်မဟုတ်၊ ဘုရားရှင်
ကိုယ်တိုင်လည်း ဒီဂိုယသဘောကို ဤသို့ဆိုအပ်ခဲ့ပြီ''

''ချစ်သားရဟန်းတို့....လုံ့လနှင့် ပြည့်စုံသော
အရိယာ၏တပည့်သည် စင်စစ် အကုသိုလ်ကို စွန့်၏။
ကုသိုလ်ကို ပွားစေ၏။ အပြစ်ရှိသောတရားကိုစွန့်၏။
အပြစ်မရှိသော တရားကို ပွားစေ၏။ စင်ကြယ်စွာ
သော မိမိကိုယ်ကို ဆောင်နိုင်၏''

သတိလေ့ကျင့်ခြင်း

''အရှင်နာဂသေန....သတိ၏သက်ရောက်ပုံကို သိချင်ပါသေး
သည်''

''မြတ်သောမင်းကြီး....သတိသည် မပေါ့ မလျော့သော
လက္ခဏာရှိ၏။ ချီးမြှောက်ခြင်းသဘောလည်း ရှိပေ၏''

''အရှင်ဘုရား....အဘယ်သို့လျှင် မပေါ့ မလျော့ ဖြစ်ပါ
သနည်း''

''မင်းမြတ်.... သတိဖြစ်အပ်သည်ရှိသော် ကုသိုလ်-အကု
သိုလ်၊ အပြစ်ရှိသည်-မရှိသည်၊ ယုတ်သည်-မြတ်သည်၊ မည်
သည်-ဖြူသည် ဆိုအပ်သော တရားစုတို့၌ မမေ့မလျော့သည်
သာတည်း။ ဤလေးပါးသောတရားသည် သတိပဋ္ဌာန်၊
ဤလေးပါးသောတရားသည် သမ္မပ္ပဓာန်၊ ဤလေးပါးသော

တရား:သည် ဂုဒ္ဓိပါဒ်၊ ဤငါး:ပါး:သောတရား:သည် ဤဇွန်း၊ ဤငါး:ပါး:သောတရား:သည် ဗိုလ်၊ ဤခုနစ်ပါး:သော တရား:သည် ဗောဇ္ဈင်၊ ဤရှစ်ပါး:သောတရား:သည် မဂ္ဂင်၊ဤတရား:သည်သမထ၊ ဤတရား:သည် ဝိပဿနာ၊ဤတရား:အည်ဝိဇ္ဇာ၊ ဤတရား:သည် ဝိမုတ္တိဟု မပေါ့မလျော့သည်ဖြစ်၍ ယောဂီပုဂ္ဂိုလ်သည် ထိုတရား:တို့ကို မှီဝဲထိုက်သည်၌မှီဝဲ၏။ မမှီဝဲထိုက်သည်၌ ရှောင်ကြဉ်၏။ ဆည်း:ပူး:အပ်သည်ကို ဆည်း:ပူး:၏။ မဆည်း:ပူး:အပ်သည်ကို မဆည်း:ပူး:၊ ဤသို့လျှင် သတိတရား:သည် မမေ့မလျော့တတ်သော လက္ခဏာရှိသည်တည်း:''

စကြာမင်း:၏ ဘဏ္ဍာစိုး:ဥပမာ

''အံရှင်မြတ်ဘုရား:.... တပည့်တော်ဥပမာအား:ဖြင့်သိချင်ပါသေး:သည်''

''ကောင်း:ပြီမင်း:မြတ်....ဥပမာကား ဤသို့တည်း။စကြာမင်း:၏ဘဏ္ဍာစိုး:ဖြစ်သူသည် စကြာမင်း:အား:''အရှင်မင်း:ကြီး:၏ ဆင်မြင်း:ရထား:တို့သည် မည်မျှ၊ ရှေ့ဌေ့ စိန်ကျောက်ပတ္တမြား:ရတနာကား:မည်မျှဟု လျှောက်တင် သိသာစေအပ်သည်သို့ပင်၊သတိတရား:ဟူသည်မှာလည်း: ကုသိုလ်-အကုသိုလ်စသည်တို့၌ သိရှိနား:လည် မမေ့မလျော့ခြင်း:တည်း:''

''မှန်ပါ....သတိ၏ချီး:မြှောက်ခြင်း:လက္ခဏာကို ဆိုတော်မူပါဦး:ဘုရား:''

"ဒကာတော်မင်းမြတ်၊ သတိ၏ချီးမြှောက်ခြင်းလက္ခဏာကား ဤသို့ဖြစ်ပေ၏၊ အကြင်သူသည်သတိတရားရှိသောအခါ သတိနှင့်ပြည့်စုံသောအခါ၊ ဤတရားသည်ကား အကျိုးစီးပွားရှိ၏။ ဤတရားသည်ကား အကျိုးစီးပွားမရှိဟု ကောင်းစွာဝေဖန်ပိုင်းခြားတတ်၏။ ထိုသို့ ဝေဖန် ပိုင်းခြားတတ်သောကြောင့်၊ယောဂီပုဂ္ဂိုလ်သည် အကျိုးမရှိသည်ကို ပယ်၍ အကျိုးရှိသည်ကိုသာ ပြုလုပ်အား ထုတ်၏။ ဤသည်ပင် သတိတရား၏ ချီးမြှောက်ခြင်းလက္ခဏာ ဖြစ်ပေသည်မင်းမြတ်"

စကြာမင်း၏ သားကြီး-ဥပမာ

"အရှင်မြတ်ဘုရား....တပည့်တော်ဥပမာအား ဖြင့် သိချင်ပါသေး သည်"

"ဥပမာအား ဖြင့် ဤသို့ ဖြစ်ပေသည်မင်းမြတ်၊ စကြာမင်း၏သားကြီးရတနာသည် စကြာမင်း၏ အကျိုးစီးပွားရှိသည်-မရှိသည်ကိုသိ၏။ ထို့ကြောင့်ပင် အကျိုးစီးပွား မရှိသည်ကို ပယ်၍ အကျိုးစီးပွားရှိသည်ကိုသာပြုလုပ်အားထုတ်သကဲ့သို့တည်း။ ထို့ကြောင့်ပင် ယောဂီပုဂ္ဂိုလ်သည်လဲည်း အကျိုးစီးပွားမရှိသည်ကို ပယ်၍အကျိုးစီးပွားရှိသည်ကိုသာ ကျေးဇူးရှိသောတရားကိုသာ ချီးမြှောက် အားထုတ်၏"

"ဒကာတော်မင်းမြတ်၊ သတိတရားသည် အကျိုးရှိသောတရားအပေါင်းတို့၏ တည်ရာ ဖြစ်ကြောင်းကို ငါသာလျှင်

ဆိုသည်ဖဟုတ်၊ ဘုရားရှင်ကိုယ်တော်တိုင်လည်း ဤသို့ဟော တော်မူခဲ့ပေ၏''

''ချစ်သားရဟန်းတို့....စင်စစ် သတိတရားကို ငါဘုရား သည် အလုံးစုံအကျိုးရှိသောတရားတို့၏ တည်ရာဟူ၍ ဟော တော်မူ၏''

သမာဓိလက္ခဏာ

မိလိန္ဒမင်းသည် သတိ၏သဘောလက္ခဏာကိုသိရပြီးနောက် သမာဓိ၏ သဘောလက္ခဏာကို ဆက်လက် မေးမြန်းပြန်၏။

''အရှင်ဘုရား....သမာဓိ၏သဘောလက္ခဏာကို ဆိုညွှန်း တော်မူပါဦး''

''မင်းကြီး....သမာဓိသည် သမ္ပယုတ်တရားတို့၏ ရှေးရှု ကြိုးမှုးရာ လက္ခဏာရှိ၏။ အကြောင်းမူကား-ထိုတရားတို့ သည် သမာဓိသာလျှင် အကြီးအမှူးရှိသည်၊သမာဓိသာလျှင် အမှန်အမြဲတ်ရှိသည်၊သမာဓိသာလျှင် စီးဝင်အပ်ခြင်းကြောင့် ဖြစ်၏'' ပီယာန်၏ စုလစ်မှန်းခွါနှံ-ဥပမာ

''အရှင်ဘုရား....ဥပမာ ဆောင်တော်မူပါဦးလော့''

''မြတ်သောမင်းကြီး .... အကြင်သူသည် မိုမိနေအိမ် မိုမိ ပီယာန်ကို စုလစ်မှန်းခွါန်တို့ဖြင့် တန်ဆာဆင်သည် ဆိုငြားအံ့၊ ထိုနေအိမ်ပီယာန်၌ ရှိရှိသမျှသော အမိုးအကာ အခြင်တို့သည် စုလစ်မှန်းခွါန်ကိုသာ အမှန်အမြတ် ပြုရကုန်သကဲ့သို့ လည်း

ကောင်း၊ ထိုနေအိမ်ဗိမာန်၌ စုလစ်မှန်းချွန်ကိုသာ အခြားသောဇရာဝတ္ထုတို့ထက် သာလွန်မြင့်မြတ် သက်သိုလည်း ကောင်း၊ ခပ်သိမ်းသော ကုသိုလ်တရားတို့တွင်လည်း သမာဓိသာလျှင် အကြီးအမှူး အမှန်အမြတ် ဖြစ်ပေတော့သည်မင်းမြတ်”

ပြည့်ရှင်မင်း စစ်ထုတ်ပုံ ဥပမာ

“အရှင်ဘုရား....ထို့ထက်လွန်သောဥပမာ ဆောင်တော်မူပါဦး”

“မင်းမြတ် ထို့ထက်လွန်သော ဥပမာသော်ကား ပြည့်ရှင်မင်းတို့စစ်ထိုးအံ့သောငှာထွက်ခွာစဉ်ကသိုဖြစ်ပေ၏။ ပြည့်ရှင်မင်းတို့စစ်ထွက်ရာ၌ အလုံးစုံသော ဆင်မြင်းရထားစစ်သည်ရဲဖက် ဗိုလ်မှူး ဗိုလ်ချုပ်စသည်တို့သည်မင်း၏အုပ်ချုပ်ကွပ်ကဲမှု၊ မင်း၏ အမိန့်ဩဇာကိုသာလျှင် လိုက်နာကြရက်နှံသကဲ့သို့လည်းကောင်း၊ထိုထိုစစ်သည်ရဲမက် အပေါင်းတို့တွင်ပြည့်ရှင်မင်းသာလျှင် အမှန်အမြတ် အကြီးအမှူး ဖြစ်သကဲ့သို့လည်းကောင်း၊ အလုံးစုံသော ကုသိုလ်တရားတို့တွင်လည်း သမာဓိသာလျှင် အကြီးအမှူး အမှန်အမြတ် ဖြစ်ပေသည်”

“ဒကာတော်မင်းမြတ် သမာဓိ၏ သဘောလက္ခဏာကို ဘုရားရှင်ကိုယ်တော်တိုင်လည်း ဤသို့ဟောခဲ့ပေ၏”

“ချစ်သားရဟန်း....သမာဓိတရားကို ပွားစေကုန်လော့၊ သမာဓိရှိသော ပုဂ္ဂိုလ်သည် ဟုတ်မှန်သော အတိုင်း တရားကိုသိ၏”

ပညာလက္ခဏာ

"အရှင်ဘုရား....ပညာ၏ သဘောလက္ခဏာကို သိချင်ပါ သေးသည်"

"မင်းကြီး ငါသည်ရှေးဦးကပင် ပညာဟူသည်ပိုင်းခြား ခြင်း၊ ဆုံးဖြတ်ခြင်း ဖြစ်ကြောင်းဆိုခဲ့ပြီ၊ (မနသိကာရနှင့် ပညာ၏ခြားနားပုံကို စပါးရိတ်သူ ဥပမာဖြင့်ပြအပ်ခြင်းကို ဆိုလိုသည်။) တစ်နည်းသော်ကား ပညာသည် ပြောင်ပြောင် ထွန်းပခြင်း လက္ခဏာရှိပေ၏"

"အရှင်ဘုရား....ပညာသည်အဘယ်သို့လျှင်ပြောင်ပြောင် ထွန်းပခြင်းလက္ခဏာ ရှိပါသနည်း"

"ဒကာတော်မင်းကြီး.... ပညာရှိသည်ဖြစ်သော် မောဟ တည်းဟူသော အမိုက်ကိုပျောက်စေ၍၊ ပညာတည်းဟူသော အရောင်၊ ပညာတည်းဟူသောအလင်းကို ဖြစ်စေ၏။ အရိယ သစ္စာတရားတို့ကို သိမြင်ထင်ရှားစေ၏။ထို့ကြောင့် ယောဂီ ပုဂ္ဂိုလ်တို့သည် အနိစ္စ ဟူ၍ လည်းကောင်း၊ ဒုက္ခဟူ၍လည်း ကောင်း၊ အနတ္တ ဟူ၍ လည်းကောင်း ပညာ၏ အစွမ်းဖြင့် ကောင်းစွာမြင်ပေ၏"

ဆိမီး၏ အလင်းရောင် ဥပမာ

"ဥပမာအားဖြင့် သိပါရစေဦး ဘုရား"

"ကောင်းပြီ မင်းမြတ်၊ အကြင်သူသည်ပကတိမှောင်ပိန်း

နေသော နေအိမ်တိုက်ခန်းအတွင်းတွင် ဆီမီးထွန်းလိုက်သော အခါ အဘယ်သို့ ရှိပါမည်နည်း''

''မှန်ပါ....ဆီမီး၏အလင်းရောင်ကြောင့်အမှောင်ပျောက် ကွယ်သွားပါမည် ဘုရား''

''မှန်ပေသည်မင်းမြတ်၊ ပညာတည်းဟူသော အလင်း ရောင်သည်လည်း၊ အတူသာဖြစ်တော့သည်။ ပညာဟူသော အလင်းရောင်ကြောင့်ပင်လျှင် မောဟ တည်းဟူသောအမှိုက် မှောင် လွှင့်ပျောက်ရပေသည်။ သို့လျှင် အမှိုက်မှောင် လွှင့် ပျောက်သဖြင့်လည်း ယောဂီပုဂ္ဂိုလ်သည် အရိယသစ္စာစတို့ကို ထင်ရှားစွာ သိမြင်ရ၏။ အနိစ္စ-ဒုက္ခ-အနတ္တတို့ကိုလည်းဟုတ် မှန်သောအတိုင်း သိနားလည်ရ၏။ ဤသည်ပင်လျှင် ပညာ ကြောင့်ပြောင်ပြောင်ထွန်းပါခြင်းဖြစ်ပေတော့သည်မင်းမြတ်''

တစ်ခုသော အကျိုးတရား

''အရှင်ဘုရား....သဒ္ဒါအစရှိသောတရားတို့သည်အထူးထူး သော လက္ခဏာ ရှိကြကုန်သော်လည်း အကျိုးသက်ရောက်မှု တွင်မူ တစ်ခုတည်းတစ်မျိုးတည်းသာ ဖြစ်ပါသလော''

''မှန်ပေသည် မင်းမြတ်.... ဤတရားတို့သည် အထူးထူး သော လက္ခဏာရှိသော်ငြား အကျိုးရောက် ဖြစ်ထွန်းခြင်း မှာမူ ကိလေသာကို သတ်တတ်သော အကျိုးတစ်ခုတည်းသာ ဖြစ်ပေ၏။''

စစ်သည် ရဲမက်မျှား ဥပမာ

''အရှင်မြတ်ဘုရား....အဘယ့်ကြောင့် ဤသို့ဖြစ်ရခြင်းကို ဥပမာနည်းအားဖြင့် သိပါရစေ''

"မြတ်သောမင်းကြီး....ဤသည်နှင့်တူမျှလေးဥပမာကား စစ်ခြမြပြင်သို့ ထွက်ဖူးပ်သော သူရဲ သူခက် ရဲမက် စစ်သည် အုပါင်းတို့ကဲ့သို့ ဖြစ်သည်။ စစ်ခြမြပြင်သို့ ထွက်အပ်သော သူတို့သည် တစည်းနှင့်တစည်း အသက်အရှယ် ရာထူးဂုဏ်သိမ အမျိုးအဖည်ပင် ကဲ့ပြားလင့်ကစား သူတို့အား လုံးဏ်တစ်ခုတည်းသော သဘောမှာကား တစ်ဖက်ရန်သူကိုချေမှုန်းသုတ်သင်ရေးပင် ဖြစ်သည်"

"မြတ်သောမင်းကြီး....သန္ဓါအစရှိသောအထူးထူးသော ကုသိုလ်တရားတို့သည်လည်း ထို့အတူသာလျှင် ကိလေသာကို ချိုးဖဲ့ဖျက်ဆီးခြုပ်ငြိမ်းပျောက်ကွယ်ခြင်းအကျိုးဘစ်ခုတည်းကို ဖြစ်စေပေ၏"

အဆိုကောင်းနှင့် အတီးကောင်း

ဥပမာအားဖြင့်ကား မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဆွေးနွေးပဲ့မှာအဆိုကောင်းနှင့်အတီးကောင်း တဲ့ဖက်မိသည့် နှယ်ဖြစ်တော့သည်။ တစ်ဦးနှင့်တစ်ဦးတန်းတူရည်တူလိုက်ဖက် ညီမျှမှုခြင်းကြောင့် ဆိုသူကလည်း အသံမကုန်။ တီးသူကလည်း အမှိန်အဟုန်မပျက်၊ နှားထောင်သူမျာ၊ အဖိုလည်း နှစ်သက်မက်မောဖွယ်ချည်းသာ ဖြစ်နေတော့သည်။

မိလိန္ဒမင်းသည် သူနှစ်ပေါင်းမျာ၊စဉ်မျှော်လင့်တောင့်တခဲ့ရသည့်အတိုင်း ရည်ရွယ်ချက်အမှုံးမှိုးဖြင့် ဆွေးနွေးပမ်းမြန်းချင်သမျှသော အကြောင်းခြင်းရာမျာ၊ကို နာဂသေန

အရှင်မြတ်အား အားနာရမှန်းမသိ ဆိုရမည်သို့ပင် တစ်ခုပြီး တစ်ခု အဆက်မပြတ် မေးလာခဲ့သည်။

အရှင်မြတ်ကလည်း စိုးစဉ်းကလေးမျှ ငြိုငြင် ပင်ပန်းဟန် မရှိ၊ မင်းမြတ်မေးလေသမျှကို ကြောင်းကျိုးဆက်စပ်နှင့်တကွ တိကျပြည့်စုံစွာပင် ဖြေရှင်းတော်မူပေသည်။ ယခုလည်း သင့်ငါ တရားစသည်တို့၏ အကျိုးပေးပုံကို ကြားသိရပြီး အဆုံးဘွင် ဘဝဟောင်းနှင့် ဘဝသစ်ဆိုသည်ကို ကျိသို့လျှင် ဆက်လက် မေးလာပြန်လေသည်။

ဘဝဟောင်းနှင့် ဘဝသစ်

"အရှင်ဘုရား.... အကြင် ပဋိသန္ဓေနေဆဲဖြစ်သောသူသည် ရှေးလူဟောင်းပင်ဖြစ်လေသလော၊ အခြား တစ်ပါးသော လူသစ်ပင် ဖြစ်ပါသလော"

"မင်းကြီး.... ပဋိသန္ဓေနေဆဲဖြစ်သူသည်လူဟောင်းလည်း မဟုတ်၊ လူသစ်လည်း မဟုတ်"

"အရှင်ဘုရား... လူဟောင်းသည်လည်း မဟုတ်၊ လူသစ်လည်းမဟုတ်ဆိုသည်ကိုဥပမာအား ဖြင့် ရှင်းပြတော်မူပါဦး"

"ဒကာတော်မင်းကြီး.... မင်းကြီးသည် အကြင်အခါ၌ အိပ်ရာထက်၌ ပက်လက်အိပ်ခဲ့သော ဒလန်နုနယ် သေးကွေး စွာသည့် ကလေးသူငယ်ဖြစ်ခဲ့ဖူး၏။ ထိုစဉ်ကအဖြစ်နှင့် ယခု အခါ လူကြီးအဖြစ်ကို သင်မင်းကြီးမည်သို့ဆင်မှတ်သနည်း"

"အရှင်မြတ်ဘုရား.... ထိုစဉ်အခါသည် ကာလတစ်ပါး ယခုအခါသည် ကာလတစ်ပါးဖြစ်ပါသည်"

"ဒကာတော်မင်းကြီး....ဤသို့ကာလနှစ်ပါးဆိုချေသော် မိခင်ဖခင်၊ ဆရာသမား၊ အာတတ်တတ်သော သူ၊ ပညာရှိသော သူဟူ၍ မရှိကောင်းပြီ။ အဘယ့်ကြောင့် ဆိုသော် ကလလရေကြည်၏မိခင်သည်တစ်ပါး၊ သားတစ်၏မိခင်သည်တစ်ပါး၊ တစ်ခဲနက်၏မိခင်သည် တစ်ပါး၊ သူငယ်၏ မိခင်သည်တစ်ပါး၊ လူကြီး၏မိခင်သည်တစ်ပါးဟူ၍ တစ်သီးတခြားစီကဲ့ပြားရာရောက်နေသည် မဟုတ်ပါလော"

"အရှင်ဘုရား....ဤသို့လည်းမဆိုကောင်းပါ။အရှင်ဘုရား လိုအပ်ရင်းတရားသဘောကိုသာ မိန့်တော်မူပါဘုရား"

"ဒကာတော် မင်းကြီး.....ငါသည်လည်း၊ ငယ်နုစဉ်အခါ ပက်လက် အိပ်ခဲ့ဖူးသည်သာတည်း။ ယခုအခါ ငါကိုယ်တိုင် ပင်လျှင် ကြီးလာ၏။ထိုအလုံးစုံသောတရားသည် ငါ၏ကိုယ် ကိုမှီ၍သာလျှင် တစ်ပေါင်းတည်း ဖြစ်ကုန်သတည်း။

(အင်ကြောင်းအကျိုး ဆက်စပ်မှုဟု ဆိုလိုသည်)

ဆီမီးတောက် ဥပမာ

"အရှင်ဘုရားထိုစကားကို ဥပမာဆိုတော်မူပါဦးလော့"

"မင်းကြီး....ဥပမာသော်ကား ဆီမီးတစ်တိုင်သည် တစ်ညဉ့်ပတ်လုံး ထွန်းတောက်လျက်ရှိ၏။ ထိုသို့ ထွန်းတောက်နေရာ၌ညဉ့်ဦးယံ၌ တောက်အပ်သော ဆီမီးကို သန်းခေါင်ယံ ဆီမီးဟု ဆိုနိုင်ပါအံ့လော"

"အရှင်ဘုရား....သန်းခေါင်ယံ ဆီမီးတောက်ဟု မဆိုနိုင်ပါ။ သန်းခေါင်ယံ ဆီမီးတောက်သည် သန်းခေါင်ယံအချိန်၌ ရှိနေခြင်းသာ ဖြစ်ပါသည်"

"ကောင်းပြီ မင်းကြီး၊ ထိုသန်းခေါင်ယံ ဆီမီးကိုလည်း မိုးသောက်ယံ ဆီမီးတောက်ဟု ဆိုကောင်းပါအံ့လော"

"အရှင်ဘုရား... ထိုသို့လည်း မဆိုကောင်းပါ"

"သို့ဖြစ်လျှင် ညဉ့်ဦးယံဆီမီးတောက်သည်တခြား၊ သန်းခေါင်ယံဆီမီးတောက်သည် တခြား၊ မိုးသောက်ယံ ဆီမီးတောက်သည် တခြားဖြစ်ပါသလော မင်းကြီး"

"အရှင်မြတ်ဘုရား.... ဤသို့လည်းအပိုင်းအခြားမဆိုသာပါ။ညဉ့်ဦးယံမှထွန်းထားအပ်သောဆီမီးဟောင်းကို အမှီပြု၍ သာလျှင် တစ်ညဉ့်ပတ်လုံးထွန်းတောက်နေခြင်းဖြစ်ပါသည်"

"မှန်ပေသည်မင်းကြီး၊ထိုဆီမီးနှင့်အတူ ဆီမြှားကဲ့သို့သာလျှင်ပရမတ္ထတရားအစစ်သည်ဖဲ့ယှက်အပ်သည်ဖြစ်၏။ တစ်ပါးသောတရားဖြစ်ဆဲ၌ပင်လျှင် တစ်ပါးသောတရားသည် ချုပ်ပျောက်၏။ ဖြစ်ခြင်းနှင့် ချုပ်ခြင်းသည်အဆက်မပြတ်စပ်ကာစပ်ကာဖြစ်၏။ ထို့ကြောင့်ပင်လျှင် အကြင် ပဋိသန္ဓေနေဆဲဖြစ်သူသည် လူဟောင်းလည်းမဟုတ်၊ လူသစ်လည်းမဆိုနိုင်၊ ရှေ့ဖြစ်သော ဝိညာဉ်သည် နောက်ဖြစ်သော ဝိညာဉ်ကို ဆက်စပ် ထောက်ပံ့ခြင်းဟုသာ ဆိုအပ်ပေ၏။

နို့ရည်နှင့်ထောပတ် ဥပမာ

"အရှင်ဘုရား....လွန်စွာသော ဥပမာကို ထပ်ဆင့်တော်မူပါဦး"

"ကောင်းပြီ မင်းမြတ်....ဒို့ရည်မှန်းစမ်းနှိုင်းစမ်းမှဆီဦးဆီဦးမှ ထောပတ်ဖြာလာရာ၌ ဒို့ရည်ကို ဒို့စမ်းနှိုင်းစမ်းကိုဆီဦး၊ ဆီဦးကို ထောပတ်ဟူ၍ ဆိုကောင်းပါအံ့လော"

"အရှင်ဘုရား....ထိုသို့ကား မဆိုကောင်းပါ။ဒို့စမ်းသည် ဒို့ရည်ပကတိမှသာလျှင်ပြောင်းလဲရခြင်းဖြစ်၍ကောင်းသော ဆိုခြင်း မဟုတ်နိုင်ပါ"

"မြတ်သောမင်းကြီး၊ ပရမတ္ထတရား၏အစဉ်သည်ထို့အတူသာလျှင် ဖွဲ့ယှက်အပ်၏။ တစ်ပါးဖြစ်ဆဲဒု်ပဒါလျှင် တစ်ပါးသည် ချုပ်၏။ ဖြစ်ဆဲဒု်သုံ့ ချုပ်ဆဲလည်းရှိ၏။ လူသစ်ဆိုသည်မှာလည်း ထို့အတူသာဖြစ်၏။ ရှေးဖြစ်သော ဝိညာဉ်နှင့်နောက်ဖြစ်သော ဝိညာဉ်တို့ ဆက်စပ် ယှဉ်တွဲခြင်းသာဖြစ်ပေသည်မင်းမြတ်"

ပဋိသန္ဓေ နေရ-မနေရ

"အရှင်ဘုရား....အကြင်သူသည် ပဋိသန္ဓေမနေရတော့ပြီဆိုခြင်းကို ကြိုတင် သိကောင်းပါအံ့လော"

"မင်းမြတ်....ဖဋိသန္ဓေမနေရတော့ပြီဆိုခြင်းကိုကြိုတင်သိနိုင်ပါ၏"

"အရှင်ဘုရား....အဘယ့်ကြောင့် သိပါသနည်း"

"မင်းကြီး.... ပဋိသန္ဓေနေရစေသောအကြောင်းတရားတို့သည်ရှိ၏။ ထိုအကြောင်းတရားတို့ကို မပြုလုပ်သောကြောင့်ပင်၊ ထိုသူသည် ငါကား ပဋိသန္ဓေ မနေရတော့လတ္တံ့ဟု သိအပ်ခြင်း ဖြစ်ပေ၏"

"အရှင်ဘုရား....ဥပမာ ဆိုတော်မူပါဦး"

"ဒကာတော် မင်းမြတ်.... အကြင်သူသည် မိမိ ထွန်ရက် စိုက်ပျိုးထားအပ်သောစပါးကိုကျီထဲ၌ထည့်သွင်းသိမ်းဆည်း ထား၏။ ထို့နောက် ထပ်မံစိုက်ပျိုးခြင်းမပြုဘဲ ယခင်ထည့် ထားခဲ့သော စပါးကိုသာ ယူ၍စား သုံး၏။ထိုသူသည် အသစ် တစ်ဖန် ထပ်မံစိုက်ပျိုးခြင်း မရှိသည့် အတိုင်းပင်လျှင် ငါ၏ စပါးသည်ကား ကုန်ခန်းချေတော့မည်ဟု သိနိုင်သည်သာ တည်း"

"မြတ်စွာသောမင်းကြီး....ထို့အတူပင်လျှင် အကြင်သူသည် ပဋိသန္ဓေနေရစေသော အကြောင်းတရားတို့ကိုစွန့်ပယ်ရှောင် ကွင်းသည် ဖြစ်အံ့၊ ထိုအကြောင်းကြောင့်ပင်လျှင် ငါသည် ပဋိသန္ဓေ မနေရတော့သတည်း ဟု သိနိုင်သည်သာတည်း"

ဉာဏ်နှင့်ပညာ

"နာဂသေန အရှင်မြတ်ဘုရား....အကြင်သူသည် ဉာဏ် ရှိ၏။ ထိုသူသည် ပညာလည်းရှိပါသလော"

"ဒကာတော်မင်းမြတ်....အကြင်သူသည် ဉာဏ်ရှိအံ့၊ထိုသူ သည် ပညာလည်းရှိပေ၏"

"အရှင်မြတ်ဘုရား၊ သို့ဆိုလျှင် ဉာဏ်သည်ပင်လျှင် ပညာ ဖြစ်ပါသလော"

"မင်းမြတ်.... အကြင် ဉာဏ်တရားသည်ပင်လျှင် ပညာ ဟုတ်ပေ၏"

"အရှင်ဘုရား.... ဉာဏ်သည်ပင်လျှင် ပညာဖြစ်၏ဆိုသော် ထိုဉာဏ်ပညာရှိသူသည် တွေဝေရာသည် ဖြစ်ပါသလော"

"မင်းမြတ်....အချို့သောအရာ၌တွေဝေ၏။အချို့သော အရာ၌ကား မတွေဝေသည်သာတည်း"

"အရှင်ဘုရား....အဘယ်သို့တွေဝေ၍ အဘယ်သို့မတွေဝေ ပါသနည်း"

"မင်းမြတ်.... ရှေးကာလမကြား၊ စဖူး၊ မသိဘူးသော အတတ်တို့၌လည်းကောင်း၊ မရောက်ဘူးသော အရပ်တို့၌ လည်းကောင်း၊ မကြား၊ စဖူးသော အမည်ပညတ်တို့၌ လည်း ကောင်း တွေဝေပေ၏"

"အရှင်ဘုရား....အဘယ်၌ကား မတွေဝေပါသနည်း"

"ဒကာတော်မင်းမြတ်....အကြင်အတတ်ပညာဖြင့်ပြုလုပ် ထား၊အပ်သော အရာဝတ္ထုတစ်ခုခု၌ ထိုပညာကို တတ်သောသူ သည် မတွေဝေသည်သာတည်း။အနိစ္စ-ဒုက္ခ-အနတ္တဟူသည်၌ လည်း ပညာဖြင့်သာလျှင် ထိုးသွင်း၍ သိအပ်သော သဘော သည်ရှိ၏။ထိုသဘောကိုသိထား၊သူသည် အနိစ္စ၊ဒုက္ခ၊အနတ္တ၌ မတွေဝေသည်သာတည်း"

"အရှင်မြတ်ဘုရား- ထိုမတွေဝေသောလူ၌မေဟတရား သည် အဘယ်သို့ ရောက်သွား၊ပါ၊လေသနည်း"

"မင်းမြတ်....ထိုသူ၌ မေဟတရား၊သည် ဉာဏ်ပညာဖြစ် ချိန်တွင် ချုပ်ပျောက်သွား၊ရပေ၏"

အမှောင်ပျောက်လျှင် အလင်းရောက်သည့် ဥပမာ

"အရှင်ဘုရား....ဥပဓိမာနည်း အားဖြင့်ဆိုညွှန်းတော်မူပါဦး"

"မင်းမြတ်....အမိုက်တိုက်တွင်ဆီမီးထွန်းလိုက်သော အခါ ဆီမီးအလင်းရောင် ပေါ်လာသည့် တစ်ပြိုင်နက်ပင် အမှောင် ပျောက်သွားသကဲ့သို့ ဉာဏ်တရားဖြစ်ပေါ်သည်နှင့် တစ်ပြိုင် နက်လည်း မောဟဟူသော ဖုံးကွယ်မှု မပျောက်သွားရသည် သာတည်း"

"အရှင်ဘုရား ပညာသည်ကား အဘယ်ကို ရောက်သွား ပါသနည်း"

"မင်းမြတ်၊ပညာသည်ကား သိစရာရှိသည်ကို သိအောင် ပြုပြီးသည့်အခါ ချုပ်ပျောက်သွား၏။ပညာဖြင့် သိအပ်သော အသိခံရသော အမှုကိစ္စအဆုဝတ္ထုသည်ကား မချုပ်မပျောက် သည်သာတည်း"

မီးရောင်အောက်တွင် စာရေးပုံ ဥပမာ

"အရှင်မြတ်ဘုရား....ပညာသည် မိမိကိစ္စကို ပြုပြီးသည့် အခါ ချုပ်နေပျောက်သွား၏ ဆိုသည်ကိုလည်းကောင်း၊ ပညာ ဖြင့် ပြုအပ်သော အမှုကိစ္စသည် မချုပ်ပျောက် ဆိုသည်ကို လည်းကောင်း ဥပမာဆောင်ခဲကာမူပါဦးဘုရား"

"ဒကာခတော်မင်းမြတ်.... အကြင်သူတစ်ဦးသည်ညဉ့်အခါ တွင် ဆီမီးထွန်း၍ ဆီမီး၏အလင်းရောင် အောက်တွင် စာရေး ၏။ စာရေးပြီးသောအခါ ဆီမီးကို ငြိမ်းသတ်ပစ်လိုက်သဖြင့် အလင်းရောင် ပျောက်သွား၏။ ထို့သို့ အလင်းရောင်ပင်ချုပ်

ပျောက်သော်လည်း အလင်းရောင်ရှိစဉ်က ရေးခဲ့သော စာသည်ကား ချုပ်ပျောက်သွားခြင်းမရှိပေ''

''မင်းမြတ်....ပညာသည်လည်းကောင်း၊ပညာဖြင့်ပြုအပ်သိအပ်သည်တို့သည်လည်းကောင်း ထို့အတူသာ ဖြစ်ပေ၏''

ရေအိုးငါးလုံး ဥပမာ

''နာဂသေနအရှင်မြတ်ဘုရား.... ယခု ဆိုခဲ့ပြီးသည်တို့လည်းကောင်းလှပါသည်။ သို့သော်- ထို့ထက်လွန်စွာသော ဥပမာကိုလည်း ကြားသိချင်ပါသေးသည်''

''ကောင်းပြီမင်းကြီး....ထို့ထက်လွန်သော ဥပမာသော်ကား ကျွှန်တော်တည်း။တစ်ခုသော ဇနပုဒ်အရပ်၌ မီးလောင်သည့်အခါ ငြိမ်းသတ်ရန် ရေအိုးငါးလုံးအသင့်လုပ်ထား၏။ တစ်နေ့တွင် အိမ်တစ်အိမ်ကို မီးလောင်သောအခါ ရှာသားတို့သည် အသင့်ထားရှိနှင့်သော ရေအိုးငါးလုံးမှ ရေတို့ဖြင့် မီးကို ငြိမ်းသတ်ကြသဖြင့် မီးသည် လုံးဝငြိမ်းသွား၏''

''အဘယ်သို့ပါနည်း မင်းမြတ်၊ထိုမီးငြိမ်းသွားပြီးသော အိမ်ကိုတစ်ဖန်ထပ်၍ရေလောင်းရန်လိုအပ်ပါသေးသလော''

''အရှင်ဘုရား....မလိုအပ်တော့ပါ''

''မှန်ပေသည်မင်းကြီး၊ရေအိုးငါးလုံးတို့ကား-သဒ္ဓိန္ဒြေ၊ စီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဟူသော ဤငါးပါးတို့နှင့် တူမျှပေတယ်။မီးကိုငြိမ်းသတ်သော ရှာသားတို့ကား-ဗယာဂိပုဂ္ဂိုလ်တို့နှင့်တူမျှပေတယ်။လောင်အပ်သော မီးသည်ကား ကိလေသာနှင့် တူမျှပေတယ်''

''ရေအိုးငါးလုံးတို့ဖြင့် မီးကိုငြိမ်းသတ်သကဲ့သို့ သဒ္ဓိန္ဒြေ အစရှိသောငွေ့ငါးပါးတို့ဖြင့်မီးနှင့်တူသော ကိလေသာကို ငြိမ်းသတ်ရမယ်။ ငြိမ်းသွားပြီးတဲ့ ကိလေသာဟာ တစ်ဖန် ပြန်မဖြစ်လာသလိုဘဲ၊ ပညာဟာလဲ မိမိကိစ္စကိုပြုပြီးတဲ့အခါ ချုပ်ပျောက်သွားရပေတယ်''

''အရှင်ဘုရား....ထို့ထက်လွန်စွာသောဥပမာကိုဆိုတော်မူပါဦး''

ဆေးဆရာနှင့် သူနာ ဥပမာ

''ကောင်းပြီ မဟုံမြတ်....ဆေးသမား တစ်ဦးဟာ သူနာတစ်ဦးကိုကုသောအခါ ပဋ္ဌမုလဆိုတဲ့ဆေးနဲ့ ကုသပေးတယ်။ သူနာဟာ ပဋ္ဌမုလဆေးကို စားသုံးတဲ့အခါ ဝေဒနာပျောက်ကင်းသွားတယ်။ ဒီအခါမှာ သူနာဖြစ်သူဟာ ပဋ္ဌမုလဆေးကို ထပ်မံ စားသုံးဖို့ လိုအပ်ပါသေးသလား:''

''မှန်ပါ....မလိုအပ်တော့ပါဘုရား:''

''မှန်ပေတယ်မင်းကြီး၊ သဒ္ဓိန္ဒြေစသော ငွေ့ငါးပါးဘို့ကို ပဋ္ဌမုလဆေးကဲ့သို့ မှတ်ရမယ်။ ယောဂီပုဂ္ဂိုလ်ကို ဆေးသမားကဲ့သို့မှတ်ရမယ်။ကိလေသာကို ဝေဒနာကဲ့သို့ မှတ်ရမယ်။ပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်ကို သူနာကဲ့သို့ မှတ်ရမယ်''

''ဆေးသမားနဲ့တူတဲ့ယောဂီပုဂ္ဂိုလ်ဟာ သူနာနဲ့တူတဲ့ပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်ဖြင့် ဝေဒနာနှင့်တူတဲ့ ကိလေသာတရားကို ပဋ္ဌမုလဆေးနဲ့တူတဲ့ ငွေ့ငါးပါးနဲ့ ဖျက်ဆီး ဖယ်ရှားပြီးတဲ့အခါမှာ ကိလေသာဟာ တစ်ဖန်ပြန်၍ မပေါ်လာတော့

သလိုဘဲ၊ပညာဟာလဲ မိမိရဲ့ပြုသင့်တဲ့ ကိစ္စကိုပြုပြီးတဲ့အခါ ချုပ်ပျောက် သွားရပေတာပဲ''

''မှန်ပါ....ပိုပြီးကောင်းသော ဥပမာကို ဆိုတော်မူပါဦး ဘုရား

စစ်သူကြီးနှင့် မြားငါးစင်း ဥပမာ

''မင်းကြီး....စစ်သူကြီးတစ်ဦးဟာစစ်မြေပြင်မှာတစ်ဖက် ရန်သူကို မြားငါးစင်းနဲ့ ပစ်ခွင်းပြီး အနိုင်ရတဲ့အခါ ထိုပစ် လွှတ်မြှား မြားငါးစင်းကို တစ်ဖန်ယူပြီးရန်သူကို ထပ်မံပစ်ခွင်း ဖို့ လိုအပ်ပါသေးသလား''

''အရှင်ဘုရား...ပြန်ယူရန်လည်းမလို၊ ပစ်လွှတ်ရန်လည်း မလိုတော်ပါ''

''မှန်ပေတယ်မင်းကြီး ထို့အတူပင်လျှင် ဤနှစ်ငါးပါးကို မြားငါးစင်းကဲ့သို့ မှတ်ရမယ်။ ယောဂီပုဂ္ဂိုလ်ကို စစ်သူကြီး ကဲ့သို့ မှတ်ရမယ်။ကိလေသာကိုတစ်ဖက်ရန်သူကဲ့သို့မှတ်ရမယ်။ ဤနှစ်ငါးပါးနဲ့ ဖျက်ဆီး သုတ်သင်လိုက်လို့ ပျက်စီးသွားတဲ့ ကိလေသာဟာ နောက်တစ်ဖန်ပြန်မဖြစ်လာတော့သလို ပညာ ဟာလဲ မိမိက်စ္စကိုပြုပြီးတဲ့အခါ ချုပ်ပျောက်သွားရပေတယ်။ ပညာနဲ့ သိအပ်ပြုအပ်တဲ့ အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာရေး သုံးပါးသာလျှင် မချုပ်-မပျောက် ကျန်ရစ် အပ်ပေတာယ် မင်းကြီး''

ရဟန္တံဒန့် ဇဝဒနာ ခံစားမှု

''အရှင်ဘုရား....ရဟန္တာပုဂ္ဂိုလ်သည်ပင်သန္ဓေမနေရတော့

သော်လည်း၊ တစ်စုံတစ်ခုသော ဝေဒနာကို ခံစားရပါသေး သလား''

''မင်းမြတ်....ရဟန္တာပုဂ္ဂိုလ်သည် အချို့သော ဝေဒနာကို ခံစားခြင်း အချို့ကိုကား မခံစားရဖြစ်ပေတယ်''

''အရှင်မြတ်ဘုရား.... ဘာတယ်ဝေဒနာကိုခံစားခြင်း ဘာတယ် ဝေဒနာကို မခံစားရပါသလဲ''

''မင်းမြတ်....ရဟန္တာများတည်ကိုးခြင်းဖြစ်ဝေဒနာကာယိက ဝေဒနာကိုခံစားခြင်း စိတ်ဒုက္ခဖြစ်သောဒေဒနာကိုကား မခံစားရ ဖြစ်ပေတယ်''

''အရှင်ဘုရား.... ရဟန္တာ ပုဂ္ဂိုလ်သည် အဘယ်ကြောင့် ကာယိကဝေဒနာကိုခံစားပြီး၊ ဇေတသိကဒေဒနာကို မခံစား ပါသနည်း''

''မင်းကြီး....ပဋိသန္ဓေမနေရတော့ဘဲ ရဟန္တာပုဂ္ဂိုလ်ဟာ ကိုယ်ခွံဖြစ်သော ကာယိကဝေဒနာကို မပယ်နုတ်သေးတဲ့အတွက် ကာယိကဝေဒနာကိုခံစားခြင်း ဖြစ်တယ်။ စိတ်ခွံဖြစ်ကဲ့ ဇေတသိက ဝေဒနာကိုတော့ ပယ်နုတ်ပြီးဘဲအတွက် ဇေတသိက ဝေဒနာကို မခံစားတော့ခြင်းဖြစ်တယ်''

''မြင့်သောမင်းကြီး ပဋိသန္ဓေမနေတော့၊ သောရဟန္တာ ပုဂ္ဂိုလ်များဟာ ကာယိကဝေဒနာကို သာခံစား၍ ဇေတသိက ဝေဒနာကိုမူမခံစားတော့ခြင်း၊ ဒါသာလျှင်ဆိုသည်မဟုတ် ဘုရားရှင်ကိုယ်တော်တိုင်လဲ ဤသို့ဟောတော်မူပေတယ်''

''ထို ပဋိသန္ဓေကင်းပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည်

တစ်ခုသောကိုယ်ဌာဖြစ်သော ဝေဒနာကို ခံစား၏။ စိတ်ဌာ ဖြစ်သောဝေဒနာကို မခံစား”

“အရှင်ဘုရား....ရဟန္တာပုဂ္ဂိုလ်သည် ကာယိကဒုက္ခဝေဒနာကိုခံစား၏၊ ထိုရဟန္တာပုဂ္ဂိုလ်သည် အာဘယ့်ကြောင့် ပရိနိဗ္ဗာန်မပြုဘဲ ကာယိကဒုက္ခဝေဒနာ-ကာရိက သုခဝေဒနာကို ခံစား၍နေပါသနည်း”

“မြတ်သောမင်းကြီး-ရဟန္တာအရှင်မြတ်တို့သည်ချစ်ခြင်းလည်းမရှိ မုန်းခြင်းလည်းမရှိ။ မကျက်သေးသော ဘောဇဉ် အာဟာရကိုလည်း ကျက်စေဦးဟု မျှော်လင့်စောင့်စား၊ခြင်းမရှိ၊ မင်းကြီးရဟန္တာအရှင်မြတ်တို့ ပရိနိဗ္ဗာန်မပြုဘဲ နေသည်မှာလည်းသေဘေးကိုကြောက်၍နေသည်မဟုတ်။ထိုသို့မဟုတ် ကြောင်းကို တရားစစ်သူကြီး ဖြစ်သော အရှင်သာရိပုဘွားရကိုယ်တိုင် ဤသို့ ဟောအပ်ပေတယ်”

“ငါသည် သေခြင်းကို မနှစ်သက်၊အသက်ရှင်နေခြင်းကိုလည်းမနှစ်သက်၊သူရင်းငှားဖြစ်သောယောကျ်ားသည် အခ, ရအံ့သောကာလကိုသာလျှင် တောင့်တလေသကဲ့သို့ ထို့အတူ ပညာအမြော်အမြင်နှင့်ပြည့်စုံသောငါသည်သူတော်ကောင်း၏ တရားကာလကိုသာလျှင် တောင့်တ၏”

ဖြည့်စွက်ရှင်းလင်းချက်။ ။အရှင် သာရိပုတ္တရာ၏ ဆိုတော်မူရင်းမှာ “သူရင်းငှား-နေ့စား ယောကျ်ားတို့သည် သေမည် ရှင်မည်ဆိုခြင်းထက် မိမိ၏ အလုပ်လုပ်ခရမည့် အချိန်ကိုသာ မျှော်လင့် စောင့်စားနေရသကဲ့သို့ သတိပညာနှင့် ပြည့်စုံသော ငါသည်လည်း သေခြင်း

ရှင်ခြင်းထက် သူတော်ကောင်းတရားကိုသာ လိုလားတောင့်တ၏''ဟု ဆိုခြင်းဖြစ်သည်။

ဝေဒနာ ပြဿနာ

''နာဂသေနအရှင်မြတ်ဘုရား....သုခဝေဒနာသည်ကုသိုလ်လော၊အကုသိုလ်လော၊အဗျာကတပါလော....''

''မင်းကြီး....သုခဝေဒနာသည် ကုသိုလ်သည်း ဟုတ်၏။ အကုသိုလ်လည်း ဟုတ်၏။ အဗျာကဘသ်လည်း ဟုတ်ခေ၏''

''အရှင်ဘုရား....သုခဝေဒနာသည်အကယ်၍ကုသိုလ်ဖြစ်အံ့ဒုက္ခဝေဒနာဟု မရှိကောင်းပြီ။ အကယ်၍ ဒုက္ခဝေဒနာရှိအံ့၊ကုသိုလ်မရှိကောင်းပါ၊ ကုသိုလ်ဟူသည်ဒုက္ခဝေဒနာ မဖြစ်စေသည်သာ မဟုတ်ပါလော''

''ဒကာတော်မင်းကြီး-သင်အဘယ်သို့အောက်မေ့သနည်း၊ ဥပမာအား ဖြင့် အကြင်သူတစ်ယောက်သည် လက်တစ်ဖက်၌ ရဲရဲညိုသောသံတုံခဲ၊ လက်တစ်ဖက်၌ ချမ်းအေးဖွာသောဆီးနှင်းခဲကို ဆုပ်ကိုင်ထား သည်ဆိုအံ့၊ ထိုနှစ်ပါးတို့သည်ပင် လောင်ကျွမ်းရာသလော....''

''အရှင်ဘုရား....သံတုံခဲနှင့် ဆီနှင်းခဲ နှစ်ပါးလုံးသည် ပင်လျှင် လောင်ကျွမ်းလိမ့်မည်။''

ဤနေရာ၌ မိလိန္ဒမင်းကြီးသည် ဥက္ခတေဇော၊ သီတတေဇောဟူသည်ကို ရည်ရွယ်၍ နှစ်ပါးလုံး လောင်သည်ဟု ဆိုခြင်းလည်း ဖြစ်ပါသည်။

"မင်းကြီး အာဘယ်သို့နည်း၊ နှစ်ပါးစုံသည်ပင် ပူလောင်ကုန်သလော"

"အရှင်ဘုရား....နှစ်ပါးစုံ မပူလောင်ပါ"

"သို့ဖြစ်လျှင် နှစ်ပါးစုံပင် အေးသလော မင်းကြီး"

"အရှင်ဘုရား နှစ်ပါးစုံလည်း မအေးပါ"

"မင်းကြီး....သင်မင်းကြီးသည် စကားကို ၄၀ ဝိုက်၍ ပြောနေဘိ၏တကား။ လက်နှစ်ဖက်တွင်ရှိနေသည်မှာတစ်ဖက်တွင်ကား ရဲရဲညိုသော သံထွေးခဲ၊ တစ်ဖက်တွင်ကားချမ်းအေးစွာသောဆီးနှင်းခဲ၊ တစ်ခုနှင့်တစ်ခုသဘောချင်း မတူညီတကား၊ တစ်ခုသည်ပူလောင်၏။ တစ်ခုသည်ချမ်းအေး၏။ ထို့ကြောင့် နှစ်ပါးလုံးသည်ပင် လောင်၏ဆိုသည်မှာ မဖြစ်စကောင်းသည်သာတကား။ ငါသည် သင်မင်းကြီးကဲ့သို့သော သူနှင့်စကားပြောခြင်းငှာမစွမ်းနိုင်၊ စကားကိုရပ်တံ့စေတော့လော...."

ရှင်နာဂသေနသည် မိလိန္ဒမင်းကြီး ပထမဦးစွာ ဖြေအပ်လေသော "နှစ်ပါးလုံးပင်လောင်ရာ၏" ဆိုသည်နှင့်ပတ်သက်၍ယင်းသို့လျှင်ဆိုတော်မူလိုက်၏။ ပြီးမှအာဘိဓမ္မာနှင့်ယှဉ်သောစကားဖြင့် ဆက်လက်ဖြေရှင်းတော်မူပေ၏။

"မင်းကြီး.... ဂေဟာသ္ရိတသောမနဿ ဝေဒနာလည်း ခြောက်ပါးရှိ၏။ နေက္ခမ္မနိဿိတသောမနဿ ဝေဒနာလည်း ခြောက်ပါးရှိ၏။ ဝေတဿိတ ဥပေက္ခာဝေဒနာလည်း ခြောက်ပါးရှိ၏။ ဤသို့ခြောက်ပါး ခြောက်လီ အစုံးသည် သုံးဆယ့်ခြောက်ပါးရှိ၏။

"ထိုသုံးဆယ့်ခြောက်ပါးသော ဝေဒနာသည် အတိတ်ကာလ၌လည်း သုံးဆယ့်ခြောက်ပါး၊ အနာဂတ်ကာလ၌လည်း သုံးဆယ့်ခြောက်ပါး၊ ပစ္စုပ္ပန်ကာလ၌လည်း သုံးဆယ့်ခြောက်ပါးရှိ၏။ ထို ဝေဒနာကိုပေါင်းသော် ဝေဒနာသည် တစ်ရာ့ရှစ်ပါး အပြားရှိပေ၏"

ပုတ်ချွန်။ ။

အာရုံခြောက်ပါးသို့ လိုက်၍ ဝေဒနာတရား ကိုယ်တစ်ခုလျှင် သောမနဿ ဝေဒနာခြောက်ပါး၊ ဒေါမနဿဝေဒနာ ခြောက်ပါး၊ ဥပက္ခာဝေဒနာခြောက်ပါးစီဖြင့် ပေါင်းသုံးဆယ့်ခြောက်ပါးဖြစ်၏။ ထို သုံးဆယ့်ခြောက်ပါးထဲသို့ အတိတ်အနာဂတ်ပစ္စုပ္ပန် ကာလ သုံးပါးမှ သုံးဆယ့်ခြောက်ပါးကို ထည့်သွင်း ပေါင်းလိုက်သော် နှစ်ရုပ်ပေါင်း ဓဝေဒနာ တစ်ရာ့ရှစ်ပါး (၁၀၈) ဖြစ်လာ၏။

ပဉ္စိသဓန္ဓ အကြောင်းဆက်

"အရှင်ဘုရား.... အဘယ်တရားသည် ပဉ္စိသဓန္ဓ နေပါသနည်း"

"မင်းကြီး.... နာမ်ရုပ်တရားတို့သည် ပဉ္စိသဓန္ဓနေ၏"

"အရှင်ဘုရား... ပစ္စုပ္ပန် နာမ်ရုပ်တရားသည်ပင်လျှင်ပဉ္စိသဓန္ဓနေပါသလော"

"မင်းကြီး... ဤပစ္စုပ္ပန် နာမ်ရုပ်ဖြင့် ပဉ္စိသဓန္ဓမနေ။ ဤပစ္စုပ္ပန်နာမ်ရုပ်တို့ဖြင့် ကောင်းမှု-မကောင်းမှု ကံတို့ကို ပြု၍

ထိုပစ္စုပ္ပန်ကပြုသော ကောင်းမှု-မကောင်းမှု ကံဖြင့်ပင်လျှင် တစ်ပါးသော ရုပ်နာမ်သည် ပဋိသန္ဓေ နေပေ၏”

“အရှင်ဘုရား-ပစ္စုပ္ပန်နာမ်ရုပ် (ယခုသက်ရှင်ရုပ်တည်နေဆဲဘဝ)ဖြင့် အကယ်၍ ပဋိသန္ဓေကို မနေသည်ဖြစ်အံ့။ ထို့ပုဂ္ဂိုလ်သည်မကောင်းမှု (အကုသိုလ်ကံ)တို့မှ မလွတ်မြောက်နိုင်ပါလော”

“ဒကာတော်မင်းကြီး-ပစ္စုပ္ပန်နာမ်ရုပ်သည် စင်စစ် ပဋိသန္ဓေ မနေသည်ဖြစ်အံ့၊ မကောင်းမှုတို့မှ လွတ်လေရာ၏။ အကြင် ပစ္စုပ္ပန် နာမ်ရုပ်ကိုပင် အကြောင်းခံလျက်တစ်ပါးသော နာမ်ရုပ်သည် ပဋိသန္ဓေဖြစ်၏။ ထိုအကြောင်းကြောင့်ပင်လျှင် မကောင်းမှုတို့မှ မလွတ်မြောက်”

“အရှင်ဘုရား- ဥပမာဆိုတော်မူပါဦးလော”

“မင်းကြီး-အကြင်သူတစ်ဦးသည်တစ်ပါးသူ၏သရက်ပင်မှသရက်သီးကို ခိုးယူ၏။ထိုသူအား သရက်သီးခိုးမှုဖြင့်ဖမ်းဆီးစစ်မေးသောအခါထိုသူကစစ်မေးသောအစိုးရအား“ကျွန်ုပ်သည်သူစိုက်အပ်သော သရက်သီးကို ခိုးယူသည် မဟုတ်ပါ။ ကျွန်ုပ်ခူးယူအပ်သောသရက်သီးသည်တခြား၊သူစိုက်ပျိုးအပ်သော်သရက်သီးသည် တခြားသာတည်း” ဆိုချေသော် ထိုသရက်သီးခိုးသူအား မင်းပြစ်မင်းဒဏ် ပေးရာသလော”

“အရှင်ဘုရား- သရက်သီးခိုးသူသည် တစ်ပါးသူစိုက်ပျိုးအပ်သောသရက်သီးကိုမခိုးပါဆိုသော်လည်း သူခိုးယူသော သရက်သီးသည် ထိုတစ်ပါးသူစိုက်ထားအပ်သောသရက်ဖင်မှ

သီးလာရခြင်းသာဖြစ်၍ ပထမ စိုက်ပျိုးခဲ့ရင်း အပင်နှင့် အကြောင်းမကင်းသည့်အတိုင်း မင်းပြစ်မင်းဒဏ်သက်ရောက် ထိုက်ပါသည်ဘုရား''

''မှန်ပေသည်မင်းကြီး၊ ပစ္စုပ္ပန်နာမ်ရုပ်ဖြင့်ပြုအပ်သော ကောင်းမှု-မကောင်းမှု တို့သည်လည်း ထို့အတူသာ ဖြစ်ပေ တယ်။ပစ္စုပ္ပန်နာမ်ရုပ်၏ ကံတရားအားလျော်စွာပင်တစ်ပါး သောနာမ်ရုပ်ဖြင့် ပဋိသန္ဓေနေအပ်ခြင်းကြောင့်မကောင်းမှု မလွတ်မြောက်နိုင်ခြင်း ဖြစ်ပေပဲတယ်''

''အရှင်မြတ်ဘုရား-ထို့ထက်လွန်သော ဥပမာကိုထို့တော် မူပါဦး''

''မင်းမြတ်....အကြင်ယောကျ်ားတပ်ဦးသည် ဆောင်းလ အခါ၌ချမ်းအေးလှသောကြောင့်မီးလှုံခြင်းကို ပြု၏။ထို့နောက် မီးကိုငြိမ်းသတ်ခြင်းမပြုဘဲအခြားတစ်နေရာသို့ ဟုတ်သွား၏။ ထိုအခါ၌ သိုသူထားခဲ့သောမီးသည် အခြားတစ်ဦးအိမ်စပါး ခင်းကိုကူးစက်လောင်ကျွမ်း၏။ စပါးခင်း၏ ပိုင်ရှင်ဖြစ်သူ လယ်သမား က တိုင်တန်းသဖြင့် ထိုသူအား အစိုးရကဖမ်းဆီး စစ်မေးသောအခါ ထိုသူက ''ကျွန်ုပ်သည် သူ့စပါးခင်း (လယ်မြေ)ကိုတကူးတကနှံသွားရောက်မီးရှို့သည်မဟုတ်ပါ။ လယ်မြေကိုလောင်သောမီးသည် တခြား၊ ကျွန်ုပ်၏ မီးသည် တခြားသာတည်း၊ မီးသည် သူ့အလိုအလျောက်သာလောင် ကျွမ်းခြင်းဖြစ်သဖြင့်ကျွန်ုပ်၌အပြစ်မရှိပါ'' ဆိုချေသော်ထိုသူ အား မင်းပြစ်မင်းဒဏ် လွတ်ထိုက်သလော''

"အရှင်ဘုရား မင်းပြစ်မင်းဒဏ် မလွတ်ထိုက်ပါ။ ထိုသူသည် တစ်ပါးသူ၏လယ်မြေကို တမင်သက်သက် သွားရောက်မီးရှို့ခြင်းမပြု သည်မှန်လင့်ကစား ထိုသူထားဆုံစ်ခဲ့သော မီးကြွင်းမီးကျန်ကြောင့်ပင်လျှင် လယ်မြေကို ကူးစက်လောင်ကျွမ်းရခြင်းဖြစ်သဖြင့် မင်းပြစ်မင်းဒဏ် ပေးထိုက်လှပါသည်ဘုရား"

"မှန်ပေသည်မင်းကြီး၊ ဆို့အတူပင်လျှင် ပစ္စုပ္ပန်၌ဖြစ်သော်နာမ်ရုပ်ဖြင့် ကောင်းမှု-မကောင်းမှုကို ပြု၏။ ထိုကံတရားဖြင့်ပင်လျှင်တစ်ပါးသောနာမ်ရုပ်သည် ပဋိသန္ဓေနေအပ်၏။ ထို့ကြောင့် မကောင်းမှုမှ မလွတ်နိုင်သည်သာတည်း"

"အရှင်ဘုရား လွန်စွာဆန်းသောဥပမာကို ထပ်ဆင့်သိချင်ပါသေး၏"

"ကောင်းပြီမင်းမြတ်၊ အကြင်သူတစ်ဦးသည်မိမိအိမ်တွင် မီးထွန်းခြင်းပြု၏။ ထိုမီးသည်သစ်ရွက်မြက်မိုက်ကိုအမှတ်မထင် လောင်ကျွမ်းရာမှ တစ်အိမ်လုံးကိုပင်ဆက်လက်လောင်ကျွမ်းသွား၏။ ထို့နောက်ရွာကို ကူးစက်လောင်ကျွမ်းပြန်၏။ ထိုသူအား ရှာသားတို့က ဖမ်း၍ "အဘယ်ကြောင့် ရွာကို မီးတိုက်သနည်း" ဟုမေး၏။ ထိုသူက "ငါသည်ရွာကိုမီးမတိုက်၊ ငါ့အိမ်၌သာလျှင်မီးထွန်းအပ်၏။ ငါ၏မီးသည် တခြား၊ ရွာကို လောင်မသော မီးသည် တခြားတည်း" ဟုဆို၏။

"ထိုသူတို့သည်အသင်မင်းမြတ်ထံ ရောက်လာခဲ့ချေသော် အသင်မင်းမြတ်သည်အစဉ်သူကို တရားအနှိုင်ပေးအံ့နည်း"

"အရှင်ဘုရား....ရှာနေလူအပေါင်းတို့ကိုသာအနှိုင်ပေးရပါမည်။ အဘယ်ကြောင့်ဆိုသော် ထိုသူ၏မီးသည် မိမိအိမ်၌ရှိအပ်သောမီးဟူ၍ပင်ဆိုသော်လည်း ထိုမီးမှအခြားဆက်၍ပင် ရှာကိုမီးလောင်ရခြင်းဖြစ်သောကြောင့် ရှာသားတို့ကိုသာ အနှိုင်ပေးရပါမည်"

"ဒကဲ့ဘော်မင်းကြီး-ထို့အတူပင်လျှင်သခါနိုးကာလပစ္စုပ္ပန်နာမ်ရုပ်သည် တစ်ပါးဖြစ်၏။ပဋိသန္ဓေနာမ်ရုပ်လည်း တစ်ပါးဖြစ်၏။ သို့သော် စင်စစ်မှာကား ထိုပစ္စုပ္ပန်နာမ်ရုပ်ကြောင့်သာလျှင် တစ်ပါးသော နာမ်ရုပ်ဖြစ်၏။ထို့ကြောင့် မကောင်းမှုတို့မှ မလွတ်နိုင်သည်သာတည်း"

ငယ်စဉ်အခါနှင့် ကြီးပြင်းလာချိန်

"အရှင်ဘုရား....ထို့ထက် လွန်စွာလျှင် ဥပမာဆိုဘော်မူပါဦး"

"ဒကာတော်မင်းကြီး၊ တစ်ဦးသော ယောကျ်ားသည် မိန်းမငယ်တစ်ဦးကို မိမိနှင့် အိမ်ထောင်ဖက်ပြုရန် စကားကြောင်းလမ်း၏။ အိမ်ထောင်ဖက် အနေဖြင့်လည်း လက်ဆောင် ပစ္စည်းဥစ္စာငွေကြေးကို ပေးအပ်၏။ ဇနီးမယားရတစ်ပါးသို့ထွက်သွား၏။ ထိုမိန်းမငယ်သည် အမျယ်ရောက်ကာ ကြီးပြင်းလာသောအခါ၌ အခြားယောကျ်ားတစ်ဦးကရွေးနည်းတူ ကြောင်းလမ်းကာလက်ဆောင်ပစ္စည်းငွေကြေးတို့ပေး၍အိမ်ထောင်ဖက်အဖြစ် သိမ်းယူခြင်းပြု၏"

"ထိုအခါ ပထမဦးစွာ ကြောင်းလမ်း ပေးအပ်ခဲ့သော ယောကျ်ားသည် ပြန်ရောက်လာ၍ ထိုသိမ်းပိုက်ထားသော ယောကျ်ားအား 'သင်သည် ငါ့မယားအား အဘယ့်ကြောင့် သိမ်းယူဘိသနည်း' ဆို၏။ ထိုအခါ 'ငါသည် သင့်မယားကို သိမ်းယူသည်မဟုတ်၊ သင်ကြောင်းလမ်းပေးအပ်ခဲ့သည်ကား အရှယ်မရောက်သေးသော မိန်းကလေးသာတည်း၊ ယခု ငါ သိမ်းပိုက်အပ်သည်ကား အရှယ်ရောက်ပြီးသော မိန်းမကြီးတည်း။သင်ဆက်စပ်သည့်မိန်းမငယ်သည်တခြား၊ ယခုမိန်းမကြီးသည်တခြား၊သင်နှင့်မည်သို့မျှ မသက်ဆိုင်တကား' ဆို၏။

"ဤသူနှစ်ဦးတို့ သင်မင်းကြီးထံရောက်လာခဲ့သော် သင်မင်းကြီးသည် မည်သူ့ကို တရားအနိုင်ပေးပါအံ့နည်း"

"အရှင်ဘုရား....ပထမဦးစွာ ကြောင်းလမ်းခဲ့သူကိုအနိုင်ပေးပါအံ့"

"အဘယ်ကြောင့်ပါနည်း မင်းကြီး"

"အရှင်ဘုရား....နောက်တစ်ဦး သိမ်းပိုက်အပ်သောမိန်းမသည် အသက်အရွယ်ပင် ကြီးရင့်လာလင့်ကစား ပထမဦးစွာ ကြောင်းလမ်းခံခဲ့သူ မိန်းမငယ်တစ်ဦးတည်းပင်လျှင် ဖြစ်နေခြင်းကြောင့်ပါဘုရား"

"မှန်ပေသည်မင်းကြီး- ထို့အတူပင်လျှင်သေခါနီးကာလ၌ ရုပ်သည်လည်းတစ်ပါးအခြားပင့်သနေ့နာမ်ရုပ်သည်လည်း တစ်ပါးတခြားစီဖြစ်၏။ သို့သော်ငြား အဟောင်းဖြစ်သော

ပစ္စုပ္ပန်နာမ်ရုပ်၌ပင်လျှင် အကြောင်းရင်းခံ၍ တစ်ပါးသော ပဋိသန္ဓေနာမ်ရုပ် ဆက်စပ်ဖြစ်အပ်ခြင်းကြောင့်မကောင်းမှုမလွတ်ကင်းနိုင်သည်သာတည်း''

မိလိန္ဒမင်းမေးသမျှကို ရှင်နာဂဆေနသည် ဥပမာအမျိုးမျိုးဖြင့် ဖြေရှင်းသိသာစေခဲ့၏။ သို့သော် မိလိန္ဒမင်းသည် ထိုဥပမာများဖြင့် မကျေနပ်နိုင်သေးဘဲ တစ်ဖန် ဆက်လက်မေးမြန်းပြန်လေသည်။

''အရှင်ဘုရား....ယခုထက် ပိုပြီးထင်ရှားသော ဥပမာတစ်ခု ထပ်မံဆိုတော်မူပါဦး''

''ကောင်းပြီမင်းကြီး....ထိုဥပမာသော်ကား ဤသို့တည်း။ အကြင်သူတစ်ဦးသည် နွားကျောင်းသားထံတွင်နွားနို့ဝယ်အပ်၏။ နွားနို့ဖိုးပေးပြီးသောအခါ နွားနို့ကိုယူသွားရမည့်အစား နွားကျောင်းသားထံတွင်ပင် နက်ဖြန်မှ လာယူမည်ဆိုကာ အပ်နှံထားခဲ့၏။ နောက်တစ်နေ့တွင်လာရောက်ယူသောအခါ ယမန်နေ့ကထားရစ်ခဲ့သော နွားနို့သည် နို့ဓမ်းဖြစ်နေ၏''

ထိုအခါ''ငါသည် သင့်ထံ၌ နို့ဓမ်းကိုမဝယ်၊ နွားနို့ကိုသာ ဝယ်ယူခြင်းဖြစ်၏။ငါ့နွားနို့ဖိုးကိုပြန်ပေးလော့'' ဆို၏။ နွားကျောင်းသားကလည်း ဤနို့ဓမ်းသည် ယမန်နေ့က သင်ထားရစ်သော နွားနို့ပင်ဖြစ်၏။ ထိုနွားနို့ပဲင်လျှင် နို့ဓမ်းဖြစ်သာခြင်းကြောင့် နွားနို့ဖိုး ပြန်မပေးနိုင်ဟုဆိုကာ နွားနို့ရောင်းသူ နွားကျောင်းသားနှင့် နွားနို့ဝယ်သူတို့သည် အငြင်းအခုံဖြစ်ကြ၏။

"ထိုနှစ်ဦးတို့သည် အငြင်းအခုံဖြစ်လျက်ပင် သင်မင်းကြီးထံ ရောက်လာခဲ့လျှင် မင်းကြီးသည် အဘယ်သူကိုတရားအနိုင်ပေးပါမည်နည်း"

"အရှင်ဘုရား....တပည့်တော်သည် နွားကျောင်းသားကို အနိုင်ပေးပါအံ့"

"အဘယ့်ကြောင့်ပါနည်း မင်းကြီး"

"အရှင်ဘုရား.... နွားနို့ဝယ်သူ လာရောက်ယူချိန်တွင် နို့ခမ်းဖြစ်ခဲ့သည် မှန်သော်လည်း ထိုနို့ခမ်းသည် စင်စစ် နွားနို့၌ပင်လျှင် အကြောင်းရင်းခံ ဆက်စပ်နေအပ်သော ကြောင့် ဖြစ်ပါသည်"

"ဒကာတော်မင်းကြီး၊ ပစ္စုပ္ပန်နာမ်ရုပ်သည်လည်း ထို့အတူသာတည်း။ သေအံ့သောကာလ၌ နာမ်ရုပ်သည်လည်း တစ်ပါး၊ပဋိသန္ဓေနာမ်ရုပ်သည်လည်းတစ်ပါးဖြစ်သော်ငြား လည်း ထိုသေအံ့ဆဲဆဲ ပစ္စုပ္ပန်နာမ်ရုပ်ကို အကြောင်းခံ၍ပင် ပဋိသန္ဓေအသစ် ဖြစ်အပ်သောကြောင့် မကောင်းမှုမလုတ် မြောက်နိုင်ဖြစ်ပေသည် မင်းကြီး"

ရှင်နာဂဒေသန် ပဋိသန္ဓေ နှံ့-မနေ

မိလိန္ဒမင်းသည် ပဋိသန္ဓေနေခြင်းနှင့် စပ်လျဉ်းသည်ကို မေးမြန်း ကြားသိရပြီးနောက် ရှင်နာဂသေနအား....

'အရှင်ဘုရား....အရှင်ဘုရားသည် ပဉ္ဍိသန္ဓေနေရဦးပါမည်လော'ဟု မေးလျှောက်ပြန်၏။

'မြက်သောမင်းကြီး၊ သင်သည်ကျိုသို့မေးခြင်းဖြင့်အကျိုးမရှိပြီ၊ ငါသည် သင်ပထမဦးစွာမေးစဉ်ကပင် ငါ့ဦးဥပါဒါန်ရှိသေးလျှင်ပဉ္ဍိသန္ဓေနေရဦးလတ္တံ့၊အကယ်၍ဥပါဒါန်ဘရားမရှိခဲ့သော် ပဉ္ဍိသန္ဓေမနေရလတ္တံ့ဟု ဆိုခဲ့ပြီမဟုတ်လော'

'အရှင်ဘုရား....ဥပမာ ဆိုတော်မူပါဦးလော့'

'ကောင်းပြီမင်းကြီး၊ မင်းမူထမ်းဘစ်ဦးသည် မင်း၏တာဝန်ဝတ္တရားကို အလွန်ပင်ကြိုးစားထမ်းရွက်၏။ ထိုအခါမင်းဖြစ်သူကထိုသူအားနှစ်သက်သဘောကျသဖြင့်ဆုလာဘ်-လာဘ်သပွတ်ကဲ့သ့ျားဖြင့် ချီးမြှင့်ဂေါက်စားခြင်းပြု၏။ မင်းမူထမ်းဖြစ်သူသည် ထိုမင်း ချီးမြှောက်အပ်သော ဥစ္စာစည်းစိမ်တို့ကို နှစ်သက်ဝမ်းမြောက်စွာ ခံယူသုံးဆောင်ပြီးနောက် တစ်ရုံသောအခါတွင်ကား မင်းဖြစ်သူသည် မိမိအား မည်သို့မျှ ချီးမြှင့်မြှောက်စားခြင်း မပြုပါဟု ကျေးဇူးမဲ့ ပြောဆို၏'

'ထိုသို့ပြောဆိုခြင်းသည် ကောင်းသောစကား ကောင်းသောပြောခြင်း ဖြစ်နိုင်ပါအံ့လော'

'အရှင်ဘုရား ကောင်းသောပြောဆိုခြင်း မဖြစ်နိုင်ပါ'

'မှန်ပေသည် မင်းကြီး၊ မင်းကြီးမေးအပ်သော စကားသည်လည်း ထို့အတူသာ ဖြစ်တော့သည်။ ထိုအမေးကို ဖြေခြင်းဖြင့် ငါ့တွင် အကျိုးမရှိပြီ။ ငါသည် ဥပါဒါန်တရားရှိသေးလျှင် ပဉ္ဍိသန္ဓေနေရဦးလတ္တံ့၊ အကယ်၍ ဥပါဒါန်

တရားမရှိတော့လျှင် ပဋိသန္ဓေမနေရလတ္တံ့ ဆိုသည်ကို သင်
မင်းကြီးအား ပထမဦးစွာကပင် ဆိုခဲ့ပြီးဟကား'
စကားစပ်။ ။မင်းမှုထမ်းသည် မင်း၏ ဂုဏ်ကျေးဇူးကို
သိအပ်သကဲ့သို့ ရဟန်းများသည်လည်း ဘုရားဖွင့်၏ ဝိနည်း
ပညတ်ကို သိအပ်သည်။ လိုက်နာထိုက်သည်။ ပဋိသန္ဓေမနေ
ရတော့ဆိုလျှင် ရဟန္တာဖြစ်နေပြီဟု ဖွင့်ဟပြောဆိုသကဲ့သို့
ဖြစ်၍ ဘုရား၏ ဝိနည်းပညတ်ချက်ကို ရှိသေသောအားဖြင့်
ထိုသည်ကို ထုတ်ဖော်ပြောဆို၍မဖြစ်ကြောင်း ဥပမာအား
ဖြင့် ယှဉ်စပ် ပြောဆိုခြင်း ဖြစ်သည်။

နာမ်နှင့်ရုပ်

'နာဂသေနအရှင်မြတ်ဘုရား၊အရှင်ဘုရားတို့သည်အကြောင်
တရားကို နာမ်ရုပ်တရားဟူ၍ ဆိုကြကုန်၏။ သို့ဆိုအပ်သော
နာမ်ရုပ်တရားတို့တွင် နာမ်တရားကား အဘယ်သို့ပါနည်း။
ရုပ်တရားကား အဘယ်သို့ပါနည်း'

'မင်းကြီး.... ထိုနာမ်ရုပ်တရား နှစ်ပါးတို့တွင် ရုပ်တရား
သည် ရှုန့်ရင်း၏။ နာမ်တရားကား သိမ်မွေ့၏'

'အရှင်ဘုရား.... နာမ်ရုပ်တရား နှစ်ပါးဘို့သည် အသီး
အခြား ပဋိသန္ဓေနေပါသလော'

'မင်းကြီး နာမ်တရားချည်းလည်း ပဋိသန္ဓေမနေ၊ ရုပ်
တရားချည်းလည်း ပဋိသန္ဓေမနေသည်သာတည်း'

'အရှင်ဘုရား- ထိုနာမ်ရုပ်တရားတို့သည် အဘယ်ကြောင့်
အသီးအခြား ပဋိသန္ဓေမနေပါသနည်း'

'မင်းကြီး.... နာမ်ရုပ်နှစ်ပါးတို့သည် အချင်းချင်းမှီလာတတ်ပြိုင်နက် တစ်ပေါင်းတည်းလျှင် ဖြစ်ကုန်၏'

ကြက်မနှင့် ကလလရေကြည် ဥပမာ

'အရှင်ဘုရား.... ဥပမာပြုပါဦးလော့'

'မင်းကြီး....ဥပမာသော်ကား ကြက်မ၌ ကလလရေကြည်ဖြစ်သည်ရှိသော် အဥလည်း မဖြစ်သည်သာတည်း၊ အကြင် အခါ၌ ရေကြည်ဖြစ်အံ့၊ အဥ (ကြက်ဥ)လည်း ဖြစ်သည်သာတည်း။ ကလလရေကြည်နှင့် အဥဟူသော သုံးနှစ်ပါးတို့သည် တစ်ပါးနှင့်တစ်ပါး (တစ်ခုနှင့်တစ်ခု) မခြားခြင်း မှီတွဲ၍ တစ်ပြိုင်နက်သာလျှင် ကြက်ဥအဖြစ်သို့ ရောက်၏။ ထင်ရှားစွာ ဖြစ်၏'

'မင်းကြီး....ထို့အတူပင် နာမ်ရုပ်တရားတို့သည်လည်း ပဋိသန္ဓေကာလ၌ နာမ်ဘရားခြည်းမသည်းမဖြစ်ရာ။ ရုပ်တရားခြည်းလည်း မဖြစ်ရော။ ပဋိသန္ဓေကာလ၌ သုံးနှစ်ပါးစုံသော တရားတို့သည် အချင်းချင်းမှီတွဲ၍ ပဋိသန္ဓေနေသည်သာ ဖြစ်၏။ ထိုအခါတွင်လည်း နာမ်ရုပ်တရား နှစ်ပါးတို့သည် ကာလရှည်ကြာစွာ ဖြစ်ပေ၏'

ကာလ၏ အဓိပ္ပာယ်

'အရှင်ဘုရား....အရှင်ဘုရားသည် ကာလဟူဆို၏။ ရှည်လျားသော ကာလဟူသည် အဘယ်သို့ပါနည်းဘုရား'

'မင်းကြီး.... ကာလဟူသည် လွန်ခဲ့ပြီးသော ကာလ၊ လာလတ္တံ့သော ကာလ၊ လက်ငင်းကြုံကြိုက်နေဆဲ ကာလဟူ၍ သုံးမျိုးသုံးစား ရှိပေ၏'

'အရှင်ဘုရား....အဘယ်သို့ပါနည်း၊ အလုံးစုံသော နာမ်ရုပ်တရားတို့သည် ကာလရှိကြပါကုန်သလော'

'မင်းကြီး....အချို့သောနာမ်တရားတို့ကား ကာလရှိကုန်၏။ အချို့သော နာမ်တရားတို့ကား ကာလမရှိကုန်'

'အရှင်ဘုရား....အဘယ်နာမ်ရုပ်တရားတို့သည် ကာလမရှိပါသနည်း'

'ဒကာတော်မင်းကြီး....အကြင် နာမ်ရုပ်နှစ်ပါး သခင်ရဘုရားတို့သည် လွန်ခဲ့ပြီးသော အတိတ်ကာလဖြစ်၍ ကင်းလေကုန် ဖောက်ပြန်လေကုန်ပြီ။ ထို'ဘုရားတို့ကိုကာလရှိသေး၏ဟု မမှတ်ကောင်း၊ အကြင် အကျိုးတရား အကြောင်းတရားတို့သည်ကား တစ်ပါးသောဘဝ၌ ပဋိသန္ဓေကိုပေး၏။ ဖြစ်မြောက်စေအပ်၏။ ထိုတရားတို့သည် ကာလရှိသောတရားမည်ကုန်၏။ သေပြီးသည့်နောက် တစ်ပါးသောဘဝ၌ ပြန်၍ဖြစ်ရသူတို့ကိုလည်း ကာလရှိသေးသည်ဆိုရ၏။ သေပြီးသည့်နောက် ဘဝတစ်ဖန် ပြန်မဖြစ်သူတို့ကား ကာလမရှိတော့ဟုဆိုရ၏။ အကြင် ပရိနိဗ္ဗာန်ပြုကြကုန်သူတို့သည်လည်း ကာလမရှိသူမည်ပေသည် မင်းကြီး'

ကာလ၏ ရင်းမြစ်မူလ

'အရှင်ဘုရား....လွန်ခဲ့သော ကာလ၏ ရင်းမြစ်မူလသည် အဘယ်သို့ပါနည်း၊ လာလတ္တံ့သော ကာလ၏ ရင်းမြစ်မူလသည် အဘယ်သို့ပါနည်း။ ယခုကြုံကြိုက်နေဆဲ (ပစ္စုပ္ပန်) ကာလ၏ ရင်းမြစ်မူလသည် အဘယ်သို့ပါနည်း'

'မင်းကြီး အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါး၏ ရင်းမြစ်မှုလသည် အဝိဇ္ဇာ မောဟ တရားသာတည်း။ မင်းကြီး အပိဇ္ဇာကြောင့်သင်္ခါရ၊ သင်္ခါရကြောင့် ပဋိသန္ဓေ၊ ပဋိသန္ဓေစသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ဝန်းကြီး အဆက်မပြတ် ဟရစပ်လည်နေရပေတယ်။ အိုရခြင်း၊ သေရခြင်း၊ ငိုးငိုမ်ခြင်း၊ ဝိုကြေးရခြင်းစသည်များဖြစ်ဒေါရပေတယ်။ ထိုကဲ့သို့ သံသရာစက်ဝန်းကြီးရှည်ကြာလွန်းခြင်းကြောင့်ပင် လွန်ခဲ့ပြီးကာလကို မထင်မြင် မသိရှိနိုင်ခြင်း ဖြစ်ပေတယ် မင်းကြီး'

အတိတ်ကာလ၏အစ ရှိ-မရှိ

'အရှင်ဘုရား.... ရှည်ကြာလွန်းသော လွန်ခဲ့ပြီး အတိတ်ကာလကို မထင်မြင် မသိရှိနိုင် ဆိုခြင်းနှင့် စပ်လျဉ်း၍ ဥပမာဆောင်တော်မူပါဦးဘုရား'

'မင်းမြတ်....မျိုးစေ့မှအပင်၊ အပင်မှ အညွှန့်၊ အညွှန့်မှ အသီး၊ အသီးမှ မျိုးစေ့ဟူ၍ အစဉ်တစိုက် ဖြစ်လာခဲ့ရာ၌ ထိုမျိုးစေ့၏ အဆုံးကာလသည် ရှိနိုင်ပေဦးမည်လော'

'မှန်ပါ.... မရှိနိုင်တော့ပါဘုရား'

'သံသရာစက်ဝန်း သည်လည်း ထို့အတူပေပဲ မင်းမြတ်၊ မဆုံးနိုင်သော သည်ပတ်ခြင်းဖြင့် အစဉ်တစိုက် ကာလရှည်ကြာခဲ့သဖြင့် လွန်ခဲ့ပြီးအစကို ပြန်လည်သိမြင်ခဲ့မရနိုင် ဖြစ်ပေတယ်'

'အရှင်ဘုရား....ပိုပြီး သိသာကဲ့ပြားလောက်အောင် တော်မူစေချင်ပါသေးသည်'

'ကောင်းပြီ မင်းမြတ်....ကြက်မဟာ ဘယ်ကဖြစ်လာပါသလဲ'

'မှန်ပါ ကြက်ဥက ဖြစ်ပါတယ်ဘုရား'

'ဂုင်းကြက်ဥကကော....ဘယ်က ဖြစ်အုပ်ပါသလဲ'

'မှန်ပါ....ကြွက်ကပင် ဖြစ်အပ်ပါတယ်ဘုရား'

'ဒီလိုဆိုရဝ် ကြက်မနဲ့ ကြက်ဥရဲ့ ဖြစ်စဉ်ဟာ ဆုံးနိုင်ပါဦးတော့မလား မင်းမြတ်'

'မှန်ပါ....မဆုံးနိုင်တော့ပါဘုရား'

'ကောင်းပြီ.... အဆုံးကို မပိုင်းခြားနိုင်သလို၊ အစကိုလဲ သိမြင်နိုင်ပါ့မလား'

'ဗသိနိုင်ကောင်း[illegible]ဘုရား'

'မှန်ပေတယ်[illegible]ပြီး ကောက်ပြန်ခဲ့ပြီးဖြစ်တဲ့ အတိတ်ကာလနဲ့ ရှည်လျား[illegible]သော ရင်းမြစ်မူလအစဟာလဲ ထို့အတူပဲ ဖြစ်အပ်ပေတယ်'

'အရှင်ဘုရား....လျော်ကန်ရာဥပမာတစ်ခု ထပ်ဆင့်သိချင်ပါသေးသည်'

ထိုအခါရှင်နာဂဇေနသည်မြေပေါ်တွင် စက်ဝိုင်းတစ်ခုကို ရေးခြစ်လိုက်ပြီးနောက်....

'မင်းမြတ် ဟောသည် စက်ဝိုင်းမှ အစကို သိမြင်နိုင်ပါ့မလား'

'မှန်ပါ ပထမဆုံး ဆွဲအပ်သော မျဉ်းကြောင်း ပေါ်တွင်ပင် နောက်မျဉ်းကြောင်း ထပ်ဆင့် ဖုံးလွှမ်းအပ်သော

ကြောင့် ပထမမျိုးကြောင်းကိုမသိမမြင်နိုင်တေးပါဘုရား'

မှန်ပေတယ်မင်းမြတ်၊ ထို့အတူပင်လျှင် သံသရာစက်ဝန်း၏ အစမထင်နိုင်ပုံ၊ အဆုံးဆိုဖို့ကြံဘဝပုံကို ဘုရားရှင်က 'စသွားပသာဒကိုစွဲ၍ ရှုပါရုံတို့ကိုလည်း စွဲ၍စက္ခုဝိညာဉ်သည် ဖြစ်၏' စသည်ဖြင့်ဟောကြားတော်မူခဲ့ပေတယ်။ ဤမျှဆိုလျှင် သံသရာစက်ဝန်း၏ အစမထင်နိုင်ပုံကို မင်းမြတ် လက်ခံနိုင်လောက်ပြီ'

မုံးကွယ်ခြင်း-ထင်ရှားခြင်း

'အရှင်ဘုရား.... အတိတ်ကာလ၏ အစမထင်နိုင်ပုံဆိုရာ၌ အလုံးစုံသော အတိတ်ကာလသည်ပင်လျှင် အစမထင် ဖြစ်ပါသလားဘုရား'

'မင်းမြတ်....အချို့သော အတိတ်ကာလသည်ထင်ရှား၍ အချို့သောအတိတ်ကာလသည်ကားမထင်ရှားဖြစ်ပေတယ်'

'အရှင်ဘုရား....အဘယ်ကာလသည် ထင်ရှား၍ အဘယ်ကာလသည် မထင်ရှားပါသနည်းဘုရား'

'ဒကာတော်မင်းမြတ်.... အဝိဇ္ဇာတရှားဖုံးလွှမ်း ဖြစ်ပေါ်နေသည့်အခါကာလ၌ မထင်ရှားဖြစ်၍ အဝိဇ္ဇာမှ ကင်းကွာသည့်အခါ ထင်ရှားသိမြင်အပ်ပေတယ်'

'အရှင်ဘုရား....ထင်ရှားခြင်းနှင့် မထင်ရှားခြင်းဟူ၍ ကွဲပြားခြားနားအပ်သောဧကြောင့် ပင် အနုက်အဓိပ္ပာယ်လည်း တစ်မျိုးစီသီးသန့်ခြားနားသွားရသည်မဟုတ်ပါလားဘုရား'

'မင်းမြတ်....သည်လို ခြားနားသွားဘယ်၊ တစ်ခုနှင့်တစ်ခု ပြတ်တောက် ချုပ်ငြိမ်းသွားတယ်ဆိုရင် အဆက်အစပ်ဖြစ်နိုင်ပါဦးမလား'

'အရှင်ဘုရား....တပည့်တော် အဆက်အစပ်ဖြစ်နိုင်- မဖြစ်နိုင်ကို မမေးပါ။ အဆက်အစပ်ရှိခြင်း-မရှိခြင်းကိုသာ မေးမြန်းခြင်း ဖြစ်ပါသည်'

ထိုအခါရှင်နာဂသေနသည်သစ်ပင်ဖြင့်ဥပမာပြတော်မူ၏။

'မင်းမြတ်....မျိုးစေ့ကြောင့် ပင်စည်ဖြစ်တယ်။ ပင်စည်ကြောင့် မျိုးစေ့ဖြစ်တယ်။ ထိုမျိုးစေ့ ပင်စည်နှင့် တူစွဲသော ခန္ဓာကိုယ်ကြောင့် ကုသိုလ်ကို ဖြစ်မြောက်စေသလို အကုသိုလ်လဲဖြစ်ရပေတယ်။ မျိုးစေ့နှင့် ပင်စည် မကင်းသကဲ့သို့ပင် ကုသိုလ်-အကုသိုလ် ဟူသည်လည်း ခန္ဓာကိုယ်နှင့် မကင်းနိုင်ဖြစ်ပေတယ်'

'ခန္ဓာကိုယ်တစ်ခုတည်းပင် ဖြစ်သော်လည်း အဝိဇ္ဇာဖုံးလွှမ်းသည့်အခါကာလ၏အစကို မထင်မြင်နိုင်သလို အဝိဇ္ဇာကင်းကွာသည့်အခါ မိမိ၏လွန်ခဲ့ပြီးကာလအစဉ်ကို အသိပညာအားလျော်စွာ ဆင်ခြင် သိသာနိုင်ပေတယ်'

ဖြစ်ဆဲ-သင်္ခါရတရား

'အရှင်ဘုရား....ဖြစ်ဆဲ သင်္ခါရတရားဟူ၍ ရှိပါသလော'

'ရှိတယ်....မင်းမြတ်'

'အဘယ်သို့သော တရားတွေပါလဲ ဘုရား'

'မင်းမြတ်....မျက်စိလဲ ရှိမယ်၊ ရုပ်အဆင်းလဲ ရှိမယ်ဆိုရင် အမြင်ဓာတ်ရယ်လို့ဖြစ်ပေါ်လာအပ်ပေတယ်။ထိုအမြင်ဓာတ် ဖြစ်ပေါ်လာတဲ့အခါဖြဿ၊ဝေဒနာ၊တဏှာစသည်ဖြင့်အစဉ် အားဇလျော်စွာ ဆက်လက် ဖြစ်ပွားပြန်တယ်။ ဖြစ်ပွားသမျှ ဟာလဲ ဒုက္ခတွေချည်းပဲ ဖြစ်တယ်'

'အကယ်၍ မျက်စိကလဲ မရှိ၊ ရုပ်အဆင်းကလဲ မရှိလို့၊ အမြင်ဓာတ်ရယ်လို့ ဖြစ်ပေါ်မလာခွင့်ရင်ဖြဿ စသဲ့တရား၊တွေလဲ အစဉ်အားလျော်စွာ ပဖြစ်လာနိုင်တော့ဘူး။မဖြစ်တာနဲ့အမျှ ဒုက္ခလဲ ငြိမ်းပေတာပဲ'

သင်္ခါရဘာဂူး၏ ထင်ရှား၊သောအဖြစ်

'ဒုရင်ဘုရား.... သင်္ခါရတရား၊တို့သည် ထင်ရှား၊စွာ မဖြစ် လာခြင်း၊ဟူ၍ ရှိပါ၏သေး၊သလား'

'မင်းမြတ် ...ထင်ရှား၊စွာမဖြစ်သော သင်္ခါရတရား၊ရယ်လို့ မရှိပေဘူး'

'ဒုရင်ဘုရား....ဥပမာဆောင်တော်မူပါဦး၊လော့'

'မင်းမြတ်.... သင်မင်းမြတ် စံရာ ဗရိုနန်း ဝရအိမ် ဟူ၍ ထင်ရှား၊စွာ မဖြစ်ခဲ့သော် နှုန်း၊တော်နေရာ၊ စံနန်း၊တော်ဟူ အထင်အရှား ဖြစ်နိုင်ပါမည်လော'

'ဒုရင်ဘုရား.... ထိုသို့ကား မဖြစ်နိုင်ပါ။ နန်း၊တော် ဆောက်လုပ်အပ်သောသစ်တို့ကို တောမှုရအပ်ပါသည်။ မြေ စိုင်မြေခဲကို မြေကြီးမှုရအပ်ပါသည်။နန်း၊တော်ကိုလည်း မိန်း မယောကျ်ား၊လူမျာ၊းစွာတို့ ဝိုင်း၊ဝန်း ဆောက်လုပ်ရပါသည်'

'မှန်ပေသည့် မင်းမြတ်....ထို့အတူပင်လျှင် ထင်ရှားစွာ မဖြစ်ကုန်သော သခ်ါရတရားဟူ၍မရှိ၊ ထင်ရှားစွာ ဖြစ်အပ်သော သခ်ါရတရားတို့သာ ရှိပေတယ်'

'အရှင်ဘုရား-ဥပမာဆောင်တော်မူစေချင်ပါသေးသည်'

'ကောင်းပြီမင်းမြတ်-မျိုးဇစ်မူပင်စည်၊ပင်စည်မှအညွှန့်၊ အညွှန့်မှအသီးဟူ၍ဖြစ်မြောက်လာအပ်သော သစ်ပင်မှန်သမျှ၌အသီးအရွက်တို့သည် သစ်ပင်ကိုသာ အမှီပြုကြရကုန်သကဲ့သို့ ဖြစ်ပေတယ်။သစ်ပင်ရယ်လို့ထင်ရှားစွာ မဖြစ်လာခဲ့ရင်အသီးအရွက် စသည်လဲ မဖြစ်ပေါ်နိုင်ပေဘူး။တို့အတူပင် သခ်ါရတရားတို့သည်လည်း ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် ထင်ရှားသော အဖြစ်သို့ ရောက်ကြပေတယ်'

'မှန်ပါ.... ယခုထက် သာလွန်ထူးခြားသော ဥပမာကို ကြားသိပါရစေဦး ဘုရား'

'မင်းမြတ်....အိုးထိန်းသည် မှန်သမျှသည်မြေကြီးကို အိုးအဖြစ်ပြုလုပ်ရာ၌လျှင်ကန်ရာ ပုံသဏ္ဌာန်အားတိုင်းအိုးအဖြစ်သို့ မရောက်လာလျှင်းအိုး'ဟူ၍ခေါ်ဆိုသတ်မှတ်နိုင်ပါသလော'

'မှန်ပါ၊ မသတ်မှတ်နိုင်ပါဘုရား'

'သခ်ါရတရားဘို့သည်လည်း ထို့အတူပင် ဖြစ်ပေတယ် မင်းကြီး၊ ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် ထင်ရှားသော အဖြစ်သို့ ရောက်ကြပေတယ်'

'မှန်ပါ....လွန်စွာသော ဥပမာကို ထပ်ဆင့် သိချင်ပါသေးသည် ဘုရား'

'ကောင်းပြီမင်းမြတ်၊ အကြင်တူရိယာသမားတို့တီးခတ်

သောစောင်းတစ်ခုခွဲစောင်းခွက်သည်လည်းကောင်း၊ စောင်းကြိုးသည်လည်းကောင်း၊ ဒစောင်းလက်ရုံးသည်လည်းကောင်း၊ စောင်းကို တီးခတ်သူသည် လည်းကောင်း၊ မရှိခဲ့သော် ထိုစောင်းမှ အသံဖြစ်ပေါ်လာနိုင်မည်လော'

'အကယ်၍ စောင်းနှဲတကွ တီးခတ်သူလည်း ရှိခဲ့သော်ကား၊ အသံဖြစ်ပေါ် ပေလာနိုင်ပါသလော'

'အရှင်ဘုရား....စောင်း၏ အင်္ဂါနှင့် ပြည့်စုံခြင်းကြောင့် အသံ ဖြစ်ပေါ်လာနိုင်ပါသည်'

'သခ်ါရတရားတို့လည်းလည်း ထို့အတူပင် ဖြစ်ပေတာ်မင်းမြတ်။ ထင်ရှားစွာ ဖြစ်သောကြောင့်သာ ထင်ရှားခြင်း ဖြစ်မြောက်ရပေတယ်'

'အရှင်ဘုရား....တခြားဥပမာတစ်ခု စွမ်းဆောင်တော်မူပါဦး'

'မင်းမြတ် ပုတ်ခုံပုတ်ကျေ၊ ယုက်ကြိုးပုတ်စာစသည်တို့နှင့်တကွ၊ မီးပုတ်သူပါပြည့်စုံစွာမရှိသော်'မီး'အဖြစ်သို့ ရောက်နိုင်ကောင်းပါအံ့လော'

'မဖွဲ့နိုင်ပါဘုရား'

'အကယ်၍ မီးပုတ်ကိရိယာနှင့်တကွ၊ မီးပုတ်သူပါရှိခဲ့လျှင်မူ မီးမဖြစ်နိုင်ပါသလော'

'အရှင်ဘုရား... ဤသို့ဆိုလျှင်ကား မီးဖြစ်မြောက်လာနိုင်ပါ၏'

'ဒကာတော်မင်းမြတ်၊ သခ်ါရတရားတို့၏ ဖြစ်ပေါ်ခြင်းကိုလည်း ထို့အတူပင် သိမှတ်အပ်ပေတယ်'

'အရှင်ဘုရား-ဆိုခဲ့ပြီးသမျှသည် မာဃအားလုံးပင်လျော်ကန်လုပါသည်။ သို့သော်ဆပ်ဆင့်၍လည်းသိခွင့်ပါသေးသည်'

'ကောင်.ပြီ မင်းမြတ်....ကြေးမုံသည် လည်းကောင်း၊ အရောင်အလင်းသည်လည်းကောင်း၊လူ၏မျက်နှာသည်လည်းကောင်း၊မရှိခဲ့-မပြည့်စုံခဲ့ချေသော်၊ ကြေးမုံအတွင်း၌ လူ၏အရိပ်သဏ္ဌာန် ထင်ရှားပေါ်လာနိုင်ပါအုံးလော'

'အရှင်ဘုရား....ထင်ရှားမပေါ်လာနိုင်ပါ'

'အကယ်၍ ထိုအကြောင်းသုံးပါး ပြည့်စုံညီညွတ်ခဲ့လျှင်ကော မင်းမြတ်'

'မှန်ပါ-ထိုအကြောင်းသုံးပါးညီညွတ်လျှင်ကား၊ကြေးမုံတွင်းဝယ် အရိပ်သဏ္ဌာန် ထင်ရှားဖြစ်ပေါ်လာနိုင်ပါသည် ဘုရား'

'မင်းမြတ်-သင်္ခါရတရားတို့၏ ဖြစ်ပေါ်ထင်ရှားခြင်းကိုလည်း၊ ဤသို့ပင် သိမှတ်အပ်ပေတယ်။ မထင်မရှားသော အဖြစ်ဖြင့် ထင်ရှားခြင်းသို့မဆောက်၊စင်စစ်ထင်ရှားကုန်သောကြောင့်သာလျှင်ထင်ရှားစွာဖြစ်ပေါ်ကြရပေတယ်မင်းမြတ်'

ဝေဒဂူ-ဇီဝ-အသက်-လိပ်ပြာကောင်

'နာဂဇေသန အရှင်မြတ်ဘုရား၊ သိအပ်သော တရားကို သိတတ်သော ဝေဒဂူပုဂ္ဂိုလ်က ရအပ်ပါမည်လော'

'မင်းမြတ်....ဝေဒဂူပုဂ္ဂိုလ်ဆိုတာ အဘယ်အရာကို ခေါ်အပ်ပါသလဲ'

'အရှင်ဘုရား....တပည့်တော်တို့ကိုယ်တွင်းမှာရှိတဲ့အသက်ကို ဝေဒဂူလို့ခေါ်ပါတယ်၊ ဝေဒဂူဆိုတဲ့အသက်ဟာ မျက်စိဖြင့် ရုပ်အဆင်းကို မြင်တယ်၊ နား‌နဲ့ အသံကို ကြားတယ်၊ နှာခေါင်းနဲ့အနံ့ကို၊လျှာဖြင့်အရသာကို၊ကိုယ်ဖြင့်အတွေ့ကို၊ စိတ်ဖြင့် ဓမ္မာရုံကို သိအပ်ပါတယ်။ သိတဲ့ အဖြေကြောင်းကလဲ တပည့်တော်တို့ဟာ နှုန်းပြသာဒ်ထက်ကနေပြီး အရပ်လေးမျက်နှာကိုကြည့်တဲ့အခါလေးဘက်ပြတင်းတံခါးဝမှထိုထိုအရပ်လေးမျက်နှာကို တွေ့မြင်ရသလိုပဲ၊ ကိုယ်တွင်းမှာရှိတဲ့အသက်ဟာလဲ မျက်စိသည်ဖြင့် အလိုရှိရာ ကြည့်ရှုသိမြင်အပ်ပါတယ် ဘုရား'

'ကောင်းပြီမင်းမြတ်၊သို့ဆိုလျှင် မျက်စိအစရှိသော ဒွါရဂါးမျိုးကိုဆစ်ပိုင်းခွဲခြားဖော်ပြမယ်။ဂ၍စိုက်ပြီးနားထောင်ပါ။ မင်းမြတ်....ဂါတို့ဟာ နှုန်းတော်ထက်မှ လေသာပြတင်းပေါက်ဖြင့် အဆင်းမှန်သမျှကိုတွေ့မြင်ကြရတယ်။ ထို့အတူပဲ ကိုယ်တွင်းမှာရှိတဲ့ အသက်ဟာလဲ မျက်စိဖြင့် အဆင်းကို မြင်အပ်တယ်ဆိုရင် နား‌နဲ့လဲ အဆင်းကို မြင်စကောင်းတယ်။ လျှာနဲ့လဲအဆင်းကိုမြင်စကောင်းတယ်။ ကိုယ်နဲ့လဲအဆင်းကိုမြင်စကောင်းတယ်။ စိတ်နဲ့လဲအဆင်းကိုမြင်စကောင်းတယ်။ မျက်စိနဲ့လဲ အသံကို ကြားစကောင်းတယ်။နှာခေါင်း-လျှာ ကိုယ်-စိတ်တို့နဲ့လဲ အသံကို ကြားစကောင်းတယ်ဆိုရာ ရောက်မနေပေဘူးလား'

'အရှင်ဘုရား....ဤသို့မဟုတ်ပါ။ တစ်ခုသော အာရုံသည် အခြားတစ်ခုသော ဒွါရ၌ မဖြစ်နိုင်ပါ'

'မင်းမြတ်....သို့ဆိုလျှင် သင်မင်းမြတ်ပြောခဲ့သော ပထမစကားသည် ယုတ်မာရှိခဲ့ခြေတကား၊ မင်းမြတ်-ဥပမာအား ဖြင့်ကား...ငါတို့သည် နန်းတော်ထက်မှ လေသာပြတင်းတံခါးပေါက်ဖြင့် အဆင်းဟူသမျှကို တွေ့မြင်နိုင်သလို ကိုယ်တွင်းဌ်ရှိသောအသက်သည်လည်း မျက်စိဖြင့်ကြည့်အပ်သောအဆင်းမှန်သမျှကို ဖတ်ရပါမည်လော၊ နားဖြင့်နားထောင်အပ်သော အသံဟူသမျှတို့ကို ကြား ရပါမည်လော'

'နှာခေါင်းကိုခွာအပ်သော် ကိုယ်တွင်းဌ်ရှိသော အသက်သည် အနံ့ကို နမ်းအပ်ပါမည်လော။ လျှာကို ခွာအပ်သော် ကိုယ်တွင်းဌ်ရှိသောအသက်သည် ရသာရုံကိုလျက်အပ်ပါမည်လော။ ကိုယ်ကို ဖွင့်လှစ်အပ်သော် အတွေ့ကို တွေ့သိနိုင်ပါအုံလော မင်းမြတ်'

'အရှင်ဘုရား....ဤသို့လဲ မဖြစ်စကောင်းပါ'

'မင်းကြီး....သို့ဆိုလျှင် သင်မင်းကြီး၏စကားသည် စင်စစ်ရှေ့စကားနှင့် နောက်စကား၊နောက်စကားနှင့်ရှေ့စကား သည် ယုတ်တိမရှိတကား၊ မင်းကြီး ဥပမာအားဖြင့်ကား ယခုသင်မင်းကြီး၏ အပါးတွင်ရှိသော ဒိန္နအမတ်သည် အပြင်တံခါးပေါက်ဌ် သွား၍ရပ်နေအုံ၊ သင်မင်းကြီး သိပါမည်လော'

'အရှင်ဘုရား သိကောင်းပါ၏'

'ကောင်းပြီ၊ အကယ်၍ ထိုဒိန္နအမတ်သည်ပင်လျှင် နန်းတွင်းသို့ ပြန်ဝင်လာပြီးသော် သင်မင်းကြီးရှေ့ဌ် ရပ်နေအုံ၊

ဤဒိန္နအမတ်သည် အပြင်မှပြန်ဝင်လာ၍ ငါ့ရှေ့၌ရပ်နေ၏ဟု သင်မင်းကြီး သိပါမည်ခဲလော'

'အရှင်ဘုရား.... သိကောင်းပါ၏'

'ကောင်းပြီမင်းကြီး၊ထိုဒိန္နအမတ် ဆုတ်ကပ်သည်ဝင်သည်ကို သင်မင်းကြီးသိသကဲ့သို့ ချို၊ ချဉ်၊ စပ်၊ ငန်၊ အဖန်၊ အခါး ဟူသော ရသာခြောက်ပါးကို လျှာပေါ်၌ ကင်လိုက်သည့် အခါ ကိုယ်တွင်းမှအသက်သည် သိရာသလော'

'အရှင်ဘုရား.... သိကောင်းပါ၏'

'ကောင်းပြီ မင်းကြီး... တစ်ခါ ထမ်ဆင့် မေးဦးမည်။ ထိုဆိုခဲ့ပြီး ရသာခြောက်ပါးကို အကယ်၍ လျှာပေါ်သို့ မဟုတ်ဘဲ ကိုယ်တွင်းသို့သွင်းလိုက်သော် ကိုယ်တွင်းမှအသက် သည် ထိုထိုအရသာများကို သိကောင်းပါအံ့လော'

'အရှင်ဘုရား.... ကိုယ်တွင်းသို့ ဝင်သော အရသာကိုကား အသက်သည် သိနိုင်မည်မဟုတ်ပါ'

'မင်းကြီး.... သို့ဆိုလျှင် သင့်စကားသည် ရှေ့စကားနှင့် နောက်စကား မညီမညွတ် ယုတ်တိမ်ရှိပါတကား၊ မင်းကြီး-ဥပမာတစ်ခု ဆိုဦးမည်။ အကြင်သူတစ်ယောက် အာခံတွင်း ပါးစပ်လုံအောင်ပိတ်၍ ပျားရည်လဲတွင် ထည့်စိမ်ထား၍၊ ထိုသူသည် ပျားရည်၏ချိုမြိန်သောအရသာကို သိနိုင်ပါအံ့ လော'

'မှန်ပါ.... မသိနိုင်ပါဘုရား'

'အဘယ့်ကြောင့်ပါနည်း'

'မှန်ပါ.... ပျားရည်၏အရသာသည် လျှာပေါ်သို့ မဝင်

ရောက် မထီတွေ့နိုင်ခြင်းကြောင့် ဖြစ်ပါသည်ဘုရား'

'မင်းကြီး....သို့ဆိုလျှင်လည်း သင့်စကားသည် ရှေ့နှင့် နောက် မညီမညွတ် ယုတ်မှားပါချေတကား'

'မှန်ပါ။ တပည့်တော်သည်အရှင်ဘုရားနှင့်စကားယှဉ်ပြိုင် ပြောရန်မစွမ်းနိုင်ပ ။ အရှင်ဘုရားလိုအပ်ရင်းကိုသာမိန့်မြွက် တော်မူပါဘုရား'

ထိုအခါရှင်နာဂသေနသည် မိလိန္ဒမင်း၏ ဝေဒဂူခေါ် အာသက်လိပ်ပြာကောင်နှင့် စပ်လျဉ်း၍ ဤသို့လျှင်ဖြေကြား ရှင်းလင်းတော်မူခဲ့ပ၏။

'မြတ်သောမင်းကြီး....မျက်စိဖြင့် အဆင်းကို မြင်အပ်တဲ့ အခါ ထိုအဆင်းကြောင့်ပင်လျှင် မြင်စိတ်ဟူ၍ ဖြစ်လာပေ တယ်။ ၎င်းမြင်စိတ်နှင့်အတူ သို့မဟုတ် မြင်စိတ်ကိုအကြောင်း ပြု၍ပင်လျှင် တွေ့ထိမှုဆိုတဲ့ဖယ်၊ ခံစားမှုဆိုတဲ့ဝေဒနာ၊ မှတ် သားမှုဆိုတဲ့ သညာ၊ တိုက်တွန်းလှုံ့ဆော်မှုဆိုတဲ့ ဝေဒနာ၊ ခိုင်ကျည်တည်ငြိမ်မှုဆိုတဲ့ ဧကဂ္ဂတာ၊ ထို့နောက်စပ်လျဉ်းရာ တရားတွေ့ကို စုစည်းထိန်းသိမ်းတတ်တဲ့ဇီဝိတိန္ဒြေ၊ နှလုံးသွင်း တတ်မှု မနသိကာရဆိုတဲ့ သမ္မယုတ်တရားရှစ်ပါး အစဉ် အား လျော်စွာ ဖြစ်ပေါ်လာရပါတယ်'

'အကြောင်းရင်းကတော့ မျက်စိနဲ့ အဆင်း တွေ့ဆုံမိရာက တစ်ဆင့်စပ်လျဉ်းယှက်သွယ်လာခဲ့ရခြင်းဖြစ်တယ်၊ သည်အဖြစ် မှာဇီဝဆိုတာလုံးဝမရှိဘူး၊ လိပ်ပြာကောင်ဆိုတာလဲ မိမိရဲ့ အစဲ့အမှတ်သာဖြစ်တယ်၊ စင်စစ်တော့ အနှံ့၊ အသံ၊ အရသာ၊ အတွေ့အထိစသည်ကိုအကြောင်းပြုပြီးစပ်လျဉ်းရာဆက်စပ်ရာ



မင်းမြတ်၊ ဇနပုဒ်တို့ရိယာနှင့်ဗာက္ခ ဤဇောင်းကို ထိုးခတ်သူ မရှိခဲ့သော် ထိုဇောင်းမှာ အသံ ဖြစ်ပေါ်နိုင်ပါအံ့လော။

နံမှ-ကြားမှ ဆိုဘဲ့ ဝိညာဉ်တွေ ပေါ်ပေါက်လာရခြင်း ဖြစ်တယ်'

'သည်လို ပေါ်ပေါက်လာသူမှာလဲ ဦးစွာဆိုခဲ့ပြီးဖြစ်တဲ့ တွေထိမှ-ခံစားမှ-မှတ်သားမှ ဆိုတာတွေနဲ့ တစ်ဆက်တည်း တစ်စပ်တည်းဖြစ်ပေတယ်။ထို့ ဖကြောင့် အသက် ဇီဝ လိပ်ပြာ ကောင်ဆိုသည်မှာလည်း ကိုယ်တွင်းဥ်သာမဟုတ်၊ မည်သည့် နေရာတွင်မျှ လုံးဝမရှိပေဘူး။ ကြောင်းကျိုးမမှန်-လျော်ကန်သင့်မြတ်ခြင်းမရှိသော အယူအစဲ့ တစ်ခုမျှသာ ဖြစ်ပေတယ် မင်းကြီး'

မြင်ခြင်းနှင့် သိခြင်း

'အရှင်ဘုရား....မြင်ခြင်းနှင့်သိခြင်းသည် တစ်ဆက်တည်း ဖြစ်ပါသလား'

'မှန်ပေတယ်မင်းမြတ်....အမြင်နှင့် အသိသည် တစ်ဆက်တည်း ဖြစ်အပ်ပေတယ်'

'အရှင်ဘုရား....မြင်ခြင်းသည် ဦးစွာဖြစ်၍ သိခြင်းသည် နောက်မှ ဖြစ်ပါသလား၊ သို့မဟုတ် သိခြင်းက ဦးစွာဖြစ်၍ မြင်ခြင်းက နောက်မှ ဖြစ်အပ်ပါသလား'

'မင်းမြတ်....မြင်ခြင်းက ဦးစွာဖြစ်၍ သိခြင်းက နောက်မှ ဖြစ်ပေတယ်'

'အရှင်ဘုရား....သို့ဆိုပါလျှင် မြင်ခြင်းက သိခြင်းကို သိလေတော့ဟု စေခိုင်းအပ်ပါသလား၊ သို့မဟုတ် မြင်ခြင်းကို သိခြင်းက သင်မြင်အပ်သည့် တစ်ပြိုင်နက်၊ ငါလည်းသိခြင်း ဖြစ်လတ္တံ့ဟု စေခိုင်းအပ်ပါသလား ဘုရား'

'မင်းကြီး.... ဤသို့ကား မဟုတ်၊ ပရမတ္ထ တရားတို့သည် အချင်းချင်း စကားပြောခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းမရှိကြကုန်....'

'သို့ဆိုလျှင် ထိုပရမတ္ထ တရားတို့သည် အဘယ်ကြောင့် တစ်ခုနှင့်တစ်ခု ရှေ့နှင့်နောက် ဖြစ်ကြပါသနည်းဘုရား'

'မင်းကြီး....ထိုကဲ့သို့ ရှေ့နောက်စဉ်ဆက် ဖြစ်ရခြင်းမှာ ကား စီးဝင်ရာဖြစ်ခြင်းကြောင့်လည်းကောင်း၊ အကြောင်းတိုက်ဆိုင်ခြင်းကြောင့်လည်းကောင်း၊ နေရာဌာနအား လျော်စွာ လည်းကောင်း၊ အလေ့အကျင့် အားလျော်စွာ လည်းကောင်း ဖြစ်နေတာယ်'

'အရှင်ဘုရား-စီးဝင်ရာဖြစ်ခြင်းကြောင့်ဆိုသည်ကို ဥပမာ ဆိုတော်မူပါဦး'

'ကောင်းပြီ မင်းမြတ်.... မိုးရွာသည့်အခါ မိုးရေသည် အဘယ်သို့ စီးဆင်းသွားအပ်သနည်း'

'မှန်ပါ၊ နိမ့်ရာသို့ စီးဆင်းလျှောကျသွားပါသည်ဘုရား'

'နှောက်တစ်ဖန် ရွာအပ်သော မိုးရေသည်လည်း အဘယ်သို့ စီးဆင်းသွားအပ်ပါသနည်း မင်းမြတ်'

'မှန်ပါ....ပထမ စီးဆင်းရာသို့ပင် စီးဆင်းလျှောကျအပ်ပါသည် ဘုရား'

'ကောင်းပြီမင်းမြတ်၊ သို့ဆိုလျှင် ပထမစီးဆင်းနှင့်သော မိုးရေက နောက်စီးဆင်းလာမည့် မိုးရေကို မင်းလေ ငါ စီးဆင်းရာသို့ပင်လိုက်ခဲ့လော့ကြို့တင်မှာထား အပ်ပါသလား၊ သို့မဟုတ် နောက်ဖြစ်သော မိုးရေကပင် ပထမ မိုးရေကို

ငါလဲ မင်းစီးဆင်းရာသို့ပင် တစ်ထပ်တည်း လိုက်ခဲ့မည်ဟု ချိန်းဆိုမှာထားခြင်း ပြုအပ်ပါသလား'

'အရှင်ဘုရား....ဤသို့ကားမဟုတ်ပါ။ ရေသည် နိမ့်ရာသို့ စီးဆင်းတတ်သော သဘောအရသာ စီးဆင်းလျှောက်အပ် ခြင်း ဖြစ်ပါသည်'

'မြတ်သောမင်းကြီး-မြင်ခြင်းနှင့်သိခြင်းသည်လည်း ထို့အတူသာ ဖြစ်ပေတယ်။ တစ်ခုနှင့်တစ်ခု၊ တစ်ဦးကို တစ်ဦး၊ မည်သို့မျှ ချိန်းဆိုတိုက်တွန်းခြင်းမရှိ။ သို့သော် အကြောင်းအာဒေါလျှော်စွာ ယှဉ်တွဲ ဆက်စပ်နေခြင်းကြောင့် ရှေ့နှင့် နောက် အစဉ် ဖြစ်ရပေတယ်'

'မှန်ပါ-အကြောင်းတိုက်ဆိုင်မှုဆိုသည်ကို ဥပမာယှဉ်စပ် တော်မူပါ ဘုရား'

'ကောင်းပြီမင်းကြီး၊ တစ်ခုခုသာမြို့၌ မြို့တွင်းမြို့ပြင်ထွက် ဝင်ရာ တံခါးပေါက်သည် တစ်ခုတည်းသာရှိ၏။ မြို့တွင်းသို့ ဝင်သူသည် လည်းကောင်း၊ မြို့ပြင်သို့ ထွက်သူသည် လည်းကောင်း၊ ထိုတစ်ခုတည်းသော တံခါးပေါက်မှဝင်ထွက်သွားလာကြရ၏။ တစ်နေ့သောအခါ အကြင်သူတစ်ဦးသည် မြို့တွင်းမှသည် မြို့ပြင်သို့ ထိုတံခါးပေါက်ဖြင့် ထွက်လာခဲ့၏။ ထို့နောက် တစ်ယောက်သောသူသည်လည်း ထိုတံခါးပေါက်မှပင် မြို့ပြင်သို့ ထွက်လာခဲ့၏'

'အဘယ်သို့ပါနည်း မင်းကြီး- ထိုသူနှစ်ဦးတို့သည် ထိုတံခါးပေါက်မှ ထွက်လာခဲ့ရာ၌ တစ်ဦးနှင့်တစ်ဦး တိုင်ပင်ညှိနှိုင်းထားကြသလော'

'အရှင်ဘုရား-ထိုသို့ကား မဟုတ်ပါ။ အကြောင်းတို့က် ဆိုင်မှုသာ ဖြစ်ပါသည်'

'မှန်ပေတယ်မင်းကြီး-မြင်ခြင်းနှင့်သိခြင်းနှင့်သည်လည်း ထို့အတူသာ ဖြစ်အပ်ပေတယ်။ အကြောင်း တို့က်ဆိုင်ခြင်း ကြောင့်ပင် ရှေ့နောက်စဉ်ဆက် ဖြစ်ရပေတယ်'

'အရှင်ဘုရား-နေရာဌာနအား လျော်စွာဆိုသည်ကိုလည်း ဥပမာအား ဖြင့် သိချင်ပါသေး သည်'

'မြတ်သောမင်းကြီး၊တစ်ခုသောခရီးဦးလှည်းတစ်စီးသည် ရှေ့မှသွားလျက်ရှိ၏။နောက်မှလည်း အခြားလှည်းတစ်စီး သည် လိုက်လာခဲ့၏။ ထိုခရီးဦး တစ်ခုတည်းသောလမ်းဖြင့်ပင် လျှင်လှည်းနှစ်စီးရှေ့နောက်စဉ်ဆက်လာခဲ့ကြရာ၌တစ်ဦးနှင့် တစ်ဦးသည် တိုင်ပင်ညှိနှိုင်းထားအပ်သလော'

'အရှင်ဘုရား-ထိုသို့မဟုတ်ပါ၊ တစ်ခုတည်းသော လမ်း ခရီးအား လျော်စွာ ရှေ့နောက်အစဉ် ဖြစ်ကြရပါသည်'

'သို့ဆိုလျှင် မြင်ခြင်းနှင့် သိခြင်းကိုလည်း ထို့အတူပင် သိမှတ်အပ်ပေသည် မင်းမြတ်'

'အရှင်ဘုရား- လေ့ကျင့်မှု ဆိုသည်ကား အဘယ်သို့ ဖြစ်ပါသနည်း ဘုရား'

'မင်းမြတ်- လေ့ကျင့်မှုဆိုသည်ကား ဤသို့ဖြစ်တယ်။ ဂဏန်းတွက်ချက်မှု၊ သို့မဟုတ် တစ်ခုတည်းသော.အတတ်၌

ပထမဦးစွာ လေကျင့်သင်ကြားစတင် လျင်မြန်သွက်လက်ခြင်း မရှိ ဖြစ်ပေတယ်။ အကယ်၍ လေကျင့်မှုများသည် ကျွမ်းကျင်လာသောအခါတွင်ကား သွက်လက် လျင်မြန်ရုံသာမဟုတ်၊ မှန်ကန်တိကျမှုလဲ ရှိအပ်ပေတယ်။ ထို့အတူပင် မြင်ခြင်းနှင့် သိခြင်းသည်လည်း လေကျင့်ထားအပ်သောအတတ်ပညာရပ်ကဲ့သို့ ခရှ့နောက်စဉ်ဆက် ဖြစ်မြောက်ရပေတယ်''

ဖုဿ-လက္ခဏာ

'အရှင်မြတ်ဘုရား....မြင်စိတ်ဖြစ်သည့်အခါ တွေ့ထိမှုသည်လည်း တစ်ပါတည်းသာ ဖြစ်အပ်သလား'

'ဒကာတော်မင်းမြတ်....မြင်စိတ်တို့ဖြစ်သည့်အခါတွေ့ထိမှုသည်လည်း ဖြစ်အပ်တယ်။ ခံစားမှု-ခေါ်ဆောင်မှု- ကြံစည်မှု-ပုဂ္ဂိုလ်များမှုဆိုတာတွေ့မှာ တွေ့ထိမှုက အရင်းခံဖြစ်ပေတယ်'

'အရှင်ဘုရား တွေ့ထိမှု(ဖဿ) စေတသိက်ဟာ အဘယ်လက္ခဏာ ရှိပါသလဲ'

'မင်းမြတ်....ဖဿဆိုတာ အာရုံကို တွေ့ခြင်း လက္ခဏာရှိပေတယ်။ ဥပမာကတော့ ဆိတ်နှစ်ကောင်တို့ (ခုန့်) ကြသလိုဆိုပါတော့။ မြင်မှု-မြင်စိတ်က တစ်ကောင်သောဆိတ်နဲ့ တူမျှတယ်။ မြင်အပ်ခြင်းခံရတဲ့ ရူပါရုံအဆင်းဝတ်က တစ်ကောင်သောဆိတ်နဲ့ တူမျှတယ်။ တွေ့ထိမှု (ဖဿစေတသိက်) ဆိုတာကတော့ ဆိတ်နှစ်ကောင်တို့ ကြတဲ့အခါ ထိခိုက်တိုက်ခတ်မှုသဘောကဲ့သို့ဖြစ်တယ်'

'မှန်ပါ....တစ်ခုသော ဥပမာကို ဆိုတော်မူပါဦး ဘုရား'

'မင်းမြတ်.... လက်ခုပ်နှစ်ခု တီးလိုက်တဲ့အခါ လက်ခုပ် တစ်ခုနဲ့တစ်ခု ထိမသွားပေဘူးလား'

'မှန်ပါ.... ထိသွားပါတယ်ဘုရား'

'ထို့အတူပဲ မင်းမြတ်၊ တစ်ခုသော လက်ခုပ်က မြင်စိတ် ဖြစ်တယ်။ တစ်ခုသောလက်ခုပ်က အဆင်းဓာတ် ဖြစ်တယ်။ ဖဿ စေတသိက်ဆိုတာကတော့ လက်ခုပ်နှစ်ခု ထိခိုက်တိုက် ခတ်မိသကဲ့သို့ ဖြစ်ပေတယ်'

ဝေဒနာ-လက္ခဏာ

'အရှင်ဘုရား....ဝေဒနာစေတသိက်သည်အဘယ်လက္ခဏာ ရှိပါသလဲ'

'ဒကာတော်မင်းကြီး....ဝေဒနာသည်ခံစားခြင်းလက္ခဏာ ရှိ၏။ အစဉ်အတိုင်းခံစားခြင်းလက္ခဏာလည်း ရှိပေ၏'

'အရှင်ဘုရား.... ဥပမာ ပြုပါဦးလော့'

'မင်းကြီး....မင်းမှူထမ်း တစ်ယောက်သည် မင်းဖြစ်သူ၏ ကောင်းကျိုးကိုလွန်စွာအားထုတ်သဖြင့်မင်း၏ချီးမြှင့်မြှောက် စားခြင်းကိုခံရ၏။ ထိုမင်းမှူထမ်းသည် တစ်နေ့သော အခါ ကျိသို့ ကြံစည်တော့်တော်မိ၏'

'ငါသည် ငါ၏တာဝန် ဝတ္တရားကို လည်းကောင်း၊ မင်း ကြီး၏ကောင်းကျိုးကိုလည်းကောင်း၊ကောင်းစွာဆောင်ရွက် အားထုတ်ခြင်းကြောင့်ပင် ကျိသို့သော မင်းပေးစည်းစိမ် ချမ်းသာကို ခံစားရခြင်း ဖြစ်ပေသည်'

'ထို့နောက်အကြင်သူတစ်ဦးသည် ကုသိုလ်ကောင်းမှုများကိုပြု၍နတ်ပြည်၌နတ်သားတစ်ဦးအဖြစ်ဖြင့်နက်စည်းစိမ်များကို ခံစားရ၏။ ထိုအဝါနတ်သားသည် ဤသို့ဇာတ်းကြံ၏'

'ငါသည်ယခုကဲ့သို့သောစည်းစိမ်များကို ရရှိခံစားရသည်မှာလူ့အဖြစ်၌ ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့သောကြောင့်ပင် ဖြစ်လေသည်'

'မင်းကြီး....ပေဒနာဟူသည် ဤသို့လျှင်လောဒလာဆယ် ခံစားခြင်း၊ အစဉ်ခံစားခြင်းလက္ခဏာ ရှိပေ၏'

သညာလက္ခဏာ

'အရှင်ဘုရား....သညာသည် အဘယ်သို့သောလက္ခဏာရှိပါသနည်း'

'မင်းကြီး....သညာသည် ကောင်းစွာမှတ်မိခြင်းလက္ခဏာရှိပေ၏'

'အရှင်ဘုရား....သညာသည် အဘယ်သို့ကောင်းစွာ မှတ်အပ်ပါသနည်း'

'မင်းကြီး....သညာသည်ညိုသောအဆင်း၊နီသောအဆင်းဖြူသောအဆင်းစသည်ဖြင့် အကြောင်းအာဒေလျှဉ်စွာ မှတ်သားအပ်ပေ၏'

'ဥပမာဆိုတော်မူပါဦးဘုရား'

'ကောင်းပြီမင်းကြီး.... သင်မင်းကြီး၏ ဘဏ္ဍာစိုးဖြစ်သူသည်ဘဏ္ဍာတိုက်ထဲသို့ဝင်၍ သင်မင်းကြီး၏ အသုံးအဆောင်

များကို အညိုရောင်ကားမည်မျှ၊ အနီရောင်ကားမည်မျှ အဖြူ
ရောင်ကားမည်မျှဟုရေတွက်မှတ်သားအပ်ဘွယ်မဟုတ်လော'

'မှန်ပါ.... မှတ်အပ်ပါသည် ဘုရား'

'သည်ဘဝသည်လည်း ထို့အတူပင်ဖြစ်ပေသည် မင်းကြီး'

စေတနာ-လက္ခဏာ

'အရှင်ဘုရား....စေတနာသည် အဘယ်သို့သောလက္ခဏာ ရှိပါသနည်း'

'မင်းကြီး.... စေတနာဟူသည် စေ့ဆော်တိုက်ဘွန်းခြင်း သဘောရှိ၏။အလွန်ပြုပြင်တတ်ခြင်းလည်းရှိပေ၏'

'အဘယ်ကဲ့သို့ စေ့ဆော်ခြင်း ပြုပြင်ခြင်း ရှိအပ်ပါသနည်း ဘုရား'

'မင်းကြီး....အကြင်သူတစ်ဦးသည် အဆိပ်ဆေးကို စီရင်ဖော်စပ်ကာမိမိလည်းသောက်၏။သူတစ်ပါးကိုလည် သောက်စေ၏။ထိုအခါအကြင်သူ၏ စေ့ဆော် တိုက်တွန်းခြင်းသည် မိမိတစ်ဦးတည်းသာမဟုတ်၊ အခြားသူကိုပါ နစ်နာဆုံးရှုံးစေပေ၏'

'ထို့အတူပင်အချို့သောသူတို့သည်မိမိတစ်ဦးတည်းသာ မဟုတ်သေး၊အခြားသူများကိုပါမကောင်းမှုပြုရန်စေ့ဆော် တိုက်တွန်းလျက် မကောင်းကျိုး သက်ရောက် ဖြစ်မြောက်စေတတ်၏'

'အချို့သူကမူ ဆေးပတ်၊ ဆီဦး၊ ဆီကြည်၊ ပျားရည်၊ တင်လဲတို့ကို စုပေါင်းရောနှောကာ မိမိလည်းသောက်၏။သူ

တစ်ပါးကိုလည်းသောက်စေ၏။ထို့အတူပင်ကောင်းမှုကုသိုလ်တို့ကို မိမိပြုအပ်သည်းသာမဟုတ်၊အခြားသူများကိုပါပြုလုပ်ဖြစ်မြောက်စေရန်စေ့ ဆော်တိုက်တွန်းခြင်းဖြင့် နတ်ပြည်နှင့်ရှာသို့ ရောက်ကြ၏'

'ထို့ကြောင့်ပင် စေတနာဟူသည် ဇစ်ဆော်တိုက်တွန်းခြင်း၊ ပြုပြင်ဟတ်ခြင်းသဘော ရှိပေသည် မင်းကြီး'

ဝိညာဉ်၏လက္ခဏာ

'အရှင်ဘုရား....ဝိညာဉ်၏ သဘောလက္ခဏာကို ဆိုတော်မူပါဦး'

'မင်းမြတ်....ဝိညာဉ်ဟူသည် သိခြင်းလက္ခဏာ ရှိပေ၏'

'ဥပမာအား ဖြင့်သော် အဘယ်သို့ ဖြစ်ပါသနည်းဘုရား'

'မင်းမြတ်.... အကြင်မြို့စောင့်ယောကျ်း တစ်ဦးသည် ခရီးလမ်းမ လမ်းဆုံလမ်းခွမှ နေ၍ လာလာသမျှသော လူအပေါင်းတို့ကို ဤသူကဲ့သား ယောကျ်းတည်း၊ ဤသူသားမိန်းမတည်း၊ ဤသူကား ကလေးတည်းဟု အကြောင်းအားလျော်စွာ သိမြင်တတ် ဆက်ဆံသိတည်း။ ဝိညာဉ်သည်လည်း အဆင်းကို မြင်တွေ့သည့်အခါ ထို့အတူပင် သိတတ်သော သဘောရှိပေ၏'

'သောတာရုံ၊ဃာနာရုံ၊ ရသာရုံစသည်တို့တွင်လည်းအသံကို ကြားရခြင်းဖြင့်လည်းကောင်း၊ အနံ့ကို ရှုရှိုက်ရခြင်းဖြင့်လည်းကောင်း၊ အရသာကို ခံစားရခြင်းဖြင့် လည်းကောင်း ဝိညာဉ်သည်သိတတ်သောသဘော ရှိသည်သာတည်း'

ဝိတက်၏လက္ခဏာ

'ဝိတက်၏ သဘောလက္ခဏာကား အဘယ်သို့ ဖြစ်ပါသနည်းဘုရား'

'မင်းမြတ်.....ဝိတက်ဆိုတာအာရုံကိုသိမ်းသွင်းယှဉ်စပ်ခြင်း သဘောဖြစ်ပေတယ်။ လက်သမား၊များ၊ဟာ ပျဉ်ချပ်တွေကို ပြုလုပ်ပြီးတဲ့အခါ ပျဉ်ချပ်ချင်းယှဉ်စပ်ပြီးလိုအပ်ရာပုံသဏ္ဌာန်အတိုင်း ပြုလုပ်သလို နောက်တစ်ခုက အသင့် ပြုလုပ်ပြီးတဲ့ သစ်ခြောင်းတွေကို တစ်ခုသော သစ်သား၊ဘောင်အတွင်း၊မှာ လိုအပ်တဲ့အတိုင်း ထည့်သွင်းစုစည်းထား၊သလို ဖြစ်ပေတယ်'

'စင်စစ်တဲ့ ဝိတက်ဆိုတာ အတွေ့အကြုံကို စုစည်းထိန်းချုပ်ထား၊တဲ့ သဘော၊ပါပဲ မင်းမြတ်'

ဝိစာရ၏ လက္ခဏာ

'အရှင်မြတ်ဘုရား.... ဝိစာရ၏သဘော၊လက္ခဏာကိုလည်း သိချင်ပါသေး၊သည်'

'မြတ်သော၊မင်းကြီး....ဝိစာရဟူသည်ကား၊အဖန်ဖန်တလဲလဲ သုံးသပ်ပုံ၊များ၊ခြင်းပင်ဖြစ်ပေတယ်။ ဥပမာအား၊ဖြင့် ကြေးစည်ကိုတီး၊ခတ်လိုက်သည့်အခါ တစ်ကြိမ်တည်း၊သာ တီး၊ခတ်ခံရလင့်ကစား၊ပေါ်ထွက်အံ့ပ်သောအသံမှာမူ ချက်ချင်း၊ပျောက်မသွား၊ဘဲလည်ပတ်မှုအရှိန်အဟုန်အား၊လျော့စဉ်အဆက်မပြတ် မြည်ဟည်းထွက်ပေါ်နေသကဲ့သို့ ဖြစ်ပေတယ်'

'ဝိစာရရဲ့ သဘောလက္ခဏာနဲ့ ဓမ်လျှဉ်းလို့ ဒီကြေးစည် ဥပမာဟာ အနီးစပ်အလျော်ကန်ဆုံးပေပဲ မင်းမြတ်'

တစ်ခုချင်း-တစ်မျိုးချင်းခွဲခြား၍ ရမဂ

'အရှင်ဘုရား....တစ်ပေါင်းတည်း တစ်စုတည်း အဖြစ်သို့ ရောက်ကုန်ပြီးသောတရား တို့အား ဤသည်ကား ဖဿတည်း။ ဤသည်ကား သညာတည်းဟူ၍ တစ်ခုချင်း တစ်မျိုးချင်း ခွဲခြားရကောင်းပါအံ့လော'

'မင်းမြတ်....ဤပြဿနာအတွက် သင်မင်းမြတ်ကိုပင် ပြန်လည်မေးရပေဦး တော့မည်။ စား တော်ကဲ့ဖြစ်သူသည် သင်မင်းမြတ်အတွက် ပွဲတော်စာလာရောက်ဆက်သရာ၌ ထိုပွဲတော်စာကုန်ခင် ဤသည်ကား ထောပတ်အရသာတည်း၊ ဤသည်ကား ကရေဝေးအရသာတည်း၊ ဤသည်ကား ငရုတ်၏အရသာတည်းဟူ၍ အသီးအခြားကွဲပြားဖြစ်ပေါ်စေရန်တတ်နိုင်ကောင်းပါအံ့လော'

'အရှင်ဘုရား....ဤသို့ကား မဖြစ်နိုင်ပါ'

မှန်ပေတယ် မင်းကြီး၊ ပွဲတော်စာမှာ ချို၊ချဉ်၊စပ်၊ငန်၊ အဖန်၊အခါးဟူသော ရသာရုံမျာ းကိုတစ်ခုချင်းတစ်မျိုးချင်း ခွဲခြားသိုးသန့်၍ မှရနိုင်သကဲ့သို့ပင် တစ်ပေါင်းတည်းဖြစ်နေအင်္သောဖဿအစရှိသော တရားအစုံတို့ကိုလည်း ခွဲခြားကွဲပြားစေခြင်းငှာ မဖြစ်နိုင်သည်သာတည်း'

ဆားပြဿနာ

မိလိန္ဒမင်းသည် ဝိညာဉ်-ဝိတက်-ဝိစာရ စသည်မျှားကို စဉ်တိုက်ကြီး မေးမြန်းလျှောက်ထား လာခဲ့ပြီးနောက် ဖဿတရား၏အဆုံးတွင် ပြဿနာသစ်တစ်ခု ပြောင်းလဲ လာလေသည်။ထိုပြဿနာကား သီးခြားပြဿနာဆိုရမည့် 'ဆား' နှင့် စပ်လျဉ်းရာပင် ဖြစ်ပေသည်။

'အရှင်မြတ်ဘုရား.... ဆားကို မျက်စိဖြင့် မြင်သိအပ်ပါသလော'

'မှန်တယ်မင်းမြတ်၊ ဆားကို မျက်စိဖြင့် မြင်သိအပ်ပေတယ်'

'အရှင်ဘုရား....ဆား၏ငန်သောအရသာကို လျှာဖြင့်သာ လျှင် သိအပ်ပါသလား'

'မှန်တယ်မင်းမြတ်၊ လျှာဖြင့်သာ သိအပ်ပေတယ်'

'အားလုံးသော ဆားအပေါင်း၏ ငန်သောအရသာကို လည်း လျှာဖြင့် သိအပ်ပါသလား ဘုရား'

'မှန်ပေတယ် မင်းမြတ်'

'အရှင်ဘုရား....သို့သို့လျှင် ဆားပေါင်းများစွာကိုအဘယ့် ကြောင့် နွားလှည်းများဖြင့်တင်ဆောင်သယ်ယူနေဘိသနည်း၊ ငန်သောအရသာ တစ်ခုတည်းကိုသာ ယူဆောင်သည် မဟုတ်ပါလော'

'မင်းမြတ်....ဤသို့သီးခြားခွဲယူ၍ကား မဖြစ်၊ဆားဟူသည် ဆား၏အဖြစ်နှင့် ငန်သောအရသာ ပူးတွဲပေါင်းစပ် ဝန်းရံ

သာဖြစ်သည်။ မင်းမြတ်-ဆားကို ချိန်ခွင်ဖြင့်ချိန်တွယ်၍ရနိုင်ပါသလော'

'မှန်ပါ....ရနိုင်ပါသည်ဘုရား'

'သို့ဖြစ်လျှင် ဆား၏အလေးကို ဘာကြောင့် ချိန်နေဘိသနည်း၊ ငန်သောအရသာ တစ်ခုတည်းကိုသာ ချိန်၍ယူသင့်သည် မဟုတ်ပါလော'

'အရှင်ဘုရား ဤသို့ကား မဖြစ်နိုင်ပါ'

'မှန်ပေသည် မင်းမြတ်....ဆား၏ အလေးချိန်သာ ချိန်တွယ်၍ရသည်၊ ငန်သောအရသာကိုကား ချိန်တွယ်၍ မရစကောင်းဖြစ်ပေ၏'

ကံအကြောင်းတရားချင်း တူ-မတူ

မိလိန္ဒမင်းသည်သီးခြားပြဿနာဖြစ်သောဆားအကြောင်းကိုမေးမြန်းလျှောက်ဆားပြီးနောက် ကံအကြောင်းတရားနှင့် စပ်လျဉ်းရာကို ဤသို့ မေးလာပြန်လေသည်။

'အရှင်မြတ်ဘုရား.... မျက်စိ- နား- နှာ- လျှာ- ကိုယ်ဟူဆိုအပ်သော အာယတန ငါးပါးတို့သည် အတူးထူးသော အမျိုးမျိုးသော ကံကြောင့် ဖြစ်လာပါသလား၊ သို့မဟုတ် တစ်ခုတည်း တစ်မျိုးတည်းသော ကံကြောင့် ဖြစ်လာရပါသလား ဘုရား'

'မြတ်သောမင်းကြီး....မျက်စိအစရှိသောအာယတန ၎ါး ပါးတို့သည် အထူးထူး အမျိုးမျိုးသော ကံတို့ကြောင့်သာ ဖြစ်ကြကုန်၏။ တစ်ခုတည်းသော ကံကြောင့် မဟုတ်ပါလေ'

'သို့ဆိုလျှင် ဥပမာယှဉ်စပ်တော်မူပါဦးဘုရား'

'ကောင်းပြီမင်းကြီး၊ တစ်ခုသောမြက္ခက်ဥ မျိုးစေ့ ၎ါးမျိုးကို စိုက်ပျိုးသည့်အခါ အားလုံးပင်လျှင် ဆင်းသွင် သဏ္ဌာန် တစ်မျိုးတည်း၊တစ်ပုံစံတည်း အညီအညွတ်ဖြစ်ထွန်း ပေါက်ရောက်လာအပ်သလော'

'အရှင်ဘုရား-ဤသို့ကား မဖြစ်နိုင်ပါ'

'အာယတန ၎ါးမျိုးတို့သည်လည်း ထို့အတူသာ ဖြစ်ပေသည်မင်းမြတ်၊ တစ်မျိုးတည်းသော ကံကြောင့် မဟုတ်၊ အမျိုးမျိုး အထူးထူးသော ကံများကြောင့်သာလျှင် အသီးအခြား ဖြစ်ကြရပေကုန်၏'

လူအချင်းချင်း ကွဲပြားခြားနားမှု

'အရှင်ဘုရား- လူခပ်သိမ်းတို့သည် တစ်ဦးနှင့် တစ်ဦး ကွဲပြားခြားနားကြ၏။ အသက်တိုခြင်း-ရှည်ခြင်း၊ အဆင်းလှခြင်း-မလှခြင်း၊ ဥစ္စာပစ္စည်းဆင်းရဲခြင်း - ချမ်းသာခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း မကြီးခြင်း၊ ပညာတတ်ခြင်း မတတ်ခြင်း စသည်တို့တွင် အထူးသဖြင့် ကွဲပြား ခြားနားကြ၏။ လူချင်းတူလျှက် ဘဝခြားနားချင်း ထိုကဲ့သို့ အသိအသာ ကွာခြားနေရခြင်းသည် အဘယ်ကြောင့်ပါနည်း ဘုရား'

'ဒကာတော်မင်းမြတ်၊ ဤကမ္ဘာမြေတွင် သစ်ပင်သစ်သီး အမျိုးမျိုးရှိနေရာ၌ အချို့သစ်ပင်ကား မြင့်၏။ အချို့သစ်ပင်ကားနိမ့်၏၊ အချို့သစ်ပင်ကား မွေးကြိုင်၏။ အချို့သစ်ပင်ကား ဆူးအတိပြွမ်း၏။ အချို့သစ်သီးကားချို၏။ အချို့သစ်သီးကားချဉ်၏။ အချို့သစ်သီးကား ဆိမ့်၏။ အချို့သစ်သီးကား ခါး၏။

'ကမ္ဘာမြေ တစ်ခုတည်းဖြစ်လျက် အပင်ချင်း အသီးချင်း အာဘယ့်ကြောင့် ဤသို့ ကဲပြားခြားနားနေရသနည်း'

'အရှင်ဘုရား....တပည့်တော်ဆင်ခြင်မိပါပြီ၊ မျိုးစေ့တို့၏ ထူးခြားကဲပြားမှုကြောင့်ပင် ကမ္ဘာမြေတစ်ခုတည်း ဖြစ်ပါလျက် သစ်ပင်သစ်သီးချင်း မတူညီဘဲ ဖြစ်နေရပါသည်'

'မှန်ပေသည်မင်းမြတ်၊ လူသားတို့သည်လည်း ထို့အတူသာ ဖြစ်ပေတယ်။ အထူးထူး အမျိုးမျိုးသော ကံတရားတို့ကြောင့်ပင် အချို့က အသက်ရှည်သည်။ အချို့က အသက်တိုသည်။ အချို့က အဆင်းလှသည်။ အချို့က အဆင်းမလှစသည်ဖြင့် အမျိုးမျိုးကဲပြားခြားနားရခြင်း ဖြစ်ပေသည်'

'ဤအကြောင်းကို ငါသာလျှင် ဆိုအပ်သည် မဟုတ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်လည်း ဤသို့ဟောအပ်တော်မူခဲ့သည်သာတည်း'

'သုဘလုလင် - သတ္တဝါတို့သည် ကံသဝေါဖြင့် မိမိဥစ္စာ ဖြစ်ကုန်၏။ ကံ၏ အာဒေယ်သဘော ဖြစ်ကုန်၏။ ကံသဝေါဖြင့် အမျိုးဖြစ်ကုန်၏။ ကံသဝေါဖြင့် အဆွေဖြစ်ကုန်၏။ ကံသဝေါဖြင့် ကိုးကွယ်ရာ ဖြစ်ကုန်၏။ ယုတ်သည်၏အဖြစ် မြတ်သည်၏ အဖြစ်ဖြင့် အကြင်ကံသည် ရှိ၏။ ထိုကံသည် သတ္တဝါတို့ကို ဝေဖန်၏။

စိုးယဲ လုံ့လပြုခြင်း

'အရှင်မြတ်ဘုရား.... အရှင်ဘုရားတို့သည် ဝဋ်ဆင်းရဲမဖြစ်စိမ့်သောငှာ ဝဋ်ဆင်းရဲ ချုပ်ငြိမ်းဝိမုဉ်သောငှာ ရဟန်းပြုသည်ဆိုကြကုန်၏။ အရှင်ဘုရား.... စင်စစ်၌ ဆင်းရဲဟူသည်တွေ့သော အခါမှာသာ လုံ့လပြုထိုက်သည် မဟုတ်ပါလော၊ အာဘဲ့ကြောင့်ဆင်းရဲမတွေ့မီကပင် ကြိုတင်၍ ယခုကဲ့သို့ ရဟန်းပြုရပါသနည်းဘုရား'.

'မင်းမြတ်.... အရေးကြုံလာမှ လုံ့လပြုခြင်းသည် အကျိုးမရှိ၊ လုံ့လဟူသည်အရေးမကြုံမီက ကြိုတင်ပြုလုပ်မှသာလိုအပ်သောအကျိုးကို သက်ရောက် ဖြစ်မြောက်အပ်ပေတယ်'

'ဥပမာ ဆောင်တော်မူပါဦးဘုရား'

'ကောင်းပြီမင်းမြတ်- ဒကာတော် မင်းမြတ်သည် ရေသောက်လိုသောအခါမှ ရေတူးအံ့လော'

'အရှင်ဘုရား....ဤသို့ကား မဟုတ်ပါ၊ ရေတွင်း ရေကန် ဟူသည် ကြိုတင်တူးထား ရစမြဲ ဖြစ်ပေသည်'

'ကောင်းပြီမင်းမြတ်၊ ဆန်စပါး ပဲပြောင်း စသည်တို့ကို လည်း စားလိုသောအခါမှ ထွန်ယက်ပျိုးရာသလော'

'အရှင်ဘုရား....ဤသို့လည်း မဟုတ်ပါ'

'ကောင်းပြီ မင်းမြတ်၊ ပစ္စင်ရုင်တား တံတား ကျုံး မြောင်း စသည်တို့ကိုလည်း တစ်ဖက်ရန်သူပါလာမှပြုလုပ် ပြင်ဆင်အံ့လော၊ စစ်သည်ရဲမက်တို့ကို စုဆောင်းအံ့လော၊ မျိုးရိက္ခာစုဆောင်းအံ့လော၊ ဆင်အတတ်မြင်းအတတ်တို့ကို သင်အံ့လော'

'မင်းမြတ်....လုံလကိုဦးစွာပြုအပ်ကြောင်း ငါသာလျှင် ဆိုသည်မဟုတ်၊ ဘုရားရှင်လည်း ဤသို့တောအပ်ခဲ့ပေသည်'

'မိမိ၏အစီးအပွားကိုအလိုရှိသော ပညာရှိသည် လုံလကိုပြုခြင်းဌာနေးဦးစွာစောစောကလျှင်အကြင် အစီးအပွားကိုပြုရာ၏။ လှည်းကုန်သည်၏ကြံခြင်းဖြင့် နေးနေးမပြုရာ။ ဥပမာသော်ကဲ့သ လှည်းကုန်သည် သည်ညီညွတ်သောခရီးလမ်းမကိုစွန့်၍မညီညွတ်သော ခရီးသို့တက်၍သွားသည်၏အဖြစ်ကြောင့် ဝင်ရိုးကျိုး လျက်နှင့် ဖြူးမိုင်ကာ နေရလေသိသကဲ့သို့၊ ထို့အတူ သူတော်ကောင်းတရားမူဖဲကြဉ်၍မသူတော်စာရားသို့ လိုက်၍ ကျင့်သည်၏ အဖြစ်ကြောင့် သေမင်း၏ ခံတွင်းသို့ရောက်သည်ရှိသော် ဝင်ရိုးကျိုးလေသကဲ့သို့ လျှင် ထိုသူမိုက်သည် စိုးရိမ်ရလေ၏'

ရှင်နာဂဇသေန နိုဂုံးချုပ်ဆိုအပ်လေသော ဤအထောက်အထားကို ကြားသိရသည့်အခါ မိလိန္ဒမင်းသည်-

'မှန်ပါ....ကောင်းမြတ်လှပေသည်ဘုရား' ဟု ဆို၏။

ငရုမ်းနှင့်ငရှူး

'အရှင်ဘုရား....တပည့်တော် မေးလျောက်ပါရစေဦး၊ အရှင်ဘုရားတို့သည် ငရဲမီးကို ပကတိသောမီးထက် အတိုင်းထက်လွန်စွဲ ပူပြင်းသည်ဟု ဆိုကြကုန်၏။ သေးငယ်လှစွာသောကျောက်ခဲကို ပကတိသောမီးတွင်တစ်နေ့လုံးဖုတ်သည့်တိုင်အောင် မကြေညက်စေကာမူ အိမ်လုံးကြီးပမာရှိသောကျောက်ခဲကို ငရဲမီးတွင် ချအပ်သော်ကား တစ်ခဏချင်းပင်လျှင် ကြေညက်ပျက်စီးခြင်းသို့ ရောက်ရသည်ဟု ဆိုကြ၏။ ထိုစကားကို တပည့်တော် မယုံကြည်နိုင်ပါ'

'ထိုနောက်-ငရဲသူဘို့သည် နှစ်ပေါင်းများစွာ ငရဲမီးဌာနကို ခံရသော်လည်း ကြေညက်ခြင်းသို့မရောက်ဟုဆိုပြန်ပါသည်၊ ထိုစကားကိုလည်း တပည့်တော် မယုံကြည်နိုင်ပါဘုရား'

'ကောင်းပြီမင်းကြီး၊ ဤစကားအတွက် သင်မင်းမြတ်ကို ပြန်လည်မေးရဦးမည်၊ ရေတွင်ကျက်စားသော မိကျောင်းမနှင့် ငါးတို့သည်လည်းကောင်း၊ ကုန်းတွင် ကျက်စားသောခရုမ၊ ဥဒေါင်းမ၊ ခိုမတို့သည်လည်းကောင်း၊ ကျောက်ခဲ၊ ကျောက်စရစ်ခဲတို့ကို အစာအဖြစ် မျိုအပ်ကြသည် မဟုတ်လော'

'မှန်ပါ....မျိုကြပါကုန်သည် ဘုရား'

'ကောင်းပြီမင်းမြတ်၊ ထိုထိုကျောက်ခဲတို့သည် ၎င်းတို့၏ ဝမ်းတွင်းတွင် ကျည်ကျပ်စီးကြ ကုန်ပါလျက် ၎င်းတို့၏ ဝမ်းတွင်မှ ပဋိသန္ဓေကားအဘယ်ကြောင့် မကြည်ကျမပျက်စီးပါသနည်း'

'အရှင်ဘုရား....ပဋိသန္ဓေ စံနေသည်တို့၏ ထူးစွာသော ကံတရားကြောင့် ဖြစ်ပါသည်'

'၎ရဲသူတို့သည်လည်း ထို့အတူသာဖြစ်ပေသည်မင်းမြတ်၊ ၎ရဲမီးဥဒ္ဓန်စပေါင်းများစွာ လောင်မြိုက်ခံရသော်လည်း ထိုသူတို့၏အကုသိုလ်ကံအားလျော်စွာ မကြည်ကျခြင်းသို့ မရောက်နိုင်ဖြစ်ပေတယ်'

'၎ရဲသူတို့သည် မိမိတို့အကုသိုလ်ကံအားလျော်စွာ ၎ရဲမီးဥဒ္ဓ ထိုကဲ့သို့မကြေနိုင်မပျောက်ပျက်နိုင်ဖြစ်ရခြင်းကို ငါသာလျှင် ဆိုအပ်သည်မဟုတ်၊ ဘုရားအရှင်ကလည်း-

'၎ရဲသူ သတ္တဝါတို့အား အကြင် ဇရာ.လောက် မကောင်းမှုကံသည်ဆုံးကုန်ခြင်းသို့ရောက်သည်မဖြစ်။ ထိုဇရာ.လောက်သော၎ရဲသူတို့သည် စုတေခြင်းကို မပြုဟူ၍ ဟောတော်မူခဲ့တယ်မင်းမြတ်'

'မှန်ပါ....ဥပဓိမာဆိုတော်မူပါဦးဘုရား'

'မင်းမြတ်....ခြင်္သေ့မ၊ ကျား၊ ကြွက်မတို့သည်လည်းကြမ်းတမ်းရှုန့်ရင်းသော အရိုးအသားတို့ကို စားကြကုန်သည်မဟုတ်လော'

'မှန်မ၊....စားကြပါသည်ဘုရား'

'သို့ဆိုလျှင် ၎င်းတို့စား‌အပ်သော အရိုးအသား‌များ‌ကြ‌ည်က်သည်သို့ပင်၊ ၎င်းတို့၏ ပဋိသန္ဓေများသည်လည်း ‌ကြ‌ည်က်ပျက်စီး‌ကြကုန်သလော'

'အရှင်ဘုရား.... ‌ကြ‌ည်က်ပျက်စီး‌ခြင်း မရှိပါ'

'အဘယ်‌ကြောင့်ပါနည်း‌မင်း‌မြတ်'

'အရှင်ဘုရား....တပည့်တော် ဆင်‌ခြင်မိပါပြီ၊ ကံတရား‌သည် အထူး‌သဖြင့် စီရင်အပ်သော‌ကြောင့်သာ ၎ဖ်းပဋိသန္ဓေများ မ‌ကြ‌ည်က်မပျက်စီး‌ခြင်း ဖြစ်ပါမည်'

'မှန်‌ပေသည်‌မင်း‌မြတ်၊ ယခုဆိုခဲ့ပြီး‌သောပဋိသန္ဓေတို့သည် ယူး‌စွာ‌သော ကံတရား‌‌ကြောင့် မပျက်စီး နိုင်‌ကြသည်သို့ပင် ‌ရဲသူတို့သည်လည်း၎င်းတို့၏ကံအား‌လျော်စွာ ‌ရဲမိုး၌ နှစ်‌ပေါင်း‌များ‌စွာ လောင်ကျွမ်း‌ခံရသော်လည်း ချုပ်ပျောက်ပျက်စီး‌သွား‌ရခြင်း မရှိဖြစ်‌ပေါ်တယ်။ အကုသိုလ်ကံ မကုန်ဆုံး‌သေး‌သမျှ ‌ရဲမိုး‌မှာ အဖန်တလဲလဲ ခံစား‌ကြရ‌ပေတယ်'

'မှန်ပါ.... ယခုထက် သာလွန်ထူး‌ခြား‌သော ဥပမာကို ထပ်‌ဆောင်‌ကြား‌ပါရစေဦး ဘုရား'

'မင်း‌မြတ်.... ဤလောက၌ မျိုးရိုး မြို့‌မြတ်သည်နှင့်အမျှ သိမ်‌မွေ့ဖွဲ့‌ညှိစွာ‌သော မိန်း‌မတို့ ရှိ‌ကြ၏။ မိန်း‌မတို့သည် သူတို့ကိုယ်တိုင်က နွဲ့‌ညှံ‌ပျော့‌ပျောင်း‌သော်လည်း ‌ကြမ်း‌တမ်း‌သော‌အစာများကိုကား‌စား‌ကြ၏။ အရိုး‌မျိုး‌စုံကိုလည်း‌စား၏။ အသား‌ကြမ်း‌များကိုလည်း‌စား၏။ထို‌မိန်း‌မတို့ စား‌လသမျှသည် ‌ကြ‌ည်က်‌ကုန်သလော'

'‌ကြ‌ည်က်‌ကုန်ပါသည် ဘုရား'

'ထိုသူတို့ဝမ်းတွင်းမှ ပဋိသန္ဓေသည်လည်း အရိုးအသား မျှားနှံည်းတူ ကြေညက်ပျက်စီးကုန်သလော'

'မှန်ပါ ပဋိသန္ဓေမူ မပျက်စီးပါဘုရား'

'အဘယ့်ကြောင့်ပါနည်း မင်းမြတ်'

'အရှင်ဘုရား.... တပည့်တော် သဘောပေါက်ပါပြီ၊ ဤတရားကြောင့်ပင် ထိုထိုပဋိသန္ဓေများ မပျက်စီးရှင်းဖြစ်ပါသည်'

'ဒကာတော်မင်းမြတ်....ငရဲသူတို့ကိုလည်း ထို့အတူပင် သိမှတ်အပ်ပေဘယ်။ ဘုရားရှင် ဟောတော်မူခဲ့သည့် အတိုင်းပင် ငရဲသူတို့သည် အကုသိုလ်ကံ မကုန်ဆုံးသေးသမျှ ငရဲမီးအလှိုမည်မျှပင် ပူလောင်ပြင်းပြစေကာမူ၍ပြိုပျက်စုံတေနိုင်ခွင့်မရဘဲ အဖန်တလဲလဲသာလျှင် ငရဲမီးဌာ ခံနေကြရပေတယ်'

မြေ-ရေ-လေတု တည်နေပုံ

(လက်တွေ့ပါသော သဘောတရား)

ငရဲမီးပူလောင်ပုံနှင့် ငရဲသူတို့၏ အဖန်တလဲလဲ ခံစားရပုံကိုသိရပြီးနောက်တွင် မိလိန္ဒမင်းသည် မြေ-ရေ-လေထုတည်နေပုံနှင့်ပတ်သက်၍ ဤသို့မေးလျှောက်လာပြန်၏။

'အရှင်ဘုရား.... အရှင်ဘုရားတို့သည် မြေ-ရေ-လေထုတည်နေပုံနှင့်ပတ်သက်၍ ဤနှစ်သိန်း ဖလားသောင်း အထူရှိသောမဟာပထဝီမြေကြီးသည် ရေပေါ်၌တည်၏။ ရေသည် လေ၌တည်၏။ လေသည် အာကာရေ၌တည်၏ဟု ဆိုကြပါသည်။ထိုစကားကိုကပည့်တော် မယုံကြည်နိုင်ပါ ဘုရား'

ထိုအခါဦးရှင်နာဂဇေသနသည် ဓမ္မကရိဏ်ရေစစ်ဖြင့် ရေကို ယူပြီးသော်....

'မင်းကြီး....ဤဓမ္မကရိဏ်ရေစစ်၌ ရှိသောရေကို ဂလာဖြင့် ဆောင်အပ်သကဲ့သို့ မဟာပထဝီမြေကြီး၌ ခံနေအပ်သောရေကိုလည်း လေသည့် ထိုနည်းအတူပင် ဆောင်ထားအပ်ပေ၏' ဆိုလေသော် မိလိန္ဒမင်းသည်

'အရှင်မြတ်ဘုရား...သျှော်ကန် လျောက်ပတ်ပါ၏' ဟု ဝန်ခံအပ်လေ၏။

ဝဋ္ဋဆင်းရဲတို့ ချုပ်ငြိမ်းရာ

'အရှင်မြတ်ဘုရား.... ဝဋ္ဋဆင်းရဲတို့ ချုပ်ငြိမ်းရာသည် နိဗ္ဗာန်ဖြစ်ပါသလော'

'မှန်တယ်မင်းကြီး....ဝဋ္ဋဆင်းရဲတို့ချုပ်ငြိမ်းရာသည်နိဗ္ဗာန်ပင် ဖြစ်ပေတယ်။

'အရှင်ဘုရား.... ဝဋ္ဋဆင်းရဲ ချုပ်ငြိမ်းရာသည် အဘယ့်ကြောင့် နိဗ္ဗာန်မည်ပါသနည်း....'

'မင်းကြီး ပညာမရှိသူတို့သည် အဟုင်းအပြင် တန်ဆာဆင်ယင်မှု၊ နေထိုင်စားသောက်မှုတို့၌ အလွန်လျှင်နှစ်သက်ကြကုန်၏။ စုံလမ်းမက်မောကုန်၏။ အဝတ်အစားတို့၌လည်း ကောင်း၊ အနေအထိုင်၌လည်းကောင်း၊ ထိုကဲ့သို့တပ်မက်မောခြင်းကြီးလှသောကြောင့်ပင် ဆင်းရဲခြင်းအမျိုးမျိုးဖြင့် ကွဲပွဲကြရကုန်၏။ သံသရာ ရေလှည့်ကြောတွင် နစ်မွန်းဒုက္ခပါကြရကုန်၏။

'မင်းကြီး-မြတ်သောပညာရှိသော အရိယာတို့သည်ကား ထိုသို့သောထန်ဆာဆင်မှု၊ ခံစား‌မှုမျှ‌ဥ် စဲ့လမ်းမက်မော ခြင်းမရှိ၊ နှစ်သက်တွယ်တာခြင်းလည်းမရှိ၊ ကြောင့်ကြခြင်း၊ တောင့်တခြင်း ကင်းသောအား‌ဖြင့် တည်ကြည်ငြိမ်သက်စွာ နေထိုင်ကျင့်ကြံကြကုန်၏။

ထို့ကြောင့်ပင် အရိယာတို့၌ တပ်မက်ခြင်းသည်ချုပ်၏။ တပ်မက်ခြင်းချုပ်သော်စဲ့လမ်းခြင်းချုပ်၏။စဲ့လမ်းခြင်းချုပ် သော် ဘဝချုပ်၏။ ဘဝချုပ်သော် ဇာတိချုပ်၏။ထိုအခါ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ စိုးရိမ်ရခြင်း၊ ငိုကြွေးခြင်း၊ နှလုံးမသာခြင်း စသည်တို့သည်လည်း အလုံးစုံ ချုပ်ငြိမ်းကြ ကုန်၏။

'ဤသို့ဆိုလျှင် ဝဠဉ်ဆင်းရဲ အပေါင်းတို့၏ ချုပ်ငြိမ်းရာ ကင်းပြတ်ဆိတ်သုန်းရာ ဖြစ်သောကြောင့်ပင် 'နိဗ္ဗာန်' ဟူ မည်အမှတ်ပေသည်၊ မင်းကြီး'

'မှန်ပါ-ကောင်းမြတ်လှပါပေသည်ဘုရား'

လူတိုင်းနှင့် နိဗ္ဗာန်

'အရှင်ဘုရား-လူတိုင်းသည်ပင်လျှင် နိဗ္ဗာန်ကို ရအပ်ပါ သလော....'

'မင်းမြတ် နိဗ္ဗာန်ကိုလူတိုင်းမရနိုင်မရအပ်ပေဘူး' အကြင် ပုဂ္ဂိုလ်တစ်ဦးဟာ တရားကိုလိုကောင်းစွာကျင့်ကြံအား‌ထုတ် တယ်၊ ထိုးထွင်းတဲ့ သိအပ်သောတရားတို့ကိုလဲသိတယ်၊ ပိုင်း

ခြား၍ သီအပ်သည်တို့ကိုလဲသိတယ်၊ ပယ်အပ်သော တရား တို့ကိုလဲပယ်တယ်၊ပဉ်းမျဉ်းအပ်သောတရားတို့ကိုလဲပဉ်းမျဉ်း တယ်၊မျက်မှောက်ပြုအပ်သည်တို့ကိုလဲပြုတယ်ဆိုမှသာ နိဗ္ဗာန် ကို ရနိုင်ဖောက်နိုင်ပေတယ်'

'အရှင်ဘုရား.... အကြင်သူသည် နိဗ္ဗာန်မရသေးဘဲလျက် နိဗ္ဗာန်၏ချမ်းသာအေးငြိမ်းခြင်းကို သိနိုင်ပါအံ့လော'

'မင်းမြတ်....နိဗ္ဗာန်ကိုမရသေးစကာမူနိဗ္ဗာန်၏ချမ်းသာ ခြင်းကို သိနိုင်ပေတယ်'

'အရှင်ဘုရား....မိမိ မရောက်သေးပါဘဲလျက် အဘယ့် ကြောင့် သိနိုင်ပါသနည်း'

'ဒကာတော်မင်းမြတ်.... အကြင်သူတစ်ဦးသည် လက်ခြေ ဖြတ်ခြင်းမခံရသေး၊ လက်ခြေဖြတ်ခြင်းသည်လည်း မရှိသေး၊ သို့သော် အကယ်တည့် လက်ခြေအဖြတ်ခံခဲ့ရလျှင် ဖြတ်ခဲ့လျှင် မည်ရွေ့.မည်မျှ ဆင်းရဲဒုက္ခ ရောက်ချိမ့်မည်ကို ကြံတင် မသိ အပ်ပါသလော'

'မှန်ပါ....သိနိုင်ပါသည်ဘုရား'

'အဘယ့်ကြောင့်ပါနည်း မင်းမြတ်'

'အရှင်ဘုရား မိမိ ဏာဖြတ်မခံရသေးသော်လည်း တစ်ပါး သူတို့၏အဖြတ်ခံရစဉ် ဝိုင်းကြွေးမြည်တမ်းသံကို ကြား၊ရသဖြင့် လည်း၊ကောင်း၊ လက်ခြေဖြတ်နေသည့်အတွက် အဖက်ဖက်မှ ဆင်းရဲရုံကိုလည်း၊ကောင်းသိမြင်ရခြင်း၊ကြောင့်ဖြစ်ပါသည်။

'နိဗ္ဗာန်၏ ချမ်းသာခြင်းကိုလည်း ကြုံတွေ့သို့ပင် နှိုင်းယှဉ် သိမှတ်အပ်ပေတယ်မင်းမြတ်၊မိမိကိုယ်တိုင်ပင်မရောက်ရသေး

သော်လည်း နိဗ္ဗာန်ကိုမြင်တတ်သူ၊ ရောက်ပြီးသူတို့၏စကားကို ကြားနာရခြင်းအား ဖြင့် နိဗ္ဗာန်၏ အခြင်းအရာ၊ နိဗ္ဗာန်၏ ချမ်းသာအေးငြိမ်းခြင်းကို သိနားလည်နိုင်ပေဘယ်'

ဘုရားရှင် ရှိ-မရှိ

'အရှင်ဘုရား....အရှင်ဘုရားသည် ဘုရားရှင်ကို မြင်ဖူးပါသလော'

'မင်းကြီး....ဘုရားရှင်ကို ငါမမြင်ဖူးခဲ့ပေ'

'အရှင်ဘုရားဆရာတို့သည်လည်း ဘုရားရှင်ကို မြင်ခဲ့ဖူးပါသလော'

'ငါ၏ဆရာတို့သည်လည်း မမြင်ခဲ့စဖူး ဖြစ်ပေတယ်'

'အရှင်ဘုရား....သို့ဆိုလျှင် ဘုရားရှင်သည် စင်စစ်မရှိခဲ့ချေတကား'

'မင်းကြီး.... သင်အဘယ်သို့ ဆိုဘိသနည်း၊ ဟိမဝန္တာတောမှ 'ဥဟာ' အမည်ရှိသော မြစ်ကို သင်မင်းကြီး မြင်ဖူးသလော'

'အရှင်ဘုရား....တပည့်တော် မမြင်ဖူးပါ'

'သင်မင်းကြီး၏ အဖသည်လည်း မြင်ဖူးပါသလော'

'တပည့်တော်၏ အဖလည်းမမြင်ဖူးခဲ့ပါ'

'မင်းကြီး....သို့ဆိုလျှင်ထို 'ဥဟာ' မည်သော မြစ်သည်စင်စစ် ခဲ့ချေတကား'

'အရှင်ဘုရား.... ဤသို့ကား မဟုတ်ပါ။ ဥဟာ မြစ်ကို တပည့်တော်သည်လည်းကောင်း၊ တပည့်တော်၏ ဖခင်သည်လည်းကောင်းမတွေ့မမြင်ခဲ့ဖူးသော်လည်း 'ဥဟာ' မြစ်ဟူသည် ဟိမဝန္တာဌ် စင်စစ်ရှိနေမည်သာ ဖြစ်ပါ၏'

'ဒကာတော်မင်းကြီး၊ ဘုရားရှင်သည်လည်း ထို့အတူသာ ဖြစ်ပေတယ်၊ ငါသည်လည်းကောင်း၊ ငါ့ဆရာများသည်းကောင်း ဘုရားရှင်ကို တွေ့လိုက်ရ မိလိုက်ရသည်ကား မဟုတ်၊ သို့သော်ဘုရားရှင်သည်စင်စစ်ရှိခဲ့သည်သာဖြစ်ပေ၏'

ဘုရားရှင်သည် အတုမဲ့ပုဂ္ဂိုလ် မှန်ပါသလော

'အရှင်ဘုရား....ဘုရားရှင်သည် အတုမရှိသောပုဂ္ဂိုလ် မှန်သလော'

'မှန်ပေသည် မင်းကြီး'

'အရှင်ဘုရား.... အရှင်ဘုရားသည် ဘုရားရှင်ကို စင်စစ်မမြင်ဖူးပါဘဲလျက် အတုမရှိ မြတ်သောပုဂ္ဂိုလ်ဟု အဘယ်ကြောင့်ဆိုနိုင်ပါသနည်း'

'ကောင်းပြီမင်းကြီး၊ မင်းကြီးသည် မဟာသမုဒ္ဒရာကို မြင်ဖူးပါသလော ဆိုမဟာသမုဒ္ဒရာကြီးထဲသို့ဂင်္ဂါ-ယမုနာ-အစိရဝတီ-မဟီ-သရဘူ မည်ကုန်သော မြစ်ကြီးငါးစင်းတို့စီးဝင်ကြကုန်သည်ကိုလည်း သင်မင်းကြီး တွေ့မြင်ဖူးပါသလော'

'အရှင်ဘုရား....တပ္ပည့်တော်သိအောပ်ပါပြီ၊ မဟာသမုဒ္ဒရာ ကိုလည်းကောင်း၊ မြစ်ကြီး ငါးစင်းတို့ကို လည်းကောင်း တပည့်တော် တပ်အပ်ထင်ထင် မတွေ့မြင်ရဖူးပါ။ သို့သော် သမုဒ္ဒရာနှင့်မြစ်ကြီးငါးသွယ်ကဲ့သို့ပင် ဘုရားရှင်ကိုလည်း နှိုင်းယှဉ်ဝေဖန်ရပါမည်ဘုရား'

'မှန်ပေသည် မင်းမြတ်၊ မဟာသမုဒ္ဒရာသို့ မိမိကိုယ်တိုင် မရောက်ဖူးစေကာမူ ရောက်ဖူးသွားဖူးသူတို့ တစ်ဆင့်စကား အရပင် သမုဒ္ဒရာရှိသည် ထူးခြားသည်ကို သိရှိသကဲ့သို့ ဘုရားရှင်၏အတုမဲ့ဖြစ်တော်မူခြင်းကိုလည်း ဘုရားရှင်၏တပည့်သာဝကများစွာတို့ထံမှ ကြားသိယုံကြည်ရပေတယ်မင်းမြတ်'

ဘုရားရှင်၏ အတုမဲ့ခြင်းအဖြစ်ကို သိနိုင်ပါသလော

'အရှင်ဘုရား ပ၁ပည့်တော် မေးပါရစေဦး၊ ဘုရားရှင်သည် လောကသုံးပါးဌ အတုမဲ့ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း သိကောင်းပါအံ့လော'

'သိနိုင်ပေသည် မင်းမြတ်'

'အဘယ့်ကြောင့် သိနိုင်ပါသနည်းဘုရား'

'ဒကာတော်မင်းမြတ်၊ ရှေးပဝေသဏီက တိုသအမည် ရှိသော ကဗျာလက်ာဆရာကြီးတစ်ဦး ရှိခဲ့ဖူးတယ်။ထိုဆရာကြီးသည် သေလွန်သွားခဲ့ပြီး ဖြစ်သော်လည်း သူရေးထားရစ်ခဲ့ပြီးဖြစ်သော ကဗျာလက်ာမျာ်းအရ နောက်နောင် နှစ်ပေါင်းများစွာ တိုင်အောင် တိသ၏အမည်သည် ထင်ရှား

လျက်ရှိပေတယ်။ထိုသို့ထင်ရှားသောကြောင့်လည်း 'ကဗျာလက်ာဆရာကြီး တိသ' ဟူသည် တစ်ချိန်သောအခါ ကာလက ထင်ရှားရှိဖူးခြင်းကို သိစွမ်းနိုင်ပေတယ်'

'ထို့အဘူပင် ဘုရားရှင်ဟောတော်မူခဲ့သော တရားတော်တို့သည်လည်းထင်ရှားရှိနေကြပေတယ်။ ထိုထိုတရားဓတ်တို့ကို မြင်သူသည် ဘုရားရှင်ကို မြင်အပ်သည်လည်း ဖြစ်တယ်။ ထို့ကြောင့်ပင် ဘုရားရှင်သည် လောကသုံးပါးတွင် အတုမရှိမြတ်တော်မူသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကောင်းစွာ သိနိုင်ပေတယ်မင်းမြတ်'

တရားတော်ကို မြင်-မမြင်

'နာဂသေနအရှင်မြတ်ဘုရား....ဘုရားရှင်က မြင်အပ်သည်ကားဟုတ်ပါပြီ၊ တရားတော်ကိုလည်း မြင်အပ်ပါသလော'

'ဒကံ်ာတော်မင်းမြတ်....ငါတို့သည် ဘုရားရှင်ဟောကြားညွှန်ပြဆုံးမပညတ်တော်မူအပ်ခဲ့သည့်အဘိုင်းပင် အသက်ထက်ဆုံး လိုက်နာကျင့်ကြံအပ်ပေ၏'

စကားစပ်။ ။မိလိန္ဒမင်းမေးအပ်သည့် အဝိုင်းဆိုလျှင် တရားတော်ကို မြင်သည်ဟူ၍လည်းကောင်း၊ မမြင်ဟူ၍လည်းကောင်း တိုက်ရိုက် အဖြောင့်နည်းသာ ဖြေရဖို့ရှိသည်။ သို့သော် နက်နဲဝိမ်မေ့စွာသော တရားတော်နှင့် စပ်လျဉ်းရာဖြစ်၍ ဘုရားရှင် အလိုအတိုင်းပင် လိုက်နာကျင့်ကြံသည် ဟူ၍သာ လွှမ်းခြုံဖြေဆိုအပ်ခြင်း ဖြစ်ပါသည်။

ဘဝအဟောင်းနှင့် ဘဝသစ်

'အရှင်မြတ်ဘုရား.... ဘဝသစ်၌ ပဋိသန္ဓေနေသူသည် ဘဝဟောင်းမှ တစ်စုံတစ်ရာမပါဘဲ ကူးပြောင်းတည်နေခြင်း ဖြစ်ပါသလား'

'မှန်ပေတယ် မင်းမြတ်'

'အဘယ့်ကြောင့်ပါနည်းဘုရား'

'မင်းမြတ်....တစ်ခုသောဆီမီးခွက်မှတစ်ခုသောဆီမီးခွက်သို့ ဆင့်ပွားကူးယူရာ၌ ပထမထွန်းထားပြီး ဆီမီးခွက်သည် နောက်ဆီမီးခွက်သို့ ကူးပြောင်းသွားအပ်သလော'

'မကူးပြောင်းပါဘုရား'

'ပဋိသန္ဓေသည်လည်း ထို့အတူပင် ဖြစ်ပေသည် မင်းမြတ်၊ ဘဝဟောင်းမှ မပြောင်းဘဲလျက်ပင် ဘဝသစ်၌ တည်နေအပ်ပေတယ်'

'အရှင်ဘုရား....သိသာကဲ့ပြားစွာသောဥပမာကို ဆောင်တော်မူပါဦး'

'မင်းမြတ်.... သင်သည် ငယ်စဉ်အခါက ဆရာ့ထံတွင် ပညာသင်ခဲ့ဖူးသည် မဟုတ်လော'

'မှန်ပါ....သင်ခဲ့ဖူးပါသည်ဘုရား'

'ထိုပညာရပ်များကို သင်ယူခဲ့ရာ၌ သင့်ကို သင်ပြပေးရသည့်အတွက် ဆရာ့ထံမှ(ဆရာဖြစ်သူ၏) ပညာရပ်များသည် ကုန်ခန်းပျောက်ကွယ်သွားအပ်သလော'

'အရှင်ဘုရား....ဤသို့ကား မဟုတ်ပါ'

'ဘဝသစ်ဟူသည်လည်း ဤသို့ပင်ဖြစ်ပေတယ် မင်းမြတ်၊ ဘဝဟောင်းမှ တစ်စုံတစ်ရာ မျက်မြင်ထင်ရှားမပါရှိဘဲ ကူးပြောင်း ပဋိသန္ဓေနေအပ်ခြင်း ဖြစ်ပေတယ်'

'မှန်ပါ၊ ထင်မြင်သိသာအပ်ပါပြီ ဘုရား'

ကံ၏အကျိုးတရား

'အရှင်ဘုရား.... သတ္တဝါ မှန်သမျှတို့သည် ကောင်းမှုမကောင်းမှု ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ရုပ်နာမ်နှစ်ပါးတို့ဖြင့် ပြုအပ်၏။ ထိုကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် အဘယ်နေရာ၌ တည်နေပါသနည်းဘုရား'

'မင်းမြတ်....ထိုကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် ပြုသူ၏နောက်သို့ အရိပ်သဖွယ်ပင် အစဉ်တစိုက် လိုက်ပါကြကုန်၏'

'အရှင်ဘုရား—ထိုကုသိုလ်၊ အကုသိုလ်များသည့်အဘယ်အရပ်၊ အဘယ်နေရာ၌ တည်ရှိနေသည်ဟု အတိအကျ ပြနိုင်ကောင်းပါသလော'

'ဤသို့ကား မပြနိုင်ပေ မင်းကြီး'

'ဥပမာ ဆောင်စမ်းတော်မူပါဦး ဘုရား'

'မင်းမြတ်-အသိုးမရှိသော၊အသိမ်းမပေါ်လာသော သစ်ပင်၌ ဂျုံနေရာ ဤသစ်ကိုင်းတွင် သစ်ဆီးရှိ၏ဟု ပြခြင်းငှာ တတ်နိုင်ပါအံ့သော'

'အရှင်ဘုရား....ဤသို့ကား မဟတ်နိုင်ပါ'

'မင်းမြတ်....ကုသိုလ်ကံ အကုသိုလ်ကံတို့သည် ထို့အတူ ပင်ဖြစ်ပေတယ်။ ရှည်လျားကြာမြင့်စွာသော သံသရာစက်တွင် အစဉ်တရစပ် လည်ပတ် လာအုပ်ခဲ့သောကြောင့် ကုသိုလ်ကံ ပင်ဖြစ်စေ၊ အကုသိုလ်ကံပင်ဖြစ်စေ၊ မည်သည့်နေရာတွင် ရှိသည်ဟု အတိအကျထုတ်ဖော်ပြခြင်းငှာ မတတ်စကောင်း ဖြစ်ပေတယ် မင်းမြတ်'

ဖြစ်ရဦးမည်ဟု-သိပါသလော

'အရှင်ဘုရား.... အကြင်သူတစ်ယောက်သည် ငါကား နောက်ဘဝသစ်၌လည်း တစ်ဖန်ဖြစ်ရပေဦးလတ္တံ့ဟူ၍ ကြိုတင် သိအပ်ပါသလား ဘုရား'

'မှန်သည်မင်းကြီး၊ ကြိုတင်သိနိုင်ပေ၏'

'အကြောင်းကို ဆိုတော်မူပါဦး ဘုရား'

'မြတ်သောမင်းကြီး၊ ဥပမာအားဖြင့်ကား အကြင်သူ တစ်ဦးသည် မျိုးစေ့တို့ကိုမြေ၌ကြဲဖြန့်ပြီးသည့်နောက် မိုးကလည်းရွာသည်ရှိသော် မိမိမျိုးစေ့များပေါက်ရောက်ရှင်သန်တော့မည်ဟု ကြိုတင်မသိကောင်းပါလော'

'မှန်ပါ....သိကောင်းပါသည် ဘုရား'

'ဘဝသစ်၌ဖြစ်ရမည့်သူသည်လည်း ထို့အတူပင် ဖြစ်ပေသည်မင်းကြီး၊ မျိုးစေ့နှင့်တူသော ဘဝတရားလည်းရှိနေသေးသည်၊ မိုးရေနှင့်တူသော သံသရာလည်စေမည့် အမှုတို့

ကိုလည်းပြုလုပ်ထားသည်ဆိုခဲ့ကြ ငါသည် နောက်ဘဝဖန်
ဘဝသစ်၌ ပဋိသန္ဓေနေရပေဦးမည်ဟု ကြိုတင်သိနိုင်ခကောင်း
သည်သာတည်း'

ဘုရားရှင် စင်စစ် ရှိ-မရှိ

'အရှင်ဘုရား....ဘုရားရှင်သည် စင်စစ်ရှိခဲ့ပါ၏လော'

'ရှိပေသည် မင်းမြတ်'

'အရှင်ဘုရား....သို့ဆိုလျှင် ဘုရားရှင်ကိုဤနေရာဤဌာန၌
ရှိ၏ဟု အတိအကျပြနိုင်ပါသလော'

'မင်းမြတ်....ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူခဲ့ချေပြီ၊
အထင်အရှားပြရန်ကား မဖြစ်နိုင်တကား'

'ဥပမာအားဖြင့် သိပါစေဦးဘုရား'

'မင်းမြတ်.... အလျှံပြောင်ပြောင် တောက်လောင်ကြွ
ကုန်သော မီးပုံကြီးတို့သည် ချုပ်ငြိမ်းကွယ်ပျောက်သွားလ
သောအခါထိုမီးအရပ်၌ မီးလျှံရှိ၏ဟု အထင်အရှားပြခြင်း
ငှာ ဖော်ကောင်းပါအံ့လော'

'အရှင်ဘုရား....ဤသို့ကား မတော်နိုင်တော့ပါ'

'မင်းမြတ်- ဘုရားရှင်သည် ချုပ်ငြိမ်းသွားပြီးသောမီးပုံ
ကြီးကဲ့သို့သာတည်း၊ ဤနေရာဤဌာန၌ဘုရားရှင်ရှိပါသည်ဟု
အထင်အရှားမပြသာတော့ပြီ၊ သို့သော် မီးပုံကြီး၌မီးတောက်

မီးလျှံပင်မရှိတော့လင့်ကစား မီးလောင်စဉ်က အခြေအနေ မျှားသည်မူ ကျန်ရစ်နေသကဲ့သို့ ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်မျှားအရ ဘုရားရှင် ရှိခဲ့ကြောင်းကား ကောင်းစွာ ထင်ရှားလျက်ရှိ၏။ ထိုသို့ ထင်ရှားအပ်သော ကြောင့်ပင် ဘုရားရှင်သည် စင်စစ် ရှိတော်မူခဲ့ကြောင်း ယုံကြည်နိုင်ပေသည် မင်းမြတ်'

ရဟန်းမျှားနှင့် အတွေ့

'ဘုရားတော်မေးပါရစေဦး ဘုရား၊ ဘုရားရှင်၏ တပည့် ဖြစ်သော ရဟန်းမျှားသည် မိမိကိုယ်မိမိ ချစ်ကြပါသလော'

'မင်းကြီး....ဘုရားရှင်၏တပည့်ဖြစ်ကုန်သောငါတို့ရဟန်း မျှားသည် မိမိကိုယ်ကို မချစ်သည်သာတည်း'

'အရှင်ဘုရား....ထိုသို့ဆိုလျှင် ထိုရဟန်းတို့သည် အဘယ့် ကြောင့် မိမိကိုယ်ကို မြတ်နိုးတနာ သုတ်သင်ထိန်းသိမ်းစောင့် ရှောက်ကြကုန်ပါသနည်း ဘုရား'

'မင်းကြီး....သင်မင်းကြီးသည် စစ်ပွဲဖြစ်စေ၊အမှုတ်မထင် ဖြစ်ဖေ၊ တစ်စုံတစ်ရာ ထိခိုက်ရှနှာ ဖြစ်ခဲ့ဖူးသလော'

'မှန်ပါ....ထိခိုက်ခဲ့ဖူးပါသည် ဘုရား'

'ကောင်းပြီ မင်းကြီး၊ ထိုအခါသင်မင်းကြီးသည်ထိခိုက် မိသောဒဏ်ရာအတွက် ဆီဖြင့်လည်းကောင်း၊ဆေးဖြင့်လည်း ကောင်း လိမ်းကျံခြင်း၊ နှုးညှံသောအဝတ်ဖြင့် စည်းခြင်း

 မျှား ပြုလုပ်ခဲ့ဖူးပါသလော'

'အရှင်ဘုရား-ပြုလုပ်ခဲ့ဖူးပါ၏'

'ကောင်းပြီမင်းမြတ်၊ထိုဒဏ်ရာကိုဆေးဖြင့်လည်းကောင်း၊ဆီဖြင့်လည်းကောင်း လိမ်းကျံခြင်း၊ အစတ်ဖြင့် စည်းအပ်ခြင်းသည် သင်မင်းကြီး၏ ကိုယ်ကို ချစ်မြတ်နိုးရှိ ပြုအပ်သလော'

'အရှင်ဘုရား-ဤသို့မဟုတ်ပါ၊ရရှိခဲ့သောဒဏ်ရာအတွက် သွေးတိတ်စိမ့်သောငှာ သန့်ရှင်းသပ်ရပ်စိမ့်သောငှာ ပြုလုပ်ခြင်းသာ ဖြစ်ပါသည်'

'ငါတို့ရဟန်းများလဲ ထို့အတူပင် ဖြစ်ပေသည် မင်းမြတ်၊ ငါတို့ကိုယ်ကို ငါတို့ချစ်မြတ်နိုးရှိ မဟုတ်၊ ငါတို့သည် စင်စစ်အားဖြင့် မိမိကိုယ်ကိုမိမိ တပ်မက်ခြင်းလည်းမရှိ၊ မြတ်သော ဘဝကျင့်ကို ကျင့်ကြံအားထုတ်ခိုင်ရန်၊ ပျော်ကန်သလို စောင့်ရှောက်အပ်ခြင်းသာ ဖြစ်ပေတယ်'

'မင်းမြင့်....ဤဝန္ဓာကိုယ်သည် ကိုးပါးသောအပေါက်တို့ဖြင့် စက်ဆုပ်ဖွယ်လိလိရှိကြောင်းဘုရားရှင်ဟောတော်မူခဲ့သည့်အတိုင်းပင် ငါတို့ရဟန်းများသည် မိမိတို့ကိုယ် မိမိတို့ မမက်မောကြကုန်ဖြစ်ပေတယ်'

'မှန်ပါ....တပည့်တော် ဆင်ခြင်မိပါပြီ ဘုရား'

ဘုရားရှင်သည် အလုံးစုံ သိ-ပသော်

'နာဂဇသေန အရှင်မြတ်ဘုရား၊ ဘုရားရှင်သည် အလုံးစုံသောတရားကို သိမြင်တော်မူသည့်အဘွက် သဗ္ဗညုဟုညွတော်မူအပ်ခြင်း ဖြစ်ပါသလော'

'မှန်ပေသည် မင်းကြီး'

'အရှင်ဘုရား....ဘုရားရှင်သည် ထိုသို့သိပါလျက် အလုံးစုံသောသိကွာပုဒ်တို့ကို အစဉ်အတိုင်းပညတ်တော်မမူဘဲတပည့်ရဟန်းတို့တွင် အကြောင်းအဖြစ်ပေါ်လာမှ ဘာ့ကြောင့် ပညတ်တော်မူရပါသနည်း'

'မင်းကြီး....သင်မင်းကြီးသည်အလုံးစုံသောဆေးဒဟတ်ကို တတ်သည့် ဆေးသမားကို တွေ့ဖူးပါသလော'

'အရှင်ဘုရား....တွေ့မြင်ဖူးပါ၏'

'ထိုဆေးသမားသည် သူနာကိုဆေးကုရာ၌ရောဂါဇေဒနာအားလျော်စွာ ကုသင့်သောအခါမှ ကုသအပ်သလော၊ သို့မဟုတ် သူနာ၌ ဘာမှမဖြစ်သေးမီကပင် ကြိုတင်၍ ဆေးတိုက်ကျေးခြင်း ပြုအပ်သလော'

'အရှင်ဘုရား-ကြိုတင်၍မပေးပါ၊ ရောဂါဝေဒနာအားလျော်စွာ ပေးသင့်ကုသင့်သော အခါမှသာ သင့်လျော်ရာဆေးဖြင့် ကုသပေးအပ်ပါသည်'

'မင်းကြီး-ဘုရားရှင်သည်အလုံးစုံသောတရားကိုသိတော်မူသဖြင့် သဗ္ဗညုတမည်အပ်သည်ကား မှန်လှ၏၊ သို့သော် ထိုဆေးသမားကဲ့သို့ပင် တပည့်ရဟန်းများတွင် အကြောင်းအားလျော်စွာ ပညတ်တော်မူသင့်သည့်အခါမှသာ အာသက်ထက်ဆုံး လိုက်နာကျင့်ကြံစေရန်ဖြစ်သော သိက္ခာပုဒ်ကို ဆုံးမ ပညတ်တော်မူအပ်ခြင်း ဖြစ်တယ်'

'မှန်ပါ....သင်္ဂြိဟ်လျော်ကန်ပါပေသည် ဘုရား'

ပုဂ္ဂိုလ်တစ်ရာ ပဒုမ္မာကြာကဲ့သို့

'အရှင်ဘုရား- တပည့်တော် သိချင်ပါသေးသည်၊ ဗုဒ္ဓ မြတ်ရှင်သည်....

(၁) ယောကျ်ားမြတ်တို့၏လက္ခဏာဟော်ကြီး သုံးဆယ့် နှစ်ပါး

(၂) လက္ခဏာဖော်ငယ် ရှစ်ဆယ်

(၃) ပကတိသော ရွှေအဆင်းကဲ့သို့ သန့်စင်ဝါဝင်းစွာ သော အရည်အသွေး

(၄) ဖြူသားအပြင်ကဲ့သို့ ကြည်လင် ချောမွေ့သော အဝရတော်

(၅) တစ်လံမျှလောက်သောရောင်ခြည်တော် စက်ဝန်း ဟူသည်တို့ဖြင့် အမှန်ပင် စုံညီပြည့်ကြွယ် တင့်တယ် စွာ စံပယ်တော်မူခြင်း ရှိအပ်ပါသလား ဘုရား'

'မှန်ပေသည် မင်းကြီး၊ ဗုဒ္ဓရှင်တော်ဘုရားသည် သင် မင်းကြီးဆိုအပ်သော အင်္ဂါငါးမျိုးနှင့် ပြည့်စုံညီညွတ်ခြင်း ရှိပေတယ်'

'ဘုရားရှင်၏ မယ်တော် ဇမည်းတော်ဟို တွင်လည်း ထိုကဲ့သို့ ပြည့်စုံညီညွတ်ခြင်း ရှိပါသလား ဘုရား'

'မယ်တော် ဇမည်းတော်ကိုတွင်ကား ထိုကဲ့သို့ပြည့်စုံခြင်း မရှိပေ မင်းကြီး'

'အရှင်ဘုရား- ထိုသို့ဆိုလျှင် ကြောင်းကျိုး လျော်ကန် ယုတ္တိတန်ခြင်းမရှိဟုဆိုခဲ့ခြင်းပြီ၊ မိဘနှင့်သား သမီးဟူသည်

အဆင်းအသွင်ပင်ဖြစ်စေ၊ လှုပ်ရှားပြုမူပုံ ပင်ဖြစ်စေ အနည်းနှင့်အများ တူညီဆက်စပ်တတ်စမြဲသာ မဟုတ်ပါလော'

'ဒကာတော်မင်းကြီး၊ သင်မင်းကြီးသည် 'ပွင့်ချပ်တစ်ထုပဒုမ္မာကြာ'ဆိုသည်ကို သိပါသလော'

'အရှင်ဘုရား-သိပြီးဖြစ်ပါသည်'

ထိုပဒုမ္မာကြာသည် အဘယ်၌ ဖြစ်ဘိသနည်းမင်းကြီး'

'မှန်ပါ ပဒုမ္မာကြာသည် ရှံညှန်၌ဖြစ်အပ်ပါသည်ဘုရား'

'ကောင်းပြီ၊ ထိုပဒုမ္မာကြာ၏အဆင်းအနံ့အရသာသည် ရှံညှန်နှင့် ဘူအပ်သလော'

'မတူပါဘုရား'

'သို့ဆိုလျှင် ရှံညှန်တည်ရာ ရေ၏အဆင်းအနံ့အရသာနှင့် လည်း တူအပ်ပါသလော'

'ရေနှင့်လည်း မတူပါဘုရား'

'မြတ်သောမင်းကြီး၊ ဗုဒ္ဓမြတ်ရှင်နှင့် မိဘနှစ်ပါးတို့၏ ဆင်းသွင် သဏ္ဌာန်ကိုလည်း ထိုကဲ့သို့ပင် သိမှတ်အပ်ပေတယ်။ ရှံညှန်ပမာဖြစ်သော မိဘနှစ်ပါးတို့တွင် အင်္ဂါငါးပါးဖြင့် မညီညွတ်စေကာမူ ပဒုမ္မာကြာသဖွယ်ဖြစ်သော ဗုဒ္ဓမြတ်စွာဘုရားတွင်မူ ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့ဖြင့်လည်းကောင်း၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့်လည်းကောင်း၊ ပြည့်စုံညီညွတ်ခြင်းရှိပေတယ်။ ထိုမျှသာမဟုတ် ပကတိသော ရှေ့အဆင်းကဲ့သို့ဝါဝင်းတင့်တယ်စွာသော အရည်အသွေး၊ အကြိမ်ပေါင်းများစွာ သန့်စင်အပ်လေပြီးသော ရှေ့သားအပြင်ကဲ့သို့ ကြည်လင်ချော

မမွှေ့စွာသောအသားအရေ၊တစ်လုံမျှလောက်သော အရုပ်သို့ တိုင်တောင် အစဉ်မပြတ်ထွန်းလင်းတောက်ပအုပ်သော ဆောင်ခြည်တော်စက်ဝန်းတို့ဖြင့်လည်း အခါခပ်သိမ်းသပွာယ်တော်မူအုပ်ပေတယ် မင်းကြီး'

'မှန်ပါ-ရှင်းလင်းကဲ့ပြားပါပေတယ် ဘုရား'

ဗြဟ္မာ့စာရီပုဂ္ဂိုလ်

'အရှင်ဘုရား-ဘုရားရှင်သည် မြတ်သောအကျင့်ကို ကျင့်တော်မူခြင်းဖြင့် ဗြဟ္မစာရီမည်သော ပုဂ္ဂိုလ်ဖြစ်ပါသလား'

'မှန်ပေတယ် မင်းမြတ်၊ ဘုရားရှင်သည် ဗြဟ္မစာရီမည့် အုပ်ပေတယ်'

'အရှင်မြတ်ဘုရား.... ဤသို့ ဆိုလျှင် ဘုရားရှင်သည် ဗြဟ္မာမင်း၏တပည့် ဖြစ်မနေပါလော'

'မင်းမြတ်-ဆွမ်တကာဘို့ထက် ထူးမြတ်သော ဆင်တော်ရတနာဟူ၍ ရှိသည်မဟုတ်လော'

'မှန်ပါ-ရှိပါသည်ဘုရား'

'ထိုဆင်တော်ရတနာသည် တစ်ခါတစ်ရံ ကြိုးကြာသံနှင့် တူစွာ အော်မြည်တတ်သည် မဟုတ်လော'

'မှန်ပါ-အော်မြည်တတ်ပါသည် ဘုရား'

'မင်းမြတ်၊အဘယ်သို့ပါနည်း၊ထိုဆင်တော်ရတနာလည်း ကြိုးကြာငှက်၏ တပည့်ဖြစ်လေသလော'

'အရှင်ဘုရား-ဤသို့ကား မဟုတ်ပါ'

မင်းမြတ်....ဗြဟ္မာဟူသည် ကျင့်ကြံ အားထုတ်စရာ မရှိတော့ပြီ ဖြစ်လေသလော'

'အရှင်ဘုရား....ဤသို့ကား မဟုတ်ပါ။ သိစရာ၊ ကျင့်စရာများ စင်စစ်ရှိပါဒသးသည်'

'မင်းမြတ် ဗုဒ္ဓမြတ်စွာဘုရားသည် တရားအလုံးစုံကို သိတော်မူပြီးဖြစ်တယ်။သံသရာမှလွှန်မြောက်ပြီးလဲဖြစ်ပေတယ်။ ထို့ကြောင့်ပင် ဗြဟ္မာကြီးသည်သာ ဗုဒ္ဓမြတ်စွာ၏တပည့် ဖြစ်ပေစေသတဲ့'

'မှန်ပါ....ဖြောင့်မတ်မှန်ကန်လှပါသည် ဘုရား'

ဘုရားရှင်နှင့် ပဉ္စင်းအဖြစ်

'နာဂဂသေန အရှင်မြတ်ဘုရား.... ပဉ္စင်း၏ အဖြစ်သည် မယောင်မှားမှန်မြင့်မြတ်လှသည့် မှန်ပါသလော'

'မှန်ပေတယ် မင်းမြတ်'

'အရှင်ဘုရား.... ဗုဒ္ဓမြတ်စွာသည်လည်း ပဉ္စင်း ဖြစ်ခဲ့ပါသလော'

'မင်းမြတ်....ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူစဉ်ကပင် ပဉ္စင်းအဖြစ်သို့ သက်ဝင်ရောက်ရှိခဲ့ပြီးဖြစ်ပေတယ်။သူတစ်ပါးအထံမှာပဉ္စင်းအဖြစ် ခံယူစရာမလိုတော့ဘူး၊သူတစ်ပါးက ပေးအပ်စရာလဲ မလိုတော့ဘူး။ မိမိ၏ တပည့်ရဟန်းများကိုသာလျှင် လိုအပ်သော ဝိနည်းသိက္ခာပုဒ်များ ဆုံးမပညတ်တော်မူရပေတယ်'

မျက်ရည်နှစ်မျိုး

'တပည့်တော် မေးပါရစေဦးဘုရား.... မိဘနှစ်ပါးတို့ကို ချစ်မြတ်နိုးခြင်ဂုဏ်ကြွးအပ်သော မျက်ရည်နှင့် တရားတော်ကို မြတ်နိုးခြင် ဂုဏ်ကြွးရသော မျက်ရည် နှစ်မျိုးအနက် အဘယ် မျက်ရည်သည် ဆေးနှင့်တူ၍ အဘယ်မျက်ရည်က အဆိပ်နှင့် တူပါသနည်းဘုရား'

'ဒကာတော်မင်းမြတ်... ရာဂ၊ ဒေါသ၊ မောဟဟူသော ကိလေသာ အညစ်အကြေးတို့ဖြင့် မကင်းသော မျက်ရည်ကား ပူလောင်သောမျက်ရည်ဖြစ်တယ်။ ထိုအညစ်အကြေးတို့မှ ကင်းစင်လျက် နှစ်လုံဝမ်းမြောက်ခြင်းဖြင့် ကျအပ်သော မျက်ရည်သည်ကား တရားတော်ကို ယုံကြည်မြတ်နိုးခြင်းနှင့် စပ်လျဉ်းသဖြင့် အေးချမ်းသော မျက်ရည် ဖြစ်ပေတယ်'

'ကောင်းမြတ်ဖြောင့်မှန်စွာ ဖြစ်အပ်သော မျက်ရည်သည် ဆေးသဖွယ်ဖြစ်၍ အညစ်အကြေးဖြင့်ယှဉ်အပ်သောမျက်ရည်ကား အဆိပ်ဖြစ်ပေတယ် မင်းကြီး'

ရာဂ မကင်းသူနှင့် ကင်းသူ

'အရှင်ဘုရား.... ရာဂ မကင်းသူနှင့် ရာဂ ကင်းသူတို့သည် ဆင်းသွင်သဏ္ဌာန် နေထိုင်သွားလာမှု စသည်တို့၌ အဘယ်သို့ ကဲ့ပြားခြားနားအပ်ပါသနည်း ဘုရား'

'မြတ်သောမင်းကြီး- ရာဂမကင်းသူသည့်အာရုံငါးပါးဌ် တပ်မက်မောခြင်း၊ မြတ်နိုးခြင်းရှိ၏၊ ရာဂကင်းသူသည်ကား အံ့ဘရုံငါးပါးဌ် တပ်မက်မောခြင်း၊ မြတ်နိုးခြင်း မရှိသည် သာတည်း'

'အရှင်ဘုရား.... တပ်မက်ခြင်း၊ မတပ်မက်ခြင်း ဟူသည် အဘယ်သို့သောအမှုအရာ ရှိပါသနည်း'

'မင်းမြတ်....တပ်မက်သူသည် လိုချင်တောင့်တသောအမှု အရာရှိ၏၊ မတပ်မက်သူသည်ကား လိုချင်တောင့်တဟန် မရှိ သည်သာတည်း'

'အရှင်ဘုရား.... တပည့်တော် သိရသည်ကား၊ လိုချင် တောင့်တသူပင်ဖြစ်စေ၊ လိုချင်တောင့်တမှု ကင်းသူပင် ဖြစ် စေ ကောင်းမှုနှင့်သော အစားအသောက် အဝတ်အဆင်ကို လိုချင် မက်မောကြသည်ချည်းဖြစ်ပါသည်။ မကောင်းသော အစားအစာနှင့် မကောင်းသော အဝတ်အဆင်ကိုကား ရာဂမကင်းသူပင်ဖြစ်စေ၊ ကင်းသူပင်ဖြစ်စေလိုလား တပ်မက် ခြင်းမရှိပါ ဘုရား'

'မှန်ပေသည် မင်းကြီး၊ မင်းကြီး ဆိုအပ်သည့်အတိုင်းပင် ရာဂမကင်းသူသည် လည်းကောင်း၊ ကင်းသူသည် လည်း ကောင်း ကောင်းမြတ်သည်တို့ကို သုံးဆောင်စားသောက် ကြသည် မှန်၏။ သို့သော် ရာဂမကင်းသူသည် အရသာ၌ တပ် မက်စွဲလမ်းခြင်းနှင့်တကွ ခံစား၏။ သုံးဆောင်၏။ ရာဂ ကင်းသူသည်ကား ချိုချဉ်စပ်ငန်အဖန်အခါး ဟူသော အရ

သာကိုသိသည်မှ တစ်ပါး အထူးအခြား တပ်မက်စဲလမ်းမှု၊ အာရုံခံစားမှု မရှိသည်သာတည်း'

'မှန်ပါ....တပည့်တော် လက်ခံအပ်ပါသည် ဘုရား'

ပညာ၏ တည်နေရာ

'အရှင်ဘုရား....တပည့်တော်သိပါရစေဦး၊ ပညာဟူသည် အာဝယ်အရပ်၌ တည်နေပါသနည်း ဘုရား'

'ဒကာတော်မင်းကြီး၊ ပညာဟူသည် တည်နေရာမရှိ ဖြစ်ပေတယ်'

'အရှင်ဘုရား.... ဤသို့ဆိုသော် ပညာဟူသည် စင်စစ်မရှိခဲ့ချေတကား'

'ကောင်းပြီ မင်းကြီး၊ ဝါယောဓာတ်ဟု ဆိုအပ်သော လေသည် အဘယ်အရပ်၌ တည်နေတိုင်းသနည်း'

'အရှင်ဘုရား.... ဝါယောဓာတ်၏ တည်နေရာ ဟူသည် အထင်အရှား မရှိပါ'

'မင်းကြီး- ဤသို့ဆိုသော် လေဟူသည် စင်စစ်မရှိခဲ့ချေတကား'

'မှန်ပါ....တပည့်တော် သိအပ်ပါပြီဘုရား'

သံသရာဟူသည်

'အရှင်မြတ်ဘုရား.... အရှင်ဘုရားသည် သံသရာဟူသော စကားကို ငယ်လျှင်းတိုင်းပင် ဆိုတော်မူအပ်၏။ ထိုသံသရာဟူသည် အဘယ်သို့ ဖြစ်ပါလေသနည်း ဘုရား'

'မင်းကြီး.... ဤအရပ်၌ဖြစ်ကာ ဤအရပ်၌ပင် သေ၏၊ ဤအရပ်၌သော် တစ်ပါးသောအရပ်၌ဖြစ်၏။ ထိုအရပ်၌သော်ထိုအရပ်၌ပင် ဖြစ်၏။ထိုဒုရပ်၌သော် တစ်ပါးသောအရပ်၌ဖြစ်ပြန်၏။ ဤသို့လျှင် အဖန်ဖန်ဖြစ်ခြင်း၊ အဖန်ဖန်သေသည် သံသရာ မည်ပေ၏'

'ဥပမာယုဉ်စပ်တော်မူပါဦး ဘုရား'

'မြတ်သောမင်းကြီး....အကြင်သူတစ်ယောက်သည်သရက်သီးကို စားပြီးသော် အစေ့ကို အပစ်စိုက်၏။ ထိုအပင်မှ အသီးသီးပြန်သောအခါ အသုးကိုစားပြီး အစေ့ကိုအပင် စိုက်ပြန်၏။ အသီးသီးပြန်၏။ အစေ့မှ အပင်ပေါက်လာပြန်၏'

'ဤသို့လျှင် သရက်သီးမှ သရက်ပင်၊ သရက်ပင်မှ သရက်သီးအဖြစ် အဖန်တလဲလဲ အစအဆုံးမရှိနိုင်သကဲ့သို့ပင် ဤအရပ်၌သော် ထိုအရပ်၌ဖြစ်၊ ထိုအရပ်၌သော် ဤအရပ်၌ဖြစ်ခြင်းဖြင့် အဖန်တလဲလဲ ဖြစ်ပျက်ကျင်လည်နေရခြင်းသည် သံသရာမည်အပ်သည်သာတည်း'

'မှန်ပါ....တပည့်တော်ဆင်ခြင်သုံးသပ်မိပါပြီဘုရား'

ပြန်လည်ဆင်ခြင်ခြင်း

'အရှင်ဘုရား.... အကြင်သူတစ်ယောက်သည် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့လေပြီးသော အကြောင်းခြင်းရာတစ်ခုကို မည်သို့လျှင် ဆင်ခြင်အောက်မေ့နိုင်ပါသနည်း'

'မင်းမြတ်... ကြာမြင့်စွာသောအကြောင်းခြင်းရာကိုသာဘိ ဖြင့်သာ ဆင်ခြေအောက်မေ့နိုင်ပေတယ်'

'မှန်ပါ....သတိဖြင့်မဟုတ်ဘဲ စိတ်ဖြင့်သာဘင်ခြင်နိုင်သည် ဟုတ်ပါလား:ဘုရား'

'ကောင်းပြီမင်းမြတ်.... သင်မင်းမြတ်သည် တစ်ချိန်သော အခါက တစ်စုံတစ်ရာပြုလုပ်ခဲ့သည်ကိုမေ့လျော့နေသည်များ ရှိဖူးပါသလော'

'မှန်ပါ.... ရှိဖူးပါသည်ဘုရား'

'ထိုမေ့လျော့နေသည့်အခါ၌ သင်မင်းမြတ်တွင် 'စိတ်' မရှိလေသလော'

'မှန်ပါ.... ရှိနေပါသည်ဘုရား'

'သို့ဆိုလျှင် မေ့လျော့နေသည်ကို စိတ်ဖြင့် ဆင်ခြင်လိုက်ပါသလော'

'အရှင်ဘုရား....စိတ်ဖြင့် ဆင်ခြင်၍မရပါ၊ သတိကင်းမဲ့နေ၍ဖြစ်ပါသည်'

'မှန်ပေတယ် မင်းမြတ်....သတိတရား:သည်လာလျှင် မေ့လျော့မှုကို ဆင်ခြင်အောက်မေ့နိုင်တယ်'

'မှန်ပါ....လျှင်ကန်သင့်မြတ်လှပါသည်ဘုရား'

သတိ ဟူသည်

'အရှင်ဘုရား....သတိဟူသည်အစဉ်ဖြစ်နေအပ်ပါသလား၊ သို့မဟုတ် မှတ်သား:မှသာ ဖြစ်အပ်ပါသလား'

'မင်းမြတ်....သတိသည် အာရုံပြုခြင်းအားဖြင့်လည်း ဖြစ်အပ်တယ်၊ မှတ်သားခြင်းဖြင့်လည်း ဖြစ်အပ်ပေတယ်'

'အရှင်ဘုရား.... အာရုံပြုခြင်းအားဖြင့်သာ အလုံးစုံသောသတိတရားကို ဖြစ်စေသည်ဆိုက မှတ်သားထားအပ်သောသတိဟူသည် စင်စစ်၌နေစရာ ဖလိုအပ်တော့ပါဘုရား'

'ကောင်းပြီမင်းမြတ်၊ ဤလောက၌ အတတ်ပညာအမျိုးမျိုးဖြစ်ပျက်ပြောင်းလဲမှုအမျိုးမျိုး၊ အရုပ်ဝတ္ထု အမျိုးမျိုးရှိအပ်သည်မဟုတ်လော'

'မှန်ပါ.... ရှိနေပါသည် ဘုရား'

'မင်းမြတ်.... အတတ်ပညာ အမျိုးမျိုးသည် တစ်ခုနှင့်တစ်ခု လုပ်ကိုင်ပြုမူပုံချင်း တူညီသလော'

'မှန်ပါ.... မတူကြောင်းပါ ဘုရား'

'မှန်ပေတယ်မင်းမြတ်.... ပညာရပ်သည်လည်း တစ်ခုနှင့်တစ်ခုမတူ၊ ဖြစ်ပျက်ပြောင်းလဲမှုသည်လည်း တစ်ခုနှင့်တစ်ခုမတူ၊ အရုပ်ဝတ္ထု အမျိုးမျိုးတို့သည်လည်း တစ်ခုနှင့်တစ်ခုမတူဖြစ်ပေတယ်'

'ယိုသို့ မတူညီသောကြောင့်ပင် မည်သည့်အတတ်ပညာ၌မည်သို့ပြုရမည်၊ မည်သည့်အချိန်အခါ၊ ဥတုရာသီသည်ကား မည်သို့ ပြောင်းလဲတတ်သည်၊ မည်သည့်အရုပ်ဝတ္ထုသည်ကား မည်သို့ သဘောရှိသည်။ အစုမ်းအာနိသင် ရှိသည်ဟူ၍ကွဲပြားခြားနားမှုများ ရှိနေအပ်သည် မဟုတ်လော'

'မှန်ပါ.... ရှိကြောင်းပါဘုရား'

'ထိုသို့ အခြင်းအရာမျိုးကို မှတ်သားမထားဘဲနှင့် သိနိုင်အောင်ရုံပြုနိုင်ပါသလော မင်းမြတ်'

'မပြုနိုင်ပါဘုရား'

'မှန်ပေတယ် မင်းမြတ်.... ထို့ကြောင့်ပင် သတိဟူသည် မှတ်သားထားခြင်းလဲ ရှိအပ်သိအပ် ဖြစ်စေအပ်တယ်လို့ဆိုရခြင်းဖြစ်ပေတာယ်'

'မှန်ပါ.... ကျိုးကြောင်း သဘာဝ ညီညွတ်လှပါသည် ဘုရား'

သတိဖြစ်စေမှု (၁၇) ပါး

'အရှင်ဘုရား သတိဖြစ်စေမှုသည် အကြောင်းတရားအဘယ်မျှလောက် ရှိပါသနည်း'

'မင်းမြတ်....သတိဖြစ်စေမှုသည်အကြောင်းတရား(၁၇)ပါးရှိပေတယ်'

၁။ ဆင်ခြင်နိုင်စွမ်းရှိခြင်း

အာနန္ဒာမထေရ်နှင့် ခုဇ္ဇုတ္တရာ ဥပါသိကာတို့လို ပင်ကို သိမှတ်နိုင်မှုကြောင့်လဲ သတိဖြစ်စေအပ်ပေတယ်။ ဇာတိဿရ ဉာဏ်ရတဲ့ပုဂ္ဂိုလ်မျိုးလို လွန်ခဲ့ပြီးသောဘဝဟောင်း ဖြစ်ရပ်ဟောင်းတွေကို ပြန်လည် ဆင်ခြင်နိုင်စွမ်း ရှိခြင်းကြောင့်လဲ သတိဖြစ်စေအပ်ပေတယ်။

၂။ နှိုးဆော်တိုက်တွန်းခြင်း

မိမိကိုယ်တိုင် မေ့လျော့နေလင့်ကစား၊ ပေ့လျော့တတ် လင့်ကစား သူတစ်ပါးတို့၏ နှိုးဆော်တိုက်တွန်းခြင်းကို ခံရ သဖြင့်လည်း သတိဖြစ်စေအပ်ပေတယ်။

၃။ အနကြောင်းကောင်း ထင်ရှားခြင်း

မင်းတို့၏ စည်းစိမ်ချမ်းသာကို ခံစားတွေ့ကြုံရခြင်း၊ မဂ် ဖိုလ်ချမ်းသာကို ခံစားခြင်း စသည်ကဲ့သို့ ထင်ရှားစွာသော အကြောင်းတရားကြောင့်လဲ သတိဖြစ်စေအပ်ပေတယ်။

၄။ ဓကောင်းကျိုးပွားများခြင်း

ဤအရပ် ဤဒေသသည် ငါ့ကို ကောင်းကျိုးကြောင့် ဖြစ် ထွန်းပွားများစေတတ်ပါတကား၊ ဟုထင်မြင်သိမှတ်ခြင်းအား ဖြင့်လည်း သတိဖြစ်စေအပ်ပေတယ်။

။ ကောင်းကျိုးအုတ်ယုတ်ခြင်း

ဤအရပ်-ဤဒေသသည် ငါ့ကို မကောင်းကျိုးသာ ဖြစ် ထွန်းစေပါတကား၊ ဟု ထင်မြင်သိမှတ်ခြင်း အားဖြင့်လည်း သတိတရားဖြစ်စေအပ်ပေတယ်။

၆။ တူညီမျှတခြင်း

ပုံသဏ္ဌာန်ချင်း၊ ပြောဆိုပြုမူပုံချင်း၊ စိတ်နေသဘောထား ချင်း တူညီမျှဟုသောအားဖြင့်လည်း သတိ ဖြစ်စေအပ်ပေ ၏။

၇။ ကွဲပြားခြားနားခြင်း

အယူအဆမတူ ပြုမူလုပ်ရှားပုံကွဲပြား စိတ်နေသဘော ထားချင်း ဆန့်ကျင်ဘက်ဖြစ်သော အားဖြင့်လည်း သတိ ဖြစ်စေအပ်ပေတယ်။

၈။ အသံ (သဒ္ဒါရုံ)

နောက်နောက်က မေ့လျော့နေခဲ့သော်လည်း စကား ပြောသံ၊ သီချင်းဆိုသံ စသည် ကြားရခြင်း အားဖြင့်လည်း ဤအသံသည် ဤအသံရှင်သည် မောင်ဖြူတည်း၊ မောင်မဲ တည်းဟူ၍ သတိအမှတ် ဖြစ်စေအပ်ပေတယ်။

၉။ ထူးခြားထင်ရှားသော အမှတ်အသား

ကွဲကွာသွားခဲ့သည်မှာ ကြာမြင့်လှပြီ ဖြစ်သော်လည်း ထူးခြားထင်ရှားသော အမှတ်အသားပြောဆိုပြုမူပုံကို တွေ့ သိရခြင်းအားဖြင့်လည်း သတိဖြစ်စေအပ်ပေတယ်။

၁၀။ ကြုပ်မတ်နှိုးဆော်ခြင်း

တစ်ခုသောအကြောင်းအရာ၊ တစ်ခုသောအမှုကိစ္စ၌မိမိက မေ့လျော့နေသော်ငြား၊ တစ်ဦးသူက အကြိမ်ကြိမ် အဖန်ဖန် အနှိုးကပ် နှိုးဆော် တိုက်တွန်းနေသောကြောင့်လည်း သတိ ဖြစ်စေအပ်ပေတယ်။

၁၁။ အကွာရာသင်္ကေတ

စာပေအတတ်ပညာပင်ဖြစ်စေ၊ အခြားအတတ်ပညာပင်ဖြစ်စေ မိမိဒလ့ လာသင်ကြားခဲ့သော စည်းစနစ်၊ မူသဘောအရ မည်သည့်အက္ခရာသည်ကား မည်သို့ အသံထွက်သည်၊ အဓိပ္ပာယ်ရှိသည်၊ မည်သည့် အမှတ်သင်္ကေတသည်ကား မည်သည့်သဘောအဓိပ္ပာယ်ကို ဆောင်သည်ကို သိနားလည်တတ်ခြင်းဖြင့်လည်း သာတိဖြစ်စေအပ်ပေသည်။

၁၂။ ဂဏန်းသင်္ချာအတတ်

ပေါင်းခြင်း-နုတ်ခြင်း-မြောက်ခြင်း-စားခြင်း ဟူသော ဂဏန်းအတတ်ဟူသော်အပေါင်းဟူသည် ဘယ်သို့၊ အနုတ်ဟူသည် ဘယ်သို့ဟူသိနားလည်နေသလိုတစ်စုံတစ်ခုသောသင်္ချာအတတ်ကို စူးစမ်းတွက်ချက်ရခြင်းဖြင့်လည်း စပ်လျဉ်းဆုကို သတိဖြစ်စေအပ်ပေသည်။

၁၃။ အလေးအနက် ကျွက်မှတ်ခြင်း

သိမှတ်လိုက်နာဖွယ်ရာ စာပေ ဆောင်ပုဒ်မျှားကို အလေးအနက်ကျက်မှတ်ဆားခြင်းကြောင့် အကြောင်းစပ်လျဉ်းသည့် အာဒါလျော်ကန်တိုက်ဆိုင်ခြင်းအားဖြင့်လည်း သတိဖြစ်စေအပ်ပေတယ်။

၁၄။ တရားအားထုတ်ခြင်း

တရားတော်ကိုလေးစားယုံကြည်စွာ လုံ့လနာအားထုတ်ခြင်းဖြင့်လည်း စွဲမြဲမှုပွားများမှုအားလျော်စွာ သတိဖြစ်စေအပ်ပေတယ်။

၁၅။ အတတ်ပညာ အလုပ်အကိုင်နှင့် ဆက်စပ်ခြင်း

အတတ်ပညာရပ်ချင်း တူညီသောကြောင့်လည်းကောင်း၊ လုပ်ငန်းချင်း နီးစပ် တူညီခြင်းကြောင့် လည်းကောင်း အကြောင်းစပ်လျဉ်းသော အားဖြင့် လည်းကောင်း သတိဖြစ်စေအပ်ပေတယ်။

၁၆။ နီးကပ်ခြင်း

ဝတ်စားတန်ဆာဖြစ်စေ၊ စားသောက် သုံးဆောင်ဖွယ်ရာဖြစ်စေ၊ တစ်ဦးတစ်ယောက်ကိုပင်ဖြစ်စေ မိမိနှင့် နီးကပ်စွာရှိနေခြင်းအားဖြင့်လည်း သတိဖြစ်စေအပ်ပေတယ်။

၁၇။ ထိုင်တွဲခံစားဖူးခြင်း

နှောက်နောက်က သိမြင်ထိတွေ့ခဲ့ဖူးခြင်း၊ သုံးဆောင်ခံစားဖူးခြင်းများကို အကြောင်းပြုသောအားဖြင့်လည်းသတိဖြစ်စေအပ်ပေတယ်။

မြတ်သောမင်းကြီး.... ဤအကြောင်းတရား(၁၇)ပါးတို့သည်ကား သတိတရားဖြစ်ပေါ်ထင်ရှားစေအပ်သောအခြေခံအကြောင်းရင်းများပင် ဖြစ်ပေတယ်'

'မှန်ပါ....ပြည့်စုံလျက်ကန်လှပါသည်ဘုရား'

ကုသိုလ်တည်းဟူသော တည်ကုပ်ရာ

'အရှင်ဘုရား....တပည့်တော်၌ဆန့်ကျင်ဘက်ဖြစ်နေသော အကြောင်းတစ်ခု ရှိပါသေးသည်။ အရှင်ဘုရားတို့သည် ဘုစ်သက်ပတ်လုံးအကုသိုလ်မှုကို ပြုလာခဲ့သူပင်ဖြစ်စေ၊ သေအံ့ဆဲဆဲကာလ၌ဘုရား၏ဂုဏ်တော်ကျေးဇူးဟောင်ကို အောက်မေ့ဆင်ခြင်မိခြင်းဖြင့် နတ်ပြည်၌ ဖြစ်ရသည်ဟု ဆိုပါသည်။ တစ်ဖန်လည်း ပါဏာတိပါတာကံတစ်ခုမျှဖြင့် ငရဲပြည်၌ ဖြစ်ရသည်ဟု ဆိုကြပြန်ပါသည်။ ထိုစကားနှစ်ရပ်လုံးပင် တပည့်တော် မယုံကြည်နိုင်ပါဘုရား'

'ဒကာတော်မင်းမြတ်....မင်းမြတ်ထို့အပ်သည့် အတိုင်းပင် ဤစကားနှစ်ရပ်သည် ဆန့်ကျင်ဘက် သဘောဟုယ် ဖြစ်နေခဲ့သည်မှန်၏။သို့သော် တစ်ခုသောဥပမာကိုမင်းမြတ်ဆင်ခြင်သုံးသပ်လေဦးလော့'

'သေးငယ်လှစွာသောကျောက်ခဲတစ်ခုသည် လှုနှဲ့ကြောင်း၍ ရေပေါ်တွင် ရပ်တည်နိုင်ပါအံ့လော'

'အရှင်ဘုရား....သေးငယ်သောကျောက်ခဲပင်ဖြစ်စေကာမူ လှေမရှိခဲ့လျှင် ရေထဲသို့ သက်ဆင်း နစ်မြုပ်သွားရမည်သာ ဖြစ်ပါသည်'

'ကောင်းပြီမင်းမြတ်....လှည်းအစီး တစ်ရာတိုက်မျှရှိသော ကျောက်ခဲပေါင်းများစွာအား ကျောက်ခဲ၏အလေးချိန်ကို ခံနိုင်သည့် ကြီးစွာသော လှေပေါ်တွင် တင်ရသော် ကိုဏ်ကို ကျောက်ခဲများသည် ရေထဲသို့ နစ်မြုပ်သွားအံ့လော'

'အရှင်ဘုရား.... လှေကြီးပေါ်တွင် တင်ရသော်ကား ကျောက်ခဲများ သည် နှစ်မြုပ်မသွားနိုင်ပါ'

'ကောင်းလှပြီမင်းမြတ် .. ဘုရား၏ဂုဏ်ကျေးဇူးကိုအောက် မေ့မိခြင်းသည်ကား လှေကြီးကဲ့သို့ဖြစ်ပေတယ်။ သေးငယ် စွာသော ကျောက်ခဲသည်ကား အကုသိုလ်ကဲ့သို့ဖြစ်ပေတယ်။ အကုသိုလ်ဟူသည် လှေနှင့်တူသည့်ကုသိုလ်အခုအခံမှုရှုကည်ရာ ကိုမရခဲ့လျှင် လေးငယ်သည်မှန်စေ ငရဲ၌ ကျရောက်ရမည်သား ဖြစ်ပေတယ်'

'မှန်ပါ....ကြောင်းကျိုး လျှော်ကန်ပါပေသည် ဘုရား'

ဝဋ်ဆင်းရဲ ချုပ်ငြိမ်းမှု

'အရှင်ဘုရား....အရှင်ဘုရားတို့သည် လှန်ခဲ့ပြီးဆင်းရဲဒုက္ခ များကို ပယ်စွန့်ဖို ကြိုးစားသလား'

'မကြိုးစားပေဘူး မင်းမြတ်'

'ဘိုးဆိုလျှင် နှောင်လာလတ္တံ့သော ဆင်းရဲဒုက္ခများကို ရှောပယ်စွန့်ဖို ကြိုးစားပါသလားဘုရား'

'ထို ဆင်း ရဲ ကို လည်း ပယ်စွန့်ဖို မကြိုးစား ပေဘူး မင်းမြတ်'

'လက်ငင်းကြုံကြိုက်နေဆဲ ဒုက္ခများကိုကော ပယ်စွန့်ဖို ကြိုးစားပါသလား ဘုရား'

'တိုဆင်းရဲကိုလည်း ပယ်စွန့်ဖိုမကြိုးစားပေဘူး မင်းမြတ်'

'အရှင်ဘုရား....ဤသို့ဆိုသော်အရှင်ဘုရားတို့သည်အာဘယ်အကျိုးအတွက် ကြိုးစားအားထုတ်တော်မူကြသလဲ'

'မင်းကြီး....ဤဝဋ်ဆင်းရဲသည် ချုပ်ငြိမ်း ပြီးဒုက္ခာတ်၊ တစ်ပါးသောဆင်းရဲမဖြစ်ရန် ကြိုးစားအားတုတ်ခြင်း ဖြစ်ပေတယ်'

'အရှင်ဘုရား လာလတ္တံ့သော ဆင်းရဲဟူသည့် အရှင်ဘုရားဥ့် ဒုပါဒေးသလော'

'ရှိပေတယ် မင်းကြီး'

'အရှင်ဘုရား....ဤသို့ဆိုလျှင် အရှင်ဘုရားတို့သည် အလွန်ပယ်ညာရှိကုန်သူမျှား ဖြစ်ခေ့ကား။ထင်ရှားမရှိသောဘင်းရဲကို ပယ်ဖျောက်ရန် ကြိုးစားနေဘိသည်တကား'

ဝကား:စပ်။ ။

ဤနေရာ၌ မိလိန္ဒမင်းသည် အရှင်နာဂသေနအား "အရှင်ဘုရားတို့သည် အလွန်ပင်ပညာရှိကုန်၏။ထင်ရှားမရှိသောဆင်းရဲကို ပယ်ခြင်းငှာလို့ လုပ်ကုန်၏" ဆိုသည်မှာ ကလူကျိစယ်သည်လည်း ဆိုနိုင်သည်။ အယူအဆအကျင့်အကြံအားဖြင့် ထိပါးပုတ်ခတ်ခြေခြင်းဟုလည်း ဆိုနိုင်သည်။
ရှင်နာဂသေနက ဤသို့ တုံ့ပြန်ဆိုတော်မူ၏။

'မင်းကြီး....သင်မင်းကြီး၌ ထင်ရှားစွာသောရန်ဘုကဝ်ကို တစ်ယောက် ရှိခဲ့ဖူးသလော'

'အရှင်ဘုရား ရှိခဲ့ဖူးပါသည်'

'မင်းကြီး....သင်မင်းကြီးသည် ထိုရန်သူ ပေါ်လာသော အခါမှ ပစ္စင်-ရင်တား-တံတား-ကျုံးမြောင်း စသည်တို့ကို ပြင်ဆင်သလော၊ မျိုးရိကွာတို့ကို စုဆောင်း သိမ်းဆည်းအပ်သလော'

'အရှင်ဘုရား.... ကျွန်တော်မဟုတ်ပါ၊ ရန်သူ မပေါ်လာမီ ကတည်းကပင် ကြိုတင်ပြင်ဆင်ထားနှင့်ပါသည်'

'အဘယ့်ကြောင့် ကြိုတင်ပြင်ဆင်ပေသနည်း မင်းမြတ်'

'အရှင်ဘုရား နောင်အခါ ဆိုက်ရောက်လာလတ္တံ့သော ဘေးရန်ကို ကာကွယ်တိုက်ဖျက်ရန် ဖြစ်ပါသည်'

'မင်းကြီး.... လာလတ္တံ့သော ဘေးရန်ဟူ၍ ရှိသေးသလော'

'မှန်ပါ....ရှိပါသေးသည်ဘုရား'

'မင်းကြီး....ကျွန်သို့လျှင် သင်မင်းကြီးသည် လည်း အလွန်တော်သော ပညာရှိပင် ဖြစ်ချေတကား၊ လာလတ္တံ့သော ဘေးရန်ကို ကာကွယ်တိုက်ဖျက်ရန် ကြိုတင်၍စီစဉ်ကြိုးပမ်းဘို့သည်တကား'

အကြောင်းတိုက်ဆိုင်လာသည့်အခိုက်တွင် ရှင်နာဂသေနကလည်း ကျွန်ုပ်ဘော်မူလိုက်၏။ ပြီးမှ ဆက်လက် ဆိုတော်မူ၏။

'မင်းကြီး....ရေသောက်လိုကာမှ ရေတွင်း တူးအပ်သည် မဟုတ်၊ ထမင်းစားလိုကာမှ စပါးစိုက်ရသည်မဟုတ်၊ တစ်ဖက်ရန်သူပေါ်လာမှစစ်သားစုဆောင်းရသည်မဟုတ်၊ ဆင်အတတ်

မြင်းအတတ်သင်ရသည်မဟုတ်၊လက်နက်လေးမြားစုဆောင်း ပြုလုပ်ရသည်မဟုတ်'

'လာလတ္တံ့သော ဘေးရန်ဟူသည် စင်စစ်ပေါ်လာသည် ဖြစ်စေ၊ မပေါ်လာသည်ဖြစ်စေ၊ မိမိ၏အသိတရား အားလျော်စွာ ကြိုးစားအားထုတ်မှု အားလျော်စွာ ကြိုတင်၍ စီစဉ်ဆောင်ရွက်သင့်သည်သာတည်း'

'မှန်ပါ....ဖြောင့်မတ်မှန်ကန်လှပါသည်ဘုရား'

စကား၈ပ်။ ။

ဤနေရာ၌ ရှင်နာဂသေနသည် ရဟန္တာပုဂ္ဂိုလ် ဖြစ်တော်မူပြီးသဖြင့် လက်ရှိ ပစ္စုပ္ပန် ကာလကိုပင် ကာလသုံးပါးအဖြစ် ရည်ရွယ် ဆိုဩွန်းတော်မူဟန် ရှိသည်။ ။

ဖြဟ္မာ့ပြည်နှင့် လူ့ပြည်

'တပည့်တော်ဧမေးပါရစေဦးဘုရား....လူ့ပြည်နှင့်ဖြဟ္မာ့ ပြည်သည် အဘယ်မျှလောက်ဝေးပါသနည်း'

'ဒကာတော် မင်းမြတ်... တောင်ထွတ် ပမာ ရှိသော ကျောက်တုံးကြီးကို ဖြဟ္မာ့ပြည်၏ အောက်ဆုံးအဆင့်မှနေ၍ လူ့ပြည်သို့ ချလိုက်သော် တစ်နေ့နှင့်တစ်ညလျှင် ယူဇနာ လေးသောင်းရှစ်ထောင် ကျဆင်း၏။ ထိုစံနှုန်းအတိုင်းဖြင့် လေးလကြာမှ လူ့ပြည်သို့ရောက်၏။ လူ့ပြည်နှင့် ဖြဟ္မာ့ပြည် သည် ထိုမျှလောက်ပင် ဝေးပေ၏'

'အရှင်ဘုရား....ဤသို့ဆိုသော်အားရှိသောယောကျ်ား၏ လက်ရုံးကို ကွေးချိန် ဆန့်ချိန် အတွင်း၌ပင်လျှင်ရဟန်းတော် များသည် စျာန်ကန်ခိုးအား ဖြင့် လူ့ပြည်မှ ဗြဟ္မာ့ပြည်သို့ ရောက်သည်ဆိုခြင်းမှာ စင်စစ် ဟုတ်နိုင်ပါအံ့လော.... တပည့် တော် မယုံကြည်နိုင်ပါဘုရား'

'ကောင်းပြီမင်းမြတ်၊ သင်မင်းမြတ်သည် အဘယ်အရပ်၌ မွေးဖွားခဲ့သနည်း'

'အရှင်ဘုရား.... တပည့်တော်သည် အလသန္ဒကျွန်းတွင် မွေးဖွားခဲ့ပါသည်'

'ဤသဂလမြို့နှင့် အလသန္ဒကျွန်းသည် ယူဇနာအဘယ် မျှလောက် ဝေးကွာသနည်း'

'မှန်ပါ...ယူဇနာနှစ်ရာတိုင်တိုင် ဝေးကွာပါသည် ဘုရား'

'ထိုအလသန္ဒကျွန်းတွင်ရှိစဉ်က သင်မင်းမြတ်သည် တစ်စုံ တစ်ရာကို အမှတ်တရ ပြုလုပ်ခဲ့ဖူးသနော'

'မှန်ပါ....ပြုခဲ့ဖူးပါသည် ဘုရား'

'ကောင်းပြီမင်းမြတ်၊ ထိုပြုခဲ့ဖူးသောအလုပ်ကို ပြန်လည် ဆင်ခြင်ကြည့်လိုက်စမ်းပါလော'

'မှန်ပါ....ဆင်ခြင်ပြီးပါပြီ ဘုရား'

'မင်းမြတ်....အဘယ်သို့ပါနည်း၊လျှင်မြန်လှသောရထား၊ ယူဇနာနှစ်ရာတိုင်တိုင်ဝေးကွာသော အလသန္ဒကျွန်းသို့ သင် မင်းမြတ်သည် ယခု ချက်ချင်းပင်လျှင် ရောက်သွားအုပ်သည် တကား'

ထိုအခါ မိလိန္ဒမင်းသည် ရှင်နာဂဒသေနအား 'အရှင်ဘုရား....တပည့်တော် သိအပ်ပါပြီ....' ဆိုကာ တစ်ခုသော ပြဿနာကို ထပ်မံမေးလျှောက်ပြန်၏။

ဖြစ်ရပ်နှစ်ခုဖြင်မှု ဟု-ဟတု

'နာဂဒေသန အရှင်မြတ်ဘုရား....တပည့်တော်မေးချင်ပါ့သေးသည်။ တစ်ဦးသူကလူ.ပြည်၌ခေသ၍ ဖြဟ္မာ့ပြည်တွင်ဖြစ်၏။ တစ်ဦးသူကကျွဲသာဂလမြို့တွင်သေ၍ကသို့ဓတိုင်း၌ဖြစ်၏။ ထိုသူနှစ်ဦးတွင် မည်သူက ကြာမြင့်၍ မည်သူက လျင်မြန်ပါသနည်း ဘုရား'

'ဒကာတော်မင်းမြတ်.... ထိုသူနှစ်ဦးတို့သည် မည်သူကမျှလည်း ပိုမမြန်၊ မည်သူကမျှလည်း ပို၍နောက်မကျ၊ ထပ်တူညီမျှပင် ဖြစ်ပေတယ်'

'ဥပမာ ဆောင်တော်မူပါဦးဘုရား'

'ကောင်းပြီမင်းမြတ်.... မင်းမြတ်ဟာ ဘယ်အရပ်မှာမွေးဖွားခဲ့ပါသလဲ'

'အရှင်ဘုရား....တပည့်တော်သည် ကာလသီဆိုသော ရွာတွင် မွေးဖွားခဲ့ပါသည်'

'ယခု သာဂလမြို့နှင့် ကာလသီရွာဟာ ယူဇနာ ဘယ်လောက်ဝေးကွာပါသလဲ'

'ယူဇနာ နှစ်ရာ ဝေးပါသည် ဘုရား'

'ကသိမီရတိုင်းနှင့် သဂလမြို့ကကော....ဘယ်လောက်ဝေး ပါသလဲ- မင်းမြတ်'

'ဆယ့်နှစ်ယူဇနာ ဝေးပါသည်ဘုရား'

'ကောင်းပြီမင်းမြတ်.... သို့ဆိုလျှင် သင်မင်းမြတ်မွေးဖွားခဲ့ရာ ကာလသီရွာကို ပြန်လည် ဆင်ခြင်ကြည့်လိုက်စမ်းပါလော့'

'မှန်ပါ.... ဆင်ခြင်ပြီးပါပြီ ဘုရား'

'ကသိမီရတိုင်းကိုလည်း ဆင်ခြင် ကြည့်လိုက် စမ်းပါဦး မင်းမြတ်'

'ကြည့်ပြီးပါပြီ ဘုရား'

'ကောင်းပြီ မင်းမြတ်.... ကသိမီရတိုင်းနဲ့ ကာလသီရွာကို သင်မင်းကြီး ဆင်ခြင်ကြည့်လိုက်တဲ့အခါ ဘယ်နေရာက ပို၍ မြန်ပါသလဲ'

'မှန်ပါ....ဘယ်နေရာကမှ ပိုပြီးမြန် ပိုလဲနောက်မကျပါ ဘုရား'

'မှန်ပေတယ်မင်းကြီး....ပြဟ္မဉ့်ပြည်မှာသဉ်းရောက်ဖြစ်တဲ့ လူနဲ့ကသိမီရတိုင်းမှာ သဉ်းရောက်ဖြစ်တဲ့ သူတို့နှစ်ဦးဟာလဲ ထိုနည်းအတူပဲ၊ဘယ်သူကမှ မြန်ခြင်း၊နောက်ကျခြင်းမရှိတစ် ပြိုင်နက် ထပ်ဘူညီမျှသာ ဖြစ်အပ်ပေတယ်'

'မှန်ပါ....အခြား ဥပမာတစ်ခု ထပ်မံ ဆိုတော်မူပါဦး ဘုရား'

'ကောင်းလှပြီမင်းမြတ်....ငှက်နှစ်ကောင်ဟာကောင်းကင် မှာ ပျံသွားရာက တစ်ခုသောသစ်ပင်မှာ ပြိုင်တူနားလိုက်ကြ

တယ်။ ငှက်တစ်ကောင်က အထက်သစ်ကိုင်းမှာ နား:တယ်။ ကျန်တစ်ကောင်က အောက်သစ်ကိုင်းမှာနား:တယ်။ ထိုငှက်နှစ်ကောင်အနက် ဘယ်ငှက်ရဲ့အရိပ်က မြေကြီးမှာ ဦး:စွာထင်ဟပ်ပြီး ဘယ်ငှက်က နောက်ကျပြီး:တော့မှထင်ဟပ်မလဲ'

'အရှင်ဘုရား....တစ်ကောင်နှင့်တစ်ကောင် ကွာခြား:မည်မဟုတ်ပါ။ အတူတူပင် ထင်ဟပ်မည်သာ ဖြစ်ပါသည်'

'ငြိဟ္မာန္ဒုပြည်မှာ ဖြစ်သူနှင့် ကသ္မီရတိုင်း:မှာ ဖြစ်သူကိုလဲ သည်အတိုင်း:ပဲ သိမှတ်အပ်ပေတယ် မင်း:မြတ်၊ တစ်စုံတစ်ရာ ထူး:ခြား:ကဲ့ပြား:မှု မရှိပေဘူး:'

'မှန်ပါ....လျှော်ကန်သင့်မြတ်သ့ပါသည် ဘုရား'

ပေါင်ချင်ဟူသည်

'အရှင်မြတ်ဘုရား.... ပေါင်ချိဝ်ဟူသည် အဘယ်မျှ ဦးပါသနည်း'

'မင်း:မြတ်....ပေါင်ချင်သည် ခုနှစ်ပါး:ရှိပေတယ်'

'ပေါင်ချင်ကို့ဖြင့် သိအပ်သောတရား:ကို အဘယ်တရား:ဖြင့် သိနိုင်ပါသနည်း'

'မင်းမြတ် ..ပေါင်ချင်တို့ဖြင့် သိအပ်သောတရား:ကို ဓမ္မဂိဝယသဒ္ဒေါဘွင် တစ်ပါး:တည်း:ဖြင့် သိနိုင်ပေတယ်'

'ဤသို့ကဲ့သျှင် အဘယ့်ကြောင့် ပေါင်ချင် ခုနှစ်ပါး:ဟူ၍ ဟောဒေတော်မူအပ်ကုန်ပါသနည်း ဘုရား'

'မင်းမြတ်.... သင် အဘယ်သို့ မှတ်ထင်ဘိသနည်း။ သန်လျက်ကို အိမ်ဖြင့်ထည့်ထား၍သော် ကစ်စုံတစ်ရာကို ခုတ်ထစ်ဖြတ်ပိုင်းနိုင်အံ့လော'

'မဖြတ်ပိုင်းနိုင်ပါ ဘုရား'

'မမှဝိစယသမ္မောဇ္ဈင်သည်လည်းထို့အတူပေပါမင်းမြတ်၊ မမှဝိစယ သမ္မောဇ္ဈင် မပါဝင်ဘဲ ကျန်ခြောက်ပါး၏သာ သမ္မောဇ္ဈင်တို့ဖြင့် သိအပ်သောတရားကို မသိနိုင်ပေဘူး'

'မှန်ပါ....ဘုရားသခင်တော် ဆင်ခြင်မိပါပြီ ဘုရား'

ကုသိုလ်နှင့် အကုသိုလ်

'အရှင်ဘုရား.... ကုသိုလ်နှင့် အကုသိုလ်သည် အဘယ်အရာကပို၍ တိုးပွားအပ်ပါသလဲ ဘုရား'

'ကုသိုလ်ကပို၍ ကိုးပွားအပ်ပေတယ် မင်းမြတ်'

'ဘယ်လိုကြောင့်ပါလဲ ဘုရား'

'မင်းမြတ်.. အကုသိုလ်ဆိုတာ ပြုပြီးတဲ့အခါ စိတ်မချမ်းသာရတာမျိုး ဖြစ်ပေတယ်။ ဒီတော့ ဘယ်သူပဲ ဖြစ်ဖြစ် အကုသိုလ်မှုကိုပြုပြီးရင် ပြုခဲ့မိရင် ဒါကိုတွေးမနေတော့ဘူး၊ ပွားများမနေတော့ဘူး၊ ဗျာတ်နိုင်သလောက် မေ့ပျောက်ပစ်ကြတယ်'

'ကုသိုလ်ကတော့ ဒီလိုမဟုတ်ဘူး၊ မပြုခင်ကလဲ ကြည်နူးဝမ်းမြောက်ရတယ်။ ပြုပြီးပြန်တော့လဲ ပိုလို့ပဲ ဝမ်းမြောက်ရပြန်တယ်။ ဒီတော့ ပြုခဲ့ပြီးတဲ့ကုသိုလ်ကောင်းမှုကို အဖန်ဖန်

ပြန်ဝေး ပြန်သတိရ နှစ်သိမ့်ကြည်နူးမှုဆိုတဲ့ ပီတိသောမနဿ ဖြစ်၊ သည်လိုပီတိသောမနဿဖြစ်ရတဲ့အခါ စိတ်နှလုံး ငြိမ်းချမ်းလာတယ်'

'စိတ်နှလုံးငြိမ်းချမ်းခဲ့ တည်ငြိမ်မှု ဖြစ်လာရတယ်။ တည်ငြိမ်မှု ဖြစ်လာတော့ သိစရာရှိတာကို အမှန်အတိုင်း သိလာရတယ်။ သဘောကဒတော့ ဝိတ်ကညှိမ်တဲ့အခါဘစ်စုံတစ်ခုကို အာလုံးအနှက်အာရုံပြုနိုင် ဖွေးဖော ဆင်ခြင်နိုင်သလိုပေါ့...'

'ဒီဒေတာစိတ်တည်ငြိမ်တာအကြောင်းပြုပြီး အမှန်တရားကို သိလာတာနဲ့အမျှ ကောင်းသောအမှု ကောင်းသော အကြံတွေဟာလဲ ပိုပြီးတော့ပဲ ပွားများစည်ပင်လာရတာပေါ့'

'မင်းမြော်.... လက်ခြေပြတ်ဇနုသူ ဒုက္ခိတ တစ်ဦးဟာ မြတ်စွာဘုရားကိုကြာပန်းတစ်ပွင့်လှူခဲ့ရသောအကျိုးကြောင့် ကိုးဆယ့်တစ်ကမ္ဘာတိုင်တိုင်ပင် အပါယ်ငရဲသို့မကျရောက်ခဲ့ရဘူး။ ဒါကြောင့် ကုသိုလ်ကောင်းမှုဆိုတာ တိုးပွားစည်ပင်စေတာမျိုးဖြစ်ပေတယ်'

'မှန်ပါ ..ကောင်းမြတ်လှပါသည့် ဘုရား'

သိသူနှင့် မသိသူ

'အရှင်ဘုရား-တပည့်တော်မေးပါရဦးမည်။ မကောင်းမှုမှန်းသိပါလျက် လွန်ကျူးသူနှင့် မသိဘဲ လွန်ကျူးသူနှစ်ဦးတွင် ဘယ်သူကပိုပြီး အပြစ်ကြီးလေးပါသလဲဘုရား'

'မသိဘဲ လွန်ကျူးသူက ပိုပြီး အပြစ်ကြီးလေးပေတယ် မင်းမြတ်'

'အရှင်ဘုရား.... တပည့်တော်တို့ တရားစီရင်ရာကွင်ကား ဤသို့မဟုတ်ပါ။ မင်းညီမင်းသား မှူးမတ်တို့၏သား စသည် တရားဥပဒေသဘောကို သိပြီးသူများအပြစ်ကျူးလွန်ခဲ့လျှင် အခြားသူများထက်ပိုပြီး အပြစ်ကြီးလေးပါသည်'

'မှန်ပေတယ်မင်းမြတ်-မင်းမြတ်ဆိုအပ်သည်မှာ လောကကြောင်းဖြစ်ပေတယ်။ ဓမ္မကြောင်းသဘောမှာတော့ မသိ၍ လွန်ကျူးသူက သိပါလျက် လွန်ကျူးသူထက် ပိုပြီး အပြစ်ကြီးလေးပေတယ် မင်းမြတ်'

'မှန်ပါ- အကြောင်းရင်းကို ရှင်းပြတော်မူပါဦးဘုရား'

'မင်းမြတ်....အလျှံပြောင်ပြောင် တောက်လောင်ပူပြင်းနေတဲ့ သံတွေ့ခဲကို ပူမှန်းသိထားပြီးသူနှင့် ပူမှန်းမသိသေးသူနှစ်ဦး ကိုင်တွယ်ခဲ့ရင် ဘယ်သူက အပူဒဏ်ကို ပိုပြီး ခံစားရမလဲ'

'မှန်ပါ....ပူမှန်းမသိသေးသူက အပူဒဏ်ကို ပိုပြီး ခံစားရပါလိမ့်မယ်ဘုရား'

'ဘာကြောင့်လဲ မင်းမြတ်'

'မှန်ပါ-သူက သံတွေ့ခဲရဲ့ ပူတဲ့အဖြစ်ကို လုံးဝ သိမထားလေတော့ ထိထိမိမိ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်မှာဖြစ်လို့ပါဘုရား'

'မှန်ပေတယ် မင်းမြတ်.... မသိတော့ မကြောက်ဘူး၊ မကြောက်တော့ ပေါ့ပေါ့တန်တန် မလုပ်ဘူး၊ သိထားသူက

တော့ မလဲသာသို့ လုပ်ရသည့် တိုင်အောင် အပြင်းအထန် စိတ်ရောကိုယ်ပါမဟုတ်ဘူး၊ အင်တိုက် အားတိုက်မဟုတ်ဘူး၊ သည်တော့ အပြစ်ကလဲ ကြီးလေးသင့်သလောက် မကြီးလေး ပေဘူးပေါ့'

'မသိလို့လုပ်တဲ့ သူကတော့ သံတွေခဲကို ရဲရဲကြီးဆုပ်ကိုင်လိုက်ရသလိုပဲ။ အကုသိုလ်မှုတွေကိုစိတ်ရောကိုယ်ပါ အင်တိုက်အားပါပြုလုပ်လေတော့ ပိုပြီးတော့ အပြစ်ကြီးလေးရပေတယ် မင်းမြတ်'

'မှန်ပါ သိသာ ကဲ့ပြီးအပ်ပါပြီဘုရား'

လူကိုယ်ဖြင့် ငြဟ္မာ့ပြည်ကို သွားနိုင်မသွားနိုင်

'တပည့်တော် မေးပါရစေဦးဘုရား- ပကတိသော လူ၏ ခန္ဓာကိုယ်ဖြင့် မြောက်ကျန်းသို့လည်းကောင်း၊ အခြားကျန်းများသို့လည်းကောင်း၊ ငြဟ္မာ့ပြည်သို့လည်းကောင်းသွားနိုင်ကောက်နိုင်သူများ ရှိပါသလား ဘုရား'

'ဒကာတော်မင်းမြတ်.... သင်မင်းမြတ်သည် မြေအပြင်၌ ခုန်ပျံကျော်လွှားနိုင်သူများကို တွေ့ဖူးပါသလော'

'မှန်ပါ....တပည့်တော် ကိုယ်တိုင်ပင်လျှင် ရှစ်ကောင်ခန့် မြင်ဖူးအောင် ခုန်နိုင်ပါသည်ဘုရား'

'ကောင်းပြီ မင်းမြတ် သင်မင်းမြတ် ခုန်သောအခါ အဘယ်ကဲ့သို့ စီစဉ်ပြုလုပ်ပြီးမှ ခုန်အပ်ပါသလဲ'

'အရှပ်ဘုရား....ကပည့်တော်သည် ဆိုရှစ်တောင်ခန့် အမြင့်ကိုခုန်တော့မည် ကြံသည့်အခါ စိတ်ကသည်းအသိအသာပ် ပေါ့ပါးသွက်လက်အပ်ပါသည့် ဘုရား'

'ပုတ်ပေတယ်မင်းကြီး.... ဂိတ်ဘန်ခိုးအဘိညာဉ် အလေ့အကျင့် ရှိပြီးသူမျှားမူလဲ ထိုအတိုင်းပင် ဖြစ်အပ်ပေတယ်။ မိမိ၏စိတ်ဘန်ခိုးကို စုပည်းအားထုတ်အပ်ခြင်းဖြင့် ခန္ဓာကိုယ်ကြီးနှင့်တကွဧကာင်းကင်သို့ကူးသန်းရောက်သွားနိုင်ပါတယ်'


'မှန်ပါ....ဧကြာင်းကျိုးသဘာဝ လျှော်ကန်ညီညွတ်လှပါသည့် ဘုရား'

အဂိုး ရှည်-မရှည်

'အရှင်ဘုရား....အရှင်ဘုရားတို့ကသတ္တဝါတို့၏အရိုးသည် ယူဇနာတစ်ရာတိုင်တိုင်ရှည်လျားသည် ဆိုကြကုန်၏။ သစ်ပင်မျိုးသည်ပင်လျှင်ယူဇနာတစ်ရာမရှည်နိုင်၊မမြင့်နိုင်ခဲ့ပါ၊အရိုးမူကား အဘယ်သို့ယူဇနာတစ်ရာတိုင်တိုင် ရှည်နိုင်ပါအံ့နည်း'

'မင်းမြတ်....မင်းမြတ် အဘယ်သို့ ထင်မှတ် ဘိသနည်း။ မဟာသမုဒ္ဒရာ၌ ယူဇနာငါးရာရှည်လျားသောငါးကြီးမျှားရှိသည်ဟူ၍ ကြားဖူးသည် မဟုတ်လော'

'မှန်ပါ....ကြားဖူးပါသည်ဘုရား'



အချင်မြတ်သည် မိမိကိုယ် မိမိလည်း ကောင်းစွာစောင့်
ရှောက်တော်မူပါ။ တပည့်တော်ကိုလည်း စောင့်ရှောက်တော်
မူပါဘုရား....။

'မင်းမြတ်....သို့ဆိုလျှင်အထူးဆိုဖွယ်မရှိတော့ပြီ။ ယူဇနာဝေါ်းရှည်လျှားဖေသာ ဝေါ်းကြီး၏အရိုးသည် ယူဇနာတစ်ရာရှည်လျှားကောင်းသည်သာ မဟုတ်ပါဖလော'

'မှန်ပါ...လျှော်ကန်ပါသည်ဘုရား'

ထွက်သက် ဝင်သက်ကို ချုပ်ထားနိုင်စွမ်း ရှိမရှိ

'နာဂဖေသန အရှင်မြတ်ဘုရား.... ထွက်သက် ဝင်သက်ကို ချုပ်ထားနိုင်စွမ်း ရှိအပ်ပါသလား'

'မင်းမြတ်-ထွက်သက်ဝင်သက်ကိုချုပ်ထားနိုင်ပေတယ်'

'မှန်ပါ....အဘယ်သို့ ချုပ်ထားနိုင်ပါသနည်း ဘုရား'

'မြတ်သောမင်းကြီး....သင်မင်းကြီးသည် အိပ်စက်သောအခါ ဟောက်တတ်သူကို တွေ့ဖူးပါသလော'

'မှန်ပါ....တွေ့ဖူးပါသည် ဘုရား'

'ထိုသူမျိုးသည် သေသောအခါဟောက်သံကို ကြားအပ်သေးသလော'

'မကြားရတော့ပါ ဘုရား'

'ကောင်းပြီမင်းမြတ်၊ မည်သည့်သီလမျှသည်းမရှိ၊ မည်သည့် [illegible]ဝန်းတရားကိုမျှလည်း အားမထုတ်သူသည်ပင် လျှင် [illegible]သောအခါ ဟောက်သော့အသံကို မရှိတော့ခဲ့သော် ကမ္မဋ္ဌာန်းတရားကိုအားထုတ်ကာ စတုတ္ထဈာန်ကို ဝင်စားအပ်သော ပညာရှိပုဂ္ဂိုလ်သည်ကား အဘယ်မှာလျှင် ထွက်သက်ဝင်သက် မချုပ်နိုင် ရှိခဲ့ပါမည်နည်း'

'မှန်ပါ....သိသာရှင်းလင်းအပ်ပါပြီ ဘုရား'

စကားစပ်။ ။

ဤအမေးအဖြဦ မိလိန္ဒမင်း၏ ဒယူအဆမှာ ထွက်သက်ဝင်သက် မရှိသော် သေဆုံးပြီဟု ယုံကြည်လက်ခံထားသည်။ ရှင်နာဂသေနအဖို့မူ ကမ္မဋ္ဌာန်းဘုံးကို ပွားများ၍ ပညာနှင့် ပြည့်စုံကာ စတုတ္ထစျာန်ကို ဝင်စားအပ်သော ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းကိုအရင်းခံပြု၍ပင်လျှင် ထွက်သက်ဝင်သွားကို ချုပ်ထားနိုင်သည်ဟု ဆိုလိုသည်။

သမုဒ္ဒရာ ဟူသည်

'အရှင်ဘုရား....သမုဒ္ဒရာဟူ၍ အဘယ်ကြောင့် ခေါ်ဆိုအပ်ပါသနည်း'

'မင်းကြီး.... ထိုသမုဒ္ဒရာ ခေါ်ဆိုအပ်သည်၏ အတွင်း၌ ရှိနေသမျှသော ရေအားလုံးတို့သည်ပင်လျှင် ငန်သော အရသာ တစ်ခုတည်းသာရှိ၏။ ထို့ကြောင့်ပင် သမုဒ္ဒရာဟု ခေါ်ဆိုအပ်ပေ၏'

ငန်ခြင်း၏ အကြောင်းရင်း

'အရှင်ဘုရား....သမုဒ္ဒရာရေသည် ဘာကြောင့် ငန်သော အရသာတစ်ခုတည်းသာ ဖြစ်ရှိနေရပါသနည်း'

'မင်းမြတ်.... သမုဒ္ဒရာအတွင်းဥ်ိဳရှိအပ်သော ရေမျှားတို့သည် ကာလမြင့်ရှည်စွာ တည်နေခဲ့ရခြင်းဖြစ်တယ်။ ထို့ကြောင့်ပင် ငန်သောအရသာ ဖြစ်ရှိနေရပေတယ်'

တရား၏ သိမ်မွေ့ခြင်း

'အရှင်ဘုရား.... သိမ်မွေ့တဲ့ သဘောတရား အားလုံးကို ဖြတ်ဓောက်ပြုပြင်လို့ ဖြစ်အပ်ပါသလား'

'ဖြစ်အပ်ပေတယ် မင်းကြီး'

'မှန်ပါ....သိမ်မွေ့တဲ့ သဘောတရားဆိုတာဘာကိုခေါ်အပ်ပါသလဲ ဘုရား'

'သိမ်မွေ့တဲ့သဘောတရားဆိုတာ တရားကိုခေါ်ခြင်းပဲဖြစ်ပေတယ် မင်းမြတ်။ သို့သော် တရားအားလုံးပင်လျှင် သိမ်မွေ့တယ်လို့ မဆိုနိုင်ပေဘူး။ ကုသိုလ်တရားသည် သိမ်မွေ့၍ အကုသိုလ်တရားသည် ရုန့်ရင်းအပ်ပေတယ်'

'အလုံးစုံခြုံလွှမ်းပေါင်းရုံးအပ်လျှင်ကား တရားအားလုံးသည်ပင် သိမ်မွေ့နက်နဲစွာသောအခြင်းအရာရှိပေတယ်။ ထို့အခြင်းအရာ၌ပင်လျှင် ပညာက ဖြတ်ဓောက်ပြုပြင်သင့်တာမှန်သမျှကို ဖြတ်ဓောက်ပြုပြင်အပ်ပေတယ်။ ပညာမှ သဲ့၍ဖြောင့်မှန် တိကျစွာသော ဖြတ်ဓောက်ပြုပြင်ခြင်း ဟူ၍ မရှိပေဘူး မင်းမြတ်'

'မှန်ပါ....အရှင်ဘုရားဆိုအပ်သည့်အတိုင်းပင် အယူအဆနှင့် စပ်လျဉ်း၍ သိမ်မွေ့နက်နဲလှပါသည် ဘုရား'

ဝိညာဉ်-ပညာ-အသက်

'အရှင်ဘုရား- ဤခန္ဓာကိုယ်၌ဝိညာဉ်ဟူ၍လည်းကောင်း၊ ပညာဟူ၍လည်းကောင်း၊ အသက်ဟူ၍လည်းကောင်းသုံးမျိုးသုံးပါးရှိနေရာ၌ တိုတရားတို့သည် အဘယ်သို့သောသဘောရှိပါသနည်း ဘုရား'

'မင်းမြတ်.... ဝိညာဉ်က သိခြင်းလက္ခဏာ ရှိပေတယ်။ ပညာကစိတ်ဖြာခွဲခြမ်းပြီးသိဘတ်ခြင်းလ ကာရှိပေတယ်။ အသက်ဆိုတာဟာ လုံးဝမရှိပေဘူး မင်းမြတ်'

'အရှင်ဘုရား....အသက်ဆိုဘာမရှိခဲ့ဘူးဆိုရင် ဘယ်သူက မျက်စိနဲ့ အဆင်းကိုမြင်အပ်ပါသလဲ၊ နားနဲ့အသံကိုကြား အပ်ပါသလဲ၊ နှာခေါင်းနဲ့ အနံ့ကို နမ်းချ။ အပ်ပါသလဲ၊ လျှာဖြင့် အရသာကို သိအပ်ပါသလဲ'

'ဒကာင်းပြီမင်းမြတ်၊ မင်းမြတ်ဆိုသည့်အတိုင်း အသက်က မျက်စိနဲ့ အဆင်းကို မြင်တယ်။ နားနဲ့အသံကို ကြားတယ်။ နှာခေါင်းနဲ့ အနံ့ကို နမ်းတယ်-ရှုပ်တယ် ဆိုခဲ့ရင် ထိုဒသက်ဟာ မျက်စိဖွင့်ပြီး ဒကာင်းကင်ကြီးကိုကြည့်လိုက်တဲ့အခါ အဆင်းမှန်သမျှ အကုန်မြင်ဒတ္တရမလား'

'နားကို ဖွင့်လှစ်ထားတဲ့အခါ အသံမှန်သမျှကို အကုန်ကြားရမလား'

'နှာခေါင်းကို ဖွင့်လှစ်ထားတဲ့အခါ အနံ့ မှန်သမျှကို အကုန် နမ်းနိုင် ရှုနိုင်မလား'

'လျှာကိုထုတ်ထားတဲ့အခါ အရသာမှန်သမျှကို အကုန် သိရှိခံစားနိုင်ဖလား'

'အရှင်ဘုရား....ဤသို့ကား မဖြစ်နိုင်ပါ'

'မင်းမြတ် ဤသို့ကား မဖြစ်နိုင်ပါ ဆိုခဲ့ဖူးသော် သင် မင်းမြတ် ဆိုအပ်လေသော 'အသက်' ဟူသည့် ခန္ဓာကိုယ်ထဲမှာ လုံး၀. မရှိဖေးဘူး၊ ၀ေါဟာရ ပညတ်အမှတ်သဘော၌ သာ ဖြစ်ပေတယ် မင်းမြတ်'

'မှန်ပါ...သိမ်မွေ့နက်နဲလှပါပေသည့် ဘုရား'

နာဗ်ဖားး၏သိမ်မွေ့နက်နဲခြင်း

'အရှင်ဘုရား.... မြတ်စွာဘုရားသည် ပြုခဲ့ဖူးသော အမှုကို ပြုတော်မူပါသလော'

'မှန်သည်မင်းကြီး၊ မြတ်စွာဘုရားသည် ပြုခဲ့သောအမှုကို ပြုတော်မူအပ်ပေတယ်'

'အဘယ်အရာသည် ပြုခဲ့လို့သော အမှု ဖြစ်ပါသနည်း ဘုရား'

'မင်းကြီး.... တစ်ခုသောအာရုံ၌ ဖြတ်အပ်ပိုင်းခြားဖွယ် ကုန်သော စိတ်, ဖေတသိက်, နာမ် တို့ဟူ၍ ဤစရားသည် ကား-ဖဿ, ဤစရားသည်ကား- ဖဿနာ, ဤစရားသည် ကား-သညာ စသည်ဖြင့် အစိတ်အပြား ပိုင်းခြားခြင်းအမှု သည်ပြုခဲ့လှုံသော အမှုပင် ဖြစ်ပေတယ်'

'ဥပမာ ဆိုတော်မူပါဦး ဘုရား'

'မင်းကြီး....အကြင်သူ တစ်ယောက်ဖ်ာ သမုဒ္ဒရာရေကို ခပ်ယူပြီး ဒါကတော့ ယမုံနာမြစ်က လာတဲ့ရေပဲ၊ ဒါက

တော့ အစိုရဝတီမြစ်က လာတဲ့ရေပဲ၊ ဒါကတော့မဟီမြစ်က လာတဲ့ရေပဲ....လို့ ပိုင်းခြား ကန့်သတ်ပြီး သိနိုင်ပါ့မလား၊ သိသည့်တိုင်အောင် ပိုင်းခြားလို့ကော ရနိုင်ပါ့မလား'

'မရနိုင်ကြောင်းပါဘုရား'

'မှန်ပေတယ် မင်းကြီး.... ထိုသမုဒ္ဒရာရေကို ပိုင်းခြားရန် ခက်သည်ထက်ပင် စိတ်, စေတသိက်ဆိုတဲ့ နာမ်တရားတွေမှာ ဒါကတော့ ဝေဒနာ, ဒါကတော့ သညာ, ဒါကတော့ စေတနာ, ဒါကတော့စိတ်ဆိုတဲ့ ပြုခဲ့လှုပ်ခဲ့သော အမှုတွေကို မြတ်စွာဘုရားဟာ ပြုတော်မူအပ်ပေတယ်'

'မှန်ပါ....ကောင်းမြတ်လှပါပေသည်ဘုရား'

မိလိန္ဒမင်း၏ သဒ္ဓါတရား

ဤစာအုပ်တစ်နေရာဝွင် စပ်လျဉ်းဖော်ပြခဲ့သည့်အတိုင်း ပင် မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ တရားဆွေးနွေးမှု(မေးခြင်း-ဖြေခြင်း)မှာ တောက်လျှောက်စဉ်တိုက်ဖြစ်နေခဲ့သည်။ မေးသည့်ပုဂ္ဂိုလ်ကလည်း ပြဿနာပေါင်းများစွာ၊ ဖြေသည့် ပုဂ္ဂိုလ်ကလည်း အဖြေပေါင်းများစွာ၊ ပြဿနာတစ်ခုတွင် ပိုပြီးကောင်းသော ဥပမာ ဆိုသည်မျိုးကလဲ့ဲ့ ဆင့်ကာ ဆင့်ကာ ပါရှိခဲ့ပေသေးသည်။

သို့သော် မိလိန္ဒမင်းမေးသမျှကိုပင် နာဂသေနအရှင်မြတ်ကလည်း ကောင်းစွာသောစိတ်စေတနာဖြင့် တိကျပြည့်စုံစွာ ဖြေကြား ရှင်းလင်းတော်မူခဲ့သည်။

သို့လျှင်....အဓမ္မ အဓြာမျှ၊လှသည်နှင့်အမျှ အချိန်ကာလည်း သန်းခေါင်ယံသို့ပင် ရောက်ခဲ့ချေပြီ။ မထေရ်မြတ်နှင့် မိလိန္ဒမင်းကြီးတို့ ဝန်းကျင်တွင်ဆီမီး၊ရောင်မျှ၊သည်ထိန်ထိန်လင်းလျက်ရှိသည်။ ဘုရားရှင်ရောင်ကမ္ဘာလောကြီးလွှမ်းခြုံထား သကဲ့သို့ရှိသောညဉ့်အမှောင် အောက်တွင် တစ်ခုနှင့် တစ်ခု အရောင်ချင်းဆက်စပ်ကာ ကြည်လင်ဝင်းပစွာ ထွန်းလင်းနေအပ်သော ဆီမီး၊ရောင်မျှ၊မှာအရှင်မြတ်နှင့် မင်းကြီးတို့၏ တရား၊ဆွေးနွေးမှုကို ချီး၊ကျူး၊ပူဇော်နေသည့်နှယ်ပင်ရှိတော့၏။

အဖတ်မျှ၊က၊သည်း'ဤအရှင်ကောင်း၊ကား-ငါတို့သခင် မင်းကြီးနှင့် ထိုက်တန်ပေသည်' ဟု ဝမ်းမြောက်နေကြကုန်သည်။

အရှင်မြတ်သည်ပြဿနာတစ်ချပ်ပြီး၊ပြတ်ဖြေကြား၊ပြီး၊သည့် အခိုက် အချိန်အခါအား၊လျော်စွာ မိလိန္ဒမင်းကြီးအား သတိပေးနှုတ်ဆက်သည့်သဘောမျိုး ဆိုတော်မူလိုက်၏။

'မင်းကြီး....ကျွန်း၊စက်ချိန် ရောက်နေပြီ'

'အရှင်ဘုရား....သည်း၊ခံတော်မူပါ၊ ကျွန်း၊စက်ချိန်ရောက်နေပြီကို တပည့်တော်သိပါသည်'

မိလိန္ဒမင်းကြီး၊သည် သို့လျှင်တုံ့ပြန် လျှောက်ထား၊ကာ အမတ်မျှ၊ရှိရာဆီသို့ တစ်ခဏမျှ ယုံ့က်လာခဲ့သည်။ ထိုအခါ အမတ်မျှ၊က ဝိုင်း၊ဝန်း၊လျှောက်ထား၊ကြ၏။

'အရှင်မင်းကြီး....နာဂစေန အရှင်သည် ပညာရှိပေစွဲ့ တကား၊အရှင်မင်းကြီးနှင့်တန်း၊တူညီမျှပင်လိုက်ဖက်လှပေ၏။

'မှန်သည် ဒီခေါင်းအုံမတ်တို့.... မထေရ်မြတ်သည် ပညာရှိပါပေ၏။ငါသည် စောစောကပင်လျှင် ဤဆရာနှုံ့တွေ့ခဲ့ရခြေသော်ဆောလျှင်စွာ ပဉ္စာရ၍ တရားပေးပေါ်ကို ဖြောင့်မှန်စွာ သိနိုင်ပေလတ္တံ့'

ထို့နောက် မိလိန္ဒမင်းသည် နာဂဆေနအရှင်မြတ်ထံပါးသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ပြဿနာဖြဆိုတော်မူခြင်းအတွက် ကြည်ညိုနှစ်သက်လှသဖြင့် အဖိုးတန်သိန်းထိုက်သောကမ္မလာနီကိုမထေရ်မြတ်အား လှူဒါန်းဆက်ကပ်ကာ ဤသို့လည်း လျှောက်ထားတော်မူပေ၏။

'အရှင်ဘုရား....ယနေ့မှ အစပြု၍ ကစ်ရာ ရွှစ်ပါးသောဆွမ်းဝတ်ကို တပည့်တော်လှူဒါန်းပါရစေ....ထို့ပြင်တပည့်တော်၏ ဤနန်းအိမ်တွင်း၌ အရှင်ဘုရားတို့နှင့် အပ်စပ်သောဝတ္ထုပစ္စည်း၊ လိုအပ်နေသော ဝတ္ထုပစ္စည်း ရှိခဲ့လျှင်လည်း အချိန်မရွေး အလှူခံတော်မူပါဘုရား'

'ကောင်းပြီ မင်းကြီး.... အသက်ရှည်ဇသင် လျော်ကန်လျောက်ပတ်ပါပေ၏'

'မှန်ပါ....တပည့်တော် ယုံကြည်အပ်ပါသည် ဘုရား.... အရှင်ဘုရားသည် အသက်ရှည်ဦးမည်သာဖြစ်ပါသည်။အရှင်ဘုရား မိမိကိုယ်ကိုမိမိလည်း ကောင်းစွာ ဖေဖော်ရှောက်တော်မူပါ။ တပည့်တော်ကိုလည်းစောင့်ရှောက်တော်မူပါဘုရား'

'ကောင်းပြီ မင်းကြီး....ဤအတွက်မစိုးရိမ်လင့်'

'အရှင်ဘုရား....တပည့်တော်သည် ပမာအား(ဖြင့်ကား)လျှောင်ချိုင့်တွင်းမှ ခြင်္သေ့မင်းကဲ့သို့သာ ဖြစ်ပါသည်။ခြင်္သေ့

မင်းသည် လောင်ချိုင့်တွင်းတွင် ရှိခြားသော်လည်း မျက်နှာကမူ လောင်ချိုင့်အပြင်သို့သာ ရှေးရှုအပ်လေသကဲ့သို့တပည့်တော်သည်လည်း ဝဠဒုက္ခနှောင်အိမ်တွင်းမှ လွတ်ခြင်းကိုသာ ရှေးရှုဦးတည်လျက် ရှိပါသည်'

'သို့သော်ဘုရားတပည့်တော်တို့မမ်းအပြစ်ဆိုသည်မှာ ဘာနည်းဆုယ်များလုပါသည်။ အကယ်၍ရဟန်းပြုခဲ့လျှင်လည်း မင်းအပြစ်ကို အစဲပြု၍ပင်လျှင် ကြာမြင့်စွာ အသက်ရှင်နိုင်မည် မဟုတ်ပါဘုရား'

နာဂဇေနအရှင်မြတ်သည် မင်းကြီး၏ စကားအတွက်မည်သို့မျှ ဝေဖန်ဆုံးဖြတ်ရန် မစွမ်းသာသကဲ့သို့ဟိတ်ဆိုတ်သာနေတော်မူ၏။ နောက်-နှုံးတော်တွင်းမှသည် ဆန်ခါယျပရိဝုဏ်သို့ ပြန်လည်ကြွမြန်းတော်မူခဲ့ပေ၏။

'တပည့်တော်ကို စောင့်ရှောက်တော်မူပါ' ဆိုသောစကား၏အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။

မိလိန္ဒမင်းကြီးသည်ရှင်နာဂဇေနအားတရားဆွေးနွေးကာ ကြည်ညိုခြင်းပင် ရှိလင့်ကစား တစ်စုံတစ်ရာ လူဒါန်းဆက်ကပ်ခြင်းမပြုခဲ့လသော်အခြားသူတို့စကားတင်းမှိုစရာဖြစ်မည်။

'မိလိန္ဒမင်းသည် ပြဿနာပေါင်းများစွာကိုသာမေးမြန်းသော်လည်း ရှင်နာဂဇေနထေရ်မြတ်ကိုကား တစ်စုံတစ်ရာထိုက်တန်ကောင်းမွန်စွာသော ဝတ္ထုပစ္စည်းကိုလူဒါန်းပူဇော်ခြင်း မရှိလတကား'

ဤစကားမျိုး အဆိုခံရမည်ကို စိုးရိမ်ဖယော အားဖြင့် တပည့်တော်ကိုစောင့်ရှောက်တော်မူပါဟု ဆိုခြင်းဖြစ်သည်။

'အရှင်ဘုရားကိုယ်ကိုလည်း စောင့်ရှောက်တော်မူပါ' ဆို သည်မှာကား မိမိလူဒါန်းပူဇော်အပ်သည်မျှားကိုလက်ခံတော်မူခြင်းဖြင့် ဂုဏ်သတင်းကျော်စောပါစေဆိုခြင်း ဖြစ်သည်။

နာဂသေနအရှင်မြတ် ပြန်ကြွသွားသည့်အခါ မိလိန္ဒမင်း ကြီးသည် 'ငါသည်အရှင်မြတ်ကို ပြဿနာပေါင်းများစွာ ပင် မေးခဲ့၏။ အရှင်မြတ်ကလည်း မေးသမျှကိုပင် ဖြေကြား တော်မူပေ၏' ဟု ဆင်ခြင်သတိရမိ၏။ ရှင်နာဂသေနသည် လည်း ထိုသို့ပင် တွေးတော သတိရ၏။

ဘုရားတော်အာဃာတ်ဖြင့် သတင်းလွှတ်လွှတ်
ပေါင်းဖက်တွေ့

နောက်တစ်နေ့နံနက်ဖြစ်၏။

နာဂသေန အရှင်မြတ်သည် မိလိန္ဒမင်း စံနန်းတော်သို့ ကြွရောက် လာခဲ့သည်။ မိလိန္ဒမင်းသည် အရှင်မြတ်အား ဝမ်းမြောက်ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုကာ အသင့်စီစဉ်ထားသော နေရာတွင် ချမ်းသာစွာ သီတင်းသုံးစေတော်မူပေ၏။

ထို့နောက်အရှင်မြတ်အား ပျံပ်ဝပ်ရှိသော ရှိခိုးလျက်- 'အရှင်ဘုရား....တပည့်တော်သည်အရှင်မြတ်အားမေးခွန်း ရာတွေ ဆေးသိုက်ရသည် (မေးခွန်းတွေ အများကြီးထုတ်လိုက် ရသည်) ဆိုကာ မိမိကိုယ်မိမိ ကျေနပ်အားရနေသည်ဟု တင် မှတ်တော်မမူပါလင့်။ 'ငါသည် အရှင်ကောင်းကို အာဃယ်သို့ မေးအပ်ပါသနည်း၊ အရှင်ကောင်းက အာဃယ်သို့ ပြန်လည်

ဖြေရှင်းတော်မူအုပ်ပါသနည်း....' ဟူ၍သာ တွေးတော အောက်မေ့နေမိပါသည်ဘုရား'ဟု လျှောက်ထား၏။

နာဂသေန အရှင်မြတ်ကလည်း ထို့အတူပင် တုံ့ပြန် ဆိုတော်မူ၏။

'ဒကာတော်မင်းမြတ်....ငါသည်လည်းမင်းမြတ်ကဲ့သို့ပင် ဖြစ်ပေတယ်၊ မင်းမြတ်က ဘာတွေကိုဘယ်သိမေးမလဲ၊ငါက ဘယ်လိုဖြေအုပ်သလဲဆိုသည်ကိုသာ တစ်ညဉ့်ပတ်လုံး ပြန် လည် တွေးတောနေမိပေတယ်'

သူတော်အချင်းချင်း သတင်းလွှဲ လွှဲ ပေါင်းဖက်တွဲ ဆိုသည့်နှယ်ပင် အရှင်မြတ်နှင့် မိလိန္ဒမင်းကြီးတို့သည် ဝမ်း မြောက်ဖွယ်စကားမျှားကို ယင်းသို့လျှင် အတူအပြန်ဆိုတော် မူကြကုန်၏။

အထူးအားဖြင့်ကား ထိုအချိန်၌ မိလိန္ဒမင်းကြီးသည် နောက်နောက်မျှားကကဲ့သို့ နေရိုးနေစဉ် သာမန်သဘောမျှ မဟုတ်၊ မိမိကိုယ်မိမိ အခကြောင်း အားလျှော့စွာ ပြုပြင် ပြောင်းလဲထားခဲ့၏။

လွန်ခဲ့ပြီး နောက်နေ့က အရှင်နာဂသေန မထေရ်မြတ် အား ပြဿနာမျှားစွာ မေးမြန်းလျှောက်ထားခဲ့ရာ၌ မထေရ် မြတ်၏ ပညာစွမ်းကို လည်းကောင်း၊ မြင့်မြတ်သော သန္ဓါ တရားကို လည်းကောင်း မိလိန္ဒမင်းကြီးသည် ကောင်းစွာပင် သိနားလည်ခဲ့ရသည်။ ထို့ကြောင့်ပင် မထေရ်မြတ်၏ ဂုဏ် ကျေးဇူးကို အလေးအမြတ် ချီးကျူးပူဇော်သောအားဖြင့် ထိုနေ့အဖို့ အရုဏ်တက်ချိန်ကပင်လျှင် ဦးခေါင်းဆေးလျှော်

ထား၏။ ထို့နောက် ကာလသုံးပါးတွင်ပွင့်တော်မူကြကုန်သော ဘုရားမျှင်တို့ကို ရှိခိုးအောက်မေ့၍ ဂုဏ်ကျေးဇူးရှစ်ပါးရှိသော အကျင့်ကို ကျင့်ကြံရန်လည်း ဂဠုန်ဖွယ်ဓိဋ္ဌာန်တော်မူ၏။

ထို့ပြင် နေ့စဉ်တိုင်း ဆင်မြန်းနေကျဖြစ်သော အဝတ်တန်ဆာတို့ကိုချွတ်ပယ်၍ ဖန်ရည်စုန်းသောသင်္ကန်းကိုဝတ်ရုံ၏။ ဦးခေါင်းထက်၌လည်း ဆေးလျှော်သားပြီးသောဆံပင်တို့ကိုစုစည်းဖုံးကွယ်သောအားဖြင့်လည်း ကောင်း၊ ဦးပြည်းခေါင်းတုံးဖြစ်သောရဟန်းအသွင်နှင့်တူမျှစေခြင်းငှာလည်း ကောင်း လုံးဝန်းသော ဦးထုပ် (ဦးခေါင်းစွပ်)ကို အုပ်ဆောင်း ထားတော်မူအပ်ပေ၏။

ဂုဏ်ကျေးဇူးရှစ်ပါးရှိသောအကျင့်

ဂုဏ်ကျေးဇူးရှစ်ပါးရှိသော အကျင့် ဆိုသည်မှာကား ဤသို့ဖြစ်၏။

၁။ ငါသည် ဤနေ့မှစ၍ ခုနှစ်ရက်ပတ်လုံးပင် မင်းနှင့်စပ်လျဉ်းသော အမှုကို မပြု။

၂။ ရာဂနှင့်စပ်လျဉ်း၍လည်း ကိုယ်စိတ်နှစ်ပါးလုံးကိုပင် လျှင် ထိန်းချုပ်ပါအံ့။

၃။ မဒါဘနှင့်စပ်လျဉ်း၍လည်းကိုယ်စိတ်နှစ်ပါးလုံးကိုပင် ထိန်းချုပ်ပါအံ့။

၄။ မောဟကိုလည်း ပယ်ဖျောက်ပစ်ပါအံ့။

၅။ ကျေးကျွန်မျက်နှာပင်လျှင် နှိမ့်ချစွာ ဆက်ဆံ မပြောဆိုပါအံ့။

၆။ အာဂုံခြောက်ပုဒ်တို့ကိုလည်း ထိန်းချုပ်ပါအံ့။
၇။ အရာခပ်သိမ်းဥပဒ်လျှင် မေတ္တာတရားကို ရှေးရှု ပွားများပါအံ့။

မိလိန္ဒမင်းကြီးသည် ဤသို့လျှင် ဂုဏ်ကျေးဇူးရှစ်ပါးဖြင့် သော အကျင့်ကို ထိုဒုဿမှစ၍ ကျင့်သုံးတော်မူကာ ရှစ်ခုက် မြောက်သောဒုဿ နံနက်စောစောပင်လျှင်. တင့်တယ်သမျှ သော အစာကို စားအပ်၏။ ဒုဿက် တည်ခိုမ်ဆေးချိမ်းစွဲ သော ဘုရားဖြင့် ရှင်နာဂစေသန မထေရ်မြတ်အား ထံ သွား ရောက်ချည်းကပ်ပြီးသော် မထေရ်မြတ်၏ခြေအစုံကို ဦးထုပ် ဖြင့် တိုက်မိသည်အထိပင် ဖူးပဝပ်ရှိခိုးလျက် ဤသို့ ဆင် လျောက်ထားအပ်ပေ၏။

ဘုရှင်ဘုရား.... အရှင်ဘုရားတို့နှင့် ဓမ္မဆွေးနွေးတိုင်ပင်ရ ခြင်းသည် ကပည်ဆော်ခြင်းအကျိုးရှိပါ၏။ သို့ဖြစ်သော် တိုင်ပင်မှု ဟူသည် အရပ်ရှစ်ပါးကို ရှောင်ကြဉ်အပ်ပေ၏။ ထိုအရပ် ရှစ်ပါးတို့သည်ကား

မတိုင်ပင်အပ်သော အရပ်ရှစ်ပါး

၁။ မညီညွတ်သော အရပ်။
၂။ ပဲ့သဘင်ကျင်းပရာ အရပ်။
၃။ လေပြင်းထန်သော အရပ်။
၄။ သစ်ပင်ချုံနွယ်စသည် ဖုံးလွှမ်းသော အရပ်။
၅။ နတ်နေရာ အရပ်။

၆။ ခရိုးလမ်းစခန်း အရပ်။
၇။ စစ်မြေပြင် အရပ်။
၈။ ရေချိုးဆိပ် ရေတွင်းရေကန်ရှိရာ ဘရုပ်။

ဟူ၍ ရှစ်မျိုးရှိအပ်ပါသည်'

တိုင်ပင်မိခြင်း၏ အပြစ်

'ကောင်းပြီမင်းကြီး.... ဤအရပ်ရှစ်ပါးတွင် တိုင်ပင်မိလေသော် အဘယ်သို့ အကျိုးပျက်ပြားတတ်သနည်း'

'အရှင်ဘုရား.... အကျိုးပျက်ပြားတတ်ခြင်း သည်ကား ဤသို့ဖြစ်ပါသည်။

၁။ မည်သည့်ရာတွင် တိုင်ပင်မိသောအခါ သူကတစ်ပျိုး ငါကတစ်ဖုံ ဆန့်ကျင်စကားအတိုက်အခံဖြစ်တတ်ခြင်း ဖြင့် အကျိုးပျက်စီးတတ်ပါသည်။

၂။ ပဲ့ဆဘင်ကျင်းပရာအရပ်တွင် တိုင်ပင်မိသော အခါ သူတစ်ပါးတို့ကြား အပ်သည်ဖြစ်၍ ဦးစွာ လုပ်ကိုင်နှင့်ခြင်း၊ အခန့်ဘင့် အယ့်က် ပေးခြင်း စသည်ဖြင့် အကျိုးပျက်စီးတတ်ပါသည်။

၃။ လေပြင်းထန်ရာ အရပ်တွင် တိုင်ပင်မိသော အခါ တိုးတိုးသက်သာပြောရုံမဖြစ်၊ စကားသံကို ကျယ်စွာ ပြောရခြင်းဖြင့် အကျိုးပျက်စီးတတ်ပါသည်။

၄။ သစ်ပင်ချုံနွယ်ဖုံးလွှမ်းရာတွင် တိုင်ပင် မိသောအခါ ဆိတ်ကွယ်မှုအား လျော့စဉ် သူတစ်ပါးတို့ ချောင်းမြောင်း နားထောင်နိုင်ခြင်းဖြင့် ဒုက္ခိုး ပျက်စီး တတ်ပါသည်။

၅။ နတ်နေရာအရပ်တွင် တိုင်ပင်မိသောအခါ အနှောင့်အယှက် အာဘန့်အတား ပြုလုပ်နိုင်ခြင်းဖြင့် ဒုက္ခိုး ပျက်စီးတတ်ပါသည်။

၆။ ရေခရီးလမ်းစဉ်၌ တိုင်ပင်မိသောအခါ လေးနက်သောချာမှုမရှိခြင်းကြောင့် လည်းကောင်း၊ လူချင်း အညီအညွတ် မဖြစ်နိုင်သောကြောင့်လည်းကောင်း၊ အကျိုးပျက်စီးတတ်သည်။

၇။ စစ်မြေပြင်အရပ်၌ တိုင်ပင်မိသောအခါ တစ်ယောက် စကား တစ်ယောက် နားဖြင့် ဆင့်ပွား ကျယ်ပြန့်သွားတတ်ခြင်းဖြင့် အကျိုးပျက်စီးတတ်ပါသည်။

၈။ ရေခုံးဆိပ်၊ ရေတွင်းရေကန်အရပ်တွင်တိုင်ပင်မိသော အခါ လူပေါင်းစုံအလယ်တွင် အကြောင်းထင်ရှား စေခြင်းဖြင့် အကျိုးပျက်စီးတတ်ပါသည်။

မတိုင်ပင်အပ်သူ ရှစ်ဦး

မိလိန္ဒမင်းကြီးသည် မတိုင်ပင်အပ်သော အရပ်ရှစ်ပါးကို ထုတ်ဖော်လျှောက်ထားပြီးသည့်နောက် မတိုင်ပင်အပ်သော သူ ရှစ်ဦးအကြောင်းကိုလည်း ဆက်လက် လျှောက်ထားအပ်ပြန်၏။

'အရှင်ဘုရား.... မတိုင်ပင်အပ်ရာ အရပ်ရှစ်ပါး အပြင် မတိုင်ပင်အပ်သူ ရှစ်ဦးသည်လည်းရှိပါသေးသည်။ ထိုရှစ်ဦး တို့သည်ကား-

၁။ ရာဂလွန်သူ
၂။ စိတ်ခက်ထန်သူ
၃။ ဇတ္တဧဝထိုင်းခဲ့သူ
၄။ ဇဏဝင်လွှားတက်ကြွသူ
၅။ လိုချင်တပ်မက်ခဲ့သူ
၆။ ပျင်းရိသူ
၇။ မိမိတစ်ဦးတည်းသာ ကြံစည်တတ်ဇသာသူ
၈။ ပိုက်မဲသောသူ

ဟူ၍ ဖြစ်အပ်ပါသည်ဘုရား'

'မင်းမြတ်.... ထိုရှစ်ဦးတို့ကို တိုင်ပင်မိသော် အာဘယ်သို့ အကျိုးပျက်တတ်သနည်း'

'အရှင်ဘုရား.... ထိုသူတို့ကို တိုင်ပင်မိခြင်းဖြင့် အကျိုး ပျက်စီးခြင်းမှာကား ဤသို့ဖြစ်ပါသည်။

၁။ ရာဂလွန်သူကို တိုင်ပင် မိသောအခါ ပျော်ပါးမှု၌ သာ စိတ်ထက်သန်သူဖြစ်၍ အကျိုးပျက်စီးဘတ်၏။

၂။ စိတ်ခက်ထန်သူကို တိုင်ပင်မိသောအခါ ယင်းကျေး ဇူးချင်မှုမရှိသဖြင့် အကျိုးပျက်စီးတတ်သည်။

၃။ ဝတ္ထဝေ ထိုင်းမိုင်းသူကို တိုင်ပင်မိသော အခါ ကောင်းဆိုးမှားမှန်ကို မသိတတ်၍ အကျိုးပျက်စီး တတ်၏။

၄။ ထောင်လွှား တက်ကြွသူကို တိုင်ပင်မိသောအခါ အညီအညွတ် အဖြေအပြစ်မရှိသဖြင့် အကျိုးပျက်စီး တတ်သည်။

၅။ လိုချင်တပ်မက်သူကိုတိုင်ပင်မိသောအခါ မိမိအာဒီနဝ ရှိသည်ကို သိမြင်ခြင်းမရှိသဖြင့် အကျိုး ပျက်စီးတတ်၏။

၆။ ပျင်းရိသူကို တိုင်ပင်မိသောအခါ နှိုးကြားထက် သန်မှုမရှိသဖြင့် အကျိုးပျက်စီးတတ်၏။

၇။ တစ်ဦးတည်းသာ ကြံစည်တတ်သူကို တိုင်ပင်မိသော အခါ အသိအမြင် မကျယ်ပြန့်သဖြင့် အကျိုးပျက်စီး တတ်၏။

၈။ မိုက်မဲသူကို တိုင်ပင်မိသောအခါ ထောက်ထား ဆင်ခြင်တတ်သူ မဟုတ်သဖြင့် အကျိုး ပျက်စီး တတ်၏။

'အရှင်ဘုရား.... ဤကဲ့သို့ မတိုင်ပင်အပ်သူ ရှစ်ဦးအပြင် တိုင်ပင်၍မဖြစ် မလုံမခြုံသူ စိတ်မချရသူ ကိုးဦးတို့လည်း ရှိပါသေးသည်။

တိုင်ပင်မှုတွင် မလုံခြုံ စိတ်မချရသူ ကိုးဦး

၁။ ရာဂလွန်သောသူ
၂။ စိတ်ခက်ထန်သူ
၃။ တွေဝေထိုင်းမိုင်းသူ
၄။ ကြောက်တတ်သူ
၅။ တံစိုးလက်ဆောင်ပစ္စည်းဥစ္စာအလေးအမြတ်ပြုသောသူ
၆။ မိန်းမ
၇။ သေသောက်ကြူးသူ
၈။ မိန်းမ ယောကျ်ား အစစ်မဟုတ်သူ (မိန်းမလျာ-ယောကျ်ားလျာ)
၉။ တလေးသူငယ်တို့ပင် ဖြစ်ပါသည်ဘုရား''

''မင်းမြတ်-- ဤသူ ကိုးဦးကို တိုင်ပင်ခြင်းဖြင့် အဘယ်သို့အကျိုး ပျက်ပြားတတ်သနည်း'

'မှန်ပါ၏....ထိုသူတို့ကို တိုင်ပင်ခြင်းကြောင့် အကျိုးပျက်ရသည်မှာ ဤသို့ဖြစ်ပါသည်ဘုရား။

၁။ ရာဂလွန်သူသည် ပျော်ပါးမှု လွန်ကြူးခြင်းဖြင့် လျှို့ဝှက်အပ်ဖွယ် တိုင်ပင်မှုကို ထုတ်ဖော်ပြောဆို တတ်၏။

၂။ စိတ်ခက်ထန်သူသည် ထိန်းချုပ်နှိမ်နင်းစွမ်းမရှိသဖြင့် လျှို့ဝှက်တိုင်ပင်မှုကို ထုတ်ဖော်ပြောဆိုတတ်၏။

၃။ တေ့ဝေထိုင်းမှိုင်းသူသည် အရေးကြီးသည် မကြီးသည်ကို မသိတတ်သောကြောင့် လျှို့ဝှက်တိုင်ပင်မှုကို ထုတ်ဖော်ပြောဆိုတတ်၏။

၄။ ကြောက်တတ်သူသည် စိတ်ချောက်ချား လွယ်သောကြောင့်ပင်လျှို့ဝှက်တိုင်ပင်မှုကိုထုတ်ဖော်ပြောဆိုတတ်၏။

၅။ တံစိုးလက်ဆောင်၌ အဖေးအမြဲတ် ပြုတတ်သည်သည် ထိုလက်ဆောင် ဝတ္ထုပစ္စည်းကို တပ်မက်သောကြောင့်ပင် လျှို့ဝှက်တိုင်ပင်မှုကိုထုတ်ဖော်ပြောဆိုတတ်၏။

၆။ မိန်းမသည် ချုံ့ချိုန်တွေးဆနိုင်မှုဟူသော ပညာမရှိခြင်းကြောင့် လျှို့ဝှက်တိုင်ပင်မှုကိုထုတ်ဖော်ပြောဆိုတတ်၏။

၇။ သေသောက်ကြူးသူသည် သေအရက် ယစ်မူးခြင်းကြောင့် လျှို့ဝှက်တိုင်ပင်မှုကို ထုတ်ဖော်ပြောဆိုတတ်၏။

၈။ မိန်းမ မဟုတ်-ယောကျ်ား မဟုတ် (မိန်းမလျာ-ယောကျ်ားလျာ) သည်သဘာဝမမှန်သူဖြစ်သောကြောင့် လျှို့ဝှက်တိုင်ပင်မှုကို ထုတ်ဖော်ပြောဆိုတတ်၏။

၉။ ကလေးသူငယ်သည် သင့်-မသင့်တို့ မသိတတ် ပြောလွယ်ဆိုလွယ်ရှိသောကြောင့် လျှို့ဝှက်တိုင်ပင်မှုကို ထုတ်ဖော် ပြောဆိုတတ်၏။

'နှာဂသေနအရှင်မြတ်ဘုရား....ဤကား တိုင်ပင်ရာတွင် လုံခြုံစိတ်ချရမှု မရှိခြင်းကြောင့် အကျိုး ပျက်စီးရခြင်းပင် ဖြစ်ပါတော့သည်။ ထို မှတစ် ပါး ပညာ ရစေသော အကြောင်းတရား ရှစ်ပါးလည်း ရှိပါသေးသည်ဘုရား'

'ကောင်းလှပြီ....မင်းမြတ်၊ ထိုပညာ ရရှိစေကြောင်း အင်္ဂါရှစ်ပါးကို ဆိုဦးလော့'

'မှန်ပါ၊ ပညာ ရရှိစေတတ်သော အကြောင်းတရား ရှစ်ပါးမှာ ဤသို့ဖြစ်ပါသည် ဘုရား'

ပညာရရှိစေကြောင်းရှစ်ပါး

၁။ အသက်အရွယ် အားလျော်စွာလည်း (အစဉ် ဆည်းပူးအားထုတ်မှုအရ (ပညာရရှိစေတတ်၏။

၂။ ပရိသတ် အခြံအရံ (မိုခိုသူမျှားကို ကျူးမွေ့ စောင့်ရှောက်ရမည့်တာဝန်အရ) ကြောင့်လည်း ပညာရရှိစေတတ်၏။

၃။ ဆွေးနွေး မေးမြန်း စူးစမ်း ကြံဆအပ်သော ကြောင့်လည်း ပညာရရှိစေတတ်၏။

၄။ ကြာမြင့်စွာနေသဖြင့်လည်း (အတတ်ပညာတစ်ခုခို ပို့မြင်မဖန်မျှားနေ၍) ပညာရရှိစေတတ်၏။

၅။ တွေ့မြင်သမျှတို့၌ (အဆောက်အအုံ ဝတ္ထု ပစ္စည်း စသည်) အဲသင့်အတင့် နှလုံးသွင်းတတ်ခြင်း၊ သဘော သဘာဝကို စဉ်းစားဝေဖန်တတ်မှု ကြောင့်လည်း ပညာရှိစေတတ်၏။

၆။ အစဉ်မပြတ်လေ့လာဆွေးနွေးခြင်း (ဟာ့ဒမ္မစာပေ စသည်) ကြောင့်လည်း ပညာရှိစေတတ်၏။

၇။ ချစ်ခင်သောသူကို မှီဝဲသဖြင့်လည်း (ခင်မင်မှုကြောင့် အတတ်ပညာသင်ပြပေးခြင်း) ပညာရှိစေတတ်၏။

၈။ အာရုပ်ဒေသ အာဒေါလျှော့စွာလည်း (အတတ် ပဉ္စာသည်မျှ နေထိုင်ရာအရပ်) ပညာရှိစေတတ်၏။

မိလိန္ဒမင်းသည် ပညာရှိစေကြောင်း ရွှစ်ပါးကို သို့လျှင်ဖော်ပြ လျှောက်ထားပြီးနောက် ဆရာကောင်း တို့၏ ဂုဏ်ကျေးဇူး (၂၅) နှစ်ဆယ့်ငါးပါးကိုလည်း ဆက်လက်လျှောက်ထားပြန်၏။

'အရှင်မြတ်ဘုရား.... ဆရာကောင်း တို့၏ ဂုဏ်ကျေးဇူး နှစ်ဆယ့်ငါးပါးလည်း ရှိပါသေးသည်။ ထိုနှစ်ဆယ့်ငါးပါး တို့သည်ကား ဤသို့ ဖြစ်ပါသည်ဘုရား'

ဆရာကောင်းတို့၏ ဂုဏ်ကျေးဇူးနှစ်ဆယ့်ငါးပါး

၁။ တပည့်ဖြစ်သူအား အခါခပ်သိမ်း စောင့်ရှောက်ခြင်း၊

၂။ တစ်စုံတစ်ခု၌ ပြုသင့် မပြုသင့်ကို သိစေခြင်း။

၃။ မေမွေးလျှဲသည် နွားကြီးသည်ကို သိတတ်ခြင်း၊

၄။ အနေအထိုင် (အိပ်ခြင်း၊နေခြင်း၊စသည်)ကို သိတတ်ခြင်း။

၅။ ကျန်းမာသည် မကျန်းမာသည်ကို သိတတ်ခြင်း၊

၆။ အစာအသောက်ပြည့်စုံသည်မပြည့်စုံသည်ကို သိတတ်ခြင်း၊

၇။ တစ်စုံတစ်ရာ ထူးခြားမှု (အကြောင်းကိစ္စ တစ်ခုခု)ရှိ, မရှိကို သိတတ်ခြင်း၊

၈။ ရုတ်ခြည်းသာအစာအာဟာရသည် တင်းတိမ် အား၊ရ ရှလောက်ခြင်း ရှိ,မရှိကို သိတတ်ခြင်း၊

၉။ ငါးတပည့် စိတ်အားမငယ်နှင့်၊ သင်းသည် ရှေ့ကို မျှားဉာဏ်တိုးတက်လာလိမ့်တော့ ဟူ၍ အားပေး နှစ်သိမ့်တတ်ခြင်း၊

၁၀။ ဤသည်ကား ငါးတပည့်အဖို့ ကောင်းစွာသောအလုပ်အဓက္ကး ဖြစ်ပေသည်ဟု သိတတ်ခြင်း၊

၁၁။ အစာအာသုံးဆောင်မှုဝဲချဉ် ကျမ်းကျင်စွာ စီမံခန့်ခွဲဘာသ်ုကို သိဘတ်ခြင်း၊

၁၂။ အားလုံးသောအမှုကိစ္စများဌ် ကောင်းစွာစီစဉ်ဖြုလုပ်တတ်သူကို သိတတ်ခြင်း၊

၁၃။ တပည့်ဖြစ်သူနှင့်ရောဌ် ရုယ်မောပျော်ရွှင်မှု မပြုခြင်း၊

၁၄။ တပည့်ဖြစ်သူနှင့် လွန်စွာ အကျမ်းမဝင်ခြင်း၊

၁၅။ တပည့်ဖြစ်သူ၏ အပြစ် (ချုတ်ယွင်းချက်)ကို သည်းခံတတ်ခြင်း၊

၁၆။ တပည့်ဖြစ်သူနှင့် ဆက်ဆံပြောဆိုရာတွင် မိမိကိုယ်ကို လွန်စွာမ နှိမ်ချခြင်း၊

၁၇။ လျှို ဝှက်အပ်သည့် အတတ်ပညာ၌ လျှို့ဝှက်ခြင်း၊

၁၈။ အလုံးစုံသင်ပြပေးသင့်သည်၌အလုံးစုံသင်ပြပေးခြင်း၊

၁၉။ တပည့်ဖြစ်သူသည် မိမိ(ဆရာဖြစ်သူ)၏အတတ်ပညာကိုအမှန်အတိုင်း သိတတ်စေခြင်း၊

၂၀။ အတတ်ပညာရပ်၌ မေ့လျော့ဆုတ်ယုတ်အပ်ခဲသော်တိုး တက်ပွားများစေတတ်ခြင်း၊

၂၁။ ငါ့တပည့်သည် ပညာရပ်ကိုကောင်းစွာ တတ်မြောက်စေအံ့ဟူသော ရှေးရှုအား သန်မှုရှိခြင်း၊

၂၂။ တပည့်အပေါ်၌ အခါခပ်သိမ်း ခင်မင်ကြင်နာခြင်း၊

၂၃။ ဘေးရန် ပေါ်လာသောအခါ စွန့်ပစ်ရှောင်ခွာမှုမရှိခြင်း၊

၂၄။ ပြုံးသင့်ပြုံးအပ်သည်မျှား၌ မဓမ္မလျော့တတ်ခြင်း၊

၂၅။ တပည့်ဖြစ်သူ မှားယွင်းမဓမ္မလျော့ခဲ့သော် ဘုရားနှင့် အညီ ထိန်းကျောင်းပြုပြင်ပေးခြင်း၊

ဆရာကောင်းနှင့် တပည့်ကောင်း

"အရှင်ဘုရား.... တပည့်တော် လျှောက်ထားအပ်သော ကျွဲကုံထောကျေးဇူး နှစ်ဆယ့်ငါးပွါးတိုသည်ကား ဆရာကောင်း တို့၏ကုံထောကျေးဇူးမျှသာပင် ဖြစ်ပါတော့သည်။ အရှင်မြတ် ဘုရား....အရှင်မြတ်သည်တပည့်တော်အပေါ်၌ ဆရာကောင်း ဖြစ်တော်မူပါ။ တပည့်တော် သည်လည်း ဆရာကောင်း တပည့် ဖြစ်မြောက်ပါရစေ။

အရှင်ဘုရား....နောင်အခါ အရှင်ဘုရားကဲ့သို့သော ဆရာ ကောင်းကို ရရှိနိုင်စွမ်းတော့မည်မဟုတ်ပါ။ တပည့်တော်၌ လည်း ဘုရားရှင်ဟောကြားတော်မူသည်မျှားနှင့်ပတ်သက်၍ အချို့သော အကြောင်းခြင်းရာမျှား၌ သို့လော-သို့လော တွေးတောယုံမှားခြင်း ရှိနေပါသည်။

နာဂသေနအရှင်မြတ်ဘုရား.... အရှင်ဘုရားသည် တပည့် တော်၏ ထိုထိုတွေးတောယုံမှားခြင်းမျှားကို ရှင်းလင်းပယ် ဖျောက်တော်မူအပ်သည်နှင့်အမျှ 'ပရဝါဒီ' ပုဂ္ဂိုလ်တို့ကိုတရား နှင့်အညီ ချေပတိုက်ဖျက်နိုင်စွမ်းသော ပညာမျက်စိ၊ ဆီမီး တန်ဆောင်အလင်းရောင်ကို တပည့်တော်အား ဆရာကောင်း ပီစွာ ထွန်းညှိပင့်လှစ်ပေးတော်မူပါဘုရား"

ထိုအခါ၌အရှင်မြတ်နာဂသေနသည်မိလိန္ဒမင်းကြီးအား-

"ကောင်းပြီမင်းကြီး....မင်းကြီး တောင်းပန်သည့်အတိုင်း ဖြစ်စေအံ့" ဟုဝန်ခံကတိပေးတော်မူ၏။ ထိုနောက်ဥပသကာ

ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးဆယ်ပါးနှင့်စပ်လျဉ်း၍ ဤသို့ ဆက်လက်ဆိုတော်မူ၏။

"မြတ်သောမင်းကြီး၊ ဥပသကာပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးဆယ်ပါးဆိုတာရှိတယ်၊ ခုသင်မင်းကြီးတောင်းပန်အပ်သည့် အရဆိုသော် သင်မင်းကြီးသည်သာသနာတော်၏ တိုးတက်ပြန့်ပွားခြင်းကို လိုလားအပ်သူဖြစ်၍ ဥပသကာပုဂ္ဂိုလ်အဖြစ် သက်ဝင်ရောက်ရှိနေအပ်ပေတယ်။ မြတ်သောမင်းကြီး ဥပသကာပုဂ္ဂိုလ်တို့၏ဂုဏ်ကျေးဇူးဆယ်ပါးဆိုတာ ဤသို့ဖြစ်တယ်။

ဥပသကာဂုဏ် ဆယ်ပါး

၁။ သံဃာတော်တို့နှင့် ဆင်းရဲအတူချမ်းသာအမျှနေကာ တရားတော်သည်သာလျှင်အလေးအနက်ဒမ္မနိအမြတ်ဖြစ်အပ်ခြင်း၊

၂။ မိမိ၏အသိပညာ အားလျှော်စွာ ကောင်းစွာသော ဝေဖန်ပိုင်းခြားမှုရှိခြင်း၊

၃။ မြတ်စွာဘုရား သာသနာတော်ကို တိုးပွားအောင် ဆောင်ရွက်ခြင်း၊

၄။ အသက်မွေးမှုဟူသောအကြောင်းဖြင့် တစ်ပါးသော အယူအဆကိုလက်ခံခြင်း၊ တစ်ပါးသူကို ဆရာတင်ခြင်းမပြုဘဲ ပုဒ္ဓမြတ်စွာသာသနာတော်၌သာကောင်းစွာသက်ဝင်ယုံကြည်ခြင်း။

၅။ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ စောင့်ထိန်းခြင်း။
၆။ တရားကျင့်ဖေဖော်၊ သီတင်းသုံးဖော်တို့နှင့်ညီညွတ်စည်း လုံးစွာ ဒနထိုင်၍ ဆိုဆုံးမလွယ်အပ်ခြင်း။
၇။ မိမိ၏ ထင်ရှာ ကျော်စောမှုအတွက် အထူး အခြားအံ့ဖွယ်သံခဲ့ အပြုအမူဖြင့် သာသနာတော်ကို မထိပါး စေခြင်း။
၈။ မြတ်စွာဘုရားသခင်၌ ပကတိသောသက်ဝင်ယုံကြည်မှု ရှိခြင်း။
၉။ တရားတော်၌ ပကတိသော သက်ဝင် ယုံကြည်မှု ရှိခြင်း။
၁၀။ သံဃာတော်၌ ပကတိသောသက်ဝင်ယုံကြည်မှုရှိခြင်း။

အရှင်မြတ်နာဂသေနသည် ဥပါသကာ ဂုဏ်ဆယ်ပါးကို ပြအပ်ပြီးနောက် ဤသို့ ဆက်လက်ဆိုတော်မူ၏။

"မင်းကြီး သင်မင်းကြီး၌ ဥပါသကာပုဂ္ဂိုလ်တို့၏ ဤဆယ်ပါးသောဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံညီညွတ်အပ်ပေတယ်။

"သင်မင်းကြီး ဖေးမြှင်းအပ်သည်မှာလည်းဘုရားရှင်သာသနာတော်တိုးတက်ပြန့်ပွားစေခြင်းအတွက်သာဖြစ်ပေတယ်။

"မြတ်သောမင်းကြီး.... ငါ ကောင်းစွာ ခွင့်ပြုအပ်၏။ သင်မင်းကြီး မေးလိုသမျှကိုပင် အလိုရှိတိုင်းမေးလော့"

ထိုအခါမိလိန္ဒမင်းကြီးလည်း မဆေးရုံမြတ်၏ ကောင်းစွာသောခွင့်ပြုလက်ခံမှုအား လျော်စွာပင်တစ်ခုသောပြဿနာကို ဤသို့ စတင် မေးလျှောက်အပ်ပေ၏။

ဗုဒ္ဓမြတ်စွာနှင့် ပုဗ္ဗဏ်ဒူတဘုရားတို့ ဘုန်း

'အရှင်ဘုရား.... ဗုဒ္ဓမြတ်စွာနှင့်ပတ်သက်၍ တိတ္ထိမျိုးက ဤကဲ့သို့ ယူဆ ပြောဆိုနေကြပါဘယ်။ မြတ်စွာဘုရားဟာ ပုဇော်သက္ကာရပြုမှုကို သာယာနှစ်သက်ခဲ့ရှိုးမှန်ရုံ ပရိနိဗ္ဗာန်မပြုသေးဘူး၊ သည်လောကကြီးထဲမှာပဲရှိနေရဦးမယ်။ သည်လောကကြီးနှင့် စပ်လျဉ်း ဆက်သွယ်နေရဦးမယ်။ ဒါမှသာလူတာဝန်းတာဝေးကို သာယာတာနဲ့အမျှ ဂူတဲ့တန်းကဲ့လူတွေ အကျိုးရှိမှာဖြစ်တယ်။

ကကယ်လို့ ပရိနိဗ္ဗာန်ပြုဘဲးတာမှန်ခဲ့ရင်လဲ လူတာဝတန်းတာဝေးကို ဘယ်နည်းနဲ့မှ မသာယာနိုင်ခဲ့ဘူး၊ မသိန်ုင်ဖောဘူး။ သည်ဘဲ့ လူတာဝန်းတာဝေးကို ဘယ်နည်းနဲ့မှ မသာယာနိုင်လို့ဘဲ ဘာမှအကျိုးမရှိနိုင်ဘူး၊ ဘဲ့ကြောင့်လဲဆိုဇာတဲ့ ဒဂါဘဒဘုရားဟာ လူဒါန်းပုဇော်မှုတွေအတွက် မသာယာနိုင်လို့ဘဲ ဖြစ်ဇာယ်လို့ ဆိုနေကြပါတယ်။

ဒီစွန်းနှစ်ဖက်ထွက်နေဘဲ့သည်ပြဿနာဟာ အရှင်ဘုရားနှင့်သာ ဖလျော်ကန်ဆိုက်တန်ပါတယ်။ အမှန်ကိုလည်းသိဖလေအောင် ပရာဒိုတိတ္ထိတို့၏ စွပ်စွဲပြောဆိုမှုကိုလည်းခုပနိုင်လေအောင်စွမ်းဆောင် ဝဖြရှင်းပေးဖတာ်မူပါဘုရား'

ဒကာဖကော်မင်းမြတ် ...ဗုဒ္ဓမြတ်စွာဘုရားဟာ လူဒါန်းပူဇော်မှုတွေကို မသာယာတာလဲမှန်တယ်၊ ပရိနိဗ္ဗာန်ပြုတော်မူသွားဘာလဲ မှန်ပေတယ်။ စင်စစ်ဖတာ့ ဘုရားရှင်ဟာ မဟာဖေဘိပင်၌ စံမြန်းတော်မူအပ်စဉ်ကပင်လျှင် ရာဂနှင့်

စပ်ယှဉ်သော သာယာမှုကို အကြွင်းမဲ့စွန့်ပယ်လိုက်ပြီး ဖြစ်တယ်။

'ပရိုနိုဗွာန်စံဝင်လို့ ကမ္ဘဏရပ် ချုပ်တော်မူပြီးတဲ့အခါ မတော့ဘယ်မှာပြောဖွယ်ရာရှိပါတော့မလဲ၊ သည်အကြောင်းကို တရားသူကြီး ဖြစ်တော်မူသော ရှင်သာရိပုတ္တရာ ကိုယ်တော်တိုင်က ကျိုက်သို့ ထုတ်ဖော် မိန့်မြွက်တော်မူခဲ့ပြီး ဖြစ်တယ်။

'လူအပေါင်းတို့သည် ပူဇော်အပ်ကုန်သောအတု မရှိသော ဘုရားရှင်တို့နှင့်သာ တူကုန်သော ထိုဘုရား ရှင်တို့သည် ပူဇော်သက္ကာရကို မသာယာကုန်။ ဤသည်ကား ဘုရားရှင်တို့၏ သဘောတည်း'

ထိုအခါ မိလိန္ဒမင်းကြီးက ဤသို့ဆို၏။

'အရှင်ဘုရား....သာဓုဖြစ်သူက အဖ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းတာဟာလောကဓမ္မတာအပြန်အလှန်ချစ်ခင်ကြည်ညိုမှုသဘောမျှဖြစ်နေပါတယ်။ တစ်ဖက်ပုဂ္ဂိုလ် ပရဝါဒီတွေကို ချေဖျက်နိုင်လောက်အောင် အကြောင်း မလုံလောက်သေးပါဘူး။

'ကြောင်းကျိုးလျော်ကန် ယုတ္တိတန်ခြင်းနှင့်တကွ ပရဝါဒီတို့ မလှန်နိုင်သည့်တိုင် ဖြေရှင်းပေးတော်မူပါဦး ဘုရား'

'ကောင်းပြီမင်းမြတ်....ဗုဒ္ဓမြတ်စွာဘုရားဟာ ဦးစွာဆိုခဲ့ပြီးအတိုင်း ဗေဒဓိပင်ရင်းကတည်းကာ၍ သာယာတပ်မက်မှုအားလုံးကို စွန့်လွှတ်ခဲ့ပြီးဖြစ်ပေတယ်။ ထို့ပြင် ခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့ပြီးလဲ ဖြစ်ပေတယ်။

သို့သော် ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်က ထိုကဲ့သို့ ပုဇော် သက္ကာရကိုသာယာတော်မူခြင်းမရှိလင့်ကစား ကြွင်းကျန်ရစ် သော ဓာတ်ကော်မွေတော်တို့ကို စေတီပုထိုးပြု၍ ကိုးကွယ် ဆည်းကပ်သူ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို ဆင်ခြင်အောက်မေ့ကာကောင်းစွာကျင့်ကြံအား ထုတ်ကြသူ များမှာတော့ လူ့ရပ်နှတ်ရှာ နိဗ္ဗာန်ချမ်းသာတိုင်အောင် ဝင်ရောက်ခံစားကြရပေတဲ့ယ်။

ဥပမာအား ဖြင့်တော့ အလှူတပြောင်ပြောင် တောက် လောင်နေတဲ့မီးပုံကြီးဟာ အကြောင်းအား လျော်စွာ ချုပ် ငြိမ်းသွဲ့တဲ့အခါ သစ်ရက်မြက်မှိုက် ထင်းစကဲ့ လောင် တွေကို သာယာပါဦးမလား'

'မှန်ပါ....မသာယာတော့ပါဘုရား'

'ကောင်းပြီမင်းမြတ်၊ပြာပုံကြီးထိုကဲ့သို့ချုပ်ငြိမ်းသွဲ့တဲ့ အခါ လောကမှာ 'မီး' ဆိုဘာ လုံးဝမရှိတော့ဘူး၊ မီးမဖြစ် ပေါ်နိုင်တော့ဘူးလို့ ပြောနိုင်ပါ့မလား'

'မပြောနိုင်ပါဘုရား.... မီးတောက်မီးလှုံ မရှိသည့်တိုင် အောင် မီးဖြစ်စေတတ်သော သစ်ရက်မြက်မှိုက်ထင်း အစ ရှိသည့် လောင်စာအမျိုးမျိုး ရှိနေပါသေးတယ်'

'မှန်ပေတယ်မင်းကြီး၊တောက်လောင်ခဲ့ပြီးမီးပုံကြီးချုပ် ငြိမ်းသွဲ့သော်လည်း လောင်စာများကို အကြောင်းပြုပြီး နောက်ထပ်မီးပုံကြီးတစ်ခု ပြုလုပ်ဖြစ်ပေါ်လာနိုင်ပေတယ်။ ထို့အတူပဲ မြတ်စွာဘုရားကိုအာရုံပြု၍ လူဒါန်းပူဇော်အပ်ပေ

တယ်။ ကုသိုလ်ကောင်းမှုတို့ဟာလဲ တိတ္ထိဒတ္ထ ပြောသလို အချည်းနှီးမဖြစ်ပေဘူး။

'မီးပုံကြီးဟာ ဝင်းဝင်းပြောင်ပြောင် တောက်လောင်ခဲ့သလိုပဲ မြတ်စွာဘုရားဟာလဲ တစ်သောင်းသော လောကဓောတ်တစ်ခွင်မှာ ဘုရား၏ အသရေတော်ဖြင့် အတုမရှိဘင့်တယ် ထွန်းပတော်မူခဲ့ပေတယ်။ ထိုသို့ဆွန်းပခဲ့တာနဲ့ အမျှလဲ ဘုရားရှင်ကို ရည်မှန်းလျှို့ လှဒါန်းပူဇော်ခြင်း၊ အရိုအသေပြုခြင်း စသည်တို့ဟာ ကောင်းကျိုးဖြစ်ဆန်းစေတာပဲ။ လူ့ရပ် နတ်ရွာ နိဗ္ဗာန်ချမ်းသာဟူသောအကျိုးကို ရရှိခံစားနိုင်ကြပေတာပဲ။ မီးပုံကြီးတစ်ခုချုပ်ငြိမ်းသွားတဲ့အခါနောက် ထပ် မီးပုံသစ်တစ်ခု ပြုလုပ်ဖြစ်ပေါ်လာစေသလိုပဲ မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်ကို ရည်မှန်းပြီး ကုသိုလ်အမျိုးမျိုးကို ပြုနိုင်ပေတာပဲ။

'မြတ်သောမင်းကြီး.... ပြင်းစွာတိုက်ခတ်အုပ်သော လေအဟုန် ချုပ်ငြိမ်းကွယ်ပျောက်သွားသည့်အခါ အရှိန်အဟုန်ပင် မရှိတော့လင့်ကစား 'လေ'ဟူသော အမည်ပညတ်သည် မပျောက်ပျက်အပ်သကဲ့သို့ ဗုဒ္ဓမြတ်စွာကို ရှေးရှု၍ ပြုအပ်သော ကုသိုလ်ကောင်းမှုတို့သည်လည်း အကျိုးမဲ့ အချည်းအနှီး မဖြစ်ပေဘူး။

'လေအဟုန် ကွယ်ပျောက်သွားသည့်အခါ ယပ်ခတ်ခြင်း အားဖြင့် လေဖြစ်ခြောက်စေကာမူ အေးချမ်းသာယာခြင်း ဖြစ်ရသကဲ့သို့ပင် မြတ်စွာဘုရား၏ကြွင်းကျန်ရစ်ခဲ့သောဓာတ်တော် မွေတော်များကို ကိုးကွယ်ခြင်း ပူဇော်ခြင်း လှဒါန်း

ခြင်းအား ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ဖြစ်စေအပ်ပေတယ်'

'မင်းမြတ်.....ဒီထက်ခွဲထွင် ပြောရရင်မီးပုံကြီးနှင့်တူသော ဗုဒ္ဓမြတ်စွာဘုရားပရိနိဗ္ဗာန် စံဝင်တော်မူသွားပြီ ဖြစ်သော်လည်း ထိုဘုရားရှင်၏ ဓာတ်တော် မွေတော်တို့ အဆုံးအမ ဒေသနာတော်တို့ဟာ အထင်အရှား ကျန်ရစ်ခဲ့ပေတယ်။ ဘုရားရှင်ရဲ့ကိုယ်စားဘုရားရှင်နဲ့ ထပ်တူညီမျှ ကိုးကွယ်စရာ ကြည်ညိုစရာ လိုက်နာ ကျင့်ကြံစရာများ ဖြစ်ပေတယ်'

'အာနန္ဒာ.... ငါဘုရားသည် အကြင်သုတ် အဘိဓမ္မာကိုလည်းကောင်း အကြင် ဝိနည်းတရားကိုလည်းကောင်း ဟောလည်း ဟောအပ်ပြီ။ ပညတ်လည်း ပညတ်တော်မူအပ်ပြီ။ထိုသုတ်အဘိဓမ္မာဝိနည်းတရားတော်သည် ငါ၏ပရိနိဗ္ဗာန် လွန်တော်မူသဖြင့် သင်တို့၏ ဆုံးမတတ်သော ဆရာတည်း'

'မင်းမြတ်၊ဗုဒ္ဓမြတ်စွာဘုရားဟာ ပရိနိဗ္ဗာန် စံလွန်တော်မူခါနီးမှာရှင်အာနန္ဒာကို ဤကဲ့သို့မိန့်တော်မူတယ်။ သည်လို မိန့်တော်မူခဲ့တာဟာခုပြောခဲ့သလိုပဲ သုတ်ဝိနည်း အဘိဓမ္မာဆိုတဲ့ အဆုံးအမ ဒေသနာတော်တွေကို ကြည်ညို လေးစားအားထားကျင့်ကြံဖို့လဲ တစ်ကြောင်း၊ ခုလို တိတ္ထိတို့ရဲ့စွပ်စွဲပြောဆိုမှု ပြဿနာမျိုးတွေ ပေါ်ပေါက်လာလိမ့်မယ်ဆိုတာကို ကြိုတင် သိမြင်တော်မူအပ်သို့လဲ တစ်ကြောင်း ဖြစ်ပေတယ်'

မျိုးစေ့နှင့်မြေကြီးဥပမာ

'မင်းမြတ် ဥပမာတစ်ခု ပြဦးမယ်၊ မျိုးစေ့အသီးသီးဟာ မြေကြီးမှာ ပေါက်ရောက် ရှင်သန်နေကြတာကိုမြေကြီးဟာ သာယာနှစ်သက်ပါသလား'

'မသာယာပါဘုရား'

'မင်းမြတ်....မြေကြီးက ထိုသို့မသာယာပါဘဲလျက် ထိုထို မျိုးစေ့အသီးသီးတို့ဟာ ဘာကြောင့် မြေကြီးပေါ်မှာ ရှင်သန် ဖွံ့ဖြိုးစည်ပင်ပွားများခြင်း ဖြစ်နေရသလဲ'

'အရှင်ဘုရား....မြေကြီးဟာမျိုးစေ့တို့၌ မသာယာတာမှန်ပါတယ်။သို့သော် မြေကြီးဟာ မျိုးစေ့ အသီးသီးတို့ရဲ့ဟည်ရာမှီရာဖြစ်တာလဲ တစ်ကြောင်း၊ မျိုးစေ့တို့ကိုကောင်းစွာ ရှင်သန်ဖွံ့ဖြိုးပွားများ စည်ပင်စေတတ်သော မြေဩဇာဓာတ်ရှိခြင်းကြောင့်လဲ တစ်ကြောင်းကြောင့်ပင် ဖြစ်အပ်ပါတယ်ဘုရား'

'ကောင်းလှပြီ မင်းကြီး တိတ္ထိတို့ရဲ့ စွပ်စွဲ ယူဆချက်ကို မြေကြီးနဲ့မျိုးစေ့ဥပမာတို့က ကောင်းစွာပယ်ဖျက်ရှင်းလင်းပြီးဖြစ်တယ်။ ဗုဒ္ဓမြတ်စွာဘုရားဟာ မြေကြီးကဲ့သို့ ဖြစ်ပေတယ်။ ကောင်းမှုကုသိုလ်တွေဟာ မျိုးစေ့အသီးသီးသကဲ့သို့ ဖြစ်ပေတယ်'

မင်းမြတ်၊ စောင်းတူရိယာနှင့်တကွ ထိုစောင်းကိုတီးခတ်သူမရှိခဲ့သော် ထိုစောင်းမှ အသံဖြစ်ပေါ်နိုင်ပါအုံးလော။

'ဗုဒ္ဓမြတ်စွာဘုရားဟာပုဇော်သက္ကာရ ပြုမှုကို မသာယာသည်မှန်သော်လည်း ပရိနိဗ္ဗာန် စံဖတ်မှုပြီး ဖြစ်သော်လည်း ဓမ္မသြဇာစသော်ဋီ တူသောဂုဏ်ကော် ကျေးဇူးတော်များကြောင့် ဆည်းကပ် ကိုးကွယ် လွန်းပူဇော်ကြသူတွေမှာ များစွာ ကျိုးစေ့ များရင်သန့်ဖွံ့ဖြိုးသလို ကုသိုလ် ကောင်းမှုတွေ ဖြစ်ကြရပေတယ်။ ဘုရားရှင်၏တရားတော်ကို လိုက်နာကျင့်ကြံအားထုတ်ခြင်း အားဖြင့်လည်း ကုသိုလ် တည်းဟူသော အမြစ်သည် မြေဒြတည်လျက် သမာဓိဟူသော အနှစ်၊ သီလတည်းဟူသောအခက်၊ ဝိမုတ္တိတည်းဟူသော အပွင့်၊ အရဟတ္တဖိုလ် တည်းဟူသော အသီးကို ဖြစ်မြောက်စေအပ်ပေတယ်'

'ထို့ကြောင့်ပင် တိတ္ထိတို့စပ်စဲယူဆချက်ဟာ အကြောင်းယုတ်မတန် လုံးဝလျော်ကန်ခြင်း မရှိကြောင်း ကောင်းစွာ ထင်ရှားအပ်ပေတယ်'

'မင်းမြတ်....မြေကြီးဟာ မျိုးစေ့တို့အပေါ်မှာ သာယာနှစ်သက်ခြင်း မရှိသည့် တိုင်အောင် ပင်ကို ရှိနေအပ်သော မြေဆီမြေနှစ် သဇာဝတ်ကြောင့် မြေကြီးနှင့်စပ်လျဉ်းသမျှသော မျိုးစေ့တို့သည် ကောင်းစွာ ရှင်သန်ဖွံ့ဖြိုးကြသလိုပဲ၊ ဗုဒ္ဓမြတ်စွာဘုရား၏ဂုဏ်တော်ကျေးဇူးတော်တို့ဟာလဲ လူနတ်ဗြဟ္မာတို့အား လောကီချမ်းသာ လောကုတ္တရာချမ်းသာများကိုကောန်မုချ ရရှိခံစားစေရပေတယ်'

နန္ဒကဘီလူး မြေမျိုခံရပုံ

'ဒကာတော် မင်းမြတ်.. အဖကြောင်း စပ်လျဉ်းလာလို့ ကြားညှပ်ပြောရဦးမယ်။ နန္ဒကဆိုတဲ့ ဘီလူးဟာ ရှင်သာရိပုတ္တရာကိုယ်တော်ကြီးကို ပြစ်မှားမိလို့ မြေမျိုခံရတယ်ဆိုတာ မင်းမြတ်ကြားသိဖူးသလား'

'မှန်ပါ.... ကြားဖူးပါတယ်ဘုရား'

'မင်းမြတ်....အဲဒီနန္ဒကဘီလူး မြေမျိုခံရတာကို ရှင်သာရိပုတ္တရာကိုယ်တော်ကြီးက နှစ်သက်သလား'

'အရှင်ဘုရား....အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးနဲ့ စပ်လျဉ်းလာရင် ဒီစကားမျိုးဟာ မကြားကောင်းသည့် သိပ်ဝင်ရိုရုပါတော့တယ်။ ဥပမာအားဖြင့်ဆိုရင် နတ်ပြဟ္မာနှင့် တကွသော လောကကြီးသာ ပြောင်းပြန် လန့်ချင်လန့်ရမယ်၊ နေဝန်းလဝန်းတွေ့သာ မြေသို့ကျရင်ကျမယ်၊ ရှိရှိသမျှတောင်တွေသာ ပြောင်းပြန်လန့်ချင်လန့်ရမယ်။ ရှင်သာရိပုတ္တရာကိုယ်တော်ကြီး အာမျက်ထွက်ဖို့ သူတစ်ပါးဒုက္ခရောက်တာကို သာယာဖို့ဆိုတာကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဘုရား'

'အကြောင်းကတော့....ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးဟာ သူတစ်ပါးအပေါ်မှာ အစဉ်အမြဲသနားညှာတာတတ်ရုံသာမဟုတ်သေးဘူး၊ ဒေါသအမျက်ကိုလဲလုံးဝပယ်ဖျက်သုတ်သင်ထားပြီးသောကြောင့် ဖြစ်အပ်ပါတယ်ဘုရား'

'ကောင်းပြီ မင်းမြတ်၊ သို့ဆိုလျှင် ကာယကံရှင်ဖြစ်သူ ရှင်သာရိပုတ္တရာကိုယ်တော်တိုင်ကနန္ဒကဘီလူးအား ဒုက္ခမရောက်

စေခ်င်ပါဘဲလျက် မြေမျိုခံရတာကိုလုံးဝမနှစ်သက်မသာယာဘဲလျက် နန္ဒကဘီလူးဟာ ဘာကြောင့် မြေကြီးရဲ့ အစာဖြစ်သွားရသလဲ'

'မှန်ပါ....သူ၏အကုသိုလ်ကံအကြောင်းပါဘုရား'

'ကောင်းပြီမင်းမြတ်၊မင်းမြတ်ကိုတစ်ခါထပ်မေးဦးမယ်။ နန္ဒကဘီလူးဟာ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကိုယ်တိုင်က အမျက်လဲ၊မထုံက်သာလဲမသာယာဘဲလျက်သူ့ရဲ့အကုသိုလ်မှုကြောင့်မြေမျိုခံရတယ်ဆိုရင်ဗုဒ္ဓမြတ်စွာဘုရားကမသာမယာမနှစ်သက်သည့်တိုင်အောင် လူနတ်ဗြဟ္မာများက လှူဒါန်းပူဇော်အပ်သော ကုသိုလ်ကောင်းမှုမျာ်းဟာလဲ ပြုလုပ်သူ၏သဒ္ဓါတရား အားလျော်စွာ ကောင်းကျိုး မဖြစ်ထွန်းအပ်ပေဘးလား'

'ဟုတ်ပါ

အခြားသော မြေမျိုခံရသူမျာ်း

'မင်းမြတ်....နန္ဒကဘီလူးအပြင် တခြားမြေမျိုခံရသူတွေကိုကော သိသေးသလား'

'မှန်ပါ....(၁) စိဉ္စမာဏ (၂) သုပ္ပဗုဒ္ဓ (၃) ဒေဝဒတ် (၄) နန္ဒသူငယ်သား တို့ ဖြစ်ပါတယ်ဘုရား'

'သူတို့ကကော ဘာကြောင့် မြေမျိုခံကြရသလဲမင်းမြတ်'

'မြတ်စွာဘုရားနှင့် တပည့်သား'သံဃာတော်တို့ကိုပြစ်မှားခြင်းကြောင့်ဟု သိရပါတယ်ဘုရား

'သူတို့ မြေမျိုခံရတာကိုကော ကာယကံရှင်တွေက သာယာနှစ်သက်ကြသလား'

'မွန်ပါ.... မသာယာမနှစ်သက်ကြပါဘုရား'

'သို့သော် ခံရသူတွေမှာ လွတ်မြောက်လေသလား'

'မလွတ်မြောက်ကြပါဘုရား၊ သက်ဆိုင်ရာ ကာယကံရှင်များကမတော်မတ မသာယာသည် မွန်သော်လည်းထို့သူတို့၏ အကုသိုလ်ကံက ကြီးမားလွန်းနေတဲ့အတွက် အားလုံးပင်မြေကြီး၏အစာ ဖြစ်ကြရပါတယ်ဘုရား'

'ကောင်းပြီမင်းမြတ်၊ သို့ဆိုလျှင် ဗုဒ္ဓမြတ်စွာဘုရား မရှိတော့သည်တိုင်အောင်၊ဗုဒ္ဓမြတ်စွာကစင်စစ်သာယာနှစ်သက်ခြင်းမရှိသည်တိုင်အောင် ဗုဒ္ဓမြတ်စွာကို ရှေးရှုရည်ရွယ်ပြီး ပြုအပ်ကျွေးအပ်လှူဒါန်းအပ်တဲ့ ပူဇော်သက္ကာရတွေကောင်းမှုကုသိုလ်တွေဟာလဲ ကောန်မုချ အကျိုးမရှိနိုင်ပေဘူးလား'

'ရှိနိုင်ပါတယ်ဘုရား'

'ကောင်းလှပြီမင်းမြတ်၊ ဤသို့ဆိုလျှင် တိတ္ထိတို့၏ ယူဆစွဲလမ်းမှုကို သင်မင်းမြတ် သံသယ ရှင်းအပ်ပြီ၊ ဘုရားရှင်ကံမသာယာသည်ဖြစ်စေ၊ ဗရိုဇ်ဗျာန် ပြုသူးပြီးသည် မှန်စေ၊ ဘုရားရှင်ကို ရည်စူးပြီး ပြုအပ်သမျှသော ကုသိုလ်ကောင်းမှုတို့သည် တိတ္ထိတို့စွပ်စွဲသကဲ့သို့ မြုံသူးခြင်းမရှိ၊ အချည်းနှီးဖြစ်ခြင်း မရှိ၊ ပြုလုပ်သူ၏သန္ဓါတရား အားလျော်စွာ မှုမျှဆက်ဆက်ကောင်းကျိုး ဖြစ်ထွန်းစေနိုင်ခြင်းကို သင်မင်းမြတ်ကောင်းစွာ ယုံကြည်အပ်ပြီ'

'မှန်ပါ....တပည့်တော် ကောင်းစွာ သိအပ်ယုံကြည်အပ်ပါပြီဘုရား'

'တပည့်တော် ကြိုတင် တောင့်းပန်ခဲ့သည့် အတိုင်းပင် တပည့်တော်အပေါ်၌ ဆရာကောင်း ဖြစ်တော်မူပေသော အရှင်မြတ်ဘုရား....။ပရဝါဒီ တိတ္ထိတို့၏ ကဲ့ကျယ်စရိုးလဲမှု လေအရှိန်ကြောင့် တည်ငြိမ်စွာ ထွန်းလင်းခွင့် မရခဲ့သော တပည့်တော်၏ ဉာဏ်ဆီမီးသည် အရှင်မြတ်၏ ဖြောင့်မတ်မှုနှံ့ကန်စွာသော ရှင်းလင်းဆိုညွှန်းမှု အကာအရံကြောင့် ယခု အခါမှန်မှုစ၍ ပကတိသောတည်ငြိမ်ခြင်းဖြင့် သန့်စင်စွာထွန်းလင်းခွင့်ရအပ်ပါပြီဘုရား'

သဗ္ဗညုတ ဉာဏ်ဟူသည်

'အရှင်ဘုရား.... ဗုဒ္ဓမြတ်စွာသည် တရားအပေါင်းကို သိတော်မူအပ်သော သဗ္ဗညုတပုဂ္ဂိုလ် မှန်ပါသလား'

'မှန်ပေတယ် မင်းကြီး.... ဗုဒ္ဓမြတ်စွာဘုရားသာ တရားအပေါင်းကို သိအပ်သော သဗ္ဗညုတ ပုဂ္ဂိုလ်ဖြစ်ပေတယ်။ သို့သော် သဗ္ဗညုတဉာဏ်ဆိုတာ အခါခပ်သိမ်း အချိန်တိုင်းမှာ ထင်ရှား ဖြစ်ပေါ်နေတာမဟုတ်ဘူး။ အကြောင်းအား လျော်စွာ ဆင်ခြင်ရှေးရှုရတယ်။ ဆင်ခြင်ရှေးရှုလိုက်ရင်လဲ အလုံးစုံသိမြင်ထင်ရှားလာနိုင်ပေတယ်'

'အရှင်ဘုရား.... သဗ္ဗညုတဉာဏ်ဟူသည် ဤကဲ့သို့ဆင်ခြင်ရှုမှု သိအပ်သည်ဆိုလျှင် သဗ္ဗညုတ ဉာဏ်ရှင်ဟူ၍ပင်ဆို ရန်မခက်ပါလော'

'မင်းကြီး သဗ္ဗညုတဉာဏ်နဲ့ စပ်လျဉ်းလို့မင်းကြီး နှား လည်လွယ်အောင်ဆိုရှင် အဆင့်ဆင့်ပိုင်းခြားပြောမှဖြစ်မယ်။ ပထမဦးစွာ ပုထုဇဉ်၊ ဒုတိယ သောတာပန်၊ တတိယသကဒါ ဂါမ်စသည့်အားဖြင့် နောက်ဆုံး သဗ္ဗညုတဘုရားရှင်အဆင့် ရောက်တဲ့အခါမှ သဗ္ဗညုတဉာဏ်သဘောကိုရော သဗ္ဗညုတ ဘုရားရှင်အဖြစ်ကိုရော မင်းကြီး ကဲကဲပြားပြား သိနားလည် နိုင်မယ်'

'ခု....ပထမဆုံးအဆင့်ဖြစ်တဲ့ ပုထုဇဉ် သဘောသဘာဝကို ရှင်းပြမယ်'

ပထမစ်တ် ပုထုဇဉ်

'မြတ်သောမင်းကြီး.... ပုထုဇဉ်ဆိုတာရော၀-ဒေါသ-မောဟ-ကိလေသာ အားလုံးရှိသေးတယ်။ မပ္ပဒေးအပ်သောကိုယ် စိတ်၊ မပ္ပဒေးအပ်သော သီလပညာတို့ ရှိပေတယ်။မပ္ပဒေးအပ်ကဲ့ ကိုယ်စိတ်ဆိုတာ တခြားမဟုတ်ဘူး။ ကမ္မဋ္ဌာန်းတရားနဲ့ အညီ မိမိ၏ကိုယ်စိတ်နှစ်ပါးကို သိအပ်မှပေးအပ်ခြင်း မရှိသေးတာ ကိုပြောတာ၊ မပ္ပဒေးအပ်တဲ့ သီလ ပညာဆိုတာလဲ ထို့အတူပဲ'

'သည်တော့ ပုထုဇဉ်တို့ရဲ့ စိတ်ဓာတ်ဟာ ဖင့်နွှေးလေးလံ တယ်။မိမိစိတ်ကိုစင်ကြယ်အောင် တည့်ငြိမ်အောင် ပွဒေးများ

အားထုတ် မထားနိုင်သေးလို့ပဲ ဖြစ်တယ်။ ဥပမာအားဖြင့်
အင်မတန်ရုပ်ထွေးမှုလိမ်နေတဲ့ ဝါးရုံကြီးဆဲကာ ခါးအစ်လုံး
ကို ဆွဲထုတ်တဲ့အခါနှေးကွေးခက်ခဲနေသလိုပဲဖြစ်တယ်'

ဒုတိယစိတ် သောဘာပန်

'မင်းကြီး....သောတာပန်ကျတော့ အပါယ်တံခါးပိတ်ပြီ၊
အပါယ်ဇရဲမှာ ဒုက္ခခံရမှာကို ကြောက်စရာ မလိုတော့ဘူး။
သစ္စာလေးပါးကိုလဲ အမှန်အတိုင်း သိအပ်တာနဲ့အမျှ နိဗ္ဗာန်
ရောက်ဖို့ သေချာနေပြီ။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီ။ ထို
သောတာပန်မျိုးရဲ့ စိတ်ဓာတ်ဟာ အကြောင်းသုံးပါးမှာ
လျင်မြန်တယ်။ လျင်မြန်စွာ ဖြစ်စေနိုင်တယ်'

'အထက်မဂ်- အထက်ဖိုလ်မျိုးကျတော့ နှေးကွေးတယ်။
လေးကန်တယ်။အကြောင်းကတော့ အကုသိုလ်ဒိဋ္ဌိဝိစိကိစ္ဆာ
ဆိုတဲ့အကြောင်းသုံးပါးမှာသာ သန့်ရှင်း စင်ကြယ်အပ်သေး
လို့လဲတစ်ကြောင်း၊ အထက်မဂ်ဖိုလ်တို့၏အရာ ကိလေသာတွေ
ကို မပယ်ရသေးလို့လဲ တစ်ကြောင်း ဖြစ်တယ်'

'ဥပမာအိုရုရင်တော့ အောက်ခြေ သုံးပိုင်းလောက်သာ
ရှင်းလင်းပြီးကျန်အပိုင်းမှာ ရှုပ်ထွေးနေတဲ့ ဝါးရုံထဲကဝါး
တစ်လုံးကို ဆွဲထုတ်တဲ့အခါ အပေါ်ပိုင်းမှာ ဒုခက်အခဲအ
ကျဉ်းအကျပ် ရှိနေသလို ဖြစ်တယ်'

တဘ်ယစိတ် သကဒါဂါမ်

'မင်းကြီး.... သကဒါဂါမ် အဆင့်ရောက်ဖေး ရာဂ-ဒေါသ-မောဟ အားလုံးခေါင်းပါးသွားပြီ။အခကြောင်းငါး ပါးမှာလဲ စိတ်ဓာတ်ခပဲ့ပါးသွက်လက်တယ်။လျင်စွာဖြစ်စေ နိုင်တယ်။အထက်မဂ်ဖိုလ် အရာများမှာတော့ နုံ့ နေး တယ်။ အကြောင်းကတော့ အထက်မဂ်ဖိုလ်တို့၏ အရာဖြစ်တဲ့ကိလေ သာတို့ကို မပယ်သေးလို့ ဖြစ်တယ်

'သဘောကတော့ အောက်ခြေငါးပုံရှင်းလင်းပြီးအထက် ပိုင်းမှာ ရှုပ်ထွေးနေတဲ့ဝါးရုံထဲက ဝါးလုံးတစ်လုံးကိုဆွဲထုတ် တဲ့အခါ အောက်ပိုင်းက လွယ်ကူသလောက် အထက်ပိုင်းက ခက်ခဲကျဉ်းကျပ်နေသလိုပဲ ဖြစ်နေတယ်မင်းကြီး'

(ငါးပါးသော အရာဆိုရာ၌ အပါယ် ဂမန်တ၊ ဒိဋ္ဌိ ဝိစိ ကိစ္ဆာ၊ ကာမရာဂ ဗျာပါဒတို့ကို ဆိုလိုသည်။)

စတုတ္ထစိတ် အနာဂါမ်

'ဒကာတော်မင်းကြီး.... အနာဂါမ်အဆင့်ရောက်လာတော့ သြရမ္ဘာဂိယ သံယောဇဉ်ငါးမျိုးကို ပယ်လိုက်ပြီ။ အနာဂါမ် တို့ရဲ့စိတ်ဟာ ဆယ်ပါးသောအရာမှာ လျင်မြန်တယ်၊ပေါ့ပါး သွက်လက်တယ်။အထက်မဂ်ကျတော့ နုံ့ နေးတယ်၊လေးပင် တယ်၊အကြောင်းကတော့ အထက်မဂ်အရာဖြစ်တဲ့ကိလေသာ

တော့ကို မပယ်ရဒေသးလို့ဖြစ်တယ်။ ဆယ်ပါးဒသာ အရာမဲ့ဝါ လျင်မြန်တာကတော့ ထိုဆယ်ပါးတို့၌ စင်ကြယ်မှု ရအောပ်လို့ ဖြစ်တယ်....။

'အောက်ခြေဆယ်ပုံလွယ်ကူပြီးအထက်ပိုင်းရှုပ်ထွေးနေဘဲ ဝါးရုံထဲက ဝါးတစ်လုံးကို ဆွဲထုတ်ရသကဲ့သို့ ဖြစ်တယ်။ ဒါဟာ အနာဂါမ်တို့ရဲ့ စိတ်ဒုမျိုးအစား ဖြစ်ပေတယ် မင်းကြီး'

ပဥ္စမစိတ် ရဟန္တာ

'မြတ်သောမင်းကြီး.... ရဟန္တာပုဂ္ဂိုလ်ကျတော့ အာသဝေါတရားလဲမရှိတော့ဘူး၊ ကိလေသာလဲ မရှိတော့ဘူး၊ မဂ်ကိစ္စလဲပြီးပြီ၊ အရဟတ္တဖိုလ်လဲရောက်ပြီ၊ပဋိသမ္ဘိဒါလေးပါးကိုလဲရအောပ်ပြီ၊ ဘာမျှလုပ်စရာမလိုတော့ဘူး၊ သာဝကအရှင်လဲ အားလုံးစင်ကြယ်သွားအပ်ပြီ။

'ရဟန္တာများဟာ သာဝကအရာမှာ လျင်မြန်သွက်လက်တယ်၊ ပစ္စေကဗုဒ္ဓါအရာကျတော့ လေးဖင့်တယ်၊အကြောင်းကတော့ သာဝကအရာမှာသာစင်ကြယ်ပြီးပစ္စေကဗုဒ္ဓါအရာကျတော့ မစင်ကြယ်သေးလို့ဖြစ်တယ်။

'ရဟန္တာအဖြစ်ဟာ ဘာနဲ့တူသလဲဆိုတော့ အဆစ်အမျက်အမျှင်အခက်မရှိ ပကတိချောမောနေတဲ့ ဝါးကို ဝါးရုံထဲက

ဆွဲထုတ်လိုက်ရသလိုပဲဖြစ်တယ်။ သာဝကမျာ:သိသဇ္ဈိသိထိုက်တာကျဒတဉ ဘာမှ အခက်အခဲမရှိတော့ဘူး။ ပစ္စေကဗုဒ္ဓါအရာမှာသာ အလှမ်းမမီ မကျွမ်းကျင်တဲ့အတွက် လေးဖင့်ရခြင်းဖြစ်တယ်'

ဆဋ္ဌမစိတ် ပစ္စေကဗုဒ္ဓါ

'မင်းမြတ် ပစ္စေကဗုဒ္ဓါဆိုတာ ဆရာမရှိဘူး၊ သစ္စာလေးပါးကို မိမိအလိုလိုကိုယ်တိုင်သိအပ်တယ်။ မိမိနှင့်ပတ်သက်ရာမှာလဲ စင်ကြယ်သန့်ရှင်းပြီး ဖြစ်ထယ်။ သို့သော် သဗ္ဗညုတဘုရား:အရာကျတော့နဲ့ ဒေနှးတယ်၊လေးဖင့်တယ်၊ အကြောင်းကဒတဉ သဗ္ဗညုတဘုရား:ရှင်အဆင့်ကို မမီနိုင် မရောက်နိုင်သေးလို့ဘဲဖြစ်တယ်။

'ဥပမာအား:ဖြင့်တော့ လူတစ်ယောက်ဟာ မိမိ ကူးသန်းသွား:လာနေကျ မြစ်ချောင်း:ငယ်ကို အချိန်မရွေး သွား:လာရဲ့တယ်။ ဟိုဘက်ကမ်း ဒီဘက်ကမ်း ကူးဖြတ်ရဲတယ်။ သို့သော် ကမ်းမမြင်တဲ့ ပင်လယ်ကြီးကျတော့ ဖြတ်သန်း သွား:လာဖို့ မအိုထား:နဲ့ ဒရုပြင်ကျယ်ကြီးတွေ့ရတာနဲ့ပဲ တုန်လှုပ် ချောက်ချား:လာတယ်။ အကြောင်း:ကတော့ မိမိ ကူးသန်းသွား:လာနေကျမဟုတ်ဘဲလဲတစ်ကြောင်း၊ ပင်လယ်ပြင်ကြီး:ရဲ့ ကျယ်ပြန့် ကြီး:မားလွန်းတဲ့ အခြေအနေကို တွေ့ရပြီလဲ တစ်ကြောင်း:ဖြစ်တယ်။

'မင်းမြတ်.... ပုဒ္ဓစကဗုဒ္ဓါနဲ့ သဗ္ဗညုတဘုရား:ရှင်မျာ:ရဲ့ကွာခြား:ချက်ဟာ ဒီသဘော:အတိုင်း:ပဲ ဖြစ်တယ်'

သတ္တမစိတ် သဗ္ဗညုတဘုရားရှင်မျှော်

'မင်းမြတ်- သဗ္ဗညုတဘုရားရှင်မျှောကျတော့ သည်လို မယုတ်တော့ဘူး၊ ခပ်သိမ်းဒသတရားအပေါင်းကို အကြွင်းမရှိ သိတော်မူတယ်။ အာဒေါသဆယ်ပါးနှင့် ပြည့်စုံတော်မူတယ်။ ရဲရင့်တော်မူတယ်။ အလုံးစုံသောရန်ကို အောင်မြင်တော် မူတယ်။ ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူး အပေါင်းတို့နှင့်လဲ ပြည့်စုံတော်မူအပ်ပေတယ်။

'သဗ္ဗညုတမြတ်စွာဘုရားတို့ရဲ့စိတ်ဓာတ်ဟာအရာရာတိုင်း မှာ လျင်မြန်သွက်လက်တယ်။ လျင်မြန်ပေါပါးစွာ လှုပ်ရှား နိုင်စွမ်းရှိတယ်။ မင်းမြတ် ...ဘာဒဂုဟုအထစ် အဆစ်အမျက်မျှ မရှိ၊ ပကတိ ချောမောပြေပြစ်နေတဲ့ လေးနဲ့ပစ်လွှတ်လိုက်တဲ့ မြားဟာ အင်မတန် နူးညံ့ပျော့ပျောင်းလှတဲ့ အဝတ် ပုဆိုး တစ်စုံတစ်ရာမှာ ငြိတွယ်ဟန့်ရပ်နေစရာ ရှိသေးသလား'

'မှန်ပါ....မည်သို့မျှ ငြိတွယ်တန့်ရပ်နေစရာမရှိပါ။ အဝတ် ကလဲ အလွန်နူးညံ့ ပျော့ပျောင်းသည်၊ မြားကလဲ အရှိန် အဟုန် ကောင်းလှပါသည် ဘုရား'

'မှန်ပေတယ်ဖင်းမြတ်-သဗ္ဗညုတဘုရားရှင်တို့၏စိတ်ဓာတ် ဟာလဲ ထို့အတူပင်ဖြစ်ပေတယ်။ အရာရာတိုင်းမှာသွက်လက် ပြီး လျင်မြန်စွာ သက်ဝင် လှုပ်ရှားနိုင်တာနဲ့အမျှ တရား အပေါင်းကို သိတော်မူခြင်းဟူသော ဂုဏ်ကျေးဇူးနှင့်လည်း ပြည့်စုံအပ်ပေတယ်။ဒါဟာ သတ္တမမြောက်သဗ္ဗညုဘုရားရှင် တို့၏ စိတ်ဓာတ်သဘာဝဖြစ်တယ်။

'မင်းမြတ်....ပထမဆုံး ပုထုဇဉ်က စလေးခဲ့တဲ့ စိတ်ဓာဟ် ခုနစ်မျိုးထဲမှာ သဗ္ဗညုဘုရားရှင်တို့ရဲ့ စိတ်ဓာတ်အမျိုးအစား ဟာ ကျန်ခြောက်မျိုးဧသာစိတ်ဓာတ်နဲ့ အင်မတန်ပဲ ကွာခြား ကဲ့ပြားအပ်ပေတယ်။ အလွန်တစ်ရာ သန့်ရှင်း စင်ကြယ်မြို့ အလွန်တစ်ရာလဲ လျင်မြန်ရေပါးအပ်ပေတယ်။မနှိုင်းယှဉ်နိုင် လောက်အောင်ဝဲတဲ့ ထူးခြားသွက်လက် လျင်မြန်ဉာဏ်လဲ ရေမီးအစုံအစုံဟူသော တန်ခိုးပြာဋိဟာကို ပြသတော်မူနိုင် ခြင်းပင် ဖြစ်ပေတယ်။

'စင်စစ်တော့ ဘုရားရှင်ရဲ့စိတ်အစဉ် လျင်မြန်သွက်လက် ပုံဟာ ပြောနဲ့တော်မူဆဲ တန်ခိုးပြာဋိဟာတွေကတောင် မမှီနိုင် အောင်ဖြစ်တယ်၊ဒီထက်ထင်ရှားအောင်ပြောရရင်စိတ်အစဉ် ဖြစ်ပေါ်လျင်မြန်ပုံက ပြအပ်သောတန်ခိုးပြာဋိဟာဧတွေထက် ပိုပြီး လျင်မြန် ရေပါးနေတယ်။ ဒါဧကြောင့်လဲ သဗ္ဗညုဘုရား ဘာဏ်တော်ဟာ ဇရူးရွှတ်ခြင်ခြင်းနဲ့ စပ်လျဉ်းတယ်လို့ ဆိုရခြင်း ဖြစ်တယ်။ ဆင်ခြင်လိုက်တာနဲ့တစ်ပြိုင်နက်တာ မဆိုသလိုမြင် ထင်ရှားလာအပ်တယ်'

'မင်းမြတ်....ဥပမာအားဖြင့်ဆိုရင် လူတစ်ယောက်ဟာ လက်ယာဘက်လက်မှာကိုင်ထားတဲ့ဆရာဝတ္ထုတစ်ခုရဲ့ လက်ဝဲ ဘက်လက်ဆဲ ဖြုန်းခနဲ ဖြောင်းလိုက်တယ်။ စကားလဲ ပြောတယ်။ စကားပြောနေရင်း ပါးစပ်ဆဲက စားစရာကိုလဲ မျိုချလိုက်တဲ့ပါး၊ မျက်စိကလဲ မှိတ်လိုက်ဖွင့်လိုက်လုပ်တဲ့ယ်။လက်ကလဲ ကွေးလိုက် ဆန့်လိုက် လုပ်တယ်'

'အဲဒီလိုလူပ်ရှားမှုပေါင်းစုံကိုတစ်ပြိုင်နက်တည်းလုပ်တာကမ္မ ကြာသေးတယ်၊ ဘုရားရှင်ရဲ့ဆင်ခြင်မှုက အဆပေါင်းမရေတွက်နိုင်အောင် ပိုလွန်ပြီး လျင်မြန်အပ်တယ်။ သိအပ်သောအကြောင်းအရာတစ်ခုကို ဆင်ခြင်လိုက်တာနဲ့ တစ်စပ်တည်း သိမြင်တော်မူအပ်ပေတယ်။တို့ကြောင့် တစ်ရံစာစ်ခါ ဆင်ခြင်မှုနဲ့ ကင်းကာမျှဖြင့် ဘုရားရှင်ကို သဗ္ဗညုတဉာဏ်လို့ မဟုတ်ဘူးလို့ မဆိုထိုက်ပေဘူး မင်းမြတ်'

'မှန်ပါ... ဥပမာယှဉ်စပ်တော်မူပါဘုရား'

'ကောင်းပြီမင်းမြတ်.... ပစ္စည်းဥစ္စာ အင်မတန် ကြွယ်ဝချမ်းသာတဲ့သူဌေး တစ်ဦး အိမ်ကို ည့်သည် တစ်ယောက် ဖြုန်းခနဲ ဝင်ရောက်လာတယ်။ ထမင်းကလည်း မစား၊ရသေးဘူး။ သူဌေးအိမ်မှာလဲ ထမင်းစားချိန်မဟုတ်သို့ချက်ပြီးပြုတ်ပြီးသားမရှိဘူး။ည့်သည်အတွက်ထမင်းထပ်ပြီးချက်ရတယ်။ အဲဒီအခြေအနေအတွက် သူဌေး[illegible]းကိုမဲ့သွားပြီ၊ပစ္စည်းဥစ္စာဘာမျှမရှိတော့ဘူးလို့ပြောဆို သတ်မှတ်နိုင်ပါ့မလား....'

'မှန်ပါ မပြောနိုင်ပါဘုရား.... စကြဝဠာ မင်းကြီးနန်းဝင်ထဲမှာပင်လျှင် အာချိန်မဟုတ်ဘဲအခါ ထမင်း ဟင်းလျာမရှိဖြစ်နိုင်ကောင်းပါတယ်။သူဌေးအိမ်လောက်ကိုတော့ အထူးပြောဖွယ်ရာ မရှိဘော့ပါ ဘုရား....'

'မှန်ပေတယ် မင်းမြတ်.... ဘုရားရှင်ရဲ့ ဆင်ခြင်မှုကိုလဲ သည်အတိုင်းပဲ သိမှတ်နားလည်အပ်ပေတယ်။ မင်းမြတ်....

နောက်ထပ်ဥပမာတစ်ခုကို ဆင်ခြင်ကြည့်ပါဦး။ သစ်ပင်ကြီး တစ်ပင်ရှိတယ်။အသီးတွေလဲ ပြွတ်သိပ်ကျပ်ခဲအောင် သီးနေတယ်။အပင်အောက်မှာတော့ ပဒသီးတစ်လုံးမှ ဧကြွကျနေတာ မရှိဘူး။သည်လိုသစ်ပင်အောက်မှာ အသီးတစ်လုံးမှမရှိတာနဲ့ပဲ အဲဒီအပင်ကို အသီးမသီးဘူး၊ အာသီးမရှိဘူးလို့ ပြောနိုင်ပါ့မလား'

'အရှင်ဘုရား....အပင်အောက်မှာ အသီးရှိတာ-မရှိတာ အကြောင်းမဟုတ်ပါ။အပင်ပေါ်တွင် အသီးရှိနေလျှင် ခူးဆွတ်၍ပင်ဖြစ်စေ၊ အလိုအလျောက် ကြွကျ၍ပင် ဖြစ်စေ၊ သစ်သီးကို လိုအပ်သည့်အခါ မုချရနိုင်မည်သာ ဖြစ်ပါသည် ဘုရား....

'ကောင်းလှပြီ မင်းမြတ် ၊ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကိုလဲ ထို့အတူပင် သိမှတ်နားလည်သင့်ပေတယ်။ သည်မျှဆိုလျှင် ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ် အခြင်းအရာကို မင်းမြတ် ကောင်းစွာ သိအပ်ပြီ....'

'မှန်ပါ....တပည့်တော် သိအပ်ပါပြီဘုရား၊ ဆရာကောင်းစင်စစ်ဖြစ်တော်မူသော အရှင်မြတ်ဘုရား.... ဘုရားရှင်၏ သဗ္ဗညုတဉာဏ်အတွက် အရှင်မြတ်၏ ဆက်စပ်လျော်ကန်စွာ သောကြောင်းကျိုးသဘာဝမျှားအရ ဗုဒ္ဓမြတ်စွာဘုရားသည် စင်စစ်သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်ကြောင်း တပည့်တော် ကောင်းစွာ သိရှိဝန်ခံအပ်ပါသည်ဘုရား'

ဒေဝဒတ်နှင့် ရဟန်းအပြစ်

'တပည့်တော် သိပါရစေဦး ဘုရား၊ အရှင်ဘုရားတို့သည် လာခြင်းကောင်းတော်မူသော ဘုရားရှင်သည် မဟာကရုဏာရှိတော်မူ၏။ သတ္တဝါတို့၏အကျိုးစီးပွားကို ဆောင်တော်မူလေ့ရှိ၏။ အစဉ်သဖြင့် ကရုဏာရှိတော်မူ၏ဟူ၍ ဆိုကြကုန်သည် မဟုတ်ပါလား ဘုရား'

'မှန်ပေတယ်မင်းကြီး.... လာခြင်း ကောင်းတော်မူသော ဘုရားရှင်သည်မဟာကရုဏာလဲရှိတယ်။ အကျိုးစီးပွားကိုလဲ ဆောင်တယ်။ အစဉ်သဖြင့်လဲသနားတော်မူလေ့ ရှိပေတယ်'

'အရှင်ဘုရား....ဒေဝဒတ်ကို အဘယ်သူ ရဟန်းပြုပေးပါသလဲ'

'မင်းကြီး....(၁) ဘဒ္ဒိ (၂) အနုရုဒ္ဓါ (၃) အာနန္ဒာ (၄) ဘဂု (၅)ကိမိလ (၆)ဒေဝဒတ် (၇)ဥပါလိဆေဘွာသည် ပေါင်းခုနစ်ယောက်တို့ကို ဘုရားရှင်ရဟန်းပြုပေးခြင်းဖြစ်တယ်'

'အရှင်ဘုရား....ဒေဝဒတ်ရဟန်း ပြုပြီးနောက် သံဃာကို သင်းခွဲခဲ့သည် မဟုတ်ပါလော'

'မှန်ပေတယ် မင်းကြီး....ဒေဝဒတ်ဟာ သံဃာကို သင်းခွဲခဲ့ပေတယ်'

'အရှင်ဘုရား.... သံဃာကို သင်းခွဲတဲ့အပြစ်ဟာ ဘယ်လောက်မျှားကြီးလေးပါသလဲ'

'မင်းကြီး....သံဃဘောဒကကံထိုက်သူဟာ တစ်ကမ္ဘာပတ်လုံး ငရဲခံရပေတယ်'

'အရှင်ဘုရား....ဘုရားရှင်ဟာ ဒေဝဒတ်ကို ရဟန်းပြုပေးခဲ့ရင် သံဃာကိုသင်းခဲ့လို့မယ် ဆိုတာကိုရော၊ ထိုမကောင်းမှုကံကြောင့်မင်းအဝီစိငရဲမှာ တစ်ကမ္ဘာပတ်လုံး ကျခံရမယ် ဆိုတာကိုရော ကြိုတင်သိဆားဒုပ်ပါသလား'

'သိပေတယ်မင်းကြီး'

'အရှင်ဘုရား.... ဤသို့ဆိုလျှင် အရှင်ဘုရား ဦးစွာဆိုခဲ့သော ဘုရားရှင်ဟာကရုဏာတော်ကို ဘာမျှအဓိပ္ပာယ် မရှိနိုင်တော့ပါ။ ကြောင်းကျိုးမမှန် ယုတ္တိမတန်ရာ ရောက်နေပါတယ်'

'သို့မဟုတ် သင်းခဲ့မှာမသိလို့၊ ငရဲခံရမှာ မသိလို့ ရဟန်းပြုပေးပါတယ်ဆိုပြန်ရင်လဲ ဘုရားရှင်ဟာ သဗ္ဗညုတညာဏ်တော်ရှင် မဟုတ်ရာရောက်နေပါတယ်။ ဒီပြဿနာဟာ အစွန်းနှစ်ဖက်ထွက်နေပါတယ်။

'ဒေဝဒတ်ကို ရဟန်းပြုပေးခဲ့ရင် သံဃာကို သင်းခဲ့မှု သံဃဘေဒကံဖြောင့် မဟာအဝီစိငရဲမှာ တစ်ကမ္ဘာတိုင် ဝဋ်ကျခံရမယ်ဆိုတာကို သဗ္ဗညုတညာဏ်တော်အရ ကြိုတင်သိထားတာမှန်ရင်လဲ ဘာကြောင့် ရဟန်းပြုပေးရသလဲ၊ သတ္တဝါတို့ကို အစဉ် သနားတော်မူအပ်သည် ဆိုတဲ့ မဟာကရုဏာတော်မရှိလို့လား.... ဒီအစွန်းက တစ်ဖက်....

'မဟာကရုဏာတော်ဆိုတာမှန်ခဲ့ရင်လဲ ဒေဝဒတ်ကိုရဟန်း

ပြုပေးရင်ဖြင့် သံဃာကို သင်းခဲ့လိမ့်မယ်၊ ထိုအပြစ်ကြောင့်လဲ မဟာအဝီစိဝဲမှာ ကျခံရလိမ့်မယ်ဆိုတာကို ကြိုတင်မသိလို့လား၊ သည်လိုမသိဘူးဆိုရင်လဲ ဘုရားရှင်မှာ သဗ္ဗညုတဉာဏ်တော် စင်စစ်မရှိလို့သာ ဖြစ်တယ်....ဒီအခွန်းက တစ်ဖက်။

'အရှင်ဘုရား....ဒီအခွန်းနှစ်ဖက်ဟာ ပရဝါဒီ ပုဂ္ဂိုလ်တို့အဟက် အလွန်တရာ ဘေးရန်ကြီးလှပါတယ်။ တပည့်တော်တို့အပေါ်မှာ ပရဝါဒီပုဂ္ဂိုလ်မျှားက ထိုအခွန်းနှစ်ဖက်နဲ့ ထိုးနှက်တိုက်ခိုက်စရာ ဖြစ်နေပါတယ်။

'နောင်လာလတ္တံ့သောအခါမှာ အရှင်ဘုရားလို ပုဂ္ဂိုလ်မျိုးကို တွေ့ရနိုင်ဖို့လဲ မမျှော်လင့်ရဲလောက်အောင်ပင် ရှိုရပါတော့တယ်။ အကြောင်းတိုက်ဆိုင်သော အခိုက်တွင် တပည့်တော်အားယုံမှားဖျောက်သောအားဖြင့်ပင်ဖြစ်စေ၊ ပရဝါဒီပုဂ္ဂိုလ်တို့အားဟုတ်တိုင်းမှန်ရာ သိစေသောအားဖြင့်ပင် ဖြစ်စေ၊ ထိုအခွန်းနှစ်ဖက်ကို ပယ်ဖျက်သုတ်သင်ကာ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်ကျေးဇူး ဆီမီးတန်ဆောင်ကို ထွန်းပြောင်တော်မူပါ စေဦးဘုရား'

'ကောင်းလှပြီမင်းကြီး.... ဗုဒ္ဓ မြတ်စွာဟာ သတ္တဝါတို့အပေါ် အစဉ်သနားတော်မူအပ်တယ် ဆိုတာလဲ မှန်တယ်။ ခပ်သိမ်းသော တရားအဖေါင်းတို့ကို ကောင်းစွာ သိတော်မူအပ်တယ်ဆိုတာလဲ မှန်ပေတယ်။

'မင်းကြီး စင်စစ်တော့ ဒေဝဒတ်ကို ရဟန်းပြုပေးလိုက်တာဟာ မဟာ ကရုဏာတော်ကြောင့်ပင် ဖြစ်ပေတယ်။ သဗ္ဗညုတဉာဏ်တော် အားလျော်စွာ နောင်လာလတ္တံ့သည်

ကို ကြိုတင်ပြီး သိမြင်အပ်သောကြောင့်လဲ ဖြစ်ပေတယ်။

'ထပ်ပြီးရှင်းပြပါဦးမယ်မင်းကြီး....'

'ဘုရားရှင်ဟာ....ဒေဝဒတ်နဲ့ စပ်လျဉ်းလို ရဟန်းမဖြစ်ခဲ့ရင် ကမ္ဘာကုဋ္ဌေတစ်သိန်းခံရအံ့သော မကောင်းမှုတွေကိုလုပ်မယ်လို နောင် ဖြစ်လာလတ္တံ့သည်များကို အကြွင်းမဲ့ပင် ကြိုတင်ပြီး မြင်တော်မူအပ်ပေတယ်။ ဒေဝဒတ်ဟာ ကြီးစွာသော မကောင်းမှုများကြောင့်ပင် ကမ္ဘာအပိုင်းအခြားမရှိ။ ငရဲတစ်ခုမှတစ်ခုသို့ တောက်လျှောက် စဉ်တိုက်ကြီး ပြောင်းရွှေ့ခံစားရမှာကို သဗ္ဗညုတဉာဏ်နဲ့ သိမြင်သော်မူအပ်ပေတယ်။

'သည်လို....ငရဲအမျိုးမျိုးမှာ ကာလအပိုင်းအခြားမရှိခံရမှာကို သိတော်မူလို သာသနာ့ဝန်ထမ်းရဟန်းပုဂ္ဂိုလ်အဖြစ်ပြုပေးပြန်ရင်လဲ သံဃာကို သင်းခွဲလိမ့်မယ်။ သင်းခွဲတဲ့အတွက်လဲ မဟာအဝီစိငရဲမှာ တစ်ကမ္ဘာတိုင်တိုင် ကျခံရလိမ့်မယ်ဆိုတာကို သိတော်မူအပ်ပြန်ပေတယ်'

သက်သာခွင့်ရစေခြင်း

'မင်းကြီး....နှောင်အိမ်တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ကာ အသက်ဆုံးသည်တိုင် မင်းပြစ်မင်းဒဏ်ခံရသောအကျဉ်းသားနဲ့ နှောင်အိမ်တစ်ခုတည်းမှာသာ ရက်ကာလ အပိုင်းအခြားနဲ့ သတ်မှတ်ပြီး အပြစ်ဒဏ်ခံရသော အကျဉ်းသား နှစ်ဦးအနက် ဘယ်သူက သက်သာခွင့်ရအပ်သလဲ'

'မှန်ပါ....ရက်ကာလအပိုင်းအခြားနဲ့ ခံရသူက သက်သာခွင့် ရပါတယ်ဘုရား'

'ဒေဝဒတ်ကို ဘုရားရှင် ရဟန်းပြု ပေးတော်မူတာဟာ ထိုသဘောအတိုင်းပင် ဖြစ်ပေတယ်မင်းမြတ်။ ငရဲအသီးသီးမှာ ကာလအပိုင်းအခြားမရှိ တောက်လျှောက်စဉ်တိုက်ကြီး ခံရမှာနဲ့ စာရင် သံဃာကိုသင်းခဲ့မှုကြောင့် တစ်ကမ္ဘာသာ အပြစ်ခံရမှာက သက်သာခွင့်ရအောပ်ပေတယ်ဆိုတဲ့ မဟာကရုဏာတော်နဲ့ ရဟန်းပြုပေးခဲ့ခြင်း ဖြစ်ပေတယ်'

'အရှင်ဘုရား.... သို့ဆိုလျှင် ဘုရားရှင်သည် ရိုက်ပြီးမှ ဆီလိမ်း၊ တွန်းလိုက်ပြီးမှပြန်ဆွဲ၊ သေပြီးမှပြန်ရှင်စေသကဲ့သို့ပင် ရှိလေတော့သည် မဟုတ်ပါလော'

'မှန်တယ်မင်းကြီး လာခြင်း ဖောင်းတော်မူသောဘုရားရှင်သည် သတ္တဝါတို့၏ အကျိုးစီးပွားနှင့် စပ်လျဉ်းလာတဲ့ အခါရိုက်တန်တာကိုရိုက်၊ လဲအောင်တွန်းအပ်တာကို တွန်းအပ်ပေတယ်။

'မြင်သောမင်းကြီး....ပစ္စည်းဥစ္စာ ခြွေရံသင်းပင်းများနဲ့ အင်မတန်ဂုဏ်အရှိန်အဝါအာနုဘော်ကြီးတဲ့သူဌေးကြီးတစ်ဦးရှိတယ် သူဟာမင်းနဲ့ လဲအင်မတန် အကျွမ်းဝင်တယ်။ မင်းဖြစ်သူကို ပြောနိုင်ဆိုနိုင်၊ ပြောရဆိုရသူ ဖြစ်တယ်။ တစ်နေ့မှာ သူ့ရဲ့သွေးသားတစ်ဦးဟာ ကြီးလေးစွာသော မင်းပြစ်မင်းဒဏ်ကို ခံရတယ်'

'သည်အခါမှာ သူဌေးကြီးဟာ မင်းဖြစ်သူနဲ့တွေ့ဆုံပြီး သူ့ရဲ့သွေးသားအပေါ် ချမှတ်ထားတဲ့ မင်းပြစ်မင်းဒဏ်ကို သက်သာလျှော့နှုန်းခွင့်ရလေအောင်ဆောင်ရွက်တယ်၊ အပြစ်

ကြီးလေးစွာ ခံစားနေရသူဟာ သူ့ရဲ့ဆောင်ခွက်မှုကြောင့် အပြစ်ဒဏ်သက်သာလျှော့နည်းသွားခဲ့ရတယ်။

'ဘုရားရှင်ဟာလဲ ဒီဒုတိုင်းပင် ဖြစ်ပေတယ် မင်းကြီး။ ဒေဝဒတ်အပေါမှာ အသက်သာဆုံး ဖြစ်နိုင်တဲ့နည်းကို ရွေးချယ်ပြီး ကယ်မတော်မူလိုက်တာပဲ'

'မင်းကြီးဘုရားရှင်ဟာ ဒေဝဒတ်အပေါမှာ သည်လို ဆင်းရဲသက်သာသွားအောင်စွမ်းဆောင်ကယ်မတော်မူလိုက်တဲ့အတွက် တစ်စုံတစ်ခုဖေသာမကောင်းမှုကို ပြုအပ်တယ်လို့ ဆိုထိုက်သလား;''

'မှန်ပါ....ဒုဿနိ့ တစ်ညစ်ကာလ လက်ဖျစ်တစ်တွက်မျှ လောက်ပင် မကောင်းမှုဖြစ်အပ်တယ်လို့ မဆိုနိုင်ပါဘုရား'

'ကောင်းပြီ၊ မင်းကြီး....သို့ဆိုလျှင်ဘင်မင်းကြီးသည်ဘုရားရှင်၏မဟာကရုဏာတော်နှင့်တကွ သဗ္ဗညုတ ဉာဏ်တော်၏ အခြင်းအရာကို ထင်ရှားစွာ သိအပ်ပြီ။ သို့သော်ပိုပြီးသိသာစေသောဥပမာတင်ခုကိုထပ်မံဆိုဦးမည်မင်းကြီး။ခို့းသူတစ်ဦး ကိုလက်ရဖမ်းဆီးမိတဲ့အခါမင်းဖြစ်သူကထို့ခို့းသူကိုဦးခေါင်းဖြတ်သတ်စေလို့အမိန့်ချမှတ်လိုက်တယ်။ အမိန့်အတိုင်း မင်းမှုထမ်းတွေကခို့းသူအား သူသတ်ကုန်းသို့ ခေါ်သွားကြတယ်။

'သည်အခါမှာပစ္စည်းဥစ္စာလဲအင်မတန်ကြွယ်ဝချမ်းသာ၊ မင်းနဲ့လဲအကျမ်းဝင်တဲ့သူတစ်ဦးက ခို့းသူကို သနားတာနဲ့ မင်းမှုထမ်းတွေကို ဒီလိုပြောတယ်'

'ခို့းသူကို မင်းမိန့်အတိုင်းခေါင်းဖြတ်မသတ်လိုက်ကြပါနဲ့ကွာ။လက်ခြေလောက်နဲ့ဝမ်းမွေးလောက်ပဲ ဖြတ်ကြပါ။မင်း

တို့မှာဘယ်လို့မှ အပြစ်မရှိစေရပါဘူး။ ငဲ့ကြွေးကို 'ငါ' သင့်သလို ကြည့်ပြီး လျော့ကတ်တင်ပါ့မယ်'

'သည်တော့....မင်းမှုထမ်းဖြစ်သူတွေကလဲ ထို့သူဟာမင်းနဲ့အကျမ်းဝင်တာ ပြောရဲဆိုရဲတာကို သိနေတော့ သူပြောတဲ့အတိုင်းပဲ ခိုးသူကို လက်ခြေလေးက်သားဖြတ်လိုက်ကြတယ်။ သတ်မပစ်ဘူး'

'မင်းကြီး....ခိုးသူရဲ့ အသက်ကိုကယ်သူဟာ ဒီလိုလုပ်လိုက်တဲ့အတွက်တစ်စုံဆစ်ရာမကောင်းမှုပြုတယ်လို့ဆိုထိုက်သလား'

'မဆိုထိုက်ပါဘုရား....သူတစ်ပါး၏အသက်ကို ကယ်ခြင်းအတွက် ပြုအပ်သောအမှုကို ပြုသည်ဟုပင် ဆိုရဦးမည်ဖြစ်ပါတယ်'

'ကောင်းပြီမင်းကြီး-လက်ခြေအဖြတ်ခံရတဲ့အတွက်ကောထို့သူမှာ အပြစ်တစ်စုံတစ်ရာ ရှိထိုက်သလား'

'အရှင်ဘုရားလက်ခြေအဖြတ်ခံရတာက ကယ်ဆယ်သူနှင့်လုံးဝမသက်ဆိုင်ပါ၊ ခိုးသူ၏အပြစ်အတွက်ခံရခြင်းသာ ဖြစ်ပါတယ်'

'ဗုဒ္ဓဘုရားရှင်၏ အပြုအမူကိုလဲ ထို့အတိုင်းပင် သိမှတ်နားလည် အပ်ပေတယ်မင်းကြီး၊ဒေဝဒတ်ကိုရဟန်းဝတ်ပေးလိုက်တဲ့အတွက် ဒေဝဒတ်ဟာကမ္ဘာတစ်သိန်းမက ငရဲခံရမယ့်အစား၊တစ်ကမ္ဘာမျှသာ ငရဲခံရမယ့်အခြေအနေရောက်သွားတယ်။ဒုါဇကြောင့်လဲ ဒေဝဒတ် ကိုယ်တိုင်က သေရုံးဆဲဆဲနောက်ဆုံးအချိန်မှာ....

'လောကသုံးပါးထက် မြတ်တော်မူသောမြတ်စွာဘုရား၊နတ်ထက်နတ်ဖြစ်တော်မူသောမြတ်စွာဘုရား၊ ဆုံးမထိုက်သူအပေါင်းကို ထုက်ဝန်းကျင်အပိတ်အပင် မရှိ သိုဝိုင်စွမ်းတော်မူသော သဗ္ဗညုတညာဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား....ဘုန်းတော်အပေါင်းယောကျ်ားမြတ်တို့၏ လက္ခဏာတော် အပေါင်းဖြင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား.... ထိုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကိုတပည့်တော်ဒေဝဒတ်သည် ရုပ်နာမ် နှစ်ပါးတို့ဖြင့် ပျုပ်ဝပ်ရိုကျိုးရှိခိုးကန်တော့ပါ၏။ အသက်ထက်ဆုံး ဆည်းကပ် ကိုးကွယ်ပူဇော်ပါ၏ဘုရား'လို့ ဘုရားရှင်ရဲ့ မဟာကရုဏာတော်ကိုထုတ်ဖော်တမ်းတရင်းအနှုးအညွှတ်ကန်တော့သွားအပ်ပေတယ်'

'မြတ်သောမင်းကြီး....ဒေဝဒတ်ဟာ သံဃာကိုသင်းခွဲတဲ့ကံကြောင့် ဒီကမ္ဘာကြီးရဲ့ငါးပုံကာလပတ်လုံး မဟာအဝီစီငရဲမှာကျခံသော်လဲ ထိုငရဲမှလွတ်တဲ့အခါ 'အင်္ဂဝံသရ'ဆိုတဲ့ပစ္စေကဗုဒ္ဓါဖြစ်လာဦးမယ်။ ဒေဝဒတ်နဲ့စပ်လျဉ်းလို့ဘုရားရှင်က ခုလို ကယ်တင်ခဲ့တာဟာ မဟာကရုဏာတော်နဲ့ သဗ္ဗညုတ ညာဏ်အားလျော်စွာ ပြုတော်မူခဲ့တာပဲ မဟုတ်ပေဘူးလား'

'မှန်ပါ.... တပည့်တော် သိအပ်ပါပြီဘုရား'

'မင်းမြတ်....ဥပမာတစ်ခုကို ထပ်ပြီးဆင်ခြင်ကြည့်ပါဦး၊ လူတစ်ယောက်ဟာ အင်မတန်ဆိုးဝါးတဲ့ အနာကြီးတစ်ခု ပေါက်နေတယ်၊ သွေးဘွဲ့ပြည့်တွေကလဲ တရွဲရွဲ၊ ကိုက်လိုက်နာလိုက်တာကလဲ မခံနိုင်လောက်အောင် ဖြစ်နေတယ်၊ သည် အခါမှာဆေးသမား ဖြစ်သူက အနာရွဲအခြေအနေအရကြမ်းတမ်းပူလောင်တဲ့ စားဒဆေးကို တင်သင့်တင်မယ်၊ ဓားနဲ့ခွဲတန်ခွဲမယ်။

'သည်လိုလုပ်တာဟာ လူနာအပေါ်မှာ သနားကြင်နာခြင်းမရှိ၍ လုပ်တာလား။ အနာပျောက်စေလို၍ ချမ်းသာစေလို၍လုပ်တာလား'

'ချမ်းသာစေလို၍ လုပ်ခြင်းသာဖြစ်ပါတယ်ဘုရား'

'ဘုရားရှင်ကိုလဲ ဤသို့ပင် သိအပ်ပေတယ် မင်းမြတ် ဆိုးဝါးလှစွာသော အနာကြီးနှင့်တူတဲ့ အကုသိုလ်ကံမျိုးအတွက်ဆေးကုသခြင်းဟူသောမဟာကရုဏာတော်ဖြင့်သက်သာခွင့်ရစေနိုင်အောင် ရဟန်းပြုပေးခဲ့ခြင်းသာ ဖြစ်တယ်၊

'နောက်တစ်နည်းကတော့ လူတစ်ယောက်ဟာဆူးစူးတဲ့အခါဆူးကိုသံချွန်နဲ့ကော်တန်ကော်၊ ဆွဲထုတ်တန်ဆွဲထုတ် ရတာပဲ မဟုတ်လား'

'မှန်ပါ....လုပ်ရပါထယ်ဘုရား'

'ကောင်းပြီ မင်းမြတ်....ဒေဝဒတ်ကို ဆူးစူးခံရသကဲ့သို့ မှတ်ပါ။ ဘုရားရှင်ကို ဆူးနုတ်ပေးသူကဲ့သို့မှတ်ပါ။ မနုတ်ဘဲ မပယ်ရှားဘဲထားရင် အသက်သေတဲ့အထိဖြစ်သွားနိုင်တဲ့ဆူးကိုလျော်ကန်သလို ထုတ်ပစ်အပ်ခြင်းဖြင့် လူနာအား အသက်

ခွေးသခင်စေသကဲ့သို့ မဟာ ကရဏာတော်ရှင် သင်္ဃညုတ ဗြတ်ဘုရားသည်လည်း ကမ္ဘာတစ်သိန်းမက ငရဲခံရမယ့်ဒေဝဒတ်ကို ရဟန်းပြုပေးခြင်းအား ဖြင့် သက်သာခွင့်ရစေခဲ့ပေ ထယ်။

'မင်းကြီး....ဤမျှဆိုလျှင်-

၁။ ဘုရားရှင်ဟာ သင်္ဃညုတ ဉာဏ်တော်မရှိခဲ့သော ဒေဝဒတ်ကိုရဟန်းပြုပေးခဲ့ခြင်းဖြစ်သည်ဆိုတာ အစွန်းတစ်ဖက်။

၂။ သင်္ဃညုတ ဉာဏ်ရှိခဲ့လျှင်လည်း မဟာကရုဏာတော်မရှိ၍သော ဒေဝဒတ်အား သံဃဘေဒကံဖြင့် မဟာအဝီစိငရဲဋ္ဌာနကြီးခံရစေသည်ဟူသော အစွန်းဘစ်ဖက်၊ မင်းကြီး မေးမြန်းလျောက်ထားရင်းဖြစ်တဲ့ သည်အစွန်းနှစ်ဖက်ဟာ ကြာပျက်လောက်ကရောပေါ့'

'မှန်ပါ....ကြာပျက်အပ်ပါပြီဘုရား၊ ကြာပျက်ရုံသာမက ဘုရားရှင်၏မဟာကရုဏာတော်ကိုလည်းကောင်း၊သင်္ဃညုတ ဉာဏ်တော်ကိုလည်းကောင်း ကောင်းစွာသိအပ်ပါပြီဘုရား'

နှလုံးသားမှ သဒ္ဒါတရား

ဘစွန်းနှစ်ဖက်နှင့်စပ်လျဉ်း၍ ရှင်နာဂသေနမထေရ်မြတ်၏ ဆုံးဖြတ်ပိုင်းခြားမှုကိုကြား သိရသည့်အခါမိလိန္ဒမင်းကြီးသည်

ထိုကဲ့သို့ပင်ဆောလျင်စွာ ဝန်ခံဝံ့ပ်လေသည်။ ထို့ပြင်မထေရ်မြတ်၏ဘုတ်ပေဝ်ဆိုညှိုးမှုမျှားအား လျော့စံ့ပဝ်ငှ် နှလုံးသားမှ ဖြစ်အပ်ဖသာသဒ္ဓါတရား ဖြင့် ဗုဒ္ဓမြတ်စွာဘုရားအား လှိုက်လှဲခြင်းပြင်းစွာ ကြည်ညိုမြတ်နိုးခြင်း ဖြစ်ရသည်။

သို့ဖြင့် မထေရ်မြတ်အား ဤသို့လျှင် ဆက်လက်လျှောက်ထားပြန်ပေ၏။

'တပဲ့ဘွဲ့တော်အဓပါဒ် ဆရာကောင်း ဖြစ်တော်မူပေသော အရှင်မြတ်ဘုရား....။

'ဗုဒ္ဓမြတ်စွာဘုရားသည် ဝင့်ဆင်းရဲ၏ ရေအလျဉ်ကြောတွင်မျောပါနှစ်မှုနိုး ရှုတွေ့မည့်ဒေဒဒတ်အား ဒုဇ္ဈိုက်အလျောက် တန်ရုပ်တည်ငြိမ်ရာဖြစ်သော ဇရအလျဉ်၏ အထက်အရပ်သို့ ပို့ဆောင်တော်မူအပ်ပါပေတယ်။

'လွဲမှားစွာသောခရီးသို့ရှေးရှုဦးတည်မိုချေသော ဒေဒဒတ်အား စင်စစ် ဖြောင့်မှန်သောခရီးလမ်းမကို ညွှန်ပြပို့ဆောင်တော်မူအပ်ပါပေတယ်။

'အဆုံးမရှိနက်ရှိုင်းလှစွာသောအကုသိုလ်ချောက်ကမ်းပါးကြီးအတွင်းသို့ သက်ဆင်းကျရောက်ရတော့အံ့ဆဲဆဲ ဒေဝဒတ်အား တိုက်သည့်အားလျော့စံ့ဖြစ်သော ရပ်တန့်ခိုနားရာကို စွမ်းဆောင် ဖန်ဟီးတော်မူအပ်ပါ၏ပေတယ်။

'အယူအဆ လွဲမှားခြင်းဟူသော မည်ညွတ်သည့် မြေပေါ်ဝယ် ဦးစောက်ပြောင်းပြန် အဖန်ဖန်လိမ့်လဲ နေအပ်သော ဒေဝဒတ်အား အမှုန်တရား တည်းဟူသော ညီညွတ်ချောပြေလှသည့် မြေအမြင်သို့ ကယ်တင် ပို့ဆောင်တော်မူအပ်ပေတယ်။

'အရှင်မြတ်ဘုရား-ဤသို့လျှင် ဇနကကံဟုဆိုအပ်သော အခြေခံအကြောင်းရင်းတို့၏ အခြင်းအရာကို လည်းကောင်း၊ ဥပထမ္ဘကကံဟုဆိုအပ်သောစပ်လျဉ်း ဆက်သွယ်ရာတို့၏ အခြင်းအရာကို လည်းကောင်း၊ အရှင်မြတ်မှလွဲ၍ အခြား မည်သို့သော ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်မျှ ကြောင်းကျိုးလျော်ကန်ယုတ္တိတန်စွာ ဖြေရှင်းနိုင်စွမ်းမည် မဟုတ်ပါ ဘုရား'

မိလိန္ဒမင်းကြီးသည် နာဂသေနအရှင်မြတ်အား ဤသို့လျှင် ဝမ်းမြောက်လို့က်လဲစွာလျှောက်ထားအပ်ပြီး နောက်ပြဿနာ မေးခြင်းကို တစ်ခဏမျှ ဆိုင်းငံ့ထားလိုက်သည်။ မိမိ မေးလျှောက်သမျှကိုပင် မငြိုမငြင်ရှင်းလင်းဖြေကြားလာခဲ့သော အရှင်မြတ်လည်း အပန်းဖြေစေတော့။ မိမိကိုယ်တိုင်လည်း အနားယူသည့်သဘော ဖြစ်ပေသည်။

ပြီးမှ ပြဿနာသစ်တစ်ရပ်ကို ဤသို့ စတင် မေးလျှောက်ပြန်လေသည်။

မြေလှုပ်ခြင်း ပြဿနာ

'အရှင်ဘုရား-မြေလှုပ်ခြင်းနှင့်စပ်လျဉ်း၍ရှစ်ကြိမ်မြောက် ဖြစ်သည်။ အကြောင်းတရား ရှစ်ပါးရှိသည်ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ ဟောကြားသည်မှာလည်း ခြင်းချက်မရှိ တထစ်ချမှန်သည့် စကားတစ်စုံတစ်ရာ ပြောင်းလဲစရာမရှိသော စကားအဖြစ် ဟောတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

'သို့သော်.... ဝေသန္တရာဇာတ်တော်မှာ တွေ့ရတဲ့အတိုင်း ဝေဿန္တရာမင်းကြီးအလှူပေးတဲ့အခါ ကြီးစွာသော မြေလှုပ်ခြင်းသည် ခုနစ်ကြိမ်တိုင်တိုင်ပင်လှုပ်တယ်လို့ဆိုပါတယ်။ ထို့မြေလှုပ်ခြင်းကိုပါထည့်သွင်းရေတွက်ခဲ့ရင် မြေလှုပ်ခြင်းဟာ ကိုးကြိမ်မြောက် ဖြစ်နေပါတယ်။

'တပည့်တော် ဦးစွာလျှောက်ခဲ့ပြီးဖြစ်တဲ့အတိုင်း မြေလှုပ်တဲ့ဟာ အကြောင်းရှစ်ပါးသာရှိတယ်။ ရှစ်ကြိမ်မြောက်သာ ဖြစ်ဘို့ ဘုရင်လဲ ဝေဿန္တရာမင်း အလှူကြီး ပေးတော်မူလို့ ခုနစ်ခါ ဘုံတိုင် မြေလှုပ်တယ်ဆိုတဲ့စကား မှားပါလိမ့်မယ်။

'သို့မဟုတ် ဝေဿန္တရာမင်းအလှူကြီးပေးတဲ့အခါခုနစ်ခါ တိုင်တိုင်မြေလှုပ်ခဲ့တာ စင်စစ် မှန်ဘယ်ဆိုရင်လဲ ဘုရားရှင် ဟောတော်မူခဲ့တဲ့ ရှစ်ကြိမ်မြောက်ဆိုတာမှားရာရောက်နေပါတယ်။ အစွန်းနှစ်ဖက်ထွက်နေပါတယ်။ အလွန်လဲ သိမ်မွေ့လှပါတယ်။

'အရှင်မြတ်ဘုရား....ကျွဲပြဿနာသည် အရှင်မြတ်မှတစ်ပါး ဆိုက်တန်သူမရှိပါ။ ဟုတ်တိုင်းမှန်ရာကို သိပါရစေဘုရား'

'အကာတော်မင်းကြီး 'ရဟန်းတို့.... မြေလှုပ်ခြင်းသည် အကြောင်းတရားရှစ်ပါးရှိတယ်'လို့ ဘုရားရှင်ဟောတော်မူခဲ့တာ မှန်ပေတယ်။ ဝေဿန္တရာမင်း အလှူပေးတဲ့အခါ ခုနစ်ကြိမ်တိုင်တိုင် မြေလှုပ်ခဲ့တာလဲ မှန်ပေတယ်။

'သို့သော်....ဥပမာတစ်ခုရှိတယ် မင်းမြတ်....

'လောကဝေဟာရမှာ မိုးရာသီကို မိုးဦး၊ မိုးလယ်၊ မိုးနှောင်းလို့ သုံးမျိုးသာရေတွက်သတ်မှတ်ကြတယ်။ ဘိုသုံးမျိုးအပြင် နေ့ခေါင်ခေါင်မှာ နွားတဲ့မိုးကျတော့ အခါမဲ့ရွာတဲ့မိုးလို့သာသိမှတ်ကြတယ်။ မိုးရာသီထဲထည့်မတွက်တော့ဘူး'

'ဝေဿန္တရာမင်း အလှူကြီးပေးလို့ မြေခုနစ်ကြိမ်တိုင်တိုင် လှုပ်ခြင်းဟာလဲ ထို့အတူပဲ အခါမဲ့ဖြစ်တယ်။ တစ်ရံတစ်ခါ ကိစ္စမျိုးသာဖြစ်တယ်။ မြေလှုပ်ခြင်းအကြောင်းတရားရှစ်ပါးထဲမှာ ထည့်တွက်မရဘူး။ မထည့်ထိုက်ဘူး'

'မင်းမြတ်....နွိုင်းယှဉ်စရာ တစ်ခုရှိသေးတယ်။ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာဆိုတဲ့အတိုင်းပဲ။ ဟိမဝန္တာတောင်မှ မြစ်ငယ်ငါးရာ စီးဆင်းလာအုပ်တယ်။ သို့သော်....

'၁၊ ဂဂ်ါး ၂၊ ယမုနာ။ ၃၊ အစိရဝတီ။ ၄၊ မဟီ။ ၅၊ သရဘူ။ ၆၊ သိန္ဓု။ ၇၊ သရဿတီ။ ၈၊ ဧတြဝတီ။ ၉၊ စီတံသာ။ ၁၀၊ စန္ဒဘာဂါဆိုတဲ့ ဆယ်ခုသော 'မြစ်' ကိုသာ 'မြစ်' အဖြစ်ရေတွက်သတ်မှတ်ကြတယ်။ ကျန်တဲ့မြစ်တွေကဒီတော့ ရေအမြဲတမ်းမရှိလို့ မြစ်အဖြစ် သတ်မှတ်ရေတွက်ခြင်း မပြုကြဘူး။ နောက်တစ်ခုလဲရှိသေးတယ်။ မင်းမြတ်မှာ အမတ်များစုံရှိပေမယ့် ခြောက်ဦးသောသူကိုသာ အမတ်လို့ ခေါ်အပ်ဟယ် မဟုတ်ဘူးလား'

'၁၊ စစ်သူကြီး။ ၂၊ ပုရောဟိတ်။ ၃၊ တရားသူကြီး။ ၄၊ ဘဏ္ဍာစိုး။ ၅၊ ထီးတော်မိုး။ ၆၊ သန်လျက်စွဲ။ သည် ခြောက်ဦးသာလျှင် အမတ်လို့ တိတိကျကျ ခေါ်အပ်တယ် မဟုတ်လား။ အကြောင်းကတော့ သူတို့ခြောက်ဦးက မင်းရဲ့အကျိုးစီးပွား၊ မင်းရဲ့အမှုကိစ္စနဲ့ အနီးစပ်ဆုံးဖြစ်နေလို့ပဲ မဟုတ်ပေဘူးလား။

'မင်းမြတ်....ဝေဿန္တရာမင်းကြောင့် လူပ်အပ်တဲ့မြေကိုလဲတို့ အတူပဲ သိမှတ်အပ်ပေတယ်။ ဘစ်ခါတစ်ရံကိစ္စ ဖြစ်တဲ့အတွက် အခါမဲ့ လူပ်ခြင်းဟု ဆိုအပ်တယ်။ မြေလူပ်ခြင်းအကြောင်းရှစ်ပါးထဲသို့ အရေအတွက်အားဖြင့် မဆည့်သွင်းတာဖြစ်တယ်။

'မင်းမြတ်.... မြေလူပ်ခြင်းအကြောင်းတရား ရှစ်ပါးဆိုတာ ဤသို့ဖြစ်တယ်။

မြေလှုပ်ခြင်းအကြောင်း ရှစ်ပါး

၁။ ဓာတ်ကြီးလေးပါး (ရေ-မြေ-လေ-မီး) ချွတ် ချားသောအားဖြင့်လည်း လှုပ်သည်။

၂။ ဘုန်းတန်ခိုးကြီးသူကြွာဇိုလည်း လှုပ်သည်။

၃။ ဘုရားလောင်း ပဋိသန္ဓေနေသော အားဖြင့်လည်း လှုပ်သည်။

၄။ ဘုရားလောင်းဖွားမြင်ခြင်းကြောင့်လည်း လှုပ်သည်။

၅။ ဘုရားအဖြစ်သို့ ရောက်တော် မူခြင်းကြောင့်လည်း လှုပ်သည်။

၆။ ဓမ္မစကြာတရားကို ဟောတော်မူခြင်းကြောင့်လည်း လှုပ်သည်။

၇။ အာယုသင်္ခါရ လွှတ်တော်မူသော အားဖြင့်လည်း လှုပ်သည်။

၈။ ပရိနိဗ္ဗာန်ပြုတော်မူခြင်းကြောင့်လည်း လှုပ်သည်။

လက်ငင်းအကျိုးခံစားရသူ ခုနစ်ဦး

'မင်းမြတ်....အခြား ဥပမာတစ်ခု ရှိသေးတယ်။

'ဘုရားရှင်ရဲ့သာသနာတော်အတွင်းမှာမိမိတို့ရဲ့ကောင်းမှု ဆုတောင်း အားလျော်စွာ လူ.ရပ်နတ်ရွာ ကျော်စောပြီး လက်ငင်း ဒိဋ္ဌ အကျိုးခံစားရသူတွေကို မင်းမြတ် ကြားဖူး သလား'

'မှန်ပါ.... ကြားဖူးပါတယ်ဘုရား၊ ၁။ သုမနပန်းသည်၊ ၂။ ကေသာဠကပုဏ္ဏား၊ ပုဏ္ဏားသူရင်းငှား၊ ၄။ မလ္လိကာမိဖုရား၊ ၅။ ဂေါပါလမာတာမိဖုရား၊ ၆။ သပ္ပိယာဥပါသိကာမ၊ ၇။ ပုဏ္ဏဆိုတဲ့ကျွန်မ၊ သူတို့ ခုနစ်ယောက်ဟာ ဒီဌမွေ ဝေဒနိယကံ၏ အကျိုး ဆက်ကို ခံစား ကြရပါတယ်၊ ဘုရား'

လူ့ကိုယ်ဖြင့် နတ်ပြည်ရောက်သူများ

'ကောင်းပြီမင်းမြတ်.... လူစင်စစ်ဘဝဖြင့်နတ်ပြည်ရောက်သူတွေကိုကော မင်းမြတ်ကြားဖူးသေးသလား။

'မှန်ပါ....ကြားဖူးပါတယ်ဘုရား။ ၁။ ဂုတ္တိလ စောင်းသမား၊ ၂။ သာဓိနမင်း၊ ၃။ နေမိမင်း။ ၄။မန္ဓာတ်မင်း၊ ထိုသူလေးဦးတို့ဟာ လူ့ဘဝနဲ့နတ်ပြည်ရောက်တယ်လို့ကြားသိရဖူးပါတယ်ဘုရား'

'မင်းမြတ် လွန်ခဲ့တဲ့အချိန်ကာလတုန်းက ဖြစ်စေ၊ခုမျှက်မှောက် အခါမှာပဲဖြစ်စေ အလှူကြီးပေးလို့ မြေလှုပ်တာကိုကော ကြားဖူးသလား'

'မကြားဖူးပါဘုရား'

'မှန်တယ်မင်းမြတ်....ငါကိုယ်တိုင်လဲ တစ်ခါမှုမကြားသိခဲ့ဘူး၊ ငါပိဋ္ဌကတ် သုံးပုံလဲ ကုန်ခဲ့ပြီ၊ ငါ့အထက် ဆရာသမား‌တွေကိုလဲမေးမြန်းစုံစမ်းခဲ့ပြီးပြီ၊ဝေဿဘုရာမင်းကြီးမှ

အပ အခြားသူတွေ့ အလှူပေးလို့ မြေလှုပ်ဘယ် ဆိုတာ တစ်ခါမှ တို့မကြားခဲ့ရသေးဘူး။

'ကဿပဘုရားနှင့် ဂေါတမဘုရားစပ်ကြား နှစ်အရေ အတွက်ပေါင်းများစွာအာဘွင်းမှာလဲ တစ်ဦးတစ်ယောက်၏ အလှူအတွက် မြေလှုပ်တယ်လို့ မကြားသိခဲ့ရဘူး။ ဝေဿန္တရာ မင်းကြီးအလှူဋ္ဌသာလျှင် မြေကြီးဟာ ခုနစ်ကြိမ်တိုင်တိုင်လှုပ် ကြောင်း သိရတယ်။

'မင်းမြတ်....စင်စစ်တော့ ဝေဿန္တရာမင်းကြီး၏ ဒါန ပါရမီအဟုန်ကို မြေကြီးက ဘယ်လိုမှ မခံရပ်နိုင်၊ မခဆောက် တည်နိုင်ကော့လို့ ခုနစ်ကြိမ်တိုင်တိုင် လှုပ်ရခြင်းဖြစ်ဘယ်။ ဥပမာအား ဖြင့်တော့မနိုင်တဲ့ဝန်ကုထမ်းရွက်ရဘဲ့အခါလှည်း ၏ဝင်ရိုးဟူသော အစိတ်အပိုင်းတစ်ခုချင်းပင်ဖြစ်စေ၊ လှည်း တစ်ခုလုံးပင်ဖြစ်စေ ကျိုးပဲ့ပျက်စီးရသကဲ့သို့ဖြစ်တယ်။

'မင်းမြတ်....နောက်ဥပမာတစ်ခု ရှိသေးတယ်။

'ကောင်းကင်မှာ လေပူနဲ့ရေငွေ့တွေ ပြည့်နှက် ဖုံးလွှမ်း သွားတဲ့အခါ ဆန့်ကျင်ဘက်အချင်းချင်း ထိခိုက်ဝိုက်ခိုက်မှု ကြောင့် ဂျိုးဂျိုးဂျိန်းဂျိန်း ဝုန်းဝုန်းဒိုင်းဒိုင်းဆိုတဲ့မိုးခြိမ်းသံ တွေ ဖြစ်ပေါ်လာရတယ်၊ ဝေဿန္တရာမင်းကြီးအလှူဟာလဲ သည်အတိုင်းပဲမင်းမြတ်။ သူတကာတို့ကြုံစည်ခြင်းငှာမျှပင် လျှင် မဖြစ်နိုင်သော အလှူ၏ ဂုဏ်ကျေးဇူး အဆမတန်

ကြီးမားလွန်းလို့ မြေကြီးဟာ ဘယ်လိုမှ မရုပ်တည်နိုင်တော့ဘဲ ပြင်းထန်စွာ လှုပ်ခါရခြင်းဖြစ်ပေတယ်။

'မင်းမြတ်....ဒေဿန္တရာမင်းကြီး၏ စိတ်တော်ဟာ အုပ်မတန်လဲ သန့်စင်မှုနှံ့မြတ်လှပေတယ်။ ရာဂ-ဒေါသ-မောဟ-မာန-ဒိဋ္ဌိ-ကိလေသာဆိုးဘဲ့ အညစ်အကြေးတွေ ကင်းစင်အပ်ပေတယ်။ သဒ္ဓါတရားကလဲ အင်မတန်ကို ထက်သန်ပြင်းပြတယ်။ မရောက်လာဖူးသေးတဲ့ အလှူခံတွေလဲ ရောက်ကြပါစေ၊ ရောက်လာပြီးသူတွေလဲ လိုအပ်သမျှ ပြည့်စုံကြပါစေဆိုတဲ့စေတနာ သဒ္ဓါတရားနဲ့ အစဉ်အမြဲ ပြည့်စုံညီညွတ်နေတယ်။

'မင်းမြတ်-ဒေဿန္တရာမင်းကြီးဟာ ဆယ်ပါးသော အကျင့်နဲ့လဲ ပြည့်စုံတယ်။

ဒေဿန္တရာမင်းကြီး၏ ဆယ်ပါးသောအကျင့်

၁။ မျက်စိဖွင့်သော အာရုံတို့၌ ဆုံးမခြင်း။
၂။ မျက်စိမှိတ်သော အာရုံတို့၌ တည်ကြည်ငြိမ်သက်စေခြင်း။
၃။ သည်းခံခြင်း။
၄။ စောင့်စည်းခြင်း။
၅။ သီလမြဲခြင်း။
၆။ အမျက်ဒေါသ မရှိခြင်း။
၇။ သူတစ်ပါးကို မညှဉ်းဆဲခြင်း။

၈။ မွန်ကန်စွာ ပြောဆိုခြင်း။
၉။ သိလစင်ကြယ်ခြင်း။
၁၀။ လူခပ်သိမ်းတို့အား သနားကြင်နာခြင်း။

'မင်းမြတ်....ဝေဿန္တရာမင်းကြီးဟာ ကာမဂုဏ်ချမ်းသာကိုလဲ အလိုမရှိ၊ လူချမ်းသာ-နတ်ချမ်းသာဆိုဘဲဘဝသစ်ကိုလဲ မတောင့်မတ၊ မြတ်သောအကျင့်ကို ကျင့်ခြင်း၌ သာလျှင် လုံ့လပြုအပ်ပေတယ်။

'မင်းမြတ်....စင်စစ်တော့ ဝေဿန္တရာမင်းကြီးဟာ မိမိကိုယ်ကို စောင့်ရှောက်ဖို့ထက်အခြားသူများကိုစောင့်ရှောက်ဖို့သာ အားထုတ်တော်မူတယ်။မိမိကိုယ်တိုင်ရဲ့ အကျိုးထက် တစ်ပါးအကျိုး၊ အများအကျိုးကိုသာ ရှေးရှုရည်ရွယ်တော်မတယ်။

အများသတ္တဝါဟာ ဘယ်နည်းနဲ့ အနာရောဂါ ကင်းနှိုင်ကြပါ့မလဲ၊ အချင်းချင်း ညီညွတ်မှုတစ်ဝှာ ဖြစ်နိုင်ကြပါ့မလဲ၊ နေဆိုင်စားသောက်မှု ငြိမ်းချမ်းသာယာ နိုင်ပါ့မလဲ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် အသက်ရှည်ရှည် နေနိုင်ပါ့မလဲ။

သည်စေတနာ၊ သည်ရှေးရှုချက်မှာသာ အမြဲတမ်းထက်သန်ပြင်းပြနေခဲ့တယ် မင်းမြတ်....၊ ဝေဿန္တရာမင်းကြီးအလှူပေးတာဟာ နောင်တစ်ဖန် ဘဝသစ်အတွက်ရင်းနှီးမြှုပ်နှံတဲ့ သဘောမျိုး ပေးလှူတာမဟုတ်ဘူး၊ ခုဘဝပေးလှူခဲ့အတွက် နောင်ဘဝသစ်မှ ဥစ္စာစည်းစိမ်မျိုးရိပ်ငြိမ်းချမ်းသာနဲ့ ပြည့်စုံပါစေဆိုတဲ့ ရည်ရွယ်ခံတာငိုတမှုမျိုးလဲ လုံးဝမရှိဘူး။

ဒီထက်ပိုပြီး ပြည့်စုံတိကျအောင် ပြောရရင် ဝေဿန္တရာ မင်းကြီး အလှူပေးတော်မူတာဟာ ဂုဏ်သတင်းကျော်စော ထင်ရှားချင်လို့ ပေးတာလဲမဟုတ်ဘူး၊ ဆင်းသွင်သဏ္ဌာန် ကြွန်အင်လက္ခဏာပြပြစ်တင့်တယ်စေလိုချင်ပေးတာလဲမဟုတ် ဘူး၊ခွန်အားဗလကြံ့ခိုင်တောင့်တင်းမှုကိုလိုလားချင်ပေးတာ လဲ မဟုတ်ဘူး၊ ပရိသတ်အခြံအရံကို ဇိုးလို့ပေးတာလဲမဟုတ် ဘူး၊ သားသမီးရတနာလိုလို့လဲ ပေးတာမဟုတ်ဘူး။

ထိုသို့ဆိုအပ်ပြီးသော စည်းစိမ်ချမ်းသာရတနာအပေါင်း တို့ထက် ဆထက်လွန်ကြူး၊ အထူးသဖြင့်သာလျှင် မနှိုင်းယှဉ် မဆက်စပ်နိုင်အောင် ထူးကဲမှန်မြတ်လှစွာသော သဗ္ဗညုတ ဉာဏ်တော်ကို တောင့်တရည်မှန်းသောအားဖြင့် ပေးလှူအပ် ခြင်းသာ ဖြစ်ပေတယ်။

ထို့ကြောင့်လဲ ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့အခါ.... 'ငါသည်ဝေဿန္တရာမင်းဘဝ၌ သားချစ်-ဇာလိနှင့်သမီး ချစ်-ကဏှာဇိန်တို့ကို လည်းကောင်း၊ငါ့အပေါ်၌အလှန်လျှင် ရှိသေဖလးမြတ်လှပေသော မဒ္ဒီမိဖုရားကို လည်းကောင်းသူ တစ်ပါးအားပေးလှူခဲ့ခြင်းသည် သဗ္ဗညုတဉာဏ်တော်ကိုရည် သန်တောင့်တသောအားဖြင့် ပေးလှူခြင်းသာဖြစ်သည်။ ထို သဗ္ဗညုတဉာဏ်မှတစ်ပါးအခြားမည်သည်ကိုမျှ ရည်ရွယ်ခြင်း မရှိခဲ့....' လို့ပြန်လည်ဟောကြားတော်မူအပ်ပေတယ်။

'မြတ်သောမင်းကြီး-ဝေဿန္တရာမင်းဟာအမျက်ထွက်သူကို တုံ့ပြန်အမျက်မထွက်သောအားဖြင့် အောင်နိုင်အပ်ပေတယ်။ စေးနဲဝန်တိုသူကို ပေးကမ်းခြင်းအားဖြင့် အောင်နိုင်အပ်ပေ

တယ်။မမှန်မကန် ပြောဆိုတတ်သူကို မှန်ကန်စွာပြောဆိုခြင်း ဖြင့် အောင်နိုင်အပ်ပေတယ်။ ခပ်သိမ်းသော မကောင်းမှု အကုသိုလ်ကံလဲ ကောင်းမှုနဲ့ အောင်နိုင်အပ်ပေတယ်။

ဤသို့လျှင် ပြုအပ်သော တရားအစဉ် အားလျော်စွာ တရားသည်သာလျှင် အမှန်အမြတ် ဖြစ်အပ်လေသော အလှူ၏အကျိုးဆက်နှင့် ဝေဿန္တရာမင်းကြီး၏ စေတနာ သဒ္ဓါ ဟရား အားထုတ်ဆောင်ရွက်မှုအခိုင်အာနိသင်ကြီးမားလှသော ကြောင့်ပင် ရေထုကို ခံထားအပ်သဲ့ လေထုကာ မိုးမိုး၏ပင်ကို သဘာဝအတိုင်း ရပ်တည်ခြင်းသက်ဇနခြင်းငှာမစွမ်းနိုင်ဖြစ်ရပေတယ် မင်းကြီး။

သည်လို....လေထုမှာခြိမ်းမသက်ဖြစ်လာတော့ ရေထုဟာလဲ လေထုနဲ့ ထပ်တူညီမျှပင် ပြင်းထန်လှုပ်ရှားလာရတယ်။သည် အခါ မြေကြီးပါဆောက်စပ်ပြီး မဟာပထဝီမြေအပြင် တစ်ခုလုံးသွက်သွက်ခါ ချာချာလည်အောင် လှုပ်ရကောင်းတာပဲ ဖြစ်ပေတယ်။

မင်းမြတ်....ဥပမာအားဖြင့်တော့ ဆန်နဲ့ ရေအပြည့်ထည့် ထားတဲ့အိုးကိုဖိုခနောက်ပေါ်တင်ပြီး အောက်ကနေမီးထိုး ပေးတဲ့အခါ၊ပထမဆုံးအိုးပူလာတယ်၊အိုးပူတော့ရေပူတယ်၊ သည်တော့ ရေအတွင်းမှာ ရှိနေတဲ့ဆန်လဲပူလာတယ်။ရေက် အပူလွန်ပြီး ဆူပွက်တဲ့အထိ ရောက်လာတော့ ရေထဲမှာရှိနေ အပ်တဲ့ဆန်စေ့တွေလဲ တည်ငြိမ်မနေနိုင်တော့ဘူး။ ပွက်ပွက် ဆူနေတဲ့ ရေအပူရှိန်ကြောင့် ထက်အောက်ပြောင်းပြန်လှုပ် ရှားလည်ပတ်လာရတယ်။

ဂေသာန္တရာမင်းကြီးရဲ့ အလှူဟာလဲ သည် အတိုင်းပဲမင်း မြတ်။ သူတစ်ပါးတို့ စိတ်မျှဖြင့်ပင်လျှင် မကြံစည်မရည်ရွယ် ဝံ့တဲ့သားမိယားတို့ကို ပေးလှူခြင်းတည်းဟူသောအလှူကြီးရဲ့ အာနိသင်အစွမ်းအဟုန်ကြောင့် ပထမဦးစွာ ဖလဲထုလှုပ်ရှားရာက တစ်ဆင့် ရေထုလှုပ်ရှားရတယ်။ ရေထုက တစ်ဆင့်မြေကြီးပါ ဆက်လက်လှုပ်ပြီး သွက်သွက်ခါခါချောချောလည်အောင် လှုပ်ရခြင်း ဖြစ်တယ်'

စကြဝဠတေးမင်း၏ ပတ္တာမြားရတနာပမာ

'မင်းမြတ်....မြေကြီးထဲမှာအဖိုးတန်ကျောက်မျက်ရတနာတွေ မြောက်မြားစွာရှိတယ်။ သို့သော်မြေကြီးထဲမှာ ဘယ်လောက်ပဲမျှားမျှား၊ စကြဝဠတေးမင်းရဲ့ ပတ္တာမြားရတနာကို ကော့မမိနိုင်ဘူး။ မြတ်လဲမမြတ်ဘူး၊ စကြဝဠတေးမင်းရဲ့ ပတ္တာမြားရတနာဟာ ယူဇနာတစ်ရာ တိုင်အောင် ထွန်းလင်းတောက်ပနိုင်စွမ်း ရှိပေတယ်။

ထို့အတူပဲမင်းမြတ်....လောကမှာမြေကြီးထဲက ပဲတ္တာမြားရတနာတွေလိုပဲမြင့်မြတ်လွန်ကဲတဲ့အသဒိသဒါနတွေရှိနေလင့်ကစား ဂေသာန္တရာမင်းကြီးရဲ့ အလှူမျိုးကိုတော့ ဘယ်အလှူကမှ မမိနိုင်၊ မတုနိုင်၊ မမြင့်မြတ်နိုင် ဖြစ်ပေတယ်။ သဗ္ဗညုတဉာဏ်အလို့ငှာ ရွေးရှုပြုလုပ်အပ်သော ဂေသာန္တရာမင်းကြီးရဲ့ အလှူသည်သာဇျင် အမြင့်မြတ်ဆုံး အစင်ကြယ်ဆုံး ဖြစ်ပေတယ်။

မင်းမြတ် ဤမျှဆိုလျှင်-

၁။ ဘုရားရှင် ဟောတော်မူခဲ့သည့်အတိုင်း မြေလှုပ်ခြင်းသည် အကြောင်းတရား ရှစ်ပါး ရှိသည်။ ရှစ်ကြိမ်မြောက်သာ ဖြစ်သည်မှန်ခဲ့သော်၊ ဝေဿန္တရာမင်းကြီး၏အလှူကြောင့် ခုနစ်ကြိမ်တိုင်တိုင် မြေလှုပ်သည်ဆိုခြင်းမှာ မှားရာ၏ဟူသောအစွန်းက တစ်ဖက်....

၂။ ဝေဿန္တရာမင်းကြီးအတွက် ခုနစ်ကြိမ်တိုင်တိုင်ပင်မြေလှုပ်သည်ဆိုခြင်းမှန်ခဲ့လျှင်လည်း ဘုရားရှင် ဟောခဲ့သည့် ရှစ်ကြိမ်မြောက်ဆိုခြင်းမှာ မှားရာ၏ဟူသော အစွန်းကတစ်ဖက်....

ထိုနှစ်ဖက်သောအစွန်းတို့သည် သင်မင်းမြတ်၌ကောင်းစွာပင် ပျက်ပြယ်ကြည်ကဲအပ်ပြီ....

မိလိန္ဒမင်းကြီးသည် ထိုအခါ၌ မထေရ်မြတ်၏ဝေဖန်ပိုင်းခြားမှုနှင့်တကွ ဝေဿန္တရာမင်းကြီး၏ သဒ္ဓါတရားကိုလည်း လွန်စွာပင် နှစ်သက်ကြည်ညိုခြင်းရှိလေရကား....မထေရ်မြတ်နာဂသေနအား ဤသို့လျှင်တုံ့ပြန်လျောက်ထားအပ်ပေ၏။

'အရှင်မြတ်ဘုရား....ဘုရားရှင်တို့၏ဂုဏ်တော်သည်အလွန်လျှင် ချီးကျူးအံ့ဖွယ် ကောင်းလေစွတကား.... အလောင်းအလျာမျှသောဘဝ၌ပင်လျှင်သူမတူသောအလှူ-သူမတူသောအကျင့်အကြံတို့ကိုပြုမူကျင့်ကြံနိုင်ပေစွဲတကား....၊ သူတကာတို့ သည်းခံနိုင်ခဲစွသော သည်းခံခြင်းအမှုနှင့်လည်း ပြည့်စုံညီညွတ်နိုင်ပေစွဲတကား။

ဆရာကောင်းဖြစ်တော်မူပေသော အရှင်မြတ်ဘုရား။
အရှင်မြတ်သည် အလောင်းတော် ဒေသန္တရာမင်းကြီး၏ လွန်ကဲစွာသော သဒ္ဓါတရားကိုလည်း ထင်ရှား ပြအပ်ပါပြီ။ ထက်သန်မြင့်မြတ်စွာသော ပါရမီကိုလည်း ကောင်းစွာထုန်းပစေအပ်ပါပြီ။ ကိုယ်နှုတ်နှလုံး သုံးပါးလုံးဥပင်လျင် ဆောက်တည် စဲမြဲအပ်သောအကျင့်မြတ်ကိုလည်း ကဲပြား သေချာသိသာစေအပ်ပါပြီ။

အရှင်ဘုရား....ကောင်းမြတ် လှပါသည်။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို တပည့်တော် လိုက်လံစွာချီးကျူးအပ်ပါသည်။ ပရဝါဒီ တိတ္ထိတို့၏ကြောင်းကျိုးမမှန် မလျော်ကန်သော အယူအဆဲသည်လည်း စင်စစ်ပျက်ပြယ်အပ်ပါပြီ။ ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကသံဃာတော်တို့သည်လည်း ဘေးငြိမ်းချမ်းမြေ့အပ်ပါပြီ။

ဂိုဏ်းဆရာဘိန်းအထွတ်၊ အမှန်တရား၏ တန်ခေဆောင်ဆီမီးပမာဖြစ်တော်မူပေသော အရှင်မြတ်ဘုရား....။ ဗုဒ္ဓမြတ်စွာသာသနာတော်ကို လည်းကောင်း၊ အမှန်တရားကိုညွှန်ပြပေတတ်သော အရှင်မြတ်အား လည်းကောင်း တပည့်တော်သည် ပျပ်ဝပ်ရိုကျိုး ရိုခိုးဦးညွတ်ပါ၏ဘုရား"

သိဝိမင်းနှင့် မျက်လုံးအလှူ

မြေလှုပ်ခြင်းအကြောင်းတရားရှစ်ပါးကို ကဲပြားစွာသိရပြီးနောက် မိလိန္ဒမင်းကြီးသည် ဤသို့သောပြဿနာစာစ်ရပ်ကို စပ်လျဉ်းမေးလျောက်ပြန်၏။

'မင်းမြတ်....လေးပါးသော အရိယာသစ္စာလေးပါးကို ထိုးထွင်းမြင်သိစေခြင်းဉာဏ်ကို ရအောင်ထုတ်တဲ့အခါမှာလဲ သစ္စာသည်သာလျှင် အခြေခံအကြောင်းရင်း မှီရာတည်ရာ ဖြစ်ပေတယ်၊ သစ္စာကို အမှီပြု၍သာလျှင် အရိယသစ္စာလေးပါးလဲ သိနိုင် အပ်ပေတယ်။

'မင်းမြတ်....စိန့်တိုင်းမှ ပြည့်ရှင်မင်းသည် မဟာသမုဒ္ဒရာထဲမှာ ရေကစား ရန်အတွက် လေးလလျှင်တစ်ကြိမ်ကျ သစ္စာဆိုကာ ခြင်္သေ့ က,ဒသာ ရထားဖြင့် မဟာသမုဒ္ဒရာထဲကို တစ်ယူဇနာခန့် ဝင်ရောက်သွားတယ်၊ သည်အခါမှာ ရထား၌က ရေလုံးကြီး ဝေ့ဟာ ရထား၏ နံဘေးကို ဖယ်နေကြတယ်၊ ရထားပြန့်ထွက်မှ ရေပြန်ပြည့်တယ်။

'မင်းမြတ်....လူတွေ နတ်တွေ ကိုယ်တိုင် မိမိ၏ ပကတိ စွမ်းအားနဲ့ မဟာသမုဒ္ဒရာရေကို တခြားရောက်သွားအောင် လုပ်နိုင်ကြပါ့မလား၊ စိန့်မင်း၏ ရထား၌က ရေလုံးကြီး နံဘေးကို ဖယ်ရှားသွားသလို ဖယ်ရှားပစ်နိုင်ဖို့ ဆိုဟာ သမုဒ္ဒရာရေကို မဆိုထား နဲ့ အင်းအိုင် ချောင်းမြောင်းထဲက ရေကိုတောင် ဘယ်လိုမှမဖြစ်နိုင်ဘူး မဟုတ်လား'

သို့သော် သစ္စာတရားကြောတော့ မဖြစ်နိုင်တာ၊ မလုပ်နိုင်တာ ဘာမှမရှိဘူး။ သစ္စာမရောက်နိုင်တဲ့ အရပ်ရယ်လို့လဲ မရှိဘူး မင်းမြတ်....။ သစ္စာတရား.... သစ္စာ၏ စွမ်းအင်နဲ့ စပ်လျဉ်းလို့ အင်မတန် ထူးဆန်းတာ တစ်ခု မင်းမြတ်ကို ပြောပြရဦးမယ်။

'ပါဠိလိပုတ် ပြည့်ရှင် သီရိဓမ္မာသောက မင်းကြီးဟာ တစ်နေ့သောအခါမှာ မှူးကြီးမတ်ရာ ဩသနာပတိအပါင်း၊ ဇနပုဒ်သူ ဇနပုဒ်သား အပေါင်းတို့နဲ့ အတူ ဂင်္ဂါမြစ်ကမ်း နံဘေးကို အလှည့်တစ်ခုနဲ့ ရောက်သွားတယ်။

သည်အခါမှာ ကမ်းနှစ်ဘက် အပြည့်အလျှံစီးဆင်းနေတဲ့ ဂင်္ဂါမြစ်ရေကိုကြည့်ပြီး....

'အချင်းအမတ်တို့....ကမ်းနှစ်ဘက် အပြည့်အလျှံစီးဆင်းနေတဲ့ ဒီဂင်္ဂါမြစ်ရေကို အောက်ဘက်ကနေ အထက်ဘက် ဆန်ပြီးစီးဆင်းအောင် ဘယ်သူမျှား တတ်စွမ်းနိုင်ပါ့မလဲ'လို့ ဆင်ခြင်တွေးတောတဲ့သဘောမျိုး မိန့်တော်မူလိုက်တယ်။

အမတ်မျှားက....'မှန်ပါ၊ အလွန်ခဲယဉ်းလှပါတယ် ဘုရား' လို့ ပြန်ပြီး လျှောက်တင်ကြတယ်။

မင်းကြီးနဲ့အမတ်မျှား သည်လိုအချီအချပြောတဲ့စကားကို "ဗိန္ဓုမတီ" ဆိုတဲ့ ပြည့်တန်ဆာမက ရုတ်တရက် ကြားလိုက်တယ်။ သည်အခါမှာ ဗိန္ဓုမတီပြည့်တန်ဆာမက 'ငါဟာ မိမိရဲ့ ရုပ်အဆင်းကိုအမှီပြုပြီး အသက်မွေးရသူဖြစ်တယ်။ ငါ့အလုပ်က ယုတ်ညံ့တယ်။ သို့သော် သစ္စာတရား၌ အစွမ်းသတ္တိကို တော့ ပြည့်ရှင်မင်းကြီး သိစေသတည်း....' လို့ကြံစည်အောက် မေ့ပြီး သစ္စာဆိုလိုက်တယ်။

သည်လို သစ္စာဆိုလိုက်တာနဲ့ တစ်ပြိုင်နက် ပထမက ခပ်မှန်းမှန်းသာ စီးဆင်းနေတဲ့ ဂင်္ဂါမြစ်ရေဟာ ချက်ချင်းအင်မတန် ပြင်းတဲ့ အရှိန်အဟုန်နဲ့ လှိုင်းတံပိုးတွေထပြီး အထက်မြစ်ညာ

ဘက်ကိုပြန်ဆင်းပြီး စီးတော့တာပဲ။ သီရိမြဝတီကမင်း ကြီးနဲ့တကွအာဝေးလုံးသောလူတွေရှေ့ မျောက်မျာကိုလှိုင်းတံပိုး တွေ့ဆပြီး စီးနေတာဟာ မျက်မြင်ထင်ရှား ဖြစ်လာရတယ်။

သည်တော့....မင်းကြီးလဲ အင်မတန် ထူးဆန်း အံ့သြပြီး 'အချင်း အမတ်တို့.... အံ့သြဖွယ် ကောင်းလေစ့ တကား.... မဖြစ်စဖူး ထူးဆန်းလေစ့ တကား.... ဂင်္ဂါမြစ်ရေတို့သည် အဘယ်ကြောင့် အထက်ဘက်သို့ ဆန်၍စီးကုန်သနည်း....' လို့ ဆိုတော်မူတယ်။ အမတ်များကလဲ ဗိန္ဒုမတီ ပြည့်တန်ဆာမ၏ သစ္စာစကားကြောင့်ဖြစ်ရတဲ့အကြောင်း ပြန်ပြီး သံတော်ဦး တင်ကြ၏။

မင်းကြီးဟာ သည်အချိန်မှာ အင်မတန် စိတ်နှလုံး တုန် လှုပ်ချောက်ချားပြီး သူကိုယ်တိုင် ဗိန္ဒုမတီ ပြည့်တန်ဆာမထံ အဆောတလျင် သွားရောက်မေးမြန်းတယ်။

'ဟဲ....ကျန်မ၊ နင် သစ္စာပြုလိုက်လို့ ဂင်္ဂါမြစ်ရေဟာ အထက်ကို ပြန်ပြီး စီးတယ်ဆိုတာ မှန်သလား'

ပြည့်တန်ဆာမကလဲ မှန်တဲ့အတိုင်းပဲ ပြန်ပြီး သံတော်ဦး တင်လိုက်တယ်။

'သယ်....နင်လို့ မိန်းမက သစ္စာဆိုလို့ ဂင်္ဂါမြစ်ရေဟာ ရေဆန်ကိုပြန်ပြီးစီးရတယ်ဆိုတာဟာ ဘယ်နည်းနဲ့ယုံရမလဲ၊ နင့်မှာ သစ္စာ ပြုရလောက်အောင် ဘာအစွမ်းသတ္တိတွေ ရှိသလဲ၊ နင့်စကားကို ဘယ်သူကနာခံမလဲ၊ နင့်မှာ ဘယ်လိုအစွမ်းသတ္တိ တွေရှိလို့ ဂင်္ဂါမြစ်ရေဟာ အထက်မြစ်ညာကိုဆန်တက်ရသလဲ'

မင်းကြီးက သည်လို တအုံတသြ အဆောတလျင် မေးတဲ့ အခါ ပြည့်တန်ဆာမ,က 'အရှင်မင်းကြီး.... အကျွန်ုပ်တို့ အစ္ဆမ်းသတ္တိဟူ၍ကား မည်သည်မျှမရှိပါ။ သစ္စာ၏တန်ခိုး၊ သစ္စာ၏အစ္ဆမ်းဖြင့်သာလျှင် ရေဘန်ကိုပြန်၍ စီးစေနိုင်ခြင်း ဖြစ်ပါသည်' လို့ သံတော်ဦးတင်ပြန်တယ်။

သည်တော့ မင်းကြီးက 'ဟဲ့....ကျွန်မ၊ နင်ဟာ သူ့သင် သူ့သားကိုခိုးတယ်၊ ကာမကြူးတယ်၊ သီလလဲမရှိ၊ အရှက် အကြောက်လဲမရှိ၊ မိုက်မဲတဲ့လူတွေတို့ကိုလဲ ဖြားယောင်း သွေး ဆဲသောင်ဖျက်ဆီးသေးတဲ့။ နင်လိုမိန်းမမျာဘယ်နှည်းနဲ့သစ္စာ ရဲ့ အစ္ဆမ်းသတ္တိရှိနိုင်မှာလဲ....' လို့ ပြောတဲ့အခါ

ပိန္ဒုမတီပြည့်တန်ဆာမက....

'မှန်ပါ....အရှင်မင်းမြတ်ဆိုသမျှပင် မှန်ပါသည်။ သို့သော် အကျွန်ုပ်တို့သစ္စာဆိုနိုင်သောအကြောင်းအချက်ကား အမှန် ပင်ရှိနေပါသည်။ ထိုသစ္စာ၏အစ္ဆမ်းဖြင့်ပင်လျှင် ဂင်္ဂါမြစ်ရေ ကို အယက်သို့ပြန်၍ စီးစေနိုင်ခြင်းဖြစ်ပါသည်ဘုရား'

'ကောင်းပြီ....သို့ဆိုလျှင် နင်သစ္စာပြုအပ်သည်ကိုလျှောက် တင်လော့'

'အရှင်မင်းကြီး....အကျွန်ုပ်သည် အရှင်မင်းကြီး ဆိုသည့် အတိုင်းပင် ယုတ်ညံ့သူမှန်ပါသည်။ သို့သော် အကျွန်ုပ်တွင် သစ္စာပြုနိုင်သော အကြောင်းတစ်ခုရှိပါသည်။အကျွန်ုပ်သည် ပျော်ပါးရန်လာကြသူမှန်သမျှအား အားလုံး အညီအမျှပင် လက်ခံပြုစုပါသည်။ကျွဲသူကားဂုဏ်ရှိသူ၊ကျွဲသူကားဂုဏ်မဲ့သူ၊ ဆင်းရဲသူ၊ချမ်းသာသူဟူ၍ မျက်နှာကြီးငယ်လိုက်ခြင်း၊ခဲခြား

ခြင်းမရှိပါ။ ချစ်ခြင်း မုန်းခြင်းလဲမရှိပါ။ ၎င်းတို့ထံမှ ရအပ်သော အခကြေးငွေနှင့်အညီ အကျန်ုပ်၏ဝတ္တရားကျေပွန်ရာကို သာလျှင် အလေးထား၍ ပြုစုဆောင်ရွက်ပေးပါသည်။

ဤအကြောင်းအချက်ကို တိုင်တည်၍ သစ္စာပြုအပ်ခြင်း ဖြင့်ပင်လျှင် ဂင်္ဂါမြစ်ရေသည် အထက်ဘက်သို့ပြန်၍စီးရခြင်း ဖြစ်ပါသည်ဘုရား'

'မင်းမြတ်-ဗိန္ဓုမတီပြည့်တန်ဆာမကသည်အတိုင်းပြန်ပြီး သံတော်ဦးတင်လို့က်တော့မှ သီရိမမှာသောက မင်းကြီးဟာ ပြည့်တန်ဆာမရဲ့စိတ်သဘောနဲ့သစ္စာတရားရဲ့စွမ်းအင်သတ္တိကို ကောင်းစွာ သိနားလည်သွားရတယ်။

'မင်းမြတ်....သစ္စာရဲ့သတ္တိစွမ်းအင်ကို ဤကဲ့သို့ သိရခြင်း အားဖြင့် သစ္စာဟူသည်တိုင်ထည်ခြင်းပြုအပ်သောအကြောင်း အချက် မှန်ကန်ဖို့သာ အရေးကြီးတယ်ဆိုတာ ကောင်းစွာ သိသာအပ်ပေတယ်။

သိဝိမင်းကြီးဒီဗွစက္ခုမျက်စိဖြစ်ခဲ့ရတာကလဲသည်အတိုင်းပဲ၊ ပထမ ပကတိသောမျက်စိကို ဖောက်ပြီး လူလို့က်တာလဲမှန်တယ်။ နောက် သစ္စာရဲ့အစွမ်းကြောင့် နတ်မျက်စိ ပြန်ရခဲ့တာလဲမှန်တယ်။မံသစက္ခု(မွေးရာပါရိုးရိုးမျက်စိ)ပျက်သွားတဲ့အခါမှီရုတည်ရာ အကြောင်းတရားမရှိဘဲ ဒိဗ္ဗစက္ခုမဖြစ်နိုင်လို့ သုဘဒ္ဒာန်ဒေသနာမှာ ဟောတော်မူတာက ဘဝနှာနဲ့ယှဉ်ပြီး ရအပ်တဲ့ မျက်စိ (တရားအားထုတ်၍ ရအပ်သော ဒိဗ္ဗစက္ခုဉာဏ်)ကို ဆိုလိုတာ ဖြစ်ပေတယ်။

'မင်းမြတ်-ဤသို့ဆိုလျှင် မင်းမြတ်ဆိုခဲ့ရင်းဖြစ်တဲ့ အစွန်းနှစ်ဖက် ကြေပျက်လောက်ရောပေါ့'

'မှန်ပါ....ကောင်းစွာ ကြေပျက်အပ်ပါပြီဘုရား၊ ကြေပျက်ရုံသာမက အရှင်ဘုရား၏ ဝေဖန်ပိုင်းခြားမှုအရပင် ပရဝါဒီပုဂ္ဂိုလ်တို့ကိုလည်း ကောင်းစွာ သုတ်သင် တိုက်ဖျက်နိုင်စွမ်း ရှိအပ်ပါပြီဘုရား'

ပဋိသန္ဓေတည်နေပုံ အခြင်းအရာ

'အရှင်ဘုရား.... ပဋိသန္ဓေ တည်နေမှုနဲ့ ပတ်သက်လို့ အကြောင်းသုံးပါးတိုက်ဆိုင်ညီညွတ်မှုဖြစ်မြောက်တည်နေနိုင်ဘယ်လို့ ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။

၁။ မိဘနှစ်ပါးတို့ကလဲ ပေါင်းသင်းဆက်ဆံမှု ရှိရုံမယ်။

၂။ အမိဖြစ်သူကလဲရာသီပန်းပွင့်ပြီး၀့, အချိန်ဖြစ်ရမယ်။

၃။ သန္ဓေသားကလဲ ဖြတင်းပေါက်ကခုန်ချသလိုအသင့်ရှေးရှုခိုက် ဖြစ်ရမယ်။

ဒီလိုအကြောင်းသုံးပါးပြည့်စုံညီညွတ်မှု ပဋိသန္ဓေတည်နေဖြစ်မြောက်နိုင်တယ်လို့ ဆိုထားပါတယ်။ ဒီစကားဟာ ခြင်းချက် တစ်စုံတစ်ရာမရှိ အားလုံးပြီးပြည့်စုံနေတဲ့စကား၊ ပရိသတ်အလယ်မှာ ပြောခဲ့တဲ့စကား ဖြစ်ပါတယ်။

သို့သော်....ထိုပညာတော်တွေ့ရတာက အကြောင်းနှစ်ပါး ဝဲညီးနဲ့ ပဋိသန္ဓေတည်ခဲ့တာကိုလဲ တွေ့ရပါတယ်။ သုဝဏ္ဏသာမနဲ့ မဏ္ဍာဗျူလုံးလင်တို့ဟာ အမိဖြစ်သူ ရာသီပန်းပွင့်ပြီးစမှာ ချက်ကိုလက်နှင့်ရစ်ခဲ့ကာ(သုံးသပ်)ရုံမျှဖြင့် ပဋိသန္ဓေတည်ခဲ့ကာ မွေးဖွားလာခဲ့သူများ ဖြစ်ကြပါတယ်။

ယူဝိုမြင်....

၁။ ဘဒြစ်သူ ရာသီပန်းပွင့်ပြီးစ ဖြစ်တာရယ်...

၂။ အမိရဲ့ချက်ကို ဘဖဖြစ်သူက လက်နဲ့ထိတွေ့ သုံးသပ်တာရယ်၊ ဒီအကြောင်း နှစ်ပါးတည်းသာ ပြည့်စုံညီညွတ်နေပါတယ်။ ဘုရားရှင် ဟောတော်မူခဲ့တာနဲ့ကွဲလွဲနေပါတယ်။

စင်စစ်အကြောင်းသုံးပါးပြည့်စုံညီညွတ်မှ ပဋိသန္ဓေရခြင်းဖြစ်တာမှန်ရင် ချက်ကိုလက်နှင့်ထိတွေ့ကာမျှဖြင့်သန္ဓေရအောင်တယ်ဆိုတာ မှားပါလိမ့်မယ်။

သို့မဟုတ် ချက်ကိုလက်နဲ့ရစ်သို့သန္ဓေရခဲ့တာမှန်တယ်ဆိုရင် အကြောင်းသုံးပါးပြည့်စုံမှ သန္ဓေ တည်နေနိုင်တယ်ဆိုတာ မှားပါလိမ့်မယ်။

ဆရာကောင်းဖြစ်တော်မူပေသော အရှင်မြတ်ဘုရား....

သို့လော....သို့လော.... တွေးတောယုံမှားစရာ ဖြစ်နေဘဲ ဒီပြဿနာမှာ အစွန်းနှစ်ဖက်ထွက်နေပြန်ပါတယ်။ အင်မတန်

သိမ်မွေ့နက်နဲတာနဲ့အမျှ သိမှတ်နားလည်နိုင်ဖို့လဲ ခက်လှပါ ဘယ်။

အမှန်တရား၏ တန်ဆောင်ဆီမီးပမာဖြစ်တော်မူပေသော အရှင်မြတ်ဘုရား။

တဲ့ပည့်တော်ယခုဆိုအပ်လေပြီးသောယုံမှားဖွယ်....အစဉ်းနှစ်ဖက်ကိုလည်း ရှေးနည်းတူ ပယ်ဖျက် သုတ်သင်ခတော်မူပါဦးဘုရား'

'မြတ်သောမင်းကြီး....ပဉှိသန္ဓေတည်နေမှုမှာအကြောင်းသုံးပါးပြည့်စုံညီညွတ်ဖို့ လိုအပ်တဲ့ယ်ဆိုတာလဲ မှန်ပေတယ်။ ချက်ကိုလက်နဲ့ရစ်ကာနဲ့ (သုံးသပ်ထိတွေ့ရုံမျှနဲ့) သန္ဓေတည်ခဲ့တယ်ဆိုတာလဲ စင်စစ်မှန်ပေတာပဲ'

'မှန်ပါ....ကြောင်းကျိုးလျော်ကန် ယုတ္တိတန်ရာကိုပေဖန်ပိုင်းခြားပြတော်မူပါဦး ဘုရား'

'မင်းကြီး....သံကိစ္စသတို့သားနဲ့ ဣသိသိဂ် ရသေ့တို့ဟာသူတို့ရဲ့အမိဖြစ်သူများက သုက်သွေးရောနှောနေတဲ့ကျင်ငယ်ရေကို သောက်ရခြင်းအားဖြင့် ပဋိသန္ဓေ တည်ခဲ့သူများဖြစ်တယ်။ ကုမာရကဿပမထေရ်ဟာလဲ ထို့အတူပဲ။ သူ့ရဲ့ အမိဖြစ်သူကသုက်သွေးကို ပါးစပ်နဲ့စုပ်၊အင်္ဂါဇာတ်ထဲသွင်းထည့်ခြင်းအားဖြင့် ပဋိသန္ဓေတည်နေဖွားမြင်လာခဲ့ရသူဖြစ်တယ်။

မင်းမြတ်... ကုမာရကဿပမထေရ်ရဲ့ အမိဟာ ဘိက္ခုနီမဖြစ်တယ်။ အဖကတော့ ရှင်ဥဒါယီဖြစ်တယ်။ တစ်နေ့မှာ ရှင်ဥဒါယီဟာမိမိရဲ့ဇနီးဟောင်းရှိရာ ဘိက္ခုနီမတော်ကြောင်းကို ရောက်သွားတယ်။

'ရှင်ဥပဒေါယံနဲ့ ဘိက္ခုနိမတို့ဟာတစ်ဦးနှင့်တစ်ဦးတွေ့ကြတဲ့အခါအနေအထိုင်မပီပြင်းဖြစ်ခဲ့တယ်။ သည်အခါမှာဘိက္ခုနိမက ရှင်ဥပါယံရဲ့အင်္ဂါကို ကြည့်မိသလို၊ ရှင်ဥဒေါယံကလဲ ဘိက္ခုနိမရဲ့အင်္ဂါကို တစ်ချက်စိုက်စိုက်ကြည့်ပြီးခါးဝတ်သင်းပိုင်ထမှာ သုံကလွှတ်ခဲ့တယ်။

သင်းပိုင်းကို လျှော်ဖို့ပေးလိုက်တော့၊ ဘိက္ခုနိမဟာသုက်သွေးကို ပါးနဲ့လစုပ်တယ်၊ မိမိအင်္ဂါဇာတ်ထဲကိုလဲအဝတ်နဲ့တက္ကထိုးထည့်တယ်။ သည်အချိန်က ဘိက္ခုနိမဟာရဟန်းပင့်ပြီးစလဲဖြစ်တယ်။ သည်လိုနဲ့ ကုမာရကဿပကို ပင့်သွေးတည်ပြီး မွေးဖွားလာခဲ့ရတယ်။ အဲဒီဖြစ်ရပ်ကိုမင်းမြတ်လက်ခံနိုင်ပါသလား'

'မှန်ပါ....ကောင်းစွာလက်ခံနိုင်ပါတယ်ဘုရား'

'ဘာကြောင့်လဲ မင်းမြတ်'

'မှန်ပါ....ဘိက္ခုနိမရဲ့ အခြေအနေဟာ ပင့်သွေးတည်နေနိုင်တဲ့အခြေအနေ အချိန်အခါ ဖြစ်နေလို့ပါဘုရား၊ နှုံစပ်ကြည်ကစွာ ထွန်ယဲက်ထားတဲ့ မြေပေါ်မှာ မျိုးစေ့ကြဲချလိုက်တဲ့အခါမှာ မျိုးစေ့များကောင်းစွာ ပေါက်ရောက်ရှင်သန်နိုင်သလိုပါပဲဘုရား။

ဘိက္ခုနိမဟာ ရာဇသီပန်းပင့်ပြီးစဖြစ်တာလဲတစ်ကြောင်း၊ သုက်သွေးပါတဲ့အဝတ်ကို သူ့အင်္ဂါဇာတ်ထဲထိုးထည့်လိုက်တဲ့အခါသာယာတာလဲတစ်ကြောင်း၊ သုက်သွေးဟာသားအိမ်ထဲကို ရောက်ရှိသွားရလို့လဲတစ်ကြောင်း ဖြစ်ပါတယ်ဘုရား'

'မှန်ပေတယ်မင်းမြတ်၊ သည်ဖြစ်ရပ်ကို ငါလဲကောင်းစွာ ဝန်ခံတယ်၊ သင်မင်းမြတ်ကော ကုမာရကဿပ သန္ဓေတည်တာကို ဝန်ခံအပ်ပါသလား'

'မှန်ပါ.... တပည့်တော် ကောင်းစွာ ဝန်ခံ အပ်ပါတယ် ဘုရား'

'ကောင်းပြီမင်းမြတ်၊နောက်ဘစ်ခုရှိသေးတယ်။ သမင်မတစ်ကောင်ဟာရသေ့ကြီးစွန့်ထားတဲ့ကျင်ငယ်ရေကိုသောက်ရလို့ သန္ဓေတည်တယ်ဆိုတာကော်ရော ယုံကြည်ပါသလား'

'ယုံကြည်ပါတယ်ဘုရား၊ ပါးစပ်ကစား သောက်လိုက်တဲ့ အစားအစာမျာ်းဟာ ကလလရေကြည် တည်ရာထဲသို့ရောက်ခဲ့လျှင် ပွဲားမျာ်းနိုင်ပါတယ်။ မြစ်အပေါင်းမှ စီးဆင်းအပ်သောရေတို့သည် မဟာသမုဒ္ဒရာထဲသို့ စီးဝင်ရောနှောမီသည့် အခါ ပွဲားစည်းခြင်း ဖြစ်ရသကဲ့သို့ အစားအသောက်ဆိုသည် မှာလည်း သား အိမ်ထဲသို့ရောက်လျှင်(အကြောင်းလုံလောက်ပါက) သန္ဓေတည်နေနိုင်ပါသည် ဘုရား'

'ကောင်းလှပြီ မင်းမြတ်၊ မင်းမြတ်သည် ငါ့ဘက်က ကောင်းစွာ ရပ်တည်အပ်ပြီ။သို့ဆိုလျှင် သံကိစ္စသတို့သားနှင့် ဤသီသီဂိရသေ့၊ကုမာရကဿပတို့ ပင့်သန္ဓေတည်နေခြင်းကို သင်မင်းကြီး ကောင်းစွာ ဝန်ခံအပ်ပြီ'

'မှန်ပါ....ထိုပဋိသန္ဓေတို့သည် အကြောင်းအားလျော်စွာ အင်္ဂါသုံးပါးဖြင့် ပြည့်စုံညီညွတ်ခြင်း တပည့်တော်ဝန်ခံအပ်ပါသည်ဘုရား'

'မှန်ဖေယ်ဖင်းမြတ် သုဝဏ္ဏသာမနဲ့ မဏ္ဍူ လုလင်တို့လဲ ထို့အတူပါပဲ။ အကြောင်းသုံးပါးထဲသို့ သက်ဝင် ဖြစ်မြောက်သွားအပ်ပါပြီ၊ မင်းမြတ်.... စင်စစ်တော့ ပဋိသန္ဓေတည်နေခြင်းမှာ မိဘနှစ်ပါးတို့၏ပေါင်းဆုံခြင်းဆိုတာကို ဓမ္မဝါသဘောအားဖြင့် တစ်မျိုးတည်း၊ တနည်းသာ သိမှတ်တားလို့မရပေဘူး'

သုဝဏ္ဏသာမ ပဋိသန္ဓေတည်ခဲ့တာဆိုရင် သိကြားမင်းမှာထားအပ်တဲ့အတိုင်း ရသေ့မရဲ့ချက်ကို လက်နဲ့သုံးသပ်ခြင်းအားဖြင့် သန္ဓေတည်နေခဲ့တာပါပဲ။ ဓမ္မတာသဘောနဲ့ ဆင်ခြင်ကြည့်ရင်တော့ မိဘနှစ်ပါးတို့ ပေါင်းသင်းဆက်စပ်မှုမရှိဘူးလို့ ထင်မြင်ယူဆစရာပေါ့။

သို့သော် သည်လိုလက်နဲ့သုံးသပ် ထိတွေ့တဲ့ အချိန်မှာက ရသေ့မဟာရာသီပန်းပုံဖြိုးစ အချိန်ဖြစ်တယ်။ သုံးသပ်ခြင်းခံရတာကိုလဲသာယာတယ်၊ တပ်မက်နှစ်သက်တယ်၊ ဟိုတစ်ဖက်က ကျဉ်းလွတ်လာပြီးတော့သည်တစ်ဖက်မှာ ပဋိသန္ဓေတည်နေမယ့် ပုဂ္ဂိုလ်ကလဲပြတင်းပေါက်ကနေအိမ်ထဲကို ခုန်ချလိုက်သလို အသင့်ရှိနေတယ်ဆိုတော့ အင်္ဂါသုံးပါး ညီညွတ်သွားပေတာပေါ့။

မင်းမြတ်....အာမိန္ဒင်္အဖ (မိန်းမနှင့်ယောကျ်ား) ပေါင်းဖော်တယ်ဆိုတာ၊ ကိုယ်ခန္ဓာချင်း အနီးအစပ်ထိတွေ့မှု တစ်ခုတည်းသာမဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ပြီးတစိမ့်စိမ့်ကြည့်နေတာ၊ သာယာနှစ်သက်နေတာရယ်မော ပျော်ရွှင်နေတာ၊ အသံချင်းအတို့ အပြန်ဖြစ်နေတာ

(သီချင်းအပြန်အလှန်ဆိုခြင်းမျိုး စသည်)လဲ ပေါင်းဖော်ဆက်စပ်တဲ့အထဲ သက်ဝင်ဖြစ်မြောက်စေတာပဲ။

ဥပမာအားဖြင့်တော့ ရဲရဲပြောင်ပြောင် တောက်လျောက်ပူပြင်းနေတဲ့မီးကျီးခဲဟာ အနားကိုရောက်လာသူ့အား တမင်မသုံးသပ်မထိတွေ့သည့်တိုင်အောင်ပူလောင်ဆင်းရဲစေသလိုလဲဖြစ်ပေတယ်။ ဓမ္မတာသဘောအားဖြင့် လူချင်း အနီး အစပ်မပေါင်းဖော်ရသည့်တိုင်အောင် အကြောင်းသုံးပါး ပြည့်စုံညီညွတ်ရင် သန္ဓေတည်နေနိုင်တာပဲ။

မင်းမြတ်... ပဋိသန္ဓေတည်နေမှုမှာ အခြား အကြောင်းလေးခုလဲ ရှိပါသေးတယ်။ ၁-ကံ။ ၂-ယောနီ။ ၃-ဇာတ်။ ၄-ဆုတောင်း (တောင်းပန်ခြင်း) တို့ပင် ဖြစ်ပေတယ်။ ကံသာလျှင် အကြောင်းရင်းအခြေခံ ဖြစ်ပေတဲ့ယ် မင်းကြီး'

ကံအစွမ်းဖြင့် ဖြစ်မြောက်သော သန္ဓေ

'မင်းမြတ်.... ကုသိုလ်ကံ ကြီးမားသူများဟာ သူ့ဌာန်းသူကြယ်၊ မင်းစိုးရာဇာ အစရှိတဲ့ အထက်တန်းစား မြင့်မြတ်ချမ်းသာ ဂုဏ်အရှိန်အဝါကျော်စောထင်ရှားသူတွေ့အထဲမှာ ပဋိသန္ဓေနေကြရတယ်။ နတ်ပြည်၊ ဗြဟ္မာပြည်မှာသွားဆုက်ဖြစ်မြောက်ကြတာလဲ ရှိပေကယ်။

ဥပမာအားဖြင့်တော့ ပစ္စည်းဥစ္စာ အင်မတန် ကြွယ်ဝချမ်းသာသူများဟာ မိမိတို့အနှစ်သက်ဆုံး ပစ္စည်းတစ်ခုခုကို ရောင်းသူက တောင်းသမျှစျေးမဆစ်တမ်းပေးဝယ်သလိုပေါ့ မင်းမြတ်။ မိမိနှင့်ထိုက်တန်ရာ ဘဝ၊ မိမိတို့နှင့် လိုက်ဖက်ရာ အမျိုးအနွယ်တွေထဲမှာ သွားရောက်ဖြစ်ကြရတယ်'

ယောနိအစွမ်းဖြင့် ဖြစ်အပ်ပုံသဏ္ဌာန်

'မင်းမြတ်....ယောနိ အစွမ်းဖြင့် သဏ္ဌာန် တည်နေကြရတဲ့သတ္တဝါတွေကတော့ ဤသို့ဖြစ်တယ်။ ကြက်မများဟာလေကို အကြောင်းပြု၍ သဏ္ဌာန်တည်အပ်ကြတယ်။ ဗျိုင်းအောက်တွေဟာ မိုးဝံကိုအကြောင်းပြုပြီး သဏ္ဌာန်တည်အပ်တယ်။ အားလုံးသောနတ်တို့ဟာလဲ ကိုယ်ဝန်ဆောင်ပြီးဖြစ်ကြရတာမဟုတ်။ အမျိုးအနွယ်အားဖြင့်သာလျှင် ပဋိသန္ဓေနေခြင်း ဖြစ်တယ်။

စင်စစ်တော့ သတ္တဝါတွေဟာ မိမိတို့ အကြောင်းအားလျော်စွာ အမျိုးမျိုးအဖုံဖုံ သဏ္ဌာန်တည်နေခြင်း ဖြစ်တယ်။ ဥပမာဆိုရသော် လူမျိုးမှာ ဆင်းသုဉ်သဏ္ဌာန်မူဟုန်အမျိုးမျိုး ကဲ့ပြားခြားနားသလို ပဋိသန္ဓေဘည်နေမှုမှာလည်း အမျိုးမျိုး ခြားနားမှုရှိတယ်။ ဒီလိုဖြစ်ရတာဟာ ဘဝယောနိအားလျော်စွာ ဖြစ်တယ်'

အမျိုးဇာတ်ဖြင့် ဖြစ်အပ်သောသန္ဓေ

'မင်းမြတ်.... အမျိုးဇာတ်ကို အမှီပြုအပ်သော သန္ဓေလေးမျိုးကတော့....

၁။ ဥကၠဋ္ဌပေါက်တဲ့အမျိုး

၂။ သားအိမ်က ပေါက်တဲ့အမျိုး

၃။ အညိုက ပေါက်တဲ့အမျိုး

၄။ ပြုန်းကနဲ ဘွားကနဲဆိုသလို ရုတ်တရက် ကိုယ်ထင်ရှားဖြစ်အပ်ဘဲ ဥပပာတ်မျိုးအားဖြင့် လေးမျိုး ရှိပေတယ်။

'သဘောကတော့ ဟိမဝန္တာ ဘောက မေရုတောင်ကို ရောက်လာတဲ့ ငှက်မျိုးကဲ့သို့ပဲ မင်းမြတ်။ မေရုတောင်ကို ရောက်သာတဲ့ ငှက်မှန်သမျှ မိမိတို့ရဲ့ ပင်ကို အခေ့းအရောင် ပျောက်ပြီး ရွှေရောင်တောက်ကုန်ကြရသလို နောက်နောင်က ဘယ်အမျိုး ဘယ်ဇာတ်ပဲ ဖြစ်ဖြစ် ဥမျိုးမှာ သန္ဓေယူရင် ဥကပဲ ပေါက်ဖွားရတာပဲ'

'သားအိမ်မှာအမိဝမ်းမှာပဋိသန္ဓေတည်နေရတဲ့အမျိုးထဲ ရောက်လာရင်လဲ အမိဝမ်းကပဲ ပေါက်ဖွားရတာပဲ။ နှုိ့ဇာတိဇာစ်မြစ်သဘောဘာမှမကျိန်းဝင်စေဘူး။ အညိုကပေါက်တဲ့အမျိုးလဲ သည်အတိုင်းပဲ။ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ် အရွယ် ဘွားကနဲ ဖြစ်အပ်တဲ့ ဥပပာတ်မျိုးမှာလဲ သည်အတိုင်းပဲ။

'အဲဒါတွေဟာ အမျိုးဇာတ် အားလျော်စွာ တည်နေပေါက်ပွားအပ်သော ပဋိသန္ဓေသဘောဖြစ်တယ်။

ဆုပန်ခြင်းဖြင့် ဖြစ်အပ်သော သန္ဓေ

'မင်းမြတ်....မိမိကိုယ်တိုင်ဟာလဲ ဆုတောင်းဆုပန် ပြုအပ်တယ်။ တစ်ပါးသူကလဲ တောင်းပန် တိုက်တွန်းတယ်။ ဤသဘောအားဖြင့် ယူဖြစ်အပ်သော ပဋိသန္ဓေမျိုးအစားလဲ ရှိသေးတယ်။

'တစ်ပါးသူက တောင်းပန်တယ် တိုက်တွန်းတယ်ဆိုတာကတော့ ဤသို့ဖြစ်တယ်။

ဥပမာ-ပစ္စည်းဥစ္စာကလဲ အင်မတန် ကြွယ်ဝ ချမ်းသာတယ်၊ ရတနာသုံးပါးတို့ကိုလဲ ရိုသေကိုင်းရှိုင်းတယ်၊ ကိုယ်ကျင့်တရားလဲကောင်းတယ်၊ ကံ-ကံ၏ အကျိုးတရားကိုလဲ ယုံကြည်တယ်။ သို့သော် သားသမီးရတနာ မထွန်းကားဘူး။

ကုသိုလ်ကံအင်မတန်ကြီးမားတဲ့နတ်သားတစ်ဦး နတ်သက်ကြွေခါနီးတဲ့အခါ သည်လို အိမ်ထောင်မျိုးမှာ ပဋိသန္ဓေတသည်နေဖို့ သိကြားမင်းကိုယ်တိုင်က တောင်းပန်တိုက်တွန်းတယ်။

သဘောကတော့ လူမျှားဟာ ကောင်းကျိုး ချမ်းသာဖြစ်ထွန်းစေမှုအတွက် ရဟန်းသံဃာမျှားကိုမိမိအိမ်သို့ပင့်ဖိတ်ပြီးလှူဒါန်းပူဇော် ဆည်းကပ် ကိုးကွယ်ကြသကဲ့သို့ ပစ္စည်းဥစ္စာနဲ့ ပြည့်စုံတဲ့ သူတော်ကောင်း အိမ်မှာ သန္ဓေယူရခြင်း

အားဖြင့်မိဘဖြစ်သူများမှာလဲ သားသမီး အထောက်အခံရ စေတော့ ပဋိသန္ဓေ ယူဆောပ်တဲ့နက်သားမှာလဲ ကောင်းမွန် ချမ်းသာစွာနေရစေတော့ဆိုတဲ့ သဘောပဲဖြစ်တယ်။

'သည်အခါမျိုးမှာနတ်သားများကလဲ သိကြားမင်းကိုယ် တိုင်ကသေဘင်းပန်တိုက်တွန်းတဲ့အတွက်ဝမ်းမြောက်ဝမ်းသာ ဖြင့်ပင် တောင်းပန်အပ်တဲ့နေရာမှာ ပဋိသန္ဓေယူကြပါတယ်။ အဲဒါဟာသူတစ်ပါးက တောင်းပန်တိုက်တွန်းလို့ မိမိ ကိုယ် တိုင်က ဆုပန်အပ်လို့ တည်နေရတဲ့ သန္ဓေမျိုးဖြစ်တယ်'

သုဝဏ္ဏသာမ သတ္တိသား

'မင်းမြတ်၊ သုဝဏ္ဏသာမသတ္တိသား ပဋိသန္ဓေတည်နေ ပုံဟာ သည်သဘောအတိုင်းပဲ ဖြစ်တယ်၊ သိကြားမင်းကလဲ တောင်းပန်တယ်၊ မိဘနှစ်ပါးကလဲ သူတော်ကောင်းတွေ ချည်းဖြစ်တယ်။ သာမသတ္တိသားကလဲ ကုသိုလ်ကောင်းမှု များပြားသူ ဖြစ်ပေတယ်။ အကြောင်းသုံးပါး တိုက်ဆိုင်ညီ ညွတ်လို့ သုဝဏ္ဏသာမ သတ္တိသားရယ်လို့ ဖြစ်လာရပါတယ်။

'မင်းမြတ်၊ တမန်းညက်အောင် နှံ့စပ်သေချာစွာထုန် ယက်ထားတဲ့လယ်မြေအပြင်မှာ ရေအလုံအလောက်နဲ့စိုက်ပျိုး အပ်တဲ့စပါးမျိုးစေ့ဟာ တစ်စုံတစ်ရာ ချွတ်ယွင်းပျက်ကွက်ဖို့ ရှိသေးသလား'

'မှန်ပါ၊ မည်သို့မျှ ပျက်ကွက်စရာ မရှိတော့ပါဘုရား'

'မှန်ပေတယ်မင်းမြတ်၊ သာမ သတ္တိသားဟာလဲ သည် အတိုင်းပင်ဖြစ်ပေတယ်။ သုံးဦး သုံးဘက် အညီအညွတ် တောင့်တမှုကြောင့် ဖြစ်လာရပေတဲ့ယ်။မင်းမြတ် ရသေ့တွေ ကို ပြစ်မှားမိလို့ မြို့ပြပြည်ရှာတွေဟာ တောအတိ ဖြစ်သွား ရတယ်ဆိုတာကို သင်မင်းမြတ် ကြားဖူးပါသလား'

'မှန်ပါ....ကြားဖူးပါတယ်ဘုရား၊ဒဏ္ဍီပြည်၊ တလိင်္ဂရာဇ် ပြည်၊မာတင်္ဂမြို့တို့သည် ရသေ့မျာ်းကို ပြစ်မှား လွန်ကြ။ မိခြင်းကြောင့် တောကြီးပကတိဖြစ်သွားရကုန်သည်ဟုကြား သိရဖူးပါသည် ဘုရား'

'ကောင်းပြီ မင်းမြတ်၊ သည်လိုပြစ်မှားမိလို့ တောကြီး ဖြစ်သွားရတယ်၊ မြို့ပြပြည်ရှာတွေ ပျက်စီးသွားရတယ်ဆိုခဲ့ရင် ရသေ့တွေကို ကြည်ညိုဆည်းကပ်လို့ အကျိုးဖြစ်ထွန်းအပ် တာကော မရှိထိုက်ပေဘူးလား'

'မှန်ပါ ရှိထိုက်ပါသည် ဘုရား'

'သာမသတ္တိသားသည်လည်း ထို့အတူပင် ဖြစ်ပေတယ် မင်းမြတ်၊ သုံးဦးသားတို့၏ ကြီးစွာသော စိတ်ကြည်လင်မှု ကြောင့်ဖြစ်ရပေတယ်၊မိဘနှစ်ပါးကဖန်ဆင်းတယ်၊သိကြား မင်းက ဖန်ဆင်းတယ်၊ ကုသိုလ်ကောင်းမှုက ဖန်ဆင်းတယ် လို့ ဆိုနိုင်တယ်။

မင်းမြတ်၊ သုဝဏ္ဏသာမအပြင် မဟာပနာဒမင်း၊ ကုသ မင်းတို့လဲ သိကြားမင်းတောင်းပန်လို့ လူ့ပြည်ကိုရောက်လာ ရခြင်းဖြစ်တယ်။ သူတို့သုံးယောက်ဟာ ဘုရားလောင်းချည်း ဖြစ်ကြပေတယ်။

'မင်းမြတ် ခုဆိုခဲ့ပြီးတာတွေကို ပြန်ပြီး ဆင်ခြင်ကြည့်ရင် ပဋိသန္ဓေ တည်နေမှုနဲ့ ပတ်သက်လို့ မင်းမြတ် ဆိုခဲ့ရင်းဖြစ်တဲ့ အစွန်းနှစ်ဖက်ဟာ ကျေပျက်လောက်ကဏ္ဍပေါ့'

'မှန်ပါ၊ ကျေပျက်အပ်ပါပြီဘုရား၊ ကျေပျက်ရုံသာမက ပဋိသန္ဓေတည်နေမှုနဲ့ ပတ်သက်လို့လဲ ရှင်းလင်း ပြည့်စုံစွာ သိအပ်ပါပြီ၊ ပရဝါဒီတို့ နှောင့်ယှက်ဖွယ်လည်း ပျက်ပြယ်သွားရပါပြီ။ အရှင်မြတ်၏ အဆိုအညွှန်းသည် လျော်ကန်လျောက်ပတ်လှပါပေသည် ဘုရား'

သာသနာတော် ခိုင်ကျည်တည်ခြင်း

'အရှင်ဘုရား။ ဘုရားရှင်၏ သာသနာတော် ခိုင်ကျည်တည်တံ့မှုနှင့် စပ်လျဉ်း၍ တပည့်တော်မှာ သိချင်ပါသေး သည်။ မြတ်စွာဘုရားသည် 'အာနန္ဒာ ငါဘုရား၏သာသနာတော် သည် ၅၀၀နှစ်ပေါင်း ငါးရာသာလျှင် တည်ပေလတ္တံ့....' လို့ပထမဦးစွာ ဆိုတော်မူခဲ့ပါတယ်။

နောက်ဘစ်ဖန် ပရိနိဗ္ဗာန် စံတော်မူခါနီးကျတော့ 'သုဘဒ္ဒပရိဗိုဇ် လောကကြီးမှာရဟန္တာတွေ ဘယ်အခါမှမဆိတ် သုဉ်းနိုင်ဘူး' လို့လဲ ဆိုတော်မူအပ်ပြန်ပေဘယ်၊ ဤစကားနှစ်ခွန်းသည် ဖရှ့ နောက်မည်ပါ၊ အစုန်းနှစ်ဖက်ကထွက်နေပြန်ပါသည်၊ဟုတ်မှန်ဆုကို ဝေဖန်ပိုင်းခြားဖော်မူပါဦး ဘုရား'

'မင်းမြတ်စကားနှစ်ရပ်လုံးပဲငြင်ဘုရား၊ ရှင်ဟောခဲ့တာမှန်ပေတယ် သို့သော်စကားတစ်ရပ်က သာသနာတော်၏သက်

တမ်းဂို ဆိုညွှန်းအပ်သောစကား၊စကားတစ်ရပ်ကပဋိပတ်၏ အစ္စမ်းကို ဆိုညွှန်းအပ်သောစကား၊ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်။မြကြီးနှင့်ကောင်းကင်၊နတ်ပြည်နှင့်ငရဲပြည်၊ ကုသိုလ်နှင့် အကုသိုလ် ဝေးကွာ ခြားနား အပ်သကဲ့သို့ပင် ဖြစ်ပေတယ်။

သို့သော် သင်မင်းမြတ်ရဲစကား အချည်းနှီး မဖြစ်ပါစေနှင့်၊ သင့်လျော်အောင် ဆက်စပ်ဖြေဆိုပါမယ်။

'အာနန္ဒာ ငါဘုရား၏ သာသနာတော်သည် နှစ်ပေါင်း ငါးရာသာ တည်ပေလတ္တံ့' ဟိုတစက သာသနာတော်၏ သက်တမ်းအကျန်ကို ရည်ရွယ်ပြီး ဆိုတော်မူခြင်းဖြစ်တယ်။

'အာနန္ဒာ ငါဘုရား၏ သာသနာတော်ဟာ အကယ်၍ ဘိက္ခုနီမတွေသာ ရဟန်းမပြုခဲ့ကြရင် နှစ်ပေါင်းတစ်ထောင် တည်နိုင်တယ်။ သို့သော် ဘိက္ခုနီမတွေ ရဟန်း ပြုလုပ်ကြတဲ့ အတွက် နှစ်ပေါင်း ငါးရာသာ တည်ချိမ့်မယ်လို့ ကြွင်းကျန်ရစ်သော သာသနာသက်တမ်းကို ပိုင်းခြားပြတော်မူခြင်းသာ ဖြစ်တယ်။

သည်လို ပိုင်းခြားပြတော်မူကာမျှဖြင့်သာသနာကယ်လိမ့်မယ်။မကိုလိုရအပ်ခြင်း ကယ်လိမ့်မယ်လို့ ဆိုလိုရာရောက်ပါသလား မင်းမြတ်'

'မရောက်နိုင်ပါဘုရား'

'မှန်ပေတယ် မင်းမြတ်။ စင်စစ်သုဘဒ်ပရိဗိုဇ်ကို ပြောဘဲ စကားကလဲ ပဋိပတ်သဘောကိုရည်ညွှန်းပြီး ဆိုတော်မူခဲ့ခြင်း သာဖြစ်ပါတယ်။ကျွဲကြံအား ထုတ်သူရှိသမျှသာသနာတော်

မကွယ်ပ,နိုင်ဘူး၊ တစ်နည်းအားဖြင့်တော့ မင်္ဂလောက်ဖိုလ်ဝင် ပုဂ္ဂိုလ်တွေအဆက်မပြတ်ဖြစ်ထွန်းပေါ်ပေါက်နေဦးမှာပဲလို့ ဆိုတော်မူခြင်း ဖြစ်ပေတယ်။

မင်းမြတ်ကသည်စကားနှစ်ရပ်ကိုကစ်ထပ်တည်းလိုယူမှုတ် နေဟန်ရှိတယ်၊ သည်လိုယူမှုတ်နေခဲ့ရင် မဟုတ်တဲ့အကြောင်း ကို ကောင်းစွာရှင်းပြပါဦးမယ်၊ မင်းမြတ်... အာရုံစိုက်ပြီး နားထောင်ပါ။

မင်းမြတ်....ရေကန်ကြီးတစ်ခုရှိတယ်။ ရေတွေကလဲ ပြည့် လျှံ နေတယ်။ မိုးကလဲ အဆက်မပြတ်ရွာနေတယ်၊ ဒါဆိုရင် ကန်ထဲကရေတွေဟာ ကုန်ခန်းနိုင်ပါ့မလား'

'မကုန်းခန်းနိုင်ပါဘုရား'

'ဘာကြောင့်လဲ မင်းမြတ်'

'မှန်ပါ၊ နဂိုက ရေတွေရှိနေတဲ့၊ အပေါ်မှာ မိုးကလဲ အဆက်မပြတ်ရွာသွန်းနေလို့ပါ ဘုရား'

'ကောင်းပြီ မင်းမြတ်။ ပဋိပတ္တိ သာသနာတော် ဘလဲ ထို့အတူပင်ဖြစ်ပေတယ်၊ မာရိုင်ပါးကိုအောင်တော်မူအပ်သော မြတ်စွာဘုရား၏ မြင့်မြတ်စွာသော သူတော်ကောင်း တရားတဲ့ညီးဟူသော ကန်တော်ကြီးထဲမှာ ကျင့်ကြံအားထုတ် မှုသန့်ရှင်းစင်ကြယ်မှုဆိုတဲ့ မိုးကလဲ အမြဲမပြတ် ရွာသွန်းနေဦး မယ်ဆိုရင် မြတ်စွာဘုရား၏ အဆုံးအမ ကန်တော်ကြီးဟာ ကုန်ခန်းမသွားနိုင်ပေဘူးပေါ့။

'အခြင်းသုဘဒ္ဒပရိဗိုဇ်.... ဤရဟန်းတို့သည် ကောင်းစွာ ကျင့်ကုန်သည်ဖြစ်၍ နေကုန်အံ့။ လောကသည် ရဟန္တာတို့မှ

မဆီတ်ညှံသည် ဖြစ်ရာ၏'ဆိုတဲ့ စကားဟာ သည်အဖြစ်ကို ရည်ရွယ်ပြီး ဆိုတော်မူခဲ့ခြင်းပင်ဖြစ်ပေတယ်။

မင်းမြတ်....အဟုန်ပြင်းစွာ လောင်ကျွမ်းနေတဲ့ မီးပုံကြီးထဲကို မီးလောင်စာအသစ်တွေ့ အဆက်မပြတ်ထည့်ပေးနေခဲ့ရင် သည်မီးပုံကြီးဟာ ငြိမ်းနိုင်ပါဦးမလား'

'မှန်ပါ၊ မငြိမ်းနိုင်တော့ပါဘုရား'

'မှန်တယ်မင်းမြတ်၊ ဘုရားရှင်၏ သာသနာတော်သည်လဲ ထို့အတူသာဖြစ်ပေတယ်၊ သက်ဝင်ယုံကြည် ဆည်းပူးလေ့လာမှု၊ ကျင့်ကြံအားထုတ်မှုရှိနေသမျှ ဘယ်အခါမှမဆိတ်သုဉ်း မကွယ်ပနိုင်ဘူး၊ ကျင့်ကြံသူ ရှိနေသမျှ ဘုရားရှင်ရဲ့သာသနာတော်ဟာလဲ ခိုင်ကျည်တဲ့တိုနေဦးမှာသာ ဖြစ်ပေတဲ့ယ်။

'မင်းမြတ်....ဤမျှဆိုလျှင် မင်းမြတ်ဆိုခဲ့ရင်းဖြစ်တဲ့အစွန်းနှစ်ဖက် ကျန်ရှိနေသေးသလား'

'မှန်ပါ၊ မကျန်ရှိတော့ပါဘုရား၊ အစွန်း နှစ်ဖက်လုံးပင်လျှင် ကျေပျောက်လွင့်စဉ်သွားအပ်ပါပြီ၊ သို့သော်တပည့်တော်သိပါရစေဦးဘုရား၊ သာသနာ့ ကွယ်တယ်ဆိုတာအဘယ်သို့ဖြစ်ပါသလဲဘုရား'

သာသနာကွယ်ခြင်းသုံးမျိုး

'မင်းမြတ်၊သာသနာကွယ်တယ်ဆိုတာသုံးမျိုးရှိပေတယ်။ (၁)မဂ်ဖိုလ်ရမှုကွယ်ခြင်း၊(၂)အကျင့်ပဋိပတ်ကွယ်ခြင်း၊

(၃) ရဟန်းအသွင်ကွယ်ခြင်းဟူ၍ သုံးမျိုးဖြစ်တယ်။ မင်္ဂိုလ်ရမှုကွယ်တယ်ဆိုတာ ကောင်းစွာကျင့်ကြံအားထုတ်ပေမယ့်လဲ မင်္ဂိုလ် မရနိုင်တော့ဘူး၊ အကျင့်ပဋိပတ် ကွယ်တယ်ဆိုတာ ကတော့ ပညတ်ထားတဲ့ ဝိနည်းသိက္ခာပုဒ်တွေ ကွယ်တဲ့ကိုဆိုလိုတယ်။ သဘောကတော့ ရဟန်းတော့ဟာ ဝိနည်းသိက္ခာပုဒ်နဲ့အညီ မကျင့်ကြံ မလိုက်နာကြတော့ဘူးပေါ့။ ဆိုသော်သည်အခါမှာ ရဟန်းအသွင်တော့ ကျန်သေးတယ်။

နောက်ဆုံး ရဟန်းအသွင်ပါကွယ်တဲ့အခါမတော့ အစဉ်အနွယ်ပါ ပြတ်တော့တာပဲ၊ သည်အခါကျတော့ သာသနာအားလုံး ကွယ်တဲ့သဘောပဲ မင်းမြတ်'

'မှန်ပါ၊ ဆရာကောင်း ဖြစ်တော်မူပေသော အရှင်မြတ်ဘုရား။

တပည့်တော် ကောင်းစွာသိအပ်ပါပြီ၊ အရှင်မြတ်သည် နက်နဲစွာသော ပြဿနာတို့ကိုလည်း ကောင်းစွာ ဖြေရှင်းအပ်ပါပြီ၊ ပရဝါဒီတို့၏ အထုံးအဖဲ့ကိုလည်း တစ်စမကျန် ဖွင့်လှစ်ဖြတ်တောက်အပ်ပါပြီ။

ဂိုဏ်းဆရာတို့ထက် မြတ်တော်မူပေသော အရှင်ဘုရား။

တော့်တောယုံမှားခြင်း ရေအလျဉ်တွင် မိမိတစ်ဦးတည်း သာလျှင် ကာလကြာမြင့်စွာ ကျင်လည် မျောပါခဲ့ရသော တပည့်တော်သည် အရှင်မြတ်၏ကယ်တင်ပို့ဆောင်ခြင်းအကူအညီဖြင့် အမှန်တရားတည်းဟူသော တန်ရုပ်ခိုနားရာကိုရအပ်ပါပြီဘုရား'

မြတ်စွာဘုရားနှင့် အကုသိုလ်တရား

'နဂဂသေနအရှင်မြတ်ဘုရား၊ မြတ်စွာဘုရားသည် အကုသိုလ်အာဃလုံးကိုဖြတ်တောက်သုတ်သင်ပြီးမှ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်အပ်ခြင်း ဖြစ်ပါသလား'

'မှန်တယ်မင်းမြတ်၊ ဘုရားရှင်ဟာ အကုသိုလ်အာဃလုံးဖြတ်တောက်ခဲ့ပြီး ဖြစ်ပေတယ်'

'အရှင်ဘုရား၊ မြတ်စွာဘုရားသည် ဒုက္ခဝေဒနာများကို ခံစားရသေးသည် မဟုတ်ပါလော'

'မှန်တယ် မင်းမြတ်....၊ ဒေဝဒတ်ကြောင့် ခြေတော်ကိုကျောက်ချပ်လွှာထိခိုက်မိတဲ့ဝေဒနာ၊ ဝမ်းသွေးသွန်တဲ့ဝေဒနာ၊ ကိုယ်လက်မှအီသာသို့ ဝမ်းနုတ်ဆေး သုံးဆောင်ရတဲ့ဝေဒနာ၊ လေနာထလို့ ရေနွေးသုံးဆောင်ရတဲ့ ဝေဒနာတွေ ဖြစ်ခဲ့ရပါတယ်'

'အရှင်ဘုရား....တပည့်တော်သိအပ်သည်မှာ အကုသိုလ်ကံနှင့်ကင်းရှင်း ထိခိုက်ခံစားရသော ဝေဒနာဟူသည်မရှိဟုသိနားလည်ထားပါသည်။မြတ်စွာဘုရားသည်အကုသိုလ်အာဃလုံးကို ဖြတ်တောက်ပြီး ကုန်စင်ခဲ့ပြီးမှန်လျှင် ထိုထို ဒုက္ခဝေဒနာများကို ကြုံတွေ့ရမည် မဟုတ်ပါ။

ထို့ကြောင့်မြတ်စွာဘုရားသည် ခြေတော်ကိုကျောက်ချပ်လွှာဖြင့် ထိခိုက်မိခြင်းစသည့်ဒုက္ခဝေဒနာများကိုတွေ့ကြုံခံစားရခြင်း မှန်ခဲ့လျှင် အကုသိုလ်အာဃလုံးကို ဖြတ်တောက်ပြီးမှ



အရှင်မြတ်ဘုရား၊ မြတ်စွာဘုရားသည် ဒေဒဒတ်ကြောင့် ခြေတော်တွင် ဒဏ်ရာရခဲ့သေးဆဲဟု မဟုတ်ပါလော....။

ခံစားရခဲ့ခြင်းမှန်ခဲ့လျှင် အကုသိုလ်အား‌လုံးကို ဖြတ်တောက်ပြီးမှ သဗ္ဗညုတဲ့ ဘုရားအဖြစ်သို့ ရောက်လာရသည်ဟူသော စကားမှား‌ပါလိမ့်မည်။

သို့မဟုတ် အကုသိုလ်အား‌လုံးကို ဖြတ်တောက်ပြီးမှသာ သဗ္ဗညုတ ဘုရားအဖြစ် ရောက်သည် မှန်ပါလျှင်လည်း ခြေတော်ကို ကျောက်ချပ်လွှာ ထိခိုက်မိခြင်း ဝေဒနာ စသည်မျှား‌သည် မှား‌ပါလိမ့်မည်၊ အစဉ်နှစ်ဖက် ထွက်နေပြန်ပါသည်။

မည်သည်က အမှန်ဖြစ်ကြောင်း၊ သို့မဟုတ် မည်သို့သာ ဖြစ်နိုင်ကြောင်းကို ထပ်လောင်းဖြေရှင်း‌သောအား‌ဖြင့်အမှန်တရား‌အလင်း‌ရောင်ကို စွမ်း‌ဆောင်တော်မူပါဦး ဘုရား'

'ကောင်းပြီ မင်းကြီး၊မင်းကြီး‌မေး‌အပ်တာနဲ့ စပ်လျဉ်းလို့ ဝေဒနာ ခံစားရမှုသဘောကို ပထမဆုံး‌ရှင်း‌ပြမယ်။

'ရောဂါဝေဒနာမှန်သမျှဟာ-ကံကြောင့်ချည်း‌ဖြစ်ရတာ မဟုတ်ဘူး၊ ရောဂါ ဝေဒနာဖြစ်ပေါ်မှု (ခံစား‌မှု) ဆိုတာ အကြောင်း‌ရင်း အခြေခံရှစ်မျိုး‌ရှိတယ်။ ထိုရှစ်မျိုး‌ကြောင့် ဖြစ်ရတယ်။

ရောဂါဝေဒနာ ဖြစ်စေမှုရှစ်ပါး

၁။ သေကြောင့်ဖြစ်သော အနာ။
၂။ သည်း‌ခြေကြောင့် ဖြစ်သော အနာ။
၃။ သလိပ်ကြောင့် ဖြစ်သော အနာ။

၄။ လေ-သည်းခြေ-သလိပ် စုစည်းယှဉ်တွဲ၍ ဖြစ်သော အနာ။

၅။ ရာသီဥတု ဖောက်ပြန်သောကြောင့် ဖြစ်သော အနာ။

၆။ မသင့်မြတ်သော အစားအစာကြောင့် ဖြစ်သော အနာ။

၇။ သူတစ်ပါး ရိုက်ပုတ်ညှဉ်းဆဲသောကြောင့်ဖြစ်သော အနာ။

၈။ ကံကြောင့် ဖြစ်သော အနာ။

'မြတ်သောမင်းကြီး၊ သည်အကြောင်းတရား ရှစ်ပါးကို ထောက်ထား၍ဆင်ခြင်ကြည့်ရှုင် ရောဂါဝေဒနာခံစားရမှုမှာ ကံတစ်ခုတည်းသက်သက်ကြောင့် မဟုတ်ကြောင်း သိသာနေပြီ၊ သည်တော့ တစ်စုံတစ်ယောက်က ကံမကောင်းလို့ ဝေဒနာခံစားရတယ်ဆိုခဲ့ရင် အဲဒီစကားဟာ မှန်သောစကား မဖြစ်နိုင်ပေဘူး။

မင်းကြီး....ကံတစ်ခုတည်းကြောင့်ဖြစ်ရတယ်ဆိုခဲ့ရင် လေကြောင့်ဖြစ်တဲ့အနာ၊ သို့မဟုတ် လေနာလို့ တစ်သီးတခြား အမည်တပ်ခေါ်စရာတောင် မလိုတော့ဘူး။ စင်စစ်တော့ လေကြောင့်ဖြစ်အပ်သော အနာဆိုရုံမှာလဲအကြောင်းဆယ်ပါး ရှိပြန်တယ်။

မင်းကြီး.... လေခတ် ပျက်တယ်ဆိုတာ....

၁။ အဖအားလွန်မှု။

၂။ အပူလွန်မှု။

၃။ ဆာလောင်မွတ်သိပ်မှု။
၄။ ဖရင်တ်မှု။
၅။ အစားလွန်မှု။
၆။ အရပ်အနေလွန်မှု။
၇။ အအိပ်အနေ (လဲလျောင်းမှု) လွန်မှု။
၈။ အသွားအလာလွန်မှု။
၉။ သူတစ်ပါး နှိပ်စက်ညှဉ်းပန်းမှု။
၁၀။ ကံအကျိုးဖပ်းမှု ရယ်လို့ ဆယ်မျိုးရှိပေတယ်။

သဘောကတော့ အအေးလွန်လို့လဲ လေဓာတ်ပျက်တယ်။ အပူလွန်လို့လည်း လေဓာတ်ပျက်တယ်၊ ထမင်းအစာအဖျာယမကာ စသည်ဆာလောင် မွတ်သိပ်လွန်းလို့လဲ လေဓာတ်ပျက်တယ်၊ ရေတ်လွန်းလို့လဲ လေဓာတ်ပျက်တယ်။

သည်အကြောင်းတရား ဆယ်ပါးထဲမှာ ကံကြောင့်ဖြစ်ရတာက တစ်ခုတည်းပဲပါတယ်။ ကျန်တာတွေက ကံကြောင့်မဟုတ်ဘူး။ အကြောင်းချတ်ယှင်းလို့ ဖြစ်ရတယ်၊ သည်းခြေပျက်တဲ့အခါမှာလဲ ထို့အတူပဲ။ အအေး-အပူ- မသင့်တဲ့အစားအစာဆိုတဲ့ အကြောင်းသုံးပါးကြောင့် ပျက်ရတယ်။ သလိပ်ပျက်တဲ့အခါမှာလဲ သည်သဘောနဲ့ ထပ်တူထပ်မျှပဲ။

မင်းကြီး....လေပဲဖြစ်စေ၊ သည်းခြေပဲ ဖြစ်စေ၊ သလိပ်ပဲ ဖြစ်စေ သူတို့အကြောင်းနဲ့ သူတို့ပျက်ကြတာပဲ။ သည်လိုပျက်တဲ့အခါမှလဲ အပျက်လွန်တဲ့အခါ သဘောသဘာဝချင်းတူရာကို ဆက်စပ်ဆွဲငင်တဲ့အခြေအနေရှိတယ် ဥပမာကတော့တစ်ခုမဂကောင်းလို့ တစ်ခုပျက်ရတာမျိုးဖြစ်တယ်။

'မြစ်ဆိပ်သော မင်းကြီး၊ ကုသိညတို့ ဖောက်ပြန်လို့ဖြစ်ရတဲ့ ဝေဒနာဟာ ကံနဲ့ ဘာမှမဆိုင်ဘူး။ မသင့်မြတ်တာ စားမိလို့ ဖြစ်ရတဲ့ ဝေဒနာဟာလဲ ကံနဲ့ မဆိုင်ဘူး။ တစ်ဦးသူ့ရဲ့ လုံ့လပယောဂကြောင့် ဖြစ်ရတဲ့ ဝေဒနာကလဲ မျက်မှောက် ကြုံကြိုက်ဆဲ ဘဝနဲ့ပဲ သက်ဆိုင်တယ်။ ကံတရားကြောင့်လို့ မဆိုနိုင်ဘူး။

ကိုယ်ကလဲမရည်ရွယ်ဘူး၊ အခါတိုင်းမလဲ ဖြစ်လေ့ဖြစ်ထ မရှိဘူး၊ သို့သော် တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက် ရတာမျိုး၊ မရှောင်သာ မလွဲသာဖြစ်ရတာမျိုး၊ ဒါမျိုးကတော့ ရှေးရှေးက ကံအကြောင်း တရားကြောင့်လို့ ဆိုနိုင်တယ်။ ကံကြောင့်ဖြစ်ရတဲ့ ဝေဒနာလို့ သတ်မှတ်နိုင်တယ်။ သို့သော် ဒါမျိုးကလဲ အလွန်နည်းပါးလှပါတယ်။

မင်းကြီး....တချို့ သူတွေက ဝေဒနာတစ်ခုရဲ့ရှိခံစားရတဲ့ အခါ ကံဇာတရားကြောင့်လို့ တစ်ထစ်ချ ထင်မှတ်လေ့ရှိကြတယ်။ ကံအကြောင်းတရားဆိုတာ သာမန်လူသားများဆုံးဖြတ်နိုင်စွမ်းတဲ့အရာမဟုတ်ဘူး။မြတ်စွာဘုရားဉာဏ်တော်နှင့်သာ သတ်မှတ်ပိုင်းခြားနိုင်တာမျိုးဖြစ်တယ်။

မင်းကြီး.... ဘုရားရှင်ရဲ့ ခြေတော်ကို ကျောက်ချပ်လွှာထိခိုက်မိတာဟာလဲ တစ်ပါးသူရဲ့လုံ့လပဓယောဂကြောင့်သာဖြစ်တယ်။ဒေဝဒတ်ဟာ ဘဝများစွာပုတ်လုံးဘုရားအပေါ်မှာ ရန်ငြိုး ဖွဲ့လာခဲ့လေတော့ အင်မတန် ကြီးမားလှတဲ့ကျောက်ဆွံးကြီးနဲ့ ဘုရားရှင်ရဲ့ ဦးခေါင်းတော်ကို ချိန်ရွယ်ပြီး လွှတ်ချလိုက်တယ်။

သည်အခါမှာ ကျောက်တုံးကြီးရှေ့က အခြားကျောက်တုံးနှစ်ခုခံလာတယ်၊ အရှိန်နဲ့လိမ့်လာတဲ့ ကျောက်တုံးကြီးကို ဆီးကာထားတဲ့ သဘောဖြစ်တယ်။ အဲဒီ ကျောက်တုံးသုံးခုအချင်းချင်းထိခိုက်မိပြီးပဲ ထွက်လာတဲ့ကျောက်ချပ်လွှာတစ်ခုက ဘုရားရှင်ရဲ့ခြေတော်ကိုထိခိုက်မိခြင်းဖြစ်တယ်။ ဒါဟာ ရှေးရှေးက ကံကြောင့်လဲဖြစ်တယ်။ သူတစ်ပါးရဲ့ လုံလပ်ယောဂကြောင့်လဲ ဖြစ်ပေတယ်။ သည်ပြင် အကြောင်းဘာမျှ မရှိဘူး။

မင်းကြီး.... ဘုရားရှင်တို့ မည်သည် အကြောင်းတရားခြောက်ပါးကြောင့်သာ ဝေဒနာရစကောင်းတယ်။ အခြားနည်းအားဖြင့် ရအပ်တဲ့ ဝေဒနာနဲ့ ဘုရားရှင်၏ အသက်အန္တရာယ်ကို မဖြစ်စေနိုင်ဘူး။ နောက်တစ်ကြောင်းကလဲ ဓာတ်လေးပါးနဲ့ရင်းနှီးဆက်စပ်နေတဲ့ သည်ခန္ဓာကိုယ်ကြီးဟာ မိမိက လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ ဝေဒနာ အမျိုးမျိုးတွေ ဖြစ်ပေါ်နေမှာပဲ။

နွိုင်းယှဉ်စရာ တစ်ခုရှိတယ် မင်းကြီး၊ ကျောက်ခဲတစ်လုံးကို ကောင်းကင်ပေါ်ပစ်တင်လိုက်တယ်ဆိုပါတော့၊ အဲဒီကျောက်ခဲမြေကြီးပေါ် ပြန်ကျလာတာဟာ မြေကြီးရဲ့ အာကုသိုလ်ကြောင့်လား'

'မဟုတ်ပါဘုရား၊ မြေကြီးသည် ဘာအကုသိုလ်မျှမရှိပါ။ ပစ်လွှတ်လိုက်သောအရှိန် ကုန်ခြင်းသာ ပြန်ကျလာရခြင်းဖြစ်ပါသည်'

'ကောင်းပြီ မင်းကြီး၊ နောက်အကြောင်းတစ်ခု ရှိသေးတယ်၊ အခု သောသူတွေဟာ မြေကြီးကို အမျိုးမျိုးတူးဆွထွန်ယက်နေကြတယ်။ သည်လိုလုပ်တာဟာ မြေကြီးရဲ့ အကူသိုလ်အကျိုးဆက်ကြောင့် တုံ့ပြန် လက်စား ချေရတာလား'

'ဤသို့လည်း မဟုတ်ပါဘုရား'

'ကောင်းပြီမင်းကြီး၊သို့ဆိုလျှင် ဘုရားရှင်ရဲ့ ခြေတော်ကို မြေကြီးကဲ့သို့မှတ်ပါ၊ ဒေဝဒတ်နဲ့ စပ်လျဉ်းပြီး ကျလာအပ်ဘဲ့ ကျောက်လွှာကို ကောင်းကင်ပေါ်ပစ်တင်လိုက်တဲ့ ကျောက်ခဲကဲ့သို့ မှတ်ပါ။ ထို့အတူပဲ၊ ဝမ်းဗဲသွန်တဲ့ ဒေဒနာဟာလဲ ရှေးရှေးကံကြောင့် မဟုတ်၊ သဲ့-သည်းခြေ-သလိပ်-လေဆိုတဲ့ ဓာတ်သဘောကြောင့်သာ ဖြစ်ရတယ်သို့ မှတ်ပါ။

အခြားဒဿ ဒေဒနာမျှားဟာလဲ သည်အတိုင်းပါပဲ။ ရှေးကံကြောင့်တစ်ခုမှ မဟုတ်ဘူး။ ရောဂါဒေဒနာဖြစ်ခြင်းနိုင်တဲ့ အကြောင်းတရားခြောက်ပါးအနက်မှတစ်ခုခုကြောင့်သာ ဖြစ်ရပေတယ်။

ဒကာတော်မင်းကြီး၊ အနာဖြစ်စေရခြင်း၏ အကြောင်းတရားရှစ်ပါးကို ငါဘုရားလျှင်ယခုကဲ့သို့ ဆိုအပ်သည် မဟုတ်၊ ဘုရားရှင်ကိုယ်တော်တိုင် သံဃုတ္တိုနိကာယ်မှာ ဤသို့ ဟောတော်မူခဲ့ပေတယ်။

'အချင်းသိဝက ... ဤလူ့ဘဝ၌ အချို့ကုန်သော ဝေဒနာတို့သည် လေခတ်ပျက်သောကြောင့် ဖြစ်ကုန်၏။ အချင်းသိဝက၊ ဤသို့သော အကြောင်းကို ငါကိုယ်တိုင်လျှင် သိဖဟ်မူအပ်၏။ အချို့ကုန်သော ဝေဒနာတို့သည် သည်းခြေကြောင့် ဖြစ်ကုန်၏။ အချင်းသိဝက.... ထိုလေ- သည်းခြေတို့ကြောင့်ဖြစ်ရာ၌ အကျင့်ရဟန်းပုဏ္ဏားတို့သည် ရှေးကံကြောင့်ဖြစ်သည်ဟု ဆိုကြကုန်၏။

ထိုရဟန်း၊ ပုဏ္ဏားတို့၏ အယူသည် မှား၏။ အချင်းသိဝက၊ ဤလောကဌာန်၌ အချို့ကုန်သော ဝေဒနာတို့သည် သလိပ်ကြောင့်လည်း ဖြစ်ကုန်၏။ ဥတုကြောင့်လည်း ဖြစ်ကုန်၏။ လေ-သည်းခြေသလိပ်တို့ စုဝေးမိသောကြောင့်လည်း ဖြစ်၏။ မသင့်တင့်သော အစာကို စားမိသောကြောင့်လည်းဖြစ်၏။ ထို့ကြောင့် ထိုရဟန်း ပုဏ္ဏားတို့၏ ဆိုသော စကားတို့သည်၊ အယူတို့သည် မှားကုန်၏'

'မင်းကြီး- ယခုဆိုခဲ့ပြီးသည့်အတိုင်းပဲ ဝေဒနာအားလုံးသည် ကံတစ်ခုတည်းကြောင့်ချည်း ဖြစ်သည်မဟုတ်၊ ဘုရားရှင်သည် အကုသိုလ်အားလုံးကိုပယ်ဖျက်ရန် ဘုတ်သင်တော်မူပြီးမှသာ သဗ္ဗညုတဘုရားရှင်အဖြစ်သို့ ဆိုက်ရောက်တော်မူလာရပေသည်ဟူ၍ ခြင်းချက်မရှိ သိမှတ်အပ်ပေတယ်။

ဤမျှဆိုလျှင် သင်မင်းကြီး ဆိုခဲ့ရင်းဖြစ်သည့် အစွန်းနှစ်ဖက်တို့သည်လည်း ကောင်းစွာ ပျက်ပြယ်အပ်ပြီ'

'မှန်ပါ.... တပည့်တော် ကောင်းစွာ ဆင်ခြင်နိုင်ပါပြီဘုရား'

စကားစပ်။ ။

အကုသိုလ်ကံကြောင့်ဖြစ်သော ဝေဒနာ အလုံးစုံကို ပယ်ဖျောက်မှု၍ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူ၏ ဆိုရာ၌ အရှင်နာဂသေန၏ အယူမှား ကံတရား၏ အပိုင်းအခြားကို ဘုရားရှင်သာ သိတော်မူအပ်သည်ဖြစ်၍ ကံသဘောကို လုံးဝချန်လှပ်ပြီး ဆိုတော်မူခြင်းဖြစ်ဟန်ရှိသည်။ ။

ဘုရားရှင်နှင့် ပြုဖွယ်ကိစ္စများ

'တပည့်တော် သိပါရစေဘုရား၊ ဘုရားရှင်သည် ပြုဖွယ်ကိစ္စများကို ဗောဓိပင်ရင်းဦးပင်လျှင် အားလုံး ပြုလုပ်ပြီးစီးခဲ့ပြီ။ နောက်ထပ်တစ်ဖန် ပြုဖွယ်မရှိတော့ဟု အရှင်ဘုရားတို့ မိန့်ဆိုခဲ့ကြပါသည်။

သို့သော် ဘုရားရှင်သည် ဝါတွင်း သုံးလပတ်လုံးပင်လျှင် ကိုယ်တော်တစ်ပါးတည်း သာသီတင်းသုံးခဲ့သည်ဟုလည်း သိရပြန်ပါသည် အရှင်မြတ်ဘုရား၊ လောခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည် ပြုဖွယ်ကိစ္စများ အားလုံးပင်လျှင် ဗောဓိ

ပင်ရင်းတွင်ပြီးပြည့်စုံခဲ့သည်မှန်ပါလျှင်တစ်ပါးတည်းသီတင်းသုံးနေရန် မရှိပါ။

အကယ်တည့်— သီတင်း သုံးနေတော်မူခြင်း မူနှံခဲ့လျှင်လည်း ပြုဖွယ်ကိစ္စများ အားလုံးပင်လျှင် ဗောဓိပင်ရင်းဌာနကုန်စင်ခဲ့ပြီ၊ ပြီးပြည့်စုံခဲ့ပြီ ဆိုခြင်းမှာ စဉ်းစားစရာ ဖြစ်နေရပါသည်။

အရှင်ဘုရား....အနာကို ပျောက်စေတတ်သော ဆေးဝါးဟူသည် အနာရှိသူ၌သာ လိုအပ်လျော်ကန်ခြင်း ရှိပါသည်။ အနာမရှိသူတွင်ကား ဆေးဝါးဟူသည် မလိုအပ်တော့ပါ။ ထို့အတူပင်ထမင်းအဖျော်ယမကာဟူသည်လည်းဆာလောင်မွတ်သိပ်သူ၌သာ သင့်လျော် လျောက်ပတ်ပါသည်။

ဘုရားရှင်သည်လည်း စင်စစ် ပြုဖွယ်ကိစ္စ မရှိတော့ပါမူ တစ်ကိုယ်တော်တည်းနေရန် အကြောင်းမရှိပါ။ သို့လော.... သို့လော....တွေးတောယုံမှားစရာဖြစ်နေရသော ဤပြဿနာသည် အစွန်းနှစ်ဖက် ထွက်နေပြန်ပါသည်။

ကြောင်းကျိုးလျော်ကန် ယုတ္တိတန်ရာကိုသိစေခြင်းအားဖြင့် တပည့်တော်၏ သံသယ နှောင်ကြိုးကို ကြိုးစား၍ ဖြတ်တော်မူပါဦး ဘုရား'

'ကောင်းလှပြီ မင်းကြီး၊ မင်းကြီးဆိုအပ်သည့်အတိုင်းပင် ဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး တစ်ကိုယ်တော်တည်း သာလျှင် စံနေတော်မူခဲ့သည်ဆိုခြင်းမှာလည်း မှန်ပေတယ်။ ပြုဖွယ်ကိစ္စများ အားလုံးသည်ပင်လျှင် ဗောဓိပင်ရင်းဌာနကုန်စင် ပြီးမြောက်ခဲ့သည် ဆိုခြင်းမှာလည်း စင်စစ် မှန်ပေတယ်။

တစ်ကိုယ်တော်တည်း စံနေတော်မူခဲ့တာကတော့ ဤသို့ ဖြစ်တယ်။

ဆုံရှုံးရှင်မှန်သမျှ တစ်ကိုယ်တော်တည်း သီတင်းသုံးလေ့ ရှိတာဟာအစဉ်အလာဖြစ်ခဲ့တယ်။ဘုရားရှင်တို့သည်ထိုသို့လျှင် တစ်ကိုယ်တော်တည်းစံနေရင်း ကောင်းစွာပြုအပ်သော ဂုဏ်ကျေးဇူးကို အောက်မေ့လေ့ရှိပါတယ်။

ဒကာတော်မင်းကြီး၊ မင်းမှုထမ်းယောကျ်ားတစ်ဦးဟာ မင်း၏အမှုကို ကျေပွန်စွာထမ်းရွက်ခြင်းအား ဖြင့်မင်းရဲ့အချီးအမြှောက် လာဘ်သပ်ကာကို ရရှိခံစားရတယ် ဆိုပါတော့။ သည်အခါမှာ မင်းမှုထမ်းဖြစ်သူဟာ မိမိ ရရှိခံစားအပ်တဲ့ ရာထူးစည်းစိမ်ဂုဏ်သိန် အဆောင် အယောင်တွေ အတွက် ဒါဖန်တလဲလဲ ကြည်နူးနှစ်သိမ့်နေသလို ဖြစ်ပါတယ်။

ထို့ပြင် ဆိုထို ရာထူးစည်းစိမ်များအတွက် မင်းဖြစ်သူရဲ့ ဂုဏ်ကျေးဇူးကို အကြိမ်ကြိမ်အခါခါ သတိရဝမ်းမြောက်ပြီး မင်း၏ရှေ့မှောက်သို့ ဝင်ရောက် ခစားသကဲ့သို့လည်း ဖြစ်ပါတယ်။

ဒကာတော်မင်းကြီး၊ လာခြင်း ကောင်းတော်မူသော ခပ်သိမ်းသော ဘုရားရှင်တို့သည် ထိုသို့လျှင် ဆိတ်ငြိမ်ရာ၌ ကောင်းစွာသော အောက်မေ့ခြင်းဖြင့် နေတော်မူတတ်ကြပါတယ်။ ဒီလို နေတော်မူခြင်းအား ဖြင့် နှစ်ဆယ့်ရှစ်ပါးသော အကျိုးကျေးဇူးကိုလဲ ရရှိခံစားကြရပါတယ်။

၁။ မိမိကိုယ်ကို စောင့်ရှောက်ခြင်း။
၂။ အသက်ကို တိုးပွားစေခြင်း။
၃။ ခွန်အား ဖြစ်စေခြင်း။
၄။ အပြစ်ဒေါသကို ပယ်ဖျောက်ခြင်း။
၅။ ကျော်စောမဲ့ကို ပယ်ခြင်း။
၆။ ကျော်စောမှုကို ဆောင်ခြင်း။
၇။ မမွေ့လျော်သည်ကို ပယ်ဖျောက်ခြင်း။
၈။ မွေ့လျော်ခြင်းကို ဖြစ်စေခြင်း။
၉။ ဘေးရန်ကို ပယ်ခြင်း။
၁၀။ ရဲရင့်သည်ကို ဖြစ်စေခြင်း။
၁၁။ ပျင်းရိခြင်းကို ပယ်အပ်ခြင်း။
၁၂။ ဝီရိယလုံ့လကို ဖြစ်စေခြင်း။
၁၃။ ဇာဂကို ပယ်ခြင်း။
၁၄။ ဒေါသကို ပယ်ခြင်း။
၁၅။ မောဟကို ပယ်ခြင်း။
၁၆။ မာနကို ပယ်ခြင်း။
၁၇။ ဝိတက်ကို ပယ်ခြင်း။
၁၈။ စိတ်ကို တည်ငြိမ်စေခြင်း။
၁၉။ စိတ်ကို ပေျာ့ပျောင်းစေခြင်း။
၂၀။ ကြည်လင် ရွှင်လန်းစေခြင်း။
၂၁။ လေးမြတ်သည်ကို ဖြစ်စေခြင်း။
၂၂။ လာဘ်ကို ဖြစ်စေခြင်း။
၂၃။ နှလုံးတည်ကြည်မှုကို ပြုတတ်ခြင်း။

၂၄။ နှစ်သက်သည်ကို ဖြစ်စေခြင်း။
၂၅။ ဝမ်းမြောက်မှုကို ဖြစ်စေခြင်း။
၂၆။ သခ်ါရတရား တို့၏သဘောကို ပြအပ်ခြင်း။
၂၇။ ပဋိသန္ဓေကို ခွဲဖြတ်နိုင်ခြင်း။
၂၈။ အလုံးစုံ ငြိမ်းအေးစေနိုင်ခြင်း။

'မင်းကြီး၊ ဘုရားရှင်တို့၏ တစ်ကိုယ်သော်တည်း ကိန်းအောင်းခြင်းဟာ ဤဂုဏ်ကျေးဇူးများကို အောက်မေ့ ဆင်ခြင်တော်မူသောအားဖြင့်လည်း ဖြစ်ပေတယ်။ စင်စစ်တော့ ဘုရားရှင်တို့မည်သည် ငြိမ်သက်အေးချမ်းစွဲသော သမာပတ်ဌာန်မှေ့ လျော်ခံစားလိုခြင်းကြောင့်လဲ ဆိတ်ငြိမ်ရာ အရပ်မှာ ကိန်းအောင်းတော်မူအပ်ခြင်း ဖြစ်ပါတယ်။

'ဒကာတော်မင်းကြီး.....၊ ဘုရားရှင်တို့မည်သည် လေးပါးသော အကြောင်းကြောင့်လဲ ဆိတ်ငြိမ်ရာအရပ်ကို ချဉ်းကပ်တော် မူဟုတ်ကြပါတယ်။

၁။ အေးငြိမ်းစွာ နေထိုင်မှု။
၂။ အပြစ်မရှိသည့် ဂုဏ်ကျေးဇူး များပြားမှု။
၃။ အရိယာမြတ်တို့၏တရားကို ပွားများစေမှု။
၄။ ခပ်သိမ်းသော ဘုရားရှင်တို့၏ ချီးမွမ်းမှု။

ဤလေးပါးသောအကြောင်းတို့ကြောင့်လည်း ဘုရားရှင်များသည် မိမိတစ်ကိုယ်တည်း ကိန်းအောင်း မွေ့လျော်ခြင်း ရှိအပ်ကြပါသည်။ နောက်ထပ်တစ်ဖန် ပြုဖွယ်ကိစ္စ ရှိသေးလျှင်လည်းကောင်း၊ ပြုတော်မူရန်လိုအပ်လျှင်လည်းကောင်း မဟုတ်ပေဘူး မင်းကြီး။

'ဤမျှဆိုလျှင်-သင်မင်းကြီးရဲ့ အစဉ်းနှစ်ဖက်လဲကြေပျက်လောက်ကရောပေါ့'

'မှန်ပါ....ကောင်းမြတ်လှပါသည်ဘုရား'

ဘုရားရှင်၏ ဣဒ္ဓိပါဒ်တန်ခိုး

'နာဂဝေသနအရှင်မြတ်ဘုရား....တပည့်တော်မေးလျှောက်ရပါဦးမည်။မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား....

'ချစ်သား၊အာနန္ဒာ၊ဘုရားရှင်တို့မည်သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွားစေကုန်သော်၊ မျှားစွာ လေ့ကျက်အပ်ကုန်သော်၊ယာဉ်ကဲ့သို့ ပြုအပ်ကုန်သော်၊ မှီရာဟုပြုအပ်ကုန်သော်၊ မပြတ်လုံ့လပြုအပ်ကုန်သော်၊ဆည်းပူးအပ်ကုန်သော်၊ အားထုတ်အပ်ကုန်သော်၊အလိုတော်ရှိကုန်သော်၊တစ်ကပ်ပတ်လုံးတည်တော်မူရာ၏။ကပ်၏အကြွင်း ပတ်လုံးသော်လည်း တည်တော်မူရာ၏'ဟု မိန့်တော်မူခဲ့ပါသည်။

သို့သော်....

'ဤတပို့တဲ့လမှ သုံးလကျော်လွန်သည့်အခါ ငါဘုရား ပရိနိဗ္ဗာန်ပြုလတ္တံ့'ဟူ၍လည်း မိန့်တော်မူပြန်ပါသည်။

အရှင်မြတ်ဘုရား၊ဤစကားနှစ်ခွန်းသည် ရှေ့နှင့်နောက်ကြောင်းကျိုးမညီညွတ်ပါ၊ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပါသည်။'ချစ်သားအာနန္ဒာ'ဘုရားရှင်တို့သည် လေးပါးသောဣဒ္ဓိပါဒ်ကိုပွားမျှားစေအပ်သော်၊ အာယုတပ် တစ်ကပ်ပတ်လုံးသော်လည်း အသက်တော်တည်လတ္တံ့၊ ကပ်ကြွင်းသော်လည်း အသက်တော်တည်လတ္တံ့'ဟု မိန့်ဆိုခဲ့ရင်း မှန်ပါလျှင်

'သုံးလကျော်လွန်သည့်အခါ ငါဘုရားပရိနိဗ္ဗာန် ပြုလတ္တံ့' ဆိုသော စကားသည် မှားပါလိမ့်မည်။

အကယ်တည့်ထိုစကား စစ်မှန်ပေသည် ဆိုလျှင် လည်း 'အလိုတော် ရှိသော် ဘစ်ကပ်ပတ်လုံးသော်လည်း အသက် တော်ဘည်နေရာ၏' ဆိုသည့်စကား မှားပါလိမ့်မည်။

အရှင်မြတ်ဘုရား....လာခြင်းကောင်းတော်မူသောဘုန်း ရှင်တို့မည်သည် အရာမဟုတ်သည်၌ ကြုံးဝါးတော်မူမြဲမဟုတ် ပါ။ အချည်းနှီး အကျိုးမဲ့ ဆိုခြင်းလည်း မရှိပါ။ သို့ဖြစ်သော် စကားနှစ်ရပ်တွင် ရှေးနှင့်နောက်မဆက်စပ်မိသည်မှာမူ တွေ့ တောယုံမှားစရာ ဖြစ်ရပြန်ပါသည်။ အစွန်းနှစ်ဖက် ထွက်နေ ပြန်ပါသည်။မှန်ရာကို ဇဝဖန်ပိုင်းခြားတော်မူပါဦးဘုရား'

'မင်းမြတ်.... စကား နှစ်ရပ်လုံးပင်လျှင် မြတ်စွာဘုရား မိန့်ဆိုတော်မူခဲ့တာ မှန်ပေတယ်။ သို့သော် တစ်ခုကဘုရားရှင် တို့၏တန်ခိုးဂုဏ်ပါဒ် သဘောကို ဆိုညွှန်းတော် မူခြင်းဖြစ် တယ်။တစ်ခုကတော့ ပရိနိဗ္ဗာန်ပြုတော်မူအံ့သည်နှင့်စပ်လျဉ်း မိန့်ဆိုခြင်း ဖြစ်တယ်။

ဥပမာ-ပြည့်ရှင်မင်းတစ်ပါးမှာလေအဟုန်နှင့်အတူ လျှင် မြန်လှစွာသောမြင်းကောင်းအာဇာနည် ရှိတယ်ဆိုပါတော့။ သည်အခါမှာ ပြည့်ရှင်မင်းက မြင်းအာဇာနည်နဲ့စပ်လျဉ်း ပြီး ပရိသတ်စုံတဲ့ ဗိုလ်ပုံအလယ်မှာ 'အချင်းတို့ ငါ၏မြင်း ကောင်းအာဇာနည်ဟာဘယ့်လောက်မျှား လျှင်မြန်သလဲဆို ရင် မဟာသမုဒ္ဒရာကိုပင်လျှင် မြေပြင်ပကတိကဲ့သို့ ဖြတ်သန်း

ကာ ငါ့ထံသို့ချက်ချင်း ပြန်လာနိုင်စွမ်းရှိတယ်'လို့ ဆိုတော်မူတယ်။

မြင်းအာဇာနည်ကလဲ ဆိုအပ်သည့်အတိုင်း အင်မတန်လျင်မြန်တာအမှန်ပဲ၊ သို့သော် ပြည့်ရှင်မင်းဖြစ်သူဟာ သူ့မြင်းရဲ့လျင်မြန်ပုံကို ပရိသတ်ရှေ့မှာ မျက်မြင်ထင်ရှားတော့ မပြပေဘူး။ စကားအားဖြင့်သာ အမှန်အတိုင်း ထုတ်ဖော်သိသံသာစေခြင်း ဖြစ်တယ်။

ဘုရားရှင်ရဲ့ တန်ခိုးဂုဏ်ဒိပါဒ်ဟာလဲ ဆိုအတူပဲ မင်းမြတ်။ အလိုတော်ရှိတဲ့အတိုင်း ဖြစ်နိုင်ပေတယ်။ အာယုကပ်ပတ်သုံးတည်နေနိုင်တယ်။ သို့မဟုတ် အလိုတော်ရှိသမျှ မည်သို့ပင်ဖြစ်စေ တည်နေနိုင်စွမ်း ရှိပေတယ်။ သည်အကြောင်းကို ထုတ်ဖော်မိန့်ကြားတော်မူခဲ့တာကလဲ မိမိ၏ တန်ခိုးဂုဏ်ဒိပါဒ်စွမ်းအားကို အမိန့်အတိုင်း သိစေလိုခြင်းပင်၊ ရဟန်းအပေါင်းနဲ့တကွ အားလုံးသောပရိသတ် အလယ်မှာ မိန့်ကြားခဲ့ခြင်းဖြစ်ပေတယ်။

သို့သော်.... ပရိနိဗ္ဗာန်ပြုလတ္တံ့ဟုဆပ်မံ မြွက်ကြားတော်မူတာကတော့ မင်းမြတ်-မြတ်စွာဘုရားသည်ဘဝကိုမည်သို့မျှ စုံမက်တော်မမူ၊ ဘဝဟူသည်ကို မစင်ဘင်ပုပ်ကဲ့သို့ ရွံတော်မူတော်မူအပ်ပေတယ်။

ဥပတိကျဆုံး၊ အရှင်းဆုံး ဆိုရင်တော့ ဘုရားရှင်တို့ရဲ့ တန်ခိုးဂုဏ်ဒိပါဒ်အားလျာ်စွာ နေနိုင်ဆဲဘဝ်ဖြားလဲ ဘဝကို မစုံမက်ဘူး။ တွယ်တာမနေဘဲဘူး။ ထို့ကြောင့်အကြောင်း

အားလျော်စွာနောင်သုံးလလွန်မြောက်တဲ့အခါ ပရိနိဗ္ဗာန်ပြုတော်မူတော့မယ် ဆိုတဲ့သဘောဖြစ်ပေတယ် မင်းမြတ်။

မင်းမြတ်ဝတ်စားတန်ဆာ ပြုပြင်ဆင်ယင်ရခြင်းကို ဇွံုးဝလိုလားတပ်မက်ခြင်းမရှိတော့ သူဟာ မိမိမှာ ငွေကြေးမြောက်မြားစွာ ရှိနေသော်ငြားလဲပဲ သည်ဝတ်စား တန်ဆာတွေကို ခင်မင်တွယ်တာ နေပါဦးတော့မလား၊ ဖန်ဘီးစုဆောင်းနေပါဦးတော့မလား'

'မှန်ပါ....မဖန်တီး မစုဆောင်းတော့ပါဘူးဘုရား'

'ဘုရားရှင်သည်လည်း ထို့အတူပင်ဖြစ်ပေတယ်မင်းမြတ်၊ တန်ခိုးဣဒ္ဓိပါဒ် ရှိသော်ငြား၊ ဘဝကို မလိုအပ်တော့ဘူး။ တွယ်တာတပ်မက်ခြင်း မရှိတော့ဘူး။ဒါကြောင့်လဲပရိနိဗ္ဗာန်ပြုတော်မူခြင်း ဖြစ်ပေတယ်။

'မင်းမြတ်....ဤသို့ဆိုလျှင် သင်မင်းမြတ်မှာ အစွန်းနှစ်ဖက် ရှိအပ်သေးသလား'

'မှန်ပါ....မရှိတော့ပါဘုရား'

အာပတ်ကို နုတ်ပယ်ခြင်း

'အရှင်ဘုရား....မြတ်စွာဘုရားသည် 'ချစ်သားရဟန်းတို့....ငါဘုရားသည် သဗ္ဗညုတဉာဏ်ဖြင့် သိအပ်သောတရားကိုသာဟော၏။သဗ္ဗညုတဉာဏ်မသိသည်ကိုမဟော' ဟုဆိုတော်မူပါသည်။

ထို့ေနာက္ ‘အာနႏၵာ-သံဃာအေပါင္းတို့ အလုံတူကြဲေသာ္ ငါဘုရား ပရိနိဗၺာန္ ျပဳသည့္အခါ ခုဒ္ဒါနုံ ခုဒ္ဒက သိကၡာပုဒ္တို့ကို နုတ္ကြဲေလေလာ့’ ဟူ၍လည္း ဆိုျပန္ပါသည္။

အရွင္ဘုရား ဤသို့ ဆိုခြင့္သည္ ထိုသိကၡာပုဒ္တို့ကို ခ်ဳပ္ယုင္းသည္ ထင္၍ပင္ ဆိုခြင့္ ျဖစ္ေလေသေလာ....။ သို့မဟုတ္ ပထမဥဳိးစြာကပင္ အေၾကြာင္းမသိ၍ ပညတ္ေတာ္မူခဲ့ခြင့္ျဖစ္ေလသေလာ....ေတာ္ေစာေအာက္ေမ့ဖယ္ျဖစ္ေနပါသည္။

ဘဗၺည္ျပည္တြင္ျဖင့္မသိသည္ကို မေဟာရိုး မွန္ခဲ့ပါလွ်င္ ထိုသိကၡာပုဒ္တို့ကို ျပင္ဆင္နုတ္ပယ္ရန္မလိုပါ။အကယ္တည့္ ျပင္ဆင္နုတ္ပယ္ရန္ လိုအပ္သည့္ မွန္ခဲ့လွ်င္လည္း မသိဘဲ ေဟာရာေရာက္ေနပါသည္။

တစ္ခုမဟုတ္တစ္ခု မွားရာေရာက္ကာ အစ္ဥန္းနစ္ဖက္ ထုတ္ေနေသာ ဤျပႆနာကို ေျဖရွင္းေတာ္မူပါဥဳိးဘုရား’

‘မင္းမြတ္....စကားနစ္ရပ္လုံးပင္ဘုရားေဟာခဲ့တာခ်ည္း ျဖစ္ေပေတာ့။သို့ေသာ္ သိကၡာပုဒ္မ်ားနွင့္ စပ္လ်ဥ္းတဲ့စကား တေတာ့ တပည့္သားျဖစ္တဲ့ ရဟန္းမ်ားအေပၚ စုံစမ္းလို ေသာအားျဖင့္ ဆိုေတာ္မူခြင့္ ျဖစ္ဘယ္။

ငါ၏တပည့္သားသံဃာမ်ားသည္ ငါပရိနိဗၺာန္ျပဳသည့္ အခါခုဒ္ဒါနုံ ခုဒ္ဒက သိကၡာပုဒ္တို့ကို ဆုတ္ယုတ္ေစလတ္ဘုံ့

လော.... သို့မဟုတ် ငါရှိစဉ် ကဲ့သို့ပင် အလေးအမြတ်ပြုကြကုန်အံ့လော....ဆိုတဲ့သဘောမျိုးဖြစ်ပါတယ်။

မင်းမြတ်....နှိုင်းယှဉ်စရာတစ်ခုရှိပေတယ်။

စကြဝဇေးမင်းကြီးဟာ 'အို.... သားတော်တို့ ငါတို့တိုင်းနိုင်ငံသည် ကျယ်ပြောလှစွာ၏။ ဘမုဒ္ဒရာသို့တိုင် ရောက်အပ်သော ဤပြည်ရွာကို အုပ်ချုပ်စိုးစံရခြင်းဟူသည် ဘဝန်ကြီးလေးရ၏။ ထို့ကြောင့် ငါ မရှိတော့သည့်အခါ မြို့ရွာဇနပုဒ်စသည်တို့ကို အသစ်တစ်ဖန် ထပ်မံ၍ မသိမ်းယူကြကုန်လင့်၊ ရရှိသိမ်းယူပြီး ဇနပုဒ်တို့ကိုပင် စွန့်ပစ်ကြကုန်လော့....' ဟူ၍ မှာထား၏။

သို့သော် ထိုမင်းသားတို့သည် ဖခင်စကြဝဇေးမင်းကြီး မရှိတော့သည့်အခါ မှာတော်မူခဲ့သည့်အတိုင်းပင်မြို့ရွာဇနပုဒ်တို့ကို စွန့်လွှတ်ကြကုန်ရာသလော မင်းမြတ်'

'မစွန့်လွှတ်ပါဘုရား၊ ဖခင်ဖြစ်သူ စကြဝဇေးမင်းကြီးထက် ကျယ်ပြန့်စွာသော တိုင်းနိုင်ငံတို့ကိုပင်လို၍တောင့်တကြဦးမည်သာဖြစ်ပါသည်။ ရရှိပြီးမြို့ရွာဇနပုဒ်ကိုကား မည်သည့် နည်းနှင့်မျှ စွန့်လွှတ်ကြမည် မဟုတ်ပါဘုရား'

'မင်းမြတ်....လာခြင်းကောင်းတော်မူသောမြတ်စွာဘုရား သည်လည်းထို့အတူသာ ဖြစ်ပေတယ်။ မိမိ၏ တပည့်သားသံဃာများအပေါ် စုံစမ်းသိလိုသောအားဖြင့် မိန့်တော်မူအပ်ခြင်းသာ ဖြစ်ပေတယ်။

'မင်းမြတ်....စင်စစ်တော့ ဘုရားရှင်၏တပည့်သားသံဃာတော်များသည် သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်း ချုပ်ငြိမ်းလို

သောအားဖြင့် ဘုရားရှင်ပညတ်တော်မူပြီး သိက္ခာပုဒ်များ ထက် ပိုလွန်များပြားလာသည့်တိုင်အောင်ပင် ကောင်းစွာ စောင့်ထိန်းလိုက်နာကြရမည်သာ ဖြစ်ပါတယ်'

'မှန်ပါ....တပည့်တော် သိပ္ပါရစေဦး ဘုရား၊ ခုဒ္ဒါနု ခုဒ္ဒက သိက္ခာပုဒ်ဟူသည့်အဘယ်သိက္ခာပုဒ်များ ဖြစ်အပ်ပါသနည်း ဘုရား'

'မင်းမြတ်... ဒုက္ကဋ်အာပတ်ကို ခုဒ္ဒကသိက္ခာပုဒ်လို့ ခေါ်တယ်။ ဒုဗ္ဘာသိအာပတ်ကို အနုခုဒ္ဒကသိက္ခာပုဒ်လို့ ခေါ်တယ်။ ထိုသိက္ခာပုဒ်နှစ်ခုပေါင်းကိုတော့ ခုဒ္ဒါနုံ ခုဒ္ဒကသိက္ခာပုဒ်လို့ ခေါ်အပ်တယ်။

'မင်းမြတ်....သည်သိက္ခာပုဒ်တွေမှာ ရှေးက မထေရ်ကြီးတွေကိုယ်တိုင်လဲ သုံသယ ဖြစ်ခဲ့ကြပေတယ်။ ဒါကြောင့်လဲ ဘုရားရှင်ညွှန်ပြအပ်သော သိက္ခာပုဒ်ပြဿနာကိုအညီအညွတ် တစ်ပေါင်းတည်း တစ်စုတည်း မပြုခဲ့ကြပေဘူး မင်းမြတ်'

ဘုရားရှင် မဖြေကြားသော ပြဿနာ

'အရှင်ဘုရား.... မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို မှ 'အာနန္ဒာ....ငါဘုရားသည်တရားဟောရာ၌ခြင်း၊ချုံးထိမ်ဝှက် ထားခြင်းမည်သည်မရှိ'ဟု ဟောကြားတော်မူခဲ့ပါသည်။ သို့သော် မာလုက္ကပုတ္တမေးအပ်သော ပြဿနာကိုကား လုံးဝ ဖြေကြားတော်မူခြင်း မရှိခဲ့ပါ။

ထိုသို့ မဖြစ်ခြင်းသည် မသိ၍ပင်မဖြစ်ခြင်းပြုလေသလော၊ သို့မဟုတ် သိလျက်ဖြင့်ပင် ခွင်းချန် ထိမ်ဝှက်ထားခြင်းဖြစ်သလော စသည်မျိုး တွေးတောဖွယ် ဖြစ်နေရပါသည်။ အမျှင်အာနန္ဒာကို ဟောတော်မူအပ်သော စကားနှင့်ဆိုလျှင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။ ဟုတ်ဘိုင်းမှန်ရာကို ဝေဖန်ပိုင်းခြားတော်မူပါဦးဘုရား'

'ဒကာတော်မင်းမြတ်၊ သင်မင်းမြတ် ဆိုအပ်သည့်အတိုင်း ပင် ဘုရား်းသည် ရှင်အာနန္ဒာကို ဟောတော်မူခဲ့တာ မှန်ပေ တယ်။သို့သော်မာလုက္ကျပုတ္တ ဖမ်းခွန်းကို မဖြေသည်မှာကား မသိ၍လည်းမဟုတ်။ခွင်းချန်ထိမ်ဝှက်ထားခြင်းလည်းမဟုတ် ပေတူးမင်းမြတ်။

မင်းမြတ်....ပြဿနာဖြေဘယ်ဆိုတာ သတောအားဖြင့် လေးမျိုးလေးစားရှိပါတယ်။

၁။ တစ်မျိုးတည်းသာ ဖြေရမည့် ပြဿနာ။

၂။ ခွဲခြမ်းစိတ်ပိုင်းပြီး ဖြေရမည့်ပြဿနာ။

၃။ တုံ့ပြန် မေးမြန်းခြင်းအားဖြင့် ဖြေရမည့်ပြဿနာ၊

၄။ လုံးဝ မဖြေသင့်သော ပြဿနာ ဟူ၍

လေးမျိုးလေးစား ရှိပါတယ်။

ဖြေပုံ-ဖြေနည်း

မင်းမြတ်....

၁။ တစ်မျိုးတစ်စား တည်းသာ ဖြေရမည့် ပြဿနာက တော့ (ရုပ်သည် အနှစ်စလော)

၂။ ခဲခြမ်း စိတ်ပိုင်းပြီး ဖြေရမည့် ပြဿနာကတော့ (ရုပ်သည်သာလျှင် အနှိစ်မည်သလော)

၃။ တုံ့ပြန် ဒေးမြှုံးခြင်းအား ဖြင့် ဖြေရမည့် ပြဿနာ မျိုးကတော့ (မည်သို့နည်း၊ စက္ခု၊ ဝိညာဉ်သည် အလုံးစုံကိုပင် သိနိုင်ပေသလော)

၄။ လုံး၀ မဖြေသင့်သော ပြဿနာ မျိုးကတော့ (လောကသည်- မြဲသလော၊ မမြဲသလော၊ အဆုံး ရှိသည် ဖြစ်သလော၊ အဆုံးမရှိသည် ဖြစ်သလော၊ အဆုံးလည်း ရှိသည်၊ အဆုံးလည်း မရှိသည် ဖြစ် သလော။ အဆုံးရှိသည်လည်းမဟုတ် ဖြစ်သလော။ အဆုံးမရှိသည်လည်း မဟုတ် ဖြစ်သလော။အသက် သည်ပင်လျှင် ကိုယ်ဖြစ်သလော။ အသက်ကတခြား ကိုယ်ကတခြား ဖြစ်သလော စတဲ့ ပြဿနာမျိုး ဟာ လုံး၀ မဖြေသင့်-မဖြေဘိုက်သော ပြဿနာမျိုး ဖြစ်ပေတယ်။

မင်းမြတ်...စင်စစ်တော့ မာလုကျပုတ္တရဲ့ ပြဿနာကို ဘုရားရှင် မဖြေတာဟာ မဖြေသင့်လို့ မဖြေတာသာဖြစ်ပါ တယ်။ မဖြေသင့်ဆိုတာကလဲ ဤသို့ ဖြစ်ပေတယ် မင်းမြတ်။ မာလုကျပုတ္တရဲ့ ပြဿနာဟာ အခြေခံအကြောင်းရင်းလဲမရှိ။ ဆက်နွယ် ဆင့်ပွားအပ်တဲ့ အကြောင်းများလဲ မရှိပေဘူး။ ဒါကြောင့်သာ လုံးဝ မဖြေတော်မူခြင်း ဖြစ်ပေတယ်။

မင်းမြတ်....ဘုရားရှင်တို့မည်သည်ကြောင်းကျိုးဆက်စပ်မှု မရှိ၊ အခြေခံ အကြောင်းရင်းမရှိသောပြဿနာကိုအသံတော် အားဖြင့် အထင်အရှား ဖွင့်ဟ ဖြေဆိုခြင်း မရှိပေဘူး မင်းမြတ်'

သေခြင်းကို ကြောက်လန့်မှု

'နာဂသေန အရှင်မြတ်ဘုရား၊ ဘုရားသည် 'သတ္တဝါ အားလုံးပင် ဘေးဒဏ်ကို ထိတ်လန့်သည်။ သေဘေးကို ကြောက်သည်'ဟုဟောတော်မူခဲ့ပါသည်။သို့သော် 'ရဟန္တာ များသည်ကြောက်ရွံ့ထိတ်လန့်ခြင်းအကြောင်းမှလွန်မြောက် ကုန်၏'ဟူ၍လည်း တစ်ဖန် ဟောတော်မူအပ်ပြန်ပါတယ်။

အရှင်ဘုရား.... အဘယ်သို့ပါနည်း၊ ရဟန္တာပုဂ္ဂိုလ်များ သည် ဘေးဒဏ်ကို ထိတ်လန့်ပါသေးသလော-ငရဲတွင် ဒုက္ခ ကြီးစွာ ခံစားနေရသောငရဲသားတို့သည်လည်း သေရမည့် ဘေးကို ကြောက်ကြပါသေးသလော။

အရှင်မြတ်ဘုရား....သတ္တဝါအားလုံးပင်လျှင်သေရမည်ကို

ကြောက်ရွံကြသည်ဟူ၍ ဘုရားရှင်ဟောခဲ့တော်မူခဲ့ရှိုးမှန်ပါက 'ရဟန္တာပုဂ္ဂိုလ်တို့သည် ကြောက်ရွံ့ထိတ်လန့်ခြင်းအပေါင်း မှလွန်မြောက်ကုန်၏' ဆိုသည်မှာ အဘယ်ကြောင့်မလျော်ကန်ရာ ရောက်နေပါတယ်။ အကယ်တည့် ဤစကားစပ်မှန်ခဲ့သည် ဆိုလျှင်လည်း 'သတ္တဝါအားလုံးပင်လျှင် ဒေးဒဏ်ကို ထိတ်လန့်သည်' ဟူသော စကားသည်မဟုတ်မှန်ရာ ရောက်နေပါတယ်။

သို့လော....သို့ဟော ဓတ္ထ.တော ယုံမှားဖွယ်ဖြစ်နေသော ဤပြဿနာကို ရှင်းပြတော်မူပါဦးဘုရား'

'မင်းမြတ်....စကားဆိုသည်မှာ အရာဌာနအားလျော်စွာ ကွဲပြား ခြားနားခြင်းသဘော ရှိပေတယ်။ သတ္တဝါအားလုံး ဆိုပေမယ့် ဘုရားရှင် ရည်ရွယ်တော်မူရင်းက သတ္တဝါဆိုတဲ့ အထဲမှာ ရဟန္တာတွေက ခြင်းချန်လေးအပ်ပြီး ဖြစ်တယ်။

ပင်းမြတ်... အတိုကျဆုံး ဆိုရင် ရဟန္တာ ပုဂ္ဂိုလ်များဟာ ကြောက်ရွံထိတ်လန့်ခြင်းဒုက္ခသမျှကို တစ်စမကျန်ပယ်အပ်ပြီ။ သတ္တဝါဆိုတဲ့ အာမန်လူစကွန့်. အကွာကြီးကွာသွားခဲ့ပြီ။

သတ္တဝါဆိုတဲ့ သာမန် လူတွေမှာတော့ ကိလေသာတွေ အပြည့်အလျှံ ရှိနေသေးတယ်။ မိမိခန္ဓာကိုယ်ကိုပင်ဖြစ်စေ၊ အာရုံခံစားမှုတို့ပင် ဖြစ်စေ၊ တပ်မက်စဲလန်းမှု အပြင်းအထန် ရှိနေတယ်။ ချမ်းသာကြီးမြတ်လို ဒဏ်လွှားတက်ကြွသလို ဆင်းရဲနွမ်းပါးလို နိမ့်ကျအားငယ်ဘာလဲ ရှိပေတယ်။ သည်လိုအားငယ်ချောက်ချားကတ်လိုလဲ အနေအစားဆင်းရဲမှာ၊ ဘေးရန်တစ်စုံတစ်ခုနဲ့. တွေ့ကြုံ ခံစားရမှာကို အငြိမတန်ပဲ

ကြောက်ရွံ့ကြတယ်၊ ထိတ်လန့်တုန်လှုပ်ကြတယ်။

ဒါကြောင့်လဲ သတ္တဝါတို့မြင်သည် ဘေးဒဏ်ကိုထိတ်လန့်တယ်၊ သဘေးကို ကြောက်ကြတယ်လို့ ဘုရားရှင်က ဟောတော်မူခဲ့ခြင်း ဖြစ်ပေတယ်။

မင်းမြတ်....ရဟန္တာ ပုဂ္ဂိုလ်များကျတော့ သည်လိုမဟုတ်တော့ဘူး။ရဟန္တာဆိုကာဘဝလမ်းကြောင်း(ဘဝဖြစ်စေမှု)အားလုံးကို ဖြတ်တောက်ပြီးပြီ၊ ပဋိသန္ဓေနေမှုကို ဖျက်ဆီးပြီးပြီ၊ကိလေသာ၏ ထုတ်-ယောက်-ဒိုင်း-မြား အားလုံးကို ချိုးဖျက်ပြီးပြီ၊ ဘယ်စည်းစိမ် ချမ်းသာကိုမှလဲ မမက်မောတော့ဘူး။ပြုပြင်မှု သင်္ခါရတရားမှန်သမျှလဲ ဘာမှမရှိတော့ဘူး။

ကုသိုလ်၊အကုသိုလ်၊ အဝိဇ္ဇာ၊ ပဋိသန္ဓေမျိုးစေ.... ဒါဇတ္တလဲ ဘာမှမရှိတော့ဘူး။လောကဓာတုကိုလဲ ဘယ်လိုမှမချောက်ချားတော့ဘူး။သည်ဇာတ် ရဟန္တာပုဂ္ဂိုလ်များမှာ ထိတ်လန့်ကြောက်ရွံ့မှုလို့ ဘာမှမရှိတော့ဘူး။

ဒါကြောင့်လဲသတ္တဝါအားလုံးဆိုတဲ့စကားထဲမှာရဟန္တာပုဂ္ဂိုလ်များ မပါဝင်ဘူး။ ရဟန္တာများကိုပါ ထည့်သွင်းခြုံလှမ်းပြောတာ မဟုတ်ပေဘူး မင်းမြတ်'

'မှန်ပါ....အရှင်ဘုရားစကားကို တပည့်တော် မဆန့်ကျင်ပါဘူး ဘုရား။ သို့သော် သတ္တဝါအားလုံး ဆိုတာကဇာတ်အများနဲ့ ဆက်စပ်အကျုံးဝင်နေတာမို့ တပည့်တော်ယုံမှားကင်းကာ ခိုင်ကျည် လေးနက်စွာ ယူမှတ်နိုင်လောက်အောင် အကြောင်းစပ်လျဉ်းတော်မူပါဦးဘုရား'

'ကောင်းပြီ မင်းမြတ်၊ ရှာသူကြီးတစ်ဦးဟာ သူ့ရဲ့လက်ပါးစေဖြစ်သူကို 'အား‌လုံး ရှာသားတွေ ငါ့ဆီကို တစ်ယောက်မက်ကျန်လာစေရမယ်လို့ လျှောက်ဆင့်စမ်းကွာ'လို့ခိုင်းလိုက်တယ်။ လက်ဖဲါးစေဖြစ်သူကလဲ သူကြီးဆင်ခိုင်းတဲ့အတိုင်းပဲ တစ်ရှာလုံးသိကြရအောင် သူကြီးက ဆင့်ခိုင်းတဲ့အကြောင်း လျှောက်ခဲ့တယ်။

ရှာသားတွေ ရောက်လာတဲ့ အခါဟျောတော့ သူကြီးက သူ့ပြောစရာရှိတာ ပြောတယ်၊ ခိုင်းစရာရှိတာ ခိုင်းတယ်။ သည်လို သူ လိုအပ်တာတွေ ပြောပြတဲ့အခါမှာ သူကြီးက ခုရောက်လာကြတာဟာ ငါ့ရှာသားတွေအကုန်ပဲလို့ သိနားလည်ထားတယ်၊ ဒါကြောင့်လဲ သူပြောစရာရှိတာကို ပြောပြတာပဲ။

စင်စစ်ကတော့ရှာသူကြီးအိမ်ရောက်လာတာဟာရှာသားအားလုံး ဘယ်ဟုတ်မလဲ၊ အိမ်ထောင်စုံးစီး ယောကျ်ားတွေလောက်သာ စာစ်အိုဒ်တစ်ယောက် ရောက်လာကြတာ ဖြစ်တယ်။ကလေးတွေ၊အဘိုးအို၊အမယ်အို တွေကတော့အိမ်မှာပဲကျန်ရစ်ခဲ့ကြရာပေါ့။သို့သော်သူတို့ကတော့ဒီလိုကျန်ရစ်ခဲ့ကြလို့၊ မပါလာလို့ ရှာသူကြီးကလဲ 'ဘယ့်နှယ်.... ငါ့ရှာသားတွေအကုန်လုံးလဲမဟုတ်ပါလား'လို့ မဆေ့ကတ်မဲ့ဘူး။ သူတို့တွေ(အဘိုးအို၊အမယ်အို၊ကလေး)ကို ရှာသားစာရင်းထဲမထည့်ဘူး။

မြတ်ဒုဘုရား သုံးနှုန်းတော်မူအပ်တဲ့သတ္တဝါဒေဘဆိုတာကလဲ သည်အတိုင်းပင်ဖြစ်ပေတယ် မင်းမြတ်။ဒေါဟာရနည်း

အားဖြင့်သာ အားလုံး လွှမ်းခြုံပေါင်းရုံး ဆိုလိုက်ပေမယ့် ဒီအထဲမှာ လောကမှလွှန်မြောက်တော်မူကြပြီးဖြစ်တဲ့ရဟန္တာ ပုဂ္ဂိုလ်များ ထည့်သွင်းပါဝင်ခြင်းမရှိ ဖြစ်ပေတယ်။

မင်းမြတ်၊စကားပြောဟာမှဆိုတာဦးစွာကြိုတင်ဆိုညွှန်းခဲ့ပြီးအတိုင်း အကြောင်းအားလျှော်စွာ၊ အဆုဌာနအားလျှော်စွာ ကဲ့ပြား ခြားနားမှုများ စင်စစ် ရှိပေတယ်။ မင်းမြတ်....လောကမှာ စကား ဆိုနည်း လေးမျိုးရှိတယ်။

စကားလေးမျိုး

၁။ သဒ္ဒါလည်းကျန်၊ အနက် အဓိပ္ပာယ်လည်း ကျန်သော စကား။

၂။ သဒ္ဒါသာကျန်၍ အနက် အဓိပ္ပာယ် မကျန်သော စကား။

၃။ အနက် အဓိပ္ပာယ်သာ ကျန်၍ သဒ္ဒါ မကျန်သော စကား။

၄။ သဒ္ဒါလည်းမကျန် အနက်အဓိပ္ပာယ်လည်း မကျန်သော စကား။

မင်းမြတ်... ဤသို့လျှင်အကြောင်းအားလျှော်စွာလေးမျိုး လေးစား ကဲ့ပြားခြားနားနေရာ၌ ထိုစကားများ၏ အနက် အဓိပ္ပာယ်ကိုလည်း အကြောင်းငါးမျိုးဖြင့် ညှိနှိုင်းကောက်ယူ အပ်ပေတယ်။

စကား၏ အနက်အဓိပ္ပာယ် ငါးမျိုး

၁။ ဘုရားဟောဖြစ်ခြင်း (အာဟာစ္စ)
၂။ ပါဠိတော်နှင့်လျော်ကန်ခြင်း(ရသ)
၃။ အဋ္ဌကထာနှင့် ညီညွတ်ခြင်း (အာစရိယဝံသ)
၄။ မိမိ၏ယုံကြည်ယူဆမှု(အာဒိပ္ပာယဖရန)
၅။ အကြောင်းလေးပါးနှင့် ညီညွတ်ခြင်း ကာယကုတ္ထရိ ယတာယ)

'မင်းမြတ်....မည်သည့်စကား၊မည်သည့်နည်းဖြင့်ပြောဆို အပ်သည်ဖြစ်စေ၊ဤအဓိကြောင်းအချက် ငါးမျိုးဖြင့် ညှိနှိုင်း ဝေဖန်၍သာလျှင် အကျိုးသက်ရောက်ပေါ်လွင်မှု (အနက် အဓိပ္ပာယ်)ကို ကောက်ယူ ဆုံးဖြတ်ရပေတယ်"

'မှန်ပါ....အရှင်ဘုရားအဆို အမိန့်တော်က အလွန်ပဲလေး နက်ကျယ်ပြန့်လှပါတယ်။ ဒီတော့ ရဟန္တာတော်ကိုတော့အရှင် ဘုရား အဆိုအမိန့်အတိုင်းပင် ရှိပါစေတော့ဘုရား၊ ဒီ့ပြင် သတ္တဝါတွေ ကြောက်တတ် လန့်တတ်တယ် ဆိုတာဟာလဲ တပည့်တော်အထူးအထေ့ မဆိုတော့ပါဘုး။

သို့သော် ငရဲသားတွေကျတော့ ချမ်းသာဟူသည် မြူခြည် မရှိ၊ အချိန်တိုင်းမှာပင်လျှင် ဆင်းရဲခြင်းကြီးစွာ၊ပင်ပန်းခြင်း ကြီးစွာ တွေ့ကြုံခံစားနေကြရပါတယ်။ ပူလောင် ပြင်းပြစွာ သော မီးလျှံအတွင်းမှာ အဖန်တလဲလဲနစ်မြုပ် နေကြရပါ တယ်။ အဲဒီငရဲသားတွေကော သေရမှာကို ကြောက်ပါသေး သလားဘုရား'

'မှန်တယ်မင်းမြတ်၊ငရဲသားတွေလဲ သေရမှာ ကြောက်ကြပါသေးတယ်'

'အရှင်ဘုရား၊ငရဲသား သေရမှာကြောက်သည် ဆိုခြင်းသည် မည်သို့မျှ ယုတ်မိတန်နိုင်ပါ။အချိန်နှင့်အမျှ ဒုက္ခခံစားနေရသူက သေရမှာကြောက်ထိုက်ပါသေးသလား ဘုရား။ စင်စစ်မှာ သေခြင်းသည် ငရဲသားများအဖို့ ဒုက္ခမှကင်းလွတ်ရာသာ မဟုတ်ပါလား ဘုရား'

'မင်းမြတ်....သေရခြင်းအား ဖြင့် ဒုက္ခမှလွတ်သည်, မလွတ်သည်ကို အပယ်ထား၍ ငရဲသားများအဖို့ ကြောက်ခြင်းကို မပယ်နိုင်ဖြစ်တယ်။သေရခြင်းနှင့် ကြောက်ခြင်းသည် ယှဉ်တွဲဆက်စပ်နေအပ်ပေတယ်'

'အရှင်မြတ်ဘုရား....ဤစကားကိုတပည့်တော် မယုံကြည်နိုင်ပါ။ စုတေမနေ သေလွန်သောအား ဖြင့် ငရဲပြည်မှ လွတ်မြောက်ခွင့်ကို ရနိုင်အပ်သောငရဲသားတို့သည် သေရမည်ကို ကြောက်ရွံ့နေကြသည်ဆိုခြင်းမှာ ဟာသရသအရာ ရယ်စရာအဖြစ်သို့ပင် သက်ဝင် ရောက်ရှိနေပါသည်ဘုရား'

'မင်းမြတ်....အရိယာသစ္စာ(သစ္စာလေးပါး)ကိုမသိသော သူမှန်သမျှ သေရမည်ကိုကြောက်လန့်ကြသည်ချည်းပင်ဖြစ်ပေ ပေတယ်။မင်းမြတ်... လူတစ်ယောက်ဟာ မြွေဓပ္ပးခြင်းဟာကိုကြောက်တယ်ဆိုပါတော့၊ဒီကဲ့သို့ ကြောက်ခြင်းဟာ စင်စစ် ကာဒတော့ သေရမည်ကို ကြောက်ခြင်းပင်ဖြစ်တယ်။ ဒုမြွကိုက် ခံရရုံင် သေဒတော့မှာပဲဆိုတဲ့ အသိနဲ့ကြောက်ခဲ့တိတ်လန့်ခြင်း ဖြစ်တယ်။

မြင်းဖုအိုင်းအမာ အစဲရှိတဲ့ အနာမျိုး ပေါက်အပ်သူလဲထို့အတူပဲမင်းမြတ်၊ အနာကြီးပေါက်နေလို့အင်မတန်ကိုက်ခဲနာကျင်နေတယ်။ဆင်းရဲပင်ပန်းနေတယ်။ ဆေးသမားဖြစ်သူကဒီမြင်းဖုအိုင်းအမာကြီးကိုပျောက်ကင်းသွားအောင်ကုသ, တဲ့အခါမှာ သူ ကုသဒပးအပ်တဲ့ အဘိုင်း ဒီအနာကြီးပျောက်ကင်း စက်ဝင်သွားရင်ဖြင့် ကောင်းမှန်ချမ်းသာစွာ နေ့ရတောမှာပဲလို့ အနာပေါက်သူ (ဆေးကုခံသူ)က သိနားလည်နေတယ်။

သို့သော် ဆေးသမားဖြစ်သူက မြင်းဖုအိုင်းအမာကြီးကိုဓားနဲ့ခွဲစားဆေးတင်တဲ့အခါမတောဖြင့်အနာပေါက်သူဟာထိုသို့ အပြုခံရ(ကုသပေးခြင်း)တာကို အင်မတန်ကြောက်ပေတာပဲ မဟုတ်လား'

'မှန်ပါ....ကြောက်ပါဘယ် ဘုရား'

'ငရဲသားတွေဟာလဲ ဒီအဘိုင်းပဲ မင်းမြတ်၊ ငရဲကလူတ်မျင်ပေမယ့် ငရဲရမှာကိုတော့ ကြောက်ကြသေးတာပဲ'

'မှန်ပါ.... ယခုထက် သိသာဖအောင် စွမ်းဆောင်တော်မူပါဦး ဘုရား'

'ကောင်းပြီ မင်းမြတ်၊ လူတစ်ယောက်ဟာ ပြစ်မှုတစ်ခုကျူးလွန်လို့နှောင်အိမ်တစ်ခုထဲမှာ ထည့်သွင်း ချုပ်နှောင်ထားခြင်းခံရတယ်။ အစားရော၊ အဇနခရော အင်မတန်ဒုက္ခရောက်နေတယ်။ သို့သော် နှောင်အိမ်မှ လွတ်ပေးဖို့အတွက် မင်းမှုထမ်းဖြစ်သူကသူ့ထံကို ရောက်လာတဲ့အခါမတော့ ထိုမင်းမှုထမ်းဖြစ်သူကို ကြောက်လန့်သေးတာပဲ မဟုတ်လား'

'မှန်ပါ....ကြောက်လန့်ပါသေးတယ်ဘုရား'

'ကောင်းပြီမင်းမြတ်၊ နောက်တစ်ခုဆင်ခြင်ကြည့်ပဲ့ဦး။ လူတစ်ယောက်ဟာ မြွေကိုက်ခံရတယ်၊ ဒီတော့ ဆေးသမား ဖြစ်သူကကိုက်သွားတဲ့မြွေကိုသူ၏အတတ်ပညာနဲ့ပြန်ခေါ်ပြီး အဆိပ်ကိုပြန်စုပ်ခိုင်းတယ်။ မြွေကိုက်ခံရသူဟာ ထိုကဲ့သို့အဆိပ်ကို ပြန်စုပ်ယူခြင်းအား ဖြင့် အသက်ချမ်းသာရာရမယ်ဆိုတာကို သိတယ်။ သို့သော်ကိုက်သွားတဲ့မြွေကို ပြန်တွေ့ရတဲ့အခါကြောက်လန့်သေးတာပဲမဟုတ်လား'

'မှန်ပါ....ကြောက်ပါသေးတယ် ဘုရား'

'မင်းမြတ်....ငရဲသားတွေလဲ ထို့အတူသာ ဖြစ်ပေတယ်။ ငရဲက လွတ်ချင်တာတွေ့ မှန်တယ်။ သို့သော် အားလုံးသတ္တဝါမျှားနည်းဟူ သေရမှာကိုတွေ့ စင်စစ်ကြောက်လန့်ကြသေးတာပဲ'

'မှန်ပါ....ကောင်းမြတ်လုပါသည်ဘုရား'

အသက်ဘေးနှင့် ပရိတ်တော်တန်ခိုး

''အရှင်ဘုရား....'သေခြင်းတရားမည်သည် မည်သည့်နေရာတွင်မျှ မလွှဲဘဲ၊ ကောင်းခါင်းထဲတွင်ပုန်းအောင်းနေသည်ဖြစ်စေ၊ သမုဒ္ဒရာထဲသို့ ဆင်းနေသည်ဖြစ်စေ သေရခြင်းကိုကား မည်သို့မျှ မရှောင်ကွင်းနိုင်'ဟု ဘုရားရှင်ဟောခဲ့တော်မူခဲ့ပါသည်'

သို့သော်ရဟန္တာသုတ်၊ မေတ္တာသုတ်၊ ဓနုသုတ်ဆိုသည့်ပရိတ်တော်များကို ရွတ်ဆိုပွားများခြင်းအားဖြင့် ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးပယောက်ဇစသည်ဟူ၍ လည်းဟောတော်မူပြန်ပါသည်။

အရှင်မြတ်ဘုရား၊ ဒေသခြင်းတရားကိုမည်သူမျှဝန့်ကွင်းချိမရ ဆိုသည်မှန်ပါက ပရိတ်တော်ကြောင့် ဘေးကင်းလွတ်၏ဆိုသော စကားမှားပါလိမ့်မည်။ အကယ်တည့် ထို့စကားမှန်ပေသည် ဆိုခဲ့လျှင်လည်း သေခြင်းတရားကိုရှောင်ကွင်း၍ မရဆိုသည်မှာ မှားပါလိမ့်မည်။

နက်နဲသည်နှင့်အမျှ ရှုပ်လည်းရှုပ်ထွေးစွာသော အစွန်းနှစ်ဖက်ထွက်နေသောကြုပြဿနာအတွက် အရှင်မြတ်၏အမှန်တရားရိပ်မြုံတွင် ခိုလှုံခွင့်ပေးတော်မူပါဦးဘုရား'

'ဒကာတော်မင်းကြီး၊ အဆိုအမိန့် နှစ်ဌပ်လုံးပင်လျှင် ဘုရားရှင် ထုတ်ဖော်ဆိုညွှန်းခဲ့တာမှန်ပါတယ်။ ပရိတ်တော်များ' အသက်အန္တရာယ်ကင်းပျောက်စေတယ်ဆိုတာက ဒီလိုပါ။အသက်ကြင်းကလဲ ကျန်ရှိသေးတယ်။အရှယ်ကလဲရှိသေးတယ်။အင်မတန်ကြီးမားတဲ့ အကုသိုလ်ကံများကလဲကင်းစင်တယ်ဆိုသူတွေမှာ ပရိတ်တော်ရဲ့ တန်ခိုးဟာ အကျိုးသက်ရောက်စေပါတယ်။

မင်းကြီး-သေပြီးသောသစ်ပင်ကိုရေအိုးပေါင်းကန်ထောင်လောင်းငြားသော်လဲ အသစ်တစ်ဖန်ပြန်၍မရှင်လာနိုင်သကဲ့သို့ကံအားလျော်စွာအသက်ကုန်ပြီးသူတွေ၊ကုန်ရမယ့်သူတွေ

'ကျတော့လဲ ပရိတ်တော်ကြောင့် အကျိုးမသက်ရောက်နိုင်ဖြစ်ပေတယ်။ ဆေးကြောင့်လဲအသက်မရှင်နိုင်ဖြစ်ပေတယ်။

'မင်းကြီး....လောကမှာ ဆေးအပေါင်းမြောက်မြားစွာရှိနေတာပဲ။ ဆေးနည်းပေါင်း မြောက်မြားစွာလဲ ရှိနေပေဟဲ့ ဆိုသော် သည်ဆေးပေါင်းမြောက်မြားစွာဟာ အသက်ကုန်ဝါနီး လူတွေအားလုံး မဟုတ်ဘူး၊ အသက်ကုန်ရောမယ့် လူစွမ်းအားတွက် မဟုတ်ဘူး။

ထို့အတူပဲ ပရိတ်ဓာတ်ရဲ့တန်ခိုးအာနိသင်ဆိုတာလဲ အသက်ကြွင်းတာလဲ ကျန်ရှိသေးတယ်၊ အရွယ်ကလဲရှိသေးတယ်၊ အကုသိုလ်ကံကလဲ မကြီးမားဘူး ဆိုသူမျှားအားဖြင့် ဖြစ်ရတဲ့အတွက် ဖြစ်နိုင်စွမ်းပါတယ်။ ဒါကြောင့်လဲဘုရားရှင်က ထုတ်ဖော်ဆိုညွှန်းခဲ့ခြင်း ဖြစ်ပါတယ်။

မင်းကြီး.... အကြင် လယ်သမားတစ်ဦးဟာ စပါးတွေကောင်းစွာရင့်မှည့်လို့ အားလုံးရိတ်သိမ်းပြီးတဲ့အခါ အဲဒီလယ်မြေကို ရေးပေးသွင်းဖို့ လိုအပ်ပါဦးမလား'

'မှန်ပါ.... မလိုအပ်ဖတဲ့ပါဘုရား၊ အကယ်၍ ကောက်ပင်ကလဲ နူသေးတယ်၊ ရေကလဲ လိုတယ်ဆိုရင်သာရေသွင်းပေးဖို့ လိုပါလိမ့်မယ်ဘုရား'

'ကံအားလျော်စွာအသက်ကုန်ရသူတွေအတွက်လဲထို့အတူပေပဲ မင်းကြီး။ ဆေးကလို့၊ ပရိတ်ရွတ်လို့ အကြောင်းမထူးဘဲဘူး၊ အသက်တမ်းကလဲ ကြွင်းကျန်သေးတယ်။ အရွယ်ကလဲကောင်းသေးတယ်၊ အကုသိုလ်ကံကလဲမရှိဘူးဆိုသူတွေ

အတွက်သာပရိဟ်ာရ်ဆုတ်လို့၊ ဆေးကုလို့ အကျိုးသက်ရောက်နိုင်စေတယ်''

'အရှင်ဘုရား....ဒေသထိုက်လို့ ဒေသပေါ့။ ရှင်ထိုက်လို့ရှင်တယ်ဆိုရင်လဲ အသက်ဟာ ပရာနုမို့၊ ဆေးကုဖို့ပရိဟ်ာရ်ဆုဖို့ မလိုတော့ဘူး မဟုတ်ပါလားဘုရား'

'သည်လိုလဲ မဟုတ်ပေဘူးမင်းကြီး၊ ဆေးကုလို့ အသက်ချမ်းသာရာရတာ၊ အနာရောဂါပျောက်ကင်းတာကို မင်းကြီး နှိုးနှိုးစပ်စပ် တွေ့ဖူးပါသလား'

'မှန်ပါ တပည့်တော်တွေ့မြင်ဖူးပါသည်ဘုရား'

'သို့ဆိုလျှင် ဆေးကုဖို့ ပရိတ်ရတ်ဖို့ မလိုဘူးဆိုတာ မမှားပေဘူးလားမင်းကြီး'

'မှန်ပါ.... ယမော်တော်တွေကိုသလို့ ပျောက်ကင်းချမ်းသာတာကို ကိုယ်တွေ့မျက်မြင် ဖြစ်ပါသည်ဘုရား'

'မင်းကြီး....ပရိတ်ရတ်တယ်ဆိုတာလဲ ရတ်သူတို့၏အသံကို အာဆင်အရှားကြားနေရတယ်၊ လျှာခြောက်တဲ့ယ်၊ ရင်အောင့်တယ်၊ လည်ချောင်းနာတယ်၊ အဲဒါတွေဟာလဲ လက်တွေ့မျက်မြင်ပဲ မဟုတ်လား။ ပြီးတော့ သည်လို ရတ်ဖတ်ပုဒ်းမျာ်းမှ ကြောင့်ပင် ဘေးအန္တရာယ်ပျောက်ကင်းရတယ်မဟုတ်လား။

'မြတ်သောမင်းကြီး.... မြေကိုက်ခံရသူမျာ်းကို ဂါထာမန္တရာ်းနည်းအာ်းဖြင့် ဓမ္မဆိပ်ကျစေတာ၊ ဝမ်းလျှောစေတာ၊ အန်စေတာမျာ်းကို မင်းကြီး တွေ့ဖူးပါသလား'

'မှန်ပါ....ယနေ့ ထက်တိုင်အောင်ပင် ဒေ မြင်ကြားသိနေရပါသည်ဘုရား'

'သို့ဆိုလျှင် ဆေးကုဖို့၊ ပရိတ်ရွတ်ဖို့ မငဲ့ဘူးဆိုတဲ့စကား ဟာအင်မတန်မှားပေတယ်မင်းကြီး။ စင်စစ်တော့ပရိတ်တော်နဲ့ အကာအကွယ် အရံအတား လုပ်ထားတဲ့အခါ ကိုက်မယ့် ဆဲဆဲ မြွေကလဲ မကိုက်ဝံ့တော့ဘူး၊ ရိုက်ဖို့ခုတ်ဖို့ လာတဲ့ ရန်သူကလဲမရိုက်ဖြစ်၊ မခုတ်ဖြစ်တော့ဘူး။ ကိုယ့်လက်ထဲက လက်နက်ကိုပင်လျှင် စွန့်ပစ်ပြီး ရန်သူအဖြစ်ကနေ မိတ်ဆွေအဖြစ်ကို ပြောင်းလဲသွားပါတယ်။ အမျက်ဒေါသနဲ့ ထိုးသတ်နင်းချေရအောင် ပြုးလာတဲ့ ဆင်ပြောင်ကြီးဟာလဲ လွှတ်ရာကိုရှောင်ကွင်းသွားတတ်ကြပါတယ်။

အရှိန်အဟုန်ပြင်းထန်ကြီးမားလှတဲ့ မီးပုံကြီးမျှားဟာလဲ အနားရောက်တဲ့အခါ ငြိမ်းအေးသွားရပါတယ်။ ချက်ချင်း သေစေတက်တဲ့အဆိပ်ဟာလဲ ကောင်းစွာသော ဆေးဝါးအစာအာဟာရအဖြစ် ပြောင်းလဲ သွားရပါတယ်။ သတ်ရအောင် လာသူပင်ဖြစ်စေ၊ မသတ်ဖြစ်ရုံမကပါဘူး၊ လက်အောက်အစေအပါးအဖြစ် ကျိုးနွံပိပြား သွားရပါသည်။ ကျေဉ့ကွင်းကို နင်းမိသည့်တိုင်အောင်ပင် ချည်နှောင်ပတ်ဖွဲ့ခြင်းမရှိ ဖြစ်ရပါတယ်။

မင်းကြီး....နေ့စဉ် အိပ်တန်းအတဲက်အဆင်းမှာ မောရသုတ် ပရိတ်တော်ကို မပြတ်တမ်းရွတ်ဆိုလာခဲ့တဲ့ ဥဒေါင်းမဲင်းဟာ နှစ်ပေါင်းခုနစ်ရာတိုင်တိုင်မုဆိုးရဲ့ ကျေဉ့ကွင်းမှာ မမိခဲ့ဘူး။ ဥဒေါင်းပျိုမ, လေးကြောင့် ပရိတ်မရွတ်တဲ့နေ့

ကျမှပဲ မုဆိုးရဲ့ ကျော့ကွင်းမှာ မိခဲ့ရတယ်ဆိုတာကို သင်မင်းကြီး ကြားသိပြီး မဟုတ်လား'

'မှန်ပါ....လူ့ပြည်နတ်ပြည်အား လုံးပင် ကျော်စောပျံ့နှံ့လှပါသည်ဘုရား'

'မင်းကြီး... သို့ဆိုလျှင် ပရိတ်ရွတ်ခြင်း၊ ဆေးကုခြင်းဖြင့် အကျိုးမရှိဟူသောမင်းကြီး၏စကားသည် မှားနေပြီ၊ မင်းကြီး ဒါနဝဘီလူးဟာ မယားဖြစ်သူကို ချစ်လွန်းလို့ ပခြုပ်ထဲထည့်ပြီး အာခံတွင်းမှာ ငုံထားတယ်။ဝိဇ္ဇာခိုရဲ့ တစ်ဦးက အာခံတွင်းထဲဝင်ပြီး ပေါင်းဖော်တဲယ်။ ဒါနဝဘီလူးသိလို့ ပခြုပ်ကို ထွေးထုတ်လိုက်တဲ့အခါ ဝိဇ္ဇာခိုရဲဟာ ဖြုန်းကနဲ လွတ်ထွက်သွားတယ်။

သည့်ပြင်ဝိဇ္ဇာခိုရဲတစ်ဦးလဲသည်လိုပဲ၊နန်းဓတ်ထဲဝင်ပြီး မိဖုရားနဲ့ပေါင်းဖော်လို့ အဖမ်းခံရတယ်။ သို့သော် မန္တန်တန်ခိုးနဲ့ခွာချက်ချင်းလွတ်မြောက်သွားတယ်။ဒါကိုလဲမင်းကြီးသိပြီး သားမဟုတ်လား'

'မှန်ပါ....တပည့်တော် သိရဖူးပါတယ်ဘုရား'

'ကောင်းပြီ မင်းကြီး.... သည်နေရာမျိုးတွေမှာတောင် ဂါထာမန္တရားအတတ်၊ဂါထာမန္တရားရဲ့အစွမ်းအာနိသင်ဟာ သည်လောက်ထက်မြက်စူးရှနေခဲ့ရင် မြို့မြတ်စင်ကြယ်သော အပြုအမူ အရာဌာနမျိုးမှာ ဘုရားရှင်ရဲ့ ဂါထာမန္တန်ဖြစ်ဘဲ့ ပရိတ်တော်တွေဟာ ဘယ့်လောက်များ၊ဘယ်လိုများအစွမ်းအာနိသင်ထက်မြက်ကြီးမား မယ်ဆိုတာ အထူး ပြောစရာတောင် မလိုအပ်တော့ပေဘူး မင်းကြီး'

'မှန်ပါ.... တပည့်တော်သိချင်ပါသေးသည်။ပရိတ်တော်သည် လူတိုင်းကိုပင် ကာကွယ်စောင့်ရှောက်အုပ်ပါသလား ဘုရား'

'လူတိုင်းကိုတော့ မဆိုနိုင်ပေဘူးမင်းကြီး'

'အရှင်ဘုရား....ဤသို့ဆိုလျှင် ပရိတ်တော်၏ အစွမ်းအာနိသင်သည် အလေးအနက် မပုံ့နှံ့ရာရောက်နေပါသလော'

'ကောင်းပြီ မင်းကြီး၊ အစာ အာဟာရသည် လူတို့၏ အသက်သခင် မဟုတ်ပါလော'

'ဟုတ်ပါသည်ဘုရား'

'ကောင်းပြီမင်းကြီး။တို့အသက်သခင်ဖြစ်သော အစာ အာဟာရသည့် လူတိုင်းကိုကောင်းကျိုး ပြုအုပ်ပါသလား၊ အစားလှန်၍မသင့်မြတ်၍ ကောင်းကျိုးမျက်ပြားတတ်သည် များကော မရှိပေဘူးလား'

'ရှိပါသည်ဘုရား'

'သို့ဆိုလျှင်.... အစာ အာဟာရသည် လူတိုင်းအတွက် ကောင်းကျိုးမပြုဟုဆိုနိုင်ပါသလော မင်းကြီး'

'ဤသို့လည်း မဟုတ်ပါဘုရား'

'ဘာကြောင့်ပါလဲ မင်းကြီး'

'မှန်ပါ....အချို့ကာလိုအပ်သည်ထက်ပိုလွန်ပြီး၊စားတတ်ကြပါသည်။အချို့ကလည်းစားစရာမှန်သမျှကိုပင် အချိန်နှင့်အမျှ စားကြပါသည်။အချို့ကလည်း မိမိနှင့်မသင့်မြတ်မှန်းသိလျက်အရသာကိုတပ်မက်ပြီးမဆင်မခြင် စားကြပါသည်။ အစားစုံလွန်းသောကြောင့်လည်းကောင်း၊သင့်မြတ်သော

ကြောင့်လည်းကောင်း၊ဝမ်းမီးပျက်ကာ ဆရာ့ဂါဝေဒနာပင်
ဖြစ်ကြရပါသည် ဘုရား'

'မှန်ပေတယ်မင်းမြတ်....ပရိတ်တော်သည်လည်းထို့အတူ
ပင်ဖြစ်ပေတယ်။ ဘေးအန္တရာယ်ခပ်သိမ်းကို ကင်းငြိမ်းပ
ပျောက်စေနိုင်သော်ငြားလဲ လူတို့ိင်းမဆုံး အားလုံးအတွက်
တော့ မဟုတ်ပေဘူး။

၁။ မယုံကြည်သူ

၂။ အကုသိုလ်ကံကြီးလွန်းသူ

၃။ အယူဝါဒ(ဘုရားမဲ့၊ တရားမဲ့၊ သံဃာမဲ့)မှားယွင်း
နေသူ၊သည်လိုလူမျိုးအတွက်တော့ပရိတ်တော်ရဲ့အကျိုးအာ
နိသင်မသက်ရောက် မစူးရှနိုင်ဘူး။အကာအကွယ်အုံအတား
မဖြစ်နိုင်ဘူး။ သဘောကတော့ ဆိုးဘုံမ်းမိုက်မဲလွန်းတဲ့သား
ဖြစ်သူကို အစိုးရမင်းမျိုးက အပြစ်ဒဏ်ပေးတဲ့အခါမိခင်ဖြစ်
သူမှာဘာမှမတတ်နိုင်ဘဲသူ့ မိုက်ပြစ်နဲ့သူခံရပေတာပဲလို့ လက်
လွှတ်ဆားရသလို ဖြစ်တယ်။

'သည်လိုမဟုတ်လို့ တကယ်ဘမ်းယုံယုံကြည်ကြည်ရွတ်ဆို
ပူဇာမျိုးသူမျိုးကိုတော့ ပရိတ်တော်ဟာ အဖလေးအနက်
ကောင်းကျိုးပြုပါတယ်။အရာရာကိုပဲငြိမ်းအေးချမ်းမြေ့စေ
ပါတယ်။မိမိကိုယ်တိုင်ကလဲ ကိုယ်ကျင့်တရား ကောင်းတယ်၊
ပရိတ်တော်ကိုလဲ အလေးအနက် ရွတ်ဆိုပူဇာမျိုးတယ်ဆိုရုံ
သင့်မြတ်ကောင်းမွန်စွာသော အစာအဟာရကို စည်းကမ်း
တကျသုံးဆောင်မှီဝဲရသလိုပါပဲ။လူကိုလဲ ကျန်းမာစေတယ်။
စိတ်ကိုလဲ ချမ်းသာစေပါတယ်။ဘေးရန်အပေါင်းကင်းဝေး

တာနဲ့ အမျှ အေးငြိမ်းချမ်းမြေ့ခြင်းနဲ့လဲ တဲကယ်တမ်းပြည့်စုံစေနိုင်ပါတယ်။

ဒါ့ကြောင့်လဲဘုရားရှင်ကပရိတ်တော်များနဲ့ စပ်လျဉ်းပြီး ထုတ်ဖော်ညွှန်ကြားခဲ့ခြင်း ဖြစ်ပါတယ်။

အဘယ်သို့ပါလဲမင်းကြီး၊ မင်းကြီးဆိုခဲ့ရင်းဖြစ်တဲ့အစွန်း နှစ်ဖက် ကျန်ရှိပါသေးသလား'

'မှန်ပါ....စိုးစဉ်းမျှ မကျန်ရှိစေတော့ပါဘူး၊ တပည့်တော်၏ သံသယနှယ်ပင်ကို ယခုကဲ့သို့ ခုတ်ထွင် ရှင်းလင်းပေးတော်မူခြင်းအတွက် အရှင်မြတ်အား အနှိုင်းအဆမရှိ ကျေးဇူးတင်လှပါသည် ဘုရား'

ဘုရားရှင်နှင့်လာဘ်လာဘအန္တရာယ်

'နာဂသေန အရှင်မြတ်ဘုရား၊ ဘုရားရှင်သည် လာဘ်လာဘ အလွန်ပေါများသည်။ရလွယ်သည်ဟု အရှင်ဘုရားတို့ မိန့်တော်မူကြပါကုန်သည်။ သို့သော် ပဉ္စသာလပုဏ္ဏားရှာသို့ ဘုရားရှင် ဆွမ်းခံကြတော်မူသောအခါတွင် ဆွမ်းတစေ့မျှပင် ရရှိတော်မမူဘဲ သပိတ်ချည်းသက်သက်ဖြင့်သာ ပြန်လာခဲ့ရသည်ဟူ၍လည်း အရှင်ဘုရားတို့ပင်မိန့်တော်မူကြပြန်ပါသည်။

ရှေ့နောက်မလျော်ကန် သံသယရှိစရာ ဖြစ်နေပြန်သော ဤပြဿနာကိုလည်း ဝေဖန်ပိုင်းခြားပေးတော်မူပါဦးဘုရား'

'မင်းမြတ်၊ ဘုရားရှင်ဟာလာဘ်လာဘ အလွန်ပေါများတယ်၊ ရလွယ်တယ်ဆိုတာ မှန်ပါတယ်။သို့သော် ပဉ္စသာလ

ပုဏ္ဏား:ရှာကို ဆွမ်း:ခံကြွတော်မူရာမှာဘာမျှမရခဲ့တာကတော့ မာရ်နတ်သား နှောင့်ယှက်လို့ ဖြစ်ပါတဲ့ယ်'

'အရှင်ဘုရား၊ ဤသို့ဆိုလျှင်မရေတွက်နိုင်သောကပ်ကမ္ဘာပေါင်းများစွာ ဖြည့်ကျင့်ဆည်းပူးတော် မူလာခဲ့ရသော ဘုရားရှင်၏ပါရမီတော်များကိုပင် အထင်အမြင် လွဲမှားစရာဖြစ်နေရပါသည်။ မာရ်နတ်ကဲ့သို့သော ပုဂ္ဂိုလ်ကဘုရားရှင်၏ ပါရမီတော်အဟုန်ကို ပိတ်ပင်တား:ဆီး ထား:နိုင်ပါသလား ဘုရား၊ ထိုကဲ့သို့ တား:ဆီး:နိုင်သည် ဆိုခဲ့လျှင်လည်း ကုသိုလ်ထက် အကုသိုလ်ကအား:ကြီး:ရာပင် ရောက်နေပါသည်။ ပမာအား:ဖြင့်ကား ပင်စည်ထက်အညွှန့်အခက်ကသာလွန်နေသည်သို့ပင် ဖြစ်ပါသည်ဘုရား'

'မင်းမြတ်၊ ပဉ္စသာလရှာတွင် ဤသို့ နှောင့်ယှက်ခံရကာမျှဖြင့် ပင်စည်ထက်အညွှန့်အခက်က သာလွန်နေသည်ဟုမဆို ထိုက်ပေဘူး၊ သည်လိုဖြစ်ရခြင်း၏ရင်းမြစ်မူလအခြေခံသဘောကိုသာ ရှာဖွေသိမြင်ထိုက်ပေတယ်။

'မင်းမြတ်....နို့ဦး:ယှဉ်စရာ တစ်ခုရှိတယ်၊ လူတစ်ယောက်ဟာ ပျားရည်၊ ဓာတုပတ်၊ တင်လဲ အစရှိတာတွေကိုစကြဝဠာတေး:မင်း:ကြီး:အား ဆက်သဖို့လာတယ်ဆိုပါတော့၊ သည်အခါမှာ စကြဝဠာတေး:မင်း:ကြီး:ရဲ့ တံခါး:စောင့် ဖြစ်သူကသည်အချိန်ဟာ မင်း:ကြီး:ကို တွေ့နိုင်တဲ့အချိန် မဟုတ်သေးဘူး၊ လက်ဆောင်ပစ္စည်း:တွေ့ယူပြီး မြန်မြန်ပြန်သွား၊ မသွား ရင်မင်း:ဒဏ်သင့်လိမ့်မယ်လို့ ဆိုလိုက်တယ်။

လက်ဆောင်ဆက်သဖို့ လာသူကလဲ တံခါးစောင့်စကား အရမင်းဒဏ်သင့်ခံမှုမှာကိုကြောက်တာနဲ့ ပဲပြန်လာခဲ့ရတယ်။ ဒီအဖြစ်မှာ ဆက်သဖို့လာတဲ့လက်ဆောင်ပစ္စည်းဟာကိုမရရှိမခံယူရတာနဲ့ပဲ စကြဝဠာမင်းကြီးကို ဘာဘုန်းတန်ခိုးမှ မရှိဘူးလို့ ပြောထိုက်သလား၊ တံခါးစောင့်လောက်မှအရှိန်အဝါမရှိဘူးလို့ ဧပြောထိုက်သလား၊ စကြဝဠာမင်းကြီးဟာ ထိုသူ့ထံက မရထိုက်ပေမယ့် နောက်ထပ်အခြားသူမျှားထံက လက်ဆောင်ပစ္စည်းတစ်စုံတရာကို မရနိုင်တော့ဘူးလား'

'ဤသို့လည်း မဟုတ်ပါဘုရား၊ စကြဝဠာမင်းကြီးသည် မိမိ၏ ဘုန်းတန်ခိုးအာဏာလျှော့စွာ အခြားသူမျှားထံမှ လက်ဆောင်ပစ္စည်းမျှားကို ရရှိနိုင်ဦးမည် [illegible]စ်ပါသည်ဘုရား'

'မှန်ပေတယ်မင်းမြတ်၊ ဘုရားရှင်သည်လည်းတို့ အဘူသာဖြစ်ပေတယ်။ ပဉ္စသာလရှာဒ္ဒါသာလျှင် မာရ်နတ်ခန့်ငယ့်ယုက်ခြင်းခံရသော်လည်း အခြားသော ဘာသာမျှားတွင်မူ မျှားစွာသော နတ်အပေါင်းတို့က ဘုရားရှင်အာဏာနတ်သုဒ္ဓါမျှားနှင့် တကွ အသင့်စောင့်နေကြပေတယ်'

'အရှင်မြတ်ဘုရား၊ နတ်အပေါင်းတို့က ဤကဲ့သို့လောင်းလှူရန်အသင့်စောင့်နေကြသည် ဆိုခြင်းကိုကား တပည့်တော်ကောင်းစွာ လက်ခံပါသည်။ယုံလည်း ယုံကြည်ပါသည်။ သို့သော်မာရ်နတ်ကဲ့သို့သော ပုဂ္ဂိုလ်ကခန့်ငယ့်ယုက်သဖြင့်ဘုရား

ရှင်၏ လာဘ်လာဘ ပျက်ကွက်ရသည် ဆိုခြင်း:ကိုမူ တပည့်တော် မကျေနပ်နိုင်လောက်အောင် ဖြစ်ရပါသည်ဘုရား'

'မှန်ပေတယ် မင်းမြတ်.... သို့သော် လာဘ်လာဘ ဟူသည် အန္တရာယ်လေးမျိုး ရှိနေအပ်ပေတယ်'

လာဘ်လာဘ၏ အန္တရာယ်လေးမျိုး

၁။ ပေးလှူလိုလိမရည်ရွယ်သေးဘူး၊ တစ်စုံတစ်ရာပြောင်ဆင်မှုလဲ မလုပ်ရသေးဘူး၊ သို့သော် သည်ပစ္စည်းတွေ တခြားသူကို လွှဒါန်းပေးကမ်းရင် အလကားပဲ၊ အကျိုးမဲ့. ဖြစ်ကုန်တော့မှာပဲ ဆိုပြီး တစ်ဦးဦးက ကြားဝင်ဖျက်ဆီးပစ်လိုက်လို့. ဘာတစ်ခုမှလွှဒါန်းပေးကမ်းမှု မပြုနိုင်တော့ဘူး။ ဒါမျိုးကို မျက်ကွယ်အန္တရာယ်လို့. ခေါ်ပေတယ် (မထင်မှတ်ဘဲ ပေါ်လာတဲ့အန္တရာယ်)

၂။ တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်ကိုပေးလှူဖို့ ရည်စူးစိုစည်ထားတယ်။ ဒါကို တစ်ဦးဦးက ဝင်ရောက်ဖျက်ဆီးပစ်လိုက်လို့. ပျက်စီးဆုံးရှုံးသွားရတယ်။ ဒါမျိုးကို ရည်ရွယ်ချက်ပျက်စေတဲ့ အန္တရာယ်လို့. ခေါ်ပေတယ်။ (စိတ်ဝင်စားပါလျက် ပျက်ရတဲ့ အန္တရာယ်)

၃။ အားလုံးစီစဉ်ပြီးပြီ။ အဆင်သင့်ဖြစ်နေပြီ။ လှူဒါန်း ဖို့သာကျန်တော့တယ်။ ဒါကို တစ်ဦးတစ်ယောက် က ဝင်ရောက် ဖျက်ဆီးပစ်လိုက်လို့ ပျက်စီးသွားရ တယ်၊ ဒါမျိုးကို အနိုးကပ် အန္တရာယ်လို့ ခေါ် ပေတယ်၊ (ရုတ်တရက်ပေါ်လာသောအန္တရာယ်)

၄။ လှူဒါန်းသူလဲ ရှိတယ်၊ သုံးဆောင် ခံစား နေဆဲလဲ ဖြစ်တယ်။ သည်အချိန်မှာ တစ်ဖုံ တစ်ယောက်က ဝင်ရောက် ဖျက်ဆီးလိုက်လို့ ပျက်စီးသွားရတယ်၊ ဒါမျိုးကို တိုက်ဆိုင်မှုအန္တရာယ်လို့ ခေါ်ပေတယ်။ (တိုက်ဆိုင်မှုဖြင့် ဖပေါ်လာအပ်သောအန္တရာယ်)

'မင်းမြတ်-ပဉ္စသာလရွာမှာဘုရားရှင်တော့ကြုံရဘဲ့အန္တရာယ် က မျက်ကွယ်အန္တရာယ် ဖြစ်ပေတယ်။ အကြောင်းကတော့ ပဉ္စသာလ ရွာသူရွာသားတွေဟာ မြတ်စွာဘုရားကို ဆွမ်း ဘောဇဉ်လှူဖို့ကြိုက ဲကြွစည်ထားကြတာ မဟုတ်ဘူး၊ ဘုရား ရှင်ကြွလာမယ်လို့ လဲ သိကြတာမဟုတ်ဘူး၊ မာရိန်တ်ကသာ ရွာသား တွေကိုပူးဝင်ပြီးတော့ ဘုရားရှင်အား တစ်စုံတစ်ရာ မလှူဒါန်းနိုင်အောင် ပြုလုပ်ထားတာဖြစ်တယ်။

အမှန်တော့ ဒီလိုအချိန်မှာက ဘုရားရှင်သာ မဟုတ်ဘူး၊ သည်ပြင်ပရဟန်းတွေလဲ ဆွမ်းခံအလှူခံလို့ မရနိုင်ဘူး၊ ခုပြောခဲ့ပြီးသလို မာရိန်တ်သားက ပဉ္စသာလ ရွာသူရွာသား တွေကို ပြိတ်ဝင် ပူးကပ်ပြီး နှောင့်ယှက် ဖျက်ဆီးထားလို့ ဖြစ်တယ်။

'ဒကာတော်မင်းမြတ်.... ဘုရားရှင်တို့မည်သည်မှာ မည့်သူ တစ်ဦးတစ်ယောက်မျှ နှောင့်ယှက်ဖျက်ဆီးခြင်း မပြုနိုင်သော ဂုဏ်တော်လေးပါး ရှိပေတယ်။

၁။ ဘုရားရှင်ကိုရည်မှန်းထားပြီးသောဆုမ်းဘောဇဉ် အဖျော်ယမကာ စသည်တို့ကို ဖြစ်စေ၊ အခြားဝတ္ထုပစ္စည်းအမျိုးမျိုးကိုဖြစ်စေ၊ မည်သူ တစ်ဦးတစ်ယောက်ကမျှ နှောင့်ယှက်ဖျက်ဆီးမှု မပြုနိုင်ခြင်း။

၂။ တစ်လံမှ၊ လောက်သော အကွာ အဝေးသို့တိုင် အစဉ်ထားပရ ကွန့်မြူးတောက်ပအပ်သော ရောင်ခြည်တော်ကို မည်သူ တစ်ဦး တစ်ယောက်ကမျှ နှောင့်ယှက်ဖျက်ဆီးမှု မပြုနိုင်ခြင်း။

၃။ ခပ်သိမ်းသောအကြောင်းခြင်းရာတို့ကို အကြွင်းမရှိ သိမြင်တော်မူနိုင်စွမ်းသော သဗ္ဗညုတဉာဏ်တော်အား မည်သူ တစ်ဦး တစ်ယောက်ကမျှ နှောင့်ယှက်ဖျက်ဆီးမှု မပြုနိုင်ခြင်း။

၄။ မြတ်စွာဘုရား၏ အသက်တော်ကို မည်သူတစ်ဦး တစ်ယောက်ကမျှ နှောင့်ယှက်ဖျက်ဆီးမှု မပြုနိုင်ခြင်း။

'မင်းမြတ်.... သည်ကဲ့သို့သောဂုဏ်တော်တို့ ရှိနေပါလျက် ပဉ္စသာလရှာမှာမာရ်နတ်၏နှောင့်ယှက်မှုကိုခံခဲ့ရတာကတော့ လောက ဥပမာအားဖြင့်ဆိုရင် အင်မတန် တန်ခိုး ဂုဏ်သိန့်

စည်းစိမ်ဥစ္စာနှင့် ပြည့်စုံနေသူတစ်ဦးကို သူ့အောက် အဆ ပေါင်းများစွာနိမ့်ကျနေသူတစ်ဦးက တိတ်တဆိတ် ချောင်း မြောင်းလုပ်ကြံသကဲ့သို့သာ ဖြစ်ပေတယ်။

'မြို့စွန်မြို့ဖျား၊ ဇနပုဒ်ကျေးရွာများကိုဝင်ရောက်လုယက် သော ခိုးသား ဓားပြများကဲ့သို့ ဖြစ်ပေတယ်။ မင်းမြတ်.... သည်လို ခိုးသားဓားပြတွေဟာ ပြည့်ရှင်မင်းရဲ့ စစ်သည်တော် များနဲ့တွေ့ရင် ဘယ်လိုနေပါ့မလဲ'

'မှန်ပါ....အပြင်းအထန် တိုက်ခိုက်ခဲ့ကြမှန်းခြင်းကို ခံရပါ မည် ဘုရား'

'ကောင်းပြီ မင်းမြတ်၊ နောက် ဥပမာတစ်ခုကို ဆင်ခြင် ကြည့်ပါဦး၊ ကာမပိုင်ရှင် လင်ယောကျ်ား ရှိပြီးပါလျက် တစ်ပါးသူနှင့် လော်လီဖောက်ပြားနေသော မိန်းမသည် လင်ကြီးဖြစ်သူနှင့် ပက်ပင်း တွေ့ဆုံမိခဲ့သော် အဘယ်သို့ ရှိခိုမ့်မလဲ မင်းမြတ်'

'မှန်ပါ....အသက်ရှင်နိုင်ဖွယ်ပင် မရှိပါဘုရား'

'မှန်ပေတယ်မင်းမြတ်၊ မြတ်စွာဘုရား၏ လာဘ်လာဘကို ဖျက်ဆီးသူသည်လည်း ထို့အံတူသာဖြစ်ပေတယ်။ မကောင်း သဖြင့် ပြုအပ်ဇသော မကောင်းကျိုးကို မုချ တွေ့ကြုံခံစားရ မည်သာ ဖြစ်ပေတယ်။

'အဘယ်သို့ပါလဲ မင်းကြီး၊ ဘုံလော.... သိုလော.... တွေးကောယုံမှားမှု ရှိခဲ့သလား'

'မှန်ပါ....စိုးစဉ်းမျှပင် မရှိခဲ့တော့ပါဘုရား'

အာပတ်သင့်ခြင်း-မသင့်ခြင်း

'အရှင်ဘုရား.... 'အကြင်သူသည်မသိသည်ဖြစ်၍ပါဏာတိပါတကံကို ပြုမိ၏။ ထိုသူသည် အကုသိုလ်အလွန်ကြီး၏' ဟူ၍ အရှင်ဘုရားတို့ ဓိန္ဓဆိုကောင်မူကြပါသည်။ သို့သော် ဝိနည်းပညတ်ချက်တွင်ကား 'မသိ၍ကျူးလွန်မိသော ရဟန်းအား အာပတ်မသင့်' ဟူ၍လည်း ဟော်ဘွဲ့ရပါသည်။

'ရှေ့နောက်မညီ၊ တစ်မျိုးစီဖြစ်အပ်သော ဤခြင်းရာကိုလည်း ယုံမှားကင်းလောက်အောင် စွမ်းဆောင်တော်မူပါဦးဘုရား'

'ဒကာတော် မင်းမြတ်၊ စကားနှစ်ရပ်စလုံးကိုပင် မြတ်စွာဘုရားဟောခဲ့တာမှန်ပါတယ်။ သို့သော် အာပတ်သဘောမှာ ဆူးခြားချက်ရှိတာက သိခြင်းကြောင့်အပြစ်လွှတ်တဲ့အာပတ်များ ရှိနေသလို၊ သိခြင်းကြောင့်ပင်လျှင် အပြစ် မလွှတ်ဘဲ ၄ ာပတ်များလဲရှိနေပါတယ်။ ဒါကြောင့်ပင် မြတ်စွာဘုရား ၎ အကြောင်းအာ၊းလျော်စွာ ဟောကြာ၊းတော်မူခဲ့ခြင်းဖြစ်ပါတယ်'

ပရမတ်စကား၊နှင့် ပညတ်စကား

'အရှင်မြတ်ဘုရား....မြတ်စွာဘုရားသည်-

'အာနန္ဒာ၊ငါဘုရားသည် သံဃာကိုထိန်းသိမ်းစွမ်းဆောင်အံ့ဟူ၍လည်းကောင်း၊ ရဟန်းသံဃာသည် ငါ့အား ရည်စူး-ခြင်း၊ ငါ၏အာဏာတော်ပညာကို သင်ကြား၊ခြင်းရှိ၏ ဟူ၍လည်း

ကောင်း အမှတ်ထား ခြင်း၊ အောက်မေ့ခြင်း မရှိ' ဟူ၍ဆိုတော် မူခဲ့ပါသည်။

'သို့သော်-အရိမေတ္တာယဉ်မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြဆိုတော်မူသောအခါ-

'ယခုအခါ ငါဘုရားသည် မျှားစွာသော ရဟန်းသံဃာ တို့ကို စွမ်းဆောင်သကဲ့သို့ ထိုမေတ္တာယျ ဘုရားသည်လည်း မျှားစွာသော ရဟန်းသံဃာတို့ကို စွမ်းဆောင်ပေလတ္တံ့' ဟူ၍လည်း ဆိုတော်မူပြန်ပါသည်။

'အရှင်မြတ်ဘုရား၊ ဤစကားနှစ်ခွန်းမှာလည်း ရှေ့နောက် မညီညွတ် သံသယဝင်ဖွယ်ရာဘာဖြစ်နေရပြန်ပါသည်။ အမှန် တရားဆိုမိ ၊ရောင်ကို ထွန်းပြောင်တော်မူပါစေဦးဘုရား'

'ဒကာတော်မင်းမြတ်၊ ဒီစကားနှစ်ခွန်းကို မြတ်စွာဘုရား ဘိုးတော်မူခဲ့တာက အကြောင်းအားလျော်စံုခဲ့ ဖြစ်ပါတယ်၊ တစ်ခွန်းသောစကားက အဓိပ္ပာယ် တစ်စွန်းတစ်စ ကြွင်းကျန် စေသောစကား၊ တစ်ခွန်းသောစကားက အဓိပ္ပာယ် ပြည့်စုံ နေသောစကား ဖြစ်ပါတယ်။

'မင်းမြတ်၊ ငါ-ငါဟူ၍လည်းကောင်း၊ ငါ့ကိုယ်၊ငါ့ဟာ ငါ့ဥစ္စာဟူ၍လည်းကောင်း၊ ပြောဆိုသုံးနှုန်းနေကြတဲ့စကား တွေဟာ လောကဝေါဟာရသုံးရိုးသုံးစဉ်သဘောမျှသာဖြစ် ပါတယ်။ပရမတ်စစ်စစ်မှန်ကန်သောအဖြစ်လို့မဆိုနိုင်ပေဘူး'

'အာနန္ဒာ၊ ငါဘုရားသည် သံဃာကို ထိန်းသိမ်း စွမ်း ဆောင်အံ့ဟူ၍လည်းကောင်း၊ စသည်ဖြင့်ဆိုတော်မူအပ်တာက ဘုရားရှင်ဟာ ပရမတ်စင်စစ်သဘောကိုရည်ရွယ်ပြီးဆိုတော်မူ

ခြင်း ဖြစ်ပါတယ်။ ဘုရား၌တို့မည်သည် ချစ်ခြင်းတရားလဲ မရှိတော့ဘူး။သည်ပြင် တပ်မက်စဲလမ်းမှုတွေလဲ ဘာမျှမရှိ တော့ဘူး။တပ်မက်စဲလမ်းမှုမှန်သမျှ အလုံးစုံ ချုပ်ငြိမ်းသွား ပြီ ဖြစ်ပေတယ်။

'ဒါကြောင့် 'သံဃာကို ထိန်းသိမ်းစုမ်းဆောင်အံ့ဟူ၍ အမှတ်ထားခြင်း၊ အောက်မေ့ခြင်း မရှိ' ဆိုဘဲ စကားဟာ လောကမှ လွန်မြောက်သော ပရမတ်သဘောအားလျော်စွာ ဆိုတော်မူခြင်း ဖြစ်ပါတယ်။

'မင်းကြီး....မြေကြီးဟာသတ္တဝါတွေရဲ့တည်ရာဖြစ်တယ်။ မြေကြီးကို အမှီပြုပြီး အသက်ရှင်နေတဲ့ သတ္တဝါတွေအဖို့ မြေကြီးသည်သာလျှင်မိမိတို့၏ဘည်ရာမှီရာဖြစ်တယ်။သို့သော် မြေကြီးကတော့ သည်သတ္တဝါတွေဟာ ငါ့ကိုအမှီပြုနေကြရ ပါကလား ငါပရိသတ်တွေပါကလား တွေးတောထောက် ထားခြင်း လုံးဝမရှိပေဟူး။

'မြတ်စွာဘုရားသခင်ဟာလဲ ထို့အတူပေပဲ မင်းမြတ်.... အားလုံးသော သတ္တဝါများအဖို့သာလျှင် မြတ်စွာဘုရား သည် မိမိတို့၏တည်ရာမှီရာကိုးကွယ်အားထားရာ ဖြစ်တယ်။ ဘုရားသခင်အနေနဲ့တော့ သတ္တဝါတွေအပေါ်မှာ ငါ့ပရိ သတ်၊ ငါ့အသိုင်းအဝန်းတွေပဲလို့ တွယ်တာခြင်းရှိတော်မမူ ဘူး။အကြောင်းကထော့ စောစောက ပြောခဲ့တဲ့အတိုင်း စဲလမ်းတပ်မက်မှု အားလုံး ချုပ်ငြိမ်းတော် မူပြီးသော ကြောင့် ဖြစ်တယ်။

'မင်းမြတ် နှိုင်းယှဉ်စရာတစ်ခုရှိပါသေးတယ်'

'မိုးရေဟာအားလုံးသော သတ္တဝါအပေါင်းတို့၏ မှီရာတည်ရာ ဖြစ်ပါတယ်။ မိုးရေကိုအမှီပြုပြီး သောက်ကြသုံးကြရတယ်။ ကောက်ပဲသီးနှံသစ်ပင် ကြီးငယ်အားလုံး ရှင်သန်ဖွံ့ဖြိုး တိုးတက်စည်ပင်ခြင်း ဖြစ်ကြရတယ်။

'ဦးခင်....မိုးကတော့သတ္တဝါတွေအပေါ်မှာပဲဖြစ်စေ၊ သစ်ပင်ကောင်တောင်တွေအပေါ်မှာပဲဖြစ်စေ၊ တစ်စုံတစ်ရာ ငဲ့ကွက်ထောက်ခြင်းမရှိဘူး။ စဲလမ်းတွယ်တာခြင်းလဲ မရှိပေဘူး။

'မင်းမြတ်....ဘုရားရှင်ဟာလဲ ထို့အတူပဲ ဖြစ်ပါတယ်။ မိုးရေသည် သတ္တဝါအပေါင်းနှင့်တကွ သစ်ပင်ကြီးငယ်တို့ကို ကောင်းစွာရှင်သန်ဖွံ့ဖြိုးစေသကဲ့သို့ပင် ဘုရားရှင်သည်လည်း သတ္တဝါအပေါင်းတို့၏မှီရာတည်ရာ ကိုးကွယ် ဆည်းကပ်ရာ ဖြစ်ပေတယ်။ အစဉ်စောင့်ရှောက်တော် မူပေတယ်။

'ဘုရားရှင်ကိုအမှီပြု၍ပင် ကုသိုလ်ကောင်းမှုအမျိုးမျိုးကို ပြုလုပ်ကြရတယ်။ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ကြရတယ်။ သို့သော် ငါတည်းဟူသောအစဲ၊ ငါကိုယ်၊ ငါဟာ ငါဥစ္စာဟူသောအစဲဖြင့်ကား သတ္တဝါတို့ကို ငဲ့ကွက်တယ်တာခြင်းမရှိ။ ထို့ကြောင့်ပင် 'အာနန္ဒာ.... ငါဘုရားသည် သံဃာကို ထိန်းသိမ်းစုမ်းဆောင်နိုင်အုံဟူ၍ လည်းကောင်း' စသည့် ပထမဦးစွာသော စကားကိုဆိုတော်မူခြင်းဖြစ်အပ်ပေတယ်။

'မင်းမြတ်....ဒုတိယစကားဖြစ်တဲ့-

'ယခုအခါငါဘုရားသည် မျှားစ့ဉ်သော ရဟန်းသံဃာတို့ကို စ့ဉ်မ်းဆောင်သကဲ့သို့ ထိုမေတ္တာယဉ်မျှ ဘုရားသည်လည်း မျှားစ့ဉ်သော ရဟန်းသံဃာတို့ကို စ့ဉ်မ်းဆောင်လတ်ံ့ ဆိုတာကတော့ နောင်ဖြစ်လတ်ံ့ သော အကြောင်းခြင်းရာနှင့် ပတ်သက်၍ သိအပ်သည်တို့ကို အကြောင်းအာ:လျော်စ့ဉ ထုတ်ဖော် ဆိုညွှန်:လိုက်ခြင်: ဖြစ်ပါတယ်။

'မင်:မြတ်....စကာ:နှစ်ရပ်ကို အဟိအကျ သိသာထင်ရှာ:စေရမယ်ဆိုရင်တစ်ခုန်:သော စကာ:ကလောကမှလွန်မြောက်ရာ ပရုမတ်သဘောဖြစ်သည့်စကာ:၊ တစ်ခုန်:သောစကာ:က လောကမျက်မြင် အစဉ်အတိုင်: တိုးတက် ကျယ်ပြန့်လာတဲ့ သာသနာတော်၏ အခြေအနေကို ထင်ရှာ:သိသာစေသော စကာ: ဖြစ်ပါတယ်။

'မင်:မြတ်....ဤမျှဆိုလျှင် သံဃယရှင်:အပ်ပြီ'

'မှန်ပါ....ကောင်:စ့ဉာရှင်:အပ်ပါပြီ ဘုရား'

သံဃာမျှား ကိုဏ်:ကဲ့ခြင်:

'အရှင်ဘုရား....'မြတ်စ့ဉာဘုရားသည်မပြိုကဲ့သောပရိသတ်ရှိသည်'ဟု အရှင်ဘုရားတို့ ဆိုတော်မူကြပါသည်။ သို့သော် 'ဒေဝဒတ်သင်:ခဲ့သဖြင့် သံဃာငါ:ရာ ကိုဏ်:ကဲ့သည်' ဟူ၍လည်: အရှင်ဘုရား:တို့ပင် ဆိုတော်မူကြပြန်ပါသည်။

'ဤစကားနှစ်ရပ်သည်လည်း အဓိပ္ပာယ်ချင်းဆန့်ကျင်နေသည်နှင့်အမျှ တွေးတောယုံမှားစရာ ဖြစ်ရပြန်ပါသည်။ အမှန်ကို သိပါရစေဦးဘုရား'

'မင်းမြတ်၊ ဒေဝဒတ်ကြောင့် သံဃာငါးရာကိုက်းကွဲသွားရတာမှန်ပါတယ်။ သည်လိုဖြစ်ရတာဟာ ခွဲတဲ့လူရှိလို့ကွဲသွားရကြောင်း ထင်ရှားနေပါတယ်။ မင်းမြတ် ခွဲတဲ့လူရှိခဲ့ဧင် လောကမှာ ဘယ်ပုရိသတ်မဆို ကွဲမှာပါပဲ။ အမေနဲ့သားလဲ ကွဲမှာပဲ။ သားနဲ့အဖေလဲ ကွဲမှာပဲ။ သမီးနဲ့အဖေလဲကွဲမှာပဲ့။ လင်နဲ့မယားလဲ ကွဲမှာပဲ။ မောင်နဲ့နှမလဲ ကွဲကြမှာပဲ ဖြစ်ပါတယ်။

'မင်းမြတ်....ဖျက်ဆီးတဲ့သူရှိခဲ့ရင် အသက်ရှိတဲ့ပုဂ္ဂိုလ်မဆို တားနှင့်ဦး၊ အသက်မရှိတဲ့ လေတောင် သစ်ငုတ်နဲ့ထိုးမိသို့၊ ကျောက်တောင်နဲ့တိုက်မိလို့၊ လေပြင်းတိုက်ခတ်သို့ ပျက်ရပါသေးတယ်။

'ရွှေစင်စစ်ဖြစ်စေကာမူ ဇကြးနီ စသည်နှင့် အဖျက်ခံရတဲ့အခါ ပျက်စီးသွားရပါတယ်။

'မင်းမြတ်-မြတ်စွာဘုရားရဲ့ပရိသတ်ပြိုကွဲသွားတယ်ဆိုတာ ပညာရှိရဲ့ လက်ခံယုံကြည်မှု မဟုတ်ဘူး။ ဘုရားခွင်တို့ရဲ့ အလိုတော်ကျလဲ မဟုတ်ပေဘူး။ သည်လိုမဟုတ်တာကလဲ ခိုင်လုံတဲ့အကြောင်းအချက် အထောက်အထား ရှိပါတယ်။

'မင်းမြတ်....ဘုရားခွင်ဟာ မဖြောင့်မမှန်ပြုခြင်း၊ အပေးအကမ်းမရှိခြင်း၊ ခွေစ်ဖွယ်သောစကားကိုမဆိုခြင်း၊ ကောင်းကျိုးမကျင့်ခြင်းစတဲ့ ခွတ်ယွင်းချက် တစ်စုံတစ်ရာရှိတဲ့အတွက်

ပရိသတ်ပျက်စီးရခြင်း ဖြစ်တယ်လို့ မင်းမြတ် ကြားဖူးပါသလား'

'မကြားဖူးပါဘုရား'

'မှန်ပေတယ်မင်းမြတ်၊ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားမှာ မပြိုပျက်သောပရိသတ်ရှိပေတယ်။ စင်စစ်တော့ သည်အကြောင်းကို ငါ့သဘောနှဖို့ ငါဆိုခြင်းလဲ မဟုတ်ပေဘူး။

'မင်းမြတ်....အင်္ဂါကိုးပါးနှင့်ပြည့်စုံသောမြတ်စွာဘုရား၏ တရားတော်များတွင် ဘုရားရှင်ဟာ အလောင်းတော် ဘဝတုန်းကဖြစ်စေ၊ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးမှဖြစ်စေ၊ တစ်စုံတစ်ရာကောက်ကျစ်စဉ်းလဲပြုခဲ့ဖူးလို့၊ မဖြောင့်မမှန်ပြုခဲ့ဖူးလို့၊ ပရိသတ်ပြိုကွဲရခြင်း ဖြစ်တယ်လို့ကော မင်းမြတ် ကြားသိရဖူးပါသလား'

'မှန်ပါ....မကြားသိရဖူးပါဘုရား'

'မှန်ပေတယ်မင်းမြတ်၊ ဒါကြောင့်လဲ သံဃာများ ပြိုကွဲသွားရတာဟာ ဘုရားရှင်နဲ့ မဆိုင်၊ ခဲ့သူရှိလို့သာ ကွဲရခြင်းဖြစ်တယ်လို့ လောက သဘာဝ အားလျော်စွာ ဆိုခဲ့ရခြင်းဖြစ်ပေတယ်။ မင်းမြတ်....သံဃယရှင်းအပ်ပလား'

'မှန်ပါ... တပည့်တော် ကောင်းစွာဆင်ခြင်မိပါပြီဘုရား'

လူ....သောတာပန်နှင့် ပုထုဇဉ်ရဟန်း

'အရှင်မြတ်ဘုရား၊ ဘုရားရှင်သည် 'လူအပေါင်းတို့ထက် တရားတော်ကသာလျှင် မြတ်သည်ထက် မြတ်၏' ဟူ၍ ဟော

တော်မူပါသည်။ သို့သော် 'သောတာပန်လူပုဂ္ဂိုလ်မျှားသည် ပုထုဇဉ်ရဟန်းကိုပင်ဖြစ်စေ၊ သာမဏေကိုပဲဖြစ်စေ၊ ရှိခိုးထိုက်သည်၊ ခရီးဦးကြိုပြုထိုက်သည်' ဟူ၍လည်း ဟောတော်မူပြန်ပါသည်။

'ပထမဦးစွာ ဟောသည်က တရားတော်သည်သာလျှင် အမြတ်တကာ့အမြတ်ဆုံး ဖြစ်သည်။

'ဒုတိယဟောအပ်သည်က တရားတော်နှင့် သိရှိပြည့်စုံပြီးသော သောတာပန် လူပုဂ္ဂိုလ်က ပုထုဇဉ်မှသာဖြစ်သော ရဟန်းကိုလည်းကောင်း၊ သာမဏေတို့ကိုလည်းကောင်း ရှိခိုးထိုက်သည်၊ ခရီးဦးကြိုပြုထိုက်သည်။

'ဤစကားနှစ်ရပ်သည်ရှေ့နောက်မညီဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေအပ်သည်နှင့် အမျှ သိမှတ် နားလည်ရန်လည်း ခဲယဉ်း ဝေဝိုက်နေပါသည်။ မှန်ရာကို သိပါရစေဦးဘုရား'

'မင်းမြတ်....လူပုဂ္ဂိုလ်မျှားသည် သောတာပန် ဖြစ်လင့်ကစား ပုထုဇဉ်ရဟန်းမျှားကို ရှိခိုးဦးထိုက်သည်၊ ခရီးဦးကြို ပြုထိုက်သည်ဆိုတာက ခိုင်လုံသော အကြောင်း အထောက် အထား ရှိပါတယ်။

ကျွင့်ဝတ်နှစ်ဆယ် အသွင်နှစ်မျိုး

'မင်းမြတ်- ပုထုဇဉ်ရဟန်းတော်မျှားမှာ ရှိခိုးပူဇော်ခြင်း၊ အရိုအသေပြုခြင်း၊ ခရီးဦးကြိုပြုခြင်း ခံထိုက်စေတဲ့ ကျင့်ကြံအားထုတ်မှုနှစ်ဆယ်နဲ့ အသွင်နှစ်မျိုး ရှိပါတယ်။

၁။ ခြင်္ကတေသတရား၌ မွေ့လျော်ခြင်း။
၂။ ဥပုသ်ဆောက်တည်ခြင်း။
၃။ ဆွမ်းခံမှု စသော အကျင့်ရှိခြင်း။
၄။ ကောင်းစွာ ဝတ်ရုံနေထိုင်ခြင်း၊
၅။ ဘုရားကို ဖောင်ထိန်းခြင်း။
၆။ ကိုယ်နှုတ်ကို စောင့်စည်းခြင်း။
၇။ အပူအပေးကို သည်းခံခြင်း။
၈။ ကောင်းသောအကျင့်၌ မွေ့လျော်ခြင်း။
၉။ တစ်ပါးတည်း ကျင့်ကြံခြင်း။
၁၀။ တစ်ပါးဘည်း မွေ့လျော်ခြင်း။
၁၁။ တစ်ပါးတည်း လိန်းဝေခြင်း။
၁၂။ မကောင်းမှုမှ ရှက်ကြောက်ခြင်း။
၁၃။ ကောင်းမှုဆို အားထုတ်ခြင်း။
၁၄။ ကုသိုလ်တရား၌ မမေ့လျော့ခြင်း။
၁၅။ သိက္ခာပုဒ်ကို ကောင်းစွာစံယူခြင်း။
၁၆။ ဘုရားဟောပြဋိဘော်ကို သင်ယူခြင်း။
၁၇။ အဋ္ဌကထာကို သင်ယူခြင်း။
၁၈။ သိက္ခာသုံးပါး၌ မွေ့လျော်ခြင်း။
၁၉။ တပ်မက်မှုကင်းခြင်း။
၂၀။ သိက္ခာပုဒ်တို့၌ ဖြည့်ကျင့်ခြင်း။

'မင်းမြတ် ယခု အိုခဲ့တာတွေက ပုထုဇဉ် ရဟန်းများရဲ့ ကျင့်ဝတ်နှစ်ဆယ် ဖြစ်တယ်'

'အသွင်နှစ်မျိုး-ဆိုတာကတော့ဖန်ရည်စွန်းသောသက်န်း ကို ဂုတ်ရုံဆင်မြန်းအပ်ခြင်းနှင့် ဦးပြည်းခေါင်းတုံး ရိတ်အပ် ခြင်းတို့ပင် ဖြစ်ပေတယ်။

'မင်းမြတ်....ရဟန်းတော်များသည် ယခုဆိုပြီးခဲ့တဲ့ ကျင့် ဝတ် နှစ်ဆယ်၊ အသွင်နှစ်မျိုးနဲ့ ပြည့်စုံ ညီညွတ်ကြပါတယ်။ နှစ်ဆယ်သော ကျင့်ဝတ်ဆောက်တည်မှုကို အလေးအမြတ် ပြုကြရပါတယ်။ ဒီလို မိမိတို့နှင့်စပ်လျဉ်းရာ ကျင့်ဝတ်သိက္ခာ များကို ဆောက်တည် အားထုတ်ရသောကြောင့်ပင် သိက္ခာ ပုဒ် ကြီးပွားပြည့်စုံရာဖြစ်တဲ့ ရဟန္တာအဖြစ် မဂ်ပေါက် ဖိုလ် ဝင် ပုဂ္ဂိုလ်များအဖြစ် ဆိုက်ရောက် ဖြစ်မြောက်ကြရပါ တယ်။

'မင်းမြတ်- ရဟန်းသံဃာတို့မည်သည် ပုဆုစဉ်ပုဂ်ဗြစ်ဝေ မဂ်ဖိုလ်နှင့်နီးစပ်သည်၊မဂ်ဖိုလ်သို့ဆိုက်ရောက်နိုင်သည်ဟူသော အသိဖြင့် သောတာပန်ပုဂ္ဂိုလ်များက ရှိခိုးထိုက်၊ ခရီးဦးကြို အရိုအသေပြုထိုက်ခြင်းပင် ဖြစ်ပေတယ်။

'မင်းမြတ်....လူသောတာပန် ပုဂ္ဂိုလ်များအဖို့မှာ ပုထုဇဉ် ရဟန်းများသည်....

၁။ ပါတိမောက်ပြခြင်းကို နာယူနိုင်၏။ ငါကား ပါတိ မောက်ကို ရဟန်းများကဲ့သို့ မနာယူနိုင်ချေ။

၂။ သူတစ်ပါးတို့ကို ရှင်သာမဏေပြုပေးခြင်း၊ ပဉ္စင်း မံပေးခြင်းဖြင့် မြတ်စွာဘုရား သာသနာတော်ကို

တိုးတက် ပွားများစေ၏။ ငါကား ထိုသို့ မပြုနိုင် မဖြစ်နိုင်လေ။

ဒီလိုအသိ၊ ဒီလိုနိုင်းယှဉ်မှု အားလျော်စွာပင် ပုထုဇဉ် ရဟန်းများကို အလေးအမြတ် ဖြူအပ်ခြင်းဖြစ်ပါတယ်။

'မင်းမြတ်....ပုထုဇဉ်ရဟန်းဆိုတာ သောတာပန် မဟုတ်သေးတာတော့ မှန်တယ်။ သို့သော် လူများလို မိမိကိုယ်မိမိ တန်ဆာဆင် ခြယ်သမှုမရှိခြင်း၊ အကျင့်သီလ တည်းဟူသော မွေးရန်ဖြင့် အခါခပ်သိမ်း ကြိုင်လိုင်သင်းပျံ့အပ်ပေတယ်။ လူပုဂ္ဂိုလ်ဆိုတာက သောတာပန်တော့ မှန်ပါရဲ့၊ သို့သော် ကိုယ့်ကိုယ်ကို တန်ဆာဆင်ခြင်း၊အပြေအဖြစ်ပြုခြင်းကျတော့ အလေးအနက် မဆင်ခြင်နိုင်ဘူး၊ အဝတ် ကောင်းကောင်း လေးလဲဝတ်လိုက်ချင်သေးတယ်။ တစ်ခဲတယ်သည်ထက် တင့်တယ်အောင်လဲ မွှမ်းမံဆင်ယင်လိုက်ချင်သေးတယ်။

'ဒီလို နိုင်းယှဉ် ဝေဖန်သောအားဖြင့်လည်း ပုထုဇဉ် ရဟန်းတော်များကို ရိုလေလေးမြတ်ထိုက်လှပါတယ်။ ဥပမာ ကပ္ပော့ မင်းသားတစ်ပါးဟာ ဆရာပုရောဟိတ် အထံမှာ ပညာသင်ကြားတယ်။ ဆည်းပူးအားထုတ်တယ်။ အတတ်ပညာတတ်မြောက်ပြည့်စုံပြီး မင်းအဖြစ်ရောက်လို့ ဘိသိက်ခံတဲ့အခါကျတော့ 'ဒီဆရာ ပုရောဟိတ်သည် ငါ့ကို အတတ်ပညာသင်ကြားပေးသည့် ဆရာဖြစ်တယ်'ဆိုပြီး အရှိအသေ ရှိခိုးပူဇော်အပ်သကဲ့သို့ ဖြစ်တယ်။

'မင်းမြတ်၊ ဒါထက်ထူးခြားတာ တစ်ခုရှိသေးတယ်။

'လူသေတာပန်မှုဒုးဟာ တကယ်လို့ ရဟန္တာဖြစ်မြောက်သွားခဲ့ရင် လူသားပကတိအဖြစ် လူ့အသွင်နဲ့ မနေနိုင်တော့ဘူး၊ ရဟန်းအသွင် ကူးပြောင်းရတယ်။ ရဟန်းပြုရတယ်။ ဒီလိုမှ ရဟန်း မပြုခဲ့ရင်လဲ အဲဒီ ရဟန္တာဖြစ်တဲ့ နေ့မှာပဲ ပရိနိဗ္ဗာန် ပြုရပေတယ်။

'သဘောကတော့ ရဟန္တာအဖြစ်ဟာ မြင့်မြတ် ထူးကဲလှတဲ့အတွက် လူဝတ်ကြောင်အဖြစ်နဲ့ မရပ်တည် မခံယူနိုင်တဲ့သဘောပဲ။ ဒီကတည်းက ရဟန်းအဖြစ်နဲ့ လူ့အဖြစ်ဟာ ဘယ်လို ကွာခြားတယ်။ ဘယ်လို ထူးခြားနေတယ်ဆိုတာ မင်းမြတ် ကောင်းစွာသိနိုင်ပါတယ်။

'ဒါခင်ဗျာလဲ ဘုရားရှင်က 'ဿဒေဝပန် လူပုဂ္ဂိုလ်သည် ပုထုဇဉ်ရဟန်းကိုပင်ဖြစ်ဖူး၊ သာမဏေကိုပင် ဖြစ်စေအရိုအသေ ရှိခိုးထိုက်သည်။ ခရီးဦးကို အလေးအမြတ်ပြုထိုက်သည်'လို့ဟောကြားတော် မူခဲ့ခြင်းဖြစ်ပေတယ် မင်းမြတ်'

'မှန်ပါ....ဘုရား' ကောင်းစွာ သိအပ်ပါပြီဘုရား'

ဘုရားရှင်နှင့် သတ္တဝါတို့၏ အကျိုးစီးပွား၊

'အရှင်ဘုရား၊ မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားကိုသာ ဆောင်တော်မူသည်။ ကျေးဇူးမဲ့ကို မဆောင်ဟု သိရပါသည်။ သို့သော်အဂိုကွန္ဒ။ ပမသုတ်တော်ကို မြတ်စွာဘုရား ဟောကြားတော် မူသောအခါ ရဟန်းခြောက်ကျိပ်သွေးအန်ကြသည်ဟူ၍လည်း သိရပြန်ပါသည်။

'အရှင်မြတ်ဘုရား၊ ဤအခြင်းအရာ နှစ်ရပ် သည်လည်း ရှေ့နှင့်နောက်လျော်ကန်ညီညွတ်ခြင်းမရှိပါ။ အသိရှင်လူ သည်နှင့်အမျှ များစွာ ရှုပ်ထွေး ဝေဝိုက် နေပါသည်။ အကြောင်းခုင်း အခြေခံမှန်ရာကို သိပါရစေဦးဘုရား'

'မင်းမြတ်၊ အရှင်သည် သုခပ်သိမ်းတို့ အကျိုးစီးပွား ကိုသာ ဆောင်တော်မူလေ့ရှိခြင်းသည်မှန်ပေတယ်။သို့သော် အဂိုက္ခန္ဓုပမသုတ်တော်ကိုဟောတဲ့အခါ ရဟန်းခြောက်ကျိပ် သွေးအန်ကြတယ် ဆိုတာကတော့ ဘုရားရှင်နှင့် ဆိုင်သော အရာမဟုတ်၊ထိုရဟန်းတို့၏ နောက်နောက်က အကုသိုလ်က အားလျော်စွာသာလျင်ဖြစ်ပေတယ် မင်းမြတ်'

'မှန်ပါ....မြတ်စွာဘုရား ထိုသုတ်ကို ဟောခဲ့လျင်ရဟန် ခြောက်ကျိပ်တို့ သွေးမအန်ကြရဘူး မဟုတ်ပါလား ဘုရား'

'မှန်ပေတယ်မင်းမြတ်၊ ထိုခြောက်ကျိပ်သော ရဟန်းတို့ ဟာ ဘုရားရှင်၏ ဒေသနာတော်ကို ကြားရသည့်အခါ မိမိတို့ ၏ မကောင်းသော အကျင့်အကြံအားလျော်စွာ ပူပန်ခြင်း ဖြစ်ကာ သွေးအန်ကြရခြင်း ဖြစ်ပေတယ်'

'အရှင်ဘုရား....ဤသို့ဆိုသော်ထိုခြောက်ကျိပ်သောရဟန်း တို့သည် ဘုရားရှင်ကြောင့်ပင် အကျိုးယုတ်စီးရော ရောက်မနေ ပါလော၊ အရှင်ဘုရား....တောင်ပို့ခေါင်းထဲတွင် နေအပ် သောမြွေသည် တောင်ပို့ကို ဖျက်ဆီး၍ မြေကြီး သယ်ယူသူ ကြောင့် အသက်ရှူ ပေါက်ပိတ်ကာ သေဆုံးရ၏။ ထိုသို့ သေ ဆုံးရခြင်းသည် မြေကြီးသယ်သူ၏ အပြစ်ပင်မဟုတ်ပါလော' ဟုတ်တော်ယ် မင်းမြတ်'

'အရှင်ဘုရား....သို့ ဆိုလျှင် ရဟန်းခြောက်ကျိပ် သွေးအန် ရခြင်းသည်လည်း မြတ်စွာဘုရားကြောင့်ဟူ၍ မဆိုထိုက်ပါ သလော'

'ဒကာတော်မင်းမြတ်၊ဘုရားရှင်တရားဟောတော်မူခြင်း သည် ချစ်၍မုန်း၍ဟောခြင်းမဟုတ်၊ အကြောင်းအာဒေလျှာ် စွာ ဟောအပ်၍ ဟောခြင်းသာ ဖြစ်ပေတယ်။

ဒီလို ဟောတော်မူတဲ့အခါမှာ ကောင်းသော အကျင့် ရှိသူတွေသာ တရားရကြတယ်။ တရားကို သိမြင်ကြတယ်။ မကောင်းသူတွေမှာတော့ တရားနှင့်ဖီလာဆန့်ကျင် ဖြစ်ကြ တယ်။ကရားကြောင့်ပင်လျှင် ကိုယ်စိတ်နှစ်ပါးကျဉ်းမြောင်း ကျပ်တည်းခြင်း ဖြစ်ကြရတယ်။

'မင်းမြတ်၊ ဥပမာကတော့၊ သစ်ပင်တစ်ပင်မှာ အသီး ပေါင်းများစွာ သီးနေတဲ့အခါ လတ်ဆတ် ချိုနှံးစိုတဲ့ သစ်သီး တွေကတော့ သစ်ပင်ထက်မှာ ကောင်းစွဲတည်ရှိနေကြတယ်။ နွမ်းရော်နေတဲ့သစ်သီးတွေကျတော့ အပင်ထက်က ကြွေကျ ကုန်ရတယ်။ ဘုရားရှင်တရားဟောတော်မူတာလဲဒီအတိုင်းပဲ မင်းမြတ်၊ တရားနှင့်အညီ အသီပညာ ရှိသူတွေမှာ တရား ကြောင့် ကောင်းကျိုးချမ်းသာ ဖြစ်ကြရသလို တရားနှင့်မညီ ညွတ်အသီပညာခံ နည်းပါးသူတွေ မှာကတော့ ဘရားနှင့် ကင်းကွာ ဆန့်ကျင်သွားကြရပေတယ်။

'ဒီ့ပြင် ဥပမာတစ်ခုလဲ ရှိသေးတယ် မင်းမြတ်'

'လယ်သမားတစ်ဦးဟာ စပါးစိုက်ဖို့အတွက် လယ်မြေ ကွက်တစ်ခုလုံး ထွန်တုံးနဲ့လျှောက်ထွန်တယ်။ဒီအခါမှာ လယ်

မြေကွက်ထဲက မြက်တွေဟာ ထွန်ထူး ဖိညှပ်ပြီးသေကုန်ကြတယ်။

'ဘုရားရှင်တရားဟောတော်မူတာလဲ ထို့အတူပဲမင်းမြတ်၊ အသိပညာဓာတ်ခံရှိသူတွေကို အသိဉာဏ်ကြီးသည်ထက်ကြီးဖို့ တိုးတက်ပွားများစေဖို့ ဟောတော်မူခြင်း ဖြစ်တယ်။ သည် အခါမှာ နားမဆံ နိုင်ဘူးဆိုဘာမျိုးလိုတရားတော်ရဲ့အဆင့် အတန်းကို မမီနိုင်လို့၊ တရားတော်ရဲ့အနှစ်သာရကိုမခံယူနိုင်လို့ တရားတော်နဲ့ ဝေးကွာခြားနားရတာကတော့တရားတော်ရဲ့ ချွတ်ယွင်းချက်မဟုတ်သလို ဘုရားရှင်ရဲ့ မလျော်ကန်မှုလဲ မဟုတ်ပေဘူး။

'ဒါကြောင့် ဘုရားရှင် အဂ္ဂိကဉ္ဇန္ဓုပမသုတ်တော်ကိုဟော တော်မူတဲ့အခါမှာ ရဟန်း ခြောက်ကျိပ် သွေးအန်ကြတယ် ဆိုတာဘုရားရှင်နဲ့ ဘယ်လိုမှ အကြောင်းမဆက်စပ်ဘူး၊ သူတို့ အကြောင်းနဲ့သူတို့၊ သူတို့ကောင်းမှုနဲ့ သူတို့သာဖြစ်ကြရပါ တယ် မင်းမြတ်'

'မှန်ပါ၊ တပည့်တော် သဘောပေါက်အပ်ပါပြီ ဘုရား'

လျှို့ဝှက်သည်ကို ပြရခြင်းအကြောင်း

'အရှင်ဘုရား၊ ဘုရားရှင်သည် 'ကိုယ်နှုတ်နှလုံး-သုံးပါးလုံး ကိုပင်စောင့်စည်းခြင်းသည်ကောင်း၏' ဆိုတော်မူခဲ့ပါသည်၊ သို့သော် သေလ အာမည်ရှိသော ပုဏ္ဏားအား မီမီကိုယ်တော် တိုင်၏ လျှို့ဝှက်အပ်သော အင်္ဂါဇာတ်ကို ပရိသတ်လေးပါး

တို့၏အလယ်ဦးနေလျက်ပင်ဖွင့်လှစ်ပြတော်မူခဲ့သည်ဟူ၍လည်း သိရှိပြန်ပါသည်။

'အဘယ်သို့ပါလေဘုရား၊ ရှေ့နှင့်နောက် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ရုံမျှ မဟုတ်ယေး၊ အင်္ဂါဇာတ်နှင့်ပတ်လက်သောအကြောင်းရပ်ဖြစ်နေပါသည်။ရင်းမြစ်မူလကိုသဘာဝကျကျသိပါရစေဦးဘုရား'

'မင်းမြတ်....သေလပုဏ္ဏားကို အင်္ဂါဇာတ်ပြတော်မူရတာက ခိုင်လုံသော အကြောင်းအချက် ရှိပါတယ်။သေလပုဏ္ဏား ဟာ မြတ်စွာဘုရားအပေါ်မှာ သည်အခြင်းအရာနဲ့ပတ်သက်ပြီး သံသယရှိနေတာကြောင့် ပြတော်မူခြင်းဖြစ်ပါတယ်။

'မင်းမြတ်....ဘုရားရှင်တို့မည်သည် ပကတိသော လူမျှားကဲ့သို့မဟုတ်ဘူး။အင်္ဂါဇာတ်က ထူးခြားမှုရှိတယ်။အဒိန်းဖြင့် (အစွပ်)ဖုံးလွှမ်းထားအပ်တယ်၊ သေလပုဏ္ဏားက ဒါကိုသေသေချာချာ သိချင်တယ်။ ရှင်ကြီးဂေါတမဟာဘုရားစင်စစ်မှန်တော်မူခဲ့ရင် အဒိန်းဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်ရှိရမယ်လို့ သိချင်နေတာ့ ဘုရားရှင်ကလဲ သေလပုဏ္ဏား၏ ဆန္ဒအရ ပြရခြင်း ဖြစ်ပေတယ်။

'ပြတော်မူတဲ့ကလဲ ပရိသတ်လေးပါးအလယ်ဆိုပေမယ့် သေလပုဏ္ဏားကစ်ဦးကလဲလို့ သည်ပြင် ဘယ်သူမှ မြင်ရတာ မဟုတ်ဘူး၊ သေလပုဏ္ဏားတစ်ဦးတည်းသာ မြင်အပ်ခြင်းဖြစ်ပေတယ်မင်းမြတ်'

'မှန်ပါ....ပရိသတ်များအလယ်ဧာင် ဖြစ်ပါလျက် သေလ

ပုဏ္ဏားတစ်ဦးတည်းဘဲ မြင်ရသည်ဆိုခြင်းမှာ ယုတ္တိမရှိပါ၊ တပည့်တော် မယုံကြည်နိုင်ပါဘုရား'

'ကောင်းပြီ မင်းမြတ်၊ ဒေဒနာ သိပ်ပြင်းထန်နေလို့ဆွမ်းတွေဝိုင်းဝန်းပြုစုနေရတဲ့ လူနာမျိုးကို မင်းမြတ် တွေ့ဖူးလား'

'မှန်ပါ.... တွေ့ဖူးပါသည်ဘုရား'

'လူနာ ခံစားနေရတဲ့ ဝေဒနာကို ဆွမ်းဘဲ တွေ့ရသလား'

'ဒီလိုတော့ မတွေ့ရပါဘုရား'

'သေလပုဏ္ဏားဟာလဲ ထို့အတူပေပဲမင်းမြတ်၊သူတစ်ဦးကလဲလို့ ဘုရားရှင်ရဲ့ အပြုအမူကိုအခြားဘယ်သူမှ သိမြင်ရတဲ့အကြောင်းအကျိုးတော်ဘူး။ ဘုရားရှင်က တန်ခိုးတော်နဲ့ ပြဿဒ်မှုခြင်းသာပြုစ်ပေတယ်'

'တန်ခိုးတော်နဲ့ ဆိုတာကတော့ ရှိပါစေတော့ ဘုရား၊ မြတ်စွာဘုရားက အင်္ဂါဇာတ်ကို ထုတ်ပြတယ်ဆိုတာကတော့ မလျော်ကန်တဲ့အမှုလို့ မဆိုထိုက်ပေဘူးလား'

'မှန်တယ်မင်းမြတ်၊ မင်းမြတ်တွေးတာဟာ သာမန်အားဖြင့်ဆိုရင်တွေးသင့်တွေးထိုက်တဲ့ သဘောပါပဲ၊သည်နေရာမှာ မင်းမြတ်လဲ ကျယ်ကျယ်ပြန့်ပြန့် သိရလေအောင်အကြောင်းစပ်လျဉ်းရာကို ပြည့်ပြည့်စုံစုံ ဖြေပါဦးမယ်။

'မင်းမြတ်....ဗုဒ္ဓမြတ်စွာ ဘုရားလက်ထက်တော်အခါမှာက ပညာရှိတွေ အင်မတန် ပေါများတာဖြစ်တယ်။ဒီပညာရှိအမည်ခံ ပုဂ္ဂိုလ်တွေဟာ ဘုရားရှင် ကဲ့သို့သော လောက

လွန်မြောက်သော တရားကိုမသိတာ၊ အတိအကျဆိုရင်သစ္စာ လေးပါးကို မသိတာ၊ ဒီ ပြင်အတတ်ပညာတွေမှာတော့သူတို့ နည်းနဲ့ သူတို့တတ်မြောက်ထားကြသူတွေဖြစ်တယ်။ ဒီတော့ ဗုဒ္ဓမြတ်စွာဘုရားရယ်လို့လောကသုံးပါးမှာ ကျော်စောထင်ရှားစွာ ဖြစ်ထွန်းပေါ်ပေါက်လာတဲ့အခါသူတို့တစ်တွေဟာ ဗုဒ္ဓမြတ်စွာဘုရားကို (သူတို့အခေါ်နဲ့ ရှင်ကြီးဂေါတမကို) ပြဿနာအမျိုးမျိုးတွေ ဝိုင်းပြီးမေးကြတယ်၊ ဘုရားစင်စစ် ဟုတ်မဟုတ် လေ့လာစူးစမ်းကြတယ်'

'လောကမှာ လွန်မြောက်သော ယောကျ်ား မြတ်တို့ရဲ့ လက္ခဏာကြန်အင်ဟာ အာယ်လိုရှိရမယ်၊ ဘယ်ကဲ့သို့ဖြစ်ရမယ် ဆိုတာတွေကိုလဲ သူတို့သိနားလည်ထားကြတယ်၊ သည်တော့ ဗုဒ္ဓမြတ်စွာဘုရား၏ ဝါဒအယူအဆ (တရားတော်) ကိုသာ စူးစမ်းဝေဖန်ရုံမဟုတ်သေးဘူး၊ ဘုရားရှင်ရဲ့သွင်ပြင်လက္ခဏာကိုပါ အသေးစိတ် အတိုအကျလေ့လာစူးစမ်းကြတယ်။

'ဘုရားရှင်ရဲ့ အားလုံးသော လက္ခဏာ ကြန်အင်အနက် သေလပုဏ္ဏားမှာ ကျန်ရှိနေတာက (သူ မသိမမြင်နိုင်တာက) ဘုရားရှင်ရဲ့အင်္ဂါဇာတ်ပဲ ဖြစ်တယ်။ ထိုင်နေ ထသွားဆိုတဲ့ ကိုရိယာပုံထိ လေးပါးကိုတော့ သေလပုဏ္ဏားတွေမြင်ပြီးပြီ။ နားရွက်တော်၏ ထူးခြားမှု၊ လျှာတော်၏ ထူးခြားမှုအစ ရှိတာတွေကိုလဲ သေလပုဏ္ဏားတွေပြီးပြီ။ အဘိမ်ဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ် ဟုတ်မဟုတ်ဆိုတာတစ်ခုပဲ ကျန်နေတယ်။

'ဘုရားရှင်ကလဲ ဒီအခြေအနေကို သိတော်မူတယ်'

'ဒါကြောင့်လဲ သေလပုဏ္ဏားတစ်ဦးတည်းသာ မြင်ရလေ အောင် လျှိုဝှက်သော အင်္ဂါဇာတ်ကို ဇော်ဥမြင် သိသာစေအပ် ခြင်းဖြစ်တယ်။ ဒါလဲ အစစ်ကို ပြတော်မူခြင်းမဟုတ်၊ အရိပ် အယောင်မျှလောက်သာဖြစ်ပေတယ် မင်းမြတ်'

'မှန်ပါ....အရိပ်အယောင်ပင် ဖြစ်စေ၊ အစစ်ပင်ဖြစ်စေ လျှိုဝှက်အပ်သည်ကို ပြတာကတော့ မပြုသင့်တာကို ပြုတာပဲ မဟုတ်ပါလား ဘုရား'

'မင်းမြတ်....မင်းမြတ်ဆိုတာက လောကကြောင်း တစ်ခု တည်း သဘောမျှဖြစ်တယ်။ ဘုရားရှင်အဖို့မှာကတော့ ကျွတ် ထိုက်တဲ့ သတ္တဝါသည်သာ ပစာနဲ့ဖြစ်တယ်၊ လိုအပ်ရင်းဖြစ် တယ်။

'မင်းမြတ်-ကျမ်းကျင်လိမ္မာစွာသော ဆေးသမား တို့ မည် သည်ရောဂါဝေဒနာတစ်ခုကိုကုသပေးတဲ့အခါမှာဝေဒနာရှင် အခြေအနေအရ အန်ဆေးတိုက်သင့်လဲတိုက်ရမယ်၊ ဝမ်းနုတ် တန်ရင်လဲ နုတ်ပေးရတယ်၊ လိမ်းသင့် လိမ်းပေးရတယ်၊ အငွေ့မိုင်းခံသင့်လဲ ခံရပေတယ်။

'နောက်တစ်ခုကို ဆင်ခြင်ကြည့်ပါဦး-မင်းမြတ်။ကိုယ်ဝန် ဆောင်မိန်းမဘစ်ယောက်ဟာသား သမီးမွေးဖွားဖို့ရာအခက် အခဲဖြစ်နေတယ်ဆိုပါတော့၊ ဒီအခါမှာ မိမိရဲ့လျှိုဝှက်အပ်တဲ့ အင်္ဂါဇာတ်ကို ဆေးသမားဖြစ်သူအား အခြေအနေ အား လျော်စွာ ပြရတာပဲ မဟုတ်ပေဘူးလား'

'ဘုရားရှင်သည်လည်းထို့အတူပင်ဖြစ်ပေတယ်မင်းမြတ်။ ကျွတ်ထိုက်တဲ့သတ္တဝါသည်သာ လိုအပ်ရင်းဖြစ်တယ်။ တစ်ဦး

တစ်ယောက်သောသူဟာ ဘုရားရှင်ရဲ့ နှလုံးသည်းပုတ်ကိုမြင်ရမှ အကျပ်တရားရမယ်ဆိုရင် နှလုံးသည်းပုတ်ကို ပြတော်မူရမှာပါ။

'မင်းကြီး....လာခြင်း ကောင်းတော်မူသော ဘုရားရှင်ဟာ နန္ဒမင်းသားကို ခွေတ်တော်မူတဲ့အခါ နတ်သမီးတို့ရဲ့ဆင်းသွင်မူရာနဲ့ပတ်သက်ပြီး တရားရလိမ့်မယ်ဆိုကာ သိတော်မူတော့ ပထမဦးစွဲနတ်သမီးကွေကိုတွဲမြင်စေတယ်။ ပြီးပြီးပြက်ပြက် ဝင်းလက်ကောက်ပြောင်စွာဆွသောအဆင်းတန်ဆာမျိုးသာ မကသေးဘူး၊ လက်ဖဝါး၊ ခြေဖဝါး၊ အပြင်မှာပဲကတိသောခိုခြေအဆင်းကဲ့သို့ ရဲရဲနီစွာသောနတ်သမီးတွေကို တွေ့ရတဲ့အခါနန္ဒမင်းသားဟာ နတ်သမီးတွေကိုလိုချင်စောနဲ့ဆောက်တည်ရာမရအောင် တုန်လှုပ်ချောက်ချားရတယ်။

'သည်အချိန်မှာ ဘုရားရှင်ဟာ နန္ဒမင်းသားကို လိုအပ်လျော်ကန်သလို ချေခွတ်ဒဿီမူခြင်းအားဖြင့် နန္ဒမင်းသားတဲရားရစေခဲ့ပေတယ်။ စူဠပန္ထကမထေရ်ကို တရားရစေတော်မူတော့လဲ သည်အတိုင်းပဲ၊ စင်စစ်တော့ ဘုရားရှင် သည်လို ပြုမူတော်မူခဲ့တာတွေဟာ တရားပြခြင်း၊ တရားရစေခြင်းဥာဏ်ကျမ်းကျင်လိမ္မာခြင်းပင် ဖြစ်ပေတယ် မင်းမြတ်။

'မင်းမြတ်.... မောဃရာဇပုဏ္ဏားကို တရားရစေတော်မူခဲ့တာမှာလဲဘုရားရှင်ဟာဒုခြေအနေအရကျမ်းကျင်လိမ္မာတော်မူပေတာပဲ။ မောဃရာဇ ပုဏ္ဏားက ဘုရားရှင်ကို သုံးကြိမ်မြောက်တိုင်တိုင် ပြဿနာမေးတယ်။ မြတ်စွာဘုရားက လုံးဝမဖြေဘူး။ အကြောင်းကတော့ သည်လို မဖြေဘဲ နေမှ

မောဃရာဇပုဏ္ဏား မဉ့်နှစ်ယ်ကျိုးလိမ့်မယ်။ တရားရလိမ့်မယ် ဆိုတာသိလို့ တမင်သက်သက် မဖြေဘဲ နေတော်မူခြင်းဖြစ်တယ်။

'ထိုသို့နေတော်မူခြင်းအားဖြင့်လဲ ဓမောဃရာဇပုဏ္ဏားဟာ အင်မဘန်ခက်ထန်ထောင်သွဉ်းတဲ့ မာန်မာနကျိုးအပ်ခုံမျှမကသေးဘူး၊ အဘိညာဉ်ခြောက်ပါးနဲ့ပြည့်စုံတဲ့အဖြစ် ရောက်ရပေတယ်။ အာသံလုံးလွှမ်းခြုံပေါင်းရုံးပြီးဆင်ခြင်ကြည့်လိုက်တော့ ဘုရားရှင်ရဲ့ အပြုအမူတွေဟာ သတ္တဝါတို့ရဲ့ အကျိုးစီးပွားဖြစ်ရေးမှအစ်ကို နည်းပရိယာယ် သဒ္ဓာတရားပြုမှုအားထုတ်တော်မူအပ်တာပဲ ဖြစ်ရပေတယ် မင်းမြတ်'

'မှန်ပါ....အမှန်တရား၏ တန်ဆောင်ဆီမီး ဖြစ်တော်မူခဲ့သော အရှင်မြတ်ဘုရား။

'ဧတ္ထးတောယုံမှားခြင်းကန္တာရတွင်တန်ရုပ်ခိုနားစရာမရှိကျင်လည် နှမ်းပါးခဲ့ရသော တပည့်တော်သည် အရှင်မြတ်၏ ဝေဖန်ဆုံးဖြတ်မှု ရေစင်ဒအားကိုသောက်သုံးရသဖြင့်နှမ်းနယ်ခြင်းကင်းစင်ကာ ပကတိ ကြည်လင် ချမ်းမြေ့ အပ်ပါပြီ။ ကန္တာရမှ ထွက်မြောက်ရာလမ်းခရီးအစကို တွေ့အပ်ပါပြီ။

'ဂိုဏ်းဆရာတို့၏အထွတ်၊ ပဉ္ဇာရှိတို့၏ တမွှတ်ခေါင်ဖျားဖြစ်တော်မူပေသော အရှင်မြတ်ဘုရား....။

'တပည့်တော်၏ ကိုယ်စိတ် နှစ်ပါးလုံးတို့သည် ပင်လျှင် အရှင်ဘုရား၏ ခြေစောင်အစုံကို ခိုလှုံ ဦးညွှတ် အပ်ပါသည် ဘုရား'

မြတ်စွာဘုရားနှင့် နွှတ်ကြမ်း စကားကြမ်း

နာဂဇေသန အရှင်မြတ်ဘုရား.... တပည့်တော် မေးရပါ ဦးမည်။

'ဗုဒ္ဓ ရှင်တော်မြတ်သည် စင်ကြယ် ကောင်းမွန်သော နွှတ်အကျင့်ရှိတော်မူ၏။ ဤအကြောင်းကိုငါမှတစ်ပါး သော သူသည် မသိလေ....ဟု တရားစစ်သူကြီး ဖြစ်သော အရှင် သာရိပုတ္တရာကိုယ်တော်ကြီးက ဆိုတော်မူပါသည်။

'သို့သော် ကလန္ဒသူဌေး၏ သားဖြစ်သူ ရှင်သုဒိန်ကိုမူ လွန်ကျူးမိသော အပြစ်တစ်ခုနှင့် ပတ်သက်၍ မဂ်ဖိုလ်မမှီး အချည်းနှီးသောယောကျ်ားဟူသောစကားဖြင့်ရှုန့်ရင်းကြမ်း တမ်းစွာ ဆိုတော်မူသည်ဟူ၍လည်းသိရပြန်ပါသည်။ရှင်သုဒိန် သည် ဘုရားရှင်၏ ထိုသို့ဆိုတော်မူခြင်းကို ခံရ၍ပင်လျှင် စိတ် ဆင်းရဲကာ မြတ်သောဘုရားကို ထိုးထွင်း၍ မသိနိုင်တော့ဟု ထပ်ဆင့်သိရပါသည်။

'သူကစ်ပါးတို့ နားမချမ်းသာအောင်ဖြစ်စေသည်ဆိုခြင်း မှာ ဘုရားရှင်နှင့် မည်သို့မျှမလျော်ကန်ရာ မယုံကြည်နိုင်စရာ ဖြစ်နေပါသည်။ ကြောင်းရင်းချက်ချာ မှန်ရာကိုရှင်းပြတော် မူပါဦး ဘုရား'

'ဒကာတော်မင်းကြီး....ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး ဆိုတော်မူတာလဲ မှန်ပါတယ်။ ရှင်သုဒိန်ကိုဘုရားရှင်ဆိုတော် မူခဲ့တာလဲ မှန်ပါတယ်။ သို့သော် ရှင်သုဒိန်ကို ဗေဒင်ပုရိသ မဂ်ဖိုလ်မမှီး အချည်းနှီးသောယောကျ်ားလို့ ဆိုတော်မူတာက

ဘုရားရှင်အဖို့မှာ ဒေါသဖြင့်ပြောခြင်းလဲမဟုတ်၊ တမင်သက်သက် ချိုးနှိမ်နှိပ်စက်ပြီး ပြောတာလဲ မဟုတ်ပါဘူး။

'အမှန်တော့-မောဃပုရိသ မင်္ဂုလ်မမှီးအချည်းနှီးသောယောကျ်ားဆိုတာ ရှင်သုဒိန် အခြေအနေပေါ်မှာမူတည်ပြီး အမှန်အတိုင်း ပြောလိုက်ခြင်းလဲ ဖြစ်ပါတယ်။

'မင်းကြီး....ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဟာ မျက်မှောက်ကြုံကြိုက်ရပ်တည်နေဆဲ ဘဝမှာ သစ္စာလေးပါးကို မသိလို့ တစ်မင်္ဂုလ်တစ်ဖိုလ်မဆိုက်နိုင်ဘူး၊ မင်္ဂုလ်ဖိုလ်ဝင်ပုဂ္ဂိုလ်မဖြစ်နိုင်ဘူးဆိုခဲ့ရင် မင်္ဂုလ်မှအပဖြစ်သောသူလို့ ဆိုအပ်ပေတယ်။ သည်သူမျိုးတွေအထဲမှာ ရှင်သုဒိန်ဟာ တစ်ယောက်အပါအဝင်ဖြစ်နေတဲ့အတွက် ဘုရားရှင်က အမှန်အတိုင်း သုံးသုံးသပ်မှုလိုက်ခြင်းလဲ ဖြစ်ပါတယ်'

'အရှင်ဘုရား- တပည့်တော်တို့ ထရားစီရင်မှုသဘောမှာတော့ ဤကဲ့သို့ အဖြစ်မှန်ပေါ်မှာဉာဏ်ပြီး သုံးသုံးခေါ်ဝေါ်ခြင်းလိုပဲ ဆဲရေးခြင်းဖြစ်တယ်လို့ သတ်မှတ်ထားပါတယ်။ အကျိုးကို-အကျိုးလို့ ခေါ်ခဲ့ရင်ဖြစ်စေ၊ အကန်းကို-အကန်းလို့ ခေါ်ခဲ့ရင်ဖြစ်စေ၊ လူတစ်ယောက်အပေါ်မှာ နှိမ့်ချချိုးဖဲ့ပြီးခပြောဆိုတယ်၊ ဆဲရေးတယ်ဆိုပြီး ဒဏ်ငွေတပ်ရိုက်ခြင်းခံရပါတယ် ဘုရား'

'မှန်ပေတယ်မင်းကြီး.... မင်းကြီးတို့ တရားစီရင်ထုံးမှာ ဟုတ်ပါလိမ့်မယ်။ ဒို့သော် သည်လိုနှိမ့်ချပြောဆိုသူက ဆဲရေးတယ်ဆိုပြီး ဒဏ်ငွေဆပ်ခဲ့ရင် အမှုတမ်းချတ်ယွင်းသူ တာဝန်

ဝတ္ထုရှုပ်ပျက်ကွက်သူများ ကျတော့ကော မင်းကြီးတို့ဟာ ခရီးဦးကြိုပြုခြင်း ချီးမြှင့် မြောက်စားခြင်း ပြုလုပ်ကြပါသလား....'

'မှန်ပါ--ထိုသူမျိုးကို ခရီးဦးကြိုပြုရန်အပထား၍ အသက်မဇသျှင်ပင် ကံကောင်းသည် ဆိုရပါမည်။ ထိုသူမျိုးသည် ကြိုမ်းမောင်း ခြိမ်းခြောက်ခြင်းခံရရုံသာ မဟုတ်သေး ရိုက်ပုတ် ထုထောင်းခြင်းကိုပင် ခံရပါဦးမည် ဘုရား'

'မှန်ပေတယ်မင်းမြတ်....ဘုရားရှင်သည်လည်း ထို့အတူပင် ဖြစ်ပေတယ်။ ရှင်သုဒိန်ကို မောဃပုရိသလို့ ဆိုတော်မူတာက ရဟန်းတို့မပြုကောင်းသည်ကိုပြုကျင့်သောကြောင့်ဖြစ်တယ်။ ကျင့်ထိုက်တာကိုမကျင့်လို့ အပြစ်ဆိုတော်မူတာ မဟုတ်ဘူး'

'မှန်ပါ....အရှင်ဘုရားဆိုတာလဲ မမှားပါဘူး၊ သို့သော် ကြားရသူ နားမချမ်းသာတဲ့စကားဆိုခဲ့ဘာ့ မသင့်လျော်ဘူးပေါ့ ဘုရား.... မြတ်စွဲဘုရားကို ချဉ်းကပ်ဖို့ဆိုတာ အရှိန်အဟုန်ကြီးလွန်းတော့ တစ်ချို့နတ်တွေ လူတွေကလဲကြောက်ရွံ့သလို ရှက်သလို ဖြစ်နေကြတယ် မဟုတ်ပါလား ဘုရား၊ ဒီတော့ ရှင်သုဒိန်ကို ဒီလို ပြောလိုက်ဆိုလိုက်တဲ့ သတင်းဟာ ပိုပြီးတော့ပဲ ရှက်စရာကြောက်စရာ ဖြစ်သွားရပါတယ်'

'ကောင်းပြီမင်းမြတ်.... လူတစ်ယောက်ဟာ ဓာတ်ချုပ်လွန်းအားကြီးလို့ ဝမ်းရင်တောင့်တင်းနေမယ်၊ လေအောင့်မယ်၊ စမြင်း ဇာဒါသ ကျပ်ဘည်းနေမယ်ဆိုပါတော့ သည်လူမျိုးကို ဓဆေးဆရာဖြစ်သူက ဓဆေးကြမ်းကြမ်း တိုက်မလား၊ ဓဆေးနုနုတိုက်မလား'

'မုန်ပါ....အစ္ဓမ်းထက်လှတဲ့ ဆေးကြမ်းကြမ်းကိုသာ ကိုက်ပါလိမ့်မယ်ဘုရား'

'ဒကာတော်မင်းကြီး.... မြတ်စွာဘုရားကို ဝေဒနာခွဲကုက်ခဲ့ပြင်းထက်သားစေတဲ့ အစ္ဓမ်းထက်ဆဲ ဆေးကြမ်းကဲ့သို့မှတ်ပါး လာခြင်းကောင်းခဲကဲ့မှသော ဘုရားရှင်ဟာ သတ္တဝါအားလုံးတို့အပေါ်မှာ ကိုလေသာ မီ အလှူ ငြိမ်းဒေးပယျောက်စေခုန်အတွက်သာ. လုံ. လပြုံတော်မူပါတယ်'

'မြတ်စွာဘုရား၏ စကားတော်သည် အပေါ်ယံ အသုံးအနှုန်းကြမ်း သည်တိုင်အောင် အတွင်းသား အနှစ်သာရကာနှုးညံ့ပျော့ပျောင်းလှပါတယ်. သဘောကတော့ ပူသောရေဟာလဲ မြေစိုင်ခဲကို နှုးညံ့စေသလို ဖြစ်ပါတယ်'

'မြတ်သောမင်းကြီး....မိဘနှင်ပါးတို၏စကားဟာ သားသမီးများအပေါ်မှာကရုဏာနှင့်ယှဉ်စပ်နေပါတယ်၊ကောင်းကျိုးချမ်းသာနှင့် ယှဉ်စပ်နေပါတယ်။ဘုရားရှင်ဟာလဲ ထို. အတူသိ မှတ်နိုင်ပါတယ်။ ရှင်သုံဒိန်ကိုဆိုအပ်သည်ဖြစ်စေ၊အခြားသူတစ်ဦးတယောက်ကိုဆိုအပ်သည်ပင်ဖြစ်စေ ကရင်းခံစေတနာသဘောကတော့

ကိုလေသာ ငြိမ်းပျောက်သည့်နှင့်အမျှ မင်္ဂလာပေါက်ဖိုလ်ဝင် ပဋိဂ္ဂုလ်ဖြစ်စေဖို့ပဲပါပဲ မင်းကြီး'

'မှန်ပါ....ကောင်းမြတ်လှပါသည် ဘုရား'

သစ်ပင်က စကားပြောခြင်း

'ဆရာကောင်းဖြစ်တော်မူသော အရှင်မြတ်ဘုရား'

'အို....ပဋိဏ္ဍား....မည်သို့မျှကြားတတ်သိတတ်ခြင်းမရှိသော ဤပေါက်ပင်ကို သင်္ကေသို့ကြားတတ်သိတတ်သူသည်အဘယ့်ကြောင့် မမေ့မလျော့ လုံ့လထုတ်၍ချမ်းသာစွာ အိပ်ရပါ၏ လောဟ မေးမြေးမြ နေရသနည်း'

'ကြို့ပင်သည်.... အို....ဘာရဒ္ဒါဇပဋိဏ္ဍား....ငါ၏စကားကို သင်နာဉီးလော့ဟု ထိုခဏ၌ပင်လျှင် စကားကိုပြောဆို၏'

'ဤစကားနှစ်ရပ်လုံးပင်လျှင် ဘုရားရှင်ဟောဖော်ညွှန်ပြတော်မူခြင်း ဖြစ်ပါသည်။ တစ်ခုနှင့်တစ်ခုလျော်ကန်လိုက်ဖက်ခြင်း မရှိကြောင်းအရှင်ဘုရား ကောင်းစွာ သိတော်မူပြီးဖြစ်ပါသည်။ ဘာ့ကြောင့် ဤကဲ့သို့ဖြစ်နေရကြောင်းကို ဝေဖန်ပိုင်းခြားပြတော်မူပါဘုရား'

'ဒကာတော်မင်းမြတ်.... ကြို့ပင်က ဘာရဒ္ဒါဇပဋိဏ္ဍားကို စကားပြောတယ်ဆိုတာကတော့ တင်စား:ပေါင်းရုံးပြီးပြောတဲ့သဘောသာဖြစ်ပါတယ်။ စင်စစ်က သစ်ပင်ဆိုတာဆွသက်လဲမရှိ၊ထိတွေ့ခံစားမှုလဲ မရှိလေတော့ ဘာရဒ္ဒါဇပဋိဏ္ဍားကို သစ်ပင်တို့က ဘယ်စကားပြောနိုင်ပါ့မလဲ'

'သည်လိုဖြစ်ရဲ့နဲ့ အို....ဘာရဒွါဇပုတ္တာ....ငါ့ရဲ့စကားကို သင်နာဦးလေ့' ....ဆိုတာကြီ့ပင်စောင့်နတ်ကဆိုခြင်းသာ ဖြစ်ပါတယ်။ ဒါကိုပဲလောကအနေနဲ့ တော့ကြီ့ပင်ကစကား ပြောတယ်လို့ တင်စားပြီး ပြောလိုက်ခြင်း ဖြစ်ပါတယ်'

'မင်းမြတ်....စပါးတွေတင်လာတဲ့လှည်းကိုစပါးလှည်းလို့ ခေါ်ကြတယ်။ စင်စစ်မှာ လှည်းကတခြား၊စပါးကတခြား၊ လှည်းက သစ်သားနဲ့ လုပ်တယ်။စပါးက ကောက်ပဲသီးနှံသာ ဖြစ်တယ်။ သို့သော် စပါးတွေ တင်ဆောင်လာတာကို အာ ရုံကြောင်းပြုပြီး စပါးလှည်းလို့ ခေါ်လိုက်တယ်'

'ထို့အတူပဲ စပါးတွေတင်လာတဲ့ လှေကျတော့လဲ စပါး လှေ၊ ဆားတွေတင်လာတဲ့လှေကျတော့လဲ ဆားလှေလို့ခေါ် ကြမှာပဲ ဖြစ်တယ်'

'သည်တော့ သစ်ပင်ကစကားပြောတယ်ဆိုတာလဲပကတိ သစ်ပင်ကပြောခြင်းမဟုတ်၊ သစ်ပင်မှာမှီနေတဲ့ နတ်ကပြော ခြင်းသာ ဖြစ်တယ်။ သည်လို နတ်က ပြောတယ်ဆိုကတည်း ကလဲ ဘုရားရှင်ရဲ့ စကားနှစ်ရပ်ကို မင်းမြတ် သံသယရှိစရာ လိုသေးသလား'

'မှန်ပါ....တပည့်တော် ကောင်းစွာ သဘောပေါက်အပ် ပါပြီ ဘုရား'

အကျိုးပေးကြီးမြတ်သော ဆွမ်းနှစ်မျိုး

'ဘယည်္ဒတော် ဖမးပါရစေဦး ဘုရား'

'မြတ်ဧသဘုရားသည်ရှေပန်းထိမ်သည်သားဖြစ်သူစုန္ဒ၏ ဝက်သား ပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူသော အားဖြင့် ရောဂါဒေဒနာ ပြင်းထန်စွာရတော်မူသည်ဟု သင်္ဂါယနာ တင်ဆက်ဟိုဆိုတော်မူကြပါ၏။

'ထို့နောက် မြတ်စွာဘုရား'ကလည်း-

'အာနန္ဒာ....ဆွမ်းနှစ်မျိုးတို့သည်တူမျှသော အကျိုးရှိ၏။ တစ်ပါးသော ဆွမ်းတို့ထက် အလွန်တရာလျှင် ထူးကဲသော အကျိုးရှိ၏။ထိုဆွမ်းနှစ်မျိုးသည်ကား ငါဘုရား သဗ္ဗညုတ ဉာဏ်ကို ရအံ့ဆဲဆဲ၌ပထမဦးစွာ ဘုဉ်းပေးသုံးဆောင်ရသော သုဇာတာ သတို့သမီး၏နို့ယနှာဆွမ်းနှင့်ငါဘုရားပရိနိဗ္ဗာန် ပြုတော်မူအံ့သောအခါ နောက်ဆုံးအဖြစ် ဘုဉ်းပေးသုံး ဆောင်သောစုန္ဒ၏ဝက်သားပြွမ်း ဆွမ်းတို့ပင် ဖြစ်ပေတယ်' ဟူ၍ ဟောတော်မူခဲ့ကြောင်း သိရပြန်ပါသည်။

'အရှင်ဘုရား....စုန္ဒ၏သားပြွမ်းဆွမ်းသည် အဆိပ်သဖွယ် ဖြစ်ခြင်းကြောင့် အကျိုးကြီးအပ်ပါသလား:....။ဘုရားရှင်၏ အသက်ဇတော်ကို ပျက်စီးစေသောကြောင့် အကျိုးကြီးအပ် ပါသလား:'

'အရှင်ဘုရား....ဤဖြစ်ရပ်မျှားသည်ပရဝါဒီ(တစ်ပါးသော အယူရှိသူမျှား)တို့ ကြားဝင်တိုက်ဖျက်ရန်အခြေအနေဖြစ်နေ ပါသည်။ထို့ပြင်အခါ၌ သူမျှားအဖို့ ဘုရားရှင်သည်ရသာရုံကို

မဆင်ခြင်နိုင်သောအားဖြင့် စုန္ဒာဟ် သားပြန်းဆုံမ်းကို အလှန် အမင်း သုံးဆောင် သောကြောင့်သာ ဝေဒနာပြင်းထန်စွာ ရရှိခံစားရသည်ဟူ၍လည်း ဆင်ခြင်ယူဆဖွယ်ဖြစ်နေပါသည်။

'ကြောင်းကျိုး ဆက်စပ်ခြင်းနှင့်တကွ ကျေနပ်လက်ခံနိုင် ဖွယ်ရာကို ကြားသိပါခဗျာ'

'မြတ်သောမင်းကြီး....ဆွမ်းခံသုပ်မျိုး၏ အကျိုးပေး ကြီး မြတ်ပုံချင်းတူမျှကြောင်းကို ဘုရားရှင် ဟောတော်မူခဲ့တာ မှန်ပါတယ်။ ဘုရားရှင်၏ ဘစ်သက်သာ ကာလ အတွင်း၌ အကြိမ်ပေါင်းများစွာသော ဆွမ်းဘိုကို သုံးဆောင်တော်မူခဲ့ ရပါလျက် သည်ဆွမ်းမျိုးကျမှ အကျိုးဘရားအင်မတန် ကြီး မြတ်တယ်။ တန်ခိုးအာနိသင် ထူးကဲတယ် ဆိုတာကတော့ အကြောင်းခိုင်လုံမှု ရှိပါတယ်'

'မင်းမြတ်.... ဘုရားရှင်ဟာ သည်ဆွမ်းနှစ်မျိုးကို ဘုဉ်း ပေး သုံးဆောင်ချိန်မှာ သမာပတ် ကိုးပါးကို အပြန်ပြန် အလှန်လှန်ဝင်စား အားတုတ်တတ်မူထားခြင်းကြောင့် ဖြစ် ပါတယ်'

'မှန်ပါ....မြတ်စွာဘုရား ဝမ်းသက် ကျွေးရခြင်းမှာ စုန္ဒ၏ သားပြုမ်းဆွမ်းကြောင့် ဖြစ်ပါသလား ဘုရား'

မဟုတ်ဘူးမင်းမြတ် . ဒီမှုက ဆွမ်းမှာ ခွဲတ်ယှင်းချက် မရှိပါဘူး။ အရသာလဲ ဘင်မတန်ကောင်းတယ်။ ကြည်ဂ် လွယ်ခြင်းလဲ ရှိပါတယ်။ နတ်တွေကလဲ သည်ဆွမ်းဟာဖြင့် ဘုရားရှင် နောက်ဆုံးအကြိမ်အဖြစ် သုံးဆောင်ရသော ဆွမ်း ဖြစ်တယ်ဆိုပြီး နတ်သုဒ္ဓါတွေ ထည့်လိုက်ကြတယ်'

'စင်စစ်တော့ ဘုရားရှင် ဝေဒနာရတော်မူတာဟာ စုန္ဒရှေပန်းထိမ်သည်၏ သားပြုမ်းဆွမ်းကြောင့် မဟုတ်ပါဘူး။ ဘုရားရှင်ဟာ သည်အချိန်မှာ အင်မတန် အားနည်းနေတော်မူတယ်။ အသက်တော် ကုန်ခါနီးဖြစ်လေတော့ ပင်ကိုဝေတ်ခံအား လျော့ပါးနေချိန်လဲ ဖြစ်တယ်'

'သဘောကတော့ အရှိန်အဟုန် ပြင်းစွာ လောင်ကျမ်းနေတဲ့ မီးပုံကြီးကို နောက်ထပ် လောင်စာသစ်တွေ့ ထည့်ပေးလိုက်သလိုဖြစ်တယ်။ ရေစီးအားကောင်းပြီးသား အပေါ်မှာ မိုးကြီးသည်းထန်စွာ ထပ်မံ ရွာချလိုက်သလိုလဲ ဖြစ်တယ်။ ပင်ကိုယ်က အင်အားနည်းပါးနေလေတော့ နောက်ထပ်ဝေဒနာသစ်ရဖို့ လွယ်ကူတဲ့ အခြေအနေမျိုး ဖြစ်နေပါတယ်'

'မှန်ပါ....ဘုရားရှင်သည် သမာပတ်ကိုးပါးကို အပြန်ပြန် အလှန်လှန် ဝင်စားပွားများတော်မူခြင်းမှာ ဘုရားဖြစ်တော်မူသောနေ့နှင့် ပရိနိဗ္ဗာန် စံလွန်တော်မူရသောနေ့၊ နှစ်နေ့တည်းသာ ဖြစ်ပါသလား ဘုရား'

'မှန်ပေါ့တယ် မင်းမြတ်....ထိုနှစ်နေ့တည်းသာလျှင် ဖြစ်ပေတယ်'

'မှန်ပါ.... အလွန်အကြူး အထူးသဖြင့် အံ့သြဖွယ်ပင် ဖြစ်ရပါတော့သည်ဘုရား။ ဘုရားရှင်၏ တစ်သက်တာကာလ အတွင်း၌ ထူးမြတ်လှစွာသော အသဒိသ အလှူဒါနတွေ့ မြောက်မြားစွာရှိလင့်ကစား ဤဆွမ်းနှစ်မျိုး၏အကျိုးအာနိသင်ကိုမူ မည်သို့မျှ မမီနိုင်၊ မနှိုင်းယှဉ်နိုင် ဖြစ်ရပါတော့သည်'

'အရှင်မြတ်ဘုရား.... အစဉ်အာဒေးလျော်စွာ ဝင်စားပွဲးများအပ်သော သမာပတ်ကိုးပါးဟူသည် ဂုဏ်ကျေးဇူးအလွန်ပင်ကြီးမားလှပါသည်။ ထိုဂုဏ်ကျေးဇူး အစွမ်းအာနိသင်ကြောင့်ပင်လျှင် သုဇာတာ သနာနို့ဆွမ်း အလှူသည်သည်း ကောင်း၊ စုန္ဒ၏ဝက်သားပြွမ်း အလှူသည် လဿ်းကောင်း နှိုင်းရာမမြင် ယှဉ်မရအောင် မြင့်မြတ် ထူးကဲလှပါပေသည် ဘုရား'

မြတ်စွာဘုရားနှင့် ပူဇော်မှု

အရှင်ဘုရား... မြတ်ဒသာဘုရားသည်-

'အာနန္ဒာ.... သင်တို့သည် ငါဘုရား အလောင်းဟော်ကို လှူဒါန်း ပူဇော်မှုအတွက် ကြောင့်ကြစိုးရိမ်ခြင်း မရှိကြကုန်လင့်' ဟု ဆိုတော်မူခဲ့ပါသည်။

နောက်တစ်ဖန်လည်း-

'ပူဇော်ထိုက်သော ဘုရားရှင်၏ သရီရဒဝတ်တော်တို့ကို ပူဇော်သူသည် နတ်ပြည်သို့ ရောက်ကုန်လတ္တံ့' ဟူ၍ မိန့်တော်မူပြန်ပါသည်။

'ဤစကားနှစ်ရပ်၏အဆက်အစပ်မှာ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသည်နှင့် စပ်လျဉ်း၍ မှန်ကုကို ဝေဖန်ပိုင်းဖြတ်တော်မူပါဦးဘုရား'

'မင်းမြတ်....'ငါ ဘုရား အလောင်းတော်ကို လှူဒါန်း ပူဇော်မှုအတွက် ကြောင့်ကြ စိုးရိမ်ခြင်း မရှိကြကုန်လင့်—' ဆိုတာက အာဒေးလုံးဒသာ လူနတ်ဗြဟ္မာတွေအတွက် ရည်စူးဆို

တာမဟုတ်ဘူး၊ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်တွေ အတွက်သာ ဖြစ်ပေတယ်'

'မင်းမြတ်....ဘုရားရှင်ကို တစ်စုံတစ်ခုသော ဝတ္ထုပစ္စည်း ဖြင့် လှူဒါန်း ပူဇော်အပ်တယ်ဆိုတာက ဘုန်းသာ၊ဝတော် သံဃာမျာ၊အတွက် မဟုတ်ဖပဘူး၊ရဟန်းသံဃာမျာ၊အဖို့မှာက သင့်ဘင့်သောနှလုံးသွင်းဆင်ခြင်မှုဖြင့် သန်ါရတနာ၊တွေကို လေ့လာသုံးသပ်ဖို့၊ သတိပဋ္ဌာန်တရား ရှုမှတ်ဖို့၊ ကိလေသာကို နှိုင်အောင်တိုက်ဖို့ မဂ်ဖိုလ်ရအောင် ကျင့်ကြံအား၊ထုတ်ဖို့သာ ဖြစ်ပေတယ်'

'ဝတ္ထုပစ္စည်း ဆီမီး၊ အဓမ္မနှံ့သာစသည်မျာ၊ဖြင့် လှူဒါန်း၊ပူဇော်ခြင်း၊ပြုဖို့က ဘုရား၊သာ၊ဝေါ်မျာ၊မှအပဖြစ်ဘဲ လူနှတ်ပြဟ္မာတွေအတွက် ဖြစ်တယ်'

'မင်းမြတ်.... နှိုင်း၊စရာတစ်ခု ရှိပါတယ်'

'ဆင်အတက်၊ မြင်း၊အတက်၊ ရထား၊အတက်၊ ခေး၊ခုတ်လုံထိုး စက်ကြိုး၊ယန္တရား၊အတက်၊စစ်ဆင်စစ်ထိုး၊အတဲတ် အစရှိတာတွေဟာ ဘုရှင့်သား၊တော် မင်း၊သြမင်း၊သား၊မျာ၊းသင်အပ်တတ်အပ်ကျွမ်း၊ကျင်လိမ့်၊ဘအပ်တဲ့အတတ်မျာ၊းဖြစ်ကြပါတယ်'

'သည်ပြင် လယ်ထွန်ကောက်စိုက်၊ ပျိုးနုတ် ပေါင်း၊သင်၊ သစ်ပင်စိုက်၊ ရေမြောင်း၊သွယ်၊ ဓေ့၊ဝယ်စေ့၊ရောင်း အစရှိတာတွေကတော့ သာမန်လူမျာ၊း ဆင်း၊ရဲသား၊မျာ၊း သင်ကြား တတ်မြောက်ရမယ့် အတတ်ပညာတွေ့ ဖြစ်ကြပါတယ်'

'ဘုရား၊ရှင်နှင့်ရဟန်း၊သံဃာတော်မျာ၊းဟာလဲ ထို့အတူပဲ မင်းမြတ်၊ ရဟန်း၊သံဃာမျာ၊းအဖို့မှာက ဘုရား၊ရှင်ရဲဂုဏ်တော်

ကျေးဇူးတော်တွေကို အသေအချာသိပြီး ဖြစ်တာလဲ တစ်ကြောင်း၊ အလေးအနက် ကြည်ညိုပြီးသာဖြစ်တာလဲ တစ်ကြောင်းဆိုတော့ ဝတ္ထုပစ္စည်း တစ်စုံတစ်ရာဖြင့် လှူဒါန်း ပူဇော်မှုဆိုတာ လိုအပ်လှတယ်လို့ မဆိုသာတော့ဘူး။

'ဘုရားရှင် ဆိုဆုံးမတော်မူထားတဲ့ ဝိနည်းဒေသနာတော်အတိုင်း တိတိကျကျလိုက်နာဖို့ မဂ်ဖိုလ်ရအောင် ကျင့်ကြုံအားထုတ်ဖို့သာ လိုအပ်ရင်းဖြစ်ပေတယ်။ သည်ပြင် လူနတ်ဗြဟ္မာဆိုတာတွေကတော့ ဇရာန်းသံဃာတော်များနဲ့ နှိုင်းစာလိုက်ရင် ဘုရားရှင်အပေါ်မှာ သဒ္ဓါတရားအားဖြင့်ပင် ဖြန်စေ၊ ကိုးကွယ် ဆည်းကပ်မှုအားဖြင့် ပင်ဖြစ်စေ လျော့နည်းတဲ့သဘောပဲ ရှိပေတယ်။

'ထို့ကြောင့်ပင် ငါဘုရား၏ သရီရ ဓာတ်တော်တို့ကို ပူဇော်ကိုးကွယ်သူတို့သည် နတ်ပြည်သို့ ရောက်ကြကုန်လတ္တံ့-လို့ မိန့်ဆိုမှာထားတော်မူအပ်ခြင်း ဖြစ်ပေတယ်'

'မှန်ပါ....ယခု ဆိုအပ်သည်ကို တပည့်တော် ကောင်းစွာလက်ခံပါသည်။ သို့သော် မိမိကပည့်သား သံဃာတော်များနှင့် ပတ်သက်ရာ၌ကား ဘုရားရှင်သည် အရှင်ဘုရား မိန့်တော်မူအပ်သည့်အတိုင်းဆိုလျှင် လိုအပ်ရင်းဖြစ်သော မဂ်ဖိုလ်ဆိုက်ရေးကိုသာ အားစိုက်ဖို့မှာသာ[illegible]ကြောင့်မူဘဲ 'အာနန္ဒာ....ငါဘုရား အဓိလောင်းတော်ကို လှူဒါန်းပူဇော်ဖို့ ကြောင့်ကြစိုးရိမ်ခြင်း မပြုကြကုန်လင့်' ဟူ၍ အတော့်မလိုအပ်ရာကို ဘာ့ကြောင့် ထုတ်ဖော်မှာကြားခဲ့ရပါသနည်း ဘုရား'

'မင်းမြတ်....ဘုရားရှင် ဤကဲ့သို့ မှာထားဘော်မူရတာက တခြားကြောင့်မဟုတ်ဘူး၊ သည်လို အထူးတလည် မှာတော် မမူခဲ့ရင် ဘုရားရှင်၏ တပည့်သားသံဃာတော်တို့သည် အခြား မည်သည့်အမှုကိုမျှမပြုနိုင်ဘဲ ဘုရားရှင်(မိမိ)အား လှူဒါန်း ပူဇော်ခြင်းအမှုဋ္ဌသာ လုံ့လပြုအချိန်ကုန်နေမည်ကို ကြိုတင် သိဒတော်မူသော အားဖြင့် မှာထားခဲ့ရခြင်း ဖြစ်ပေတယ် မင်းမြတ်'

'မှန်ပါ....သင့်မြတ်လျော်ကန်အပ်ပါသည် ဘုရား'

ကျောက်ချပ်လှာ မထိခိုက်သင့်ခြင်း

'အရှင်ဘုရား.... မြတ်စွာဘုရားကြွမြန်းတော်မူရာဌာနသက် မရှိသော မြေကြီးကပင်လျင် နိမ့်ရာတွင်မြင့်ပေးသည်၊မြင့်ရာ တွင် နှိမ့်ပေးသ့ည်ဟု သိရပါသည်။ ဘို့စင်လျက် မြတ်စွာ ဘုရား ခြေတော်ကို ကျောက်ချပ်လှာက လာရောက် ထိခိုက် မိရပါသေးသည်။

'မြေကြီးကပင်လျင် နိမ့်ရာတွင် မြင့်ပေးသည်။ မြင့်ရာ တွင်နိမ့်ပေးသည်ဆိုခဲ့လျင် ကျောက်ချပ်လှာကလည်းမြေကြီး ပမာပင် ဘုရားရှင်ခြေတော်ကို လုံးဝ မထိခိုက်မိလေအောင် ရှောင်ကွင်းသင့်သည် မဟုတ်ပါလား ဘုရား'

'ရှေ့တစ်မျိုး နောက်တစ်စုံ စင်စစ် မယုံကြည်ချင်စရာ ဖြစ်နေသော ဤအစွန်းနှစ်ဖက်ကို အရှင်ဘုရား၏ အမှန်တရား သန်လျက်ဖြင့် ပယ်ဖျက်ခုတ်ထွင်တော်မူပါဦး ဘုရား'

'ဒကာတော် မင်းမြတ်.... မြတ်စွာဘုရား ခြေတော်ကို ကျောက်ချပ်လွှာလာရောက်ထိခိုက်မိတာသူ့ အလိုအလျောက် မဟုတ်ပေဘူး။ ဘုရားရှင် အပေါ်မှာ ကမ္ဘာတစ်သိန်းမက ရန်ငြိုး ကြီးလာခဲ့တဲ့ ဒေဒဒတ်က အိမ်လုံး ပမာဏ ရှိတဲ့ ကျောက်တုံးကြီးကို ကျောက်မောင်းဆင်ပြီး ချလိုက်ရာက တစ်ဆင့် လာရောက် ထိခိုက်မိရခြင်း ဖြစ်တယ်'

'မင်းမြတ်....ဘုရားရှင် ကြွလာတော်မူချိန်မှာ ဒေဝဒတ်က ယန္တရားစက်အစုမ်းဖြင့်ကျောက်တုံးကြီးကိုလှိမ့်ချလိုက်ဘယ်။ ဒီအခါမှာ အခြားကျောက်တုံးနှစ်ခုက အဲဒီ လိမ့်ကျလာတဲ့ ကျောက်တုံးကြီး ရှေ့က ကာဆီးချပ်ကိုင်တဲ့ သဘောမျိုး ခခံထားတယ်။

'ဒီတော့ ကျောက်တုံးသုံးခုဟာ အင်ပတန်အချိန်အဟန် ပြင်းစွာ ထိခိုက်တိုက်ခတ်မိရာက တစ်ဆင့် ကျောက်ချပ်လွှာ အစအနတွေ ကဲ့ထွက် လွှင့်စင်ကုန်တယ်။ ဒီလိုလွှင့်စဉ်လာတဲ့ ကျောက်ချွန်လွှာဟစ်ခုက ဘုရားရှင် ခြေတော်ကိုလာရောက် ထိခိုက်မိခြင်းဖြစ်ပေဘယ် မင်းမြတ်'

'မှန်ပါ....အခြားကျောက်တုံးနှစ်ခုကပင်လျှင် ကျောက်တုံးကြီးရှေ့မှာ ကာဆီးထားသည်ဆိုလျှင် ကျောက်ချပ်လွှာကလည်း ဘုရားရှင့်ခြေတော်ကို မထိခိုက်မိ ဖြစ်သင့်သည်သာ မဟုတ်ပါလား ဘုရား'

'မှန်ပေတော့ မင်းမြတ်....သို့သော် ကျောက်ချပ်လွှာက အာရုံပြင်းစွာ လွှင့်စဉ်လာအင်အားသောကြောင့် ဘုရားရှင့်ခြေ

တော်ကို တိုက်တိုက်ဆိုင်ဆိုင် လာရောက် ထိခိုက်မိရခြင်းသာ ဖြစ်ပေတယ်။

'မင်းမြတ်.... ရေကို လက်ခုင်နဲ့ ခပ်ယူတဲ့အခါ လက်အကြားက ယိုယွင်းမကျပေဘူးလား'

'ကျပါတယ်ဘုရား'

'သဲကို ယူဟဲ့အခါကျတော့ကော မင်းမြတ်'

'မှန်ပါ....သဲကလဲ ယိုကျတာပါပဲ ဘုရား'

'မှန်ပေတယ်မင်းမြတ်....ဘုရားရှင်ရဲ့ခြေတော်ကိုကျောက်ချင်လဲ ထိခိုက်မိတာဟာလဲ ထို့အတူပါပဲ၊ စင်စစ်ဟာ့ကျောက်ချပ်လဲ ဘုရားရှင်ခြေပေါ်သို့ကျရောက်ထိခိုက်တာဟာ ဒေဝဒတ်ကို ပိုပြီး အကုသိုလ်ကြီးစေဖို့ ဖြစ်ရပေတာပဲ မင်းမြတ်'

သာမဏာမည်အပ်ခြင်းအကြောင်း

'နာဂသေန အရှင်မြတ်ဘုရား....တပည့်တော် သိချင်ပါသေးသည်။

'မြတ်စွာဘုရားသည် အာသဒေါတရားကုန်ခြင်းကြောင့် 'သာမဏ' မည်၏' ဟောတော်မူပါသည်။ သို့သော် သည်းခံခြင်းအစရှိသော တရားလေးပါးနှင့် ပြည့်စုံသောသူကိုလည်း 'သာမဏ' မည်၏' ဟူ၍ ဟောတော်မူပြန်ပါသည်။

'ဤစကား နှစ်ရပ်သည် အလေးအနက် ကဲပြားရာကို တစ်ပေါင်းတည်းပြုရာ ရောက်နေပါသည်။ အာသဒေါတရား



သေလပုဏ္ဏား၊ ငါဘုရားသည် မင်းဖြစ်၏။ အတုမရှိသော တရားမင်း ဖြစ်၏။ သူတစ်ပါးတို့ လည်ပတ်ခြင်းငှာ မစွမ်းနိုင်သော ဒေသနာစက်ကြီးကို ငါဘုရားသည် ကောင်းစွာ လည်ပတ် ပျံနှံ့နိုင်စွမ်း ရှိတော်မူ၏။

ကုန်သောပုဂ္ဂိုလ်နှင့် သည်းခံခြင်းအစရှိသော တရားလေးပါး ပြည့်စုံသူဆိုသည်မှာ မနှိုင်းယှဉ်နိုင်လောက်အောင်ပင် ကဲပြားကွာခြားနေပါသည်။

'အရှင်ဘုရား.... သည်းခံခြင်း၊ အစာအာဟာရကို ရှောင်ကြဉ်ခြင်း၊ ဒုစ္စရိုက်ကို ပယ်ခြင်း၊ ကြောင့်ကြာခြင်းခြင်း ဆိုသည်မှာ ကိလေသာမကင်းသော သူ၌ပင်လျှင် ရှိနိုင်စွမ်းသော တရားများ ဖြစ်ပါသည်။

'ကြောင်းရင်းမူလ ပစ္စာနဘေခံကို မှန်သည့် အကိုင်းဆိုညွှန်းတော်မူပါဦး ဘုရား'

'ဒကာတော် မင်းမြတ်.... စကားဆိုမူ ဟောပြောမှုနှင့် စပ်လျဉ်းလို့ သဒ္ဒာအား လျော်စွာ ကဲပြားထူးခြားခြင်းကို အကြောင်းတိုက်ဆိုင်ရာမှာ မင်းမြတ်အား ထုတ်ဖော် သိသာစေခဲ့ပြီး ဖြစ်ပါတယ်။

'သဘောကတော့ အကြောင်းရပ် ဘစ်ခုကို စိုက်ရိုက် သိသာစေအပ်သော အဖြောင့်ဆိုနည်း သွယ်ဝိုက်တင်စား၍ သိသာစေအပ်သော အကောက်ဆိုနည်းဟူ၍ နှစ်မျိုးနှစ်နည်း ရှိနေပေတယ်။

'မင်းမြတ်....အာသဝေါတရား ကုန်ခြင်းကြောင့် သမဏာမည်၏လို့ ဘုရားရှင်ဟောခဲ့တာ မှန်တယ်။ အာသဝေါတရားလေးပါးကုန်သူဟာ နှိုင်းယှဉ်စရာမရှိအောင် မြင့်မြတ်နေတယ်'လို့ မင်းမြတ်ဆိုအပ်ကာလ ခြင်းချက်မရှိ မှန်ကန်လှပါတယ်။

'သို့သော်-ဘုရားရှင်က သည်းခံခြင်းစတဲ့တရားလေးပါး နဲ့ပြည့်စုံသူကိုလည်း သမဏမည်တဲ့လို့ ဆိုတော်မူလိုက်တာကတော့ သဘောချင်းတူညီရာကို သိမ်းသွင်း ပေါင်းရုံးပြီး ဆိုညွှန်းတင်စားလိုက်ခဲ့သဘော ဖြစ်ပါတယ်။

'မင်းမြတ်.... လောကမှာ ပန်းအမျိုးမျိုးရှိတဲ့ အနက် မိုးစေ့ပန်းကို အမြတ်ဆုံးလို့ သိမှတ်ထားကြပါတယ်။ထို့အတူ စပါးအမျိုးမျိုးရှိတဲ့အနက်မှာလဲ သလေးစပါးကိုသာအမြတ်ဆုံးလို့ သိမှတ်ထားကြပါတဲ့ယ်။

သို့သော် မိုးစေ့ပန်းလိုမြတ်တဲ့ အမျိုးအစားထဲ ပါတဲ့အခြားပန်းတွေ ရှိအပ်သလို သလေးစပါးလို မြတ်တဲ့အထဲ ပါတဲ့ အခြားစပါးမျိုးတွေလဲ ရှိနေပေတယ်။

အာသဝေါကုန်သူမို့ သမဏမည်တယ်၊ သာဓုနရတရားလေးပါးနှင့်ပြည့်စုံလို့ သမဏမည်တယ်ဆိုတာလဲဆို့အတူသာဖြစ်ပေတယ် မင်းမြတ်။ အကြောင်းအာဒေလျှော်စွာ မြင့်မြတ်ထူးကဲပုံချင်း ကွာခြားတာတော့မှန်တယ်၊ သို့သော် သူတော်ကောင်းတရား သဘောချင်းတူရာမို့ သွယ်ဝိုက် တင်စားသောအားဖြင့် ပေါင်းရုံးပြီး ဆိုလိုက်ခြင်းဖြစ်ပါတယ်။

ဘုရားရှင်မှအပ ရဟန္တာပုဂ္ဂိုလ်ကို အမြတ်ဆုံးလို့သတ်မှတ်တာဟာလဲ ထို့ထိုမြင့်မြတ်သူတွေအဆဲမှာ အာသဝေါတရားလေးပါး ကုန်ခန်းစျုပ်ငြိမ်းတာကိုအကြောင်းပြုပြီး ခေါ်ဆိုထားမှတ်ကြခြင်း ဖြစ်မှာပေတယ် မင်းမြတ်'

'မှန်ပါ....ကြောင်းကျိုးခြင်းရာ ဖြောင့်မတ် မှန်ကန်လှပါသည် ဘုရား'

မိမိဂုဏ်ကို ချီးကျူးထုတ်ဖော်ခြင်း

'အရှင်ဘုရား....မြတ်စွာဘုရားသည် တပည့်သား ရဟန်း အပေါင်းတို့အား 'ရဟန်းတို့....သူတစ်ပါးတို့က ငါဘုရား၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ တရားတော်၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ သံဃာတော်၏ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ ချီးမွမ်းပြောဆိုကြသည့်အခါ သင်တို့သည် နှစ်လိုဝမ်းမြောက်ခြင်း၊ တက်ကြွထောင်လွှားခြင်း မဖြစ်ကြလေနှင့်....' ဟူ၍ ပြောဆို မှာထားခဲ့ပါသည်။

သို့သော်--သေလပုဏ္ဏားက ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ချီးကျူးသောအခါ ဘုရားရှင် ကိုယ်တော်တိုင်ပင် လျှင် ဝမ်းမြောက်တက်ကြွခြင်းဖြစ်ကာ....

'သေလပုဏ္ဏား-ငါဘုရားသည် မင်းဖြစ်၏၊ အတုမရှိသော ဘုရားမင်းဖြစ်၏။ သူတစ်ပါးတို့လည်ပတ်ခြင်းငှာ မဒုမ်းနိုင်သော ဒေသနာစက်ကြီးကို ငါဘုရားသည် ကောင်းစွာ လည်ပတ် ပို့နှံနိုင်စွမ်း ရှိတော်မူပေ၏'ဟူ၍ မိမိကိုယ်တော်တိုင်၏ ဂုဏ်ကျေးဇူးကို အတိုင်းထက်အလွန် ချီးမွမ်း ပြောဆိုတော် မူပါသည်။

'အရှင်မြတ်ဘုရား.... ဤခြင်းရာ နှစ်ရပ်သည် စိုးစဉ်းမျှ အာပစ္စယ်ကန်ခြင်းမရှိပါ။ ဘုရားရှင် အပေါ်တွင်လည်း အထင်အမြင် လွဲမှားချင်စရာ ဖြစ်နေရပါသည်။ အမှန်တရား အောင်တံခွန်ကို လွှင့်ထူတော်မူပါဦး ဘုရား'

'မင်းမြတ်.... သေလပုဏ္ဏားကို ဘုရားရှင်က မင်းမြက် ဆိုအပ်သည့်အတိုင်း ဆိုပြန်မိန့်မြွက်တော်မူခဲ့တာမှန်ပါတယ်။

သို့သော်- ဒီလိုမီန့်တော်မူခဲ့တာက လာဘ်လာဘကို မျှော်လင့်လို့ အကျော်အစောကို မက်မောလို့ သေလ ပုဏ္ဏား အပေါ် ဆရာလုပ်ချင်လို့ မိန့်မြွက်တော်မူခြင်း မဟုတ်ဘူး။

'သေလပုဏ္ဏားအပေါ် သနားအပ်သည့်နှင့်အမျှ ဒီလိုဘို့ မြွက်တော်မူလိုက်ရင်ဖြင့် ပထမဦးစွာ သေလပုဏ္ဏား တရား ရလိမ့်မယ်၊ နောက်- သေလပုဏ္ဏားကိုအကြောင်းပြုပြီး သူ့၏ တပည့် သုံးရာတို့သည်လည်း တရားရကြလိမ့်မယ် ဆိုတာကို ကြိုတင်သိမြင်တော်မူခြင်းအားဖြင့် လိုအပ်သည့် အားလျော်စွာ ဆိုတော်မူလိုက်ခြင်းသာ ဖြစ်ပါတယ်။

'မင်းမြတ်....ဘုရားရှင်ဟာ စကားဆိုတော်မူရာမှာ ခိုင်လုံသော အကြောင်းအချက်ရှိပါတယ်။ ရဟန်း သံဃာမျှားကို မှာထားတော်မူခြင်းသည် လည်းမကောင်း၊ သေလပုဏ္ဏားကိုလည်း ဆိုမြွက်ခြင်းသည်လည်းကောင်း၊ ကောင်းကျိုးဖြစ်စေခြင်းအတွက်သာလျှင် ဆိုတော်မူအပ်ခြင်း ဖြစ်ပါတယ်'

'မှန်ပါ....တပည့်တော် သိအပ်ပါပြီ ဘုရား'

နှိပ်စက်ခြင်း-ချီးမြှောက်ခြင်း

အရှင်မြတ်ဘုရား....'လောကဥစ္စာတစ်ပါးအား မည်ဉီးဆဲသော သူတို့ကို ချစ်အပ်-မြတ်နိုးအပ်သည်' ဟူ၍ ဘုရားရှင် ဆိုတော်မူခဲ့ပါသည်။ တစ်ဖန်လည်း 'နှိပ်စက်ထိုက်သူကိုနှိပ်စက်ရာ။ ချီးမြှောက်တိုက်သူကို ချီးမြှောက်ရာ၏' ဟု ဆိုတော်မူပြန်ပါသည်။

'အရှင်ဘုရား....နှိပ်စက်ခြင်းဆိုသည်မှာ လက်ခြေကို ဖြတ်ခြင်း၊ ချုပ်နှောင်ခြင်း၊ ရိုက်နှက်ကန်ကျောက်ခြင်း၊ သတ်ဖြတ်ခြင်းစသည်မျှား ဖြစ်ပါသည်။ ဤအပြုအမူမျှားသည် ဘုရားရှင်နှင့်မည်သို့မျှ လျော်ကန်လိုက်ဖက်ခြင်း မရှိပါ'

'ဘုရားရှင်သည် မိမိနှင့်မလျော်ကန်ရာကို အမှတ်မဲ့ဆိုတော်မူရာရောက်နေပါသည်။ အမှန်ကို သိပါရစေဦးဘုရား'

'ဒကာတော်မင်းမြတ်....ပထမဦးစွာသော စကားကတော့ သူတော်ကောင်းမျှဉ်းရဲ့ ထုံးတမ်းစဉ်လာ ကောင်းမြတ်သော အမူအကျင့်ကို ဆိုညွှန်းအပ်ခြင်း ဖြစ်ပါတယ်။ ခပ်သိမ်းသော ဘုရုံးရှင်တို့၏ အလိုတော်လည်းဖြစ်ပါတယ်။ တံရားတော်ရဲ့ သဘော်သဘာဝလဲ ဖြစ်ပါတယ်။

ဒုတိယစကား- 'နှိပ်စက်ဘန်နှိပ်စက်ရမယ်၊ ချီးမြှောက်တန် ချီးမြှောက်ရမယ်'ဆိုတာကတော့ အရင့်အရင် ပြောခဲ့ဖူးသလို သွယ်ဝိုက်တင်စားသောအားဖြင့် ပြောအပ်ခြင်း ဖြစ်ပါတယ်။

ဖင်းမြတ်.... နှိပ်စက်တန် နှိပ်စက်ရမယ် ဆိုတာ မင်းမြတ်သိနေတဲ့ လူလူချင်း လူတစ်ဦးက တစ်ဦးအပေါ် နှိပ်စက်ညှဉ်းပန်းခြင်းမျိုးကို ဆိုလိုတာ မဟုတ်ပေဘူး။ စင်စစ် ဘုရားရှင်ရည်ညွှန်းတော်မူရင်းက လူခပ်သိမ်းတို့ရဲ့ စိတ်နေသဘော ထားကျင့်ကြံပြုမူပုံကို ရည်ညွှန်းတော်မူရင်း ဖြစ်ပါတယ်။

'မင်းမြတ်....နှိပ်စက်တန် နှိပ်စက်ရမယ်ဆိုတာ စိတ်ဓေတ်နှင့် တိုက်ရိုက် ပတ်သက်ပါတယ်'

'လူဘစ်ယောက်ဟာ စိတ်ဓာတ်ခဏာင်လွှား တက်ကြွနေလွန်းလျှင် မိမိကိုယ်မိမိ နှိပ်စက်သောအားဖြင့် စိတ်ဓာတ်ကို ချိုးနှိမ်ဖိနှိပ်ပေးရမယ်။ တကယ်လို အကြောင်းအမျိုးမျိုးအရ သိမ်ငယ်နိမ့်ကျလွန်းနေရင်လဲ မိမိကိုယ် မိမိ ချီးမြှောက်သောအားဖြင့် စိတ်ဓာတ်ကို မြှင့်မြှောက်ပေးရမယ်။ ထက်သန်တက်ကြွစေရမယ်။

ဒီ ထက် ပြည့်စုံအောင်ပြောရရင် မိမိစိတ်က မကောင်းမှုဘက်မှာ အင်မတန်ထက်သန်ပြင်းပြနေတယ် ဆိုပါစေတော့၊ ဒီအခါမှာ မကောင်းတဲ့စိတ်ဓာတ်ကို နှိပ်စက်ပြီး၊ကောင်းတဲ့ဘက် ရွှေ့ပြောင်းယူရမယ်။ ကောင်းပြီးသား ဆိုပြန်တော့လဲ ကောင်းသည်ထက်ကောင်းအောင် ချီးမြှောက် အားပေးရမယ်။

'မင်းမြတ်....မိမိကိုယ်တိုင်ရဲ့စိတ်ဓာတ်ကို ဤကဲ့သို့ လိုအပ်သလို ပြုပြင်သကဲ့သို့ပဲ အခြားသူများနှင့် ပတ်သက်ရာမှာလဲ မကောင်းသူကို တွေ့ဘဲ့အခါ ဖိနှိပ်ရမယ်။ ကောင်းသူကို တွေ့တဲ့အခါ ချီးမြှောက်ရမယ်။ ခိုးသားဓားပြကို နှိပ်စက်ရမယ်။ လူတော် လူကောင်း ချီးမြှောက်ရမယ်'

'မှန်ပါ.... အရှင်ဘုရားစကားက တဖြည်းဖြည်းနဲ့ တပည့်တော်ဘက်ကို ဦးလှည့်လာပြီ။ တပည့်တော်ပြောခဲ့ရင်းစကားနဲ့ အရှင်ဘုရားစကားက ထပ်ဘူညီမျှ ဖြစ်လာပြီ။ သို့သော် ဒါကိုထားလိုက်ပါတော့ဘုရား.... တပည့်တော် ထပ်မံသိချင်တဲ့က ခိုးသားဓားပြကို ဘယ်လိုနှိပ်စက်ရမယ် ဆိုဘာဖြစ်ပါတယ်'

'မင်းမြတ်....ခိုးသားဓားပြကိုနှိပ်စက်တယ်ဆိုတာ ဆဲဘန်ဆဲရမယ်၊ဒဏ်ပေးတန်ပေးရမယ်။ သည့်ပြင်နိုင်ငံကို နှင်ထုတ်တန် ထုတ်ရမယ်။ချုပ်နှောင်တန်ရင် ချုပ်နှောင်ထားရမယ်၊ သတ်တန်ရင် သတ်ရမယ် မင်းမြတ်'

'မှန်ပါ ဤသို့ဆိုလျှင် တပည့်တော် မေးပါရစေဦးဘုရား၊ ခိုးသားဓားပြကို သတ်ဖြတ်ညှဉ်းဆဲတာမှာ ဘုရားရှင် ခွင့်ပြုတော် မူအာပ်ပါသလား'

'မပြုပေဘူး မင်းမြတ်'

'ဘာကြောင့်လဲ ဘုရား'

'မင်းမြတ်....ခိုးသားဓားပြကို သတ်ဖြတ် ညှဉ်းဆဲတယ်ဆိုတာ ဘုရားရှင်အလိုတော်ကျ မဟုတ်ဘူး၊ ဘုရားရှင် အလိုတော်အတိုင်း သတ်ရတာမဟုတ်ဘူး၊ သူ့အပြစ်နဲ့သူ ခံရခြင်းသာဖြစ်တယ်။ တိုင်းပြည်ကို စိုးမိုးအုပ်ချုပ်သူတို့၏ တရားစီရင်မှုသာ ဖြစ်တယ်။

'မင်းမြတ်.... မင်းမြတ်ဟာ အပြစ်မရှိသူ လူကောင်းတစ်ယောက်ကို ဖမ်းပြီး နှိပ်စက်နိုင်ပါ့မလား'

'မနှိပ်စက်နိုင်ပါ ဘုရား'

'ဘာကြောင့်လဲ မင်းမြတ်'

'သူ့မှာ အပြစ်မရှိလို့ပါ ဘုရား'

'မှန်ပေတယ်မင်းမြတ် ...ခိုးသားဓားပြကို သတ်ဖြတ်တယ်ဆိုတာ ဘုရား[illegible] ဘာမျှမဆိုင်ဘူး၊ သူ့အပြစ်နှင့်သူ ခံရ[illegible] ဘဲ။ မင်းမြတ်.... ကောင်းသူကို

ချီးမြှောက်ရမယ်၊ဆိုးသူကို နှိပ်စက်ရမယ်ဆိုတဲ့ စကားနဲ့ပတ်သက်လို့ ဘုရားရှင်ကို တစ်စုံတစ်ရာ အပြစ် ဆိုဆိုက်သလား

'မှန်ပါ။ မည်သို့မျှမဆိုထိုက်ပါ ဘုရား'

'မှန်ပေတယ် မင်းမြတ်။ ဘုရားရှင်ဟာ ကောင်းသည်ကို ညွှန်ပြ၍ မကောင်းသည်ကို တဲ့းမြစ်တော်မူခြင်းသာ ဖြစ်ပေတယ်။မလျော်ကန်ဆုကို မိန့်ဆိုတော်မူခြင်းမဟုတ်ဘူး'

'မှန်ပါ တပည့်တော် သိအပ်ပါပြီဘုရား'

ရဟန်းတို့ကို နှင်ထုတ်ခြင်း အကြောင်း

'တပည့်တော် သိပါရစေဦးဘုရား'

မြတ်စွာဘုရားသည် 'ငါဘုရားအား အမျက်ဒေါသ မရှိ၊ နှလုံးသား မသန့်စင်ခြင်းလည်းကင်းတော်မူ၏' ဟုကိုယ်တော်တိုင်ဖွင့်ဟတော်မူခဲ့ပါသည်။

သို့သော်.... လာခြင်းကောင်းတော်မူသောဘုရားရှင်သည် ရှင်သာဂရိပုတ္တာရာနှင့်ရှင်မောဂ္ဂလာန်တို့ကို နှင်ထုတ်တော်မူသည်ဟုလည်း သိရပြန်ပါသည်။

'အရှင်ဘုရား....ဤအခြင်းအရာ နှစ်ခုပ်သည်လည်း တစ်ခုနှင့်တစ်ခု အဆက်အစပ်မရှိပါ။အဓိပ္ပာယ်ချင်း ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသည်နှင့်အမျှ ပရဝါဒီတို့ ကြားဝင် နှောင့်ယှက်ဖွယ်လည်း ဖြစ်နေရပါသည်။

'အရှင်ဘုရားနှင့်သာ လျော်ကန်သည့်အတိုင်း အမှုန်ကို ဝေဖန်ပိုင်းခြား ပြတော်မူပါဦးဘုရား'

'ဒကာတော်မင်းမြတ်၊ အရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ကို မြတ်စွာဘုရား နှင်ထုတ်တော်မူတာက အမျက်ထွက်လို့မဟုတ်ပဲ ဘာ့ကြောင့် လူတစ်ယောက်ဟာ ခြေချော်လို့ ဖြစ်စေ၊ ခလုတ်တိုက်လို့ ဖြစ်စေ မတော်တဆ အမှတ်မထင် ချော်လဲအပ်သကဲ့သို့သာ ဖြစ်ပါတယ်။

'မင်းမြတ်၊ လူတစ်ဦးတစ်ယောက်ဟာ သည်လို အမှတ်မထင် ချော်လဲတဲ့အခါ မြေကြီးက စိတ်ဆိုးလို့၊ အမျက်ထွက်လို့ တမင်သက်သက် လိမ့်လဲခြင်းဖြစ်လေ့အောင်ပြုလုပ်တာယ်လို့ ဆိုနိုင်သလား'

'မဆိုနိုင်ပါ ဘုရား၊ မြေကြီးဟာ အမျက် ထွက်ခြင်း၊ ဝမ်းသာရွင်ပျခြင်း မရှိပါ။ ချစ်ခြင်း မုန်းခြင်းလဲ မရှိပါ။ မြေကြီးထဲတွင် လိမ့်လဲသူသည် သတိမထား၍ဖြစ်စေ၊ တွေဝေငေးမောနေ၍ဖြစ်စေ မိမိ၏ချွတ်ယွင်းမှုအား လျော်စုံသာ လိမ့်လဲကျရခြင်းသာ ဖြစ်ပါသည်ဘုရား'

'ဘုရားရှင်ကိုလည်း ထိုသို့ပင်သိမှတ်နိုင်ပေတယ်မင်းမြတ်၊ ဘုရားရှင်တွင် အမျက်ထွက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ချစ်ခြင်း မုန်းခြင်းတို့ ကင်းအပ်ပေတယ်။ စင်စစ်တော့နှင်ထုတ်ခြင်းခံရတယ်ဆိုတာ အမျက်ထွက်၍ နှစ်သက်လိုလားခြင်း မရှိ၍မဟုတ်၊ အခြားတစ်စုံတစ်ရာ ရှိခြင်းကြောင့်သာ ဖြစ်ပေတယ်။

'မင်းမြတ်၊ မဟာသမုဒ္ဒရာဟာ မည်သည့် အကောင်ပုပ်ကို မျှ လက်မခံ၊ မိမိ၏ လှိုင်းတံပိုးအာဟုန်ဖြင့် ကမ်းဝပ်ကုန်းခြေပေါ်သို့သာ လွှင့်တင်လိုက်လေ့ရှိတယ်။ သည်လိုအကောင်

ပုပ်တွေကို ကမ်းစပ်ပေါ် လှဲတင်ပေးလိုက်တာဟာ အမျက်ထွက်လို့ စက်ဆုပ်မုန်းထားလို့ လှဲတင်ပစ်လိုက်တာလား'

'မဟုတ်ပါဘုရား'

'မှန်ပေတယ်မင်းမြတ်.... ဘုရားရှင်သည်လည်း သမုဒ္ဒရာကဲ့သို့သာဖြစ်ပေတယ်။ အမျက်ထွက်ခြင်း၊ ဝမ်းမြောက်ရွှင်ပျခြင်း၊ ချစ်ခြင်း မုန်းခြင်း ကင်းဆေပ်ပေတယ်။ ရဟန်းတို့ကို နှင်ဆုတ်တော်မူခြင်းမှာ သူတို့အပြစ်နှင့် သူတို့သာ ဖြစ်ပေတယ်။

'မင်းမြတ်..... လာခြင်းကောင်းတော်မူသော ဘုရားရှင်ဟာ ရဟန်းတို့၏အကျိုးစီးပွားကိုသာအလိုရှိတော်မူပါတယ်။ သည်လိုအကျိုးကိုလိုလားသောကြောင့်ပင်ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းလွတ်ရာတရားကို ပွားများအားထုတ်နိုင်ဖို့အတွက် နှင်ထုတ်တော်မူအပ်ခြင်းဖြစ်ပါတယ် မင်းမြတ်'

'မှန်ပါ....သင့်မြတ်လျော်ကန်လှပါသည် ဘုရား'

တန်ခိုးစွမ်းထက် ကံစွမ်းထက်

'အရှင်ဘုရား....တပည့်တော်မေးသမျှကိုပင် အရှင်ဘုရားကလည်း ပြည့်စုံတိကျစွာဖြေတော်မူခဲ့သည်ချည်းဖြစ်ပါသည်။ တပည့်တော်ကွင် သံဃာယ ရှင်းအပ်သည်နှင့်အမျှ စိတ်နှလုံးချမ်းမြေ့ရသည်လည်း အမှန်ဖြစ်ပါသည်။

သို့သော် ဤအတွင်းမှာပင်အနည်းငယ်ကလေးမျှလက်မခံချင်လောက်အောင် မယုံကြည်ချင်လောက်အောင် ဖြစ်နေရ

သောအကြောင်း တစ်ခုရှိပါသေးသည်။ ထိုအကြောင်းမှာ ကားရှင်မော်ဂ္ဂလာန်ကိုယ်တော်ကြီး၏ တန်ခိုးအစွမ်းနှင့်ပတ်သက်၍ပင် ဖြစ်ပါသည်။

အရှင်မြတ်ဘုရား၊ မြတ်စွာဘုရားသခင်သည် ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးအား တန်ခိုးအရာတွင် အမြတ်ဆုံးပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုတော်မူခဲ့ပါသည်။ သို့သော် ထိုရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးသည်ပင်လျှင်လောက်လေးတို့ဖြင့်ပစ်ခတ်ခြင်းခံရ၍ ပရိနိဗ္ဗာန်ပြုရသည်ဟု သိရပြန်ပါသည်။

အရှင်မြတ်ဘုရား တန်ခိုးအရာတွင် အမြတ်ဆုံးဖြစ်တော်မူသော ရှင်မောဂ္ဂလာန်သည် လောက်လေးဖြင့် ပစ်ခတ်ခံရခြင်းအမှုကို မိမိ၏တန်ခိုးတော်အားဖြင့် ဘာ့ကြောင့်မရှောင်ကွင်းနိုင်ရပါသနည်း ဘုရား....။

တန်ခိုးအရာတွင် စင်စစ်အမြတ်ဆုံး မဟုတ်သောကြောင့် ပင်လောက်လေးတို့ဖြင့် ပစ်ခတ်ခံရခြင်းကို မရှောင်ကွင်းနိုင်ဖြစ်ရပါသလော။ သို့မဟုတ် လောက်လေးတို့ဖြင့် ပစ်ခတ်ခံရခြင်းဆိုသည်မှာပင်လျှင် မှားယွင်းလေသလော....

တပ္ပည့်တော်သည် ဤသံသယ ခရီးကြမ်းတွင် လူးလာတုံ့ခေါက်၊ အဖန်ဖန် လျှောက်နေမိခြင်းအား ဖြင့် နှလုံးစိတ်ဝမ်းပင်ပန်းနွမ်းနယ်လှပါပြီ။

နတ်နှင့်တကွသော လူအပေါင်းတို့၏ ကိုးကွယ်ဆောက်တည်ရာ ဖြစ်တော်မူပေသော ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်သည်မိမိနှင့် မည်သို့မျှ ဆက်စပ်လျှော်

ကန်ခြင်းမရှိသောအမှုဖြင့် ပရိနိဗ္ဗာန် ပြုရရှာပေသည် ဟူသော အတွေးဖြင့်လည်း တပည့်တော်၏နှလုံးသားသည် ပမာ မပြတတ်အောင်ပင် ကျွမ်းမြည့်ကြကွဲခဲ့ရပါပြီ....။

အမှန်တရား၏ မကိုင်ဆွဲသရဖူ ဖြစ်တော်မူပေသော အရှင်မြတ်ဘုရား။

တပည့်တော်၏ သံသယမြူမှောင်ကိုအရှင်မြတ်၏ ဘဒ္ဒါတရားအလင်းရောင်ဖြင့် ဖွိုခွင်းတိုက်ဖျက်တော်မူပါဦး ဘုရား'

'ကောင်းလှပါပြီမင်းမြတ်....ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးဟာ ဘုရားရှင် ဆိုအပ်သည့်အတိုင်းတန်ခိုးဖော်အထူးမှာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တာလဲ မှန်ပေတယ်။ လောက်လေးတို့ဖြင့် ပစ်ခတ်ခံရ၍ ပရိနိဗ္ဗာန် ပြုတော်မူရသည်လည်း စင်စစ်မှန်ပေတယ်။

ဒီလိုဖြစ်ရတာလဲ ရှင်မောဂ္ဂလာန်၏အကုသိုလ်ကြောင့်ပင် ဖြစ်ရပေတယ် မင်းမြတ်....'

'မှန်ပါ....အကုသိုလ်ပင်မှန်စေ၊တန်ခိုးတော်ဖြင့်ပယ်ဖျက်နိုင်ကောင်းသည်မဟုတ်ပါလား ဘုရား၊ အရှင်မြတ်ဘုရား.... သီးသီးကိုအားထိုရှိသူသည် အပေါ်ထက်မှသီးသီးကိုမိမလက်တွဲသီးမှသီးသီးဖြင့်ပင် ပစ်ချ၍အပါသက်သည်၊ အကုသိုလ်ကံအစွမ်းကိုလည်း တန်ခိုးတော်အစွမ်းဖြင့် ပယ်ဖျောက် ပစ်နိုင်ကောင်းသည်သာ မဟုတ်ပါလား ဘုရား'

'မင်းမြတ်,...က'တရား၌ ဆန်းကြယ်မှုနှင့် တန်ခိုးတော်၌ ဆန်းကြယ်မှုဟာ မကြုံစည်နိုင်သော အစိန္တေယျအရာများ ချည်းဖြစ်ပါတယ်။ သို့သော်က အစုမ်းနှင့်တန်ခိုးတော်အစုမ်းမှာ က'အစုမ်းကသာ ပိုမိုထက်မြက်ပေတယ် မင်းမြတ်။

မြေကြီးပေါ်မှာ ရပ်တည်နေကြသူချင်းဘဒဘာ့မှန်တယ်။ သို့ဆိုသော် ဒီလူတွေ အားလုံးအပေါ်မှာ မင်းအဖြစ် စိုးမိုးအုပ်ချုပ်သူကသာကျန်လူတွေအားလုံးကို လွှမ်းမိုးတယ်၊အာဏာရှိတယ်။

က'တရားဟာလဲ ထို့အတူပဲမင်းမြတ်.... အစိန္တေယျချင်းအတူတူ မကြုံစည်အပ်တာချင်း အတူတူဖြစ်ပေမယ့် က'တရားကသာ ဒီ့ပြင်အားလုံးအပေါ်မှာ လွှမ်းမိုး နိုင်စွမ်းရှိတယ်။ အကုသိုလ်က'လွှမ်းမိုးလာပြီဆိုရင် ဘယ်လိုမှပြုပြင်ပြောင်းလဲနိုင်ခွင့် မရှိဘူး။ က'တရား၌စီမံမှုကို ဘယ်လိုမှ မခရွာင်ကွင်းနိုင်ဘူး။

မင်းမြတ်၊ လူတစ်ယောက်ဟာ မင်းပြစ် မင်းဒဏ်သင့်တဲ့အခါမိဘဆွေမျိုးတွေ မြောက်မြားစွာ ရှိတယ်ထား၊ ဘာမှမတတ်နိုင်ဘူး။အသာပဲ လက်လွှတ်ထားရတယ်။ အကြောင်းကတော့ အပြစ်ဒဏ်သင့်ခံရသူဟာ မင်းနှင့် ဆန့်ကျင်ဘက်မကောင်းမှုတွေကို ပြုလုပ်ကျူးလွန်လာလို့ပဲ ဖြစ်တယ်။

တောမီးအကြိုး အကျယ် လောင်တဲ့အခါလဲ ထို့အတူပဲ၊ ရေအိုးပေါင်းတစ်ဒေထောင်နဲ့ လောင်းသည့် တိုင်အောင် မီးမငြိမ်းနိုင်ဘူး။ အကြောင်း ကတော့ မီးအရှိန် အဟုန်က

ကြီးမားလွန်းလို့ပဲ ဖြစ်တယ်။ မီးအင်အား များနေတဲ့အခါ မီးကပဲ အနိုင်ရတဲ့သဘော ဖြစ်တယ်။

'မင်းမြတ်.... မကြံစည်အပ် မကြံစည်နိုင်သော အစီအဆေယျ အပေါင်းမှာ က'၏အကျိုးပေးကသာလျှင် အားလုံးအပေါ်မှာ လွှမ်းမိုးနိုင်စွမ်းရှိပေတယ်။ ဩဇာအာဏာ သက်ရောက်နိုင်စွမ်းရှိပေတယ်။

ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီး ပရိနိဗ္ဗာန် ပြုရတာဟာ ဒီသဘောပဲ မင်းမြတ်။ တန်ခိုးတော်အရာမှာ ဇာတဒဂ်ရာတာတော့မှန်ပါ၏တယ်။ သို့သော် တန်ခိုးတော်ရဲ့ အစွမ်းက က'ဘရားရဲ့ အစွမ်းကို မလွှန်ဆန်နိုင်ဘူး၊ မဖယ်ရှားနိုင်ဘူး။ ထို့ကြောင့်ပင် လောက်လေးပေါင်း မျှားစွဲနဲ့ ပစ်သတ်ခံရခြင်း ဆိုတဲ့ အကုသိုလ်က'အစွမ်းကို ခံယူသွားရခြင်း ဖြစ်ပေတယ်'

'မှန်ပါ....သင့်တဲ့လျောက်ပတ်ပါသည်ဘုရား'

ဖုံးအပ်ခြင်းနှင့် ဖွင့်အပ်ခြင်း

'အရှင်ဘုရား....မြတ်စွာဘုရားသည်....

'ရဟန်းအပေါင်းတို့.... ငါဘုရား ဟောတော်မူအပ်သော သုတ္တန် အဘိဓမ္မာ ဝိနည်း တရား တော်သည်ဟင်းလင်းပွင့်သော်ကား တင့်တယ်၏။ ဖုံးလွှမ်းထားသည် ရှိသော် မထွန်းပ မတင့်တယ်'ဟု ဆိုတော်မူခဲ့ပါသည်။ ထို့နောက် တစ်ဖန်လည်း....

ပါတိမောက်ကို ပြခြင်း၌ စင်စစ်လျှင် 'ဝိနည်းပိဋကတ် ကို ပိတ်အပ်၏။ ဖုံးလွှမ်းထား အပ်၏' ဟု တစ်မျိုးတစ်ဖုံ ဆိုဘော်မူခဲ့ပြန်ပါသည်။

'အရှင်မြတ်ဘုရား၊ ဘုရားရှင်၏ သာသနာတော်၌ အခါ အခွင့်သင့်တင့်လျော်က်ပတ်ခဲ့လျှင် ဝိနည်းပညတ်တော်ကို ဖွင့် ထားမှသာ တင့်တယ်ပါလိမ့်မည်။အကြောင်းမူကား ဝိနည်း ဒေသနာတော်၌ အကျင့်သိက္ခာစောင့်စည်းမှု၊ မြဲမြံလုံခြုံစွာ ထိန်းသိမ်းဆောက်တည်မှု၊ သီလ၏ ဂုဏ်ကျေးဇူး၊ အနက် အဓိပ္ပာယ်၏ ဂုဏ်ကျေးဇူး၊ တရားတော်၏ ဂုဏ်ကျေးဇူး၊ သန့်ရှင်းစင်ကြယ်မှု၏ ဂုဏ်ကျေးဇူးစသည်တို့ များပြားပြည့်စုံ စွာ ရှိအပ်သောကြောင့် ဖြစ်ပါသည်။

'အရှင်မြတ်ဘုရား....တစ်စုံတစ်ရာ ဖုံးကွယ် ထိန်းချုပ်ခြင်း မပြုဘဲ ဖွင့်ထားမှသာ ထွန်းပတင့်တယ်မည်ဆိုသော စကား နှင့် 'ပိတ်အပ်၏၊ ဖုံးလွှမ်းထား အပ်၏' ဆိုသောစကားမှာနား မလည်နိုင်စရာ ဖြစ်ရပါသည်။ ရှေ့နောက်မညီ တစ်မျိုးစီ တစ်ဖုံစီ ကွဲပြားလွဲမှားရာရောက်နေပါသည်။

'အကြောင်းရင်း အခြေခံကို မှန်သည့်အတိုင်း သိပါရစေဦးဘုရား'

'ဒကာတော်မင်းမြတ်....'ပါတိမောက်ကိုပြခြင်း၌ ဝိနည်း ပိဋကတ်ကိုပိတ်အပ်၏။ ဖုံးလွှမ်း ထားအပ်၏' ဆိုတာက အားလုံးကုန်လို့ ဆိုလိုဘာမဟုတ်ပါဘူး။ လိုအပ်လျော်ကန် သရွေ့သာ ပိုင်းခြားပြီး ဆိုတော်မူအပ်ခြင်း ဖြစ်ပါတယ်။

'မင်းမြတ်.... ပါတိမောက် ပြခြင်းကို ဘုရားရှင်ဟာ အကြောင်းသုံးမျိုးနဲ့ ပိတ်ထားတော်မူအပ်ပါတယ်။

၄ရှုးဘုရားရှင်တို့၏ အနှယ်တော်

မင်းမြတ်.... ပါတိမောက်ပြခြင်းကို ရုဟန်းတို့ အသယ်၌သာ ပြတော်မူ၍ ရဟန်းမှတစ်ပါး ကျန်လူများအတွက် ဖုံးကွယ်ထားတာဟာ ရှေးရှေးသော ဘုရားရှင်တို့၏ဆက်နွယ်စဉ်လာ ဖြစ်ပါတယ်။

သဘာဝကဘာ့ မင်းများနဲ့ ပတ်သက်တဲ့ ရာဇပရိယာယ်ဆိုတာ မင်းများသာလျှင် ကျင့်သုံးအပ်တယ်။ သီအပ် နားလည်အပ်တယ်။ကျန်တိုင်းသူပြည်သားတွေနဲ့ မသက်ဆိုင်ဘူး၊ မအပ်စပ်ဘူးဆိုတဲ့ သဘောပါပဲ။

'မင်းမြတ်....ပါတိမောက်ပြတော်မူခြင်းဆိုတာလဲ ရဟန်းများနှင့်သာ သက်ဆိုင်ပါတယ်။ လူတွေသိဖို့ မဟုတ်၊ လူတွေ ကျင့်သုံးဖို့ မဟုတ်။ ထို့ကြောင့်လဲ လူများအတွက်မှာ ပါတိမောက်ကို ပိတ်ပင်ဖုံးကွယ် ထားတာဟာ ရှေးရှေးသော ဘုရားရှင်တို့ရဲ့ အစဉ်အလာ ဖြစ်ခဲ့ပါတယ်'

လေးမြတ် လိုက်နာဖွယ်

'မင်းမြတ်....ပါတိမောက်ဆိုတာလဲ အင်မတန် တာဝန်ကြီးလေးလှပါတယ်။ ဖြောင့်မှန်စွာ ကျင့်ကြံမယ်၊ ပြည့်စုံစွာ

ကျင့်ကြံခဲ့မယ်ဆိုရင် အရဟတ္တဖိုလ် အထိ ဆိုက်ရောက်နိုင်ပါ တယ်။ အကယ်၍ ဖြောင့်မှန်စွာ လိုက်နာကျင့်ကြံခြင်း မရှိခဲ့ ရင်လဲ အရဟတ္တဖိုလ်ကို မဆိုက်ရောက်နိုင် ဖြစ်ပါသည်။

'သည်တော့ကျွန်တော်သို့ အရဟတ္တဖိုလ်အထိ ဆိုက်ရောက်နိုင် စွမ်းသောတရားတော်ဟာ ကောင်းစွာကျင့်ကြံလိုက်နာခြင်း မရှိသူတွေ့လက်ထဲ ရောက်သွားခဲ့ရင် ဘာမျှနားမလည်တတ် သည့်နှင့်အမျှ အထင်အမြင် အယူအဆ လွဲမှားစရာဖြစ်နိုင်တဲ့ အတွက်ကြောင့်လဲ ပါတိမောက် ပြခြင်းကို အပိုင်းအခြားနဲ့ ထိမ်ချန် ဖုံးကွယ်ထားအပ်ခြင်း ဖြစ်ပါတယ်။

ရဟန်းအဖြစ် မြင့်မြတ်ခြင်း

'မင်းမြတ်....ရဟန်းဘဝဆိုတာ အလွန်ဘရာ မြင့်မြတ်လှ ပါတယ်။ နှိုင်းယှဉ်စရာ မရှိလောက်အောင်ဘဲ အဖိုးတန်လှ ပါတယ်။ မည်သူ တစ်ဦးဘစ်ယောက်ကမျှ တန်ဖိုးဖြတ်ခြင်း နှိုင်းယှဉ် ဆုံးဖြတ်ခြင်း မပြုစွမ်းနိုင်အောင်ဘဲ မြင့်မြတ်ထူးကဲ လှပါတယ်။

ဒီလို... နှိုင်းယှဉ်စရာမရှိ မြင့်မြတ် ထူးကဲလှတဲ့ ရဟန်း အဖြစ် ရဟန်းဘဝကို လူတွေ၊ နတ်တွေနဲ့မကဲမပြားသီးခြား

ကန့်သတ်မှုမရှိ တူညီနေမှာ စိုးတဲ့အတွက်ကြောင့်လဲ ပါတီမောက်ပြတော်မှုခြင်းကို အပိုင်းအခြားနဲ့ ဟန့်တားဖုံးကွယ်ထားခြင်း ဖြစ်ပါတယ်။

မင်းမြတ်....လောကမှာအဖိုးထိုက် အဖိုးတန်ကောင်းစွာသောပစ္စည်းမှန်သမျှဟာမင်းဖြစ်သူအထံကိုရောက်ရပါတယ်။ မင်းတို့၏ အသုံးအဆောင် ဒုဆင်တန်ဆာ ဖြစ်ရပါတယ်။ ဘုရားရှင်၏ဟောပြောဆုံးမမှု၊သင်ကြားပို့ချမှုမှန်သမျှဟာလဲ ထို့အတူဖြစ်ပါတယ်။ ဘုရားရှင်၏ တပည့်သာဝကရဟန်းသံဃာတော်များ အထံသို့သာ ရောက်ရှိရပါတယ်။

သည်လို ရောက်ရှိတာနဲ့ လျော်ညီစွာလဲ ဘုရားသာဝကတော်များဟာ ဘုရားရှင်၏ သွန်သင်ညွှန်ကြားမှုအတိုင်း ကျင့်ကြံအားထုတ်ကြပါတယ်။ ကျင့်ကြံမှု အားလျော်စွာလဲ ရဟန်းအဖြစ် ရဟန်းဘဝဆိုတာ လူ-နတ်-ဗြဟ္မာတို့၏ဘဝနှင့်အလွန်တရာမှပဲ ကွဲပြား ခြားနားလှပါတယ်။ ဒါကြောင့်လဲရဟန်းများနဲ့သာ အပ်စပ် လျော်ကန်တဲ့ ပါတိမောက် ဒေသနာတော်ကို သိမ်အပိုင်းအခြားပြု၍ ပြအပ်ခြင်း၊ ဖုံးကွယ်ထားအပ်ခြင်း ဖြစ်ပေတယ်'

'မှန်ပါ...ကောင်းမြတ်လှပါသည် ဘုရား'

မုသားနှစ်မျိုး အကျိုးချင်းမတူ

'အရှင်မြတ်ဘုရား၊ဘပည့်တော်မေးလျှောက်ရပါဦးမည်။

မြတ်စွာဘုရားသခင်သည်-

'သိပါလျက် ချွတ်ယွင်းသော မှုသားစကားကို ဆိုခြင်းကြောင့် သာသနာတော်မှ ဆုံးရှုံးသည်'ဟူ၍လည်းကောင်း၊

'သိပါလျက် ချွတ်ယွင်းသော မုသားစကားကို ဆိုခြင်းကြောင့် လဟုက အာပတ်အဖြစ်သို့ ရောက်၏။ တစ်ဦးသော ရဟန်းအထံတွင် ဒေသနာ ကြားခြင်းဖြင့် ကုစား၍ရ၏'ဟူ၍လည်းကောင်း နှစ်မျိုးနှစ်ခု ဆိုတော်မူခဲ့ပါသည်။

အရှင်မြတ်ဘုရား....ဤစကားနှစ်မျိုးသည်ရှေ့နှင့်နောက် မည်သို့မျှ ဆက်စပ် ညီညွတ်ခြင်း မရှိကြောင်း အရှင်ဘုရားကောင်းစွာသိပြီး ဖြစ်ပါသည်။

ပရဝါဒီတို့ အပြစ်ဆိုစရာ အစွန်းနှစ်ဖက် ထွက်လာအောင် ပြုနိုင်သော ဤပြဿနာကိုလည်း ဖြေရှင်း ပေးတော်မူပါဦး ဘုရား'

'ဒကာတော်မင်းမြတ်.... စကားနှစ်ရပ်လုံးပင် မြတ်စွာဘုရားဆိုအပ်တော်မူခဲ့တာ မှန်ပါတယ်။ သို့သော် စောစောကပြောခဲ့ပြီးသလိုပဲ စကားအဓိပ္ပာယ်က တစ်မျိုးစီ ဖြစ်ပါတယ်။ တစ်ခုက အလေးအနက်ဖြစ်သောအကြောင်း၊ တစ်ခုက သာမန်မျှသောအကြောင်း ဖြစ်ပါတယ်။

မင်းမြတ်....လူတစ်ယောက်ဟာ တစ်ဦးသောသူကို လက်သီးနဲ့ထိုးတယ်ဆိုပါတော့၊ သည်အခါ အပြစ်ဒဏ် ဘယ်လို ထိုက်သင့်သလဲ'

'မှန်ပါ....ဒဏ်ငွေ ထပ်ရိုက်ခြင်း ခံရပါသည်ဘုရား'

'အကယ်၍ အဲဒီလူကပဲ သင်-မင်းမြတ်ကို လက်သီးနဲ့ထိုးခဲ့ရင်တော့....အပြစ်ဒဏ် ဘယ်လိုထိုက်သင့်မလဲ'

'မှန်ပါ-လက်ခြေတို့ကိုဖြတ်ခြင်း၊သို့မဟုတ် ဦးခေါင်းကို ဖြတ်ခြင်း ခံရလိမ့်မည်ဘုရား။ ထို့ပြင် ထိုသူ၏ နေအိမ်အဆောက်အအုံကို သိမ်းပိုက်ခြင်း၊ ဆွေခုနစ်ဆက်မျိုးခုနစ်ဆက်တိုင်အောင် အပြစ်ဒဏ်ပေးခြင်းများ ခံရပါလိမ့်မယ်ဘုရား'

'ကောင်းပြီ မင်းမြတ်....လက်သီးနဲ့ အထိုးခံရဘာချင်း အတူတူ ဖြစ်ပါလျက် အပြစ်ဒဏ်ကျတော့ ဘာကြောင့် သည်ရှေ့ သည်မျှ ကွာခြားနေရသလဲ'

'မှန်ပါ....လက်သီးနဲ့ ထိုးတာမှန်ပေမယ့်အထိုးခံရသူချင်း ကျတော့အလေးအနက် ကွဲပြားကွာခြားနေလို့ပါဘုရား'

'ဘုရားရှင် ဆိုအပ်တော်မူခဲ့တာလဲ သည်အတိုင်းပဲ မင်းမြတ်၊ မဟုတ်မမှန် ပြောဆိုတာချင်းတော့ အတူတူပဲ။ သို့သော် ပြောဆိုတဲ့ ...ကြောင်းအရာပေါ်မှာ မူဘည်ပြီး အကြီးအသေး အဓိကအဓိပါ ကွာခြားသွားရခြင်း ဖြစ်ပေတယ်'

အလောင်းတော်တို့၏ အဖြစ်အလာ

'အရှင်ဘုရား.... ဘုရားရှင်သည် အလောင်းတော်တို့၏ စမ္မတာသဘောကို ဟောတော်မူဘဲအခါမှာ....

'ရှေးဦးအစ ဗျာဒိတ် ခံတော်မူစဉ် အခါကပင် ဘုရားလောင်း၏မိဘနှစ်ပါးကိုသိမှတ်မိပြီးဖြစ်သည်။ ပဉ္စင်္ဂတော်မူရာဇာခိုင်ကိုသည်းကောင်း၊ အဂ္ဂသာဝကကိုလည်းကောင်း၊ သားတော်ကို လည်းကောင်း၊ အလုပ်အကျွေးကိုလည်းကောင်း ကောင်းစွာ သိမှတ်မိပြီးဖြစ်သည်' ဟူ၍ ဟောတော်မူခဲ့ပါသည်။

သို့သော် တုသိတာနတ်ပြည်၌ ရှိနေစဉ် ကြည့်ခြင်းကြီး ရှစ်ချိုးဖြင့် ကြည့်တော်မူဘဲအခါ....

၁။ ဘုရားဖြစ်တော်မူရန် အခါကာလ
၂။ ဘုရားဖြစ်တော်မူရာ ကျွန်း
၃။ ဂုဉ်းမြင်တော်မူရာ ဒေးရပ်
၄။ ဖြစ်ရာ အမျိုးဇာတ်
၅။ မယ်တော်ဖြစ်ရမည့်သူ
၆။ မယ်တော်၏ အသက်အပိုင်းအခြား
၇။ ဖွားမြင်ဘော်မူမည့် နေ့ရက်ကာလ
၈။ ဟောထုတ်အံ့ဆောဘ အခါကာလ ဟူ၍ ရှစ်မျိုး သောကခြေအာနေတို့ကို ကြည့်ရှုဆင်ခြင်သည်ဟု သိရပါသည်။

အရှင်မြတ်ဘုရား.... ဉာဏ်မရင့်ကျက်ခဲ့သော် သစ္စာလေးပါးတရားကို သိမြင်နိုင်ဖို့မရှိပါ။ ရင့်ကျက်ခဲ့ပြီးလျှင်လည်း ယခုဆိုခဲ့ပြီးသည်တို့ကို အထူးတလည် ကြည့်ရှုဆင်ခြင်နေရန် မလိုအပ်တော့ပါ။

အရှင်မြတ်ဘုရား.... ဘုရားလောင်း (အလောင်းတော်နတ်သား) သည် အဘယ့်ကြောင့်လျှင် ဤကြည့်ခြင်းကြီးရှစ်မျိုးတို့ကို အထူးတလည် ကြည့်ရှုဆင်ခြင်ခဲ့နေရပါသနည်း။ ဘုရားဖြစ်ရန် ဗျာဒိတ်ရခဲ့စဉ်ကပင် မိဘနှစ်ပါးတို့ကို သိမှတ်မိပြီးဖြစ်သည်ဆိုပါလျက် ယခုတစ်ဖန် ငါ၏မယ်တော်သည် အဘယ်သူဖြစ်လတ္တံ့နည်း စသည်ဖြင့် ထပ်မံကြည့်ရှုနေရပါသေးသနည်း။

အမှန်မှာ ဗျာဒိတ် ခံယူခဲ့စဉ် ကာလကပင် မယ်တော်၊ ခမည်းတော်၊ အဂ္ဂသာဝကာ၊ အလုပ်အကျွေး စသည်တို့ကို ကောင်းစွာ သိရှိမှတ်သားမိပြီး ဆိုခဲ့လျှင် ယခုကဲ့သို့ အထူးတလည် ထပ်မံဆင်ခြင်နေရန် မလိုတော့သည်သာ မဟုတ်ပါလား ဘုရား။

'ရှေ့တစ်မျိုး နောက်တစ်ဖုံ စင်စစ် တွေးတော ယုံမှားဖွယ်ဖြစ်နေရသော ဤပြဿနာကိုလည်း အမှန်တရားလက်နှက်ဖြင့် တိုက်ဖျက်ရှင်းလင်းတော်မူပါဦး ဘုရား'

'မြတ်သောမင်းကြီး.... ဘုရားရှင်သည် ဗျာဒိတ်ရတော်မူစဉ်ကပင် မိဘနှစ်ပါးနှင့် အဂ္ဂသာဝက စသည်တို့ကို ကောင်းစွာ သိမှတ်ခဲ့ပြီးဆိုတာမှန်ပါတယ်။ သို့သော် ကြည့်ခြင်းရှစ်မျိုး

ဖြင့် ကြည့်ရဘယ်ဆိုတာ ဘုရားလောင်းတို့ရဲ့ ထုံးဓာမ်းစဉ်လာ သဘောဖြစ်တယ်'

'ငါ့မိဘမျာ်းမှာ မင်းမျိုးလာ်း၊ ပုဏ္ဏာ်းမျိုးလာ်း....ဟူ၍ ကြိုတင် ကြည့်ရှုဆင်ခြင်ရခြင်းဟာ ဘုရားလောင်းဘော်တို့ရဲ့ အကြောင်းအာ်းလျာ်စွာ်ဖြစ်သော ထုံးဘမ်းကျင့်စဉ် ဖြစ်ပါတယ်'

အနာဂတ်ကို ကြိုတင်ကြည့်ရှုသူ ရှစ်ဦး

'မင်းကြီး ...အနာဂတ်ကို ကြိုတင်ကြည့်ရှုသူရှစ်ဦး ရှိပါတယ်'

၁။ ကုန်သည်မျာ်းဟာ ဆောင်းကုန်-ဝယ်ကုန်အခြေအနေကို ကြိုတင်ကြည့်ရှုရပါတယ်။

၂။ ဆင်, မြောင်းကြီးမျာ်းဟာ မရောက်ရသေးမီ ဓရိုးကို ကြိုတင်ပြီး ကြည့်ရှု ဆင်ခြင်ရပါတယ်။

၃။ လှည်းကုန်သည်မျာ်းဟာ မိမိတို့ ရပ်နာ်းရမယ့် လှည်းစခန်းကို ကြိုတင်ပြီး ကြည့်ရှုဝေဖန်ရုပါတယ်။

၄။ လေသူကြီးမျာ်းဟာ မိမိတို့ဆိုက်ကပ်မည့် ဆိပ်ကမ်းကို ကြိုတင်ပြီး ကြည့်ရှု သိမြင်ထာ်းရပါတယ်။

၅။ ဆေးသမာ်းဟာ လူနာရဲ့ အသက်ကြွင်းကို ကြိုတင် သိရှိပြီးမှ လူနာဖြစ်သူနှင့် တွေ့ဆုံကုသပေးပါတယ်။

၆။ တံတား‌ကိုဖြတ်ကူးမည့်သူများ‌ဟာ တံတား ခိုင်မခိုင်ကို ကြိုတင်စူးစမ်းပြီးမှ တံတား‌ကို ဖြတ်ကူးရပါတယ်။

၇။ ရဟန်း သံဃာများ‌ဟာ မဆိုက်ရောက်သေးမီ အချိန်ကို ကြည့်ရှုစုံစမ်းပြီးမှ ဆွမ်းအစရှိသော အစာ အာဟာရကို သုံးဆောင်ကြရပါတယ်။

၈။ ဘုရားအလောင်းတော်များ‌ဟာ လူ့လောက လူသား‌တို့ အလယ်မှာ အများ၏ ရိုသေလေးမြတ်ခြင်း ခံရစေသော မင်းမျိုးလား-ပုဏ္ဏား မျိုးလား‌ဟူ၍ ကြိုတင် ကြည့်မြင်ကြရပါတယ်။

'မြတ်သောမင်းကြီး....ဘုရားအလောင်းတော်သည်လည်း (နတ်သား‌ဘဝ၌ရှိစဉ်) ထိုထို အကြောင်းများ အား‌လျော်စွာပင် ကြိုတင်ကြည့်ရှုခြင်း‌ဖြစ်ပါတယ်။ ဒါ‌ဟာအလောင်းတော်တို့ရဲ့ အစဉ်အဆက်ဖြစ်သော ထုံးတမ်းစဉ်လာလဲ ဖြစ်ပေတယ် မင်းကြီး'

'မှန်ပါ....တပည့်တော်သိအပ်ပါပြီ ဘုရား'

မိလိန္ဒမင်း၏ အမေးပြဿနာများ

ဤစာအုပ်၏ အစဦးစွာတွင် မိလိန္ဒမင်းနှင့် ရှင်နာဂသေန တို့၏ ဘဝနောက်ကြောင်း၊ ဆုတောင်း ဆုပန်ပုံကို ကြိုတင် သိသာစေခဲ့ပြီးဖြစ်သည်။ ထိုဆုတောင်း အား‌လျော်စွာပင်

မိလိန္ဒမင်းသည် အဖက်ဖက်မှ လေးနက် ခိုင်ကျည်စ့ဲသော အတတ်ပညာ အသိပညာများဖြင့် ပြည့်စုံကျမ်းကျင်လှသည် ကိုလည်း စာဖတ်သူတို့ သိခဲ့ကြရပြီး ဖြစ်ပေသည်။

စင်စစ်အားဖြင့်ကား မိလိန္ဒမင်း မေးအပ်သော ပြဿနာ ရပ်များမှာ ရှင်နာဂဆေန မထေရ်ကဲ့သို့သော ပုဂ္ဂိုလ်နှင့် ကြုံကြိုက် တိုက်ဆိုင်မိသောကြောင့်သာလျှင် ရှင်းလင်းပြလည်ခဲ့ရခြင်း ဖြစ်လေသည်။

ရှင်နာဂဆေန်၏ အဓိပ္ပာယ်ကျမ်းကျင်မှု

ပြဿနာပင်ခေါ်သည်ဖြစ်စေ၊ပုစ္ဆာပင်ခေါ်သည်ဖြစ်စေ မေးမြန်းဆန်းစစ်ခြင်းဆိုသည်မှာ နည်းအမျိုးမျိုး ရှိသည်။ ရှေ့ရှုဦးတည်ချက် အမျိုးမျိုးရှိသည်။

အကြောင်းခြင်းရာ တစ်ခုကို တကယ်မသိ နားမလည်၍ မေးခြင်း၊ သိပြီးပါလျက် အဖြေမည်ကဲ့သို့ပေးမည်ကို သိလို သောကြောင့်မေးခြင်း၊ကြောင်းကျိုးမမှန်....မလျော်ကန်မှန်း သိလျက် တစ်ဖက်သ့ားကို ထိပါးနှိပ်စက်လိုသဖြင့် မေးခြင်း စသည်ဖြင့် မေးပုံမေးနည်းအမျိုးမျိုး ကွဲပြားလျက်ရှိသည်။

မသိ၍မေးခြင်း၊တစ်နည်းအားဖြင့် သိ၍မေးခြင်းဆိုသည်မှာ တွင် ဖြေကြားရသူအဖို့တာဝန်မကြီးလေးသော်လည်း ထိပါး နှိပ်စက်သိ၍ မေးခြင်းမျိုးမှာမူ ဖြေဆိုသူ၏ လိမ္မာပါးနပ် ကျမ်းကျင် ပြည့်စုံမှုသည် အလွန်ပင် လိုအပ်လှလေသည်။

စင်စစ်သော် ထိုမေးခွန်းမျိုးတွင် အသိပညာ သဘောထက် အတတ်ပညာသဘော ပါဝင် ဆက်စပ်လာမှသာ ပြဿနာ ရှင်းလင်းပြေလည်ခြင်း ဖြစ်နိုင်လေသည်။

ဤနေရာ၌ အတတ်ပညာ သဘောဆိုသည်ကို စပ်လျဉ်း ထုတ်ဖော်ရန် လိုအပ်လာပေသည်။

အတတ်ပညာ သဘော ဆိုသည်မှာ သိလှယ်စေသော နိုင်းယှဉ်မှုအားဖြင့်မူ ဖြတ်ထိုးဉာဏ်ပင် ဖြစ်ပေသည်။ ပြဿနာ တစ်ခုခု၌ အာဂမယုတ္တိ (ကျမ်းဂန်အထောက်အထား) ဖြင့်ဖြေ ကြားနိုင်းဖြတ်ရန် မလှယ်ကူသည့်အခါ သိလှယ် စေသော အနီးစပ်ဆုံးသော နိုင်းယှဉ် ဆက်စပ်မှုဖြင့် ဖြေဆိုသိသာစေ ခြင်းသည် ဖြတ်ထိုးဉာဏ်ပင် ဖြစ်ပေသည်။

ပမာဏအားဖြင့် တစ်စုံတစ်ဒေသက-

"ငရဲခိုကယ်ဆိုတာ တကယ်လား.... ငရဲကြီးရှစ်ထပ် ဆိုတာကော တကယ်ဟုတ်သလား၊ ငရဲပြည်က ပြန် လာတဲ့လူ ဘယ်သူရှိသလဲ၊ ငရဲပြည်ဆိုတာဘယ်လမ်း က သွားရသလဲ၊ ငရဲပြည်ဟာ ဟောသည်နေရာမှာ ရှိပါတယ်လို့ လက်ညှိုးထိုးပြနိုင်သလား'

ဤကဲ့သို့ ဆုပ်ဆုပ်ကိုင်ကိုင် မေးမြန်းဆန်းစစ်လာသည့် အခါ ငရဲဆိုတာ တကယ်ပါပဲဟု ဖြေကြားရန်မလွယ် ကူသကဲ့သို့ ငရဲကြီးရှစ်ထပ် ဆိုသည်ကို အာဂမယုတ္တိ (ကျမ်းဂန် အထောက် အထား) ဖြင့် တစ်ခုချင်း ဖရိုဖရဲပြန်လျှင်လည်း မေးမြန်းသူက စိတ်ဝင်စား ကောင်းမှ ဝင်စားပေလိမ့်မည်။

သဘာဝယုတ္တိ အဖြေ

ထိုအခါမျိုးဌ်ဒ်သဘာဝယုတ္တိဖြစ်သော အဖြေသည် အနီးစပ် အလွယ်ကူဆုံးဖြစ်လေသည်။

''လူတစ်ယောက်အဖေပါမှာဓမ္မာစိတ်သက်ဝင်နေတဲ့အခါနှင့်ဒေါသစိတ် (မလိုမုန်းထားစိတ်) ဖြစ်ပေါ်နေကဲ့အခါ ကိုယ့်ရင်ထဲမှာ ဘယ်အရာက ချမ်းသာပြီး ဘယ်အရာက ပူလောင်ဆင်းရဲနေပါသလဲ'

'လူဘစ်ယောက် ချမ်းသာ ကြီးပွား နေတာကို ဓမ္မာစိတ်နှင့် ဝမ်းမြောက် ဝမ်းသာ ဖြစ်နေတဲ့အခါမှာ စိတ်နှလုံး ရွှင်လန်း ချမ်းမြ့ရသလို လူတစ်ယောက်အဖေပါမှာ ပျက်စီးရာ ပျက်စီးကြောင်း ကြုံစည်အားထုတ်နေတဲ့ အခါမျိုးမှာ စိတ်နှလုံးချမ်းမြ့ရပါသလား....ရင်ထဲမှာ ခုန်နေတဲ့ ဒွေးခုန်နှန်း ကကော ဘယ်အခါမှာပိုပြီး ခုန်ပါသလဲ၊အခုန်မြန်ပါသလဲ'

'ကောင်းတာကို ကြုံစည်အားထုတ်တဲ့ အခါမှာ စိတ်ချမ်းသာရတာ သွေးခုန်နှုန်း (နှလုံးခုန်ခြင်း)မှန်နေတာနဲ့ မကောင်းတာကို ကြုံစည်အားထုတ်နေတဲ့ အခါမှာစိတ်နှလုံးပူလောင်ဆင်းရဲရတာသွေးခုန်နှုန်းမြန်တာကို ဆက်စပ် နှိုင်းယှဉ်ကြည့်ရင် လောကမှာ မကောင်းဘာလုပ်ဖို့ မကောင်းဖြစ်တယ် (ဆင်းရဲပင်ပန်းစေတယ်)ဆိုတာ ထင်ရှားနေပြီ ဖြစ်ပါတယ်'

'ဒီတော့ ငရဲကြီးတယ်၊ငရဲခံရတယ်.... ဆိုတာလဲ တကယ် ဟုတ်နိုင်-မဟုတ်နိုင် သဘာဝ ယူတို့နဲ့ ဆင်ခြင် တွေးခေါ် ကြည့်နိုင်ပါတယ်'

ရှင်နာဂဇသေန၏ အဖြေမျာ်းတွင် ထိုသဘောမျိုးကို အကြောင်းစပ်လျဉ်းတိုင်းမှာပင်တွေ့ရသည်။ပရိနိဗ္ဗာန်စံလွန် တော်မူပြီးသော ဘုရားရှင်အား ပူဇော်သက္ကာရ ပြုခြင်းဖြင့် အကျိုးရှိမရှိဆိုသည်၌ မီးပုံကြီးကိုပမာပြု၍ဖြေကြာ်းခဲ့သည်။ လက်ခံနိုင်သော အခြေအနေရှိသည်ကိုလည်း စာဖတ်သူတို့ တွေ့သိခဲ့ရပြီး ဖြစ်ပေမည်။

ယခုလည်း မိလိန္ဒမင်းကြီးသည် ရဟန်းတော်မျာ်းမိမိကိုယ် မိမိအဆုံးစီရင်မှုနှင့်စပ်လျဉ်း၍ အဓိပ္ပာယ် နှစ်မျိုးနှစ်ခုထွက် နေသော ပြဿနာတစ်ရပ်ကို မေးမြန်းတင်ပြလာပြန်သည်။

မိလိန္ဒမင်း မေးပုံကို လည်းကောင်း၊ ရှင်နာဂဇသေန မထေရ်၏ ရှင်းလင်းဖြေကြာ်းပုံကိုလည်းကောင်း၊ဆက်လက် နာ်းထောင်ကြည့်ကြစို့။

ရဟန်းမျာ်း မိမိကိုယ်မိမိ သတ်ဖြတ်မှု

'အရှင်ဘုရား.... ဘုရားရှင်သည်-

'ရဟန်းတို့ မိမိကိုယ်ကို မသတ်အပ်၊ အကြင်ရဟန်း သည် မိမိကိုယ်ကို သတ်အံ့၊ ထိုရဟန်းကို တရားရှိသော အာတိုင်း ဒုက္ကဋ်အာပတ်သို့ တင်၍ ဆုံးဖြတ်အပ်၏....'ဟူ၍ ပညတ်တော်မူခဲ့ပါသည်။

သို့သော် တစ်ခုသောအရပ်၌ ဘုရားရှင်သီတင်းသုံးတော်မူသောအခါ....

'အကြင်သူသည်ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကို လွန်မြောက်၏။ ထိုသူကိုလွန်ကဲစွာ ချီးမွမ်းခြင်းဖြင့် ချီးမွမ်းအပ်၏' ဟူ၍ အရှင်ဘုရားတို့ ဆိုတော်မူကြပြန်ပါသည်။

အရှင်ဘုရား.... 'ရဟန်းတို့....မိမိ ကိုယ်ကို မသတ်အပ်လို' ဆိုသောစကားနှင့် နောက်တစ်ဖန်ဆိုအပ်သော စကားသည် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။ မိမိကိုယ်ကို မသတ်အပ်ဆိုသောစကားမှန်ခဲ့လျှင် 'အိုခြင်း၊ နာခြင်း၊ သေခြင်းကိုဖြတ်စိမ်းသောဌာ ဟောအပ်၏' ဆိုသောစကား မှားပါလိမ့်မည်။

'နှစ်မျိုးနှစ်ခု တွေးခေါက်စွာသော ဤပြဿနာကိုလည်း ဖြေရှင်းပေးတော်မူပါဦး ဘုရား'

'မင်းမြတ်....စကားနှစ်လုံးပဝ် မြတ်စွာဘုရားဟောတော်မူခဲ့တာ မှန်ပါတယ်။ သို့သော်ရဟန်းများ 'မိမိကိုယ်ကို မသတ်အပ်' ဆိုခြင်းမှာ ဤသို့ဖြစ်ပါတယ်'

'ဒကာတော်မင်းမြတ် ...သီလရှိသူ၊ သီလနှင့်ပြည့်စုံသူများဟာ သတ္တဝါတို့ရဲ့ ကိလေသာအဆိပ်ကို ဖြိုခွင်စွမ်းသူများဖြစ်ကြပါတယ်။ နှိုင်းယှဉ်မှုအာဒါးဖြင့်ဘော့ သီလရှိသူ၊ သီလနှင့်ပြည့်စုံသူဆိုဘာ ကိလေသာအနာကို ခြဲမ်းပျောက်စေတဲ့ ဆေးနဲ့လဲ တူပါတယ်။ ကိလေသာ အညစ်အကြေးကို ဆေးကြောသန့်စင်စေအပ်ဘဲ့ ရေနဲ့လဲတူပါတယ်။ ခပ်သိမ်းသော

အလိုဆန္ဒကို ဖြည့်စွမ်းပေးတတ်တဲ့ ပတ္တမြား ရတနာနှင့်လဲ တူပါတယ်။ သံသရာဝဲသြဃမှ လွတ်မြောက်ရာ လှေနဲ့လဲ တူပါတယ်'

ဘဝဇာတ်ဖြစ်ခြင်းမှ လွတ်မြောက်ရာ လှည်းကူန်သည်မှူးနဲ့လဲတူပါတယ်။ ရာဂမီးအလျှံ ငြိမ်းပျောက်စေတတ်သော မိုးကြီးနှင့်လည်း တူပါတယ်။ သတ္တဝါတို့ ကောင်းမြတ်စွာသောစိတ်အာရုံ ဖြစ်မြောက်ရာပြည့်လျှံသော ရေအလျဉ်နှင့်လဲတူပါတယ်။ အဇာတ်ပညာ သင်ပြပေးသော ဆရာနှင့်လဲတူပါတယ်။ ဘေးကင်းရာကို ညွှန်ပြတတ်သောလမ်းပြသူနှင့်လဲတူပါတဲ့ယ်

'ဒကာတော်မင်းမြတ်.... ဤသို့လျှင်မျှဉ်းစွာသော ရုတ်ကျေးငှဲး၊အနှိုင်းဥပမာ မရှိသောဂုဏ်ကျေးဇူး၊ အစုအပုံဖြစ်သောဂုဏ်ကျေးဇူးတို့ဖြင့် သတ္တဝါအများကို ကောင်းကျိုးချမ်းသာတိုးပွားဖြစ်ထွန်းစေသော သီလရှိသူများဟာ ပျက်စီးဆုံးရှုံးမှု မရှိခြင်းဖြင့် သတ္တဝါတွေရဲ့ ကောင်းကျိုးကို ဆောင်စွမ်းနိုင်ပါစေဆိုတဲ့ ရှေးရှုချက်နဲ့ 'ရဟန်းများသည် မိမိကိုယ်ကို မသတ်အပ်'ဟူ၍ ပညတ်တော်မူခြင်း ဖြစ်ပါတယ်။

'မင်းမြတ်.... သည်စကားကို ငါသားလျှင် ဆိုအပ်သည်မဟုတ်၊ ဆန်းကြယ်သော တရားကို ဟောကတ်သူရှင်ကုမာရကဿပ မထေရ်ကလဲ ပါယာသိရာဇညမင်းအား....

'အချင်းရာဇညမင်း....သည်ဓလောကကြီးမှာအကျင့် သီလရှိတဲ့ ရဟန်းတွေ၊ ပုဏ္ဏားတွေနဲ့ ပြည့်စုံနေမယ်၊

သို့ကြောင့်နေမယ်၊ကာလကြာမြင့်စွာတည်တံ့နေမယ် ဆိုရင် လူတွေအားလုံးကောင်းကျိုးခမျာသာဘိုးပွားဖို့ဖြစ်တယ်။ လောကကြီးကို စောင့်ရှောက်ကာကွယ်ပေးဖို့ ဖြစ်တယ်။

'ဆုဇာညမင်း.... သီလရှိတဲ့ ရဟန်းပုဏ္ဏား ဆိုတာလူအားလုံး အကျိုးပြုဖို့ ကျင့်ကြံအားထုတ်နေသူတွေဖြစ်တယ်။ မိမိတို့ ကိုယ်တိုင်လဲ သန့်စင်ကောင်းမွန်စွာနေထိုင်ကြသူများ ဖြစ်တယ်။ သည်လို သီလရှိသူတွေသီလနဲ့ ပြည့်စုံသူတွေ့ လောကကြီးမှာ ရှိနေခြင်းအားဖြင့် လူအားလုံးဟာ ငြိမ်းအေးချမ်းမြေ့စွာ နေထိုင်နိုင်ဖို့ ဖြောင့်မတ်မှန်ကန်စွာ ကျင့်ကြံအားထုတ်နိုင်ဖို့ ဖြစ်တယ်'လို့ ထုတ်ဖော် ဟောကြားခဲ့ပါတယ်။

'မင်းမြတ် ...ပဋိသန္ဓေနေရခြင်း၊အိုး-နာ-ယရခြင်းစသည်များကို ပယ်ဖျောက်ဖို့ ဟောကြားတော်မူတာကတော့ ဒီဝဋ်ဆင်းရဲတွေဟာ သံသရာအဆက်ဆက် ကျင်လည်မျောပါနေရသူတွေ့ရဲ့ ထိခိုက်ခံစားရမှု ဖြစ်တဲ့အတွက် ဒီခံစားရမှုချုပ်ငြိမ်း ကင်းပြတ်စေခြင်းငှာ ဟောကြားတော်မူခြင်းဖြစ်ပါတယ်။

'မင်းမြတ်.... နှိုင်းယှဉ်စရာ တစ်ခုရှိပါတယ်။

ဟိမဝန္တာတောင်မှာ မုံးသည်းထန်စွာ ရွာသွန်းတဲ့အခါ မိုးရေတွေဟာ ဂင်္ဂါမြစ်ရှိုးတစ်လျှောက်ကို စဉ်တိုက်ကြီးစီး

ဆင်းရွှေ့လျော့သွဲ့းတယ်၊ သည်အခါမှာ ဂင်္ဂါမြစ်ထဲမှာ ရှိနေတဲ့ကျောက်ခဲသလဲတွေပဲဖြစ်ဖြစ်၊ ဂင်္ဂါမြစ်ကမ်း နဘေး မှာရှိနေတဲ့သစ်ပင်၊ သစ်ငုတ်၊ ကျောက်တုံးကျောက်ခဲတွေကို ပဲ ဖြစ်ဖြစ်' အင်မတန်မျှားပြားပြင်းထန်တဲ့ မိုးရေတွေက လွှမ်းမိုးဖိစီးပစ်လိုက်တယ်၊ ကျောက်တုံးကျောက်ခဲ သစ်ပင် သစ်ငုတ်အစရှိတာတွေဟာ အင်မတန် အဟုန်ပြင်းတဲ့ ရေဒီး ထဲမှာ ဦးဆောက်လွှမ်းပြန် အမျိုးမျိုးအဖုံဖုံလိမ့်လဲ ပြီးစီး ဆင်းမျောပါသွားကြရတယ်။

သံသရာဝဋ်ဆင်းရဲထဲမှာ နစ်မွန်းကျင်လည် နေရသူတွေ ဟာလဲ သည်အတိုင်းပဲ မင်းမြတ်။ ပဋိသန္ဓေနေရခြင်း၊ အိုရ ခြင်း၊ နာရခြင်း၊ ဇသရဒုက်ခြင်းဆိုတဲ့ ဒုက္ခတွေ အမျိုးမျိုးနဲ့ အင်မတန် ဆင်းရဲပင်ပန်းကြရတယ်။

'ဒါကြောင့်လဲ ဘုရားရှင်က ဒီဝဋ်ဆင်းရဲ အမျိုးမျိုး တွေကိုနည်းအမျိုးမျိုးနဲ့ သိမြင်တတ်အောင် နားလည်တတ် အောင် ဟောပြောညွှန်ပြပြီး ဝဋ်မြစ်ပြတ်အောင်ဝဋ်ဆင်းရဲ ချုပ်ငြိမ်းအောင် စွမ်းဆောင် ကယ်တင်တော်မူခြင်း ဖြစ်ပါ တယ်။

'ရဟန်းတော်တွေ မိမိကိုယ်ကို မသတ်အပ်လို ပညတ် တော်မူတာလဲ ဒီအခြင်းအရာကြောင့် ဖြစ်ပါတယ်။ ရဟန်း တော်တွေ သိလရှိသူတွေ ဒီလောကကြီးမှာ ပုဒ်းများ စည်ပင်မှ လူတွေကောင်းကျိုး ချမ်းသာဖြစ်မယ်။ တရား ဘာဝနာ အားထုတ်ကျင့်ကြံနိုင်မယ်။ သံသရာဝဋ်ဆင်းရဲမှ

လွတ်မြောက်နိုင်ကြမယ်ဆိုတဲ့ ဓေ့.ရူရဉ်ရွယ်ချက် ဖြစ်ပေ ၏။

'ထို့နောက် ဝင့်ဆင်းရဲ ချုပ်ငြိမ်းအောင် အားထုတ် ကျင့်ကြံကြတဲ့ ရဟန်းတွေကို ချီးမွမ်းတော်မူတယ်ဆိုတာလဲ ဒီသဘောပင် ဖြစ်ပါတယ် မင်းမြတ်'

'မှန်ပါ....ကောင်းမြတ်လှပါသည် ဘုရား'

မေတ္တာဘာဝနာ၏ အာနိသင်

'အရှင်ဘုရား....ဘုရားရှင်သည် မေတ္တာပွားများခြင်းနှင့် ပတ်လျဉ်း၍ ဤသို့ဟောတော်မူခဲ့ပါသည်။

'ချစ်သား ရဟန်းတို့.... မေတ္တာစိတ်ကို အဖန်တလဲလဲ ပွားစေအပ်သည်ရှိသော် ပြန့်ပြောစေခြင်း၊ မှီရာတည်ရာ ဖြစ်စေခြင်း၊ ဆည်းပူးခြင်း၊ အားထုတ်ခြင်းများ ဖြစ်စေသည်ရှိသော် တစ်ဆယ့်တစ်ပါးသော အကျိုးတရားတို့ကို ရရှိခံစားအပ်ပေ၏။

မေတ္တာအကျိုး တစ်ဆယ့်တစ်ပါး

၁။ ချမ်းသာစွာ အိပ်ရခြင်း၊
၂။ ချမ်းသာစွာ နိုးရခြင်း၊
၃။ မကောင်းသော အိပ်မက်ကို မမြင်မံက်ရခြင်း၊

၄။ လူတို့ ချစ်အာပ်ခြင်း၊
၅။ နတ်တို့ ချစ်အာပ်ခြင်း၊
၆။ နတ်တို့ စောင့်ရှောက်ခြင်း၊
၇။ မီးဘေး-အာဆီပ်ဘေး-လက်နက်ဘေး ကင်းခြင်း၊
၈။ စိတ်နှလုံး တည်ကြည်ငြိမ်သက်ခြင်း၊
၉။ မျက်နှာသွင်ပြင် ကြည်လင်သန့်စင်ခြင်း၊
၁၀။ ဖတ္တမဝေ သေရခြင်း၊
၁၁။ လောကုတ္တရာဘရားကို ထိုးထွင်း၍ မသိသော်ငြား ဖြဟ္မာ့ပြည်တိုင်အောင် ရောက်နိုင်ခြင်း၊

'အရှင်ဘုရား....မြတ်စွာဘုရားသည် မေတ္တာအကျိုးတရား ကို ဤသို့ ဟောတော်မူခဲ့ပြီးနောက်-

'မေတ္တာတရားဖြင့်သာ အစဉ် နေလေ့ရှိသော သုဝဏ္ဏသာမ သတ္တိသားသည် သမင်အပေါင်းတို့နှင့် ရေခပ်သွားစဉ် ပီဠိယက္ခမင်း၏ အာဆီပ်လူးမြားထိမှန်၍ မေ့မြောနေလေ၏'

ဟူ၍ အရှင်ဘုရားတို့က ထစ်ဖန် ဆိုတော်မူကြပြန်ပါသည်။

'အာဘယ်သို့ပါလဲဘုရား....ပထမဆိုတော်မူတာက မေတ္တာတရားဟာ ဘေးရန်ကင်းဝေးတယ်၊ ဒုတိယ ဆိုအာပ်တာက မြားပစ်ခံရတယ်။ ရှေ့နှဖို့နောက် ယုတ္တိမတန်ပါလား ဘုရား။

သို့လော—သို့လော.... တွေးတောယုံမှားဖွယ် ဤဖြစ်ရပ်ကို လည်း အကြောင်းအကျိုး ယှဉ်စပ်တော်မူပုဂ္ဂိဳးဘုရား'

'မင်းမြတ်....မေတ္တာ ပွားများရခြင်း၏ အကျိုးတရား ဘုရားဟောတော်မူခဲ့တာ မှန်ပါတယ်။ သို့သော် မေတ္တာ၏ အခြင်းအရာကလဲ ဤသို့ဖြစ်ပေတယ် မင်းမြတ်။

မေတ္တာဆိုတာ ပွားများသူရဲ့အစွမ်းမဟုတ်ဘူး။မေတ္တာရဲ့ အစွမ်းသာ ဖြစ်တယ်။ သဘောကတော့ ချုပ်ဝတ်တန်ဆာ ဆင်မြန်းထားတဲ့ စစ်သည် သူရဲကောင်းကို တစ်ဖက်ရန်သူက မြားတွေနဲ့ ဝိုင်းပစ်တဲ့အခါ သူရဲကောင်းဟာ တစ်စုံတစ်ရာ ထိခိုက် ဒဏ်ရာရခြင်းမရှိ ဖြစ်တယ်။

အကြောင်းကတော့ ချုပ်ဝတ်တန်ဆာက ကာကွယ်ထားလို့ ဖြစ်တယ်။ ဒီတော့ သူရဲကောင်းကို မြားမစူးနိုင်တာဟာ ပုဂ္ဂိုလ်ရဲ့အစွမ်းမဟုတ်ဘူး။ ချုပ်ဝတ်တန်ဆာရဲ့ အစွမ်းသာ ဖြစ်တယ်။

သုဝဏ္ဏသာမ သတို့သားဟာလဲ ဒီအတိုင်းပါပဲ။ နေ့စဉ် မေတ္တာပွားများနေတာတော့ မှန်တယ်။ သို့သော် ရေအိုးကို ပင့်လိုက်တဲ့အခါမှာ မေတ္တာမပွားမိဘူး၊ကင်းကွာသွားတယ်၊ မေ့လျော့သွားတယ်လို့ သိရပါတယ်။ ဒါကြောင့် ပိဋိယကွ မင်းကြီးရဲ့မြားထိမှန်ရခြင်း ဖြစ်တယ်။

နောက်တစ်ခုနှိုင်းယှဉ်စရာရှိသေးတယ် မင်းမြတ်။ လူဘမ် ယောက်ဟာ ကိုယ်ပျော်စေတတ်တဲ့ ဆေးတစ်ခုကို ရထားတယ်။ ဒီလူဟာ မိမိလက်ထဲမှာ ကိုယ်ပျော်ဆေးရှိနေသမျှ သူတစ်ပါးတွေက သူ့ကို မမြင်မတွေ့နိုင်ဘူး။

ဒီလို ဖြစ်ရတာဟာ ကိုယ်ပျောက်ဆေး ရထား‌သူ့ရဲ့ အစွမ်းမဟုတ်ဘူး၊ ကိုယ်ရောင်ပျောက်စေတတ်သောဆေး‌ရဲ့ အစွမ်းသာဖြစ်တယ်။ ထို့အတူပဲ သုဝဏ္ဏသာမဟာ မေတ္တာပွား‌မျှား‌မှုနဲ့ ကင်းကွာတဲ့အခိုက်မို့ မြား‌မှန်ရခြင်း ဖြစ်ပါတယ်။

စင်စစ်တော့ မေတ္တာတရား ပွား‌မျှား‌မှုဆိုတာ အလွန်ကောင်းမြတ်လှပါတယ်။ မေတ္တာပွား‌နေခဲ့ရင် ဘုရား‌ရှင်ဟော၊ တော်မူဘဲ့ အာကျိုးတရား‌ဆယ်ပါး‌ကိုလည်း မိမိကလိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ၊ မုချရရှိခံစား‌ရမှာ ဖြစ်တယ်။

နောက်ဆုံး မေတ္တာ၏အကျိုး‌တရား‌ကိုမမျှော်လင့်ပါဘူး၊ ပင်ကိုမြဲမြံမြတ်မှုကြောင့် မေတ္တာစိတ်ဖြင့် ကျင့်ကြံနေထိုင်ပါတယ်၊ ပွား‌မျှား‌ပါဘယ် ဆိုသည့်တိုင်အောင် ဒီလို နေထိုင်ပြုမူခြင်း‌ဟာ အကုသိုလ်တရား‌ကို ခေါင်း‌ပါး‌ကင်း‌ကွာစေနိုင်တာပေါ့။

'အခုမိုနှ်တိုင်း‌မှာ မေတ္တာတရား‌နဲ့သာရင်း‌နှီး‌ကျွမ်း‌ဝင်နေလေတော့ မကောင်း‌တဲ့ စိတ်ဆိုး‌စိတ်မိုက်တွေ ခက်ထန်ကြမ်း‌ကြုတ်မှုတွေ မဖြစ်မြောက်ပေဘူး‌ပေါ့ မင်း‌မြတ်'

'မှန်ပါ....ကောင်း‌မြတ်လှပါသည် ဘုရား'

ကုသိုလ်နှင့်အကုသိုလ်-အကျိုး‌ပေး‌ချင်း တူမျှသလော

'အရှင်ဘုရား.... ကုသိုလ်နဲ့ အကုသိုလ်ဟာ အကျိုး‌ပေး‌ချင်း တူပါသလား၊ သို့မဟုတ် တစ်စုံတစ်ရာ သူး‌ခြား‌ပါ‌သေး‌သလား'

'မင်း‌မြတ်....ကုသိုလ်နဲ့ အကုသိုလ်ဟာ တခြား‌စီဖြစ်ဘယ်။

ကုသိုလ်က ကောင်းကျိုးချမ်းသာဖြစ်၍ အကုသိုလ်က ဆင်းရဲခြင်းအကျိုးကိုဖြစ်မြောက်စေတယ်။ ကုသိုလ်ကြောင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်တိုင်အောင် ရရှိခံစားရသလိုအကုသိုလ်ကြောင့် ငရဲသို့ ကျရောက်ရခြင်း၊ အမျိုးမျိုး ဆင်းရဲခြင်းများကို ကွဲကြဲခံစားရပေတယ်။

'အရှင်ဘုရား.... ဒေဝဒတ်ဟာ အလွန် ယုတ်မာတယ်။ ယုတ်မာတဲ့စိတ် အပြည့်ရှိတယ်။ဘုရားလောင်းဟာ မြင့်မြတ်တယ်။မြင့်မြတ်ကောင်းမွန်တဲ့ စိတ်အမြဲရှိတယ်၊ သူတစ်ပါး အပေါ်မှာအစဉ်သဖြင့် ကောင်းကျိုးပြုတတ်လို့ အရှင်ဘုရား တို့ဆိုတော်မူကြပါတယ်'

'သို့သော်....တပဲည့်တော်သိရတာကတော့ ဒေဝဒတ်ဟာ ဘဝတိုင်းမှာလိုလိုပဲ စည်းစိမ်ချမ်းသာအား ဖြဲ့ဖြစ်စေ၊ ခြေရံသင်းပင်း အပေါင်းအသင်းအား ဖြင့်ဖြစ်စေ ဘုရားလောင်း အောက်မနိမ့်ကျဘဲ တန်းတူရည်တူ ဖြစ်နေပါတယ်။ အမှန်ဘော့ ဘုရားလောင်းထက် သာလွန် အထက်တန်းကျသော ဘဝများပင် ရှိခဲ့ပါတယ်။

'ဒေဝဒတ်က ပုရောဟိတ်ရဲသား ဖြစ်တဲ့အခါ ဘုရားလောင်းက မန္တန်အတတ်ကို တတ်ကျမ်းတဲ့ ဥန်းစက္ကာမျိုး၊ ဝိဇ္ဇာခိုရ်ယောကျ်ားဖြစ်ခဲ့ပါတယ်။ ဒေဝဒတ်က ပြည့်ရှင်မင်း ဖြစ်တဲ့အခါဘုရားလောင်းက ထိုမင်းဇ၏ စိုးတော်ဆင် ဖြစ်ခဲ့ရပါတယ်။ပြည့်ရှင်မင်းဖြစ်သူ ဒေဝဒတ်ရဲ့ အခြေအရံမျာသာ မကသေးဘူး၊ ဇာတ်အားဖြင့်လဲ နိမ့်ကျခဲ့ရပါတယ်။

'ဒေဝဒတ်ကား မိမိ၏နွားပျောက်ကို လိုက်လံရှာသူ ဖြစ်တဲ့အခါမှာ ဘုရားလောင်းက မျောက်တိရစ္ဆာန်ဘဝမှာဖြစ်နေခဲ့ရပါတယ်။

'ဒေဝဒတ်က သောဏုတ္တိုရ်မုဆိုးဖြစ်တဲ့အခါမှာ ဘုရားလောင်းက ဆဒ္ဒန်ဆင်မင်း ဖြစ်ခဲ့ပါတယ်။ ဆင်မင်းလို ဆိုနိုင်ပေမယ့် ဇာတ်အားဖြင့်တော့ ဒေဝဒတ် အောက်နိမ့်ကျနေပါတယ်။

'ဒေဝဒတ်က မုဆိုးဖြစ်တဲ့အခါ ဘုရားလောင်းက ပညာနှင့်ပြည့်စုံသော ခါဉကြ်ဖြစ်ခဲ့ပါတယ်။

'ဒေဝဒတ်က ကာသိကရာဇ်ပြည့်ရှင် ကလာဗုမင်းဖြစ်တဲ့အခါ ဘုရားလောင်းက ခန္တီဝါဒရသေ့ဖြစ်ပါတယ်။

'ဒေဝဒတ်က ကောင်းကင်ထက်သို့ တစ်ယူဇနာတိုင်တိုင် တက်ရောက်သွားလာနိုင်စွမ်းသော ဥပဝိစရမင်းဖြစ်တဲ့အခါ ဘုရားလောင်းက ကပိလပုဏ္ဏား ဖြစ်ခဲ့ပါတယ်။

'ဒေဝဒတ်က 'သောမ'အမည်ရှိသောလူယောကျ်ားဖြစ်အခါ ဘုရားလောင်းက 'ရုရု'မည်သော သမင်ဖြစ်ခဲ့ပါတယ်။

'ဒေဝဒတ်ကမုဆိုးဖြစ်တဲ့အခါ ဘုရားလောင်းက နန္ဒိယမျောက်မင်းဖြစ်ခဲ့ပါတယ်'

'ဒေဝဒတ်က ကာရဗျာယ ရသေ့စဉ်းလဲ ဖြစ်တဲ့အခါ ဘုရားလောင်းက ပဏ္ဍရုက နဂါးစသည်တို့ ဖြစ်ခဲ့ပါဘယ်။

'အရှင်ဘုရား...ကျွန်ုပ်ဖြစ်ရပ်မျှားကို ပြန်လည်ဆင်ခြင်ကြည့်လိုက်ရင် ဘုရားလောင်းဟာ ဘဝပေါင်း များစွာမှာပင်

ဒေဝဒတ်အောက် နိမ့်ကျသိမ်ငယ်ခြင်း ဖြစ်ခဲ့ရတယ်လို့ ဆိုနိုင်ပါတယ်။

'ယခုနောက်ဆုံးသော ဘဝမှာပင်လျှင် ဒေဝဒတ်ဟာ သာကီဝင်မင်းသား ဖြစ်ခဲ့သေးတယ်။ ဘုရားရှင် သာသနာတော်မှာ တန်ခိုးအဘိညာဉ်ရ ရဟန်းတစ်ပါး အဖြစ်ဖြဉ့်ဘုရားရှင်ကို အန်တုဖက်ပြိုင် ပြုခဲ့ပါတယ်။

'အရှင်ဘုရား....တပည့်တော်ပြောခဲ့တာတွေမှာ မှားယွင်းတာများ ပါ, ပါခဲ့လဲသလားဘုရား'

'ဒကာဘော်မင်းမြတ်၊ မင်းမြတ်ပြောခဲ့တာတွေ အားလုံး မှန်ပါတယ်။ မှားယွင်းတာ မရှိပါဘူး'

'ဒုရှင်ဘုရား.... ဤသို့ဆိုလျှင် ကုသိုလ်နှင့် အကုသိုလ် ဆိုးသွမ်းယုတ်မာခြင်းနှင့် ကောင်းမွန်မြင့်မြတ်ခြင်းတို့၏ အကျိုးပေးဖြစ်ခြေက်ခစမှုဟာ တစ်စုံတစ်ရာ မထူးခြား၊ တူရာမျှရာ ထောက်နေပါတယ်။ အလုံးစုံတူမျှတယ်လို့ပင် ယုံကြည်လက်ခံရမလို ဖြစ်နေပါတယ်။ အမှန်ကို သိပါရစေဦးဘုရား'

'ကောင်းလှပြီမင်းမြတ်.... မင်းမြတ်က မိမိ သိဘာတွေအားပေါ် မူတည်ပြီး ဒေဝဒတ်နှင့် ဘုရားလောင်းကို တဲစ်စုံတစ်ရာ ထူးခြားမှုမရှိသလို ကုသိုလ်နှင့်အကုသိုလ်ကို အကျိုးသက်ရောက်မှုခြင်း ချင်းမျှသည်ဟု ထင်မြင်ယူဆနေတယ်။ သည်ထင်မြင်ယူဆမှုအတွက် မင်းမြတ်ကောင်းကွဲ ကြည်လက်ခံနိုင်သည်အထိ ဒေဝဒတ် ပိုင်းခြားပြပါ့မယ်'

အကုသိုလ်နှင့် ကုသိုလ်အကျိုးပေးပုံချင်း မတူ

'မင်းမြတ်....ကုသိုလ်နှင့်အကုသိုလ်ဟာ အကျိုးပေးချင်း မတူမျှဘူး။ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တယ်။ အပြုန့ဖို့ အမည်းပမာ ဖြစ်တယ်။ ကုသိုလ်က ကောင်းကျိုး ချမ်းသာ အမျိုးမျိုးကိုဖြစ်ထွန်းစေသလို အကုသိုလ်က ဆင်းရဲပင်ပန်း ခြင်းအမျိုးမျိုးကို ဖြစ်မြောက်စေအပ်တယ်။

'မင်မြတ်၊ ဒေဝဒတ်ဟာ အကုသိုလ်မှုတွေချည်း လုပ်ခဲ့တယ်လို့ သိနေတယ်။

'စင်စစ်တော့ ဒေဝဒတ်ဟာ အကုသိုလ်တွေချည်း လုပ်ခဲ့တာ မဟုတ်ဘူး။ လူတွေအား လုံးနဲ့လဲ အမြဲတမ်းဆန့်ကျင်နေခဲ့တာ မဟုတ်ပါဘူး။ကုသိုလ်ကောင်းမှုအလုပ်တွေကို အကြိမ်ပေါင်းများစွာ' လုပ်ခဲ့သူဖြစ်တယ်။

'မင်းမြတ်.... ဒေဝဒတ် ပြည့်ရှင်မင်း ဖြစ်ခဲ့စဉ် အခါက ကျေးရွာ ဇနပုဒ်တွေကို ကောင်းစွာ စောင့်ရှောက်ကာကွယ်ပေးခဲ့တယ်။တံတားထိုးခြင်း ဇရပ်ဆောက်ခြင်း အမှုတွေကို ပြုခဲ့တယ်။ရဆေး ရဟန်း၊ပုဏ္ဏား၊ ခရီးသွားအစရှိတာတွေကို လဲ လိုအပ်သမျှ ပေးလှူခဲ့ဖူးတယ်။ကိုးကွယ်ရာမရှိ အထီးကျန်ဖြစ်နေတဲ့သူဆင်းရဲဒုက္ခသည်တွေကိုလဲလှူဒါန်းပေးကမ်းခြင်း၊ စောင့်ရှောက် ကယ်မခြင်းဇတ္တ များစွာပြုခဲ့တယ်။

'ဒီလို.... မုန်မြတ်လှစ္ဆဝါသော အလှူဒါန ကုသိုလ်ကောင်းမှုအကျိုးဆက်များကြောင့်သာ ကြီးကဲမြင့်မြတ်သော ဘဝ

တို့ဦ့ ဆောက်ရှိ ခံစား:ခဲ့ရခြင်း ဖြစ်တယ်။ စည်း:စိမ်ချမ်း:သာ ဂုဏ်အရှိန်အဝါနှင့် ပြည့်စုံခဲ့ရခြင်း ဖြစ်တယ်။

'မင်းမြတ်...လူဒါန်း:ပေး:ကမ်း:ခြင်း၊အကျင့်သီလဆောက်တည်ခြင်း၊ စစ်သည်များနဲ့ကင်းပြီး ရာထူးဂုဏ်သိန်စည်း:စိမ်ဥစ္စာနဲ့ ပြည့်စုံကြွယ်ဝခြင်း:အဖြစ်သို့ ဘယ်လိုနည်း:နှင့်မဆောက်နိုင်ဘူး။မဖြစ်မြောက်နိုင်ဘူး'

'မင်းမြတ်....တစ်စုံတစ်ရာ လူဒါန်း:ပေး:ကမ်း:ခြင်း:လဲ မရှိ၊ အကျင့်သီလနဲ့လဲ မပြည့်စုံ၊ကိုယ်၏စင်ကြယ်ခြင်း၊ စိတ်၏စင်ကြယ်ခြင်း:လဲမရှိ၊ ကိုယ်ကိုယ်တိုင်ကလဲ ဘယ်လို ကြိုး:ပမ်း:အား:ထုတ်မှုမှုမရှိဘဲနဲ့ စည်း:စိမ်ဥစ္စာခြွေရံသင်း:ပင်း:နဲ့ နေရဖို့ပြည့်စုံဖို့ဆိုတာ ဘယ်တန်ခိုး:တော်ရှင်ကမျှ: ဖန်ဆင်း:ပေး:နိုင်ပါ့မလဲ'

'မင်းမြတ်....အထည် အဝတ်ကို ဆေး:ဆိုး:တဲ့အခါ အနီဆေး:ဆိုး:ရင်အနီရောင်ထွက်ပေါ်လာတာပဲ။ အနက်ဆေး:ဆိုး:ရင် အနက်ရောင် ထွက်ပေါ်လာတာပဲ။ အနီဆေး:ဆိုး:ပြီး အနက်ရောင် လိုချင်လို့ ဘယ်လိုမှမရနိုင်၊ မဖြစ်နိုင်ဘူး'

ကုသိုလ် အကုသိုလ် ဆိုတာလဲ ထို့အတူပဲ မင်းမြတ်၊ ကုသိုလ်အလုပ်ကို လုပ်ပြီး မကောင်းတဲ့အကျိုးကို မရနိုင်ဘူး။ အကုသိုလ်လုပ်ပြီး ကောင်းတဲ့လဲ ကောင်းကဲ့အကျိုးကို မရနိုင်ဘူး။ အချို့သူတွေက အကုသိုလ်တွေလုပ်ပြီး ချမ်း:သာကြွယ်ဝနေတာကို လက်ညှိုးထိုး:ပြတတ်ကြတယ်'

'ဒါက ဒီဘဝမှာလုပ်အပ်တဲ့ အကုသိုလ်မှုကြောင့် ဖြစ်ရတာ မဟုတ်ဘူး။ တွေ့ကြုံခံစားရတာ မဟုတ်ဘူး။ နောက်-နောက်က ပြုလာခဲ့တဲ့ ကုသိုလ်ကောင်းမှုမျိုးရဲ့ အကျိုးပေးအကြောင်းကံသာ ဖြစ်တယ်။

'မင်းမြတ် ဒေဝဒတ်နဲ့ ဘုရားလောင်းအဖြစ်ကို ထပ်မံနှိုင်းယှဉ်ပြပါဦးမယ်။

'ဒေဝဒတ်နဲ့ ဘုရားလောင်းက မင်းမြတ် ပြောခဲ့သလို ဘဝတိုင်းမှာ အတူတူ ယှဉ်လျက်တွဲလျက် ဖြစ်နေခဲ့တာမဟုတ်ဘူး။ အစမထင်တဲ့ သံသရာစက်ရဟတ်အတွင်းမှာဘဝပေါင်းများစွာ အချိန်ကာလပေါင်းများစွာ ကျင်လည် ဖြစ်ပျက်လာကြတဲ့အနက် အကြောင်းတိုက်ဆိုင်ခိုက်မှာ တွေ့ကြုံဆက်စပ်မိခြင်းသာ ဖြစ်ပေတယ်'

'သဘောကတော့ လိပ်ကန်းရဲ့ဦးခေါင်းနဲ့ ထမ်းပိုးကျစ်အပေါက်နဲ့ စွပ်မိသလိုဖြစ်တယ် မင်းမြတ်။ နှစ်ကာလပေါင်းများစွာ ရှည်လျားကြာမြင့်ပြီးမှ တိုက်ဆိုင် ကြုံကြိုက်ရခြင်းဖြစ်ပါတယ်။

'အမှန်ကတော့ ဒီလို ကြုံကြိုက်ရတာမျိုးဟာ ဒေဝဒတ်တစ်ဦးတည်းသာ မဟုတ်ဘူး မင်းမြတ်။ ရှင်သာရိပုတ္တရာကိုယ်တော်ကြီးအလောင်းနဲ့လဲ ဘဝပေါင်းများစွာတွေ့ကြုံခဲ့ရပါတယ်။ ဘုရားလောင်းကလဲ ရှင်သာရိပုတ္တရာအလောင်းရဲ့ ဖခင်၊ ဦးရီး၊ ဘကြီးစသည် ဖြစ်ခဲ့ရဟာတွေရှိသလိုဘုရားလောင်းကလဲ ရှင်သာရိပုတ္တရာရဲ့ သားအဖြစ်၊ တူအဖြစ်၊ ညီအဖြစ်တွေ ဖြစ်ခဲ့ရတယ်။

'မင်းမြတ်....သံသရာစက်ရဟတ်ကြိုးအတွင်းမှာဘဝပြောင်းပြန်ပြန် ကျင်လည် ဖြစ်ပျက် နေရသူတွေမှန်သမျှဟာ ချစ်သည်ပင် ဖြစ်စေ၊ မုန်းသည်ပင်ဖြစ်မစ၊ အကြောင်းအာဝလျော်စွာ ကြုံရဆုံရမှာချည်း ဖြစ်ပါတယ်'

'မင်းမြတ်....နိုင်းယှဉ်စရာတစ်ခု ရှိပါသေးတယ်'

'မဟာသမုဒ္ဒရာထဲမှာ မျောပါရတဲ့အခါ ကောင်းသော အာဆာဝတ္ထုနှင့်မကောင်းသော အရာဝတ္ထုဟာ သဘာဝချင်း ဂုဏ်သတ္တိချင်း မတူပေမယ့်လဲ အကြောင်း အာဝလျော်စွာ ယှဉ်တွဲဆက်စပ်ခြင်းဖြစ်တတ်ပါတယ်။

'ခပ်သိမ်းသော သတ္တဝါ သံသရာ ခရီးသည်တွေဟာလဲ ထို့အတူပါပဲ။ ဆုံချင်ရဲနဲ့ လွဲရသူတွေရှိသလို လွဲချင်ရဲနဲ့ ဆုံရသူတွေလဲ ရှိတတ်ကြပါတယ်'

'မင်းမြတ်—ဒေဝဒတ် 'အဓမ္မ' ဘီလူးဖြစ်စဉ် အခါက မိမိကိုယ်တော်တိုင်လဲ ဖောက်ပြီးတယ်၊ သူတစ်ပါးကိုလဲ မိမိကဲ့သို့မကောင်းမှုပြုစေသဖြင့် နှစ်ဖက်ပါင်း ငါး ဆယ့်ခုနစ်ကုဋေခြောက်သန်း တိုင်တိုင် ငရဲမှာ ကျရောက်ခံစားခဲ့ရပါတယ်။

'ဘုရားလောင်း 'ဓမ္မ' မည်သော ဘီလူး ဖြစ်စဉ်ကတော့ မိမိကိုယ်တိုင်လဲ တရားကျင့်တယ်၊ သူတစ်ပါးတို့ကိုလဲမိမိကဲ့သို့ ကျင့်စေသဖြင့် နှစ်ဖက်ပါင်း ငါးဆယ့်ခုနစ်ကုဋေခြောက်သန်း ပတ်လုံး နှတ်စည်းဓိမ်ကို ခံစားခဲ့ရပါတယ်။

'စင်စစ်တော့ ဒေဝဒတ်ဟာ မပြစ်မှားထိုက်သော ဘုရားရှင်ကို ပြစ်မှားခြင်း၊ သံဃာကို သင်းခွဲခြင်း အပြစ်များကြောင့် မြေမျိုခံရပါတယ်'

'ဘုရားလောင်းကတော့ လောကသုံးပါး၏ အထွတ်အမြတ် ပုဂ္ဂိုလ်အဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသွားပြီဖြစ်ပေတယ်။ကုသိုလ်နဲ့ အကုသိုလ်ရဲ့ အကျိုးပေးခြားနားပုံကိုကျမ္ဗ ဆိုလျှင် မင်းမြတ် ကျေနပ်လောက်ရောပေါ့'

'မှန်ပါ—တပည့်တော်၏ သံသယနှောင်အိမ်ကို ယခုကဲ့သို့ ချိုးဖျက် ဖွင့်လှစ် ပေးတော်မူခြင်းအတွက် အရှင်မြတ်အား အနှိုင်းဆမရှိ ကျေးဇူးတင်လှပါသည် ဘုရား'

အမရာဒေဝီနှင့် မကောင်းမှု

'တပည့်တော် သိပါရစေဦးဘုရား'

'မိန်းမမျှားဟာ အခွင့်လဲသာမယ်၊ဆိတ်ကွယ်ရာလဲ ရမယ်၊မိမိလင်နဲ့ တူတဲ့ ဖိုတ်ခေါ်သူလဲ ရှိမယ်ဆိုရင် မကောင်းမှုကိုပြုတတ်ကြတယ်။နောက်ဆုံးအဆုံးအဖြတ် အပင်းမျှားနှင့်ပင်ဖြစ်စေ၊ ဖောက်ပြန်တတ်တယ်....'

လို့ ဘုရားရှင် ဆိုတော်မူခဲ့ပါ၏တယ်။

သို့သော်....မဟာသဓာ၏ဇနီးအမရာဒေဝီကျတော့-

'လင်ဖြစ်သူနဲ့ လဲ ကင်းကွာနေတယ်၊ ဆိတ်ကွယ်ရာလဲရတယ်၊ ဘုရင်မင်းမြတ်နှင့် တူသူက အသပြာတစ်ထောင်ဖြင့်လဲ ဖိတ်ခေါ် သွေးဆောင်တယ်။ သို့တိုင်အောင် အမရာဒေဝီဟာ တစ်စုံတစ်ရာဖောက်ပြန်ခြင်းမရှိ....'လို့ ဆိုတော်မူပြန်တယ်'

'အရှင်မြတ်ဘုရား.... မိန်းမအား လုံးတို့သည်ပင် ဖောက်ပြန်ကြစမြဲဆိုခဲ့ကာ အမရာဒေဝီသည်လည်း မိန်းမသားပင်

မဟုတ်ပါလား ဘုရား။ ဆိတ်ကွယ်ရခြင်း အတွက် ဖိတ်ခေါ်သူ ရှိခြင်း မျှော်အတွက် ဖောက်ပြန်ထိုက် ဖောက်ပြန်နိုင်သည်သာ မဟုတ်ပါလား ဘုရား။

'ယုံမှားဖွယ် ကျိုပြဿနာကိုလည်း ဖြေးနည်းဟူ ဖြေရှင်း တော်မူပါဦး ဘုရား'

'မြတ်သောမင်းကြီး.... အမရာဒေဝီဟာလဲ မိန်းမသားပဲ ဆိုတာ မှန်ပါတယ်။ လောကမျက်မြင် လင်နှင့် ကင်းကွာနေ ခိုက် ဆိတ်ကွယ်ရာဆိုတာလဲ မှန်ပါတယ်။

'သို့သော်.... ဒီဆိတ်ကွယ်ရာဆိုတာ လူအမျာ်းတို့ရဲ့ သာမန် အမြင်မျသာဖြစ်ပါတယ်။ အမရာဒေဝီ အဖို့မှာတော့ ဆိတ် ကွယ်ရာဟူသည် မည်သို့မျမရှိ။ သူ့ အသိ၊ သူ့ အမြင်၌ ကျိုလော ကကြီး တစ်ခုလုံးမှာ ဆိတ်ကွယ်ရာဆိုတာ လုံးဝ မရှိတာကို ကောင်းစွာ သဘောပေါက် နားလည်ထားပါတယ်။

'မြတ်သောမင်းကြီး.... သည်သဘောကို ထပ်မံ ရှင်းပြ ပါဦးမယ်။

'သူကစ်ပါးကဲ့ရဲ့မှာကို ကြောက်တတ်သူဟာ မကောင်းမှု ပြုဖို့ ဆိတ်ကွယ်ရာမရှိ ဖြစ်ပါတယ်။ အပါယ်ငရဲကို ကြောက် သောအားဖြင့်လဲ ဆိတ်ကွယ်ရာကို မရနိုင်ဘူး၊ မကောင်းမှု ဆိုတာ မကောင်းကျိုးကို ပေးဘတ်; ဖြစ်စေတတ်တယ်ဆိုတဲ့ အသိတရားကြောင့်ပဲ ဆိတ်ကွယ်ရာမရနိုင်ဘူး'

စင်စစ်တော့ အမရာဒေဝီ သိထားတာက.... သည်လောကမှာ လူတွေနဲ့ ဆိတ်ကွယ်ရာကို ရသည့်တိုင် အောင် နတ်တွေရဲ့ ဆိတ်ကွယ်ရာကို မရနိုင်ဘူး။ နတ်တွေရဲ့

ဆိတ်ကွယ်ရာ ရသည့်တိုင် သူတစ်ပါး၏စိတ်အကြံကိုသိတတ်သော ရဟ ့်းတို့၏ဆိတ်ကွယ်ရာကို မရနိုင်ဘူး။

အကယ်တည့်ရဟန်းတော်တွေရဲ့ဆိတ်ကွယ်ရာကိုရပေဦး၊ မိမိကိုယ်တိုင်ကပင်လျှင် မကောင်းမှုကို မပြုလိုခြင်း၊ မပြုဝံ့ခြင်းကြောင့် ဆိတ်ကွယ်ရာကို လုံးဝ ရှာဖွေမရ မတွေ့နိုင်မြင်နိုင် ဖြစ်ပါတယ်'

'မင်းကြီး....အမရာဒေဗီဟာ ထိုသို့သော အသိအာဒြဖြင့် ဆိတ်ကွယ်ရာ မတွေ့မမြင်ရုံသာ မကသေးဘူး။ မိမိ၏လင်ယောကျ်ား မဟောသဓာ သုခမိန်အပေါ်မှာ ပကတိသော ချစ်မြတ်နိုးခြင်း အဖြစ်ကြောင့်လဲ မကောင်းမှုပြုရန် ဆန္ဒဖို့ မရနိုင် ဖြစ်ပါတယ်။

'အမှန်ကတော့ အမရာဒေဗီဟာ ထိုထိုအကြောင်းခြင်းရာ များအပြင် အလေးအနက်ဖြစ်သော အခြား အကြောင်းများလဲ ရှိနေသေးတယ်။

'မြတ်သောမင်းကြီး....အမရာဒေဗီဟာ တရားတော်ကိုလဲ ရှိသေလေးမြတ်သူ ဖြစ်ပါတယ်။ မကောင်းမှုကို စက်ဆုပ်ကြောက်ရွံ့သူလဲ ဖြစ်ပါတယ်။ ပကတိ စင်ကြယ်သန့်ရှင်းစွာသော မိမိ၏ကိုယ်ကျင့်တရားကို အသက်နှင့်အမျှ မြတ်နိုးသူလဲ ဖြစ်ပါတယ်။

'မိမိယောကျ်ားနှင့် တူမျှသော ဖိတ်ခေါ်မှု ဆိုထုမှုလဲ မဟောသဓာနှင့် တူမျှသောသူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိ ဖြစ်ပါတယ်။

'မင်းကြီး....မဟောသဓေ သုခမိန်မှာ မည်သူ တစ်ဦး တစ်ယောက်နှင့်မျှမကူသော ဂုဏ်အင်္ဂါနှစ်ဆယ့်ရှစ်ပါး ရှိပေတယ်'

မဟောသဓေ၏ ဂုဏ်အင်္ဂါ နှစ်ဆယ့်ရှစ်ပါး


၁။ ရဲရင့်ခြင်း
၂။ မကောင်းမှုဌ ရှက်ဘတ်ခြင်း
၃။ မကောင်းမှုဌ ကြောက်တတ်ခြင်း
၄။ အပေါင်းအသင်း အခြံအရံရှိခြင်း
၅။ အဆွေခင်ပွန်းတို့နှင့် ပြည့်စုံခြင်း
၆။ ချုပ်တည်း သည်းခံနိုင်စွမ်းရှိခြင်း
၇။ အကျင့်သီလနှင့် ပြည့်စုံခြင်း
၈။ မှန်သောစကားကိုသာ ဆိုတတ်ခြင်း
၉။ စင်ကြယ်သောဟရားနှင့် ပြည့်စုံခြင်း
၁၀။ အာမျက်ဒေါသမရှိခြင်း
၁၁။ မာန်မာန မရှိခြင်း
၁၂။ ငြူစူစောင်းငြောင်းမှု မရှိခြင်း
၁၃။ နှိုးကြား ဖျတ်လတ်ခြင်း
၁၄။ တစ်ပါးသူတို့ကိုလည်း ကြီးစား အားထုတ်စေတတ်ခြင်း
၁၅။ ပေးကမ်း ချီးမြှောက်တတ်ခြင်း
၁၆။ သိမ်မွေ့ ပြေပြစ်ခြင်း
၁၇။ မိမိကိုယ်ကို နှိမ့်ချတတ်ခြင်း

၁၈။ စကားဆိုရာ၌ ချို့သာသိမ်မဲ့ခြင်း
၁၉။ ခိုင်ကျည်တည်တံ့ခြင်း
၂၀။ ကောက်ကျစ်စဉ်းလဲမှု မရှိခြင်း
၂၁။ ပြည့်စုံထက်မြက်စွာ ပညာရှိခြင်း
၂၂။ ထုံးတမ်းစဉ်လာ နည်းဥပဒေတို့ကို ကျမ်းကျင်ခြင်း
၂၃။ ကျော်စောထင်ရှားခြင်း
၂၄။ အတတ်ပညာနှင့်ပြည့်စုံခြင်း
၂၅။ အကျိုးစီးပွားကို ရှာမှီးအားထုတ်ခြင်း
၂၆။ သူတစ်ပါးတို့၏ အကျိုးစီးပွား ကိုလည်း ဆောင်ရွက်တတ်ခြင်း
၂၇။ သူတစ်ပါးတို့ထက် ဉစွာစီးပွားပေါများခြင်း
၂၈။ ပရိသတ် အခြံအရံများခြင်း

'မြတ်သော မင်းကြီး၊ မဟောသဓာဟာ ဒီဂုဏ်အင်္ဂါနှစ်ဆယ့်ရှစ်ပါးနဲ့ ပြည့်စုံနေတာနဲ့ အမျှ သူနှင့်တန်းတူရည်တူ မျှတ ညီညွတ်သော ပုဂ္ဂိုလ်ဟူ၍လဲ တစ်ဦးတစ်ယောက်မျှ မရှိ ဖြစ်ပါတယ်'

'အမရာဒေဝီ မကောင်းမှုကိုမပြုခြင်း၊ မဖောက်ပြန်ခြင်းတွင် မိမိ၏ လင်ယောကျ်ားဖြစ်သူ မဟောသဓာ၏ ယခုဆိုခဲ့ပြီးဖြစ်တဲ့ ဂုဏ်အင်္ဂါများသည် တစ်ကြောင်းအပါအဝင် ဖြစ်ပေတယ် မင်းကြီး'

'မှန်ပါ....ကြောင်းကျိုး လျော်ကန်လှပါသည် ဘုရား'



နာဠဝကိရိ အမည်ရှိသော ဆင်ကြီးသည် ဘုရားရှင်အား နှင်းချေအံ့သောငှာ ပြေးလာလတ်သောအခါ....။

ရဟန္တာများနှင့် ကြောက်လန့်မှု

'ဆရာကောင်း ဖြစ်ဒတော်မူပေသော အရှင်မြတ်ဘုရား.... ရဟန္တာများသည် ကြောက်လန့်ခြင်းမှကင်းလွတ်ကုန်၏ ဟူ၍ မြတ်စွာဘုရား မိန့်ကြားတော်မူပါသည်'

'သို့သော်....

'ရာဇဂြိုဟ်ပြည်၌ နာဠာဂီရိ အမည် ရှိသော ဆင်ကြီးသည် ဘုရားရှင်အထံသို့ နင်းချေအံ့သောငှာ ပြေးလာလတ်သော်အခါ ငါးရာကုန်သော ရဟန္တာတို့သည် ဘုရားရှင်ကို စွန့်ပစ်ထားခဲ့ကာ လွတ်ရာသို့ ရှောင်ရှားကြကုန်သည်ဟု ဆိုပါသည်။ ရှင်အာနန္ဒာ တစ်ပါးတည်းသာ ဘုရားရှင်ထံပါး၌ ကျန်ရစ်ခဲ့သည် ဆိုပါသည်'

'အရှင်ဘုရား....ရဟန္တာများဟာဆင်ကြီးကိုကြောက်လန့်လို့ ပြေးရှောင်သွားကြပါသလား။ သို့မဟုတ်.... ဘုရားရှင်ကို မငဲ့ကွက်သည့်သဘောမျိုး စွန့်ပစ်ထားခဲ့ကြခြင်း ဖြစ်ပါသလား၊ သို့မဟုတ် ဘုရားရှင်၏ ဆန်းကြယ်စွာသော တန်ခိုးပြာဋိဟာကို ကြည့်မြင်လို၍ပင် ရှောင်ရှားသွားကြခြင်း ဖြစ်ပါသလား၊ အရှင်အာနန္ဒာကိုပင် ငဲ့ကွက်တွယ်တာမှုကင်း၍ ရှောင်တိမ်းသွားကြခြင်း ဖြစ်ပါသလား ဘုရား'

'မင်းမြတ်....ရဟန္တာတွေမှာကြောက်ခြင်း၊လန့်ခြင်းကင်းတာမှန်တယ်။ အကြောင်းကတော့ရဟန္တာမျှားဟာကြောက်လန့်ခြင်းကိုပယ်အပ်-ကင်းအပ်ပြီးခြင်းကြောင့် ဖြစ်ပါတယ်။

'မင်းမြတ်....မြေကြီးဟာ တူးဆွဖို့ဖျက်ခြင်း ခံရတာကိုပဲဖြစ်စေ၊ မဟာသမုဒ္ဒရာနှင့် တောင်ကြီးတွေကို လက်ခံထားရခြင်းမှာပဲဖြစ်စေ၊ တစ်စုံတစ်ရာ ကြောက်ရွံတုန်လှုပ်နေသေးသလား'

'မကြောက်ရွံပါဘုရား'

'ဘာ့ကြောင့်လဲ မင်းမြတ်'

'မှန်ပါ....မြေကြီးဟာကြောက်လန့်စိတ်မရှိလို့ပါဘုရား'

'ရဟန္တာမျှားလဲ ထို့အတူဖြစ်ပေတယ်မင်းမြတ်။ကြောက်လန့်စိုးရိမ်ခြင်းအမှုကို လုံးဝ ပယ်သတ်ပြီးဖြစ်တယ်။ ဘာတစ်ခုကိုမှ စိုးရိမ်ကြောက်ရွံခြင်းမရှိတော့ဘူး။အကြောင်းကတော့ အာသဝေါတရား ကုန်ပြီးခြင်းကြောင့် ဖြစ်တယ်။

'အတိအကျ ပြောရရင် စကြဝဠာ တစ်သောင်းကလူတွေအား လုံး လက်နက်စွဲကိုင်ပြီး ရန်ပြုလာကြစေဦးတော့၊ ရဟန္တာမျှားအဖို့ မည်သို့မျှကြောက်ရွံတုန်လှုပ်မှုမရှိတော့ဘူး၊ ရှောင်တိမ်းပုန်းအောင်းခြင်း မပြုကြတော့ဘူး။

'မင်းမြတ်....နာဠာဂီရိဆင်ကြီး ဘုရားရှင်ကို ရန်မူတာနဲ့ပတ်သက်လို့ ရဟန္တာမျှားအဖို့ ကြိုတင်သိမြင်ထဲားနှင့်တာလဲရှိပေတယ်။ ရာဇဂြိုဟ်မြို့တွင်းမှာ ဒီယနေ့ ဆုံမ်းခံတဲ့အခါ နာဠာဂီရိဆင်ကြီးဟာ ဘုရားရှင်ကိုရန်မူဖို့ ပြေးလာလိမ့်မယ်။

သို့သော်....ဆင်ကြီးဟာ ဘုရားရှင်ကို ရန်မပြုနိုင်ဘဲ နှုးသံသိမ်မွေ့ခြင်း အဖြစ်သို့ ရောက်ရလိမ့်မယ်'

'ဒီအခါမှာ ငါတို့ဟာ ဘုရားရှင်အပါးက ရှောင်တိမ်းသွားရမယ်။ရှင်အာနန္ဒာတစ်ပါးတည်းသာ ဘုရားရှင်ထံပါးမှာ ကျန်ရစ်ခဲ့လိမ့်မယ်။ ဒီလိုကျန်ရစ်ခဲ့မှုလည်းရှင်အာနန္ဒာ၏ ဂုဏ်သတင်းကျော်စောထင်ရှားသည့်နှင့်အမျှ ကျွတ်ထိုက်တဲ့လူတွေလဲ အကျွတ်တရား ရကြလိမ့်မယ်လို့ သိထားနှင့်ကြပါဘယ်။

'ဒကာတော်မင်းမြတ်....ရဟန္တာများဟာထို့ကြောင့်သာ ဘုရားရှင်ထံပါးမှ ရှောင်တိမ်း ထွက်ခွာသွားကြခြင်းဖြစ်ပါတယ်။ရဟန္တာတို့မည်သည် အာသဝေါတရားကုန်ဆုံးပြီးဖြစ်တဲ့အတွက် ဘာကိုမျှ စိုးရိမ်ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း မရှိတော့ပေဘူး မင်းမြတ်'

'မှန်ပါ....တပဲ့ည်တော် သိအပ်ပါပြီ ဘုရား'

၄
ဘုရားနှင့်ဥပမာမျာ

'အရှင်မြတ်ဘုရား.... မြတ်စွာဘုရားသည် အလုံးစုံကိုသိတော်မူသောကြောင့်ပင် 'ဘဗ္ဗညုမည်၏'ဟု အရှင်ဘုရားတို့ဆိုတော်မူကြကုန်ပါသည်။

သို့သော်....

'အရှင်သာရိပုတ္တရာနှင့်အရှင်မောဂ္ဂလာန် အမှူး ရှိသောရဟန်းပရိသတ်တို့ကို မြတ်စွာဘုရား နှင်ထုတ် တော်မူသောအခါ သာကီဝင် မင်းသားများနှင့် သဟံပတိဖြဟ္မာမင်းတို့က မျိုးစေ့ဥပမာ-နွားသား ယဉ်ဥပမာတို့ဖြင့် ညွှန်ပြလျှောက်ထားကာ ဘုရားရှင် အားကြည်လင်ရှင်ပျစေကုန်ပြီ၊ သည်းခံကျေအေး စေကုန်ပြီဟူလည်း ဆိုတော်မူကြပြန်ပါသည်။

'အရှင်ဘုရား....သာကီဝင် မင်းသားများနှင့် သဟံပတိ ဖြဟ္မာမင်းက ထိုဥပမာများဖြင့် မြတ်စွာဘုရားကို လျှောက် ထားရခြင်းမှာ မြတ်စွာဘုရားသည် ထိုဥပမာများကိုမသိလို့ ပါလား ဘုရား....။ စင်စစ်မသိဘူး ဆိုခဲ့လျှင်လည်း မြတ်စွာ ဘုရားဟာအလုံးစုံသိတယ်၊ သိလို့လဲ သဗ္ဗညုမည်တော်မူတယ် ဆိုတာကို ယုံမှားဖွယ်ဖြစ်နေပါဘယ်။ မှန်ရာကိုထုတ်ပြတော် မူပါဦးဘုရား'

'ဒကာတော်မင်းမြတ်၊မြတ်စွာဘုရားသည်သဗ္ဗညုပုဂ္ဂိုလ် စင်စစ်မှန်ပါဘုယ်၊ တရားတော်၏ အရှင်လဲ ဖြစ်ပါတယ်။ သာကီဝင် မင်းသားတွေနှင့် သဟံပတိဖြဟ္မာ လျှောက်ထား အပ်တဲ့ ဥပမာများက မင်းမြတ်ဆိုအပ်တဲ့အတိုင်း ဘုရားရှင် ဟောတော်မူအပ် ခိုင်းနှိုင်းအပ်တဲ့ ဥပမာတော်ပဲဖြစ်ပါတယ်။

'ဒီဥပမာများနှင့်ပဲ မြတ်စွာဘုရားကို [illegible] လျှောက် ထားရတဲ့ဟာကတော့ ဤသို့ဖြစ်ပါတယ်။

'မင်းမြတ်.... လင်္ဂဏ်ယောကျ်ားရှာဖွေရရှိလာတဲ့ပစ္စည်းဖြစ်ပင် ဇနီးသည်ဖြစ်သူက လင်ယောကျ်ားကို ပြန်ပြီး ကျေးမွေးပြုစုတဲ့အခါ လင်ဖြစ်သူက ကျေနပ်နှစ်သက်ခြင်းကဲ့သို့ ဖြစ်ပါတယ်။

'ဘုရားရှင်ဟာလဲ ထို့အတူပဲဖြစ်ပါတယ်။ မိမိခိုင်းနှိုင်းတင်စားအပ်သော ဥပမာမျှားဖြင့် သာကီဝင်မင်းသားမျှားနှင့် သဟဇာတိဖြစ်ကာမလျှောက်ထားအပ်တဲ့အခါကြည့် လင်္ဂဏ်ရှင်ပျခြင်းဖြစ်ရတဲ့အတွက် 'ကော်ဇင်းလှပြီ'လို့ ဆိုတော်မူအပ်ပါတယ်။

'မင်းမြတ်....နှိုင်းယှဉ်စရာတစ်ခု ရှိပါသေးတယ်'

'အတူနေတပည့်ဖြစ်သူကဆရာဖြစ်သူရဲ့ဆွမ်းကိုယူပြီး ပြင်ဆင်ဆက်ကပ်ပေးတဲ့အခါ ဆရာဖြစ်သူက တပည့်အပေါ်မှာ ဝမ်းမြောက်ကျေနပ်ရသကဲ့သို့ ဖြစ်ပါတဲယ်။ တပည့်ဖြစ်သူလဲ ဆရာရဲ့ကျေနပ်ဝမ်းမြောက်မှုဒုတ်ကို တစ်ဖန်ပြန်ပြီး ဝမ်းမြောက်ရှင်ပျရသကဲ့သို့ ဖြစ်ပါတယ်။

'မြတ်စွာဘုရားနဲ့သာကီဝင်မင်းသားမျှားဟာလဲ ထို့အတူပဲဖြစ်ပါတယ်။ အပြန်အလှန် ကျေနပ်ဝမ်းမြောက်ခြင်း ဖြစ်ရပါတယ်။ သာကီဝင်မင်းသားမျှားကို ဘုရားရှင်က ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းဖြစ်သောတရားကို ဟောကြားဆုံးမတော်မူအပ်ပေတယ် မင်းမြတ်'

ကျောင်းအဆောက်အအုံ၏ ကောင်းခြင်း မကောင်းခြင်း

'အရှင်ဘုရား.... ဘုရားရှင်သည်-

လေတိုက်ခြင်း စသည်တို့လုံခြုံရာ အကာအရံပြည့်စုံသော ကျောင်း အိပ်ရာနေရာဌာနေခြင်းသည် ကောင်းကျိုးပျက်ပြားစေ၏။ထိုကျောင်း အိပ်ရာနေရာကြောင့် ပင်လျှင် ကိုလေသာဟူသော မြူမြှင်ပေါ်လာရ၏။ အိပ်ရာနေရာလည်းမရှိ၊ အပေါင်းအဖော်လည်း မရှိသော သူကို စင်စစ် 'ရဟန်း' ဟူ၍ဖူးမြင်အပ်၏ဟု ဟောတော်မူပါသည်။

နောက်တစ်ဖန်လည်း-

'နှလုံးမွေ့လျော်ပျော်ဖွယ်ရှိသော ကျောင်းဌာန်အကြား အမြင်နှစ်ပြည့်စုံသော ရဟန်းတို့ကို နေစေရာ၏' ဟူ၍လည်း တောတော်မူပြန်ပါသည်။

'ရှေ့နောက်မဆက်စပ်၊အကြောင်းရပ်ချင်း ဆန့်ကျင်နေသော ဤစကားနှစ်ခွန်းကိုလည်း အစွန်းလွတ်ဖြရှင်းတော်မူပါဦးဘုရား'

'ဒကာတော်မင်းမြတ်....လေမိုးလုံခြုံရာ ကျောင်းအရာဌာန အိပ်ရာနေရာမှာ နေအပ်ခြင်းကြောင့် ကောင်းကျိုးပျက်ပြားရတယ်။ကိုလေသာမြူအညစ်အကြေးတွေ ဖြစ်ပေါ်ရတယ်ဆို

တဘက ခြင်းချက်မရှိ မှန်သောစကား ရဟန်းများနဲ့တိုက်ရိုက် လျော်ကန်အပ်တဲ့စကား ဖြစ်ပါတယ်။

'ရဟန်းတို့၏အကျင့်သိက္ခာ၊ ရဟန်းတို့၏ လျောက်ပတ်ရာ ရဟန်းတို့၏ ကျင့်စဉ်ထုံးတမ်းလဲ ဖြစ်ပါတယ်။

'မင်းမြတ်....တောထဲမှာ ကျင်လည်ကျက်စားနေတဲ့သမင် ဟာနေရာ အတည်တကျ အိုးအိမ် အဆောက်အအုံ မရှိတဲ့ အတွက် တွယ်တာခြင်းမရှိ၊ တပ်မက်ခြင်း မရှိ၊ စွဲလမ်းခြင်း၊ နှောင်ဖွဲ့ခြင်းမရှိ၊ မိမိဘာသာဆန္ဒအလျောက် အစာရေစာ ရှာဖွေစားသောက်မှုအလျောက် လွတ်လပ်ချမ်းသာစွာ သွားလာကျက်စားနိုင်ပေတယ်'

'ရဟန်းများဟာလဲ ထို့အတူပင် ဖြစ်ပါတယ်'

'လေမိုးစသည် လုံခြုံရာ သာယာမှုလျော်ဖွယ်ကောင်းတဲ့ကျောင်းအရာ၌ အိပ်ရာနေရာမှာနေကဲ့အခါ ကောင်းစွာသော အဆောက်အအုံ၊နေရာထိုင်ခင်းကို အကြောင်းပြု၍ပင် ကိလေသာအညစ်အကြေးတွေ ဖြစ်ပွား ပေါ်ပေါက်လာနိုင်ပါတယ်။

'ထို့ကြောင့်ပင်လျှင် ဘုရားရှင်က ကျောင်းအိပ်ရာနေရာကို စွဲ၍။ကိလေသာမြူဖြစ်ပေါ်အပ်ကယ်လို ဟောတော်မူခဲ့ခြင်း ဖြစ်ပါတယ်'

ကျောင်းဖြင့် နေထိုင်ခြင်း၏အကျိုးထူး

'ဒကာတော် မင်းမြတ်... မွေ့လျော်ဖွယ် ကောင်းတဲ့ ကျောင်းတော်တွေမှာ ရဟန်းများကို နေစေရမယ်ဆိုတာက တော့ ရှေးရှုဦးတည်ချက်တစ်မျိုး ဖြစ်ပါတယ်။ သည်စကား မှာ....အကျိုးတရား နှစ်ခု ပါဝင်နေအပ်ပါတယ်'

၁။ ကျောင်းအဆောက်အအုံ လှူဒါန်းခြင်းကို ဘုရားရှင်တိုင်းခွင့်ပြုခဲ့မှ်းတော်မူပါတဲ့ယ်။ ကျောင်းဆောက်လုပ်လှူဒါန်းရခြင်းအတွက် ကြောင့်လဲ အလှူဒါယကာများမှာ သံသရာဝဋ်ဆင်းရဲမှု လွတ်မြောက်နိုင်ကြပါတယ်။

၂။ ကျောင်းအဆောက်အအုံ ဆိုဘာရဟန်းများသီတင်းသုံး နေထိုင်ရာဖြစ်ပါယ်။ သာသနာအခြေအမြစ်ဖြစ်တယ်။ ကျောင်းရှိတဲ့အတွက် ရဟန်းသံဃာများအဖို့သီတင်းသုံးနေထိုင်နိုင်ခွင့်ရရှိစေသလို လှူဒါန်း ပူဇော်လိုသူများ အတွက်လဲ ကုသိုလ်အထမြောက် နိုင်ကြပါတယ်။စာပေကျမ်းဂန်သင်ကြားပို့ချနိုင်ခွင့်လဲ ရရှိစေပါတယ်။

ဒကာတော်မင်းမြတ်....ဘုရားရှင် ဟောတော်မူတာတွေဟာ အကြောင်းအားလျော်စွာ ဟောခဲ့တာတွေချည်းဖြစ်ပါ

တယ်၊ ရှေးရှုရည်ရွယ်တော်မူရင်းဖြစ်တဲ့ အဖြေခံသဘောကို သိရတဲ့အခါ ယုံမှားကင်းရရုံသာ မဟုတ်သေးဘူး၊ ဓလျှံကန် သလိုဆုံးမ ညွှန်ပြတော်မူတတ်တဲ့ မဟာကရုဏာတော်ကိုလဲ အန္ဒိုင်းအဆမရှိ ကြည်ညိုဖွယ် ဖြစ်ပေတယ် မင်းမြတ်'

'မှန်ပါ....တပည့်တော် နှစ်သက်ဝမ်းမြောက်လှပါသည် ဘုရား'

အစားလွန်ခြင်း၏ မကောင်းကျိုး

'အရှင်ဘုရား.... မြတ်စွာဘုရားသည်-

'ဆွမ်းခံခြင်း၌ မမေ့မလျော့ရာ၊ ဘွမ်းစားခြင်း၌ လည်း အစားမကြိုး၊ စောင့်စည်းထိန်းချုပ်သည် ဖြစ်ရာ၏' ဟု ဟောတော်မူခဲ့ပါသည်။
နောက်တစ်ဖန်....

ဥဒါယီ....ငါသည်သပိတ်အနားငေးနှင့်ညီမျှသော ဆွမ်းကို ဘုဉ်းပေး၏။ တစ်ခါတစ်ရံ ထို့ထက်လွန်သော ဆွမ်းကိုလည်း ဘုဉ်းပေး၏' ဟု ဟောတော်မူပြန်မှာသည်။

ဤစကား နှုပ်ရပ်သည်လည်း ရှေ့နှင့်နောက် ဆက်စပ်ညီညွတ်ခြင်းမရှိပါ။ မှန်ရာကို ဆုံးဖြတ်တော်မူပါဦး ဘုရား'

'ဒကာတော်မင်းမြတ်....ပထမဆိုအုပ်သောစကားကအစာအာဟာရသုံးဆောင်မှီဝဲမှုနှင့် ပတ်သက်လို သဘောတရားကိုညွှန်ပြဲသော စကားဖြစ်တယ်။ ဒီစကားဟာ ခြင်းချက်မရှိသော စကား၊အလုံးစုံမှန်သောစကား၊ အစဉ်အဆက် ဖြစ်သော ဘုရားရှင်တို့၏ စကားလဲ ဖြစ်ပါတယ်။

'မင်းမြတ်.... မိမိဝမ်းကို မစောင့်စည်း မထိန်းချုပ်ဘဲ အစားကြီးသူများဟာ သူ့အသက်ကို သတ်ဖို့လဲဝန်မလေးဘဲ ရှိတဲတ်ပါတယ်။ အရသာကို တပ်မက် စွဲလမ်းလွဲပဲ ဖြစ်စေ၊ များစွာစား ချင်လွှဲပဲ ဖြစ်စေ၊ သူ့အသက်သတ်ဖို့ မခဲယဉ်းတဲ့ သဘောရှိတယ်။

သူ့အသက်ကို သတ်ဖို့မခဲယဉ်းရင် သူတစ်ပါးဥစ္စာကိုခိုးဖို့ သူတစ်ပါးသားမယား ကို ပြစ်မှားဖို့ မဟုတ်မမှန်တာ ပြောဖို့ အာရုက်သေစာ သောက်စားဖို့ ဆိုတာလဲ ဘယ်လိုမှ မခဲယဉ်းတော့ဘဲ တောက်ခေလျှောက်စဉ်တိုက်ကြီး ကျူးလွန် ပြစ်မှားတတ်ကြပါတယ်။

'မင်းမြတ်....ဒေဝဒတ်ဟာဝမ်းကိုစောင့်စည်း၊သံဃာကိုသင်းခဲ့တဲ့အဝှက်တစ်ကမ္ဘာပတ်လုံးငရဲခံရဘယ်မဟုတ်လား။ ဤသို့လျှင် မနှစ်သက်မစုံမက်ဖွယ်ဖြစ်တဲ့အပြစ်တွေ ဒုက္ခဆင်းရဲတွေကို သိမြင်တော်မူသောကြောင့် အစာ အာဟာရသုံးဆောင်မှီဝဲမှုမှာ အလွန်အကျူးမဖြစ်စေဖို့ သတိနဲ့ စောင့်စည်းထိန်းချုပ်ဖို့ ထုတ်ဖော်ညွှန်ပြခြင်း ဖြစ်ပါတယ်'

'မင်းမြတ်....အစာအာဟာရ သုံးဆောင်မှီဝဲမှုနှင့် ပတ်သက်လို့ ဝမ်းကို စောင့်စည်းထိန်းချုပ်သူမျာ်းဟာ သစ္စာလေးပါ်းကို ထိုးထွင်း၍ သိနိုင်ပေတယ်။ မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်တယ်။ ပဋိသမ္ဓိဒါလေးပါ်း [illegible] အဘိညာဉ်ခြောက်ပါ်းတို့ကို ပဉ်းမျာ်းနိုင်တယ်။ ရဟန်းတို့၏ ကျင့်စဉ်တရား အာ်းလုံးနှဖို့လဲ ပြည့်စုံစေနိုင်ကယ်။

'မင်းမြတ်....ကျေ်းသာ်းငယ်တစ်ကောင်ဟာမိမိ၏ဝမ်းကို စောင့်စည်းထိန်းချုပ်ခြင််းကြောင့်တာဝတိ်သာနတ်ပြည်သို့ တိုင်အောင် တုန်လှုပ် ချောက်ချာ်းစေခဲ့ပါသည်။

'ဤသို့လျှင် မျာ်းစဉ်သော ကောင််းကျိ်း တရား်တို့ကို သိမြင်တော်မူခြင််းကြောင့် အစာအာဟာရသုံ်းဆောင်မှီဝဲမှုဌ်ဲ့ လိုအပ်သည်ထက် မလွန်ကဲရန် ဟောပြော ညွှန်ကြာ်းတော်မူခဲ့ခြင််းဖြစ်ပါတယ်။

'ဒကာတော် မင်းမြတ်....

'ဥဒါယိ....ငါသည် သပိတ်အနာ်းရေ်းနှင့် ညီမျှသော ဆွမ််းကို ဘုဉ််းပေ်း၏။ တစ်ခါတစ်ရံ၌ ထို့ထက်လွန်သော ဆွမ််းကို ဘုဉ််းပေ်း၏....'ဆိုတာကတော့ မိမိကိုယ်တော်တိုင်၏ အဖြစ်ဖြင့် နှိုင််းယှဉ်ဆက်စပ်ပြီ်း ဆိုတော်မူခြင််း ဖြစ်ပါတယ်။

'မင်းမြတ်....ဘုရာ်းရှင်တို့မည်သည် အလုံ်းစုံသောကျွဲကြွံအာ်းထုတ်စရာ၊ ဆင်ခြင် စောင့်စည််းစရာမျာ်းကို လွန်မြောက်

သွားပြီး ဖြစ်ပါတယ်။ ဒီထက် ရှင်းအောင်ပြောရရင် ဘုရား ရှင်များဟာ ဘဝ၏ အဆုံးစွန်သောကာလသို့ ရောက်နေပြီ။ အာဝုံးပြည့်စုံနေပြီ။ ပြီးစီးနေပြီ။

'အထူးတလည် ထပ်မံပြီး ကျွင့်ကြံ အားထုတ်နေစရာ မလိုအပ်တော့သလို နောင်တစ်ဖန် ပြန်လည် ဖြစ်မြောက်ခြင်းလည်း ချုပ်ငြိမ်းသွားပြီ ဖြစ်ပါတယ်။

'မင်းမြတ်....ပင်ကို အလိုအလျောက်ဒွိပင်လျှင် ပြောင်လက် တောက်ပနေပြီဖြစ်သော ပတ္တမြားရတနာကို ထပ်မံ ပွတ်တိုက်ပေးဖို့ လိုအပ်ပါ့သေးသလား'

'မှန်ပါ....မလိုအပ်တော့ပါဘုရား'

'ဘုရားရှင်သည်လည်း ထို့အတူပဲ မင်းမြတ်၊ အလုံးစုံပြီးပြည့်စုံပြီးဖြစ်မြဲပဲတယ်။ သဒ္ဓေါကတော့ ပျို့တတ် အန်တတ်တဲ့သူသာ အစာအစာကို ဆင်ခြင်ရတယ်၊ မသင့်တာကို ရှောင်ရတယ်။ ပျို့အန်ခြင်းမရှိသူကျတော့ ဆင်ခြင်ဖို့ မလိုအပ်သလို ဘုရားရှင်ဟာလဲ ပျို့အန်တတ်ခြင်းဟူသော အာသဝေါတရားဘို့အားလုံး ချုပ်ငြိမ်း ကင်းစင်သွားပြီး ဖြစ်ပေတယ်။

ထို့ကြောင့်ပင် ဆွမ်းအစရှိသော အစာ အာဟာရသုံးဆောင်မှုဝဲမှုမှာလဲ အထူးသဖြင့် စောင့်စည်းထိန်းချုပ်နေရန် မလိုအပ်တော့ပေဘူး မင်းမြတ်'

'မှန်ပါ....တပည့်တော် သိအပ်ပါပြီ ဘုရား'

ဘုရားရှင်သာလျှင် အမြတ်ဆုံး

'အရှင်ဘုရား....မြတ်စွာဘုရားသည်....

'ချစ်သား ရဟန်းတို့....ငါဘုရားသည် မြတ်သောအကျင့်ရှိ၏။ မကောင်းမှုလည်း ကင်းတော်မူပြီးဖြစ်၏။ အလွန်အားလုံးတို့ကိုလည်း လွှဲဒါန်း ပေးသနားအပ်၏။ အံတုမရှိသောပုဂ္ဂိုလ် ဖြစ်တော်မူ၏။ ကိုယ်တော်၌ အနာရှိသဖြင့် ဆေးကုရ၏' ဟူ၍ ဟောတော်မူခဲ့ပါသည်။

သို့သော်....

'ချစ်သား ရဟန်း....ငါ၏တပည့် အနာမရှိသော ရဟန်း အပေါင်းတို့ဘင် အကြင် ရှင်ဗာကုလသည် မြတ်၏....' ဟူ၍လည်း တစ်ဖန် ဟောတော်မူပြန်ပါသည်။ ဆရာကောင်း ဖြစ်တော်မူသော အရှင်မြတ်ဘုရား....

ဤစကား နှစ်ရပ်တွင် 'အနာမရှိဟူ၍ ရှင်ဗာကုလသည် မြတ်၏' ဟူသော စကားအရဆိုလျှင်- ဘုရားရှင်၌ အကြိမ်ပေါင်းများစွာ အနာဖြစ်ခဲ့ဖူးရာ ရောက်နေပါသည်။

ထို့ပြင် ရှင်ဗာကုလသည် မြတ်၏ဆိုသည်အရပင် ဘုရားရှင်၏ အလုပ်ရှိ မြတ်သောပုဂ္ဂိုလ် ဖြစ်တော်မူခြင်းကိုလည်း ယုံမှားစရာဖွယ် ဖြစ်ရပြန်ပါသည်။

အတိအကျ ဆိုရခဲ့သော် ဘုရားရှင်သည် အတုမရှိမြတ်သောပုဂ္ဂိုလ် စင်စစ်မှန်ပါက ရှင်ဗာဂုလကဲ့သို့သော ပုဂ္ဂိုလ်ကို မြတ်၏ဟူ၍ ချီးကျူးမြွက်ဟစရာမလိုပါ။ အတုမရှိမြတ်သောပုဂ္ဂိုလ်ဟုဆိုအပ်သည့် အတိုင်းပင် အရာရာ၌ ဘုရားရှင်ကသာ သာလွန်မြင့်မြတ်ရမည် ဖြစ်ပါသည်။

'ငှက်နဲ့ သိမ်မွေ့စွာသော ဤပြဿနာအတွက် နှစ်သက်စဖွယ်သော အာမှန်တရားကို ညွှန်ကြားထုတ်ဖော်တော်မူပါဦး ဘုရား'

'ဒကာတော်မင်းမြတ်....'အနာမရှိသောရဟန်းအပေါင်းတွင် ရှင်ဗာကုလသည် မြတ်၏' ဆိုတာက တင်စား သုံးနှုန်းအပ်သော စကားပင် ဖြစ်ပေတယ်။ ဒီ တင်စား သုံးနှုန်းမှုနဲ့ စပ်လျဉ်းလို့ပြီးခဲ့တဲ့ပြဿနာတွေမှာအကြောင်းစပ်လျဉ်းတိုင်းပင် မင်းမြတ်ကို ထုတ်ဖော်ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။

'မင်းမြတ်....မြတ်စွာဘုရား၏ တပည့်သားဖြစ်တဲ့ ရဟန်းသံဃာတော်တွေ အသီးသီးမှာ အချင်းချင်း တစ်ပြေးတည်း မတူညီတာတွေ ရှိတယ်။ ကိုယ့်အကြောင်းနဲ့ကိုယ်၊ ကိုယ့်ကောင်းမှုနှင့်ကိုယ် တစ်မျိုးစီ၊ တစ်နည်းစီ ထူးခြား ကဲပြားတာတွေ ရှိပါတယ်။

'ဒကာတော်မင်းမြတ်.... ဘုရားရှင်ရဲ့တပည့်သား သံဃာတော်တွေမှာ စာပေကျမ်းဂန် သင်အံ လေ့ကျင့်ခြင်းဥဿာမဟုတ်သေးဘူး၊ ဣရိယာပုတ်လေးပါးဥပင်လျှင် တစ်ဦးနှင့် တစ်ဦး၊ တစ်ပါးနှင့် တစ်ပါး မတူညီတာတွေ ရှိကြပါတယ်။

'ဒကာတော်မင်းမြတ်.... ဘုရားရှင်ရဲ့တပည့်သား သံဃာတော်တွေမှာ စာပေကျမ်းဂန် သင်အံ လေ့ကျင့်ခြင်းဥဿာမဟုတ်သေးဘူး၊ ဣရိယာပုတ်လေးပါးဥပင်လျှင် တစ်ဦးနှင့် တစ်ဦး၊ တစ်ပါးနှင့် တစ်ပါး မတူညီတာတွေ ရှိကြပါတယ်။

'အချို့ရဟန်းကထိုင်ခြင်းမှာလွန်ကဲတယ်။အချို့ရဟန်း ကရပ်ခြင်းမှာ လွန်ကဲတယ်။အချို့ရဟန်းက လျောင်းစက် (အိပ်နေခြင်း)မှာ လွန်ကဲတယ်။ အချို့ရဟန်းက စကြံ လျှောက်ခြင်းမှာ လွန်ကဲတယ်။ ထိုမျှမက တစ်နေ့လျှင်ဆွမ်း တစ်ထပ်တည်း(တစ်ကြိမ်)သာစား၍ ကျင့်ကြံအား၊ထုတ်ဘဲ ရဟန်းတွေလဲ ရှိပါသေးတယ်။

'ဒီလို တစ်နေ့လုံးမှ တစ်ထပ်တည်းသာ ဘုဉ်းပေးသုံး ဆောင်ခြင်း (ကောသနိက်မုတင်)ကို ဆောက်တည်တဲ့ရဟန်း တွေရဲ့ဂုဏ်ကျေးဇူးဟာ အင်မတန် ထူးခြားမြင့်မြတ်လှပါ တယ်။

'ရဟန်းတစ်ပါး၊နှင့်တစ်ပါး ဒီလိုထူးခြားကဲ့ပြားမှု၊ပါရ မီဆုတောင်း၊ကောင်းမှုကုသိုလ်ချင်းကွာခြားကြတာဟာကို အကြောင်းပြုပြီး မည်သည့်ရဟန်းကဖြင့် ပညာအရာမှာလွန် မြတ်ဘယ်။မည်သည့်ရဟန်းကဖြင့် တန်ခိုးတော်အရာမှာလွန် မြတ်တယ်။မည်သည့်ရဟန်းကဖြင့် လာဘ်လာဘအရာမှာလွန် မြတ်တယ် စသည်ဖြင့် ချီးကျူးသတ်မှတ်ခြင်း ဖြစ်ပါတယ်။

'မင်းမြတ်....ရှင်ဗာကုလကို 'အနာဝမရှိ-မြတ်တယ်'လို့ ဆို တော်မူဘာကလဲ သည်သဘောအတိုင်းပဲ ဖြစ်ပါတယ်။ သို့ သော်ဒီလိုမြတ်တယ် ဆိုတဲ့အတွက် ဘုရားရှင်ထက် သာလွန် သွားပေတာ မဟုတ်ဘူး မင်းမြတ်။

'ဘုရားရှင်ဟာ....သီလ၊ သမာဓိ၊ပညာ၊ဝိမုတ္တိဉာဏ်အမြင် ဆယ်ပါးသော ဒသဗလဉာဏ်၊လေးပါးသောစတုဝေသာရဇ္ဇ

ဥာဏ်၊ တစ်ဆယ့်ရှစ်ပါးသော ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူး စသည်မျှားအရ မည်သူ တစ်ဦးတစ်ယောက်နှင့်မျှ မတူနိုင်သောပုဂ္ဂိုလ်ဖြစ်တော်မူပေတယ်'

'ဒကာဟော်မင်းမြတ် လောကမှာလူအမျိုးမျိုးရှိတယ်။ တချို့က မျိုးနိမ့်မြင့်မြတ်တယ်။ တချို့က ပစ္စည်းဥစ္စာပြည့်စုံတယ်။တချို့ကပညာတတ်တယ်။အချို့ကရဲရင့်တယ်။တချို့က အဝေးအခေါ် အမြော်အမြင်ရှိတယ်။

'သို့သော်....ဒီလူတွေ အားလုံးဟာ ပြည့်ရှင်မင်းဖြစ်သူထက်တော့ တယ်သူမှမမြတ်ဘူး။ပြည့်ရှင်မင်းအပေါ်မကျော်လွှားမလွမ်းမိုးနိုင်ဘူး။ ပြည့်ရှင်မင်းဖြစ်သူကသာသူတို့အားလုံးအပေါ်လွှမ်းမိုးတယ်။အစိုးရတယ်။မြင့်မြတ်လွန်ကဲတယ်။

'ဘုရားရှင်ဟာလဲ ထို့အတူပေပဲမင်းမြတ်၊ မိမိ၏တပည့်သားဖြစ်တဲ့ ရဟန်းသံဃာတွေက ပါရမီ ဆုတောင်းအားလျော်စွာ တစ်မျိုးစီ တစ်နည်းစီလွန်ကဲမြင့်မြတ်ကြသော်လဲ အရာခပ်သိမ်းအားဖြင့်တော့ ဘုရားရှင်ကသာလျှင် လွန်ကဲမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ပေတယ်။

'မင်းမြတ်....ရှင်ဗာကုလဟာ ဘာကြောင့်အနာမရှိ ထူးမြတ်သူဖြစ်သလဲဆိုတာကို ပြောပြဦးမယ်။

'ရှင်ဗာကုလ အလောင်းဟာ အနောမဒဿီ မြတ်စွာဘုရားလက်ထက်တော်မှာ ရဟန္တာဖြစ်ခဲ့တယ်။ တစ်နေ့မှာအနောမဒဿီဘုရားရှင်လေအောင့်တော်မူတော့အဲဒီရှင်ဗာကုလ

အလောင်းရသေ့က ဘုရားရှင်ကို တောဆေးမြစ်ဖြင့်ဆေးကုပေးခဲ့တယ်။ လေနှာ၊ လေအောင့်ရောဂါကို ပျောက်ကင်းချမ်းသာစေခဲ့တယ်။

'ဘုရားရှင်၏ တပည့် ရဟန်းအပေါင်းကိုလည်း ဒီလိုမဲ့ကုသပေးခဲ့တယ်။ ရောဂါဝေဒနာမျာ်းပျောက်ကင်းချမ်းသာစေခဲ့တယ်။ အဲဒီအကျိုးဆက် ကုသိုလ်ကံကြောင့် ဂဂါတမမြတ်စွာဘုရားလက်ထက် ရှင်ဗာကုလာဝဇ္ဈမှာမည်သည့်အနာရောဂါမျှမရှိ၊ ပကတိ ကျန်းမာချမ်းသာရခြင်းဖြစ်ပေတယ်။

'မင်းမြတ်.... ဘုရားရှင်၏ အတုမရှိ မြတ်သော အဖြစ်ကို ဂါတစ်ဦးတည်းသာလျှင် ယခုကဲ့သို့ ဆိုအပ်သည် မဟုတ်၊ ဘုရားရှင် ကိုယ်တော်တိုင်ကပင်လျှင် သံယုတ္တနိကာယ်မှာ-

'ချစ်သားရဟန်းတို့၊ အားလုံးသော သတ္တဝါအပေါင်းတို့ထက်ပင်လျှင် လူနတ်တို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော၊ သစ္စာလေးပါးတို့ကိုကောင်းစွာသိတော်မူသော၊ လောခြင်းကောင်းသောဂါဘုရားကိုမြတ်၏ဟူ၍ ဟောကြားအပ်၏'ဟူ၍ ဟောတော်မူခဲ့ပေတယ်'

'မှန်ပါ....အရှင်ဘုရား၊ ဆိုဘိုင်းပင်လျှင် တပည့်ခံတော်ကောင်းစွာ ဝန်ခံအပ်ပါသည်ဘုရား'

မင်္ဂခရီးစဉ်ကို သိမြင်ခြင်း

'အရှင်မြတ်ဘုရား၊ မြတ်စွာဘုရားသည်-

'ချစ်သားရဟန်းတို့ သစ္စာလေးပါးတရားကို သိတော်မူသောလူ၊နတ်၊ဗြဟ္မာတို့၏ပူဇော်အထူး ကိုခံတော်မူထိုက်သော ငါဘုရားသည်သူတစ်ပါး တို့မဖြစ်စေနိုင်သော မဂ္ဂင်တရားကို ဖြစ်စေတော် မူအပ်၏' ဟူ၍ ဟောတော်မူခဲ့ပါသည်။'

'နောက်တစ်ဖန်လည်း

'ချစ်သားရဟန်းတို့....လောခြင်းကောင်းသော ငါဘုရားသည် ရှေးဘုရားတို့ အစဉ်အတိုင်းသွား တော်မူအပ်သောမဂ္ဂင်ခရီးလမ်းကိုမြင်တော်မူ၏' ဟူ၍ ဟောတော်မူပြန်ပါသည်။'

'အရှင်မြတ်ဘုရား၊ ဤစကားနှစ်ရပ်သည် အပ်စပ်ကိုက်ညီခြင်းမရှိပါ။ သူတစ်ပါးတို့ မဖြစ်စေအပ်သောမဂ်တရားကိုဖြစ်စေအပ်ပြီ' ဆိုပြီးကာမှ 'ရှေးဘုရားရှင်တို့အစဉ်အတိုင်းသွားအပ်သော မဂ်ခရီးစဉ်ကိုမြင်တော်မူ၏' ဆိုခြင်းမှာ အဓိပ္ပာယ်ချင်း ဆန့်ကျင်နေပါသည်။

'မည်သည်က အမှန်ဖြစ်သည်ကိုအတည်တကျယုံကြည်ရန် ခက်ခဲစွာသော ဤအကြောင်းရပ်ကိုလည်း အမှန်တရားဖြင့် ယှဉ်စပ်တော်မူပါဦး ဘုရား'

'မြတ်သောမင်းကြီး၊ စကားနှစ်ရပ်လုံးပင် ဘုရားရှင် ဆိုညွှန်းတော်မူခဲ့တာ မှန်ပါတယ်။ သို့သော်ပထမစကားက မိမိ၏လက်ထက်တော်အခါကို ရည်ညွှန်းရင်းဖြစ်၍ ဒုတိယ စကားက ရှေးရှေးသော ဘုရားရှင်တို့၏ လက်ထက်တော် အခါကာလကို ရည်ညွှန်းခြင်း ဖြစ်ပါတယ်။

'မင်းကြီး....မင်္ဂဓိုးလမ်းစဉ်ဆိုတာရှေးရှေးကပင်ရှိခဲ့ပြီး ဖြစ်တယ်။အစဉ်အဆက်သော ဘုရားရှင်တို့ ကျင့်သုံးခောက် ဝှေ့ခဲ့ပြီး လမ်းစဉ်ဖြစ်တယ်။ သို့သော် ထိုထိုဘုရားရှင်များ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့အခါ ဒီခရီးစဉ်ဟာ တိမ်မြုပ် ပျောက်ကွယ်နေခဲ့ရပါတယ်။

'မြတ်သောမင်းကြီး၊တစ်မြို့မှတစ်မြို့၊ တစ်နေရာမှတစ်နေ ရာကို ကူးသန်းပေါက်ရောက်ရာဖြစ်သော လမ်းဟောင်းတစ်ခု ရှိခဲ့တယ်။သို့သော်ရှာဖွေပြုပြင်သူမရှိသဖြင့် ထိုလမ်းခရီးဟာ သစ်ပင်ခွေ့နွယ်များပိတ်ဖုံးကာ လုံးဝမရှိသယောင် ဖြစ်နေ ခဲ့ရတယ်။ ဘယ်သူမှ ,မသိမမြင်နိုင် ဖြစ်ခဲ့တယ်။

'တစ်ဦးသောသူက ဒီလမ်းကိုမတွေ့တွေ့အောင်ရှာတယ်၊ တွေ့တဲ့အခါလမ်းပေါ်မှာ ဖုံးအုပ် ကွယ်ကာနေတဲ့ သစ်ပင် ခွေ့နွယ်တွေကို ဖယ်ရှား သုတ်သင်ဖယ်တယ်။လမ်းကောင်းအ ဖြစ်ဆောက်လာတော့ မိမိကိုယ်တိုင်လဲလိုရာခရီးကိုသွား ဘယ်။ အများသူတို့ကိုလည်းသွားစေတယ်။ပို့ဆောင်ပေးဘယ်။

'မဂ္ဂင်ရှစ်ပါး တရားလမ်းစဉ်ကို ဟောဖော် သွန်သြသော် မူခဲ့တဲ့ ဘုရားရှင်ဟာ ဒီအတိုင်းပဲ ဖြစ်ပါတယ်။ ရှေးရှေး သော ဘုရားရှင် ကူးသန်း ပေါက်ပြောက်ခဲ့ကြပြီ ဖြစ်တဲ့

မက်ခရီးလမ်းစဉ်ကို မိမိလက်ထက်မှာ ရှာဖွေတွေ့မြင်ခဲ့တယ်။ မတွေ့တွေ့အောင် ရှာဖွေနိုင်ခဲ့တယ်။

'ထို့ကြောင့် 'သူတစ်ပါးတို့မဖြစ်စေနိုင်သော မဂ္ဂင်တရား ကို ဖြစ်စေတော်မူအပ်၏' ဟု ဆိုတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

'မြတ်သောမင်းကြီး၊ စကြဝတေးမင်းရဲ့ ပတ္တမြားရတနာဟာ စကြပတေးမင်း ကွယ်လွန်တဲ့အခါ ဘောင်ထွတ်တစ်ခုအတွင်းသို့ဝင်ရောက်ပျောက်ကွယ်သွားတယ်၊ နောက်တစ်ဖန် စကြဝတေးမင်းအသစ် ထပ်မံပေါ်လာတဲ့အခါ ပတ္တမြားရတနာဟာဘောင်ထွတ်အတွင်းမှပေါ်ထွက်ကာစကြဝတေးမင်းရဲ့ အသုံးအဆောင် အဆင်တန်ဆာဖြစ်ရပြန်တယ်။'

'ဒီပတ္တမြားရတနာဟာ စကြဝတေးမင်း မရှိတဲ့အချိန် အခါမျိုး အခါခပ်သိမ်းမှာပဲ ထွန်းပေါ် ထင်ရှားနေအပ်သလား'

'မဟုတ်ပါဘုရား၊ စကြဝတေးမင်း ပေါ်လာတဲ့အခါမှသာ ထင်ရှားဖြစ်အပ်ပါတယ်'

'မှန်ပေတယ်မင်းမြတ်၊ မဂ္ဂင်ရှစ်ပါးတရားလမ်းစဉ်ဟာလဲ ထို့အတူပဲ။ ရှာဖွေသိမြင်တော်မူအပ်သောဘုရားရှင်ကြောင့် သာလျှင်ဖြန်လည်ပေါ်ထွန်းလာခြင်းဖြစ်ပေတယ်။ တစ်နည်း အရှန့်ဆိုရင် ဥစ္စာပျောက်ကိုပြန်တွေ့အပ်သူကဲ့သို့လဲ ဖြစ်ပေတယ်။ ဆိုးပြီးသား ဥစ္စာပစ္စည်းကို မတွေ့တွေ့အောင်ပြန်ပြီး ရှာဖွေထုတ်ဖော်နိုင်တဲ့အခါလူအများကပင်ထိုသူကိုဥစ္စာရှင်ပစ္စည်းရှင်လို့ခေါ်ဆိုသတ်မှတ်ကြတယ်။ ထို့သူရှာဖွေတွေ့တာတ်

လို့သာ ဒီပဲစ့ဉ်းကို ပြန်တွေ့ရတယ်လို့လဲ သိမှတ်နား:လည်
ကြတယ်။

'ဘုရား:ရှင်သည်လည်း ထို့အတူသာဖြစ်ပေတယ်မင်း:ကြီး။
ရှေး:ရှေး:ဘုရား:ရှင်တို့ လွန်ဇ်တဘ်မူပြီး နောက်ကာလ၌ပျောက်
ကွယ်နေခဲ့သော မဂ်လမ်း:စဉ်ကို မိမိအလိုလို ရှာတွေ့မြင်နိုင်
စွမ်း:ခြင်း:ကြောင့် သူတစ်ပါးမဖြစ်စေနိုင်သောမဂ်လမ်း:စဉ်ကို
ဖြစ်စေတော်မူအပ်၏ဟု ဆိုတော်မူခဲ့ခြင်း: ဖြစ်ပါတယ်''

'မှန်ပါ....ကောင်း:မြတ်လှပါသည်ဘုရား:''

သတ္တဝါတို့ကို မညှဉ်း:ဆဲခြင်း:

'အရှင်ဘုရား:....မြတ်စွာဘုရား:သည်-

''ချစ်သား:ရဟန်း:တို့၊ငါသည်ရှေး:ရှေး:သော သံသရာ
ဘဝလူဖြစ်စဉ် အခါကာလ၌ သတ္တဝါတို့အား: ညှဉ်း:ဆဲခဲ့
ဖူး:ခြင်း:မရှိဟူ၍ ဟောတော်မူပါသည်'

သို့သော် လောမသကဿပ ရသေ့ဖြစ်စဉ်၌-
'အရာမကသော သတ္တဝါတို့ကို သတ်၍ဝဓဖြင့်ပေယျ
အမည်ရှိသော ယဇ်ကြီး:ကို ပူဇော်ခဲ့ပြီး:' ဟူ၍လည်း:
ဟောတော်မူပြန်ပါသည်'

'ဤနှစ်ရပ်သာည် ဆင်္ကစ်စပ်ခြင်း:မရှိရုံ၌မဟုတ်သေး၊အလွန်
လည်း: ဆန့်ကျင်နေပါသည်။တစ်ခုမှန်လျှင် တစ်ခုမှား:ပါလိမ့်
မည်။မှန်ရာကို ဝဝဖန်ပိုင်း:ခြား:တော်မူပါဦး:ဘုရား:'

ကောင်းလှပြိမင်းမြတ်၊ စကားနှစ်ရပ်လုံးပင် ဘုရားရှင် ပြန်လည်ဟောကြားခဲ့တာ မှန်ပေတယ်။ သတ္တဝါတို့အား မည်ဉ်းဆဲခဲ့ဖူးဆိုတာမှန်သလို ဝါဇပေယျဇာတ်ကြီးကို ပူဇော်ခဲ့ပြီဆိုတာလဲ စင်စစ်မှန်ပါတယ်။

'မည်ဉ်းဆဲခဲ့ဖူးဆိုတာကတော့ ဘုရားလောင်းရဲ့ ပင်ကို စိတ်နေသဘောထား၊ ကိုယ်ကျင့်တရားကို သိသာထင်ရှားစေခြင်း ဖြစ်ပါတယ်။

'သတ္တဝါတွေကို ယဇ်ပူဇော်ခဲ့တာကတော့ ရာဂနဲ့ ပတ်သက်လို့ သတိလက်လွှတ်ဖြစ်ရတာကို အကြောင်းပြုပြီး ဖြုံလုပ်ခဲ့မိခြင်း ဖြစ်ပါတယ်'

'မှန်ပါ....ရှစ်ယောက်သောသူတို့သည်သူတစ်ပါးအသက်ကို ဖျက်ဆီးတတ်ကြပါတယ် ဘုရား''

သူတစ်ဖါးအသက်ကို ဖျက်ဆီးတတ်သူ မျှားကြခြင်း

၁။ တပ်မက်ခြင်းလွန်ကဲသူ
၂။ အမျက်ပြင်းထန်သူ
၃။ တွေဝေမိုက်မဲသူ
၄။ မာန်မာန ခက်ထန်သူ
၅။ လောဘရမ္မက်ကြီးသူ
၆။ ဆင်းရဲမဲတေသူ
၇။ ရက်စက်ကြမ်းကြုတ်သူ
၈။ စိုးမိုးအုပ်ချုပ်သူ

'အရှင်ဘုရား၊ ဤရှစ်ဦးသောသူတို့သည် သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ဖျက်ဆီးတတ်၏။ အရှင်ဘုရားလောမသကာသပရသေ့သည် ပကတိသော စိတ်ခေတ် (လူသား တို့၏ ပင်ကိုစိတ်အသို) ဖြင့် သတ္တဝါတို့ကို သတ်ဖြတ်ခြင်း ဖြစ်ပါသလော'

'မဟုတ်ပေဘူး မင်းမြတ်၊ လောမသကာသပ ရသေ့ဟာ သတ္တဝါတွေကို သတ်ပြီး ယင်ပူဇော်တဲ့အချိန်မှာ သတိလက်လွတ်ဖြစ်နေတယ်။ ရူးသွပ်သူကဲ့သို့ဖြစ်နေတယ်။ သတ္တဝါတွေကို သတ်တာကလဲ သေစေလိုသော ဒေါသစိတ်ဖြင့် မဟုတ်ဘူး။ ရုဂစိတ် လွန်ကဲမှုနဲ့ ပတ်သက်ပြီး လုပ်မိလုပ်ရာ လုပ်ခဲ့ခြင်းသာ ဖြစ်ဘယ်။

'မင်းမြတ်၊ လောမသကာသပရသေ့ ထိုကဲ့သို့ ပြုခဲ့မိတာဟာ ဒေါသစိတ်ကြောင့်လို့ရင်-

'သမုဒ္ဒရာမျှားစွာ ခြံရံခြင်းဟူသော နားဆင်ခြင်းရှိအပ်သော မြေကြီးကို ကဲရဲခြင်းနှင့်တကွ ဖြစ်သော ကြောင့် ဒါအလိုမရှိ။ ဘို... သေယျ အမတ် ကျွဲကဲ့သို့ ဒါအလိုမရှိသော သဘောကို သိမှတ်လော့' ဟူသော စကားမျိုးကို မဆိုတာနဲ့ ဖြစ်ပေဘယ်။ (သတိလက်လွတ်၊ ရူသွပ် လွှင့်နေခိုက် ဖြစ်၍ ၆. မှတ်မရှိ ပြောမိပြောရာ ပြောခြင်းဟု ဆိုလိုသည်။)

'မင်းမြတ်၊ ဘုရားလောင်းဟာ ဒီကဲ့သို့ ပြောပြီးနောက် စန္ဒဝတီမင်းသမီးကို မြင်သည်နှင့်တစ်ပြိုင်နက်မှာပင် တွေဝေမိန်းမောသွားရပါတယ်။ မိန်းမောသွားရတာနဲ့အမျှလဲ ပျံ့လွင့်ခြင်း၊ တပ်မက်မောခြင်းတို့ကြောင့် သတိလက်လွှတ်ဖြစ်ကာ အပြင်းအထန် တုန်လှုပ်ချောက်ချားသွားပါတယ်။

'ထို့ကြောင်ပင်ဆောက်တည်ရာမရှိတုန်လှုပ်ချောက်ချားစွာသောစိတ်ဓာတ်ဖြင့် မျှားစွာသော သားကောင် တို့၏လည်ချောင်းသွေးဖြင့် ဝါဇပေယျယဇ်ပူဇော်ပဲ့ကြီးကို ပြုလုပ်ခဲ့မိခြင်း ဖြစ်ပါတယ်။

'မင်းမြတ်၊ရှူးသွပ်စိတ်နောက်နေသူမျှားဟာ မီးအလျှံကို နင်းတယ်၊ အမျက်ထွက်နေတဲ့မြွေကို ကိုင်တယ်၊ မုန်ယိုနေတဲ့ဆင်ပြောင်အနားကို ကပ်တယ်၊ သမုဒ္ဒရာထဲကိုဆင်းတယ်။ အညစ် အကြေးကို ကိုင်တယ်၊ ဆူးပုံကို တက်နင်းတယ်၊ ချောက်ကမ်းပါးထဲခုန်ချတယ်၊ ဒီလို မလုပ်အပ်တာတွေကို အမျိုးစုံလျောက်လုပ်တတ်တယ် မဟုတ်လား။

'ဘုရားအလောင်းဟာလဲ ထို့အတူပဲ မင်းမြတ်၊ စန္ဒဝတီမင်းသမီးကိုမြင်ရတဲ့အခိုက်မှာပင် တပ်မက်မှုလွန်ကဲခြင်းအားဖြင့် စိတ်ချောက်ချားသွားရပေတယ်၊ သတိလက်လွှတ် ဖြစ်သွားရပေတယ်။ ဒါကြောင့်လဲ သားကောင်တွေကို သတ်ပြီးယဇ်ပူဇော်ပဲ့ကြီးကို လုပ်ခဲ့မိခြင်း ဖြစ်ပါတယ်။

'မင်းမြတ်၊ စိတ်နောက် ရှူးသွပ်သူမျှား အပြစ်တစ်ခုခု ကျူးလွန်ခဲ့ရင် အပြစ်ဒဏ် ဘယ်လိုပေးအပ်သလဲ'

'အရှင်ဘုရား၊ ရှူးသွပ်သူကိုဒဏ်ငွေဆောင်ခိုင်းချမ်မဖြစ်ပါ၊ အခြားအပြစ်မျိုးလည်း ပေးချမ်မဖြစ်ပါ၊ ရိုက်ပုတ်ခြောက်လှန့်ရုံသာ တတ်နိုင်ပါသည် ဘုရား'

'မှန်တယ် မင်းမြတ်၊ လောမသကဿပ ရသေ့ဟာလဲ ဒေါသစိတ်ဖြင့်မဟုတ်၊ ရှူးသွပ်ချောက်ချားခြင်းဖြင့် ပြုလုပ်မိခြင်းသာဖြစ်တဲ့အတွက် မျက်မှောက်လောကမှာအပြစ်မကြီးလေးသလို တမလွန်ဘဝသံသရာမှာလဲ အပြစ်မကြီးလေး ဖြစ်ပေတယ်။

'သို့သော် လောမသကဿပ ရသေ့ဟာ အစဉ်သဖြင့်လဲ ရှူးသွပ်သွားတာမဟုတ်ပါဘူး၊ ဟိုချိန်ကာလ အားလျော်စွာ လူကောင်းစိတ်ကောင်း ပြန့်ဖြစ်လဲတာနဲ့ တစ်ပြိုင်နက် သူ့အမှားသူ သတိရပြီး တရားကို ကြိုးစား အားထုတ်ပါတယ်။ နောက်ဆုံးမှာ စျာန်အဘိညာဉ်ရပြီး သေလွန်တဲ့အခါ ဗြဟ္မာ့ပြည်မှာ သွားရောက်ဖြစ်ရပေတယ် မင်းမြတ်'

'မှန်ပါ....တပည့်တော် နှစ်သက် ဝမ်းမြောက်လှပါသည် ဘုရား'

ဇောတိပါလလုလင်နှင့် ဆဒ္ဒန်ဆင်မင်း

'အရှင်မြတ်ဘုရား....

'ဆဒ္ဒန်ဆင်မင်းသည် မိမိ ရန်သူ သောဏုတ္တိုရ်မုဆိုးကို သတ်အံ့ဟု ကြံစည်လိုက်သော ခဏ၌ အရဟာတ္တဖိုလ်၏ အောင်လုံ တံခွန်ဖြစ်သော သင်္ဃန်း

ကို မြင်အပ်သဖြင့် ထိုမုဆိုးကို ရန်သူပင်ဖြစ်ပါလျက် အသက်ချမ်းသာရာရစေသည်'ဟု သိရပါသည်'

'သို့သော် တိရစ္ဆာန်ဖြစ်သော ဆဒ္ဒန်ဆင်မင်းအဖို့ ဤမျှ ယဉ်ကျေးသိမ်မွေ့ပါလျက် လူသားပကတိ ဖြစ်သော ဇောတိပါလ လူလင်ကမူ....

'ကဿပ ဘုရားရှင်ကိုပင်လျှင် 'ဦးပြည်း ခေါင်းတုံးတွေ.... အစရှိသော စကားဖြင့် ရုန်းရင်း ကြမ်းတမ်းစွာ ဆဲရေး ရေရွတ်ခဲ့သည်'ဟု ဟောတော်မူပါသည်'

'အရှင်မြတ်ဘုရား၊ ဆဒ္ဒန်ဆင်မင်းကဲ့သို့သော တိရစ္ဆာန်ဘဝဌာနရှိနေခဲ့သူကပင် သူတော်သူမြတ်တို့၏ အဆင်းတန်ဆာသက်န်းကို ဤမျှ ရှိသေလေးမြတ်ရမှန်း သိပါလျက်၊ ရှိသေလေးမြတ်ခြင်း ရှိပုံရလျက် ဇောတိပါလလူလင်ကဲ့သို့သော လူသားစင်စစ်က ဤသမဏဘုရားရှင် ကိုယ်တော်တိုင်ကို မဖွယ်မရာ ဆဲရေးရေရွတ်သည် ဆိုသည်မှာ ယုတ်တိမတန်နိုင်လောက်အောင် ဖြစ်နေရပါသည်'

'အရှင်မြတ်ဘုရား၊ ဆဒ္ဒန်ဆင်မင်းကဲ့သို့သော တိရစ္ဆာန်ဘဝဌာနရှိခဲ့သူကပင် သူတော်သူမြတ်တို့၏ အဆင်းတန်ဆာသက်န်းကို ဤမျှ ရှိသေလေးမြတ်ရမှန်း သိပါလျက်၊ ရှိသေလေးမြတ်ခြင်း ရှိပုံရလျက် ဇောတိပါလလူလင်ကဲ့သို့သော လူသားစင်စစ်က ဤသမဏဘုရားရှင် ကိုယ်တော်တိုင်ကို မဖွယ်မရာ ဆဲရေးရေရွတ်သည် ဆိုသည်မှာ ယုတ်တိမတန်နိုင်လောက်အောင် ဖြစ်နေရပါသည်'

'မှားသည်မှန်သည်ကို အပထား၍ ကြောင်းကျိုးမလျော်ကန်ရာ၊ မဖြစ်သင့်ကောင်းရာ ရောက်နေပါသည်'

'အကြောင်းရင်းအမှန်ကို ဇဝဖန် ညွှန်ပြတော်မူပါဦး ဘုရား'

'ဒကာတော်မင်းမြတ်၊ ဧဇောတိပါလလုလင်ရှိုင်းပျရွှန်ရင်း ရခြင်းဟာ အမျိုးအနွယ်ကိုအမှီပြုရှိဖြစ်ပါ၏တယ်။ သူ့အမျိုး အနွယ် မိဘသားချင်းတော့အောလုံး အခိုင်းအစေကျေးကျွန် တော့က ဘုရားကို မကြည်ညို မကိုးကွယ်သူများ ဖြစ်ကြပါ တယ်။

'ဧဇောတိပါလလုလင်ဟာ ပုဏ္ဏားဖြစ်တယ်၊ သူတို့အမျိုး အနွယ်အောလုံးပင်လျှင် ဗြဟ္မာကို ကိုးကွယ်ကြတယ်။ထို့ပြင် သူတို့ ပုဏ္ဏားတော့ဟာ အစဉ်အလာမ်းလဲ အင်မတန် ကြီးမား ပြင်းပြလှပါတယ်။ လောက လူသားအောလုံးအနက် သူတို့ ပုဏ္ဏားမျိုး တစ်မျိုးတည်းသာလျှင် အမြင့်မြတ်ဆုံး၊ အစင် ကြယ်ဆုံးဖြစ်တယ်လို့ ယုံကြည်ယူဆထားကြပါတယ်။

ဒါကြောင့်လဲဆင့်ကဒရအိုးထိန်းသည်က ကဿပမြတ်စွာ ဘုရားကို သွားရောက် ဖူးမြော်ရအောင်လို့ ခေါ်တဲ့အခါ ဧဇောတိပါလလုလင်က 'ဒီခေါင်းတုံးတွေကိုသွားပြီး ရှိခိုးလို့ ဘာအကျိုးရှိမှာလဲ'လို့ ဆန့်ကျင်ဘက် ပြန်ပြောတယ်။

'အမှန်တော့ ဧဇောတိပါလ လုလင်ဟာ သူကိုယ်တိုင်က ဘာမှအဆိုးအကောင်း၊ အမှားအမှန်ကို သိဘတ်ဘာမဟုတ် ဘူး။ မိဘဖြစ်သူတွေ၊ ဆွေမျိုးညီအစ်ကိုမောင်နှမတွေ ဝိုင်း ကြဆိုကြသံတွေကြားပြီး အမျိုးမာန် တက်နေတာလဲ တစ် ကြောင်း၊ ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးကို နီးနီးစပ်စပ် သိခွင့်မရ လို့လဲ တစ်ကြောင်း ရှိုင်းပျရွှန်ရင်းနေတာ ဖြစ်ပါ၏တယ်။

တွေးခေါ်မြော်မြင်မှု ကျဉ်းမြောင်း နိမ့်ကျနေတာ ဖြစ်ပါတယ်။

'မင်းမြတ်၊ အင်မတန် မွန်မြတ်တဲ့ အစာအာဟာရဟာ အဆိပ်ဆေးနှင့် ဆောစပ်ခြင်းခံရတဲ့အခါ အရသာပျက်ရုံသာ မဟုတ်သေးဘူး၊ ဂုဏ်သတ္တိပါ ပျက်ပြား သွားရပါတယ်။ ရေဟာလဲ ပင်ကိုကအေးပေမယ့် မီးနဲ့နီးတဲ့အခါ ပူလောင်ခြင်းအဖြစ်သို့ ရောက်ရပါတယ်။

'ဇောတိပါလ လုလင်ဟာလဲ သည်အတိုင်းပဲ မင်းမြတ်၊ သဒ္ဓါတရားလဲမရှိ၊ ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးကိုလဲ မသိတတ်တဲ့ ပုဏ္ဏားမျိုးထဲမှာ သွားရောက်ဖြစ်မြောက်ရတဲ့အတွက် ဘုရားရှင်အပေါ်မှာ အထင်အမြင်လွဲမှားပြီး နားမလည်တတ်၊ မသိတတ်တဲ့သဘော ဖြစ်ပါတယ်။ ပင်ကိုစဉတ်ခံ ကောင်းပါလျက် အခြေခံနေ အသိုင်းအဝန်းအရ ရိုင်းပျ ရွှန်းကြမ်းရခြင်းသာ ဖြစ်ပါတယ်။

'နောက် အကြောင်းအာလျော်စွာ ကဿပဘုရားရှင်နဲ့ တွေ့ရတဲ့အခါကျတော့ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို အမှန်အတိုင်း သိတတ်လာပါတယ်။ သိတတ်တာနဲ့ အမျှလဲ ဘုရားရှင်ကို လွန်ကဲသော သဒ္ဓါတရားဖြင့် ရိုသေကျိုးနွံစွာ ကိုးကွယ်ဆည်းကပ်ပါတယ်။

'ဘုရားရှင် သာသနာတော်မှာ ရဟန်းပြုခြင်း ကျင့်ကြံအားထုတ်ခြင်းအားဖြင့် စျာန်အဘိညာဉ်သမာပတ်နဲ့ ပြည့်စုံသူဖြစ်ပြီး သေလွန်တဲ့အခါ ဗြဟ္မာ့ပြည်ကို ရောက်ရပေတယ် မင်းမြတ်'

'မှန်ပါ.... ကောင်းမြတ်လှပါသည်ဘုရား'

မိုးမရှိသော်လဲမိုးမှိုး

'နာဂဇသေန အရှင်မြတ်ဘုရား၊ တပည့်တော် သိချင်ပါသေးသည်။

'ကဿပ ဘုရားရှင် လက်ထက်တော်အခါက...

'ဃဋီကာရ အိုးထိန်းသည်၏ အိမ်သည် အိမ်မိုးမရှိပါဘဲလျက်ပင် မိုးတွင်းသုံးလတိုင်တိုင် မိုးရေစို့စွတ်ခြင်းမရှိခဲ့'ဟူ၍ ဟောတော်မူပါသည်'

နောက်တစ်ဖန်လည်း....

'ကဿပ ဘုရားရှင်၏ ကျောင်းတော်က မိုးရေစို့စွတ်၏၊ 'မိုးမလုံ'ဟူ၍ ဟောတော်မူပြန်ပါသည်'

'အရှင်မြတ်ဘုရား၊ ကဿပဘုရားရှင်သည် မျှားစွာသော ဘုရားရှင်တို့ ဓမ္မတာ၊ရေတွက် ပိုင်းခြားခြင်းငှာ မစွမ်းသာသောကုသိုလ်ကောင်းမှုတွေ့ ရှိနေသည်မှန်ပါလျက် အဘယ့်ကြောင့်ကျောင်းတော်ကို မိုးရေစွတ်စိုရပါသ'နည်း ဘုရား၊ မိုးမလုံသည့်အဖြစ် ရောက်ရပါသနည်းဘုရား။

'ဃဋီကာရ အိုးထိန်းသည်အိမ်က အိမ်မိုး မရှိဘဲလျက်ပင် ဝါတွင်းသုံးလတိုင်တိုင် မိုးရေစွတ်စိုခြင်းမရှိ ဆိုချေသော်၊ ဘုရားရှင်၏ ကျောင်းတော်ကသာ၍ပင် မိုးလုံထိုက်သည်သာ မဟုတ်ပါလား ဘုရား။ စင်စစ်ယုံကြည်နိုင်စရာ ယုတ္တိမရှိရာ ရောက်နေရပါသည်။

'အဖြစ်မှန်ကို ဝေဖန်ပိုင်းခြားပြတော်မူပါဦးဘုရား'

'ဒကာဇတ် မင်းမြတ်၊ ဒီခြင်းရာ နှစ်ရပ်ဟာ မင်းမြတ် ဆိုအပ်သလိုပဲ၊ ယုတ်တိမတန့်တာ မှန်ပါတယ်၊ သို့သော်အဖြစ် မှန်က ဤသို့ဖြစ်ပါတယ်။

'မင်းမြတ်၊ဃဋ္ဋီကာရ အိုးထိန်းသည်ဟာ အိုးလုပ်ငန်းဖြင့် အသက်မွေးရသူဖြစ်တယ်၊ ဆင်းရဲတယ်၊ သို့သော်သဒ္ဓါတရား အင်မတန် ထက်သန်လှပါတယ်၊ ဘုရားရှင်ကိုလဲ အင်မတန်ပဲ ကြည်ညိုဆည်းစာပ်ခြင်းရှိပါတယ်။ သူဟာ မိအိုဖအို နှစ်ပါး ကို လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်ပါတယ်။

'တစ်နေ့မှာ သူအပြင်ကိုသွားနေတုန်း သူ့အိမ်ကအိမ်မိုး သက်ကယ်ပျစ်တွေ ဘုရားရှင်ကျောင်းတော်မိုးဖို့ လာရောက် ယူသွားကြတယ်။သူပြန်ရောက်တော့ သူ့အိမ်ဟာအမိုးမရှိဘဲ ဟင်းလင်းဖြစ်နေတာတွေ့ရတယ်။ လာရောက်ယူသူတွေကလဲ သူ့ကိုစစ်စုံတစ်ရာကြိုတင်ပြီး အသိပေးထားကြတာမဟုတ်ဘူး၊သူတို့သဘောနဲ့သူတို့ဖျက်ယူသွားခြင်းသာ ဖြစ်တယ်။

'သို့သော် ဃဋ္ဋီကာရအဖို့မှာတော့ ဒီလိုဖြစ်ရတဲ့အတွက် နည်းနည်းကလေးမှ မတုန်လှုပ်ဘူး။ စိတ်မဆိုးဘူး၊ငါ့အိမ်က သက်ကယ်ပျစ်တွေနဲ့ ဘုရားကျောင်းတော်ကိုမိုးရပေတယ်လို့ အလွန်အလွန်ပဲ နှစ်သိမ့်ဝမ်းမြောက်နေခဲ့တယ်၊ကျေနပ်အား ရနေခဲ့တယ်။

'ဒီ့ပြင် လောက သုံးပါးရဲ့ အထွတ်အမြတ်ဖြစ်တဲ့ဘုရား ရှင်ကိုပင်လျှင် ငါ့အိမ်ကအမိုးကို အကြောင်းပြုပြီး ရင်းနှီး ကျွမ်းဝင်ခင့် ရအပ်တဲ့ ငါဟာအင်မတန် အရေးတော်လေ့ရှာ

တကား၊ မဖြစ်စဖူး ထူးမြတ်လှစွာသောအခွင့်အရေးတစ်ရပ် ပါတကား....ဆိုတဲ့ အတွေးနဲ့လဲ ဃဋ္ဌီကာရအိုးထိန်းသည်ဟာ ပမာပြစရာ မရှိတတ်အောင် ချမ်းမြေ့ကြည်နူးနေခဲ့တယ်။

'ဒါကြောင့်လဲသူ့ရဲမှန်မြတ်လှသောစေတနာသဒ္ဓါတရား အားလျော်စွာ ချက်ချင်းလက်ငင်းအကျိုးပေးပြီး သူ့အိမ်ဟာအိမ် လုံးဝမရှိသည့်တိုင်အောင် မိုးမစိုတဲ့အကျိုးတရားကို ရရှိခံစားရခြင်း ဖြစ်ပေတယ်မင်းမြတ်။

'ဒီအဖြစ်မျှ ကဿပ ဘုရားရှင်ဟာ ကျောင်းတော်မိုးမလုံခြင်းကို ဘာ့ကြောင့် သည်းခံနေရသလဲ၊ မိမိ၏တန်ခိုးတော်နဲ့ ဖန်ဆင်းလိုက်ပါလား၊ သို့မဟုတ်နတ်သီကြားဗြဟ္မာတွေကို အလှူခံတော်မူပါလား'လို့ ဆိုစရာ-စဉ်းစားစရာ ရှိတယ်။

'မင်းမြတ်....ဘုရားရှင်တို့မည်သည် မိမိလိုအပ်ရာကိုတန်ခိုးတော်နဲ့ ဖန်ဆင်းလေ့မရှိဘူး။ မိမိဘန်ခိုးတော်အားဖြင့်ဖန်ဆင်းစွမ်းဆောင် ယူမယ်ဆိုခင် အားလုံးသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ကြည်ညိုလေးစားစေရန် တန်ခိုးပြာဋိဟာရပြတော်မူသောအားဖြင့် စည်းရုံးရတယ်၊ ကြိုးပမ်းအားထုတ်တယ်လို့ ထင်မြင်ယူဆစရာ ဖြစ်နေပေတယ်။

'တကယ်လို့ လူနတ်တွေက အလိုအလျောက် ပေးလှူကြတယ်ဆိုရင် သူတို့တစ်ခုတွေမှာကောင်းကျိုးချမ်းသာရရှိခံစားနိုင်ကြတယ်၊ ကုသိုလ်ပွားများနိုင်တယ်။

'ဒီလိုမဟုတ်လို့ ဘုရားရှင်ကိုယ်တော်တိုင်က ဇွဲပဟာအလှူခံရင် ဒီလိုအလှူခံခြင်းအားဖြင့်လဲ နတ်တွေ၊ သီကြားတွေက

ဖန်ဆင်းလှူဒါန်းကြမယ်ဆိုရင် လူတွေအဖို့ အများကြီးများတွေ့တော့ယုံမှားစရာတွေ့ ဖြစ်လာနိုင်တယ်။

'ဘုရားရှင်ဟာ ဤရွှေ့ ဤမျှလောက် အမှုကိစ္စကိုတောင် နတ်တွေ့သိကြားတွေ့ဖန်ဆင်းလှူဒါန်းခိုင်းတယ်၊ နတ်သိကြားတွေ့ကလဲ ဒါလောက်ကလေးကိုတောင် လိုက်ပြီး ဖန်ဆင်းပေးနေရတယ်လို့တွေ့တော့ယုံမှားဖွယ်ဖြစ်နိုင်တယ်။'

'မင်းမြတ်.... ဘုရားရှင်တို့မည်သည် ပစ္စည်းလေးပါးကို တောင့်တခြင်းကြောင့်ကြခြင်းမရှိပေဘူး။ထို့ကဲ့သို့ မရှိသောကြောင့်လဲ ဘယ်သူကတော့ ဘာကလေးလှူပါ၊ ဘယ်ပုဂ္ဂိုလ်ကတော့ ဘယ်လိုဆောင်ရွက်ပေးပါလို့ ပြောဆိုတောင်းခံရန် အကြောင်း လုံးဝမရှိပေဘူးမင်းမြတ်'

'မှန်ပါ....ကောင်းမြတ်လှပါသည် ဘုရား'

ရှင်နာဂသေန- မိလိန္ဒတို့ မေးဖြကြရာ ပြဿနာကို သိသာလွယ်မှု၊ ဆိုညွှန်းပြုသည့် ယခုဤတွင် ပြီးအပ်ပြီ။

ဦးကောင်းထွန်း

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြဿ်ဒနေ့။

(၅-၁၁-၇၆၊ ပထမအကြိမ်)

ဗုဒ္ဓဓေတ်ပြဿနာများ ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာ
အမတ်ကြီးဦးပေါဦး၏ ဟာသပဒေသာမြတ်ပညာ
တို့ကိုဖန်တီးဆိုညွှန်းသူ

ဦးကောင်းဝွန်း

၏

ပထမဆုံးစာပေ

ဝိုင်း ၃

အဖေးအဖြူ

ဗုဒ္ဓဘာသာ၏ ခက်ခဲနက်နဲသိမ်မွေ့ခြင်းများစွာ တို့ကိုလည်းကောင်း၊ စဉ်းစားတွေးတောဖွယ်များကိုလည်းကောင်း၊ လောကကြောင်း၊ ဓမ္မကြောင်း သိကောင်းမှတ်ဖွယ်များစွာတို့ကိုလည်းကောင်း၊ ကြောင်းကျိုးဆင်ခြင်တုံတရားနှင့်ပတ်သက်၍လည်းကောင်း၊ မိုးမိန္ဒမင်းကြီးက အမေးတတ်သလောက်၊ ပါရမီဖြည့်ဖက် အရှင်နာဂသေန ကလည်းကြောင်းကျိုးသဘာဝကျန လျော်ကန်စွာပြန်လည်ဖြေကြားအပ်သော၊ သိသင့်မှတ်ထိုက် လိုက်နာကျင့်သုံးဖွယ် အကြောင်းခြင်း ရာများ။ လူတိုင်းမရွေးလွယ်ကူရှင်း လင်းစွာသိနားလည်နိုင်ရန် အတွက်၊ ချောမောပြေပြစ် အဆစ်အပိုင်းမှန်ကန် တိကျသော "စံ" ပြုအပ်သည့် မြန်မာစကားပြေဖြင့် ထုတ်ဖော်တင်ပြထားသည်။